# ကာကွယ်စောင့်ရှောက်ရေး
# နည်းလမ်းများကိုပေါင်း
# စပ်ထည့်သွင်းခြင်းဆိုင်ရာ
# လေ့ကျင့်သင့်ကြားရေး
# အစီအစဉ်



နိုင်ငံတကာကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ 2014

Global Protection Cluster

နိုင်ငံတကာကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့ (PMTT) ဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင်ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဆင့် ဆွေးနွေးပွဲတစ်ခုဖြစ်ပါသည်။ GPC အတွင်းရှိ PMTT သည် UN အေဂျင်စီများ၊ NGO များနှင့် လူသားချင်းစာနာထောက်ထားသော လုပ်ရှားမှုတစ်လျှောက်လုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအား ပေါင်းစပ်ထည့်သွင်းခြင်းကို ထောက်ခံအားပေးပြီး ပံ့ပိုးပေးသည့် ရည်မှန်းချက် တူညီသော အခြားပါဝင်လှုပ်ရှားသူများကို တစ်စုတစ်ဝေးတည်း ပါဝင်စေပါသည်။

http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html

# စကားချီး

ကုလသမဂ္ဂနှင့်အတူ ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အသင်းအဖွဲ့သည် လူသားချင်းစာနာထောက်ထားမှု ပြဿနာများကို တုံ့ပြန်သည့်အနေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း၏ အခြေခံ အရေးကြီးပုံကို ဂရုပြုမိစေရန် လွန်ခဲ့သောဆယ်စုနှစ်တွင် အရေးကြီးဆုံးသောလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါသည်။ ရှုပ်ထွေးပြီး တစ်ပြိုင်နက်တည်းဖြစ်နေသော အရေးပေါ်ကိစ္စရပ်များကို ကြည့်ပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများက နေရာမှဖယ်ရှားခံရသော၊ ထိခိုက်နစ်နာသော လူအများအပြားအပေါ်တွင် အပြုသဘောဆောင်သော သက်ရောက်မှုရှိကြောင်း သေချာစေရန်မှာ လူသားချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်သူအားလုံးအတွက် ယနေ့ခေတ်တွင် အလွန်အရေးပါနေကြောင်း သိနိုင်သည်။

ကာကွယ်စောင့်ရှောက်ခြင်းသည် ပူးပေါင်းဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ကျွမ်းကျင်မှုတို့ဖြင့် မြှုပ်နှံဆောင်ရွက်နေသည့် "ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများ" ရှိနေချိန်တွင် လူသားချင်းစာနာထောက်ထားရေး လုပ်ဆောင်သူအားလုံးက ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုများသည် အသက်များကိုကယ်တင်ပေးခြင်း၊ ခံစားများကိုပြေလျော့စေခြင်း၊ ဂုဏ်သိက္ခာနှင့် အသက်မွေးဝမ်းကြောင်းများကို ပြန်လည်ဖန်တီးပေးခြင်းနှင့် ထိခိုက်နစ်နာသည့် လူများ၏ အခွင့်အရေးများကို ထိန်းသိမ်းပေးခြင်းများပါသည့် အလုံးစုံသော ရည်မှန်းချက်များ ပြည့်ဝစေကြောင်း သေချာရန်လိုအပ်သည်။ လုံခြုံစိတ်ချရသော၊ သမာသမတ်ကျသော၊ သာတူညီမျှဖြစ်သော၊ ပွင့်လင်းမြင်သောကြားဝင်ဖျန်ဖြေမှုများအပြင် အသင်းအဖွဲ့များကို ဆုံးဖြတ်ချက်ချသူများအဖြစ် လုပ်ပိုင်ခွင့်ပြုမည့် ကြားဝင်ဖျန်ဖြေမှုများလည်း အပြန်အလှန်အားဖြင့် လိုအပ်သည်။

မတရားမှု၊ မမျှတခြင်းနှင့် လူမှုအဆင့်အတန်း မတူညီခြင်းတို့သည် လူသားအချင်းချင်းစာနာထောက်ထားမှု အသင်းအဖွဲ့များအနေဖြင့် ထိုသို့မဖြစ်စေရန် သတိထားဆောင်ရွက်ရမည့် လူသားအချင်းချင်းစာနာထောက်ထားမှု ကိစ္စရပ်များ၏ အတွင်းအောင်းပြဿနာများဖြစ်သည်။ အားနည်းချက်ရှိသော လူပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များကို ခွဲခြားရွေးထုတ်ပြီး ပါဝင်ဆောင်ရွက်စေခြင်းဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းကို လျှော့ချရန်နှင့် ၎င်း၏အစီအစဉ်များနှင့် ဖျန်ဖြေမှုများဖြင့်ကာကွယ်စောင့်ရှောက်ခြင်း၏ အကျိုးသက်ရောက်မှုများကို တိုးမြှင့်နိုင်ရန် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားမှုကို အသုံးပြုနိုင်သည်။

ကာကွယ်စောင့်ရှောက်ခြင်းကို ဦးစားပေးဆောင်ရွက်ရေးဟူသော ၎င်းတို့၏စုပေါင်းသန္နိဋ္ဌာန် ပြည့်ဝစေရန် လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများက ၎င်းတို့၏ကျွမ်းကျင်မှုများနှင့် ဗဟုသုတများကို ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ ဤကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း လေ့ကျင့်ရေး အစီအစဉ်၏ ယေဘုယျ ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ အကောင်းဆုံး နည်းလမ်းဖြင့် ကာကွယ်ပေးနေသူများနှင့် လူမှုအဖွဲ့အစည်း၏ ကျွမ်းကျင်မှုကို ရယူအသုံးချထားသော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း လေ့ကျင့်ရေး အစီအစဉ်သည် ကျယ်ကျယ်ပြန့်ပြန့် အကြံပြုဆွေးနွေးပြီး ရရှိလာသော ထုတ်ကုန်ပင်ဖြစ်သည်။ အစီအစဉ်ရေးဆွဲခြင်းနှင့် အသင်းအဖွဲ့စိတ်ဓာတ်မြှင့်တင်ရေး လေ့ကျင့်ခန်းများအပြင် ဝန်ထမ်းအသစ်ကို မိတ်ဆက်ပေးခြင်းအတွက် ၎င်းကို အသုံးပြုနိုင်သည်။ ထို့ကြောင့် လူသားအချင်းချင်းစာနာထောက်ထားမှု ပြဿနာများ ခံစားနေရသည့် ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုထိရောက်ပြီး သင့်တော်သော နည်းလမ်းဖြင့် ဖြည့်ဆည်းရေးဟူသော အလုံးစုံပန်းတိုင်သို့ ရောက်ရှိနိုင်ရန် ကမ္ဘာအသီးသီးမှ လူသားအချင်းချင်းစာနာထောက်ထားမှု ဆောင်ရွက်သူများအနေဖြင့် ဤနည်းလမ်း၏ ဘက်စုံအသုံးပြုနိုင်မှုကို အကောင်းဆုံး အသုံးချကြပါဟု ကျွန်ုပ် တိုက်တွန်းလိုပါသည်။

Louise Aubin

ညှိနှိုင်းဆောင်ရွက်ရေးမှူး၊ နိုင်ငံတကာကာကွယ်စောင့်ရှောက်ရေး အဖွဲ့

# ကျေးဇူးတင်လွှာ

*စာစောင် ဖြစ်တည်ရေးနှင့် စာရေးခြင်းအဖွဲ့*
Amra Lee၊ Samantha Newman၊ Gergey Pasztor နှင့် Kate Sutton

*ထိန်းသိမ်းရေးကော်မတီ*
Elizabeth Bellardo, InterAction
Sarah Khan နှင့် Dalia Rogemond၊ ပံ့ပိုးရေးအဖွဲ့၊ နိုင်ငံတကာကာကွယ်စောင့်ရှောက်ရေးအဖွဲ့
Sebastiaan Der Kinderen နှင့် Gergey Pasztor၊ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ
Amra Lee နှင့် Kate Sutton၊ ဝေါလ်ဗီးရှင်း နိုင်ငံတကာအဖွဲ့

*ပရောဂျက်စီမံခန့်ခွဲရေးအဖွဲ့*
Nicole Epting ၊ Erin Joyce ၊ Sarah Khan ၊ Julien Marneffe ၊ Amra Lee ၊ Gergey Pasztor ၊ Dalia Rogemond နှင့် Kate Sutton

**အောက်ပါတို့အပါအဝင် ဤလေ့ကျင့်သင်ကြားရေး အစီအစဉ် ဖြစ်ပေါ်လာအောင် ပံ့ပိုးကူညီပေးကြပါသော အေဂျင်စီများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရေးဆိုင်ရာ ဆောင်ရွက်ရေးအဖွဲ့မှ ကျေးဇူးတင်ရှိပါသည်။**

*Act for Peace • CARE International • Concern Worldwide • Danish Refugee Council*
*Gender Standby Capacity Project (GenCap) • Global Communities*
*Global Protection Cluster Support Cell • Handicap International • Help Age*
*Humanitarian Advisory Group • Internal Displacement Monitoring Centre (IDMC) • InterAction*
*International Rescue Committee • Norwegian Refugee Council • Oxfam GB • Oxfam Intermon*
*Office of the High Commissioner for Human Rights (OHCHR) • Protection Capacity Standby Project (ProCap)*
*Save the Children • Sphere Project • United Nations High Commissioner for Refugees (UNHCR)*
*United Nations Office for Coordination of Humanitarian Affairs (UN OCHA)*
*United Nations Children's Fund (UNICEF) • World Food Program*
*World Vision Australia • World Vision International*

ဤစာရွက်စာတမ်းကို ဥရောပသမဂ္ဂ၏ ငွေကြေးပံ့ပိုးမှုဖြင့် ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ဤတွင်ဖော်ပြထားသည့် ထင်မြင်ချက်များသည် ဥရောပသမဂ္ဂ၏ တရားဝင်သဘောထားကို ထင်ဟပ်ပြသနေခြင်း မဟုတ်ပါ။

*ဒီဇိုင်းရေးဆွဲသူ* - A&J Moody Design http://www.ajmd.com.au
*ပုံနှိပ်ထုတ်ဝေသူ* - RAP Spiderweb http://www.rapspiderweb.com

*ဖော်ပြထားသည့် အသုံးအနှုန်း* - 'ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေး အစီအစဉ်၊ နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ 2014'

ဤထုတ်ဝေမှုကိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် ဝေဖန်ချက် သို့မဟုတ် အကြံပြုချက်များအတွက် ယခုဖော်ပြထားသည့် အဆက်အသွယ်များမှတစ်ဆင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေး အစီအစဉ် ဆောင်ရွက်ရေးအဖွဲ့ထံသို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ -
http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html

နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ၊ World Vision နှင့် UNHCR တို့မှ ပူးပေါင်းကူညီမှုနှင့် ဥရောပသမဂ္ဂ၏ ငွေကြေးပံ့ပိုးမှုဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။

Humanitarian Aid
and Civil Protection

# မာတိကာ


စကားချီး ........ 3

ကျေးဇူးတင်လွှာ ........ 5

မိတ်ဆက် ........ 9

လေ့ကျင့်သင်ကြားရေး သင်ရိုးများအား ခြုံငုံသုံးသပ်ချက် ........ 13

## အပြာရောင် သင်ရိုး - သိကောင်းစရာ 19

## အနီရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း မိတ်ဆက်ခြင်း 33

အပိုင်း 1- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။ ........ 35

အပိုင်း 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များ ........ 39

အပိုင်း 3- ကာကွယ်စောင့်ရှောက် မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း ........ 51

အပိုင်း 4- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း ........ 57

## အဝါရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း 59

အပိုင်း 1- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။ ........ 61

အပိုင်း 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်မှာ အဘယ်နည်း။ ........ 65

အပိုင်း 3- ကာကွယ်စောင့်ရှောက် ရေးနည်းလမ်းကို ပေါင်းစပ်ထည့် သွင်းခြင်း၏ အဓိကအချက်များ ........ 73

အပိုင်း 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု ........ 81

အပိုင်း 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ ပေါင်းစပ်ထည့်သွင်းခြင်း- ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စ
စ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ........ 85

အပိုင်း 6- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း ........ 91

## အစိမ်းရောင် သင်ရိုး- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအား ပေါင်းစပ်ထည့်သွင်းခြင်းကို လေ့ကျင့်ခြင်း 93

အပိုင်း 1- ကာကွယ်စောင့်ရှောက် ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။ ........ 97

အပိုင်း 2- ကာကွယ်စောင့်ရှော က်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်မှာ အဘယ်နည်း။ ........ 101

အပိုင်း 3- ကာကွယ်စောင့်ရှောက် ရေးနည်းလမ်းကို ပေါင်းစပ်ထ ည့်ဧသွင်းခြင်း၏ အဓိကအချက်များ ........ 109

အပိုင်း 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု ........ 119

အပိုင်း 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ ပေါင်းစပ်ထည့်သွင်းခြင်း- ပရောဂျက်ဒီဇိုင်း၊
စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ........ 125

အပိုင်း 6- ပထမနေ့ကို ပြန်လည်သုံးသပ်ခြင်း ........ 131

အပိုင်း 7 - ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာ ဆက်သွယ်ပြောဆိုမှု ........ 133

အပိုင်း 8- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူခြင်းမှ ကာကွယ်ပေးရန် (PSEA) အလေးပေးဆောင်ရွက်မှု ........ 137

အပိုင်း 9- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း ........ 143

အပိုင်း 10- ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်များ ........ 149

အပိုင်း 11- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း ........ 153

## လေ့ကျင့်သင်ကြားမှုအတွက် အရင်းအမြစ်များ 155


အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ ..... 156

အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ ..... 157

အရင်းအမြစ် 3- GPC အကျဉ်း ..... 162

အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို ..... 163

အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ..... 164

အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ ..... 168

အရင်းအမြစ် 7- အားနည်းချက်လေ့ကျင့်ခန်းအတွက် ကတ်များ ..... 173

အရင်းမြစ် 8- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း ..... 177

အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ ..... 178

အရင်းအမြစ် 10- ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ ..... 209

အရင်းအမြစ် 11- PFA လက်ကမ်းစာစောင် ..... 210

အရင်းအမြစ် 12- နမူနာ SOP ..... 212

အရင်းအမြစ် 13- သိက္ခာဖြင့် ထမ်းဆောင်ရန် DVD ..... 213

အရင်းအမြစ် 14- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမူမှု ကာကွယ်စောင့်ရှောက်ရေး အထူးစီမံချက်များအပေါ် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက် ..... 214

အရင်းအမြစ် 15- တာဝန်ဝတ္တရာများနှင့် လုပ်ဆောင်ချက်များ ..... 217

အရင်းအမြစ် 16- IASC ကြေညာချက် 2013 ..... 218

အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက် ..... 220

အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက် ..... 221

အရင်းအမြစ် 19- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ ..... 222

အရင်းအမြစ် 20- ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် အလွတ် ..... 223

အရင်းအမြစ် 21- အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP ..... 224

အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း ..... 226

အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း ..... 228

နောက်ဆက်တွဲ 1- စကားလုံး အတိုကောက်များ ..... 230

နောက်ဆက်တွဲ 2- နောက်ဆက်တွဲ ဖတ်စာ ..... 231

# မိတ်ဆက်

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

"အီရတ်နိုင်ငံနှင့်ဖြစ်သည့် ပထမပင်လယ်ကွေ့စစ်ပွဲ အလယ်ကာလအတွင်း 1991 ခုနှစ်၊ ဧပြီလတွင်၊ ဘာသာရေးမြို့ဖြစ်သည့် ဆက်ဖ်ဝန်မြို့မှ ကလေးမလေး၏ ဓာတ်ပုံတစ်ပုံက လူသားအချင်းချင်းစာနာထောက်ထားရေး အေဂျင်စီများနှင့် နိုင်ငံရေး ထုတ်လွှင့်အစီရင်ခံသူများအပေါ်တွင် ကြီးမားသော ထင်မြင်ချက်တစ်ခု ဖြစ်စေခဲ့သည်။ ပြည်တွင်းပြောင်းရွှေ့ခံရသူများ (IDP) အုပ်စုထဲတွင် သိက္ခာရှိသော်လည်း ခိုကိုးရာမဲ့ဖြစ်နေသည့်ကလေးငယ်က သူမ၏လည်ပင်းတွင် ကြော်ငြာစာတန်းချိတ်ဆွဲပြီး မတ်တပ်ရပ်နေခဲ့ပါသည်။ ယင်းစာတန်းတွင် - 'ကျွန်မတို့ အစာရေစာမလိုပါဘူး။ ဘေးကင်းလုံခြုံမှုပဲ လိုအပ်ပါတယ်'" ဟု ရေးသားထားလေသည်။[1]

ကာကွယ်စောင့်ရှောက်ခြင်း အခြေခံမှုများကို ထည့်သွင်းမစဉ်းစားဘဲ စားနပ်ရိက္ခာလိုအပ်ချက်အပေါ်တွင်သာ အာရုံစိုက်ခြင်းသည် လက်မခံနိုင်စရာဖြစ်သည်ကို လူသားအချင်းချင်းစာနာထောက်ထားရေး အေဂျင်စီများက တဖြည်းဖြည်း လက်ခံလာကြပါသည်။ ကာကွယ်စောင့်ရှောက်ခြင်းဟု ဆိုရာတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ အမိပွါယ်ပြည့်ဝသည့် ရယူခွင့်ကို သေချာအောင် လုပ်ဆောင်မှု၊ တာဝန်ခံခြင်းနှင့် ဘေးဒုက္ခခံစားနေသည့်သူများထဲမှ အုပ်စုအားလုံးပါဝင်ဆောင်ရွက်ခြင်းအား သေချာအောင် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်မှု အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးတွင် လူ့ကျင့်ဝတ်နှင့်ဆိုင်သော တာဝန်တစ်ခုရှိပါသည်။

အောက်ပါအချက်ကိုဖော်ပြထားသော ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိကအချက်ကို 2013 ခုနှစ်၊ ဒီဇင်ဘာလ 17 ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကာကွယ်စောင့်ရှောက်ရေးအတွက် IASAC ကိုယ်စားလှယ်များ၏ ကြေညာချက်များတွင် အတည်ပြုခဲ့သည်။

> "လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုများတွင် ထိခိုက်ခံရပြီး အန္တရာယ်နှင့် ကြုံတွေ့နေရသည့် လူသားအားလုံးကို ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများကို ထည့်သွင်းရမည်...။ လူအချင်းချင်းစာနာထောက်ထားရေးဆိုင်ရာတုံ့ပြန်မှုများ လုပ်ဆောင်နေစဉ်နှင့် ယင်းနောက်ပိုင်းတစ်လျှောက်လုံးတွင် လက်ငင်း အသက်ကယ်ဆယ်ရေး လှုပ်ရှားမှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျွန်ုပ်တို့ အသင့်ပြင်ဆင်ထားကြသော ကြိုးစားအားထုတ်မှုများတွင် ၎င်းကို အဓိကထားရမည်။"

ကြေညာချက်တွင် ကဏ္ဍအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပါအဝင် ကာကွယ်စောင့်ရှောက်ရေး နည်းဗျူဟာများကို ပံ့ပိုးပေးရာ၌ ကာကွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍကိုလည်း ထပ်မံ၍ တရားဝင် အသိအမှတ်ပြုထားပါသည်။ ဤအချက်ကို သဘောပေါက်နားလည်လာကြအောင် ပံ့ပိုးကူညီရန် နိုင်ငံတကာကာကွယ်ရေးအဖွဲ့အနေဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းရာ၌ ၎င်းတို့၏ လုပ်နိုင်စွမ်းကို အားဖြည့်ပေးရန် နိုင်ငံတကာနှင့် ဒေသတွင်းရှိ အခြားအဖွဲ့များထံသို့ ပံ့ပိုးမှုနှင့် လိုအပ်သည့် နည်းလမ်းများ ဖြည့်ဆည်းပေးမည်ဟု သန္နိဋ္ဌာန် ချထားသည်။ ဤလေ့ကျင့်သင်ကြားရေး အစီအစဉ်သည် ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း လက်တွေ့ဖြစ်ထွန်းလာအောင် လုပ်ဆောင်ရန် ဒေသတွင်းအစုအဖွဲ့များအတွက် အဓိကျသည့် အရာတစ်ခု ဖြစ်သည်။

## လေ့ကျင့်သင်ကြားရေး အစီအစဉ်၏ ရည်ရွယ်ချက်

ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ရသော အခြေအနေနှစ်မျိုးစလုံးရှိလူသားအချင်းချင်းစာနာထောက်ထားရေး (နှောင့်နှေးသောအပါအဝင်) အရေးပေါ် လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် ကဏ္ဍအားလုံးမှ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ဝန်ထမ်းများအတွက် လက်တွေ့ ဒေသအခြေပြု စွမ်းရည်တည်ဆောက်ခြင်းကို ဖြည့်ဆည်းပေးရန် ဤလေ့ကျင့်သင်ကြားရေး အစီအစဉ်ကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်များ ရေးဆွဲပြီး ဖြန့်ဝေရာတွင် ပါဝင်လှုပ်ရှားသည့် အစိုးရကိုယ်စားလှယ်များအား လေ့ကျင့်သင်ကြားပေးရန်လည်း ၎င်းကို အသုံးပြုနိုင်သည်။ စွမ်းရည်တည်ဆောက်ရာတွင် ရည်ရွယ်ချက် သုံးခု ရှိပါသည်။ ပထမအချက်မှာ လူသားအချင်းချင်းစာနာထောက်ထားရေး အရေးပေါ် တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ရည်ရွယ်ချက်နှင့် နည်းလမ်းများကို ပါဝင်လှုပ်ရှားသူအားလုံး နားလည်စေရန်ဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းတို့အနေဖြင့် ကာကွယ်စောင့်ရှောက်ခြင်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရန် ကျွမ်းကျင်မှုများကို ဖန်တီးနိုင်ရန်ဖြစ်သည်။ တတိယအချက်မှာ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးပါပုံနှင့် တန်ဖိုးကို လက်တွေ့သရုပ်ပြခြင်းဖြင့် ပါဝင်ဆောင်ရွက်သူများက အခြားလူများကိုပါ ၎င်းတို့ကဲ့သို့လုပ်ဆောင်လာရန် တွန်းအားပေးပြီး ပံ့ပိုးကူညီဖို့အတွက် ယုံကြည်မှုရှိလာပါမည်။ ဤကြိုးပမ်းမှုများ၏ မျှော်မှန်းရလဒ်သည် အဆိုပါလုပ်ငန်းခွင်ဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ညှိနှိုင်းဆောင်ရွက်မှုနှင့် အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းနိုင်မည့် နည်းလမ်းများကို ဖော်ဆောင်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး အရေးပေါ်ဆောင်ရွက်မှုများ (ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ် နှစ်ခုစလုံးတွင်) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် လက်တွေ့အသုံးချနိုင်ရန်ပင် ဖြစ်သည်။ လေ့ကျင့်သင်ကြားရေး အစီအစဉ်၏ သတ်မှတ်ဦးတည်ချက်များမှာ အောက်ပါတို့ဖြစ်သည် -

- လက်တွေ့နယ်မြေထဲရှိ ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးမဟုတ်သော ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးထားသော ဆောင်ရွက်ပေးသူများအတွက် ပြည့်စုံလုံလောက်သည့် လမ်းညွှန်မှုဆိုင်ရာ အသုံးဝင်ပစ္စည်းများပံ့ပိုးပေးနိုင်ရန်
- ဒေသတွင်း အဖြစ်အပျက်များအပေါ်အခြေခံ၍ လက်တွေ့ကျပြီး နားလည်ရန်လွယ်သော နည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ရန်နည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဆိုလိုရင်းအား နားလည်မှု တိုးမြှင့်ရန်
- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းရန် ပါဝင်ဆောင်ရွက်သူများကို တိုက်တွန်းအားပေးပြီး ၎င်းတို့၏ စီမံကိန်းများတွင် အခြားသူများပါ ပါဝင်လာစေရန် တိုက်တွန်းအားပေးရန်
- လက်တွေ့ကျင့်သုံးသူများအား စီမံကိန်းကာလ၏ အဆင့်အားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းတတ်စေရန်
- လက်တွေ့ကျင့်သုံးသူများအား ညှိနှိုင်းဆောင်ရွက်သည့်စနစ်များအတွင်း ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ကြိုးစားအားထုတ်မှုများအတွက် ပံ့ပိုးပေးနိုင်စေရန်
- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းသည့် ကြိုးစားအားထုတ်မှုများကို ပံ့ပိုးပေးရန် နိုင်ငံတကာနှင့် နိုင်ငံတွင်း၌ ရနိုင်သည့် ပစ္စည်းကိရိယာများ၏ နယ်ပယ်နှင့် အရင်းအမြစ်များကို ပိုမိုသတိမူမိလာစေရန်
- လက်ရှိပရိုဂရမ်များတွင် ကာကွယ်ရေးနည်းလမ်းများကို ပိုမိုကောင်းမွန်စွာ ထည့်သွင်းပေါင်းစပ်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်နိုင်ဖို့ ပံ့ပိုးကူညီရန်

---

1 ALNAP (2003) လူသားအချင်းချင်းစာနာထောက်ထားမှု ကာကွယ်စောင့်ရှောက်ခြင်း- လမ်းညွှန်းစာစောင်

# လေ့ကျင့်သင်ကြားရေး အစီအစဉ်ကို အသုံးပြုခြင်း

**တည်ဆောက်ပုံ၊ အကြောင်းအရာများနှင့် ပစ်မှတ်အုပ်စုများ**

- သတ်မှတ်ကာလတစ်ခုကြာအောင် သတ်မှတ်သင်တန်းသားများဆီ ပစ်မှတ်ထားသည့် သင်ရိုးလေးခုရှိပါသည်။ လေ့ကျင့်သင်ကြားရေး အလုပ်ရုံအစည်းအဝေးက အောက်ပါသင်ရိုးများထဲမှ တစ်ခုကိုသာ အသုံးပြုပါလိမ့်မည်။

လေ့ကျင့်သင်ကြားမှုကို သင်ရိုးပုံစံတစ်ခုစီဖြင့် ဖွဲ့စည်းထားပါသည်။ ညွှန်ကြားထားသော ကာလတစ်ခုကြာအောင် သင်ကြားပေးရန် တိကျစွာ ပစ်မှတ်ထားထားသော သင်တန်းသားများကို ထည့်သွင်းစဉ်းစားလျက် သင်ရိုးတစ်ခုစီကိုဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အခြေခံအကျဆုံးနှင့် မိတ်ဆက် (ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အကြောင်းနှင့် ယင်း၏အရေးကြီးပုံကို ပိုမိုသတိပြုမိလာစေရန် ရည်ရွယ်ထားသည့် 2 နာရီကြာ သင်ကြားရမည့် သင်တန်း) မှ နှစ်ရက်အပြည့်ကြာမြင့်သော လုပ်ငန်းခွင်ဆွေးနွေးပွဲအထိ သင်ရိုးများကို အသီးသီးခွဲခြားထားပါသည်။ ကာလတိုသင်ရိုးတွင်ပါသည့် အကြောင်းအရာသည် ကာလရှည်သင်ရိုးတွင်လည်း ပါဝင်သောကြောင့် သင်တန်းပို့ချသူက အနီရောင်သင်ရိုးနောက်ကလိုက်နေသည့် အပြာရောင်သင်ရိုးကို သင်ကြားပေးရန် မကြိုးစားသင့်ပါ။ ယင်းအစား သင်တန်းပို့ချသူက သင်တန်းသားများနှင့် အသင့်တော်ဆုံး သင်ရိုးနှင့် ရရှိသည့်အချိန်ကာလကို ရွေးချယ်သင့်သည်။ လေ့ကျင့်သင်ကြားရေး အစီအစဉ်တွင် သင်ရိုးတစ်ခုစီအတွက် ကဏ္ဍတစ်ခုစီအလိုက် သင်ကြားရမည့် အစီအစဉ်များ၊ ပံ့ပိုးပေးသူမှတ်စုများနှင့် ကဏ္ဍအလိုက် အရင်းအမြစ်များ ပါဝင်ပါသည်။ သင်ရိုးတစ်ခုစီနှင့် သက်ဆိုင်သည့် အပိုင်းများအပေါ် ခြုံငုံလေ့လာချက်တစ်ခုကို စာမျက်နှာ 13 တွင် ထည့်သွင်းထားပါသည်။

- လေ့ကျင့်သင်ကြားရေး သင်ရိုးအားလုံးအတွက် အရင်းအမြစ်များသည် လက်စွဲ၏နောက်ဆုံး အခန်းတွင်ရှိပါသည်

လက်စွဲ၏ကျောဘက်ရှိ အရင်းအမြစ်အပိုင်းတွင် မည်သည့် လေ့ကျင့်သင်ကြားရေး သင်ရိုးကိုမဆို သင်ကြားပေးရန် လိုအပ်သည့် အရင်းအမြစ်အားလုံးကို ဖော်ပြပေးထားပါသည်။ လေ့ကျင့်ခန်းတစ်ခုအတွက် အရင်းအမြစ်တစ်ခုလိုအပ်ပါက သင်ကြားရမည့်အပိုင်း အကျဉ်းချုပ်၏ အရင်းအမြစ် အခန်းနှင့် သင်ကြားရမည့်အပိုင်းအစီအစဉ်၏ အရင်းအမြစ်ကော်လံတွင် မှတ်ချက်ပေးထားပါသည်။ အချို့သောအရင်းအမြစ်များကို အချိန်နှင့်အမျှ မွမ်းမံပါမည်။ အရင်းအမြစ်တစ်ခုစု၏ နောက်ဆုံးဗားရှင်းကို ရယူရန်အလို့ငှာ http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.htmlကို ကိုးကားပါ။

- လေ့ကျင့်သင်ကြားသင်ရိုးသည် ပါဝင်ဆောင်ရွက်သူများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကိုပေါင်းစပ်ထည့်သွင်းခြင်းနှင့်ဆိုင်သည့် ဗဟုသုတ သို့မဟုတ် နားလည်တတ်ကျွမ်းမှု ရှိရန်မလိုအပ်ပါ။

သင်ရိုးများထဲမှတစ်ခု (အနီရောင်သင်ရိုး) အား ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများအတွက် ဒီဇိုင်းရေးဆွဲထားပြီး လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူများကို ထည့်သွင်းစဉ်းစားပြီး ကျန်သည့်သင်ရိုးများအား ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သင်ရိုးသည် ကာကွယ်စောင့်ရှောက်မှုနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဗဟုသုတရှိနေရန် မလိုအပ်သကဲ့သို့ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အယူအဆများ သို့မဟုတ် လက်တွေ့ဆောင်ရွက်ရန် နည်းလမ်းများအကြောင်း ဗဟုသုတ ရှိနေရန်လည်း မလိုအပ်ပါ။ ထို့အပြင် သီးခြား ကဏ္ဍတစ်ခု သို့မဟုတ် အဖွဲ့တစ်ခုမှ ကိုယ်စားလှယ်များအတွက် သင်ရိုးများကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်တွင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် အုပ်စုအတွက်လည်း ၎င်းကို တူညီစွာ အသုံးချနိုင်ပါသည်။ အမှန်တကယ်ဆိုရလျှင် ပါဝင်ဆောင်ရွက်သူများ "ရောနှောပါဝင်သော" အဖွဲ့တစ်ဖွဲ့ (အထူးသဖြင့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးမဟုတ်သည့် အဖွဲ့များ) ကိုအသုံးပြုခြင်းက သင်တန်းကာလတစ်လျှောက်လုံး အဖွဲ့နှစ်ဖွဲ့ကြားတွင် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးပေးမှုကို ဖြစ်ထွန်းစေခြင်း အပါအဝင် ထပ်ဆောင်း အကျိုးကျေးဇူးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ၎င်းက အဖွဲ့အချင်းချင်းနှင့် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခွင့်ကို ဖြစ်ပေါ်စေသည့်အတွက် ပိုမိုကျယ်ပြန့်သည့် လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်ချက်၏ အစိတ်အပိုင်းအဖြစ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် အနာဂတ်တွင် ပိုမိုပံ့ပိုးကူညီပေးပြီး လွယ်ကူချောမွေ့ အဆင်ပြေစေမည် ဖြစ်ပါသည်။

# လုပ်ငန်းခွင်ဆွေးနွေးပွဲတစ်ခုအတွက် အစီအစဉ်ဆွဲခြင်း

**လေ့ကျင့်သင်ကြားမှုတစ်ခုကို ဆောင်ရွက်ရာတွင် အကဲဖြတ်မှုကိုလိုအပ်သည်**

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ သင်တန်းကို လိုအပ်ချိန်တွင် ဆက်လက် ခွဲခြမ်းစိတ်ဖြာနိုင်ရန်နှင့် သက်ဆိုင်သော နယ်ပယ် အကြောင်းအရာတွင် လိုအပ်သော သီးခြားလေ့ကျင့်သင်ကြားရေး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်နိုင်ရန် အခြေခံလေ့ကျင့်သင်ကြားမှုလိုအပ်ချက်များကို အကဲဖြတ်ရန်မှာလည်း အရေးကြီးပါသည်။ အကြိုလက်တွေ့ရှေ့ပြေးစမ်းသပ်မှု အပေါ်တွင်အခြေခံ၍ မျိုးစုံသော အခြေခံလေ့ကျင့်သင်ကြားရေးလိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်စေရန်အစီအစဉ်ကို ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး၊ မည်သို့ပင်ဖြစ်ပါစေ ၎င်းအား ပံ့ပိုးပေးရန် ရည်ရွယ်ထားသည့် သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီစေရန် အမြဲအလိုက်သင့်ပြောင်းလဲပေးရပါမည်။

လေ့ကျင့်သင်ကြားရေးကို ပံ့ပိုးပေးနေသည့် လက်တွေ့ကာကွယ်ရေး အဖွဲ့၊ အခြားအဖွဲ့ သို့မဟုတ် အေဂျင်စီသည် လက်ရှိအစီအစဉ်ကို လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်စေရန် နိုင်ငံအတွင်းရှိ အဓိကသက်ဆိုင်သော ကိုယ်စားလှယ်များနှင့်အတူ အင်တာဗျူးများကို ဦးစီးဆောင်ရွက်သင့်ပါသည်။ အင်တာဗျူးများသည် အောက်ပါတို့အတွက် သတင်းအချက်အလက် ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားသင့်ပါသည်-

- **နိုင်ငံအခြေအနေ-** သင်တန်းပို့ချမည့်သူများသည် အခြေခံနိုင်ငံသတင်းအချက်အလက်များ (ဥပမာ နောက်ဆုံးရ UNOCHA အခြေအနေ အစီရင်ခံစာများနှင့် အခြားအစီရင်ခံစာများမှတစ်ဆင့်) နှင့် ၎င်းတို့ကိုယ်တိုင် ရင်းနှီးကျွမ်းဝင်နေသင့်ပါသည်။ အခြေခံအကျဆုံးသော ကာကွယ်စောင့်ရှောက်ရေး ပြဿနာများ (ဥပမာ GPC အခြေအနေ အစီရင်ခံစာများ) က မည်သည်တို့ ဖြစ်သနည်း။ မည်သည့် ညှိနှိုင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများ (ကဏ္ဍအလိုက်နှင့် အေဂျင်စီအချင်းချင်းအတွင်း) ရှိနေသနည်း။ မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် (SRP) ကဲ့သို့သော အေဂျင်စီအတွင်း လူအချင်းချင်းစာနာထောက်ထားရေး မဟာဗျူဟာများနှင့် ငွေကြေးထောက်ပံ့ရေး လုပ်ထုံးလုပ်နည်းများက မည်သည်တို့ဖြစ်သနည်း။
- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အချက်အလက်-** မည်သည့် လက်ရှိ ကာကွယ်စောင့်ရှောက်ရေနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းသည့် အစီအစဉ်များ သို့မဟုတ် လုပ်ရှားဆောင်ရွက်မှုများကို ကျင့်သုံးနေသနည်း။

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ထိရောက်မှု-** ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများကို မည်သည့်နေရာများတွင် လုပ်ဆောင်နေပြီး ၎င်းတို့ကမည်မျှအထိ ထိရောက်မှုရှိသနည်း။ ဤနယ်မြေတွင် မည်သည့် အကဲဖြတ်လေ့လာဆန်းစစ်မှုကို ဆောင်ရွက်ထားပြီး ဖြစ်သနည်း။ မည်သည့်ပြဿနာများ ဖြစ်ပေါ်ခဲ့ပါသနည်း။ တိုးတက်လာသင့်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများအပေါ်တွင် ဤပြဿနာများက မည်ကဲ့သို့ သက်ရောက်မှုရှိသနည်း။
- **လေ့ကျင့်သင်ကြားခြင်းမှ လိုချင်သော ရလဒ်/အကျိုးသက်ရောက်မှု-** လေ့ကျင့်သင်ကြားခြင်း၏ ရလဒ်အဖြစ် မည်သည်တို့ကို မျှော်လင့်/မျှော်မှန်းထားသနည်း။ ဤသည်ကို မည်ကဲ့သို့ တိုင်းတာမည်နည်း။ ဆက်လက်ဆောင်ရွက်နိုင်ကြောင်းသေချာစေရန် သက်ဆိုင်ရာ မျှော်မှန်းအုပ်စုများကို မည်သူက ဆက်လက်ပံ့ပိုးပေးမည်နည်း။
- **ဖြစ်နိုင်ခြေရှိသည့် မျှော်မှန်းအုပ်စု-** မျှော်မှန်းအုပ်စုသည် မည်သည့်အုပ်စု ဖြစ်မည်နည်း။ ကဏ္ဍအလိုက် ဖြစ်မည်လား။ အဖွဲ့လိုက် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ဝင်များလား။ အေဂျင်စီအလိုက် ဖြစ်မည်လား။ အေဂျင်စီအချင်းချင်း ဖြစ်မည်လား။ နိုင်ငံတော်အဆင့် သို့မဟုတ် နယ်မြေအဆင့် ဖြစ်မည်လား။
- **သင်ကြားပို့ချနိုင်သည့်သူများ-** လေ့ကျင့်သင်ကြားရေးအဖွဲ့ကို မည်သို့ အကောင်းမွန်ဆုံးပေါင်းစပ်ဖွဲ့စည်းနိုင်သည်ကို အောက်တွင် ဆွေးနွေးထားသည်။
- **ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များ-** လေ့ကျင့်သင်ကြားရေး ချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း သေချာစေရန် မည်သည့်လက်တွေ့ကျသော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန် လိုအပ်သနည်း။ ဥပမာ - ပါဝင်ဆောင်ရွက်သူအုပ်စု၏ အရွယ်အစားသည် မည်မျှဖြစ်မည်နည်း (အောက်တွင် ဆွေးနွေးထားသည်)၊ ဖြစ်နိုင်သည့်နေရာ (ဒေသတွင်းလား။ နိုင်ငံတွင်းလား။)၊ လိုအပ်သည့် လေ့ကျင့်သင်ကြားရေး အသုံးအဆောင်များနှင့် အရင်းအမြစ်များက မည်သည်တို့ဖြစ်မည်နည်း။ ဘာသာပြန်သူများ၊ အချက်အလက်ရယူခြင်း၊ အချိန်မှန်ခြင်း၊ အစရှိသည်။

သက်ဆိုင်သော မျှော်မှန်းပါဝင်ဆောင်ရွက်သူအုပ်စုအား အကြံပေးရန်နှင့် နိုင်ငံတွင်းလိုအပ်ချက်များကို ပံ့ပိုးပေးရန် လေ့ကျင့်သင်ကြားရေး အစီအစဉ်ကို အလိုက်သင့်ပြင်ဆင်နိုင်ရန်၊ ယင်းမေးခွန်းများက သင်ကြားပို့ချမည့်သူများကို မှန်ကန်သော သင်ရိုး/များအား ခွဲခြားသိမြင်နိုင်စေရန် ပံ့ပိုးပေးပါလိမ့်မည်။

### ပါဝင်ဆောင်ရွက်သူများအား ရွေးချယ်ခြင်း

ပါဝင်ဆောင်ရွက်သူ အရေအတွက်နှင့် ပတ်သက်၍ တင်းကျပ်သည့်လိုအပ်ချက်များ မရှိသော်လည်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကူအညီဖြစ်စေရန် လမ်းညွှန်ချက်တစ်ခုအဖြစ် အောက်ပါတို့ကို အသုံးပြုသင့်သည်။

- အပြာနှင့် အနီ သင်ရိုးများ - ပါဝင်ဆောင်ရွက်သူ အများဆုံး 28 ဦးအထိ
- အဝါရောင်နှင့် အစိမ်းရောင် သင်ရိုးများ - ပါဝင်ဆောင်ရွက်သူ အများဆုံး 24 ဦးအထိ

လိုအပ်ချက် အကဲဖြတ်ခြင်းတစ်လျှောက်တွင် သင်ကြားပို့ချသူများနှင့် လေ့ကျင့်သင်ကြားရေးအတွက် စီစဉ်သူများသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းသည့် လုပ်ရှားဆောင်ရွက်မှုများဖြင့် အထောက်အထားပြသည့်အတိုင်း လိုအပ်ချက်များနှင့် လက်ရှိကျွမ်းကျင်မှုအဆင့်များကို နားလည်မှုအပေါ်တွင် အခြေခံပြီး မျှော်မှန်းပါဝင်ဆောင်ရွက်သူအုပ်စု၏ ပေါင်းစပ်ဖွဲ့စည်းမှုကို ဆွေးနွေးသင့်ပါသည်။

ဖြစ်နိုင်ပါက အဖွဲ့များအား ကျိုးကြောင်းဆီလျော်သော အလားတူ ဗဟုသုတအဆင့်၊ ကျွမ်းကျင်မှုနှင့် ရာထူးအခြေအနေများတူညီမှုအလိုက် ခွဲထားရန် အကြံပြုထားပါသည်။ ထိုသို့လုပ်ခြင်းဖြင့် လေ့ကျင့်သင်ကြားရေးအဖွဲ့အနေဖြင့် ပါဝင်ဆောင်ရွက်သူများ၏ လိုအပ်ချက်များ ပြည့်ဝစေရန် အစီအစဉ်၏ ပါဝင်သောအကြောင်းအရာကို ပိုမိုလွယ်ကူစွာ အလိုက်သင့်ပြောင်းလဲနိုင်ပါလိမ့်မည်။ ထိုသို့ဆောင်ရွက်ရန် မဖြစ်နိုင်ပါက သင်ကြားပို့ချမည့်သူများအနေဖြင့် ပိုမိုအတွေ့အကြုံရှိပြီး/သို့မဟုတ် ဗဟုသုတရှိသောသူများ ပိုမိုပါဝင်လာကြစေရန် အချင်းချင်းပံ့ပိုးပေးခြင်း၊ တုံ့ပြန်မှုပေးခြင်းနှင့် အုပ်စုလိုက်လှုပ်ရှားခြင်းများ ဆောင်ရွက်ရန် သေချာစွာ တိုက်တွန်းသင့်ပါသည်။

### ဖြစ်မြောက်အောင်ဆောင်ရွက်ရေးအဖွဲ့

အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် ရွေးချယ်ထားသော သင်ရိုးပေါ်တွင် အခြေခံပြီး ဖြစ်မြောက်အောင်ဆောင်ရွက်ရေးအဖွဲ့၏ အရွယ်အစားနှင့် ပေါင်းစပ်ဖွဲ့စည်းမှု ပြောင်းလဲပါမည်။ စံနမူနာအဖြစ် လေ့ကျင့်သင်ကြားရေးအဖွဲ့တွင် လေ့ကျင့်သင်ကြားရေးမှသည် အနည်းငယ်သော အုပ်ချုပ်မှုဆိုင်ရာ ခေါင်းဆောင်မှုပိုင်းတွင် ပံ့ပိုးမှုပေးနိုင်သော ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူ အနည်းဆုံးနှစ်ဦး ပါဝင်သင့်သည်။ နိုင်ငံအခြေအနေနှင့် သက်ဆိုင်သော နိုင်ငံတော်နှင့် ဒေသဘာသာစကားကို ပြောဆိုနိုင်သည့် ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူ အနည်းဆုံးတစ်ဦး ဖြစ်သင့်သည်၊ နှစ်ဦးဖြစ်ပါက ပိုမိုကောင်းမွန်ပါသည်။ ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူသည် လေ့ကျင့်သင်ကြားရေးတွင်အတွေ့အကြုံရှိပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အယူအဆများနှင့် လက်တွေ့လှုပ်ရှားဆောင်ရွက်မှုများတွင် ဗဟုသုတရှိသူ ဖြစ်ရပါမည်။

### သင်တန်း နေရာနှင့် ပစ္စည်းများ

အကောင်အထည်ဖော်ရန်အတွက် ရွေးချယ်ထားသည့် သင်ရိုးအပေါ် မူတည်ပြီး သင်တန်းနေရာ ပြောင်းလဲပါလိမ့်မည်။ သင်ရိုးအားလုံးသည် အောက်ပါတို့ကို လိုအပ်ပါလိမ့်မည် -

- လူ 4-6 ဦး အတွက် စားပွဲထိုင်ခုံထားရန်နေရာလွတ်ရှိသည့် သင်တန်းခန်းမ
- လက်ပ်တော့၊ ပရိုဂျက်တာ၊ စခရင်နှင့် ပြသမည့် ဗီဒီယိုများအတွက် AV စက်
- ပို့စ်ဘုတ်/များ၊ လှန်နိုင်သောကားချပ်များနှင့် မင်တံများ
- ကပ်ခွာတိပ်နှင့် သို့မဟုတ် ပြန်လည်သုံးနိုင်သောယာယီကော်
- ရောင်စုံကတ်ထူများ (A5 နှင့် A4)

အစိမ်းရောင်သင်ရိုးအတွက်ဖြစ်နိုင်လျှင်လေ့ကျင့်သင်ကြားသူများသည်နယ်မြေခံများဖြစ်သင့်ပါသည်။ယင်းကပါဝင်ဆောင်ရွက်သူများအနေဖြင့်လေ့ကျင့်သင်ကြားမှုအပေါ်တွင် အာရုံစိုက်နိုင်ပြီး အခြားသော ပါဝင်ဆောင်ရွက်သူများနှင့်အတူ ပိုမိုတောင့်တင်းသော ချိတ်ဆက်မှုများတည်ဆောက်နိုင်ပါမည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များဆောင်ရွက်နိုင်ရန် သင်တန်းပို့ချသူများအတွက် နောက်ထပ်အခန်း (ဖြစ်နိုင်လျှင် ပရင်တာတစ်ခုပါသော) တစ်ခန်းရနိုင်လျှင် ပိုကောင်းပါသည်။

# လေ့ကျင့်သင်ကြားရေး သင်ရိုးများအား ခြုံငုံသုံးသပ်ချက်

သတ်မှတ်ကာလတစ်ခုကြာအောင် သတ်မှတ်သင်တန်းသားများဆီ ပစ်မှတ်ထားသည့် သင်ရိုးလေးခုရှိပါသည်။ လေ့ကျင့်သင်ကြားရေး လုပ်ငန်းခွင်ဆွေးနွေးပွဲတွင် အောက်ပါသင်ရိုးများထဲမှ တစ်ခုကိုသာ အသုံးပြုသွားပါမည်။

## အပြာရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း သိကောင်းစရာ

**ကြာချိန်-** 2 နာရီ

**မျှော်မှန်းသင်တန်းသား-** ကဏ္ဍအလိုက်အဖွဲ့ခေါင်းဆောင်များနှင့် ကဏ္ဍအလိုက် အဖွဲ့ဝင်များ အပါအဝင် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သော ဝန်ထမ်း

**သင်ရိုး၏ ရည်ရွယ်ချက်-** ဤသင်တန်းတွင် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကိုပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ သဘောတရား၊ မည်သည့်အတွက်ကြောင့် အရေးကြီးသည်၊ လူသားချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများ၏ တာဝန်နှင့် လက်တွေ့တွင် မည်ကဲ့သို့ လုပ်ဆောင်သည်ကို မိတ်ဆက်ပေးပါသည်။ ၎င်းသည် အကျဉ်းချုပ်သင်တန်းသာဖြစ်သည့်အတွက်ကြောင့် အခြေခံရင်းနှီးကျွမ်းဝင်စေသည့် ရည်ရွယ်ချက်မှတပါးအခြားရည်ရွယ်ချက်တစ်ခုခုအတွက် ၎င်းကိုအသုံးမပြုသင့်ပါ။

**သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ**

ဤအပိုင်းတွင်-

- လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။
- နိုင်ငံတကာ ကာကွယ်ရေးအဖွဲ့မှ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုပုံနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ၎င်းအား အသုံးချမှုကို ရှင်းပြပေးသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။
- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို သန္နိဋ္ဌာန်ချပြီး ပေါင်းစပ်ထည့်သွင်းကြဖို့ တိုက်တွန်းအားပေးခြင်း

**သင်ယူခြင်း ရလဒ်များ-**

ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်
- လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်မှုများတွင် ၎င်း၏သက်ဆိုင်မှုနှင့် တန်ဖိုးကို အသိအမှတ်ပြုနိုင်မည်
- ၎င်းတို့၏လက်ရှိ အခြေအနေနှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာများကို ပြောဆိုနိုင်မည်
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အကြောင်းရင်းလေးချက်အား နားလည်ကြောင်း ပြန်လည်ပြောပြနိုင်မည်။

# အနီရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း မိတ်ဆက်ခြင်း

**ကြာချိန်-** 4 နာရီ

**မျှော်မှန်းသင်တန်းသား-** ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၊ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ

**သင်ရိုး၏ ရည်ရွယ်ချက်-** ဤသင်ရိုးသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များအတွက် အထူးသဖြင့် ရည်ရွယ်ထားပြီး သင်တန်းသားများအနေဖြင့် ကာကွယ်စောင့်ရှောက်မှုအကြောင်း သဘောတရားနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတအပြင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အခြေခံနားလည်မှုရှိသွားစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ဤသင်ရိုးသည် အကျဉ်းချုံး 'ဆွေးနွေးပြန်သုံးသပ်မှု' ကို ပံ့ပိုးပေးရန်နှင့် GPC နှင့် IASC အတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း အပ်ဒိတ်လုပ်ရန် ရည်ရွယ်ထားပါသည်။ ၎င်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား လက်တွေ့လုပ်ဆောင်ပြရန် ခိုင်လုံသောနည်းလမ်းများအကြောင်း ပါဝင်ဆောင်ရွက်သူများ သိရှိစေရန် မိတ်ဆက်ပြောကြားထားသည်။ အရေးအကြီးဆုံးအနေဖြင့် ဤသင်ရိုးသည် ညှိနှိုင်းဆောင်ရွက်ထားသော ငွေကြေးပံ့ပိုးကူညီသည့် လုပ်ငန်းစဉ်အပါအဝင် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းကြစေရန် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို လက်တွေ့အသုံးချဖို့ တိုက်တွန်းရန် ရည်ရွယ်ထားသည်။

**သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ-**

ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူ့ထံ၌ တာဝန်ရှိသည်ကို ရှင်းလင်းပြောပြပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာ၌ သံန္နိဌာန်ချ၍ အခြားသူများကို ပံ့ပိုးကူညီကြစေရန်တိုက်တွန်းအားပေးပြီး ယင်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အတွေးများကိုလည်း ပံ့ပိုးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပါမည်။

**သင်ယူခြင်း ရလဒ်များ-**

ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။

- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်
- လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။
- ညှိနှိုင်းထားသော ငွေကြေးပံ့ပိုးမှုလုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းကြစေရန် ခိုင်လုံသော အဆင့်များကို ဆုံးဖြတ်ပေးနိုင်မည်။

**သင်ရိုး အကြမ်းဖျင်းဖော်ပြချက်နှင့် အကြံပြုထားသော အချိန်ဇယား-**

| | |
|---|---|
| 09:00 – 09:50 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။ |
| 09:50 – 11:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိက အခြေခံသဘောတရားလေးချက် |
| 11:30 – 12:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း |
| 12:30 – 13.00 | နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

## အဝါရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း

**ကြာချိန်**- 1 ရက်

**မျှော်မှန်းသင်တန်းသား**- လက်တွေ့လုပ်ဆောင်နေသည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လက်တွေ့ပံ့ပိုးပေးနေသည့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သည့် ကိုယ်စားလှယ်များ

**သင်ရိုး၏ ရည်ရွယ်ချက်**- ဤသင်ရိုးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အခြေခံမိတ်ဆက်ပြောကြားမည် ဖြစ်ပါသည်။ ၎င်းက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာ၌ ပံ့ပိုးပေးရန် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်အချို့ကို လက်တွေ့အသုံးချနိုင်ရန် ကာလတိုလှုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသည်။ ၎င်းသည် ကဏ္ဍအလိုက် အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာ၌ ခိုင်လုံသော ပံ့ပိုးမှုလိုအပ်သည့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မှမဟုတ်သော ကိုယ်စားလှယ်များအတွက်လည်း သင့်တော်ပါသည်။. သို့သော် ၎င်းသည် ပိုမိုလေးနက်သည့် စွမ်းရည်တည်ဆောက်မှုကို လိုအပ်သော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရေး သဘောတရားများနှင့်ပတ်သက်သည့် ဗဟုသုတ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များနှင့်အတူ အလုပ်လုပ်ဖူးသည့် အတွေ့အကြုံ သို့မဟုတ် ဗဟုသုတ အနည်းငယ်မှ လုံးဝမရှိသော ကာကွယ်စောင့်ရှောက်ရေး နယ်ပယ်မှမဟုတ်သော ကိုယ်စားလှယ်အတွက် မသင့်တော်ပါ။

**သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ-**

ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး ကိစ္စရပ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။
- ကဏ္ဍအလိုက် အစီစဉ်များကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ချင့်တွက်မှု လုပ်ဆောင်သည့်အဆင့်လုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသော နည်းလမ်းများ ချမှတ်ပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပြီး ၎င်းတို့၏တန်ဖိုးနှင့် အသုံးချမှုကို လက်တွေ့သရုပ်ပြပါမည်

**သင်ယူခြင်း ရလဒ်များ-**

ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။

- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်
- လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်
- ၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည်
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်

**သင်ရိုး အကြမ်းဖျင်းဖော်ပြချက်နှင့် အကြံပြုထားသော အချိန်ဇယား-**

| | |
|---|---|
| 09:00 – 09:50 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။ |
| 09:50 – 10:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်မှာ အဘယ်နည်း။ |
| 10:30 – 10:50 | လက်ဖက်ရည်သောက် နားချိန် |
| 10:50 – 12:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိက အခြေခံသဘောတရားလေးချက် |
| 12:30 – 13:30 | နေ့လည်စာ စားချိန် |
| 13:30 – 14:40 | လက်တွေ့တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု |
| 14:40 – 15:00 | လက်ဖက်ရည်သောက် နားချိန် |
| 15:00 – 16:30 | လက်တွေ့တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း- ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း |
| 16:30 – 17:30 | နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

## အစိမ်းရောင် သင်ရိုး- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအား ပေါင်းစပ်ထည့်သွင်းခြင်းကို လေ့ကျင့်ခြင်း

**ကြာချိန်**- 2 ရက်

**မျှော်မှန်းသင်တန်းသား**- လက်တွေ့လုပ်ဆောင်နေသည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လက်တွေ့ပံ့ပိုးပေးနေသည့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သည့် ကိုယ်စားလှယ်များ

**သင်ရိုး၏ ရည်ရွယ်ချက်**- ဤသင်ရိုးသည် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း ပြည့်ပြည့်စုံစုံဖြင့် အကျဉ်းချုပ်ဖော်ပြရန်ဖြစ်ပါသည်။ ၎င်းက စီမံကိန်းသက်တမ်းတစ်လျှောက်နှင့် ညှိနှိုင်းဆောင်ရွက်ကြသည့် လုပ်ထုံးလုပ်နည်းများအတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို အသုံးပြုရာတွင် ပါဝင်ဆောင်ရွက်သူများ၏ စွမ်းရည်များကို တည်ဆောက်ရန် အထူးအသားပေးထားပါသည်။ ၎င်းသည် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မှမဟုတ်သည့် ကိုယ်စားလှယ်များအတွက် သင့်လျော်မှုရှိပြီး အုပ်စုနှစ်ခုစလုံးမှ ပါဝင်သူများကို ပေါင်းစည်း၍လည်း ၎င်းကို အသုံးပြုနိုင်ပါသည်။ (ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မဟုတ်သော ကိုယ်စားလှယ်များ) ပေါင်းစပ်ပါဝင်သည့် မျှော်မှန်းအုပ်စုတစ်ခုကို အသုံးပြုခြင်းဖြင့် အုပ်စုနှစ်ခုကြားတွင် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုကို ဖြစ်စေပြီး လေ့ကျင့်သင်ကြားမှုတစ်လျှောက်လုံးတွင် အပြန်အလှန်ပံ့ပိုးပေးမှုကို အားပေးပါသည်။ ၎င်းက အဖွဲ့အချင်းချင်းနှင့် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ဖြစ်ပေါ်စေသည့်အတွက် ပိုမိုကျယ်ပြန့်သည့် လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်ချက်၏ အစိတ်အပိုင်းအဖြစ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် အနာဂတ်တွင် ပိုမိုပံ့ပိုးပေးပြီး လွယ်ကူချောမွေ့ အဆင်ပြေစေမည် ဖြစ်ပါသည်။

**သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ-**

ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။
- ကဏ္ဍအလိုက် အစီစဉ်များကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ချင့်တွက်မှု လုပ်ဆောင်သည့်အဆင့်လုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသော နည်းလမ်းများ ချမှတ်ပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပြီး ၎င်းတို့၏တန်ဖိုးနှင့် အသုံးချမှုကို လက်တွေ့သရုပ်ပြပါမည်
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူကတာဝန်ရှိကြောင်း ရှင်းလင်းစွာ အလေးအနက်ဖော်ပြပြီး လက်ရှိညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများအတွက် ၎င်း၏ သက်ရောက်မှုများအကြောင်းကိုလည်း ဆွေးနွေးထားပါသည်။
- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို သန္နိဋ္ဌာန်ချပြီး ပေါင်းစပ်ထည့်သွင်းကြဖို့ တိုက်တွန်းအားပေးခြင်း

## အစိမ်းရောင် သင်ရိုး- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအား ပေါင်းစပ်ထည့်သွင်းခြင်းကို လေ့ကျင့်ခြင်း

**သင်ယူခြင်း ရလဒ်များ-**

ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။

- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်
- လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။
- ကဏ္ဍအလိုက် အစီအစဉ်ကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲမှုနှင့် ချင့်တွက်မှု ပြုလုပ်စဉ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို ပေါင်းစပ်ထည့်သွင်းပေးထားသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်

**သင်ရိုး အကြမ်းဖျင်းဖော်ပြချက်နှင့် အကြံပြုထားသော အချိန်ဇယား-**

**ရက် 1**

| | |
|---|---|
| 09:00 – 10:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။ |
| 10:00 – 11:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်မှာ အဘယ်နည်း။ |
| 11:00 – 11:20 | လက်ဖက်ရည်သောက် နားချိန် |
| 11:20 – 12:20 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိအချက်များ (အပိုင်း I) |
| 12:20 – 13:20 | နေ့လည်စာ စားချိန် |
| 13:20 – 14:20 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိအချက်များ (အပိုင်း II) |
| 14:20 – 16:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု |
| 16:00 – 16:20 | လက်ဖက်ရည်သောက် နားချိန် |
| 16:20 – 17:40 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း |

**ရက် 2**

| | |
|---|---|
| 09:00 – 09:50 | ပထမတစ်ရက်အကြောင်း ပြန်လည်သုံးသပ်ချက် |
| 09:50 – 10:50 | ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များကို ဘေးကင်းစွာ ဆက်သွယ်ပြောဆိုမှု |
| 10:50 – 11:10 | လက်ဖက်ရည်သောက် နားချိန် |
| 11:10 – 12:00 | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူခြင်းမှ ကာကွယ်ပေးရန် (PSEA) အလေးပေးဆောင်ရွက်မှု |
| 12:00 – 13:00 | နေ့လည်စာ စားချိန် |
| 13:00 – 14:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း |
| 14:00 – 14:20 | လက်ဖက်ရည်သောက် နားချိန် |
| 14:20 – 16:00 | လက်တွေ့ ပေါင်းစပ်ထည့်သွင်းရေး စီမံချက်များ |
| 16:00 – 17:00 | နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

# အပြာရောင် သင်ရိုး - သိကောင်းစရာ

**အချိန်** - 2 နာရီ

**မျှော်မှန်း သင်တန်းသား** - ကလျာအလိုက်အဖွဲ့ခေါင်းဆောင်များနှင့် ကလျာအလိုက် အဖွဲ့ဝင်များ အပါအဝင် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သော ဝန်ထမ်း

**သင်ရိုး၏ ရည်ရွယ်ချက်** - ဤသင်တန်းတွင် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကိုပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ သဘောတရား၊ မည်သည့်အတွက်ကြောင့် အရေးကြီးသည်၊ လူသားချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများ၏ တာဝန်နှင့် လက်တွေ့တွင် မည်ကဲ့သို့ လုပ်ဆောင်သည်ကို မိတ်ဆက်ပေးပါသည်။ ၎င်းသည် အကျဉ်းချုပ်သင်တန်းသာဖြစ်သည့်အတွက်ကြောင့် အခြေခံရင်းနှီးကျွမ်းဝင်စေသည့် ရည်ရွယ်ချက်မှတပါးအခြားရည်ရွယ်ချက်တစ်ခုခုအတွက် ၎င်းကိုအသုံးမပြုသင့်ပါ။

**သင်တန်း အမျိုးအစား** - ရှင်းလင်းတင်ပြချက် / အတွဲလိုက်ဆွေးနွေးမှု / မျက်နှာစုံညီ ဆွေးနွေးမှု / အပြန်အလှန် လေ့ကျင့်ခန်းများ

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။<br>• နိုင်ငံတကာ ကာကွယ်ရေးအဖွဲ့မှ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုပုံနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ၎င်းအား အသုံးချမှုကို ရှင်းပြပေးသည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို သန္နိဋ္ဌာန်ချပြီး ပေါင်းစပ်ထည့်သွင်းကြဖို့ တိုက်တွန်းအားပေးခြင်း |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်မှုများတွင် ၎င်း၏သက်ဆိုင်မှုနှင့် တန်ဖိုးကို အသိအမှတ်ပြုနိုင်မည်<br>• ၎င်းတို့၏လက်ရှိ အခြေအနေနှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာများကို ပြောဆိုနိုင်မည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အကြောင်းရင်းလေးချက်အား နားလည်ကြောင်း ပြန်လည်ပြောပြနိုင်မည်။ |
| အဓိက အမှာစကားများ | ✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် လူအများသည် ကဏ္ဍအလိုက် အစီအစဉ်အတွင်း ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ရယူပြီး နှစ်သက်စွာ အသုံးချနိုင်မည် ဖြစ်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖော်ပြပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်- "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်းစာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။ |
| ပြင်ဆင်ခြင်း | • သင်တန်းမစတင်ခင် PowerPoint ဆလိုက်တစ်ခုအပေါ်တွင် ပောတီနိုင်ငံမှ ကောင်လေး၏ပုံကို ထည့်ထားပါ သို့မဟုတ် ၎င်းပုံအား လေ့ကျင့်သင်ကြားရေးအခန်းတစ်နေရာတွင် ထင်ထင်ရှားရှားမြင်အောင် ပြသထားပါ။<br>• ဖြစ်နိုင်ပါက ဒေသတွင်းမှ သင့်တော်သည့်ပုံတစ်ပုံကို အသုံးပြုပါ။<br>• *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို* သည် ကောင်းမွန်ပြီး ဖွင့်ပြရန်အသင့်ဖြစ် မဖြစ် စစ်ဆေးပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 1- ပောတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)*<br>*အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*<br>*အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)*<br>*အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)*<br>*PPT ဆလိုက် - သင်ရိုး သင်ယူခြင်း ရလဒ်များ*<br>*PPT ဆလိုက် - GPC ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - GPC တာဝန်ခံမှုအကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - 5 IASC သန္နိဋ္ဌာန်များ*<br>*PPT ဆလိုက် - GPC ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အဓိပ္ပါယ်အကျဉ်းချုပ်*<br>*PPT ဆလိုက် - ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့်*<br>*PPT ဆလိုက် - လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း | |
| | • လေ့ကျင့်ရေးအဖွဲ့နှင့် သင့်ကိုယ်သင်**မိတ်ဆက်ပါ** ။<br>• ဝေဖန်အကြံပြုချက်ရယူရန် ရေချိုးခန်းများ / လက်ဖက်ရည်သောက် နားချိန်များ / အရေးပေါ် ထွက်ပေါက်များ / အဆက်အသွယ်အမှတ်များစသည့် အိမ်မှုကိစ္စအမှတ်များအကြောင်းအချက်အလက်များ **ပံ့ပိုးပေးပါ**။<br>• သင်ရိုး သင်ယူခြင်း ရလဒ်များကို**ရှင်းလင်းတင်ပြပေးပါ** ။<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  ◦ *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>  ◦ *လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်မှုများတွင် ၎င်း၏သက်ဆိုင်မှုနှင့် တန်ဖိုးကို အသိအမှတ်ပြုနိုင်မည်*<br>  ◦ *၎င်းတို့၏လက်ရှိ အခြေအနေနှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာများကို ပြောဆိုနိုင်မည်*<br>  ◦ *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အကြောင်းရင်းလေးချက်အား နားလည်ကြောင်း ပြန်လည်ပြောပြနိုင်မည်။*<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့လုပ်ကိုင်နေသည့် အေဂျင်စီနှင့် ၎င်းတို့၏အမည်ကို အချင်းချင်းမိတ်ဆက်**ခိုင်း**ပါ။ | *PPT ဆလိုက်* |
| 10 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။ | |
| | • ဤလေ့ကျင့်သင်ကြားရေးတွင် ကျွန်ုပ်ရှိနေရသည့်အကြောင်းရင်းနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးကြီးပုံဖြင့် စတင်မည်ဖြစ်ကြောင်းကို**ရှင်းပြပါ** ။<br>• ချိုင်းထောက်ဖြင့် ရေမြောင်းကို ဖြတ်လျှောက်နေသည့် ဟေတီမှ ကောင်လေး၏ ဓာတ်ပုံကို**ပြသပါ**။<br>• ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ**မေးမြန်းပါ**- ကောင်လေး ဘယ်ကို သွားနေသည်ဟု သင်ထင်ပါသလဲ။<br>*အဖြေများတွင် ကျန်းမာရေးစင်တာ / စျေးသို့ / သူ့အိမ်သို့ / ကျောင်းသို့ / သန့်စင်ခန်းသို့ တို့ပါဝင်နိုင်သည်။ ဤမေးခွန်း၏ ရည်ရွယ်ချက်မှာ လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများ (ဥပမာ ကျန်းမာရေး၊ အစားရေဆာဖူလုံရေး၊ ပညာရေး၊ သန့်ရှင်းရေး) ဖြစ်နိုင်သည့် ဝန်ဆောင်မှု စာရင်းတစ်ခုကို ရရှိရန် ဖြစ်ပါသည်။*<br>• အောက်ပါ မေးခွန်းအချို့ကို အသုံးပြုပြီး ကောင်လေး၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုတစ်ခုကို**ဖြစ်မြောက်အောင်ဆောင်ရွက်ပါ** ။<br>  ◦ ထိုကောင်လေးသည် အဆိုပါဝန်ဆောင်မှုများအတွက် အဓိပ္ပါယ်ရှိသော ရယူခွင့်ရှိမည်ဟု သင်ထင်ပါသလား။ မည်သည်ကြောင့်ထင်ပါသနည်း / မထင်ပါသနည်း။<br>  ◦ မည်သည့်အခက်အခဲများရင်ဆိုင်ရမည်နည်း။ မည်သည်ကြောင့် ရင်ဆိုင်ရမည်နည်း။<br>  ◦ အဆိုပါဝန်ဆောင်မှုများရယူရန် ထိုကောင်လေးအတွက် လုံခြုံမှုရှိပါသလား။<br>  ◦ အဆိုပါဝန်ဆောင်မှုများ၏ တည်နေရာနှင့် ရယူနိုင်မည့် နည်းလမ်းများအကြောင်း ထိုကောင်လေးနှင့်အတူ ဆွေးနွေးညှိနှိုင်းထားသည်ဟု သင်ထင်ပါသလား။<br>*** သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• အဆိုပါဝန်ဆောင်မှုများထဲမှ တစ်ခုစီက လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုနှင့် သက်ဆိုင်သည်ကို**ရှင်းပြပါ**-<br>  ◦ သန့်စင်ခန်းသွားခြင်း = ရေ၊ ရေဆိုးရေနုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (ဆေးကြောခြင်း)<br>  ◦ ကျောင်းသို့သွားခြင်း = ပညာရေး<br>  ◦ ကျန်းမာရေးစင်တာသို့ သွားခြင်း = ကျန်းမာရေး<br>  ◦ အစရှိသည်ဖြင့်<br>• လှန်နိုင်သောကားချပ်များပေါ်တွင် ဝန်ဆောင်မှုများကို**ချရေးပါ**။ | *အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)* |

- ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ **မေးမြန်းပါ**။ ထိုကောင်လေးအနေဖြင့် ဤဝန်ဆောင်မှုများကို ရယူနိုင်ကြောင်းသေချာစေရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။

  *အဖြေများသည် တစ်ခါတစ်ရံ အထူးပြုအေဂျင်စီများကို ရည်ညွှန်းပါသည် (ဥပမာ Handicap International, UNHCR)။ "အဖြေမှန်" မှာ အားလုံးတွင် အတိုင်းအတာတစ်ခုအထိ တာဝန်ရှိပါသည်။*

  **သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*

- ကောင်လေးအတွက် ခြေတုဖန်တီးပေးခြင်းကဲ့သို့ အချို့သော လှုပ်ရှားဆောင်ရွက်မှုများအတွက် အထူးပြုအေဂျင်စီများ လိုအပ်နိုင်သည်၊ သို့သော် ကောင်လေးသည် ၎င်းတို့၏ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း သေချာစေရန်မှာ ကိုယ်စားလှယ်အားလုံး (ဥပမာ သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစရှိသည်တို့) တွင် တာဝန်ရှိကြောင်း**ရှင်းပြပါ**။

  *ဘီးတပ်ကုလားထိုင်များသုံးသော ကလေးများ (ကလေးများ၏ 5% အောက်က) ရှိသော နေရာတစ်ခုတွင် ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် NGO တစ်ခုအား ဥပမာအဖြစ် ဖော်ပြပေးပါ။ ဤ NGO က ၎င်းတို့ပံ့ပိုးပေးထားသော အဆိုပါဝန်ဆောင်မှုများကို ပောတီနိုင်ငံမှကလေးကဲ့သို့သော ကလေးများ အလွယ်တကူ "ရယူ" နိုင်စေရန် ကျောင်းတွင်ရနိုင်သော ကလေးအရွယ်သုံး ချိုင်းထောက်နှင့် ဘီးတပ် ကုလားထိုင်များရှိနေကြောင်း သေချာဆောင်ရွက်ပေးခဲ့သည်။ ၎င်းတို့က ကြမ်းခင်းများ ပြောင်ချောနေပြီး ကျောက်စရစ်ခဲများမရှိသည့်၊ မသန်စွမ်းသူများအသုံးပြုနိုင်သော တွင်းအိမ်သာများကို မသန်စွမ်းသူများ သေချာစွာအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။*

  *မှတ်ချက်- ဖြစ်နိုင်ပါက လေ့ကျင့်သင်ကြားရေး ဆောင်ရွက်သည့် နေရာမှ ဥပမာတစ်ခုကို အသုံးပြုပါ။*

- ယခင် ဥပမာသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာဖြစ်ကြောင်း**ရှင်းပြပါ**။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်ပါသည်။ ၎င်းတို့သည် အထူးပြုအေဂျင်စီများနှင့် အချို့သောကိစ္စရပ်များအတွက် ပူးပေါင်းလုပ်ဆောင်ရနိုင်သည် (ဥပမာ - ခြေတုထောက်ပံ့ခြင်း)။ သို့သော် ၎င်းတို့၏ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်စေရေးအတွက် ၎င်းတို့အားလုံးတွင် တာဝန်ရှိပါသည်။

| 15 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း | |
|---|---|---|

- ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက်ခွဲပေးပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိပ္ပါယ်ကို **ဆွေးနွေးခိုင်းပါ**။
- ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏စိတ်ကူးများကို မျက်နှာစုံညီ**မျှဝေခိုင်းပါ**။ အောက်ပါတို့ပါဝင်သည့် အချက်အားလုံးကို ရွေးထုတ်ပြီး အားဖြည့်ပေးပါ-
  - အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများ ထည့်သွင်းခြင်း
  - လူသားအချင်းချင်းစာနာထောက်ထားရေး အစီစဉ်များတွင် ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်များ၊
  - ဝန်ဆောင်မှုရယူနိုင်ကြောင်း သေချာစေခြင်း
  - တာဝန်ခံမှု
  - ပါဝင်ဆောင်ရွက်ခြင်း

  **သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ*

- ပါဝင်ဆောင်ရွက်သူအာလုံးထံသို့ *GPC အကျဉ်းချုပ်* ၏ မိတ္တူများ**ပေးဝေပြီး** PowerPoint ဆလိုက်မှ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ GPC အဓိပ္ပါယ်ကို ဖတ်ပြပါ-

  > "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်း စာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။

  *အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*

  *PPT ဆလိုက်*

- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းက ကျွန်ုပ်တို့ မည်သည်တို့ လုပ်ဆောင်သနည်း (ထုတ်ကုန်) ပေါ်တွင် အလေးပေးထားသည်၊ သို့သော် ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ဆောင်သနည်း ပို၍အလေးပေးထားပြီး ယင်းကာကွယ်စောင့်ရှောက်မှုအား အစုအဖွဲ့အားလုံးနှင့် ပရိုဂရမ်/ပရောဂျက်သက်တမ်း တစ်လျှောက်လုံးတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ကြောင်းကို**ရှင်းပြပါ** ။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားသော ကာကွယ်ရေးကိစ္စရပ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း**ရှင်းပြပါ**။ ယင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေးကို အသက်မွေးဝမ်းကျောင်းလုပ်သူအားလုံး၏ တာဝန်ဝတ္တရားဖြစ်သည့် ကာကွယ်စောင့်ရှောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ သင်၏ နိစ္စဓူဝ လုပ်ငန်းဆောင်တာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူ၏ ပံ့ပိုးမှု မလိုအပ်ပါ။

  **သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*

### 60 မိနစ် — ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက်

- ပါဝင်ဆောင်ရွက်သူအားလုံးထံ *GPC အကျဉ်းချုပ်* များ၏ မိတ္တူကို**ပေးဝေပါ။**

*အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*

- *GPC အကျဉ်းချုပ်*တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောထားသော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက် လေးချက်ကို**ဖတ်ပြပါ**-
    1. ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ
    2. အဓိပ္ပါယ်ရှိသော ရယူသုံးစွဲခွင့် - လိုအပ်ချက်နှင့်အညီ အခက်အခဲမရှိ ရယူနိုင်ခြင်း
    3. တာဝန်ခံမှု
    4. ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု။

  *GPC ၏ အဓိကအချက်လေးချက်နှင့် နယ်ပယ်စည်းမျဉ်းများနှင့် စံနှုန်းများကြားတွင် ခိုင်မာသော ချိတ်ဆက်မှုများ ပြုလုပ်နိုင်သည်ကို သတိပြုပါ။*

  **သင်တန်းပို့ချသူ မှတ်စု 5*

- အဓိကအချက်များအကြောင်း မဆွေးနွေးခင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက် လေးချက်အကြောင်း ဗီဒီယိုအတိုလေးဖြင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း**ရှင်းပြပါ။**

*အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)*

- ဗီဒီယိုကို**ဖွင့်ပြပါ။** *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၊ နိုင်ငံတကာကာကွယ်ရေးအဖွဲ့ 2014 တို့ကို မိတ်ဆက်ပေးခြင်း အွန်လိုင်းတွင် ရရှိနိုင်ပါသည်*
  http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html

  *မှတ်ချက်- ဗီဒီယိုဖွင့်ပြ၍ မရနိုင်ပါက မျက်နှာစုံညီဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။*

- မျက်နှာစုံညီဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဆွေးနွေးမှုပြုလုပ်ခြင်းအတွက် အချိန်အမြောက်အများပေးခြင်းဖြင့် အောက်ပါမေးခွန်း *အချို့* ကို**ဆွေးနွေးပါ။**

  *မှတ်ချက်- သင့်တွင် အချိန်မည်မျှရှိသည်အပေါ်တွင် မူတည်ပြီး သင်မေးမည့်မေးခွန်းများကို ရွေးပါ။ သင့်တွင် အချိန်အနည်းငယ်သာရှိပါက ဗီဒီယိုနှင့် သက်ဆိုင်သော မေးခွန်းများကိုသာ မေးမြန်းပါ။*

**ဗီဒီယိုနှင့် ဆက်နွယ်လျက်-**

- ဗီဒီယိုအပေါ် သင်တို့၏ ထင်မြင်ချက်များက မည်သည်တို့ဖြစ်သနည်း။
- ၎င်းက အသစ် / ကွဲပြားခြားနားသော အရာတစ်ခုခုကို မိတ်ဆက်ပေးခဲ့ပါသလား။
- ဗီဒီယိုပါ အကြောင်းအရာအားလုံးကို သင်သဘောတူပါသလား။

**'ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရမှုဖြစ်စေခြင်းကို ရှောင်ကြဉ်ပါ' နှင့် ပတ်သက်ပြီး-**

- အေဂျင်စီတစ်ခုအနေဖြင့် ပြည်သူများအား မည်သည့်နည်းဖြင့် ဘေးအန္တရာယ်နှင့် ပိုမို ကြုံတွေ့စေခြင်း သို့မဟုတ် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာပြုမူစေခြင်းတို့အား မသိမသာဖြစ်စေနိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 6 ကို ကြည့်ပါ*

- တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျှော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 7 ကို ကြည့်ပါ*

- အစီအစဉ်များတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးနိုင်ရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 8 ကို ကြည့်ပါ*

- အောက်ပါတို့**အတိုချုံးပြီး** ရှင်းပြပါ-
    1. အကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အကျပ်ကိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဘေးကင်းလုံခြုံရေးကို အနှောင့်အယှက် ဖြစ်စေပါမည်။
    2. လေးစားသမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်ကို သီးသန့် မထားရှိခြင်း၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်းတို့ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဂုဏ်သိက္ခာကို အနှောင့်အယှက်ဖြစ်စေပါသည်။

**အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲခွင့်နှင့် ပတ်သက်ပြီး-**

- မည်သည့်အတွက်ကြောင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို အချို့သော လူများ သို့မဟုတ် အုပ်စုများက ရယူခွင့်နိုင်ခွင့် မရှိရသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 9 ကို ကြည့်ပါ*

- အကူအညီ ရယူနိုင်စွမ်းမရှိသော သို့မဟုတ် ဖယ်ကြဉ်ခံရသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်ရရှိနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့် မည်သည့် အထူးဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 10 ကို ကြည့်ပါ*

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည် အောက်ပါအခြေအနေတွင် ရှိရမည်ဖြစ်ကြောင်း **အတိုချုံး** ၍ ရှင်းပြပါ-
  - a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
  - b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
  - c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
  - d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
  - e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
  - f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်

**တာဝန်ခံမှုနှင့် ပတ်သက်၍-**

- မည်သည့်အတွက်ကြောင့် တာဝန်ခံမှုက အရေးကြီးကြောင်း**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နိုက်ယူစဉ်တွင် လုန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** တာဝန်ခံမှုအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်* ကို**ဆွေးနွေးပေးပါ**။

  *အကျိုးခံစားသူများအတွက် တာဝန်ခံမှု - ကြားဝင်ဖျန်ဖြေပေးမှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိ ကို ထိခိုက်ခံစားသူများအနေဖြင့် တိုင်းတာနိုင်သော သို့မဟုတ် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးနိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါ။*

  *PPT ဆလိုက်*

- ပြည်သူများအတွက် သင်တာဝန်ခံနိုင်မည့် အခြားနည်းလမ်းတွေက မည်သည်တို့ဖြစ်ကြောင်း**မေးမြန်းပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** (သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှု (AAP) ဆောင်ရွက်ချက်ဆိုင်ရာ ကန့်သတ်ဘောင်မှ) IASC သန္နိဋ္ဌာန် 5 ချက်ကို**ဆွေးနွေးပါ**။

  **သင်တန်းပို့ချသူ မှတ်စု 11 ကို ကြည့်ပါ*

  *PPT ဆလိုက်*

- ၎င်းတို့သည် လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့တစ်ခုလုံးက ချမှတ်ထားပြီးဖြစ်သည့် သန္နိဋ္ဌာန်များဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။ ၎င်းတို့အား www.humanitarianinfo.org/iascတွင် ဖော်ပြထားသည့် AAP ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ဘောင်ကို ရည်ညွှန်းပေးပါ။

  *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြားအဓိကကျသော အချက်များနှင့်အတူ တာဝန်ခံခြင်းဖြင့် ဖြစ်ပေါ်လာသည့် အထူးသဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်အကြောင်း မှတ်သားထားပါ။*

**ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းနှင့် ပတ်သက်ပြီး-**

- ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းတို့က မည်သည့်အတွက်ကြောင့် အရေးကြီးသည်ကို**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နိုက်ယူစဉ်တွင် လုန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။ အနည်းဆုံးအနေဖြင့် အောက်ပါတုံ့ပြန်ဖြေဆိုချက်များကို စာရင်းလုပ်ထားကြောင်း သေချာပါစေ-
  - ၎င်းက ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားသမှုရှိခြင်းကို ဖန်တီးပေးသည်
  - ၎င်းက ကြားဝင်ဖျန်ဖြေခြင်းသည် သင့်လျော်မှုရှိပြီး ထိရောက်မှုရှိကြောင်း သေချာစေရန် ကူညီပေးသည်
  - ရွှေ့ပြောင်းခံရပြီးနောက် ဘဝအတွက် စွမ်းရည်များ ဖြစ်ထွန်းစေသည်
  - ၎င်းက လူအများကို ၎င်းတို့၏ကိုယ်ပိုင်ဘဝများကို ပုံမှန်ပြန်ဖြစ်စေသည် - သူတစ်ပါးကို အားကိုးနေရခြင်း လျော့နည်းစေပြီး မိမိကိုယ်ကိုမှီခိုမှု[တစ်ရပ်]ကို တိုးတက်စေသည်။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်းအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်*ကို **ဆွေးနွေးပါ**။

  *ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်း- မိမိကိုယ်ကိုကာကွယ်နိုင်စွမ်း တိုးတက်စေပြီး၊ နေစရာ၊ အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အား ကန့်သတ်ချက်မရှိ ရယူပိုင်ခွင့်အပါအဝင် လူအများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို တောင်းဆိုနိုင်စေရန် ကူညီပေးသည်။*

  *PPT ဆလိုက်*

| | | |
|---|---|---|
| | • PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်မှုအဆင့်ဆင့်ကို **ဆွေးနွေးပေးပါ**။[b]<br>**သင်တန်းပို့ချသူ မှတ်စု 12 ကို ကြည့်ပါ*<br>• ပိုင်ဆိုင်ခွင့်အတွက် ကျွန်ုပ်တို့အမြဲ ကြိုးပမ်းသင့်ကြောင်းကို ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။<br>• ပိုင်ဆိုင်ခွင့်ကို မည်ကဲ့သို့ ရယူနိုင်ကြောင်းကို**မေးမြန်းပါ**။ လူအများအပြားအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် အေဂျင်စီများက မည်ကဲ့သို့ ကူညီနိုင်သနည်း။<br>• လှန်နိုင်သောကားချပ်တစ်ခုပေါ်တွင် အဖြေများ **ချရေးပါ**။<br>• တုံ့ပြန်ဖြေဆိုမှုများ၊ အလေ့အကျင့်ကောင်းများအပြင် မပါသည့် အများကို အလေးပေး ပြောကြားလျက်**ဆွေးနွေးပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 13 ကို ကြည့်ပါ*<br>• PowerPoint ဆလိုက်ပေါ်တွင်**ပြသပါ**-။ လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းဆိုသည်မှာ လူများအတွက် "ပြီးမြောက်အောင်" ဆောင်ရွက်ပေးထားသည့် အရာမဟုတ်ပါ၊ ၎င်းသည် အသင်းအဖွဲ့အတွင်းရှိ လူအများက ၎င်းတို့၏အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ၎င်းတို့၏ ဗဟုသုတနှင့် အရင်းအမြစ်များကို တိုးမြှင့်ခြင်း၊ ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်စွမ်း တိုးတက်လာခြင်းနှင့် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ထွန်းလာစေရန် လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ | *PPT ဆလိုက်*<br><br>*PPT ဆလိုက်* |
| 25 မိနစ် | **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများ** | |
| | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများကို ဖော်ပြထားသော လက်ကမ်းစာတစ်စောင်**ပံ့ပိုးပေးပါ**။<br>• ၎င်းတို့၏ အခြေအနေနှင့်/ သို့မဟုတ် အတွေ့အကြုံနှင့် အညီ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်အကြောင်း နောက်ထပ်ဥပမာတစ်ခုကို ခွဲခြားဖော်ထုတ်ရန် ပါဝင်ဆောင်ရွက်သူများအား အုပ်စုလိုက်**ဆောင်ရွက်ခိုင်းပါ**။<br>• မျက်နှာစုံညီ၍ အချို့သော ဥပမာများကို မျှဝေရန် ပါဝင်ဆောင်ရွက်သူများအား**ဖိတ်ခေါ်ပါ**။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ယေဘုယျကောင်းမွန်သော လူသားအချင်းချင်းစာနာထောက်ထားရေး လက်တွေ့ဆောင်ရွက်ချက်၏ အရေးကြီးပုံကို**အသားပေး ပြောကြားပါ** (ဥပမာများတွင် လက်တွေ့သရုပ်ပြထားသည့်အတိုင်း - လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သား အများစုသည် ကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လျက်ရှိပါသည်)-<br>    • အစီအစဉ်/စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှု<br>    • ကွဲပြားသော အုပ်စုများ ပါဝင်ခြင်း<br>    • လိင်၊ အသက်နှင့် ကွဲပြားခြားနားမှုအလိုက် ဒေတာများကို ခွဲထုတ်ခြင်း<br>    • လုံခြုံပြီး လျှို့ဝှက်ထားသော တုံ့ပြန်ချက်နှင့် တုံ့ပြန်ချက် လုပ်ထုံးလုပ်နည်း ပါဝင်သော ခိုင်လုံသည့် တာဝန်ခံမှု<br>    • အားနည်းချက်နှင့် လုပ်နိုင်စွမ်း ခွဲခြမ်းစိတ်ဖြာချက်<br>    • ဒုက္ခမပေးရေး/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ ကဲ့သို့သော ပဋိပက္ခအခြေပြု ချဉ်းကပ်နည်းများကို အသုံးချမှု<br>    • ဒေသတွင်း လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း<br>    • *ကျား/မ အခြေပြု အကြမ်းဖက်မှုများအတွက် လမ်းညွှန်ချက်များ*ကဲ့သို့သော သီးခြားလူစုများအတွက် လမ်းညွှန်မှုနှင့်အညီ အရေးယူဆောင်ရွက်ခြင်း<br>• အရေးကြီးသည့်အခါ ဤယေဘုယျကောင်းမွန်သော အလေ့အကျင့်များဖြင့် မလုံလောက်ကြောင်း ကို**ထပ်လောင်းအတည်ပြုပါ**။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ရည်ရွယ်ချက်ရှိရှိဖြင့် အခြေအနေကိုဖန်တီး၍ လုပ်ဆောင်ရသော အဆင့်များဖြစ်သည်။ | *အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်း ခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)* |

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | ✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် လူအများသည် ကဏ္ဍအလိုက် အစီအစဉ်အတွင်း ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ရယူပြီး နှစ်သက်စွာ အသုံးချနိုင်မည် ဖြစ်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖော်ပြပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်- "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်းစာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။ | *PPT ဆလိုက်* |

a. ယာယီစခန်းစီမံခန့်ခွဲမှု စာရွက်စာတမ်းများ၊ NRC၊ 2008၊ စာမျက်နှာ 79-81
b. အထက်၌ ဖော်ပြခဲ့ပြီးသော။

# သင်တန်းပို့ချသူ မှတ်စုများ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

** သင်တန်းပို့ချသူ မှတ်စု 1*

ပါဝင်ဆောင်ရွက်သူများအား မေးခွန်းပေါင်းများစွာဖြင့် လမ်းညွှန်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကကျသည့် အစိတ်အပိုင်းအချို့ ဖြစ်သည့် - ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းတို့ကို နှိုက်ထုတ်ရန် ဖြစ်ပါသည်။

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည်-
    - a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
    - b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
    - c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
    - d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
    - e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
    - f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်
- ပေဟတီမှ ကောင်လေး၏ ဖြစ်စဉ်တွင် ၎င်းသည် ဘေးကင်းလုံခြုံရေး၊ လွယ်ကူစွာ လက်လှမ်းမီ ရယူနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအရ ရယူခွင့်ရှိမှုတို့တွင် သိသိသာသာ ကန့်သတ်ထားခံရပါသည်။
- ကောင်လေးအနေဖြင့် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်းမရှိခြင်းက ၎င်းသည်သင့်တော်သည့် တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများကို သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ထားခြင်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဖော်ပြပါသည်။ သင့်တော်သော တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများ သတ်မှတ်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကောင်လေးသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်အားလုံးက ကဏ္ဍတစ်ခုကနေပါဝင်ကြောင်း ခွဲခြားသိနိုင်ရန် ပါဝင်ဆာင်ရွက်သူများအတွက် ဤမေးခွန်းမေးရခြင်းဖြစ်ပါသည် -

a. ဝန်ဆောင်မှုများ ရယူရန် လမ်းကြောင်းနှင့် တည်နေရာအတွက် တိုင်ပင်ဆွေးနွေးထားပြီး ဖြစ်ခြင်း
b. ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း
c. ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံခံထားရခြင်း။

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသာမဟုတ်ဘဲ ဒေသတွင်းနှင့် နိုင်ငံတွင်းအစိုးရတွင် အဓိကတာဝန်ရှိကြောင်း အသိအမှတ်ပြုပါ။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ကိုယ်ပိုင် အစီအစဉ်များ၏ အကြောင်းအရာများဖြစ်သည့် သန့်ရှင်းရေး၊ နေထိုင်ရေး၊ ယာယီစခန်း စီမံခန့်ခွဲရေးဝန်ထမ်း အစရှိသည်တို့တွင် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်မည့် အရေးကြီးသော အခန်းကဏ္ဍကို သိနားလည်ရမည်။

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 3*

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဆိုလိုရင်းနှင့် ပတ်သက်သော စိတ်ကူးအချို့မှာ-

- ရေ၊ သန့်ရှင်းရေးနှင့် ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးခြင်း (သန့်ရှင်းရေး) ကဲ့သို့သော အခြားကဏ္ဍများတွင် ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- စီမံကိန်း သက်တမ်း (အကဲဖြတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း) အဆင့်အားလုံးအတွင်း ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- လူအများ ဘေးကင်းလုံခြုံမှုရှိ မရှိနှင့်ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်ရေးဆွဲခြင်းတွင် လူအများ၏လုပ်ပိုင်ခွင့်များသည် လေးစားခံရခြင်းရှိ မရှိနှင့် ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် အားနည်းချက်အား ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေခြင်း
- အုပ်စုအားလုံး ပါဝင်ကြောင်း သေချာစေခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် ဖြစ်လာနိုင်သော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို သတိပြုမိခြင်း
- လူအများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များအပေါ်တွင် လက်ရှိ အခန်းကဏ္ဍ အစီအစဉ်များနှင့် စီမံကိန်းများ၏ အပြုသဘောဆောင်သော သက်ရောက်မှုများကို တိုးမြှင့်ခြင်း

အချို့သောပါဝင်ဆောင်ရွက်သူများက 'ဘေးကင်းလုံခြုံသော အစီအစဉ်ရေးဆွဲခြင်း' သို့မဟုတ် 'ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း' ကဲ့သို့သော အလားတူစိတ်ကူးများကို ပေးရန် မတူညီသော ပညာရပ်ဝေါဟာရကို အသုံးပြုသည့် အေဂျင်စီများတွင် အလုပ်လုပ်နေတတ်သည်။ 'ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' သည် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) နှင့် နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့ (GPC) မှ သဘောတူလက်ခံထားသော ပညာရပ်ဝေါဟာရဖြစ်ကြောင်း ရှင်းပြရန် ကြိုတင်ပြင်ဆင်ထားပါ။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်းကို မြှင့်တင်ပေးသော နည်းလမ်းများတွင် ထိခိုက်ခံရသည့်လူစုများအပေါ် အသားပေးခြင်း သို့မဟုတ် လူအများအား ၎င်းတို့၏ ရပိုင်ခွင့်များကို တောင်းဆိုရန်၊ ကုစားမှုများကို ရယူရန်နှင့် လွဲမှားစွာအပြုခံရမှု၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူလာနိုင်ရန် လုပ်ဆောင်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ ကူညီမှုက အရေးကြီးပုံတို့ အမြဲတစေ မပါဝင်ပါ။

** သင်တန်းပို့ချသူ မှတ်စု 4*

ဤဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ကို သိရှိလိုကြပေမည်။ အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပြောပြပေးသင့်ပါသည်-

> "သက်ဆိုင်သည့် နယ်မြေများရှိ ဥပဒေများ (ဥပမာ၊ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထာရေး ဥပဒေ၊ ဒုက္ခသည်ဥပဒေ) ၏ စာသားနှင့် ဆိုလိုရင်းနှင့်အညီ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝ လေးစားကြရန် ရည်ရွယ်ထားသည့် လုပ်ရှားဆောင်ရွက်မှုအားလုံး။"
> အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC, 1999)

လေ့ကျင့်သင်ကြားပေးမှုသည် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ဆိုလိုရင်းကို အပြည့်အစုံ ရှင်းပြရန်အတွက်သာ အဓိက အာရုံမစိုက်သင့်ပါ။ လေ့ကျင့်သင်ကြားပေးသူသည်ကာကွယ်စောင့်ရှောက်ရေး လုပ်ရှားမှုများသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများဖြစ်ကြောင်း အသားပေးပြောပြသင့်ပြီး ဤလေ့ကျင့်သင်ကြားပေးခြင်းက ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားအားလုံး၏ တာဝန်ဖြစ်ကြောင်း အလေးပေးပြောပြရန်ဖြစ်သည်ဟု ပြောပြသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့်အသေးစိတ် မေးခွန်းများကိုမဆို ဖြေဆိုပေးနိုင်ရန်အလို့ငှာ သင်တန်းပို့ချသူသည် IASC အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါသည့် အောက်ပါလမ်းညွှန်ချက်ကို သိထားသင့်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေးဆိုသည်ကို IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) သည် လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ပင်မအစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းဖြစ်သည် (၎င်းတွင် ကုလသမဂ္ဂ (UN)၊ Red Cross၊ Red Crescent Movement နှင့် NGO များမှ ကိုယ်စားလှယ်များ ပါဝင်သည်)။

IASC၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် လူသားအချင်းချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေး ကိုယ်စားလှယ်များအတွက် 'အားလုံးခြုံငုံသော' အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်ဟု ကျယ်ပြန့်စွာ မှတ်ယူပြီး ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်အဖြစ် လူအများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ လက်ခံ ဆောင်ရွက်သောကြောင့် ၎င်းကအရေးကြီးပါသည်။ အေဂျင်စီအများစုက IASC ၏ အဓိပ္ပါယ် သတ်မှတ်ချက်ကို အခြေခံပြီး အခွင့်အရေးများကို အသိအမှတ်ပြုကာ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းဆောင်ရွက်ချက်များတွင် အံဝင်ခွင်ကျဖြစ်စေရန် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ၎င်းတို့ကိုယ်ပိုင်အဓိပ္ပါယ်ကို ဆက်လက် သတ်မှတ်ကြပါသည်။

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'လှုပ်ရှားဆောင်ရွက်မှုအားလုံး'

အလိုက်သင့်တုံ့ပြန်သော၊ ကုစားသောနှင့် ပတ်ဝန်းကျင် ဖန်တီးခြင်း ဆောင်ရွက်ချက်များအား ကာလတို၊ အလယ်အလတ်ကာလနှင့် ကာလရှည်အဖြစ် အသီးသီး တစ်ခါတစ်ရံ ဖော်ပြပါသည်။

ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်သုံးမျိုး၏ လှုပ်ရှားဆောင်ရွက်မှု ဥပမာများ-

---

1. **အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်** ဆိုသည်မှာ ပေါ်ထွက်လာသော သို့မဟုတ် ရှိပြီးသားဖြစ်နေသော ချိုးဖောက်မှုပုံစံတစ်ခုနှင့် စပ်လျဉ်း၍ ချက်ချင်း ဆောင်ရွက်သည့် လှုပ်ရှားမှုဖြစ်ပြီး ၎င်းကဲ့သို့ အမှုကိစ္စမျိုး အဖန်တလဲလဲဖြစ်ခြင်းကို တားဆီးရန်၊ ၎င်းကို ရပ်တန့်ရန် နှင့်/သို့မဟုတ် ၎င်း၏ လက်ငင်းအကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ထားပါသည်။ အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်သည် (နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သော်လည်း) အရေးပေါ် လုပ်ဆောင်ရမည့် သဘောမျိုး ရှိကာ အကြမ်းဖက်တစ်ခု၏ လက်ငင်း ထိတ်လန့်ဖွယ်ရာများကို ခံစားနေရသည့် သီးခြား အရပ်သားအုပ်စုတစ်ခုသို့ ရောက်ရှိရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် အလွဲသုံးစားလုပ်သည့်ပုံစံကို ရပ်တန့်ရန်၊ တားဆီးရန်သို့မဟုတ် လျော့ပါစေရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

   **ဥပမာ-** လူ့အခွင့်အရေး အလွဲသုံးစားလုပ်ခံရခြင်းမှ လွတ်မြောက်လာသူများအား ကျန်းမာရေးဝန်ဆောင်မှုများသို့ ဘေးကင်းစွာ လမ်းညွှန်ပေးခြင်း

   **ဥပမာ-** အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ IDP ယာယီစခန်းတစ်ခု အပြင်ဘက်သို့ သွားရန်မလိုအပ်စေရန် NFI ဖြန့်ဝေခြင်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ထင်းများပံ့ပိုးပေးခြင်း

---

2. **ကုစားရေး ဆောင်ရွက်ချက်**သည် အကြမ်းဖက်ခြင်းကို ခံရပြီးနောက် ပြည်လည်ထူထောင်ပေးခြင်း၊ ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ပြုပြင်ပေးခြင်းတို့ဖြင့် ပြည့်စုံလုံလောက်သော နေထိုင်မှုအခြေအနေများနှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိစေရန် ရည်ရွယ်ထားသည်။ ကုစားရေးလှုပ်ရှားဆောင်ရွက်မှုများသည် ကာလကြာရှည်စွာ ဆောင်ရွက်ရသည့် အရာများ ဖြစ်ပြီး အလွဲသုံးစားပြုခံရသည့် နောက်ဆက်တွဲသက်ရောက်မှုများဖြင့် ရှင်သန်နေရသူများကို ကူညီရန် ရည်ရွယ်ထားသည်။ ၎င်းတွင် ထိုသူများ၏ ကျန်းမာရေးကို အားဖြည့်ပေးခြင်း၊ မိသားစုများကို ဖစ်မြစ်လိုက်ပေးခြင်း၊ အသက်မွေးမှုပံ့ပိုးပေးခြင်း၊ အိမ်ရာ၊ ပညာရေး၊ တရားရေးရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားသဖြင့်ဖြစ်စေခြင်းများ ပါဝင်ပါသည်။

   **ဥပမာ-** ကျန်းမာရေးအသိပညာပေးခြင်းဖြင့် လိင်အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများအား ကဲ့ရဲ့ပြစ်တင်ခြင်းကို တားဆီးရန် အာရုံစိုက်ထားသည်။

   **ဥပမာ-** အသက်မွေးမှု အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ယခင်တိုက်ပွဲဝင်စစ်သည်များအတွက် သက်မွေးဝမ်းကြောင်းဆိုင်ရာ လေကျင့်သင်ကြားပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်း

---

3. **ပတ်ဝန်းကျင်ဖန်တီးပေးခြင်းလုပ်ဆောင်ချက်** အား လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝအလေးထားပေးသော နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့်/သို့မဟုတ် ပေါင်းစည်းခြင်းအတွက် ရည်ရွယ်ထားသည်။ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းသည် မူဝါဒ၊ သဘောထား၊ ယုံကြည်မှုနှင့် အပြုအမူကို ပြောင်းပေးရန် ရည်ရွယ်ထားလျက် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို စိန်ခေါ်နေသော ပိုမိုနက်ရှိုင်းသော၊ ပိုမိုစနစ်ကျသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ပိုမိုလူသားဆန်သော နိုင်ငံရေးစံနှုန်းများ၊ ဥပဒေနှင့် တရားရေးရာ ဆောင်ရွက်ချက်များတွင် တိုးတက်မှုများ၊ လုံခြုံရေးအင်အားစုများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြမ်းမဖက်သော ပြည်သူ့ ယဉ်ကျေးမှုတစ်ခု တဖြည်းဖြည်း တိုးပွားလာအောင် ဖော်ဆောင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

   **ဥပမာ-** NGO နှင့် UN ဝန်ထမ်းများ လိုက်နာရမည်ဖြစ်သည့် ကျင့်ဝတ်စည်းကမ်းအကြောင်းကို WASH စီမံကိန်းတစ်ခုအတွင်း ပြည်သူများထံ အချက်အလက်များ ပံ့ပိုးပေးခြင်း

   **ဥပမာ-** ပြည်တွင်းဥပဒေပြဌာန်းချက်တွင် လိင်အကြမ်းဖက်မှု တားမြစ်ခြင်းအား ထည့်သွင်းရန်အတွက် ထောက်ခံအားပေးခြင်း

   **ဥပမာ-** ပြည်တွင်း ပြောင်းရွှေ့နေရာချထားသည့်ကိစ္စရပ်များတွင် လမ်းညွှန်ထားသောစည်းမျဉ်းများကို နိုင်ငံတော်မူဝါဒအဖြစ် သဘောတူလက်ခံရန် အတွက် ထောက်ခံအားပေးခြင်း

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများ' အောက်တွင်ပါသည့် 'လူတစ်ဦးချင်း၏ အခွင့်အရေးများ'

သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများတွင် အောက်ပါတို့ပါဝင်သည် -

*'ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာဥပဒေ'* ဆိုသည်ကို "ဥပဒေအဖြစ် လက်ခံထားသော အထွေထွေအလေ့အကျင့်တစ်ခု" ဟု နိုင်ငံတကာတရားလွှတ်တော်က ဖော်ပြထားသည်။[2] ထိုသို့သော အလေ့အကျင့်ကို စည်းမျဉ်း၏သဘာဝအပေါ် မူတည်ပြီး လိုအပ်သည် သို့မဟုတ် တားမြစ်သည် သို့မဟုတ် ခွင့်ပြုသည်ဟု ယုံကြည်ထားကြသည့်အတွက် ၎င်းတို့သည် နိုင်ငံအများစုက လက်တွေ့အသုံးချနေသည့် စည်းမျဉ်းများဖြစ်ပါသည်။[3]

လက်နက်ကိုင် ပဋိပက္ခ ဥပဒေအဖြစ် သိထားကြသော*နိုင်ငံတကာလူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေ*သည် စစ်မက်ပြုခြင်းများတွင် မပါဝင်သော သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမရှိတော့သော ပြည်သူသူများအား ကာကွယ်ပေးခြင်းနှင့် ပဋိပက္ခဖြစ်စေမည့် နည်းလမ်းများနှင့် လမ်းစဉ်များကို ကန့်သတ်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ သက်ရောက်မှုများကို ကန့်သတ်ရန် ကြိုးစားထားသည့် စည်းမျဉ်းတစ်စု ဖြစ်ပါသည်။ IHL ကို 1979 ခုနှစ် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ 1948 ခုနှစ် ဂျီနီဗာသဘောတူညီချက်များတွင် စတင် သတ်မှတ်ခဲ့ပါသည်။

---

2 ICJ ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဌာန်းသည့် ဥပဒေ၊ ပိုဒ်ခွဲ 38 (1)(b).

3 Jean-Marie Henckaerts နှင့် Louise Doswald-Beck, *ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ အပိုင်း 1- စည်းမျဉ်းများ*၊ ICRC၊ ကိန်းဘရစ်ချ်၊ 2005.

*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ* တွင် လူတစ်ဦးချင်းစီနှင့် အုပ်စုများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ (OCHCR) ကို ကာကွယ်ရန်အလို့ငှာ အချို့သော လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ရမည့် သို့မဟုတ် အချို့သောနည်းလမ်းများဖြင့် ပြုမူဆောင်ရွက်ရမည့် အစိုးရ၏ တရားဝတ္တရားများကို ဖော်ပြထားသည်။ ဥပမာ၊ ကလေးငယ်၏အခွင့်အရေးအတွက် သဘောတူညီချက် (1989) နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းမပြုရေး သဘောတူညီချက် (1979)

*ဒုက္ခသည်ဥပဒေ* ကို ဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်သည့် 1951 သဘောတူညီချက်နှင့် 1967 ခုနှစ် နောက်ဆက်တွဲ ကျင့်ဝတ်တွင် စတင် ချမှတ်ခဲ့ပါသည်။ ဒေသဆိုင်ရာ ဒုက္ခသည် အခွင့်အရေးများအတွက် အစိုးရစနစ်များတွင် အာဖရိကနှင့် လက်တင်အမေရိကတို့မှ ဒုက္ခသည်များအတွက် အရန်အခွင့်အရေးများကို ချမှတ်ထားပါသည်။ အာဖရိကန် စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း (OAU) သဘောတူညီချက် 1969 နှင့် ကာတေးဂျီးနား ကြေညာချက် 1984 ကို ကြည့်ပါ။

*ပြည်တွင်း ပြောင်းရွှေ့နေရာချထားခြင်းအတွက် လမ်းညွှန်ထားသော စည်းမျဉ်းစည်းကမ်းများ*တွင် ပြည်တွင်း နေရာပြောင်းရွှေ့ခံရသောသူများနှင့် သက်ဆိုင်သော လူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေနှင့် လူ့အခွင့်အရေးများကို ပြန်ပြင်ပြီး ရေးသားပြုစုထားပါသည်။

## ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုအတွက် သီးသန့် အစီအစဉ်ရေးဆွဲခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုကို သီးသန့် အစီအစဉ်ရေးဆွဲခြင်း (တစ်ခါတစ်ရံ 'ကာကွယ်စောင့်ရှောက်မှု သဒ္ဒါန်' အဖြစ် ရည်ညွှန်းကြသည်) တို့အကြား ကွဲပြားခြားနားမှုကို တချို့သော ပါဝင်ဆောင်ရွက်သူများက မေးမြန်းနိုင်သည်။

**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** ဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ၎င်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း** သည် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီရည်ရွယ်ချက်နှစ်ခုစလုံးကို ပံ့ပိုးပေးရန်နှင့် သက်ရောက်သည့်လူစုများ၏ ဘေးအန္တရာယ်နှင့် ထိတွေ့ခံစားရမှုကို လျှော့ချပေးရေး တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်အတွက် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်မှု ပုံစံပင်ဖြစ်ပါသည်။[4] ၎င်းအတွက် ကဏ္ဍအလိုက်ကျွမ်းကျင်သူများနှင့် ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူများ အတူတကွလုပ်ကိုင်ရန် လိုအပ်သည်။

*ဥပမာ- စီးပွားရေး (ဝင်ငွေတိုးစေခြင်း) နှင့် ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက် နှစ်ခုစလုံးပါရှိသော အသက်မွေးမှု လှုပ်ရှားဆောင်ရွက်ချက်များ (အရောင်းအဝယ်နှင့် အသက်ရှင်သန်ရန်လိင်ဆက်ဆံခံရခြင်း၊ ခေါင်းပုံဖြတ်သော / အန္တရာယ်များသောလုပ်ကိုင်ရသော အလုပ်သမား၊ ကလေးအလုပ်သမား) ကိစ္စရပ်တစ်ခုစီတွင် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုအပြင် GBV နှင့်/ သို့မဟုတ် ကလေးကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်မှု လိုအပ်ပါသည်။*

**သီးခြားကာကွယ်စောင့်ရှောက်မှု** အစီအစဉ်နှင့် စီမံကိန်းများတွင် သီးခြားကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များရှိပြီး ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူ လိုအပ်ပါသည်။

*ဥပမာများ- နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ ဥပဒေများ၏ စည်းမျဉ်း၊ ဒုက္ခသည်များ စာရင်းသွင်းခြင်း၊ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် ဆေးကုသမှုဆိုင်ရာ၊ ဥပဒေရေးရာ၊ စိတ်ပိုင်းဆိုင်ရာလူမှုရေး စောင့်ရှောက်မှုတို့အား လိုက်နာကြောင်း စောင့်ကြည့်စစ်ဆေးခြင်း။*

** သင်တန်းပို့ချသူ မှတ်စု 5*

GPC အကျဉ်းချုံးတွင်ပါသည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်နှစ်ချက်သည် ၊ အသိုင်းအဝိုင်း ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 1 ဖြစ်သော'သင့်လုပ်ရပ်၏ ရလဒ်တစ်ခုအဖြစ် ပြည်သူများကို နောက်ထပ် အန္တရာယ်နှင့် ကြုံတွေ့ရခြင်းကို ရှောင်ကြဉ်ခြင်း' နှင့် ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 2၊ 'လိုအပ်ချက်နှင့်အညီ ခွဲခြားဆက်ဆံခြင်းမရှိဘဲ သမာသမတ်ကျသော အကူအညီကို လူတိုင်း ရယူနိုင်ကြောင်း သေချာစေခြင်း' နှင့် ဆက်စပ်နေပါသည်။

*GPC အကျဉ်းချုံး*၏တတိယ အချက်သည် အသိုင်းအဝိုင်းပင်မစံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့ အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ချက်' ပါဝင်ပြီး အသိုင်းအဝိုင်း နည်းပညာ စံသတ်မှတ်ချက်များတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားသည်။ *GPC အကျဉ်းချုံး*၏စတုတ္ထမြောက် အချက်ကို အသိုင်းအဝိုင်းကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်း 4 ဖြစ်သော 'ပြည်သူများအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုခြင်း၊ ရနိုင်သော ကုစားနည်းများ ရယူခြင်းနှင့် အလွဲသုံးစားပြုခံရခြင်း၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူနိုင်အောင်ပြုလုပ်ခြင်းတို့တွင် ကူညီခြင်း' နှင့်ပင်မ စံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်' တွင် သတ်မှတ်ဖော်ပြထားသည်။

** သင်တန်းပို့ချသူ မှတ်စု 6*

အေဂျင်စီတစ်ခုက လူအများကို တိုးပွားလာသော အန္တရာယ် သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများကို အလွဲသုံးစားလုပ်ခံရခြင်းများနှင့် အမှုမဲ့အမှတ်မဲ့ဖြင့် ကြုံတွေ့စေရတတ်သည့် ဥပမာများ[5] တွင် အောက်ပါတို့ပါဝင်သည်-

- ကဏ္ဍအသီးသီးမှ သက်ရောက်သည့်လူစုများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှုမရှိခြင်းကြောင့် အချို့သောလူများ သို့မဟုတ် အုပ်စုများ၏ ခွဲခြားဆက်ဆံခြင်းနှင့် အဆင့်အတန်း နိမ့်ချမှုတို့ကို အားပေးအားမြောက်ဖြစ်စေပါသည်။
- လူအများအတွက် ၎င်းတို့၏နေရပ်မှ စီမံကိန်းရှိသည့်နေရာသို့ သွားရောက်ရာတွင် မည်မျှ ဘေးကင်းလုံခြုံကြောင်း ထည့်သွင်းမစဉ်းစားထားသည့် နေရာများတွင် (အစားအစာပေးဝေခြင်း သို့မဟုတ် ရေပေးဝေရာနေရာများ) အစီအစဉ်များ/ စီမံကိန်းများ စီစဉ်ခြင်းဖြင့်
- နယ်မြေခံလူစုများ၏ လိုအပ်ချက်ကို လျစ်လျူရှုလျက် ပြောင်းရွှေ့ခံရသောသူများအား အကူအညီပံ့ပိုးပေးခြင်းဖြင့်
- အထိခိုက်မခံသော သတင်းအချက်အလက်ကို လျှို့ဝှက်ထားနိုင်ခြင်းမရှိခြင်းနှင့် ဘေးကင်းစွာ သိမ်းဆည်းထားနိုင်မှုမရှိခြင်းဖြင့်
- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် အစီအစဉ်/စီမံကိန်း၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်မပေးခြင်းဖြင့်

---

4 အထက်တွင်ဖော်ပြခဲ့ပြီးသော

5 World Vision၊ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး စံသတ်မှတ်ချက်များ* (2012) ကို ကြည့်ပါ။

- လူအများ၏ ကိုယ်တိုင်ကူညီနိုင်စွမ်းအားများကို လျော့ပါးစေခြင်းဖြင့် (လုပ်ကိုင်နှင့်ပြီး ထိရောက်မှုရှိသော လက်ရှိအုပ်စုတစ်ခုကို အကျိုးရှိရှိအသုံးချမည့်အစား စီမံကိန်းတစ်ခုအတွက် အသင်းအဖွဲ့တစ်ဖွဲ့ စီစဉ်ခြင်းကဲ့သို့သော)
- အရေးယူရန်ပျက်ကွက်ခြင်း - လူအများ၏ အခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းအား လျစ်လျူရှုခြင်းဖြင့်။

***မှတ်ချက်-*** *ယင်းက ပါဝင်ဆောင်ရွက်သူများကြောင့်ဖြစ်ပါက 'ဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ပါ' နှင့် 'ဒုက္ခမပေးပါနှင့်' တို့ကြားတွင် ကွဲပြားချက်ကို မှတ်သားထားရန် အရေးကြီးသည် ဒုက္ခမပေးပါနှင့် ချဉ်းကပ်နည်းသည် ပဋိပက္ခ အခြေအနေများတွင် စီမံကိန်းစီစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတို့ ပြုလုပ်ရာတွင်ကူညီရန် အသေးစား ပဋိပက္ခခွဲခြမ်းစိတ်ဖြာခြင်းအတွက် အမြင်သဘောတရားနှင့် ဆိုင်သော ကန့်သတ်ချက်ဘောင်တစ်ခုဖြစ်ပါသည်။ 'နောက်ထပ် ဒုက္ခပေးခြင်း ရှောင်ကြဉ်ပါ' အယူအဆသည် သက်ဆိုင်သည့်လူများအပေါ်တွင် ဆန့်ကျင်သော၊ ရည်ရွယ်မထားသော သက်ရောက်မှုများဖြစ်စေနိုင်သော အကူအညီပေးရေး စီမံချက်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း အားလုံးအားပဋိပက္ခခွဲခြမ်းစိတ်ဖြာမှုထက်ပင် ကျော်လွန်ပါသည်။*

** သင်တန်းပို့ချသူ မှတ်စု 7*

[6]တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်လုပ်ဆောင်နိုင်သည့် ဥပမာများ-

- တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင် အောက်ပါတို့အပါအဝင် မတူကွဲပြားသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခြင်း-
  - အမျိုးသမီး၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ
  - ကွဲပြားသော အသက်အရွယ် အုပ်စုများ (သီးသန့်အားဖြင့် ကလေးများ၊ ဆယ်ကျော်သက်များ၊ လူငယ်နှင့် အခြားအရွယ်ရောက်ပြီးသူများ)
  - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာ ချို့တဲ့သည့်သူများ
  - အဖွဲ့အစည်းတစ်ခု၏ လက်အောက်တွင် နေထိုင်နေရသူများ
  - HIV၊ နာတာရှည်ဖျားနာခြင်း သို့မဟုတ် အခြားကျန်းမာရေးအန္တရာယ်များ ခံစားနေရသူများ
  - လူမျိုးစု၊ နိုင်ငံရေးနှင့်ဆိုင်သော သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လူနည်းစုများ
  - လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံအခြေအနေ သို့မဟုတ် ဇစ်မြစ် မတူညီသောလူများ
  - ၎င်းတို့၏လိုအပ်ချက်များနှင့် မသက်ဆိုင်ဘဲ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ဘေးဖယ်ထားခြင်းခံရသော သို့မဟုတ် ချန်လှပ်ထားခြင်းကို ခံစားနေရသော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ[7]
- ပဋိပက္ခ အခြေအနေများတွင် 'ဒုက္ခမပေးပါနှင့်/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ' အကဲဖြတ်မှုတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ပါ
- ပုံမှန်အန္တရာယ်အကဲဖြတ်မှုများကို ဦးစီးဆောင်ရွက်ပါ
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ
- အကူအညီပေးရန် သတ်မှတ်ထားသော စံနှုန်းများကို သက်ရောက်သည့်လူစုများနှင့်အတူ ရေးဆွဲသတ်မှတ်ပါ
- စီမံကိန်းနေရာများအပြင် ၎င်းနေရာများသို့ ဘေးကင်းစွာ အသွား၊ အပြန်ပြုလုပ်နိုင်ခြင်းရှိမရှိ ကို မတူကွဲပြားသော အုပ်စုများ၏ ရှုထောင့်မှနေ၍ အကဲဖြတ်ပြီး ပုံမှန် စောင့်ကြည့်စစ်ဆေးပါ

** သင်တန်းပို့ချသူ မှတ်စု 8*

သက်ရောက်သည့်လူစုများ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးဆောင်ရွက်ရန် အေဂျင်စီတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သော အရာများ၏ ဥပဒေများ-

- အသုံးအဆောင်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းသည့်နေရာတွင် သတ်မှတ်ထားရှိကြောင်း သေချာစေခြင်း
- ကလေးများအတွက် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်များ စီစဉ်ပေးရန် သက်ရောက်သည့်လူစုများအား ပံ့ပိုးကူညီခြင်း
- အစီအစဉ်ဝန်ထမ်းအားလုံးနှင့် စေတနာ့ဝန်ထမ်းအားလုံးကို လေ့ကျင့်သင်ကြားထားပေးပြီး သင့်အေဂျင်စီ၏ ကျင့်ဝတ်စည်းမျဉ်းကို သတိပြုမိကြောင်း သေချာစေခြင်း
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို အကောင်အထည်ဖော်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံချက်များတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း
- မိသားစုများနှင့် ဆွေမျိုးအုပ်စုများကို အတူတကွရှိနေစေပြီးတစ်ရွာတည်းနေလူများ သို့မဟုတ် ကွန်ရက်တစ်ခုအတွင်းမှလူများအား အတူတကွရှိနေစေမည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- သက်ရောက်သည့်လူစုများက ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း ရှိ၊ မရှိနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် ပြောင်းလဲမှုများလုပ်နိုင်၊ မလုပ်နိုင်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းပါ

** သင်တန်းပို့ချသူ မှတ်စု 9*

အချို့သောလူများ သို့မဟုတ် အုပ်စုများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို ရယူနိုင်ခြင်းမရှိရသည့် အကြောင်းရင်းအချို့တွင် အောက်ပါတို့ပါဝင်သည် -

- အကြမ်းဖက်မှုကို ထိတ်လန့်ခြင်း အပါအဝင် ပဋိပက္ခနှင့်/ သို့မဟုတ် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်းနှင့် အကြမ်းဖက်ခြင်း (၎င်းက ပံ့ပိုးပေးထားသည့်နေရာမှ လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီရယူခြင်းကို အဟန့်အတားဖြစ်စေနိုင်ပြီး၊/ သို့မဟုတ် သီးသန့်နေရာတွင် အကူအညီပေးရန် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူများကိုလည်း အဟန့်အတား ဖြစ်စေပါသည်)

6 အထက်တွင်ဖော်ပြခဲ့ပြီးသော

7 အထက်၌ ဖော်ပြခဲ့ပြီးသော စာပိုဒ်၌၊ ပင်မစံသတ်မှတ်ချက် 2၊ လမ်းညွှန်မှတ်ချက် 3

- မြေမြှုပ်မိုင်းများ၊ စစ်ဆေးရေးဂိတ်နှင့် ဝန်းရံပိတ်ဆို့ခြင်းတို့ တည်ရှိနေမှု
- ဝေးလံသော သို့မဟုတ် ရယူရန်မဖြစ်နိုင်သော နေရာ (ဥပမာ မိုးရာသီတွင် ဖြတ်သန်းသွား၍မရသော လမ်းများ၊ သို့မဟုတ် စီမံကိန်းနေရာသို့သွားရန် မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါသည် သို့မဟုတ် သက်ကြီးရွယ်အိုများအတွက် မဖြစ်နိုင်သည့် ဝေးလံသောအကွာအဝေး)
- ရယူခွင့်ကို ငြင်းဆိုခြင်း (ဥပမာ သက်ရောက်သည့် လူတစ်စုလုံးအတွက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အာဏာပိုင်များက ငြင်းဆိုခြင်း သို့မဟုတ် ထင်ရှားသောလူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုကအရေအတွက်နည်းသော လူမျိုးစုအား ခွဲခြားချန်ထားမှု)
- အကျိုးခံစားခွင့်နှင့် ပတ်သက်သည့် အချက်အလက်သည် လူအားလုံးနားလည်နိုင်သော ဘာသာစကား သို့မဟုတ် ပုံစံတွင်မရှိခြင်း။
- ဒေသတွင်းအာဏာဖွဲ့စည်းပုံများက အချို့လူများအား အကူအညီမရရှိအောင် ပိတ်ပင်ထားသည်

** သင်တန်းပို့ချသူ မှတ်စု 10*

ချန်လှပ်ထားခံရသော သို့မဟုတ် အကူအညီရယူနိုင်စွမ်းမရှိသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်လွယ်ကူအဆင်ပြေစေရန် အေဂျင်စီတစ်ခုက လုပ်ဆောင်နိုင်သည့် အထူးစီမံချက်များ၏ ဥပမာတွင် အောက်ပါတို့ပါဝင်သည်-

- အစီအစဉ်/စီမံကိန်း အချက်အလက်သည် လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတွင်ရှိကြောင်း သေချာစေခြင်း
- ရွှေ့လျား/ကမ်းလင့်ထောက်ကူခြင်း ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း
- အဆောက်အဦနှင့် အသုံးအဆောင်အားလုံးတို့အတွက် စီစဉ်ရေးဆွဲ၊ ဒီဇိုင်းပြုလုပ်ရာတွင် အားလုံးပါဝင်စေခြင်းကို ကျင့်သုံးလိုက်နာခြင်းဖြင့် တည်ဆောက်ပြီးဖြစ်သော ပတ်ဝန်းကျင်ကို အားလုံး ရယူခွင့်ကို ထောက်ခံပေးခြင်း
- အန္တရာယ်ကျရောက်နေသော အုပ်စုများအတွက် ဘေးကင်းသောနေရာလွတ်များ ပံ့ပိုးပေးခြင်း (ဥပမာ အစားအစာပေးဝေရာတွင် အမျိုးသမီးများအတွက် သီးသန့် ဘေးကင်းသောနေရာလွတ်တစ်ခု စီစဉ်ခြင်း)
- အမျိုးသမီးများနှင့် အမျိုးသားများအတွက် သီးသန့် ကျန်းမာရေးဆေးခန်းအား မတူညီသော နေ့ရက်၊ အချိန်များတွင် ဖွင့်လှစ်ခြင်း

***မှတ်ချက်-*** *သမာသမတ်ကျသော အကူအညီ ဆိုသည်မှာ ဆိုးကျိုးပေးသော ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်နှင့်အညီ ပံ့ပိုးပေးသည့် အကူအညီဖြစ်ပါသည်။ ယင်းက လူတိုင်းကို တထေရာတည်းဖြစ်သော အကူအညီပေးရမည်ဟု မဆိုလိုပါ – အကူအညီပိုလိုအပ်သော သို့မဟုတ် မတူညီသော အကူအညီအား လိုအပ်နေသောသူများထံ မတူညီသော၊ ပိုနေသော အကူအညီများကို ပေးရမည်။*

** သင်တန်းပို့ချသူ မှတ်စု 11*

ဒီဇင်ဘာလ 2011 ခုနှစ်တွင်၊ IASC ကိုယ်စားလှယ်များက သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှုရှိကြောင်း သေချာစေရန် အေဂျင်စီများလုပ်နိုင်သည့်အချက်များကို အကြမ်းဖော်ပြသည့် အောက်ပါ သန္နိဋ္ဌာန် 5 ချက်ကို အတည်ပြုပေးခဲ့သည်

IASC တာဝန်ခံမှု သန္နိဋ္ဌာန် ငါးချက်

- **ခေါင်းဆောင်မှု/အုပ်ချုပ်မှု** အကြံပေးချက်နှင့် တာဝန်ခံမှု လုပ်ထုံးလုပ်နည်းများကို နိုင်ငံမဟာဗျူဟာများ၊ အစီအစဉ်အဆိုပြုချက်များ၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများ၊ လူသစ်စုဆောင်ခြင်း၊ ဝန်ထမ်းမိတ်ဆက်ခြင်းများ၊ လေ့ကျင့်သင်ကြားခြင်းများနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှု၊ မိတ်ဖက်သဘောတူညီချက်များနှင့် အစီရင်ခံခြင်းတွင် မီးမောင်းထိုးပြထားသောအချက်များထဲ ပေါင်းစည်းထားကြောင်း သေချာစေခြင်းဖြင့် သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံရန် ၎င်းတို့သန္နိဋ္ဌာန်ကို လက်တွေ့သရုပ်ပြပါ။
- **ပွင့်လင်းမြင်သာမှု -** သတင်းအချက်အလက်များ ပံ့ပိုးပေးလျက် ၎င်း၏ သက်ရောက်သည့်လူစုများနှင့် အဖွဲ့အစည်းတစ်ခုအကြားတွင် အပြန်အလှန်ဆွေးနွေးခြင်းကို ဖြစ်မြောက်စေရန်နှင့် ကြိုတင်အသိပေးထားပြီးဖြစ်သည့် အကြောင်းအရာများအပေါ် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်ခွင့်များကို ၎င်းတို့လုပ်နိုင်ကြောင်း သေချာစေရန် ၎င်းတို့အပေါ် သက်ရောက်သည့် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများအကြောင်း အချက်အလက်များကို သက်ရောက်သည့်လူစုများထံ အချိန်နှင့်တပြေးညီ ပေးအပ်ပြီး အလွယ်တကူ ရရှိနိုင်အောင် ပြုလုပ်ပေးရန်။
- **အကြံပေးချက်နှင့် တိုင်ကြားချက်များ-** မူဝါဒချိုးဖောက်ခြင်းနှင့် ပါဝင်ပတ်သက်သူများ၏ မကျေနပ်မှုနှင့် ပတ်သက်၍ တိုင်ကြားချက်များကို ဖြေရှင်းပေးရာ၌ အကြံပေးချက်နှင့် တိုင်ကြားချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ကြောင်း၊ ၎င်းတို့သည် သင့်လျော်ပြီး ခိုင်ခံ့မှုရှိကြောင်း သေချာစေခြင်းဖြင့် အစီအစဉ်ရေးဆွဲရာတွင် မူဝါဒီနှင့် လက်တွေ့ကျင့်သုံးမှုကို မြှင့်တင်ရန် သက်ရောက်သည့်လူစုများ၏ အမြင်များကို အင်တိုက်အားတိုက် ရယူပါ။
- **ပါဝင်ဆောင်ရွက်ခြင်း -** ဘေးဖယ်ထားမှုခံထားရပြီး သက်ရောက်မှု အခံရဆုံး ပုဂ္ဂိုလ်များကို ကိုယ်စားပြုထားပြီး ၎င်းတို့၏ လွှမ်းမိုးမှုရှိသည်ကိုသေချာစေရန်နှင့် ၎င်းတို့ သင့်လျော်မှန်ကန်စွာ ပါဝင်လာကြစေရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များနှင့် အလေ့အကျင့်များကို ချမှတ်ခြင်းဖြင့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်-ချမှတ်သည့် လုပ်ငန်းစဉ်တွင် တက်ကြွသည့်အခန်းကဏ္ဍတစ်ခုမှ သက်ရောက်သည့်လူစုများကို ပါဝင်စေပါ။
- **ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း-** လေ့လာတွေ့ရှိသည်များကို အဖွဲ့အစည်းထံ ပုံမှန် သတင်းပေးခြင်းနှင့် လုပ်ငန်းစဉ်၏ ရလဒ်များအား အစီရင်ခံခြင်းတို့ပြုလုပ်ပြီး သက်ရောက်သည့်လူစုအား ပါဝင်စေကာအစီအစဉ်များ၏ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ဒီဇိုင်းဆွဲ၍ စောင့်ကြည့်ပြီး အကဲဖြတ်ပါ။

** သင်တန်းပို့ချသူ မှတ်စု 12*

ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့် (ယာယီစခန်းစီမံခန့်ခွဲရေး စာရွက်စာတမ်းများမှ)

- ပိုင်ဆိုင်မှု - အသင်းအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထိန်းချုပ်ဆောင်ရွက်သည်
- အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှု - အခြား လုပ်ရှားသူများနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အသင်းအဖွဲ့က ရာနှုန်းပြည့်ပါဝင်သည်။
- လုပ်ငန်းသဘောအရဖြစ်သော - ကန့်သတ်ထားသော ဆုံးဖြတ်ချက်ချခွင့်အာဏာနှင့်အတူ သီးခြား အခန်းကဏ္ဍတစ်ခုကိုသာ အသိုင်းအဝိုင်းက ဖြည့်ဆည်းပေးသည် (ဥပမာ နောက်ပိုင်းတွင် NGO ဝန်ထမ်းအဖွဲ့ဝင်တစ်ဖွဲ့က ကြီးကြပ်ဆောင်ရွက်သည့် ရေပေးဝေရေး ကော်မတီ)
- ရုပ်ပိုင်းဆိုင်ရာ အားပေးလှုံ့ဆော်မှု ရရှိခြင်း - ဝန်ဆောင်မှုတစ်ခု သို့မဟုတ် အခန်းကဏ္ဍတစ်ခုအတွက် အပြန်အလှန်အားဖြင့် ကုန်ပစ္စည်းများနှင့် ငွေကြေးများကို အသင်းအဖွဲ့က လက်ခံရရှိပါသည်။
- အတိုင်ပင်ခံခြင်း - ၎င်းတို့ မြင်တွေ့လိုသည့်အရာအပေါ် ၎င်းတို့၏ ထင်မြင်ချက်ကို အသင်းအဖွဲ့အား မေးမြန်းပါသည်၊ သို့သော် ၎င်းတို့၏ ထင်မြင်ချက်သည် ဆုံးဖြတ်ချက်ချရာတွင် အတိုင်းအတာဖြင့်သာ စိုးမိုးခြယ်လှယ်နိုင်ပါသည်။
- သတင်းအချက်အလက် လွှဲပြောင်းခြင်း - သတင်းအချက်အလက်ကို အသင်းအဖွဲ့မှ စုစည်းပါသည်၊ သို့သော် ၎င်းတို့သည် ဆုံးဖြတ်ချက်များကို ဖြစ်စေသည့် ရလဒ်ဆွေးနွေးမှုများတွင် ပါဝင်မှုမရှိပါ။
- ပြသမှုနုရသော - အသင်းအဖွဲ့သည် ဆုံးဖြတ်ချက်များနှင့် အရေးယူဆောင်ရွက်ချက်များအတွက် သတင်းပေးပို့ခြင်းခံရပါသည်၊ သို့သော် လုပ်ငန်းစဉ် သို့မဟုတ် ရလဒ်နှစ်ခုစလုံးတွင် ပြောခွင့်မရှိပါ။

** သင်တန်းပို့ချသူ မှတ်စု 13*

အင်တာဗျူးများ၊ အသားပေးထားသော အုပ်စုလိုက် ဆွေးနွေးမှုများ၊ အစရှိသည်တို့ကဲ့သို့သော အဖြေများကို ပါဝင်ဆောင်ရွက်သူများ ဖြေဆိုနိုင်ပါသည်။ ပစ်မှတ်ထားသူများတွင် အသင်းအဖွဲ့ခေါင်းဆောင်များ၊ အခရာကျသူများ၊ အမျိုးသမီးများနှင့် ကလေးများ ပါဝင်ပါသည်။ ဤအခြေအနေတွင် အန္တရာယ်ရှိနေသည့်လူများအား အသင်းအဖွဲ့ခေါင်းဆောင်များနှင့် အမြဲအတူတကွ လုပ်ကိုင်ရန် သတိပေး၍ရပါသည်။ ခရစ်ယာန်ကျေးရွာလူကြီးများနှင့် အသင်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ CAR တွင် လုပ်ကိုင်နေသည့် NGO တစ်ဖွဲ့အား ဥပမာပေးပါ။ မွတ်ဆလင်လူစုနှင့် အထူးသဖြင့် မွတ်ဆလင်အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများမှ လုံးဝ ဖယ်ကြဉ်ခံနေရပါသည်။ သီးခြားလိုအပ်ချက်များရှိနေသူများ၊ တိုင်ပင်ဆွေးနွေးခြင်းမှတစ်ဆင့် ပါဝင်နိုင်သည့် မတူညီသော လူပုဂ္ဂိုလ်အမျိုးအစားများ၊ အလေးပေးအာရုံစိုက်ထားသော အုပ်စုများ စသည့်ပုဂ္ဂိုလ်များအကြောင်း လူများကို သတိပေးရန် အချိန်ကောင်းလည်းဖြစ်ပါသည်။

- အမြဲပါဝင်နေသည့် လူအတန်းအစားအမျိုးမျိုးမှာ - အမျိုးသားများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဖြစ်ပါသည်
- အခြေအနေအပေါ်မူတည်သည့် အတန်းအစားများမှာ- လူမျိုးစု/ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အားနည်းချက်ရှိသော သို့မဟုတ် ဖယ်ကြဉ်ခံထားရသော အုပ်စုများ (ဥပမာ၊ HIV ကူးစက်ခံထားရသည့်လူများ) ဖြစ်သည်

လူအများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် အေဂျင်စီများမှ ကူညီနိုင်သော နည်းလမ်းများနှင့် ဆက်နွယ်သည့် ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် လူတို့၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်း
- လူ့အခွင့်ရေး အသိပညာပေးရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း
- ၎င်းတို့၏ အကျိုးခံစားခွင့်များကို ရယူရာတွင်လိုအပ်သည့် စာရွက်စာတမ်းများ ရရှိနိုင်အောင် သို့မဟုတ် အစားထိုးနိုင်အောင် ကူညီပေးခြင်း (ဥပမာ မွေးစာရင်းလက်မှတ်များ၊ သေစာရင်းလက်မှတ်များ၊ လက်ထပ်စာချုပ်များ၊ မြေရာပိုင်ဆိုင်မှုစာချုပ်) ဥပမာ၊ ခွဲခြားသတ်မှတ်ခြင်းနှင့် ၎င်းတို့အား သင့်တော်သည့်ဝန်ဆောင်မှုများ ညွှန်းဆိုပေးခြင်း
- ၎င်းတို့ကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မတူညီသည့်ကဏ္ဍအသီးသီးမှ လူများနှင့် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ခြင်းများ ပြုလုပ်ပေးခြင်း (ဥပမာ၊ ပြန်လည်နေရာချထားပေးခြင်း)
- ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် သင့်တော်သော ညွှန်းဆိုမှုကို သေချာပြုလုပ်ခြင်း

# အနီရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း မိတ်ဆက်ခြင်း

**အချိန်** - 4 နာရီ

**မျှော်မှန်း သင်တန်းသား** - ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၊ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ

**သင်ရိုး၏ ရည်ရွယ်ချက်** - ဤသင်ရိုးသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များအတွက် အထူးသဖြင့် ရည်ရွယ်ထားပြီး၊ သင်တန်းသားများအနေဖြင့် ကာကွယ်စောင့်ရှောက်မှုအကြောင်း သဘောတရားနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတအပြင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အခြေခံနားလည်မှုရှိသွားစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ဤသင်ရိုးသည် အကျဉ်းချုံး 'ဆွေးနွေးပြန်သုံးသပ်မှု' ကို ပံ့ပိုးပေးရန်နှင့် GPC နှင့် IASC အတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း အပ်ဒိတ်လုပ်ရန် ရည်ရွယ်ထားပါသည်။ ၎င်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား လက်တွေ့လုပ်ဆောင်ပြရန် ခိုင်လုံသောနည်းလမ်းများအကြောင်း ပါဝင်ဆောင်ရွက်သူများ သိရှိစေရန် မိတ်ဆက်ပြောကြားထားသည်။ အရေးအကြီးဆုံးအနေဖြင့် ဤသင်ရိုးသည် ညှိနှိုင်းဆောင်ရွက်ထားသော ငွေကြေးပံ့ပိုးကူညီသည့် လုပ်ငန်းစဉ်အပါအဝင် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းကြစေရန် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို လက်တွေ့အသုံးချဖို့ တိုက်တွန်းရန် ရည်ရွယ်ထားသည်။

**သင်ရိုး<br>သင်ကြားပို့ချမှုဆိုင်ရာ<br>ရည်ရွယ်ချက်များ**

ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူ့ထံ၌ တာဝန်ရှိသည်ကို ရှင်းလင်းပြောပြပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာ၌ သံန္နိဋ္ဌာန်ချ၍ အခြားသူများကို ပံ့ပိုးကူညီကြစေရန်တိုက်တွန်းအားပေးပြီး ယင်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အတွေးများကိုလည်း ပံ့ပိုးပေးပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပါမည်။

**သင်ယူခြင်း ရလဒ်များ**

ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။

- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်
- လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့ (HCT) နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။
- ညှိနှိုင်းထားသော ငွေကြေးပံ့ပိုးမှုလုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းကြစေရန် ခိုင်လုံသော အဆင့်များကို ဆုံးဖြတ်ပေးနိုင်မည်။

**သင်ရိုး<br>အကြမ်းဖျင်းဖော်ပြချက်နှင့်<br>အကြံပြုထားသော<br>အချိန်ဇယား**

| | |
|---|---|
| 09:00 – 09:50 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။ |
| 09:50 – 11:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိက အခြေခံသဘောတရားလေးချက် |
| 11:30 – 12:30 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း |
| 12:30 – 13:00 | နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

# အပိုင်း 1- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် လုပ်ငန်းခွင်ဆွေးနွေးပွဲ၏ ရည်ရွယ်ကိုမိတ်ဆက်ပေးပြီး ပါဝင်ဆောင်ရွက်သူများ တွေ့ဆုံ၍ တစ်ဦးအကြောင်း တစ်ဦး အနည်းငယ်စီ လေ့လာနိုင်မည့် အခွင့်အရေးများ ပံ့ပိုးပေးသည်။ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက အဘယ်ကြောင့် အရေးကြီးကြောင်း လေ့ကျင့်သင်ကြားခြင်းနှင့် ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏သီးခြား အခြေအနေနှင့် ပတ်သက်ပြီး တုံ့ပြန်ရန် တိုက်တွန်းပေးခြင်းတွင် ဤသင်တန်းက အလွန်အရေးပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 50 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီဆွေးနွေးခြင်းနှင့် အတွဲလိုက် လုပ်ကိုင်ခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ပါဝင်ဆောင်ရွက်သူများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူများကြားတွင် မိတ်ဆက်ခြင်းကို အဆင်ပြေချောမွေ့စေပါသည်<br>• ထိုနေ့အတွက် ဦးတည်ချက်များကို အသားပေး ပြောကြားပါမည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးအတွက် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အရေးကြီးပုံကို သရုပ်ဖော်ပြပြီး အလေးပေးရှင်းပြပါမည်<br>• သီးခြားအကြောင်းအရာနှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သက်ရောက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် သင့်လျော်မှုရှိကြောင်း ဖော်ပြ၍ တိုက်တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ လျော်ကန်မှုနှင့် တန်ဖိုးကို အသိအမှတ်ပြုပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန် ဖြစ်သည်ကို အသိအမှတ်ပြုပါမည် |
| အဓိက အမှာစကားများ | * လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>* ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ |
| ပြင်ဆင်ခြင်း | • သင်တန်းမစတင်ခင် PowerPoint ဆလိုက်တစ်ခုအပေါ်တွင် ပေတီနိုင်ငံမှ ကောင်လေး၏ပုံကို ထည့်ထားပါ သို့မဟုတ် ၎င်းပုံအား လေ့ကျင့်သင်ကြားရေးအခန်းတစ်နေရာတွင် ထင်ထင်ရှားရှားမြင်အောင် ပြသထားပါ။<br>• ဖြစ်နိုင်ပါက ဒေသတွင်းမှ သင့်တော်သည့်ပုံတစ်ပုံကို အသုံးပြုပါ။<br>• ဤအခြေအနေတွင် အခန်းကဏ္ဍအလိုက် အစီအစဉ်များအတွင်း ဖြစ်ပေါ်နေသည့် ပါဝင်ဆောင်ရွက်သူများ ရင်ဆိုင်ကြုံတွေ့နေရသော ကာကွယ်စောင့်ရှောက်ခြင်း ကိစ္စရပ်တစ်ခု၏ ဥပမာကို ကြိုတင်ပြင်ဆင်ထားပါ |
| အရင်းအမြစ်များ | *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)*<br>*အရင်းအမြစ် 1- ပေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)*<br>*PPT ဆလိုက် - သင်ရိုး သင်ယူခြင်း ရလဒ်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 10 မိနစ် | **ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း** | |
| | • လေ့ကျင့်ရေးအဖွဲ့နှင့် သင့်ကိုယ်သင်**မိတ်ဆက်ပါ** ။<br>• ဝေဖန်အကြံပြုချက်ရယူရန် ရေချိုးခန်းများ / လက်ဖက်ရည်သောက် နားချိန်များ / အရေးပေါ် ထွက်ပေါက်များ / အဆက်အသွယ်အမှတ်များစသည့် အိမ်မှုကိစ္စအမှတ်များအကြောင်းအချက်အလက်များ **ပံ့ပိုးပေးပါ**။<br>• သင်ရိုး သင်ယူခြင်း ရလဒ်များကို**ရှင်းလင်းတင်ပြပေးပါ** ။<br>*ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။*<br>  • *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>  • *လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။*<br>  • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။*<br>  • *ညှိနှိုင်းထားသော ငွေကြေးပံ့ပိုးမှုလုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းကြစေရန် ခိုင်လုံသော အဆင့်များကို ဆုံးဖြတ်ပေးနိုင်မည်။* | *PPT ဆလိုက်* |
| | • ပါဝင်ဆောင်ရွက်သူများအား လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းကို**ဖြည့်စွက်ခိုင်းပါ**။ သင်တန်းပို့ချစဉ် တစ်လျှောက်လုံး လေ့လာသင်ယူမှုကို ခြေရာကောက်နိုင်ခြင်းသည် ပါဝင်ဆောင်ရွက်သူများနှင့် လေ့ကျင့်သင်ကြားပေးသူများအတွက် ၎င်းကအလွန်အသုံးဝင်သည်ကို ရှင်းပြပါ။<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့လုပ်ကိုင်နေသည့် အေဂျင်စီနှင့် ၎င်းတို့၏အမည်ကို အချင်းချင်းမိတ်ဆက်**ခိုင်း**ပါ။ | *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)* |
| 35 မိနစ် | **ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက သင့်အခြေအနေတွင် အဘယ်ကြောင့် အရေးကြီးရသနည်း။** | |
| | • ဤလေ့ကျင့်သင်ကြားရေးတွင် ကျွန်ုပ်ရှိနေရသည့်အကြောင်းရင်းနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးကြီးပုံဖြင့် စတင်မည်ဖြစ်ကြောင်းကို**ရှင်းပြပါ** ။<br>• ချိုင်းထောက်ဖြင့် ရေမြောင်းကို ဖြတ်လျှောက်နေသည့် ဟေတီမှ ကောင်လေး၏ ဓာတ်ပုံကို**ပြသပါ**။<br>• ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ**မေးမြန်းပါ**- ကောင်လေး ဘယ်ကို သွားနေသည်ဟု သင်ထင်ပါသလဲ။<br>*အဖြေများတွင် ကျန်းမာရေးစင်တာ / ဈေးသို့ / သူ့အိမ်သို့ / ကျောင်းသို့ / သန့်စင်ခန်းသို့ တို့ပါဝင်နိုင်သည်။ ဤမေးခွန်း၏ ရည်ရွယ်ချက်မှာ လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများ (ဥပမာ ကျန်းမာရေး၊ အစားရေဆာဖူလုံရေး၊ ပညာရေး၊ သန့်ရှင်းရေး) ဖြစ်နိုင်သည့် ဝန်ဆောင်မှု စာရင်းတစ်ခုကို ရရှိရန် ဖြစ်ပါသည်။*<br>• အောက်ပါ မေးခွန်းအချို့ကို အသုံးပြုပြီး ကောင်လေး၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုတစ်ခုကို**ဖြစ်မြောက်အောင်ဆောင်ရွက်ပါ** ။<br>  • ထိုကောင်လေးသည် အဆိုပါဝန်ဆောင်မှုများအတွက် အဓိပ္ပါယ်ရှိသော ရယူခွင့်ရှိမည်ဟု သင်ထင်ပါသလား။ မည်သည့်ကြောင့်ထင်ပါသနည်း / မထင်ပါသနည်း။<br>  • မည်သည့်အခက်အခဲများရင်ဆိုင်ရမည်နည်း။ မည်သည်ကြောင့် ရင်ဆိုင်ရမည်နည်း။<br>  • အဆိုပါဝန်ဆောင်မှုများရယူရန် ထိုကောင်လေးအတွက် လုံခြုံမှုရှိပါသလား။<br>  • အဆိုပါဝန်ဆောင်မှုများ၏ တည်နေရာနှင့် ရယူနိုင်မည့် နည်းလမ်းများအကြောင်း ထိုကောင်လေးနှင့်အတူ ဆွေးနွေးညှိနှိုင်းထားသည်ဟု သင်ထင်ပါသလား။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ* | *အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)* |

- အဆိုပါဝန်ဆောင်မှုများထဲမှ တစ်ခုစီက လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုနှင့် သက်ဆိုင်သည်ကို**ရှင်းပြပါ**-
    - သန့်စင်ခန်းသွားခြင်း = ရေ၊ ရေဆိုးရေနုတ်စနစ်နှင့် တစ်ကိုယ်ရေးသန့်ရှင်းရေး (ဆေးကြောခြင်း)
    - ကျောင်းသို့သွားခြင်း = ပညာရေး
    - ကျန်းမာရေးစင်တာသို့ သွားခြင်း = ကျန်းမာရေး
    - အစရှိသည်ဖြင့်
- လှန်နိုင်သောကားချပ်များပေါ်တွင် ဝန်ဆောင်မှုများကို**ချရေးပါ**။
- ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ **မေးမြန်းပါ**။ ထိုကောင်လေးအနေဖြင့် ဤဝန်ဆောင်မှုများကို ရယူနိုင်ကြောင်းသေချာစေရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။

  *အဖြေများသည် တစ်ခါတစ်ရံ အထူးပြုအေဂျင်စီများကို ရည်ညွှန်းပါသည် (ဥပမာ Handicap International, UNHCR)။ "အဖြေမှန်" မှာ အားလုံးတွင် အတိုင်းအတာတစ်ခုအထိ တာဝန်ရှိပါသည်။*

  **သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*
- ကောင်လေးအတွက် ခြေတုဖန်တီးပေးခြင်းကဲ့သို့ အချို့သော လုပ်ရှားဆောင်ရွက်မှုများအတွက် အထူးပြုအေဂျင်စီများ လိုအပ်နိုင်သည်၊ သို့သော် ကောင်လေးသည် ၎င်းတို့၏ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း သေချာစေရန်မှာ ကိုယ်စားလှယ်အားလုံး (ဥပမာ သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစရှိသည်တို့) တွင် တာဝန်ရှိကြောင်း**ရှင်းပြပါ**။

  *ဘီးတပ်ကုလားထိုင်များသုံးသော ကလေးများ (ကလေးများ၏ 5% အောက်က) ရှိသော နေရာတစ်ခုတွင် ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် NGO တစ်ခုအား ဥပမာအဖြစ် ဖော်ပြပေးပါ။ ဤ NGO က ၎င်းတို့ပံ့ပိုးပေးထားသော အဆိုပါဝန်ဆောင်မှုများကို ပေတီနိုင်ငံမှကလေးကဲ့သို့သော ကလေးများ အလွယ်တကူ "ရယူ" နိုင်စေရန် ကျောင်းတွင်ရနိုင်သော ကလေးအရွယ်သုံး ချိုင်းထောက်နှင့် ဘီးတပ်ကုလားထိုင်များရှိနေကြောင်း သေချာဆောင်ရွက်ပေးခဲ့သည်။ ၎င်းတို့က ကြမ်းခင်းများ ပြောင်ချောနေပြီး ကျောက်စရစ်ခဲများမရှိသည့်၊ မသန်စွမ်းသူများအသုံးပြုနိုင်သော တွင်းအိမ်သာများကို မသန်စွမ်းသူများ သေချာစွာအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။*

  *မှတ်ချက်- ဖြစ်နိုင်ပါက လေ့ကျင့်သင်ကြားရေး ဆောင်ရွက်သည့် နေရာမှ ဥပမာတစ်ခုကို အသုံးပြုပါ။*
- ယခင် ဥပမာသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာဖြစ်ကြောင်း**ရှင်းပြပါ**။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်ပါသည်။ ၎င်းတို့သည် အထူးပြုအေဂျင်စီများနှင့် အချို့သောကိစ္စရပ်များအတွက် ပူးပေါင်းလုပ်ဆောင်ရနိုင်သည် (ဥပမာ - ခြေတုထောက်ပံ့ခြင်း)။ သို့သော် ၎င်းတို့၏ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်စေရေးအတွက် ၎င်းတို့အားလုံးတွင် တာဝန်ရှိပါသည်။
- ပါဝင်ဆောင်ရွက်သူများအား နှစ်ယောက်တစ်တွဲစီ**တွဲခိုင်းပါ**။ ဤအခြေအနေတွင် အပိုင်းကဏ္ဍအလိုက် အစီအစဉ်များအတွင်း ၎င်းတို့သတိပြုမိသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာများနှင့်ပတ်သက်သည့် ခိုင်လုံသော ဥပမာများအကြောင်း အတွဲများအား ဆွေးနွေးခိုင်းပါ။

  > *ဥပမာတစ်ခု ပေးပါ - အစားအစာများပေးဝေသည့်နေရာမှ အိမ်သို့ အပြန်လမ်းတွင် တိုက်ခိုက်ခံရသည့်လူများနှင့် အခိုးခံရသည့် ၎င်းတို့၏အစားအစာများ။ (ဖြစ်နိုင်ပါက အခြေအနေနှင့် သက်ဆိုင်သော ဥပမာများဖြင့် အစားထိုးပေးပါ။)*
  >
  > *ပါဝင်ဆောင်ရွက်သူများတွင် ကာကွယ်စောင့်ရှောက်ရေးပြဿနာနှင့်ပတ်သက်သည့် တိုက်ရိုက်အတွေ့အကြုံမရှိပါက ၎င်းတို့အား သဘောတရားတူညီသည့် ဥပမာများ စဉ်းစားခိုင်းပါ။*
- လူတိုင်းဖတ်နိုင်စေရန် ပါဝင်ဆောင်ရွက်သူတစ်ဦးလျှင် A5 ကတ္တူပြားတစ်ခုပေါ်တွင် မင်တံများဖြင့် ဥပမာတစ်ခု**ချရေးခိုင်းပါ**။ ဖြစ်နိုင်ပါက ဥပမာများသည် ၎င်းတို့၏ အခြေအနေနှင့် သက်ဆိုင်သင့်ပါသည်။

  *A5 ကတ္တူများနှင့် ရေးမှတ်ဘောပင်များ*
- ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက် မတ်တပ်ရပ်ရန်**ဖိတ်ခေါ်** ပြီး (အမည်နှင့် အဖွဲ့အစည်းကို ပြောပြလျက်) မိမိကိုယ်ကို မိတ်ဆက်ခိုင်းကာ အပိုင်းကဏ္ဍအလိုက် အစီအစဉ်တစ်ခုအတွင်း ၎င်းတို့သတိပြုမိသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို အကျဉ်းချုံးရှင်းပြခိုင်းပါ။

  *မှတ်ချက်- ဥပမာအားလုံးကို နံရံတွင် ကပ်ပြီး လိုအပ်သည့်အခါ ဥပမာများအဖြစ် အသုံးပြုရန် သင်တန်းတစ်လျှောက်လုံးတွင်နှင့် သင်တန်းပြီးဆုံးချိန်အထိ ထားထားလိုက်ပါ။*
- ၎င်းတို့၏ ဥပမာများအတွက် ပါဝင်ဆောင်ရွက်သူများကို**ကျေးဇူးတင်ကြောင်းပြောပါ**။ ယင်းပြဿနာအားလုံးကို ကျွန်ုပ်တို့ ယခုလက်ငင်းဖြေရှင်းမည် မဟုတ်ဘဲ သင်တန်းကာလအတွင်း ၎င်းတို့ကိုပြန်လည်ညွှန်းဆိုသွားမည်ဖြစ်ကြောင်း ရှင်းပြပါ။

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | * လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>* ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

ပါဝင်ဆောင်ရွက်သူများအား မေးခွန်းပေါင်းများစွာဖြင့် လမ်းညွှန်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကကျသည့် အစိတ်အပိုင်းအချို့ ဖြစ်သည့် - ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းတို့ကို နှိုက်ထုတ်ရန် ဖြစ်ပါသည်။

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည်-
    - a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
    - b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
    - c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
    - d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
    - e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
    - f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်
- ဟောတီမှ ကောင်လေး၏ ဖြစ်စဉ်တွင် ၎င်းသည် ဘေးကင်းလုံခြုံရေး၊ လွယ်ကူစွာ လက်လှမ်းမီ ရယူနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအရ ရယူခွင့်ရှိမှုတို့တွင် သိသိသာသာ ကန့်သတ်ထားခံရပါသည်။
- ကောင်လေးအနေဖြင့် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်းမရှိခြင်းက ၎င်းသည်သင့်တော်သည့် တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများကို သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ထားခြင်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဖော်ပြပါသည်။ သင့်တော်သော တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများ သတ်မှတ်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကောင်လေးသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်အားလုံးက ကဏ္ဍတစ်ခုကနေပါဝင်ကြောင်း ခွဲခြားသိနိုင်ရန် ပါဝင်ဆောင်ရွက်သူများအတွက် ဤမေးခွန်းမေးရခြင်းဖြစ်ပါသည် -

- a. ဝန်ဆောင်မှုရယူရန် လမ်းကြောင်းနှင့် တည်နေရာအတွက် တိုင်ပင်ဆွေးနွေးထားပြီး ဖြစ်ခြင်း
- b. ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း
- c. ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံခံထားရခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသာမဟုတ်ဘဲ ဒေသတွင်းနှင့် နိုင်ငံတွင်းအစိုးရတွင် အဓိကတာဝန်ရှိကြောင်း အသိအမှတ်ပြုပါ။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ကိုယ်ပိုင် အစီအစဉ်များ၏ အကြောင်းအရာများဖြစ်သည့် သန့်ရှင်းရေး၊ နေထိုင်ရေး၊ ယာယီစခန်း စီမံခန့်ခွဲရေးဝန်ထမ်း အစရှိသည်တို့တွင် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်မည့် အရေးကြီးသော အခန်းကဏ္ဍကို သိနားလည်ရမည်။

# အပိုင်း 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များ

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိပ္ပါယ်နှင့် *GPC အကျဉ်းချုပ်*တွင် သတ်မှတ်ထားသည့်အတိုင်း ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို မိတ်ဆက်ပေးပါသည်။ ၎င်းက ပါဝင်ဆောင်ရွက်သူများအား အဓိကအချက်များအကြောင်း သိရှိပြီး အကောင်း၊ အဆိုး အလေ့အကျင့်နှင့်ပတ်သက်သော ခိုင်လုံသည့် ဥပမာများဖြင့် စဉ်းစားတွေးတောမိရန် ပံ့ပိုးကူညီပေးပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 40 မိနစ်

**သင်တန်း အမျိုးအစား -** အုပ်စုငယ်လိုက် လုပ်ဆောင်မှု / အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများ / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအပေါ် GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အဓိက အချက်များကို ရှင်းပြပြီး အချက်တိုင်း၏ ဥပမာများကို ဦးစားပေး ဖော်ပြပါမည်<br>• အကောင်းမွန်ဆုံး အလေ့အကျင့်ကို အလေးပေးရန် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ဥပမာများကို အရေးတယူ ခွဲခြမ်းစိတ်ဖြာပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာတွင် စိန်ခေါ်မှုများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်သူများ အပြင်ကြိုတင်၍ လုပ်ဆောင်ရန် လိုအပ်မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အစိတ်အပိုင်းးကို ဖော်ပြပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်<br>• ၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို အမြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည် |
| အဓိက အမှာစကားများ | ✶ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br>✶ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။ |
| ပြင်ဆင်ခြင်း | • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို* သည် ကောင်းမွန်ပြီး ဖွင့်ပြရန်အသင့်ဖြစ် မဖြစ် စစ်ဆေးပါ။ |

<table>
<tr><td>အရင်းအမြစ်များ</td><td>အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)<br>အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)<br>အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)<br>PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ<br>PPT ဆလိုက် - GPC ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်<br>PPT ဆလိုက် - GPC တာဝန်ခံမှုအကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်<br>PPT ဆလိုက် - 5 IASC သန္နိဋ္ဌာန်များ<br>PPT ဆလိုက် - GPC ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အဓိပ္ပါယ်အကျဉ်းချုပ်<br>PPT ဆလိုက် - ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့်<br>PPT ဆလိုက် - လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်<br>PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်</td></tr>
</table>

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>• သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-<br>ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>    • လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ဖော်ပြပါမည်<br>    • ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်<br>    • ၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို အပြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်<br>    • ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည်<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</td><td>PPT ဆလိုက်</td></tr>
<tr><td>15 မိနစ်</td><td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း</td><td></td></tr>
<tr><td></td><td>• ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက်ခွဲပေးပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိပ္ပါယ်ကို ဆွေးနွေးခိုင်းပါ။<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏စိတ်ကူးများကို မျက်နှာစုံညီမျှဝေခိုင်းပါ။ အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှု စည်းမျဉ်းများ၊ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ရေးဆွဲရာတွင် ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်များ၊ ဝန်ဆောင်မှုရယူနိုင်ကြောင်း သေချာအောင်လုပ်ဆောင်ခြင်း၊ တာဝန်ခံမှုနှင့် ပါဝင်ဆောင်ရွက်ခြင်းအပါအဝင် ၎င်းတို့နှင့်သက်ဆိုင်သော မည်သည့်အချက်များကိုမဆို ခွဲခြားသတ်မှတ်ပြီး ထောက်ခံပေးပါ။<br>  *သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ<br>• ပါဝင်ဆောင်ရွက်သူအာလုံးထံသို့ GPC အကျဉ်းချုပ် ၏ မိတ္တူများပေးဝေပြီး PowerPoint ဆလိုက်မှ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ GPC အဓိပ္ပါယ်ကို ဖတ်ပြပါ-<br>    "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်း စာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။</td><td>အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)<br>PPT ဆလိုက်</td></tr>
</table>

<table>
<tr>
<td></td>
<td>
<ul>
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းက ကျွန်ုပ်တို့ မည်သည်တို့ လုပ်ဆောင်သနည်း (ထုတ်ကုန်) ပေါ်တွင် အလေးပေးထားသည်၊ သို့သော် ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ဆောင်သနည်း ပို၍အလေးပေးထားပြီး ယင်းကာကွယ်စောင့်ရှောက်မှုအား အစုအဖွဲ့အားလုံးနှင့် ပရိုဂရမ်/ပရောဂျက်သက်တမ်းတစ်လျှောက်လုံးတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ကြောင်းကိုရှင်းပြပါ ။</li>
<li>အထူးပြုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ/သီးသန့် ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်မှုများနှင့်မတူဘဲ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ကွဲထွက်နေစေသည့်အရာက မည်သည့်အရာဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအားမေးမြန်းပါ။ အောက်ပါတို့ကဲ့သို့သော ထင်မြင်ချက်များကို နှိုက်ယူပါ-
<ul>
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရေး အလုပ်ကိုမူ ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူများက ဦးစီးလုပ်ဆောင်ပါသည်။</li>
<li>အထူးပြု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များတွင် သီးခြား ကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်များ ရှိသည်</li>
<li>အထူးပြု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များတွင် ၎င်းတို့၏ ကိုယ်ပိုင် ကျွမ်းကျင်မှုဆိုင်ရာ စံသတ်မှတ်ချက်များရှိပါသည်။</li>
</ul>
</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားသော ကာကွယ်ရေးကိစ္စရပ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ ယင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေးကို အသက်မွေးဝမ်းကျောင်းလုပ်သူအားလုံး၏ တာဝန်ဝတ္တရားဖြစ်သည့် ကာကွယ်စောင့်ရှောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ သင်၏ နိစ္စဓူဝ လုပ်ငန်းဆောင်တာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူ၏ ပံ့ပိုးမှု မလိုအပ်ပါ။</li>
</ul>
*သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ
</td>
<td></td>
</tr>
<tr>
<td>60 မိနစ်</td>
<td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက်</td>
<td></td>
</tr>
<tr>
<td></td>
<td>
<ul>
<li>GPC အကျဉ်းချုပ်တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောထားသော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက် လေးချက်ကိုဖတ်ပြပါ-
<ol>
<li>ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ</li>
<li>အဓိပ္ပါယ်ရှိသော ရယူသုံးစွဲခွင့် - လိုအပ်ချက်နှင့်အညီ အခက်အခဲမရှိ ရယူနိုင်ခြင်း</li>
<li>တာဝန်ခံမှု</li>
<li>ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု။</li>
</ol>
GPC ၏ အဓိကအချက်လေးချက်နှင့် နယ်ပယ်စည်းမျဉ်းများနှင့် စံနှုန်းများကြားတွင် ခိုင်မာသော ချိတ်ဆက်မှုများ ပြုလုပ်နိုင်သည်ကို သတိပြုပါ။<br>
*သင်တန်းပို့ချသူ မှတ်စု 3</li>
<li>အဓိကအချက်များအကြောင်း မဆွေးနွေးခင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက် လေးချက်အကြောင်း ဗီဒီယိုအတိုလေးဖြင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်းရှင်းပြပါ။</li>
<li>ဗီဒီယိုကိုဖွင့်ပြပါ။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၊ နိုင်ငံတကာကာကွယ်ရေးအဖွဲ့ 2014 တို့ကို မိတ်ဆက်ပေးခြင်း အွန်လိုင်းတွင် ရရှိနိုင်ပါသည် http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html<br>
မှတ်ချက်- ဗီဒီယိုဖွင့်ပြ၍ မရနိုင်ပါက မျက်နှာစုံညီဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။</li>
<li>မျက်နှာစုံညီဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဆွေးနွေးမှုပြုလုပ်ခြင်းအတွက် အချိန်အမြောက်အများ ပေးခြင်းဖြင့် အောက်ပါမေးခွန်း အချို့ ကိုဆွေးနွေးပါ။<br>
မှတ်ချက်- သင့်တွင် အချိန်မည်မျှရှိသည်အပေါ်တွင် မူတည်ပြီး သင်မေးမည့်မေးခွန်းများကို ရွေးပါ။ သင့်တွင် အချိန်အနည်းငယ်သာရှိပါက ဗီဒီယိုနှင့် သက်ဆိုင်သော မေးခွန်းများကိုသာ မေးမြန်းပါ။</li>
</ul>
ဗီဒီယိုနှင့် ဆက်နွယ်လျက်-
<ul>
<li>ဗီဒီယိုအပေါ် သင်တို့၏ ထင်မြင်ချက်များက မည်သည်တို့ဖြစ်သနည်း။</li>
<li>၎င်းက အသစ် / ကွဲပြားခြားနားသော အရာတစ်ခုခုကို မိတ်ဆက်ပေးခဲ့ပါသလား။</li>
<li>ဗီဒီယိုပါ အကြောင်းအရာအားလုံးကို သင်သဘောတူပါသလား။</li>
</ul>
</td>
<td>အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)</td>
</tr>
</table>

**'ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိရောက်ဒဏ်ရာရမှုဖြစ်စေခြင်းကို ရှောင်ကြဉ်ပါ' နှင့် ပတ်သက်ပြီး-**

- အေဂျင်စီတစ်ခုအနေဖြင့် ပြည်သူများအား မည်သည့်နည်းဖြင့် ဘေးအန္တရာယ်နှင့် ပိုမို ကြုံတွေ့စေခြင်း သို့မဟုတ် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာပြုမူစေခြင်းတို့အား မသိမသာဖြစ်စေနိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*

- တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျှော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 5 ကို ကြည့်ပါ*

- အစီအစဉ်များတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးနိုင်ရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 6 ကို ကြည့်ပါ*

- အောက်ပါတို့**အတိုချုံးပြီး** ရှင်းပြပါ-

  1. အကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အကျပ်ကိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဘေးကင်းလုံခြုံရေးကို အနှောင့်အယှက် ဖြစ်စေပါမည်။
  2. လေးစားသမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်ကို သီးသန့် မထားရှိခြင်း၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်းတို့ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဂုဏ်သိက္ခာကို အနှောင့်အယှက်ဖြစ်စေပါသည်။

**အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲခွင့်နှင့် ပတ်သက်ပြီး-**

- မည်သည့်အတွက်ကြောင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို အချို့သော လူများ သို့မဟုတ် အုပ်စုများက ရယူခွင့်နိုင်ခွင့် မရှိရသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 7 ကို ကြည့်ပါ*

- အကူအညီ ရယူနိုင်စွမ်းမရှိသော သို့မဟုတ် ဖယ်ကြဉ်ခံရသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်ရရှိနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့် မည်သည့် အထူးဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 8 ကို ကြည့်ပါ*

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည် အောက်ပါအခြေအနေတွင် ရှိရမည်ဖြစ်ကြောင်း **အတိုချုံး** ၍ ရှင်းပြပါ-

  a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
  b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
  c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
  d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
  e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
  f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်

**တာဝန်ခံမှုနှင့် ပတ်သက်၍-**

- မည်သည့်အတွက်ကြောင့် တာဝန်ခံမှုက အရေးကြီးကြောင်း**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နှိုက်ယူစဉ်တွင် လုန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** တာဝန်ခံမှုအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်* ကို**ဆွေးနွေးပေးပါ**။ *PPT ဆလိုက်*

  *အကျိုးခံစားသူများအတွက် တာဝန်ခံမှု - ကြားဝင်ဖျန်ဖြေပေးမှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိကို ထိခိုက်ခံစားသူများအနေဖြင့် တိုင်းတာနိုင်သော သို့မဟုတ် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးနိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါ။*

- ပြည်သူများအတွက် သင်တာဝန်ခံနိုင်မည့် အခြားနည်းလမ်းတွေက မည်သည်တို့ဖြစ်ကြောင်း**မေးမြန်းပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** (သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှု (AAP) ဆောင်ရွက်ချက်ဆိုင်ရာ ကန့်သတ်ဘောင်မှ) IASC သန္နိဋ္ဌာန် 5 ချက်ကို**ဆွေးနွေးပါ**။ *PPT ဆလိုက်*

  ** သင်တန်းပို့ချသူ မှတ်စု 9 ကို ကြည့်ပါ။*

- ၎င်းတို့သည် လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့တစ်ခုလုံးက ချမှတ်ထားပြီးဖြစ်သည့် သန္နိဋ္ဌာန်များဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။ ၎င်းတို့အား www.humanitarianinfo.org/iasc တွင် ဖော်ပြထားသည့် AAP ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ဘောင်ကို ရည်ညွှန်းပေးပါ။

*ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြားအဓိကကျသော အချက်များနှင့်အတူ တာဝန်ခံခြင်းဖြင့် ဖြစ်ပေါ်လာသည့် အထူးသဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်အကြောင်း မှတ်သားထားပါ။*

**ပါဝင်ဆောင်ရွက်ခြင်း နှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းနှင့် ပတ်သက်ပြီး-**

- ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းတို့က မည်သည့်အတွက်ကြောင့် အရေးကြီးသည်ကို**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နှိုက်ယူစဉ်တွင် လှန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။ အနည်းဆုံးအနေဖြင့် အောက်ပါတုံ့ပြန်ဖြေဆိုချက်များကို စာရင်းလုပ်ထားကြောင်း သေချာပါစေ-
    - ၎င်းက ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားသမှုရှိခြင်းကို ဖန်တီးပေးသည်
    - ၎င်းက ကြားဝင်ဖျန်ဖြေခြင်းသည် သင့်လျော်မှုရှိပြီး ထိရောက်မှုရှိကြောင်း သေချာစေရန် ကူညီပေးသည်
    - ရွှေ့ပြောင်းခံရပြီးနောက် ဘဝအတွက် စွမ်းရည်များ ဖြစ်ထွန်းစေသည်
    - ၎င်းက လူအများကို ၎င်းတို့၏ကိုယ်ပိုင်ဘဝများကို ပုံမှန်ပြန်ဖြစ်စေသည် - သူတစ်ပါးကို အားကိုးနေရခြင်း လျော့နည်းစေပြီး မိမိကိုယ်ကိုမှီခိုမှု[တစ်ရပ်]ကို တိုးတက်စေသည်။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်းအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်ကို* **ဆွေးနွေးပါ**။

  *PPT ဆလိုက်*

  *ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်း- မိမိကိုယ်ကိုကာကွယ်နိုင်စွမ်း တိုးတက်စေပြီး၊ နေစရာ၊ အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အား ကန့်သတ်ချက်မရှိ ရယူပိုင်ခွင့်အပါအဝင် လူအများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို တောင်းဆိုနိုင်စေရန် ကူညီပေးသည်။*
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်မှုအဆင့်ဆင့်ကို **ဆွေးနွေးပေးပါ**။[b]

  *PPT ဆလိုက်*

  **သင်တန်းပို့ချသူ မှတ်စု 10 ကို ကြည့်ပါ*
- ပိုင်ဆိုင်ခွင့်အတွက် ကျွန်ုပ်တို့အမြဲ ကြိုးပမ်းသင့်ကြောင်းကို ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။
- ပိုင်ဆိုင်ခွင့်ကို မည်ကဲ့သို့ ရယူနိုင်ကြောင်းကို**မေးမြန်းပါ**။ လူအများအပြားအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် အေဂျင်စီများက မည်ကဲ့သို့ ကူညီနိုင်သနည်း။
- လှန်နိုင်သောကားချပ်တစ်ခုပေါ်တွင် အဖြေများ **ချရေးပါ**။
- တုံ့ပြန်ဖြေဆိုမှုများ၊ အလေ့အကျင့်ကောင်းများအပြင် မပါသည့် အများကို အလေးပေး ပြောကြားလျက်**ဆွေးနွေးပါ**။

  **သင်တန်းပို့ချသူ မှတ်စု 11 ကို ကြည့်ပါ*
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပါ**-။ လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းဆိုသည်မှာ လူများအတွက် "ပြီးမြောက်အောင်" ဆောင်ရွက်ပေးထားသည့် အရာမဟုတ်ပါ၊ ၎င်းသည် အသင်းအဖွဲ့အတွင်းရှိ လူအများက ၎င်းတို့၏အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ၎င်းတို့၏ ဗဟုသုတနှင့် အရင်းအမြစ်များကို တိုးမြှင့်ခြင်း၊ ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်စွမ်း တိုးတက်လာခြင်းနှင့် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ထွန်းလာစေရန် လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

  *PPT ဆလိုက်*

<table>
<tr><th>15 မိနစ်</th><th>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများ</th><th></th></tr>
<tr><td></td><td>
<ul>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများကို ဖော်ပြထားသော လက်ကမ်းစာတစ်စောင်ပံ့ပိုးပေးပါ။</li>
<li>၎င်းတို့၏ အခြေအနေနှင့်/ သို့မဟုတ် အတွေ့အကြုံနှင့် အညီ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်အကြောင်း နောက်ထပ်ဥပမာတစ်ခုကို ခွဲခြားဖော်ထုတ်ရန် ပါဝင်ဆောင်ရွက်သူများအား အုပ်စုလိုက်ဆောင်ရွက်ခိုင်းပါ။</li>
<li>မျက်နှာစုံညီ၍ အချို့သော ဥပမာများကို မျှဝေရန် ပါဝင်ဆောင်ရွက်သူများအားဖိတ်ခေါ်ပါ။</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ယေဘုယျကောင်းမွန်သော လူသားအချင်းချင်းစာနာထောက်ထားရေး လက်တွေ့ဆောင်ရွက်ချက်၏ အရေးကြီးပုံကိုအသားပေး ပြောကြားပါ (ဥပမာများတွင် လက်တွေ့သရုပ်ပြထားသည့်အတိုင်း - လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားအများစုသည် ကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လျက်ရှိပါသည်)-
<ul>
<li>အစီအစဉ်/စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှု</li>
<li>ကွဲပြားသော အုပ်စုများ ပါဝင်ခြင်း</li>
<li>လိင်၊ အသက်နှင့် ကွဲပြားခြားနားမှုအလိုက် ဒေတာများကို ခွဲထုတ်ခြင်း</li>
<li>လုံခြုံပြီး လျှို့ဝှက်ထားသော တုံ့ပြန်ချက်နှင့် တုံ့ပြန်ချက် လုပ်ထုံးလုပ်နည်း ပါဝင်သော ခိုင်လုံသည့် တာဝန်ခံမှု</li>
<li>အားနည်းချက်နှင့် လုပ်နိုင်စွမ်း ခွဲခြမ်းစိတ်ဖြာချက်</li>
<li>ဒုက္ခမပေးရေး/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ ကဲ့သို့သော ပဋိပက္ခအခြေပြု ချဉ်းကပ်နည်းများကို အသုံးချမှု</li>
<li>ဒေသတွင်း လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း</li>
<li>ကျား/မ အခြေပြု အကြမ်းဖက်မှုများအတွက် လမ်းညွှန်ချက်များကဲ့သို့သော သီးခြားလူစုများအတွက် လမ်းညွှန်မှုနှင့်အညီ အရေးယူဆောင်ရွက်ခြင်း</li>
</ul></li>
<li>အရေးကြီးသည့်အခါ ဤယေဘုယျကောင်းမွန်သော အလေ့အကျင့်များဖြင့် မလုံလောက်ကြောင်းကိုထပ်လောင်းအတည်ပြုပါ။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ရည်ရွယ်ချက်ရှိရှိဖြင့် အခြေအနေကိုဖန်တီး၍ လုပ်ဆောင်ရသော အဆင့်များဖြစ်သည်။</li>
</ul>
</td><td>အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်</td></tr>
<tr><th>5 မိနစ်</th><th>အဓိကအမှာစကားများ အကျဉ်းချုပ်</th><th></th></tr>
<tr><td></td><td>
<ul>
<li>သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်အကျဉ်းချုံး ပြပါ-
<ul>
<li>✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။</li>
<li>✸ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။</li>
</ul></li>
</ul>
</td><td>PPT ဆလိုက်</td></tr>
</table>

a. ယာယီစခန်းစီမံခန့်ခွဲမှု စာရွက်စာတမ်းများ၊ NRC၊ 2008၊ စာမျက်နှာ 79-81
b. အထက်၌ ဖော်ပြခဲ့ပြီးသော။

# သင်တန်းပို့ချသူ မှတ်စုများ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဆိုလိုရင်းနှင့် ပတ်သက်သော စိတ်ကူးအချို့မှာ-

- ရေ၊ သန့်ရှင်းရေးနှင့် ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးခြင်း (သန့်ရှင်းရေး) ကဲ့သို့သော အခြားကဏ္ဍများတွင် ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- စီမံကိန်း သက်တမ်း (အကဲဖြတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း) အဆင့်အားလုံးအတွင်း ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- လူအများ ဘေးကင်းလုံခြုံမှုရှိ မရှိနှင့်ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်ရေးဆွဲခြင်းတွင် လူအများ၏လုပ်ပိုင်ခွင့်များသည် လေးစားခံရခြင်းရှိ မရှိနှင့် ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် အားနည်းချက်အား ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေခြင်း
- အုပ်စုအားလုံး ပါဝင်ကြောင်း သေချာစေခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် ဖြစ်လာနိုင်သော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို သတိပြုမိခြင်း
- လူအများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များအပေါ်တွင် လက်ရှိ အခန်းကဏ္ဍ အစီအစဉ်များနှင့် စီမံကိန်းများ၏ အပြုသဘောဆောင်သော သက်ရောက်မှုများကို တိုးမြှင့်ခြင်း

အချို့သောပါဝင်ဆောင်ရွက်သူများက 'ဘေးကင်းလုံခြုံသော အစီအစဉ်ရေးဆွဲခြင်း' သို့မဟုတ် 'ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း' ကဲ့သို့သော အလားတူစိတ်ကူးများကို ပေးရန် မတူညီသော ပညာရပ်ဝေါဟာရကို အသုံးပြုသည့် အေဂျင်စီများတွင် အလုပ်လုပ်နေတတ်သည်။ 'ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' သည် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) နှင့် နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့ (GPC) မှ သဘောတူလက်ခံထားသော ပညာရပ်ဝေါဟာရဖြစ်ကြောင်း ရှင်းပြရန် ကြိုတင်ပြင်ဆင်ထားပါ။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်းကို မြှင့်တင်ပေးသော နည်းလမ်းများတွင် ထိခိုက်ခံရသည့်လူစုများအပေါ် အသားပေးခြင်း သို့မဟုတ် လူအများအား ၎င်းတို့၏ ရပိုင်ခွင့်များကို တောင်းဆိုရန်၊ ကုစားမှုများကို ရယူရန်နှင့် လွဲမှားစွာအပြုခံရမှု၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူလာနိုင်ရန် လုပ်ဆောင်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ ကူညီမှုက အရေးကြီးပုံတို့ အမြဲတစေ မပါဝင်ပါ။

** သင်တန်းပို့ချသူ မှတ်စု 2*

ဤဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ကို သိရှိလိုကြပေမည်။ အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပြောပြပေးသင့်ပါသည်-

> "သက်ဆိုင်သည့် နယ်မြေများရှိ ဥပဒေများ (ဥပမာ၊ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ ဒုက္ခသည်ဥပဒေ) ၏ စာသားနှင့် ဆိုလိုရင်းနှင့်အညီ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝ လေးစားကြရန် ရည်ရွယ်ထားသည့် လှုပ်ရှားဆောင်ရွက်မှုအားလုံး။"
> အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC, 1999)

လေ့ကျင့်သင်ကြားပေးမှုသည် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ဆိုလိုရင်းကို အပြည့်အစုံ ရှင်းပြရန်အတွက်သာ အဓိက အာရုံမစိုက်သင့်ပါ။ လေ့ကျင့်သင်ကြားပေးသူသည်ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများဖြစ်ကြောင်း အသားပေးပြောပြသင့်ပြီး ဤလေ့ကျင့်သင်ကြားပေးခြင်းက ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားအားလုံး၏ တာဝန်ဖြစ်ကြောင်း အလေးပေးပြောပြရန်ဖြစ်သည်ဟု ပြောပြသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့်အသေးစိတ် မေးခွန်းများကိုမဆို ဖြေဆိုပေးနိုင်ရန်အလို့ငှာ သင်တန်းပို့ချသူသည် IASC အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါသည့် အောက်ပါလမ်းညွှန်ချက်ကို သိထားသင့်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေးဆိုသည်ကို IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) သည် လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ပင်မအစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းဖြစ်သည် (၎င်းတွင် ကုလသမဂ္ဂ (UN)၊ Red Cross၊ Red Crescent Movement နှင့် NGO များမှ ကိုယ်စားလှယ်များ ပါဝင်သည်)။

IASC၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် လူသားအချင်းချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေးကိုယ်စားလှယ်များအတွက် 'အားလုံးခြုံငုံသော' အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်ဟု ကျယ်ပြန့်စွာ မှတ်ယူပြီး ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်အဖြစ် လူအများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ လက်ခံ ဆောင်ရွက်သောကြောင့် ၎င်းကအရေးကြီးပါသည်။ အေဂျင်စီအများစုက IASC ၏ အဓိပ္ပါယ် သတ်မှတ်ချက်ကို အခြေခံပြီး အခွင့်အရေးများကို အသိအမှတ်ပြုကာ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းဆောင်ရွက်ချက်များတွင် အံဝင်ခွင်ကျဖြစ်စေရန် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ၎င်းတို့ကိုယ်ပိုင်အဓိပ္ပါယ်ကို ဆက်လက် သတ်မှတ်ကြပါသည်။

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'လှုပ်ရှားဆောင်ရွက်မှုအားလုံး'

အလိုက်သင့်တုံ့ပြန်သော၊ ကုစားသောနှင့် ပတ်ဝန်းကျင် ဖန်တီးခြင်း ဆောင်ရွက်ချက်များအား ကာလတို၊ အလယ်အလတ်ကာလနှင့် ကာလရှည်အဖြစ် အသီးသီး တစ်ခါတစ်ရံ ဖော်ပြပါသည်။

ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်သုံးမျိုး၏ လှုပ်ရှားဆောင်ရွက်မှု ဥပမာများ-

1. **အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်** ဆိုသည်မှာ ပေါ်ထွက်လာသော သို့မဟုတ် ရှိပြီးသားဖြစ်နေသော ချိုးဖောက်မှုပုံစံတစ်ခုနှင့် စပ်လျဉ်း၍ ချက်ချင်း ဆောင်ရွက်သည့် လှုပ်ရှားမှုဖြစ်ပြီး ၎င်းကဲ့သို့ အမှုကိစ္စမျိုး အဖန်တလဲလဲဖြစ်ခြင်းကို တားဆီးရန်၊ ၎င်းကို ရပ်တန့်ရန် နှင့်/သို့မဟုတ် ၎င်း၏ လက်ငင်းအကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ထားပါသည်။ အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်သည် (နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သော်လည်း) အရေးပေါ် လုပ်ဆောင်ရမည့် သဘောမျိုး ရှိကာ အကြမ်းဖက်တစ်ခု၏ လက်ငင်း ထိတ်လန့်ဖွယ်ရာများကို ခံစားနေရသည့် သီးခြား အရပ်သားအုပ်စုတစ်ခုသို့ ရောက်ရှိရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် အလွဲသုံးစားလုပ်သည့်ပုံစံကို ရပ်တန့်ရန်၊ တားဆီးရန်သို့မဟုတ် လျော့ပါစေရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

    **ဥပမာ-** လူ့အခွင့်အရေး အလွဲသုံးစားလုပ်ခံရခြင်းမှ လွတ်မြောက်လာသူများအား ကျန်းမာရေးဝန်ဆောင်မှုများသို့ ဘေးကင်းစွာ လမ်းညွှန်ပေးခြင်း

    **ဥပမာ-** အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ IDP ယာယီစခန်းတစ်ခု အပြင်ဘက်သို့ သွားရန်မလိုအပ်စေရန် NFI ဖြန့်ဝေခြင်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ထင်းများပံ့ပိုးပေးခြင်း

---

2. **ကုစားရေး ဆောင်ရွက်ချက်** သည် အကြမ်းဖက်ခြင်းကို ခံရပြီးနောက် ပြည်လည်ထူထောင်ပေးခြင်း၊ ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ပြုပြင်ပေးခြင်းတို့ဖြင့် ပြည့်စုံလုံလောက်သော နေထိုင်မှုအခြေအနေများနှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိစေရန် ရည်ရွယ်ထားသည်။ ကုစားရေးလှုပ်ရှားဆောင်ရွက်မှုများသည် ကာလကြာရှည်စွာ ဆောင်ရွက်ရသည့် အရာများ ဖြစ်ပြီး အလွဲသုံးစားပြုခံရသည့် နောက်ဆက်တွဲသက်ရောက်မှုများဖြင့် ရှင်သန်နေရသူများကို ကူညီရန် ရည်ရွယ်ထားသည်။ ၎င်းတွင် ထိုသူများ၏ ကျန်းမာရေးကို အားဖြည့်ပေးခြင်း၊ မိသားစုများကို ဖစ်မြစ်လိုက်ပေးခြင်း၊ အသက်မွေးမှုပံ့ပိုးပေးခြင်း၊ အိမ်ရာ၊ ပညာရေး၊ တရားရေးရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားသဖြင့်ဖြစ်စေခြင်းများ ပါဝင်ပါသည်။

    **ဥပမာ-** ကျန်းမာရေးအသိပညာပေးခြင်းဖြင့် လိင်အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများအား ကဲ့ရဲ့ပြစ်တင်ခြင်းကို တားဆီးရန် အာရုံစိုက်ထားသည်။

    **ဥပမာ-** အသက်မွေးမှု အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ယခင်တိုက်ပွဲဝင်စစ်သည်များအတွက် သက်မွေးဝမ်းကြောင်းဆိုင်ရာ လေကျင့်သင်ကြားပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်း

---

3. **ပတ်ဝန်းကျင်ဖန်တီးပေးခြင်းလုပ်ဆောင်ချက်** အား လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝအလေးထားပေးသော နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့်/သို့မဟုတ် ပေါင်းစည်းခြင်းအတွက် ရည်ရွယ်ထားသည်။ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းသည် မူဝါဒ၊ သဘောထား၊ ယုံကြည်မှုနှင့် အပြုအမူကို ပြောင်းပေးရန် ရည်ရွယ်ထားလျက် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို စိန်ခေါ်နေသော ပိုမိုနက်ရှိုင်းသော၊ ပိုမိုစနစ်ကျသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ပိုမိုလူသားဆန်သော နိုင်ငံရေးစံနှုန်းများ၊ ဥပဒေနှင့် တရားရေးရာ ဆောင်ရွက်ချက်များတွင် တိုးတက်မှုများ၊ လုံခြုံရေးအင်အားစုများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြမ်းမဖက်သော ပြည်သူ့ ယဉ်ကျေးမှုတစ်ခု တဖြည်းဖြည်း တိုးပွားလာအောင် ဖော်ဆောင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

    **ဥပမာ-** NGO နှင့် UN ဝန်ထမ်းများ လိုက်နာရမည်ဖြစ်သည့် ကျင့်ဝတ်စည်းကမ်းအကြောင်းကို WASH စီမံကိန်းတစ်ခုအတွင်း ပြည်သူများထံ အချက်အလက်များ ပံ့ပိုးပေးခြင်း

    **ဥပမာ-** ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်တွင် လိင်အကြမ်းဖက်မှု တားမြစ်ခြင်းအား ထည့်သွင်းရန်အတွက် ထောက်ခံအားပေးခြင်း

    **ဥပမာ-** ပြည်တွင်း ပြောင်းရွှေ့နေရာချထားသည့်ကိစ္စရပ်များတွင် လမ်းညွှန်ထားသောစည်းမျဉ်းများကို နိုင်ငံတော်မူဝါဒအဖြစ် သဘောတူလက်ခံရန်အတွက် ထောက်ခံအားပေးခြင်း

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများ' အောက်တွင်ပါသည့် 'လူတစ်ဦးချင်း၏ အခွင့်အရေးများ'

သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများတွင် အောက်ပါတို့ပါဝင်သည် -

*'ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာဥပဒေ'* ဆိုသည်ကို "ဥပဒေအဖြစ် လက်ခံထားသော အထွေထွေအလေ့အကျင့်တစ်ခု" ဟု နိုင်ငံတကာတရားလွှတ်တော်က ဖော်ပြထားသည်။[8] ထိုသို့သော အလေ့အကျင့်ကို စည်းမျဉ်း၏သဘာဝအပေါ် မူတည်ပြီး လိုအပ်သည် သို့မဟုတ် တားမြစ်သည် သို့မဟုတ် ခွင့်ပြုသည်ဟု ယုံကြည်ထားကြသည့်အတွက် ၎င်းတို့သည် နိုင်ငံအများစုက လက်တွေ့အသုံးချနေသည့် စည်းမျဉ်းများဖြစ်ပါသည်။[9]

လက်နက်ကိုင် ပဋိပက္ခ ဥပဒေအဖြစ် သိထားကြသော*နိုင်ငံတကာလူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေ*သည် စစ်မက်ပြုခြင်းများတွင် မပါဝင်သော သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမရှိတော့သော ပြည်သူသူများအား ကာကွယ်ပေးခြင်းနှင့် ပဋိပက္ခဖြစ်စေမည့် နည်းလမ်းများနှင့် လမ်းစဉ်များကို ကန့်သတ်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ သက်ရောက်မှုများကို ကန့်သတ်ရန် ကြိုးစားထားသည့် စည်းမျဉ်းတစ်စု ဖြစ်ပါသည်။ IHL ကို 1979 ခုနှစ် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ 1948 ခုနှစ် ဂျီနီဗာသဘောတူညီချက်များတွင် စတင် သတ်မှတ်ခဲ့ပါသည်။

---

8 ICJ ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဌာန်းသည့် ဥပဒေ၊ ပိုဒ်ခွဲ 38 (1)(b).

9 Jean-Marie Henckaerts နှင့် Louise Doswald-Beck, *ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ အပိုင်း 1- စည်းမျဉ်းများ*၊ ICRC၊ ကိန်းဘရစ်ချ်၊ 2005.

*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ* တွင် လူတစ်ဦးချင်းစီနှင့် အုပ်စုများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ (OCHCR) ကို ကာကွယ်ရန်အလို့ငှာ အချို့သော လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ရမည့် သို့မဟုတ် အချို့သောနည်းလမ်းများဖြင့် ပြုမူဆောင်ရွက်ရမည့် အစိုးရ၏ တရားဝတ္တရားများကို ဖော်ပြထားသည်။ ဥပမာ၊ ကလေးငယ်၏အခွင့်အရေးအတွက် သဘောတူညီချက် (1989) နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းမပြုရေး သဘောတူညီချက် (1979)

*ဒုက္ခသည်ဥပဒေ* ကို ဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်သည့် 1951 သဘောတူညီချက်နှင့် 1967 ခုနှစ် နောက်ဆက်တွဲ ကျင့်ဝတ်တွင် စတင် ချမှတ်ခဲ့ပါသည်။ ဒေသဆိုင်ရာ ဒုက္ခသည် အခွင့်အရေးများအတွက် အစိုးရစနစ်များတွင် အာဖရိကနှင့် လက်တင်အမေရိကတို့မှ ဒုက္ခသည်များအတွက် အရန်အခွင့်အရေးများကို ချမှတ်ထားပါသည်။ အာဖရိကန် စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း (OAU) သဘောတူညီချက် 1969 နှင့် ကာတေးဂျီးနား ကြေညာချက် 1984 ကို ကြည့်ပါ။

*ပြည်တွင်း ပြောင်းရွှေ့နေရာချထားခြင်းအတွက် လမ်းညွှန်ထားသော စည်းမျဉ်းစည်းကမ်းများ*တွင် ပြည်တွင်း နေရာပြောင်းရွှေ့ခံရသောသူများနှင့် သက်ဆိုင်သော လူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေနှင့် လူ့အခွင့်အရေးများကို ပြန်ပြင်ပြီး ရေးသားပြုစုထားပါသည်။

## ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုအတွက် သီးသန့် အစီအစဉ်ရေးဆွဲခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုကို သီးသန့် အစီအစဉ်ရေးဆွဲခြင်း (တစ်ခါတစ်ရံ 'ကာကွယ်စောင့်ရှောက်မှု သဏ္ဍာန်' အဖြစ် ရည်ညွှန်းကြသည်) တို့အကြား ကွဲပြားခြားနားမှုကို တချို့သော ပါဝင်ဆောင်ရွက်သူများက မေးမြန်းနိုင်သည်။

**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** ဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ၎င်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း** သည် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီရည်ရွယ်ချက်နှစ်ခုစလုံးကို ပံ့ပိုးပေးရန်နှင့် သက်ရောက်သည့်လူစုများ၏ ဘေးအန္တရာယ်နှင့် ထိတွေ့ခံစားရမှုကို လျှော့ချပေးရေး တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်အတွက် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်မှု ပုံစံပင်ဖြစ်ပါသည်။[10] ၎င်းအတွက် ကဏ္ဍအလိုက်ကျွမ်းကျင်သူနှင့် ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူများ အတူတကွလုပ်ကိုင်ရန် လိုအပ်သည်။

*ဥပမာ- စီးပွားရေး (ဝင်ငွေတိုးစေခြင်း) နှင့် ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက် နှစ်ခုစလုံးပါရှိသော အသက်မွေးမှု လှုပ်ရှားဆောင်ရွက်ချက်များ (အရောင်းအဝယ်နှင့် အသက်ရှင်သန်ရန်လိင်ဆက်ဆံခံရခြင်း၊ ခေါင်းပုံဖြတ်သော / အန္တရာယ်များသောလုပ်ကိုင်ရသော အလုပ်သမား၊ ကလေးအလုပ်သမား) ကိစ္စရပ်တစ်ခုစီတွင် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုအပြင် GBV နှင့်/ သို့မဟုတ် ကလေးကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်မှု လိုအပ်ပါသည်။*

**သီးခြားကာကွယ်စောင့်ရှောက်မှု** အစီအစဉ်နှင့် စီမံကိန်းများတွင် သီးခြားကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များရှိပြီး ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူ လိုအပ်ပါသည်။

*ဥပမာများ- နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ ဥပဒေများ၏ စည်းမျဉ်း၊ ဒုက္ခသည်များ စာရင်းသွင်းခြင်း၊ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် ဆေးကုသမှုဆိုင်ရာ၊ ဥပဒေရေးရာ၊ စိတ်ပိုင်းဆိုင်ရာလူမှုရေး စောင့်ရှောက်မှုတို့အား လိုက်နာကြောင်း စောင့်ကြည့်စစ်ဆေးခြင်း။*

### * သင်တန်းပို့ချသူ မှတ်စု 3

GPC အကျဉ်းချုံးတွင်ပါသည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်နှစ်ချက်သည် ၊ အသိုင်းအဝိုင်း ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 1 ဖြစ်သော'သင့်လုပ်ရပ်၏ ရလဒ်တစ်ခုအဖြစ် ပြည်သူများကို နောက်ထပ် အန္တရာယ်နှင့် ကြုံတွေ့ရခြင်းကို ရှောင်ကြဉ်ခြင်း' နှင့် ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 2၊ 'လိုအပ်ချက်နှင့်အညီ ခွဲခြားဆက်ဆံခြင်းမရှိဘဲ သမာသမတ်ကျသော အကူအညီကို လူတိုင်း ရယူနိုင်ကြောင်း သေချာစေခြင်း' နှင့် ဆက်စပ်နေပါသည်။

*GPC အကျဉ်းချုံး၏*တတိယ အချက်သည် အသိုင်းအဝိုင်းပင်မစံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့ အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ချက်' ပါဝင်ပြီး အသိုင်းအဝိုင်း နည်းပညာ စံသတ်မှတ်ချက်များတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားသည်။ *GPC အကျဉ်းချုံး၏*စတုတ္ထမြောက် အချက်ကို အသိုင်းအဝိုင်းကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်း 4 ဖြစ်သော 'ပြည်သူများအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုခြင်း၊ ရနိုင်သော ကုစားနည်းများ ရယူခြင်းနှင့် အလွဲသုံးစားပြုခံရခြင်း၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူနိုင်အောင်ပြုလုပ်ခြင်းတို့တွင် ကူညီခြင်း' နှင့်ပင်မ စံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်' တွင် သတ်မှတ်ဖော်ပြထားသည်။

### * သင်တန်းပို့ချသူ မှတ်စု 4

အေဂျင်စီတစ်ခုက လူအများကို တိုးပွားလာသော အန္တရာယ် သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများကို အလွဲသုံးစားလုပ်ခံရခြင်းများနှင့် အမှုမဲ့အမှတ်မဲ့ဖြင့် ကြုံတွေ့စေရတတ်သည့် ဥပမာများ[11] တွင် အောက်ပါတို့ပါဝင်သည်-

- ကဏ္ဍအသီးသီးမှ သက်ရောက်သည့်လူစုများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှုမရှိခြင်းကြောင့် အချို့သောလူများ သို့မဟုတ် အုပ်စုများ၏ ခွဲခြားဆက်ဆံခြင်းနှင့် အဆင့်အတန်း နှိမ့်ချမှုတို့ကို အားပေးအားမြောက်ဖြစ်စေပါသည်။
- လူအများအတွက် ၎င်းတို့၏နေရပ်မှ စီမံကိန်းရှိသည့်နေရာသို့ သွားရောက်ရာတွင် မည်မျှ ဘေးကင်းလုံခြုံကြောင်း ထည့်သွင်းမစဉ်းစားထားသည့် နေရာများတွင် (အစားအစာပေးဝေခြင်း သို့မဟုတ် ရေပေးဝေရာနေရာများ) အစီအစဉ်များ/ စီမံကိန်းများ စီစဉ်ခြင်းဖြင့်
- နယ်မြေခံလူစုများ၏ လိုအပ်ချက်ကို လျစ်လျူရှုလျက် ပြောင်းရွှေ့ခံရသောသူများအား အကူအညီပံ့ပိုးပေးခြင်းဖြင့်
- အထိခိုက်မခံသော သတင်းအချက်အလက်ကို လျှို့ဝှက်ထားနိုင်ခြင်းမရှိခြင်းနှင့် ဘေးကင်းစွာ သိမ်းဆည်းထားနိုင်မှုမရှိခြင်းဖြင့်

---

10 အထက်တွင်ဖော်ပြခဲ့ပြီးသော

11 World Vision၊ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး စံသတ်မှတ်ချက်များ* (2012) ကို ကြည့်ပါ။

- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် အစီအစဉ်/စီမံကိန်း၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်မပေးခြင်းဖြင့်
- လူအများ၏ ကိုယ်တိုင်ကူညီနိုင်စွမ်းအားများကို လျော့ပါးစေခြင်းဖြင့် (လုပ်ကိုင်နှင့်ပြီး ထိရောက်မှုရှိသော လက်ရှိအုပ်စုတစ်ခုကို အကျိုးရှိရှိအသုံးချမည့်အစား စီမံကိန်းတစ်ခုအတွက် အသင်းအဖွဲ့တစ်ဖွဲ့ စီစဉ်ခြင်းကဲ့သို့သော)
- အရေးယူရန်ပျက်ကွက်ခြင်း - လူအများ၏ အခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းအား လျစ်လျူရှုခြင်းဖြင့်

***မှတ်ချက်-*** *ယင်းက ပါဝင်ဆောင်ရွက်သူများကြောင့်ဖြစ်ပါက 'ဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ပါ' နှင့် 'ဒုက္ခမပေးပါနှင့်' တို့ကြားတွင် ကွဲပြားချက်ကို မှတ်သားထားရန် အရေးကြီးသည် ဒုက္ခမပေးပါနှင့် ချဉ်းကပ်နည်းသည် ပဋိပက္ခ အခြေအနေများတွင် စီမံကိန်းစီစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတို့ ပြုလုပ်ရာတွင်ကူညီရန် အသေးစား ပဋိပက္ခခွဲခြမ်းစိတ်ဖြာခြင်းအတွက် အမြင်သဘောတရားနှင့် ဆိုင်သော ကန့်သတ်ချက်ဘောင်တစ်ခုဖြစ်ပါသည်။ 'နောက်ထပ် ဒုက္ခပေးခြင်း ရှောင်ကြဉ်ပါ' အယူအဆသည် သက်ဆိုင်သည့်လူများအပေါ်တွင် ဆန့်ကျင်သော၊ ရည်ရွယ်မထားသော သက်ရောက်မှုများဖြစ်စေနိုင်သော အကူအညီပေးရေး စီမံချက်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း အားလုံးအားပဋိပက္ခခွဲခြမ်းစိတ်ဖြာမှုထက်ပင် ကျော်လွန်ပါသည်။*

** သင်တန်းပို့ချသူ မှတ်စု 5*

[12]တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်လုပ်ဆောင်နိုင်သည့် ဥပမာများ-

- တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင် အောက်ပါတို့အပါအဝင် မတူကွဲပြားသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခြင်း-
    - အမျိုးသမီး၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ
    - ကွဲပြားသော အသက်အရွယ် အုပ်စုများ (သီးသန့်အားဖြင့် ကလေးများ၊ ဆယ်ကျော်သက်များ၊ လူငယ်နှင့် အခြားအရွယ်ရောက်ပြီးသူများ)
    - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာ ချို့တဲ့သည့်သူများ
    - အဖွဲ့အစည်းတစ်ခု၏ လက်အောက်တွင် နေထိုင်နေရသူများ
    - HIV၊ နာတာရှည်ဖျားနာခြင်း သို့မဟုတ် အခြားကျန်းမာရေးအန္တရာယ်များ ခံစားနေရသူများ
    - လူမျိုးစု၊ နိုင်ငံရေးနှင့်ဆိုင်သော သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လူနည်းစုများ
    - လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံအခြေအနေ သို့မဟုတ် ဇစ်မြစ် မတူညီသောလူများ
    - ၎င်းတို့၏လိုအပ်ချက်များနှင့် မသက်ဆိုင်ဘဲ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ဘေးဖယ်ထားခြင်းခံရသော သို့မဟုတ် ချန်လုပ်ထားခြင်းကို ခံစားနေရသော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ[13]
- ပဋိပက္ခ အခြေအနေများတွင် 'ဒုက္ခမပေးပါနှင့်/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ' အကဲဖြတ်မှုတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ပါ
- ပုံမှန်အန္တရာယ်အကဲဖြတ်မှုများကို ဦးစီးဆောင်ရွက်ပါ
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ
- အကူအညီပေးရန် သတ်မှတ်ထားသော စံနှုန်းများကို သက်ရောက်သည့်လူစုများနှင့်အတူ ရေးဆွဲသတ်မှတ်ပါ
- စီမံကိန်းနေရာများအပြင် ၎င်းနေရာများသို့ ဘေးကင်းစွာ အသွား၊ အပြန်ပြုလုပ်နိုင်ခြင်းရှိမရှိ ကို မတူကွဲပြားသော အုပ်စုများ၏ ရှုထောင့်မှနေ၍ အကဲဖြတ်ပြီး ပုံမှန်စောင့်ကြည့်စစ်ဆေးပါ

** သင်တန်းပို့ချသူ မှတ်စု 6*

သက်ရောက်သည့်လူစုများ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးဆောင်ရွက်ရန် အေဂျင်စီတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သော အရာများ၏ ဥပဒေများ-

- အသုံးအဆောင်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းသည့်နေရာတွင် သတ်မှတ်ထားရှိကြောင်း သေချာစေခြင်း
- ကလေးများအတွက် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်များ စီစဉ်ပေးရန် သက်ရောက်သည့်လူစုများအား ပံ့ပိုးကူညီခြင်း
- ကျင့်ဝတ်စည်းကမ်းတစ်ရပ် ချမှတ်ပြီး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု (PSEA) မှ ကာကွယ်စောင့်ရှောက်ရေးအတွက်ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးပါ
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို အကောင်အထည်ဖော်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံချက်များတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း။
- မိသားစုများနှင့် ဆွေမျိုးအုပ်စုများကို အတူတကွရှိနေစေပြီးတစ်ရွာတည်းနေလူများ သို့မဟုတ် ကွန်ရက်တစ်ခုအတွင်းမှလူများအား အတူတကွရှိနေစေမည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- သက်ရောက်သည့်လူစုများက ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း ရှိ၊ မရှိနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် ပြောင်းလဲမှုများလုပ်နိုင်၊ မလုပ်နိုင်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းပါ

---

12 အထက်တွင်ဖော်ပြခဲ့ပြီးသော

13 အထက်၌ ဖော်ပြခဲ့ပြီးသော စာပိုဒ်၌၊ ပင်မစံသတ်မှတ်ချက် 2၊ လမ်းညွှန်မှတ်ချက် 3

** သင်တန်းပို့ချသူ မှတ်စု 7*

အချို့သောလူများ သို့မဟုတ် အုပ်စုများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို ရယူနိုင်ခြင်းမရှိရသည့် အကြောင်းရင်းအချို့တွင် အောက်ပါတို့ပါဝင်သည် -

- အကြမ်းဖက်မှုကို ထိတ်လန့်ခြင်း အပါအဝင် ပဋိပက္ခနှင့်/ သို့မဟုတ် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်းနှင့် အကြမ်းဖက်ခြင်း (၎င်းက ပံ့ပိုးပေးထားသည့်နေရာမှ လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီရယူခြင်းကို အဟန့်အတားဖြစ်စေနိုင်ပြီး/ သို့မဟုတ် သီးသန့်နေရာတွင် အကူအညီပေးရန် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူများကိုလည်း အဟန့်အတား ဖြစ်စေပါသည်)
- မြေမြှုပ်မိုင်းများ၊ စစ်ဆေးရေးဂိတ်နှင့် ဝန်းရံပိတ်ဆို့ခြင်းတို့ တည်ရှိနေမှု
- ဝေးလံသော သို့မဟုတ် ရယူရန်မဖြစ်နိုင်သော နေရာ (ဥပမာ မိုးရာသီတွင် ဖြတ်သန်းသွား၍မရသော လမ်းများ၊ သို့မဟုတ် စီမံကိန်းနေရာသို့သွားရန် မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါသည် သို့မဟုတ် သက်ကြီးရွယ်အိုများအတွက် မဖြစ်နိုင်သည့် ဝေးလံသောအကွာအဝေး)
- ရယူခွင့်ကို ငြင်းဆိုခြင်း (ဥပမာ သက်ရောက်သည့် လူတစ်စုလုံးအတွက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အာဏာပိုင်များက ငြင်းဆိုခြင်း သို့မဟုတ် ထင်ရှားသောလူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုကအရေအတွက်နည်းသော လူမျိုးစုအား ခွဲခြားချန်ထားမှု)
- အကျိုးခံစားခွင့်နှင့် ပတ်သက်သည့် အချက်အလက်သည် လူအားလုံးနားလည်နိုင်သော ဘာသာစကား သို့မဟုတ် ပုံစံတွင်မရှိခြင်း။

** သင်တန်းပို့ချသူ မှတ်စု 8*

ချန်လှပ်ထားခံရသော သို့မဟုတ် အကူအညီရယူနိုင်စွမ်းမရှိသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်လွယ်ကူအဆင်ပြေစေရန် အေဂျင်စီတစ်ခုက လုပ်ဆောင်နိုင်သည့် အထူးစီမံချက်များ၏ ဥပမာတွင် အောက်ပါတို့ပါဝင်သည်-

- အစီအစဉ်/စီမံကိန်း အချက်အလက်သည် လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတွင်ရှိကြောင်း သေချာစေခြင်း
- ရွေ့လျား/ကမ်းလင့်ထောက်ကူခြင်း ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း
- အဆောက်အဦနှင့် အသုံးအဆောင်အားလုံးတို့အတွက် စီစဉ်ရေးဆွဲ၊ ဒီဇိုင်းပြုလုပ်ရာတွင် အားလုံးပါဝင်စေခြင်းကို ကျင့်သုံးလိုက်နာခြင်းဖြင့် တည်ဆောက်ပြီးဖြစ်သော ပတ်ဝန်းကျင်ကို အားလုံး ရယူခွင့်ကို ထောက်ခံပေးခြင်း
- အန္တရာယ်ကျရောက်နေသော အုပ်စုများအတွက် ဘေးကင်းသောနေရာလွတ်များ ပံ့ပိုးပေးခြင်း (ဥပမာ အစားအစာပေးဝေရာတွင် အမျိုးသမီးများအတွက် သီးသန့် ဘေးကင်းသောနေရာလွတ်တစ်ခု စီစဉ်ခြင်း)
- အမျိုးသမီးများနှင့် အမျိုးသားများအတွက် သီးသန့် ကျန်းမာရေးဆေးခန်းအား မတူညီသော နေ့ရက်၊ အချိန်များတွင် ဖွင့်လှစ်ခြင်း

***မှတ်ချက်-** သမာသမတ်ကျသော အကူအညီ ဆိုသည်မှာ ဆိုးကျိုးပေးသော ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်နှင့်အညီ ပံ့ပိုးပေးသည့် အကူအညီဖြစ်ပါသည်။ ယင်းက လူတိုင်းကို တထေရာတည်းဖြစ်သော အကူအညီပေးရမည်ဟု မဆိုလိုပါ – အကူအညီပိုလိုအပ်သော သို့မဟုတ် မတူညီသော အကူအညီအား လိုအပ်နေသောသူများထံ မတူညီသော၊ ပိုနေသော အကူအညီများကို ပေးရမည်။*

** သင်တန်းပို့ချသူ မှတ်စု 9*

ဒီဇင်ဘာလ 2011 ခုနှစ်တွင်၊ IASC ကိုယ်စားလှယ်များက သက်ရောက်သည့်လူစုများအပေါ်တာဝန်ခံမှုရှိကြောင်း သေချာစေရန် အေဂျင်စီများလုပ်နိုင်သည့်အချက်များကို အကြမ်းဖော်ပြသည့် အောက်ပါ သန္နိဋ္ဌာန် 5 ချက်ကို အတည်ပြုပေးခဲ့သည်-

IASC တာဝန်ခံမှု သန္နိဋ္ဌာန် ငါးချက်

- **ခေါင်းဆောင်မှု/အုပ်ချုပ်မှု** အကြံပေးချက်နှင့် တာဝန်ခံမှု လုပ်ထုံးလုပ်နည်းများကို နိုင်ငံမဟာဗျူဟာများ၊ အစီအစဉ်အဆိုပြုချက်များ၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများ၊ လူသစ်စုဆောင်ခြင်း၊ ဝန်ထမ်းမိတ်ဆက်ခြင်းများ၊ လေ့ကျင့်သင်ကြားခြင်းများနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှု၊ မိတ်ဖက်သဘောတူညီချက်များနှင့် အစီရင်ခံခြင်းတွင် မီးမောင်းထိုးပြထားသောအချက်များထဲ ပေါင်းစည်းထားကြောင်း သေချာစေခြင်းဖြင့် သက်ရောက်သည့်လူစုများအပေါ်တာဝန်ခံရန် ၎င်းတို့သန္နိဋ္ဌာန်ကို လက်တွေ့သရုပ်ပြပါ။
- **ပွင့်လင်းမြင်သာမှု** - သတင်းအချက်အလက်များ ပံ့ပိုးပေးလျက် ၎င်း၏ သက်ရောက်သည့်လူစုများနှင့် အဖွဲ့အစည်းတစ်ခုအကြားတွင် အပြန်အလှန်ဆွေးနွေးခြင်းကို ဖြစ်မြောက်စေရန်နှင့် ကြိုတင်အသိပေးထားပြီးဖြစ်သည့် အကြောင်းအရာများအပေါ် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်ခွင့်များကို ၎င်းတို့လုပ်နိုင်ကြောင်း သေချာစေရန် ၎င်းတို့အပေါ် သက်ရောက်သည့် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများအကြောင်း အချက်အလက်များကို သက်ရောက်သည့်လူစုများထံ အချိန်နှင့်တပြေးညီ ပေးအပ်ပြီး အလွယ်တကူ ရရှိနိုင်အောင် ပြုလုပ်ပေးရန်။
- **အကြံပေးချက်နှင့် တိုင်ကြားချက်များ-** မူဝါဒချိုးဖောက်ခြင်းနှင့် ပါဝင်ပတ်သက်သူများ၏ မကျေနပ်မှုနှင့် ပတ်သက်၍ တိုင်ကြားချက်များကို ဖြေရှင်းပေးရာ၌ အကြံပေးချက်နှင့် တိုင်ကြားချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ကြောင်း၊ ၎င်းတို့သည် သင့်လျော်ပြီး ခိုင်ခံ့မှုရှိကြောင်း သေချာစေခြင်းဖြင့် အစီအစဉ်ရေးဆွဲရာတွင် မူဝါဒီနှင့် လက်တွေ့ကျင့်သုံးမှုကို မြှင့်တင်ရန် သက်ရောက်သည့်လူစုများ၏ အမြင်များကို အင်တိုက်အားတိုက် ရယူပါ။
- **ပါဝင်ဆောင်ရွက်ခြင်း** - ဘေးဖယ်ထားမှုခံထားရပြီး သက်ရောက်မှု အခံရဆုံး ပုဂ္ဂိုလ်များကို ကိုယ်စားပြုထားပြီး ၎င်းတို့၏ လွှမ်းမိုးမှုရှိသည်ကိုသေချာစေရန်နှင့် ၎င်းတို့ သင့်လျော်မှန်ကန်စွာ ပါဝင်လာကြစေရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များနှင့် အလေ့အကျင့်များကို ချမှတ်ခြင်းဖြင့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်-ချမှတ်သည့် လုပ်ငန်းစဉ်တွင် တက်ကြွသည့်အခန်းကဏ္ဍတစ်ခုမှ သက်ရောက်သည့်လူစုများကို ပါဝင်စေပါ။
- **ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း-** လေ့လာတွေ့ရှိသည်များကို အဖွဲ့အစည်းထံ ပုံမှန် သတင်းပေးခြင်းနှင့် လုပ်ငန်းစဉ်၏ ရလဒ်များအား အစီရင်ခံခြင်းတို့ပြုလုပ်ပြီး သက်ရောက်သည့်လူစုအား ပါဝင်စေကာအစီအစဉ်များ၏ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ဒီဇိုင်းဆွဲ၍ စောင့်ကြည့်ပြီး အကဲဖြတ်ပါ။

** သင်တန်းပို့ချသူ မှတ်စု 10*

ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့် (ယာယီစခန်းစီမံခန့်ခွဲရေး စာရွက်စာတမ်းများမှ)

- ပိုင်ဆိုင်မှု - အသင်းအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထိန်းချုပ်ဆောင်ရွက်သည်
- အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှု - အခြား လုပ်ရှားသူများနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အသင်းအဖွဲ့က ရာနှုန်းပြည့်ပါဝင်သည်။
- လုပ်ငန်းသဘောအရဖြစ်သော - ကန့်သတ်ထားသော ဆုံးဖြတ်ချက်ချခွင့်အာဏာနှင့်အတူ သီးခြား အခန်းကဏ္ဍတစ်ခုကိုသာ အသိုင်းအဝိုင်းက ဖြည့်ဆည်းပေးသည် (ဥပမာ နောက်ပိုင်းတွင် NGO ဝန်ထမ်းအဖွဲ့ဝင်တစ်ဖွဲ့က ကြီးကြပ်ဆောင်ရွက်သည့် ရေပေးဝေရေး ကော်မတီ)
- ရုပ်ပိုင်းဆိုင်ရာ အားပေးလှုံ့ဆော်မှု ရရှိခြင်း - ဝန်ဆောင်မှုတစ်ခု သို့မဟုတ် အခန်းကဏ္ဍတစ်ခုအတွက် အပြန်အလှန်အားဖြင့် ကုန်ပစ္စည်းများနှင့် ငွေကြေးများကို အသင်းအဖွဲ့က လက်ခံရရှိပါသည်။
- အတိုင်ပင်ခံခြင်း - ၎င်းတို့ မြင်တွေ့လိုသည့်အရာအပေါ် ၎င်းတို့၏ ထင်မြင်ချက်ကို အသင်းအဖွဲ့အား မေးမြန်းပါသည်၊ သို့သော် ၎င်းတို့၏ ထင်မြင်ချက်သည် ဆုံးဖြတ်ချက်ချရာတွင် အတိုင်းအတာဖြင့်သာ စိုးမိုးခြယ်လှယ်နိုင်ပါသည်။
- သတင်းအချက်အလက် လွှဲပြောင်းခြင်း - သတင်းအချက်အလက်ကို အသင်းအဖွဲ့မှ စုစည်းပါသည်၊ သို့သော် ၎င်းတို့သည် ဆုံးဖြတ်ချက်များကို ဖြစ်စေသည့် ရလဒ်ဆွေးနွေးမှုများတွင် ပါဝင်မှုမရှိပါ။
- ပြသမှုနုရသော - အသင်းအဖွဲ့သည် ဆုံးဖြတ်ချက်များနှင့် အရေးယူဆောင်ရွက်ချက်များအတွက် သတင်းပေးပို့ခြင်းခံရပါသည်၊ သို့သော် လုပ်ငန်းစဉ် သို့မဟုတ် ရလဒ်နှစ်ခုစလုံးတွင် ပြောခွင့်မရှိပါ။

** သင်တန်းပို့ချသူ မှတ်စု 11*

အင်တာဗျူးများ၊ အသားပေးထားသော အုပ်စုလိုက် ဆွေးနွေးမှုများ၊ အစရှိသည်တို့ကဲ့သို့သော အဖြေများကို ပါဝင်ဆောင်ရွက်သူများ ဖြေဆိုနိုင်ပါသည်။ ပစ်မှတ်ထားသူများတွင် အသင်းအဖွဲ့ခေါင်းဆောင်များ၊ အခရာကျသူများ၊ အမျိုးသမီးများနှင့် ကလေးများ ပါဝင်ပါသည်။ ဤအခြေအနေတွင် အန္တရာယ်ရှိနေသည့်လူများအား အသင်းအဖွဲ့ခေါင်းဆောင်များနှင့် အမြဲအတူတကွ လုပ်ကိုင်ရန် သတိပေး၍ရပါသည်။ ခရစ်ယာန်ကျေးရွာလူကြီးများနှင့် အသင်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ CAR တွင် လုပ်ကိုင်နေသည့် NGO တစ်ဖွဲ့အား ဥပမာပေးပါ။ မွတ်ဆလင်လူစုနှင့် အထူးသဖြင့် မွတ်ဆလင်အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများမှ လုံးဝ ဖယ်ကြဉ်ခံနေရပါသည်။ သီးခြားလိုအပ်ချက်များရှိနေသူများ၊ တိုင်ပင်ဆွေးနွေးခြင်းမှတစ်ဆင့် ပါဝင်နိုင်သည့် မတူညီသော လူပုဂ္ဂိုလ်အမျိုးအစားများ၊ အလေးပေးအာရုံစိုက်ထားသော အုပ်စုများ စသည့်ပုဂ္ဂိုလ်များအကြောင်း လူများကို သတိပေးရန် အချိန်ကောင်းလည်းဖြစ်ပါသည်။

- အမြဲပါဝင်နေသည့် လူအတန်းအစားအမျိုးမျိုးမှာ - အမျိုးသားများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဖြစ်ပါသည်။
- အခြေအနေအပေါ် မူတည်သည့် အတန်းအစားများမှာ- လူမျိုးစု/ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အားနည်းချက်ရှိသော သို့မဟုတ် ဖယ်ကြဉ်ခံထားရသော အုပ်စုများ (ဥပမာ၊ HIV ကူးစက်ခံထားရသည့်လူများ) ဖြစ်သည်

လူအများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် အေဂျင်စီများမှ ကူညီနိုင်သော နည်းလမ်းများနှင့် ဆက်နွယ်သည့် ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် လူတို့၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်း
- လူ့အခွင့်ရေး အသိပညာပေးရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း
- ၎င်းတို့၏ အကျိုးခံစားခွင့်များကို ရယူရာတွင်လိုအပ်သည့် စာရွက်စာတမ်းများ ရရှိနိုင်အောင် သို့မဟုတ် အစားထိုးနိုင်အောင် ကူညီပေးခြင်း (ဥပမာ မွေးစာရင်းလက်မှတ်များ၊ သေစာရင်းလက်မှတ်များ၊ လက်ထပ်စာချုပ်များ၊ မြေရာပိုင်ဆိုင်မှုစာချုပ်) ဥပမာ၊ ခွဲခြားသတ်မှတ်ခြင်းနှင့် ၎င်းတို့အား သင့်တော်သည့်ဝန်ဆောင်မှုများ ညွှန်းဆိုပေးခြင်း
- ၎င်းတို့ကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မတူညီသည့်ကဏ္ဍအသီးသီးမှ လူများနှင့် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ခြင်းများ ပြုလုပ်ပေးခြင်း (ဥပမာ၊ ပြန်လည်နေရာချထားပေးခြင်း)
- ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် သင့်တော်သော ညွှန်းဆိုမှုကို သေချာပြုလုပ်ခြင်း

# အပိုင်း 3- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် မည်သည့်လုပ်ရှားသူများတွင် တာဝန်ရှိသည်ကို ဤသင်တန်းတွင် ထုတ်ဖော်ပြောဆိုပါမည်။ မည်သူက မည်သည့်အရာကို လုပ်ဆောင်ရန် လိုအပ်သည်ကို သိရှိရန် အခြေခံအုတ်မြစ်တစ်ခုအဖြစ် IASC နှင့် GPC မှ ရှင်းလင်းသော လမ်းညွှန်ချက်ကို ပံ့ပိုးပေးပါသည်။ ဤသင်တန်းတွင် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်းကို မည်ကဲ့သို့ သေချာလုပ်ဆောင်ရမည်ကိုလည်း လေ့လာဖော်ထုတ်ပါမည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ

**သင်တန်း အမျိုးအစား -** လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / PowerPoint

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူ့ထံ၌ တာဝန်ရှိသည်ကို ရှင်းလင်းပြောပြပေးပါမည်။<br>• ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးများ မျှဝေကြစေရန် ဆောင်ရွက်ပါ<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာ၌ သံန္နိဋ္ဌာန်ချ၍ အခြားသူများကို ပံ့ပိုးကူညီကြစေရန်တိုက်တွန်းအားပေးပြီး ယင်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အတွေးများကိုလည်း ပံ့ပိုးပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့နှင့် အခြားအစုအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုရန်<br>• နိုင်ငံတွင်းပေါင်းစည်းထားသော အယူခံဝင်သည့် (ယခု SRP) လုပ်ငန်းစဉ်နှင့် လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံ အဖွဲ့ (HCT) နှင့် အခြားအစုအဖွဲ့၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲခြင်းတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးကောင်းများ ပံ့ပိုးပေးရန် |
| အဓိက အမှာစကားများ | * ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား အဆင်ပြေအောင် ဆောင်ရွက်ရာတွင် အစုအဖွဲ့ဝင်အချင်းချင်းနှင့် အစုအဖွဲ့ဝင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါသည်။<br>* ကာကွယ်စောင့်ရှောက်မှုကိုပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အခြားအစုအဖွဲ့များကို ပံ့ပိုးပေးရာ၌ လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်နေပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖြစ်ပေါ်လာရန်မှာ အစုအဖွဲ့ ခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။<br>* လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များက အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးပါသည်။ |
| ပြင်ဆင်ခြင်း | • လတ်တလော ပေါင်းစည်းထားသည့် အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို မည်မျှ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သုတေသနလုပ်ပါ။<br>• ပေါင်းစည်းထားသော အယူခံဝင်သည့်လုပ်ငန်းစဉ်သည် လက်ရှိ သို့မဟုတ် အနာဂတ်တွင် ဖြစ်ပေါ်ခြင်းရှိမရှိ သုတေသနလုပ်ပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 15- တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ (စာမျက်နှာ 217)*<br>*အရင်းအမြစ် 16- IASC ကြေညာချက် 2013 (စာမျက်နှာ 218)*<br>*အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက် (စာမျက်နှာ 220)*<br>*အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက် (စာမျက်နှာ 221)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - ပေါင်းစည်းထားသော အယူခံဝင်မှုများတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် လမ်းညွှန်ချက်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>• *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့နှင့် အခြားအစုအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုရန်*<br>• *နိုင်ငံတွင်းပေါင်းစည်းထားသော အယူခံဝင်သည့် (ယခု SRP) လုပ်ငန်းစဉ်နှင့် HCT နှင့် အခြားအစုအဖွဲ့၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲခြင်းတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးကောင်းများ ပံ့ပိုးပေးရန်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 20 မိနစ် | တာဝန်ဝတ္တရားများနှင့် အရေးယူဆောင်ရွက်မှုများ | |
| | • ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာတွင် မည်သူတို့ပါဝင်ရန် လိုအပ်ကြောင်းကို**တွေးတောစဉ်းစားခိုင်းပါ**။ လှန်၍ရသောကားချပ်ပေါ်တွင် စိတ်ကူးများကို ချရေးပါ။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• *တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ* လက်ကမ်းစာကို ကြည့်ပြီး အဓိကကျသော တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ၏ အကျဉ်းချုပ်ကို**ပြောပြပေးပါ**။<br>• ကဏ္ဍအသီးသီးတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် တာဝန်ရှိသော်လည်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား ပံ့ပိုးပေးရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို**အသားပေးပြောပြပါ**။<br>• *IASC ကြေညာချက် 2013* ၏ မိတ္တူများကို လက်ကမ်းဝေပေးပြီး စက်မျက်နှာ 2 ရှိ ဒုတိယစာပိုဒ်မှ နောက်ဆုံးစာပိုဒ်အထိ တစ်စုံတစ်ယောက်ကို**ဖတ်ခိုင်းပါ**။<br>*"ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များသည်ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း အပါအဝင် ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာများ ဖြစ်တည်လာရန် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူများအား ပံ့ပိုးရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်"*<br>• လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားအတိအကျကို *ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက်စာရွက်ထဲ*တွင်**အသေးစိတ်ဖော်ပြထားကြောင်း ရှင်းပြပါ**။ ပါဝင်ဆောင်ရွက်သူများထံသို့ မိတ္တူများ ပေးဝေပါ။<br>• လက်ကမ်းစာများကို အကြမ်းဖတ်ရှုရန် ပါဝင်ဆောင်ရွက်သူများအား အချိန် 5-10 မိနစ်ပေးပြီး ပါဝင်ဆောင်ရွက်သူများတွင် မေးမြန်းလိုသည်များရှိ၊ မရှိ**မေးပါ**။ | *စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ*<br><br>*အရင်းအမြစ် 15- တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ (စာမျက်နှာ 217)*<br><br>*အရင်းအမြစ် 16- IASC ကြေညာချက် 2013 (စာမျက်နှာ 218)*<br><br>*အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက် (စာမျက်နှာ 220)* |

| 30 မိနစ် | **ပေါင်းစည်းထားသော အယူခံဝင်ခြင်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း** | |
|---|---|---|
| | • လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များသည် အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးကြောင်း **ရှင်းပြပါ။**<br><br>• အဓိက စာရွက်စာတမ်းများနှင့် အဓိက အချက်များကို အသားပေးဖော်ပြလျက် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် လမ်းညွှန်ချက်ကို PowerPoint ဆလိုက်ဖြင့်**ရှင်းပြပေးပါ။**<br><br>အဓိက စာရွက်စာတမ်းများ-<br>  • *2014 ခုနှစ် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ်ရေးဆွဲခြင်း - လမ်းညွှန်ချက်*<br>  • *2014 ခုနှစ် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် – မှတ်ချက်ရေးသွင်းထားသော ပုံစံပြား*<br>  • *ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက် မှတ်စု*<br>  • *2015 ခုနှစ်အတွက် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် လမ်းညွှန်ချက်*<br>အဓိကအချက်များ -<br>  • SRP အတွင်း အစုအဖွဲ့အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစီအစဉ်များကို အကြမ်းဖျဉ်းဖော်ပြရပါမည်။<br>  • SRP အစီအစဉ်ကို အပြု ရေးဆွဲမှုအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ပညာရပ်ဝေါဟာရများကို အစုအဖွဲ့ပူးတွဲလုပ်ဆောင်သူများက သဘောတူလက်ခံရပါမည်။<br>*မှတ်ချက်- စာရင်းလုပ်ထားသော လမ်းညွှန်ချက်အား* www.unocha.org/cap/resources/policy-guidance *မှတစ်ဆင့် အွန်လိုင်းတွင် ကြည့်နိုင်ပါသည်*<br><br>• ပါဝင်ဆောင်ရွက်သူများအား**အုပ်စုများခွဲ**ပြီး အုပ်စုများအား *ပေါင်းစည်းထားသော အယူခံဝင်ခြင်း စာရွက်စာတမ်းများမှ ကောက်နုတ်ချက်များ*ပေးပါ။ ဤသည်တို့မှာ ပေါင်းစည်းထားသော အယူခံဝင်ခြင်းထဲသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား အခြားနိုင်ငံများက မည်ကဲ့သို့ တရားဝင်ပေါင်းစည်းထားသည်ကို ပြသသည့်ဥပမာများဖြစ်ကြောင်း ရှင်းပြပါ။<br><br>• ဥပမာများကို သုံးသပ်ရန်နှင့် ၎င်းတို့၏ အုပ်စုများတွင် ဆွေးနွေးတိုင်ပင်ရန် အုပ်စုများအား**ညွှန်ကြားပါ**-<br>  • ၎င်းတို့၏ အခြေအနေတွင်ပေါင်းစည်းထားသော အယူခံဝင်ခြင်း စာရွက်စာတမ်းများထဲသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို မည်ကဲ့သို့ တရားဝင် ပေါင်းစပ်ထည့်သွင်းမည်<br>**သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*<br>  • လာမည့် ပေါင်းစည်းထားသော အယူခံဝင်သည့်လုပ်ငန်းစဉ်အတွင်းကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပိုမိုကောင်းမွန်စွာ ပေါင်းစပ်ထည့်သွင်းကြောင်း သေချာစေရန် မည်သည့်ခိုင်လုံသောအဆင့်ဆင့်များ ၎င်းတို့လုပ်ဆောင်သင့်သည်<br>**သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ*<br><br>• ပါဝင်ဆောင်ရွက်သူများ၏ စိတ်ကူးများကို မျက်နှာစုံညီ**တိုင်ပင်** ၍ နောက်ထပ်မေးခွန်းများအတွက် အချိန်ပေးပါ။ | *PPT ဆလိုက်*<br><br>*အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက် (စာမျက်နှာ 221)* |
| 5 မိနစ် | **အဓိကအမှာစကားများ အကျဉ်းချုပ်** | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>  * ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား အဆင်ပြေအောင် ဆောင်ရွက်ရာတွင် အစုအဖွဲ့ဝင်အချင်းချင်းနှင့် အစုအဖွဲ့ဝင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါသည်။<br>  * ကာကွယ်စောင့်ရှောက်မှုကိုပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အခြားအစုအဖွဲ့များကို ပံ့ပိုးပေးရာ၌ လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်နေပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖြစ်ပေါ်လာရန်မှာ အစုအဖွဲ့ခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။<br>  * လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များက အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးပါသည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## တာဝန်ဝတ္တရားများနှင့် အရေးယူဆောင်ရွက်မှုများ

** သင်တန်းပို့ချသူ မှတ်စု 1*

တွေးတောစဉ်းစားခြင်း သင်တန်းမှတစ်ဆင့် အောက်ပါလုပ်ရှားသူများအား ခွဲခြားသတ်မှတ်သင့်ပါသည်-

- အသင်းအဖွဲ့များ
- အရပ်ဖက် လူ့အဖွဲ့အစည်း လှုပ်ရှားသူများနှင့် CBO များ
- လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့ (NGO များ၊ Red Cross and Red Crescent, UN လှုပ်ရှားသူများ)
- ကဏ္ဍအလိုက်ဝန်ထမ်းနှင့် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ
- ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ
- လူသားအချင်းချင်းစာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံ အဖွဲ့
- အစိုးရ ရာထူးအားလုံး

အစုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သည့် အခြေအနေတွင် အောက်ပါတို့ကိုလည်း ခွဲခြားသတ်မှတ်ပေးရန် လိုအပ်သည်ကို မှတ်သားထားပါ-

- နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့
- လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များ
- အစုအဖွဲ့ ခေါင်းဆောင် အေဂျင်စီများ
- နယ်ပယ်အားလုံးမှ အစုအဖွဲ့ အဖွဲ့ဝင်များ
- UN OCHA
- ့အစုအဖွဲ့ဝင် အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဖိုရမ် (ဗဟာဗျူဟာအဆင့်တွင်၊ အစုအဖွဲ့ဝင်အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းကို HCT မှတစ်ဆင့် HC က ဦးစီးဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်သည့်အဆင့်တွင် OCHA မှ ထောက်ပံ့ထားသည့်အစုအဖွဲ့ ညှိနှိုင်းဆောင်ရွက်သူများက ဦးစီးဆောင်ရွက်ပေးသည်)

**တာဝန်ယူမှုနယ်ပယ်**နှင့်အတူ ညှိနှိုင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံအတွက် အထူးအလေးပေးပါ--

## တာဝန်ယူမှုနယ်ပယ်များ

**ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး**

အရေးပေါ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသည့် ကလေးငယ်များအပေါ် လွဲမှားစွာပြုခြင်း၊ လျစ်လျူရှုခြင်း၊ အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့အား တားဆီး၊ တုံ့ပြန်ဆောင်ရွက်ခြင်းကို ရည်ညွှန်းပါသည်။ အရေးပေါ်အခြေအနေဆိုသည်မှာ 'လက်နက်ကိုင် ပဋိပက္ခ၊ ဘေးအန္တရာယ် သို့မဟုတ် လူမှုရေးနှင့် တရားရေးကိစ္စရပ်များတွင် ယိုယွင်းပျက်စီးနေမှုတို့၏ ရလဒ်ကြောင့် ကလေးသူငယ်များ၏ အသက်ရှင်သန်နေထိုင်နိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများ ခြိမ်းခြောက်ခံနေရသော၊ ယင်းသည် ဒေသခံများ ဖြေရှင်းနိုင်စွမ်းရှိသည့် အခြေအနေကို ကျော်လွန်နေသည့် သို့မဟုတ် မဖြေရှင်းနိုင်သည့် အခြေအနေဖြစ်ပါသည်။

အရေးပေါ်အခြေအနေများတွင် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့အတွင်းရှိ တာဝန်ယူမှုနယ်ပယ် (AoR) တစ်ခုဖြစ်ပြီး ယင်းကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုကို လုပ်ကိုင်နေသည့် အုပ်စု (CPWG) မှတစ်ဆင့် ဆောင်ရွက်ရသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး AoR အတွက် စီစဉ်ထားသည့် ဗဟိုအေဂျင်စီအဖြစ် UNICEF သည် CPWG နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ၎င်းသည် နောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

**ကျား/မဆိုင်ရာ အခြေပြုအကြမ်းဖက်ခြင်း**

နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့အတွင်း၊ ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV) နှင့်ပတ်သက်ပြီးနိုင်ငံတကာအဆင့်တွင် ဗဟိုအေဂျင်စီများဖြစ်သည့် ကုလသမဂ္ဂ ကလေးများဆိုင်ရာ ရန်ပုံငွေ (UNICEF) နှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ (UNFPA) တို့က ပူးတွဲတာဝန်ယူဆောင်ရွက်ကာ ၎င်းတို့သည် နောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV) ဟူသော ဝေါဟာရကို လူတစ်ဦးတစ်ယောက်၏ ဆန္ဒမပါဘဲ ပြစ်မှုကျူးလွန်သည့်၊ အမျိုးသားများနှင့် အမျိုးသမီးများကြားရှိ လူမှုရေး အကြောင်းပြု ကွဲပြားခြားနားချက်ပေါ်တွင် အခြေခံပြီး အန္တရာယ်ပေးသော မည်သည့်အပြုအမူကိုမဆို ဖော်ပြရာတွင် အသုံးပြုပါသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများသည် ကမ္ဘာ့အရပ်ရပ်ရှိ GBV (အထူးသဖြင့် လိင်အကြမ်းဖက်မှု) အမျိုးအစားအချို့၏ သားကောင်များ/လွတ်မြောက်လာသူများဖြစ်နိုင်သော်လည်း GBV သည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ်တွင် များစွာသက်ရောက်မှုရှိနေပါသည်။ လူ့သက်တမ်း တစ်လျှောက်တွင် ဖြစ်ပေါ်သည့် GBV ဥပမာများတွင် -လူကုန်ကူးခြင်း၊ ကလေးသူငယ်အား လက်ထပ်ခြင်း၊ အမျိုးသမီး လိင်အင်္ဂါ ဖျက်ဆီးခြင်း/ဖြတ်တောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ တင်တောင်းရသောပစ္စည်း/သတို့သမီးတန်ဖိုးကို အလွဲသုံးစားခြင်း၊ ဂုဏ်သိက္ခာမညှိုးနွမ်းစေရန် သတ်ဖြတ်ခြင်း၊ အိမ်တွင်း သို့မဟုတ် ရင်းနှီးသော လက်တွဲဖော်အား အကြမ်းဖက်ခြင်း၊ အမွေအနှစ် သို့မဟုတ် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းနှင့် သက်ကြီးရွယ်အိုအား လွဲမှားစွာပြုမှုများ အပါအဝင် လိင်ရွေး၍ ကိုယ်ဝန်ဖျက်ချခိုင်းမှု၊ အစားအစာနှင့် ဝန်ဆောင်မှုအတွက် မတူညီသော ရယူခွင့်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုများ ပါဝင်ပါသည်။

### အိမ်ရာ၊ မြေနှင့် အဆောက်အအုံ

အိမ်ရာ၊ မြေနှင့် အဆောက်အအုံ (HLP) ပြဿနာများသည် ပဋိပက္ခ သို့မဟုတ် ဘေးအန္တရာယ်တို့ကြောင့် အစပျိုးဖြစ်ပေါ်သည့် လူသားအချင်းချင်းစာနာထောက်ထားရေးဆိုင်ရာ ပြဿနာတိုင်းတွင် ဖြစ်ပေါ်ပါသည်။

အိမ်ရာ၊ မြေနှင့် အဆောက်အအုံအတွက် တာဝန်ယူမှုနယ်ပယ် (HLP AoR) အား 2007 ခုနှစ်တွင် စတင်ဖန်တီးခဲ့သည်။ သတ်မှတ်ထားသော HLP ဗဟိုအေဂျင်စီ၊ UN ပြည်သူများ အခြေချနေထိုင်မှု အစီအစဉ် (UNHANITAT) က လှုပ်ရှားသူများစွာအား ခေါ်ဆောင်ပေးသည့် နိုင်ငံတကာ HLP AoR နှင့် ညှိနှိုင်းဆောင်ရွက်သည်။

### မြေမြှုပ်မိုင်းဆိုင်ရာ

မြေမြှုပ်မိုင်းဆိုင်ရာ အရေးပေါ် လှုပ်ရှားဆောင်ရွက်မှုများက သက်ရောက်သည့်လူစုများအတွက် ကြောက်လန့်စရာမလိုဘဲ ၎င်းတို့၏ နေ့စဉ်ဘဝများတွင် နေထိုင်ရန်နှင့် သွားလာနိုင်ရန်၊ လူသားအချင်းချင်းစာနာထောက်ထားရေး အေဂျင်စီများအနေဖြင့် အကူအညီပေးနိုင်ရန်အတွက်နှင့် ငြိမ်းချမ်းရေးလိုလားသူများအတွက် ကင်းလှည့်မှုများလုပ်ဆောင်နိုင်ရန် လွယ်ကူစေပါသည်။ မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအား အလုံးစုံလူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုတွင် အပြည့်အဝပေါင်းစည်းထားရန်မှာ အလွန်အရေးကြီးပါသည်။ UNMAS သည် မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှုတွင် နိုင်ငံတကာ ဦးဆောင်သူဖြစ်ပြီး တာဝန်ယူမှုနယ်ပယ်အတွက်လည်း တာဝန်ယူလုပ်ဆောင်ပေးသည်။ နိုင်ငံတကာ ဦးဆောင်သူအဖြစ် UNMAS သည် နောက်ဆုံးနောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

** သင်တန်းပို့ချသူ မှတ်စု 2*

အခြေအနေတစ်ရပ်ရပ်တွင် ယခင်ပေါင်းစည်းထားသော အယူခံဝင်ခြင်း လုပ်ငန်းစဉ်အတွင်းသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား ထည့်သွင်းထားခြင်း ရှိမရှိနှင့် ထည့်သွင်းထားပါက မည်မျှကောင်းမွန်စွာ တရားဝင်ပေါင်းစည်းထားကြောင်းကို ပါဝင်ဆောင်ရွက်သူများက သတိမူမိမည် မဟုတ်ပါ။ ဤသည်မှာ ပြဿနာတစ်ခုဖြစ်နေပါက ၎င်းတို့အား နောက်ထပ်မေးခွန်းတစ်ခု ပြောင်းမေးပါ။ မည်သို့ပင်ဆိုစေကာမူ နောက်ဆုံးအယူခံဝင်ခြင်း လုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို မည်မျှ ပေါင်းစပ်ထည့်သွင်းထားကြောင်းပါဝင်ဆောင်ရွက်သူများကို အကြောင်းကြားရန် မျက်နှာစုံညီဆွေးနွေးမှုကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

** သင်တန်းပို့ချသူ မှတ်စု 3*

စိတ်ကူးများတွင် အောက်ပါတို့ပါဝင်သင့်သည်-

- ကဏ္ဍအလိုက် အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းကြရန် ထောက်ခံမှု
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းမည်ကို ညှိနှိုင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ကဏ္ဍအလိုက်အစုအဖွဲ့များနှင့် ဆွေးနွေးခြင်း
- ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း အစီအစဉ်တစ်ခု ဖြစ်ပေါ်လာစေရေး ကဏ္ဍအလိုက်အစုအဖွဲ့နှင့်အတူ အလုပ်လုပ်ရန် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့အား တောင်းဆိုရန်

# အပိုင်း 4- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း

## သင်တန်း အစီအစဉ်

**သင်တန်း ရည်ရွယ်ချက်-** နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း အပိုင်းသည် လေ့ကျင့်သင်ကြားချိန်တွင် ပါဝင်ဆောင်ရွက်သူများ မည်မျှမှတ်မိသည်ကို ၎င်းတို့အား သတိပေးရန် ဖြစ်ပါသည်။ ၎င်းက သင်တန်းပို့ချသူအနေဖြင့်လည်း ပါဝင်ဆောင်ရွက်သူများ၏ သင်ရိုးပြီးမြောက်မှုကို ဂုဏ်ပြုနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ၎င်းတို့ထံမှ တုံ့ပြန်ချက်များရယူနိုင်မည့် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 30 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီ / အကဲဖြတ်ခြင်း

**အရင်းအမြစ်များ -** *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)၊ အရင်းအမြစ် 23 - သင်ရိုး အကဲဖြတ်ခြင်း (စာမျက်နှာ 228)၊ PPT ဆလိုက်- သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 20 မိနစ် | **ရှာဖွေဖော်ထုတ်ထားသော ကာကွယ်စောင့်ရှောက်ရေး ပြဿနာများကို ပြန်လည်ဆွေးနွေးခြင်း** | |
| | • ဤအခြေအနေတွင် ကြုံတွေ့ခဲ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို သင်တန်းအစတွင် အားလုံးက ပေးထားခဲ့ကြောင်း ပါဝင်ဆောင်ရွက်သူအားလုံးကို**သတိပေးပါ**။<br>*မှတ်ချက်- ၎င်းပြဿနာများသည် နံရံပေါ်ရှိ A5 ကဒ်များပေါ်တွင် ဆက်လက်ရှိနေပါမည်။*<br>• လေ့ကျင့်သင်ကြားမှုတစ်လျှောက်လုံးတွင် အပြန်အလှန်ဆွေးနွေးရန် အခွင့်အရေးမရခဲ့သည့်သူ တစ်ဦးဦးနှင့် ပူးတွဲလုပ်ဆောင်ရန် ပါဝင်ဆောင်ရွက်သူများအား**ပြောပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား သင်တန်းအစတွင် ရှာဖွေဖော်ထုတ်ခဲ့သည့် ပြဿနာများထဲမှ တစ်ခုကိုရွေးပြီး အတွဲလိုက်လုပ်ဆောင်ခိုင်းကာ သင်တန်းတွင် ၎င်းတို့သင်ယူခဲ့ရသည်များအပေါ် အခြေခံ၍ ပြဿနာကို တုံ့ပြန်ရန်အတွက် ဖြေရှင်းနည်းနှစ်ခု**အကြံပေးခိုင်းပါ**။<br>*မှတ်ချက်- ဖြစ်နိုင်ပါက အတွဲများအား မတူညီသော ပြဿများ ရွေးခိုင်းပါ၊ သို့သော် အချို့ပြဿနာများ တူနေပါကလည်း ကိစ္စမရှိပါ။*<br>• အတွဲများအား ၎င်းတို့၏လုပ်ရှားဆောင်ရွက်မှုများကို မျက်နှာစုံညီ ဆွေးနွေးရန်**ဖိတ်ခေါ်ပါ**။ | |
| 10 မိနစ် | **နိဂုံးချုပ်ခြင်း** | |
| | • ရည်ရွယ်ထားသော သင်ယူမှု ရလဒ်များကို**ပြန်ဆွေးနွေးပါ**-<br>  • လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>  • လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။<br>  • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။<br>  • ညှိနှိုင်းထားသော ငွေကြေးပံ့ပိုးမှုလုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းကြစေရန် ခိုင်လုံသော အဆင့်များကို ဆုံးဖြတ်ပေးနိုင်မည်။<br>• ပါဝင်ဆောင်ရွက်သူများအား သင်ယူမှုရလဒ်အား ၎င်းတို့အနေဖြင့် မည်မျှ ပြည့်မီသည်ဟု ခံစားရသလဲဟု မျက်နှာစုံညီ**မေးမြန်းပါ**။ သင်တန်း၏ ရလဒ်တစ်ခုအဖြစ် ၎င်းတို့ယခုလုပ်ဆောင်နိုင်သည့် ခိုင်လုံသော လုပ်ရှားဆောင်ရွက်မှုတစ်ခုခုရှိ၊ မရှိ မေးမြန်းပါ။<br>• ပါဝင်ဆောင်ရွက်သူများအား *လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း* နှင့် *သင်ရိုးအကဲဖြတ်မှု* လက်ကမ်းစာ**ပေးပြီး** ၎င်းတို့အားဖြည့်စွက်ရန် အချိန်ယူ၍ လုပ်ဆောင်ခိုင်းပါ။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• ပါဝင်ဆောင်ရွက်သူများအား အချိန်ပေးတက်ရောက်သည့်အတွက်**ကျေးဇူးတင်ကြောင်းပြောပါ**။ | *PPT ဆလိုက်*<br><br>*အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)*<br><br>*အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း (စာမျက်နှာ 228)* |

# သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

***လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းအတွက် လမ်းညွှန်ချက်မှတ်ချက်***

သင်တန်း အကြိုနှင့် နောက်ပိုင်း စစ်တမ်းအား ဖြည့်စွက်ပြီးနောက်တွင် ၎င်းတို့အား စုစည်းပြီး နောက်ပိုင်းတွင် အကိုးအကားအဖြစ်အသုံးပြုရန် ဖိုင်တွဲပါ။ ဆန္ဒရှိပါက ဗဟုသုတနှင့် သဘောပေါက် နားလည်မှု မည်မျှရှိကြောင်း သိရှိရန် စစ်တမ်းများကို သင်အမှတ်ဖြတ်ပေးနိုင်သည်။ အောက်ပါတို့သည် အဆိုပါ အမှတ်ဖြတ်မှုအတွက် လမ်းညွှန်ချက် ဖြစ်သော်လည်း ၎င်းက သင်တန်းပေးသည့်အဖွဲ့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လိုအပ်ပါသည်။

1. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုတာဘာလဲ။ သင်၏အစီအစဉ်များ/ပရောဂျက်များနှင့် ကိုယ်ပိုင်တာဝန်များအတွက် ၎င်းက မည်ကဲ့သို့ အဓိပ္ပါယ်သက်ရောက်သနည်း။

   *ဤမေးခွန်းအတွက် အမှတ်နှစ်မှတ်ပေးနိုင်သည်- GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သက်ဆိုင်သည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ပြည့်ဝစွာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုအတွက် တစ်မှတ် / တစ်ဦးချင်း၏ ကိုယ်ပိုင်အစီအစဉ်များနှင့် တာဝန်ဝတ္တရားများတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်အား အသုံးချမှုအတွက် တစ်မှတ်ဖြစ်သည်။*

2. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်များထဲမှ သင်သိသည့် အချက်အချို့မှာ မည်သည်တို့ဖြစ်သနည်း။

   *ဤမေးခွန်းအတွက် အမှတ်ငါးမှတ်ပေးနိုင်သည်။ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာ၊ ဘေးဒုက္ခဖြစ်စေခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးများကို လွဲမှားစွာပြုမှုအတွက် ဘေးကင်းရေး တုံ့ပြန်ချက်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူမှုမှ ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်နိုင်သည့် သက်ဆိုင်သော အခြေခံသဘောတရားလေးချက်ကို ထည့်သွင်းရေးသားခြင်းအတွက် တစ်မှတ်။ ငါးမှတ်မြောက်အမှတ်သည် သဘောတရား (ဥပမာ၊ ဘေးကင်းလုံခြုံရေး အချက်များကိုသာ အာရုံစိုက်ထားခြင်းမဟုတ်သည့်) အားလုံးခြုံငုံပါဝင်အောင် ဖြေဆိုသူအတွက် ဖြစ်ပါသည်။*

3. ပရောဂျက် သက်တမ်း တစ်လျှောက် သင်၏ ကြားဝင်ဖြန့်ဖြေဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက်များတွင် အသုံးချနိုင်မည့် နည်းလမ်းနှင့် သက်ဆိုင်သည့် ခိုင်လုံသော ဥပမာ (4) ခု ပေးပါ - အဓိက အချက် တစ်ခုစီအတွက် ဥပမာတစ်ခုစီ

   *ဤမေးခွန်းအတွက် အမှတ်ရှစ်မှတ် ပေးနိုင်သည် (ဥပမာတစ်ခုအတွက် 2 မှတ်ဖြစ်နိုင်သည်)*

4. မှန် သို့မဟုတ် မှား ဖော်ပြချက်များ။

   *ဤမေးခွန်းအတွက် အမှတ် 5 မှတ်ပေးနိုင်သည် (ဖော်ပြချက် တစ်ခုစီအတွက် တစ်မှတ်)။ ဖော်ပြချက်အားလုံးသည် မှားယွင်းသည်ကို မှတ်သားပါ။*

# အဝါရောင် သင်ရိုး - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း

**အချိန်** - 1 ရက်

**မျှော်မှန်း သင်တန်းသား** - လက်တွေ့လုပ်ဆောင်နေသည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လက်တွေ့ပံ့ပိုးပေးနေသည့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သည့် ကိုယ်စားလှယ်များ

**သင်ရိုး၏ ရည်ရွယ်ချက်** - ဤသင်ရိုးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အခြေခံမိတ်ဆက်ပြောကြားမည် ဖြစ်ပါသည်။ ၎င်းက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် နည်းလမ်းများနှင့် အရင်းအမြစ်အချို့ကို လက်တွေ့အသုံးချနိုင်ရန် ကာလတိုလုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသည်။ ၎င်းသည် ကဏ္ဍအလိုက် အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာ၌ ခိုင်လုံသော ပံ့ပိုးမှုလိုအပ်သည့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မှမဟုတ်သော ကိုယ်စားလှယ်များအတွက်လည်း သင့်တော်ပါသည်။. သို့သော် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံ သို့မဟုတ် ဗဟုသုတ အနည်းငယ်သာရှိသော ကာကွယ်စောင့်ရှောက်ရေး နယ်ပယ်မှ မဟုတ်သော၊ ပိုမိုလေးနက်သည့် စွမ်းဆောင်ရည်တည်ဆောက်မှုကို လိုအပ်သော လုပ်ရှားဆောင်ရွက်သူများနှင့် သင့်လျော်မှု မရှိပါ။

| | |
|---|---|
| သင်ရိုး သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။<br>• ကဏ္ဍအလိုက် အစီစဉ်များကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ချင့်တွက်မှု လုပ်ဆောင်သည့်အဆင့်လုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသော နည်းလမ်းများ ချမှတ်ပေးပါမည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပြီး ၎င်းတို့၏တန်ဖိုးနှင့် အသုံးချမှုကို လက်တွေ့သရုပ်ပြပါမည် |
| သင်ယူခြင်း ရလဒ်များ | ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်<br>• ၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည် |
| သင်ရိုး အကြမ်းဖျင်းဖော်ပြချက်နှင့် အကြံပြုထားသော အချိန်ဇယား | 09:00 – 09:50 ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။<br>09:50 – 10:30 ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်မှာ အဘယ်နည်း။<br>10:30 – 10:50 လက်ဖက်ရည်သောက် နားချိန်<br>10:50 – 12:30 ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိက အခြေခံသဘောတရားလေးချက်<br>12:30 – 13:30 နေ့လည်စာ စားချိန်<br>13:30 – 14:40 လက်တွေ့တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု<br>14:40 – 15:00 လက်ဖက်ရည်သောက် နားချိန်<br>15:00 – 16:30 လက်တွေ့တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်း- ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း<br>16:30 – 17:30 နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

# အပိုင်း 1- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် လုပ်ငန်းခွင်ဆွေးနွေးပွဲ၏ ရည်ရွယ်ကိုမိတ်ဆက်ပေးပြီး ပါဝင်ဆောင်ရွက်သူများ တွေ့ဆုံ၍ တစ်ဦးအကြောင်း တစ်ဦး အနည်းငယ်စီ လေ့လာနိုင်မည့် အခွင့်အရေးများ ပံ့ပိုးပေးသည်။ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက အဘယ်ကြောင့် အရေးကြီးကြောင်း လေ့ကျင့်သင်ကြားခြင်းနှင့် ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏သီးခြား အခြေအနေနှင့် ပတ်သက်ပြီး တုံ့ပြန်ရန် တိုက်တွန်းပေးခြင်းတွင် ဤသင်တန်းက အလွန်အရေးပါသည်။ ၎င်းသည် စိတ်သဘောထားများကို လှုံ့ဆော်ရန်နှင့် သရုပ်ဖော်ပေးနိုင်ရန်၊ လေ့ကျင့်သင်ကြားမှုအတွက် "သဘောထား" သတ်မှတ်ရန်နှင့် လေ့ကျင့်သင်ကြားမှုကိုယ်တိုင်၏ တန်ဖိုးနှင့်အညီ ပါဝင်ဆောင်ရွက်သူများအား စည်းရုံးသိမ်းသွင်းရန် ရည်ရွယ်ထားပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 50 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီဆွေးနွေးခြင်း / အတွဲလိုက်မိတ်ဆက်ခြင်းများနှင့် လေ့ကျင်ခန်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ပါဝင်ဆောင်ရွက်သူများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူများကြားတွင် မိတ်ဆက်ခြင်းကို အဆင်ပြေချောမွေ့စေပါသည်<br>• ထိုနေ့အတွက် ဦးတည်ချက်များကို အသားပေး ပြောကြားပါမည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးအတွက် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အရေးကြီးပုံကို သရုပ်ဖော်ပြပြီး အလေးပေးရှင်းပြပါမည်<br>• သီးခြားအကြောင်းအရာနှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သက်ရောက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် သင့်လျော်မှုရှိကြောင်း ဖော်ပြ၍ တိုက်တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန် ဖြစ်သည်ကို အသိအမှတ်ပြုပါမည် |
| အဓိက အမှာစကားများ | ✸ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>✸ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ |
| ပြင်ဆင်ခြင်း | • သင်တန်းမစတင်ခင် PowerPoint ဆလိုက်တစ်ခုအပေါ်တွင် ဟေတီနိုင်ငံမှ ကောင်လေး၏ပုံကို ပြင်ဆင်ထားပါ သို့မဟုတ် ၎င်းပုံအား လေ့ကျင့်သင်ကြားရေးအခန်းတစ်နေရာတွင် ထင်ထင်ရှားရှားမြင်အောင် ပြသထားပါ။<br>• ဖြစ်နိုင်ပါက ဒေသတွင်းမှ သင့်တော်သည့်ပုံတစ်ပုံကို အသုံးပြုပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)*<br>*အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)*<br>*PPT ဆလိုက် - သင်ရိုး သင်ယူခြင်း ရလဒ်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လှုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း</td><td></td></tr>
<tr><td></td><td>
<ul>
<li>လေ့ကျင့်ရေးအဖွဲ့နှင့် သင့်ကိုယ်သင်မိတ်ဆက်ပါ ။</li>
<li>ဝေဖန်အကြံပြုချက်ရယူရန် ရေချိုးခန်းများ / လက်ဖက်ရည်သောက် နားချိန်များ / အရေးပေါ် ထွက်ပေါက်များ / အဆက်အသွယ်အမှတ်များစသည့် အိမ်မှုကိစ္စအမှတ်များအကြောင်းအချက်အလက်များ ပံ့ပိုးပေးပါ။</li>
<li>သင်ရိုး သင်ယူခြင်း ရလဒ်များကိုရှင်းလင်းတင်ပြပေးပါ ။</li>
</ul>
ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-
<ul>
<li>လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်</li>
<li>လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်</li>
<li>၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည်</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်</li>
</ul>
<ul>
<li>ပါဝင်ဆောင်ရွက်သူများအား လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းကိုဖြည့်စွက်ခိုင်းပါ။ သင်တန်းပို့ချစဉ် တစ်လျှောက်လုံး လေ့လာသင်ယူမှုကို ခြေရာကောက်နိုင်ခြင်းသည် ပါဝင်ဆောင်ရွက်သူများနှင့် လေ့ကျင့်သင်ကြားပေးသူများအတွက် ၎င်းကအလွန်အသုံးဝင်သည်ကို ရှင်းပြပါ။</li>
<li>ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့လုပ်ကိုင်နေသည့် အေဂျင်စီနှင့် ၎င်းတို့၏အမည်ကို အချင်းချင်းမိတ်ဆက်ခိုင်းပါ။</li>
</ul>
</td><td>PPT ဆလိုက်<br><br>အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)</td></tr>
<tr><td>15 မိနစ်</td><td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။</td><td></td></tr>
<tr><td></td><td>
<ul>
<li>ဤသင်တန်းတွင် ကျွန်ုပ်ရှိနေရသည့်အကြောင်းရင်းနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးကြီးပုံဖြင့် စတင်မည်ဖြစ်ကြောင်းကိုရှင်းပြပါ ။</li>
<li>ချိုင်းထောက်ဖြင့် ရေမြောင်းကို ဖြတ်လျှောက်နေသည့် ဟေတီမှ ကောင်လေး၏ ဓာတ်ပုံကိုပြသပါ။</li>
<li>ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီမေးမြန်းပါ- ကောင်လေး ဘယ်ကို သွားနေသည်ဟု သင်ထင်ပါသလဲ။</li>
</ul>
အဖြေများတွင် ကျန်းမာရေးစင်တာ / ဈေးသို့ / သူ့အိမ်သို့ / ကျောင်းသို့ / သန့်စင်ခန်းသို့ တို့ပါဝင်နိုင်သည်။ ဤမေးခွန်း၏ ရည်ရွယ်ချက်မှာ လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများ (ဥပမာ ကျန်းမာရေး၊ အစားရေစာဖူလုံရေး၊ ပညာရေး၊ သန့်ရှင်းရေး) ဖြစ်နိုင်သည့် ဝန်ဆောင်မှု စာရင်းတစ်ခုကို ရရှိရန် ဖြစ်ပါသည်။
<ul>
<li>အောက်ပါ မေးခွန်းအချို့ကို အသုံးပြုပြီး ကောင်လေး၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုတစ်ခုကိုဖြစ်မြောက်အောင်ဆောင်ရွက်ပါ ။
<ul>
<li>ထိုကောင်လေးသည် အဆိုပါဝန်ဆောင်မှုများအတွက် အဓိပ္ပါယ်ရှိသော ရယူခွင့်ရှိမည်ဟု သင်ထင်ပါသလား။ မည်သည်ကြောင့်ထင်ပါသနည်း / မထင်ပါသနည်း။</li>
<li>မည်သည့်အခက်အခဲများရင်ဆိုင်ရမည်နည်း။ မည်သည်ကြောင့် ရင်ဆိုင်ရမည်နည်း။</li>
<li>အဆိုပါဝန်ဆောင်မှုများရယူရန် ထိုကောင်လေးအတွက် လုံခြုံမှုရှိပါသလား။</li>
<li>အဆိုပါဝန်ဆောင်မှုများ၏ တည်နေရာနှင့် ရယူနိုင်မည့် နည်းလမ်းများအကြောင်း ထိုကောင်လေးနှင့်အတူ ဆွေးနွေးညှိနှိုင်းထားသည်ဟု သင်ထင်ပါသလား။</li>
</ul>
</li>
</ul>
*သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ
</td><td>အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)</td></tr>
</table>

| | | |
|---|---|---|
| | • အဆိုပါဝန်ဆောင်မှုများထဲမှ တစ်ခုစီက လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုနှင့် သက်ဆိုင်သည်ကို**ရှင်းပြပါ**-<br>    • သန့်စင်ခန်းသို့ သွားခြင်း = WASH<br>    • ကျောင်းသို့သွားခြင်း = ပညာရေး<br>    • ကျန်းမာရေးစင်တာသို့ သွားခြင်း = ကျန်းမာရေး<br>    • အစရှိသည်ဖြင့်<br>• လှန်နိုင်သောကားချပ်များပေါ်တွင် ဝန်ဆောင်မှုများကို**ချရေးပါ**။<br>• ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ **မေးမြန်းပါ**။ ထိုကောင်လေးအနေဖြင့် ဤဝန်ဆောင်မှုများကို ရယူနိုင်ကြောင်းသေချာစေရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။<br>*တုံ့ပြန်ဆောင်ရွက်မှုများဆိုသည်မှာအထူးပြုအေဂျင်စီများ (ဥပမာ၊ Handicap International, UNHCR) ကို ရည်ညွှန်းပါသည်။ အဖြေ "မှန်" သည် အားလုံးတွင် တာဝန်ယူမှု အတိုင်းအတာတစ်ခုအထိ ရှိသည်ဖြစ်သည်။*<br>**သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*<br>• ကောင်လေးအတွက် ခြေတုဖန်တီးပေးခြင်းကဲ့သို့ အချို့သော လုပ်ရှားဆောင်ရွက်မှုများအတွက် အထူးပြုအေဂျင်စီများ လိုအပ်နိုင်သည်၊ သို့သော် ကောင်လေးသည် ၎င်းတို့၏ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း သေချာစေရန်မှာ ကိုယ်စားလှယ်အားလုံး (ဥပမာ သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစရှိသည်တို့) တွင် တာဝန်ရှိကြောင်း**ရှင်းပြပါ**။<br>*ဘီးတပ်ကုလားထိုင်များသုံးသော ကလေးများ (ကလေးများ၏ 5% အောက်က) ရှိသော နေရာတစ်ခုတွင် ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် NGO တစ်ခုအား ဥပမာအဖြစ် ဖော်ပြပေးပါ။ ဤ NGO က ၎င်းတို့ပံ့ပိုးပေးထားသော အဆိုပါဝန်ဆောင်မှုများကို ပေါလီယိုနိုင်ငံမှကလေးကဲ့သို့သော ကလေးများ အလွယ်တကူ "ရယူ" နိုင်စေရန် ကျောင်းတွင်ရနိုင်သော ကလေးအရွယ်သုံး ချိုင်းထောက်နှင့် ဘီးတပ် ကုလားထိုင်များရှိနေကြောင်း သေချာဆောင်ရွက်ပေးခဲ့သည်။ ၎င်းတို့က ကြမ်းခင်းများ ပြောင်ချောနေပြီး ကျောက်စရစ်ခဲများမရှိသည့်၊ မသန်စွမ်းသူများအသုံးပြုနိုင်သော တွင်းအိမ်သာများကို မသန်စွမ်းသူများ သေချာစွာအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။*<br>*မှတ်ချက်- ဖြစ်နိုင်ပါက လေ့ကျင့်သင်ကြားရေး ဆောင်ရွက်သည့် နေရာမှ ဥပမာတစ်ခုကို အသုံးပြုပါ။*<br>• ယခင် ဥပမာသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာဖြစ်ကြောင်း**ရှင်းပြပါ**။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်ပါသည်။ ၎င်းတို့သည် အထူးပြုအေဂျင်စီများနှင့် အချို့သောကိစ္စရပ်များအတွက် ပူးပေါင်းလုပ်ဆောင်ရနိုင်သည် (ဥပမာ - ခြေတုထောက်ပံ့ခြင်း)။ သို့သော် ၎င်းတို့၏ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်စေရေးအတွက် ၎င်းတို့အားလုံးတွင် တာဝန်ရှိပါသည်။ | |
| 25 မိနစ် | ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက သင့်အခြေအနေတွင် အဘယ်ကြောင့် အရေးကြီးရသနည်း။ | |
| | • ပါဝင်ဆောင်ရွက်သူများအား နှစ်ယောက်တစ်တွဲစီ**တွဲခိုင်းပါ**။ ဤအခြေအနေတွင် အပိုင်းကဏ္ဍအလိုက် အစီအစဉ်များတွင် ၎င်းတို့ကြုံတွေ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာများနှင့်ပတ်သက်သည့် ခိုင်လုံသော ဥပမာများအကြောင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးခိုင်းပါ။<br>*ဥပမာတစ်ခု ပေးပါ - အစားအစာများပေးဝေသည့်နေရာမှ အိမ်သို့ အပြန်လမ်းတွင် တိုက်ခိုက်ခံရသည့်လူများနှင့် အခိုးခံရသည့် ၎င်းတို့၏အစားအစာများ။ (ဖြစ်နိုင်ပါက အခြေအနေနှင့် သက်ဆိုင်သော ဥပမာများဖြင့် အစားထိုးပေးပါ။)*<br>*ပါဝင်ဆောင်ရွက်သူများတွင် ကာကွယ်စောင့်ရှောက်ရေးပြဿနာနှင့်ပတ်သက်သည့် တိုက်ရိုက်အတွေ့အကြုံမရှိပါက ၎င်းတို့အား သဘောတရားတူညီသည့် ဥပမာများ စဉ်းစားခိုင်းပါ။*<br>• လူတိုင်းဖတ်နိုင်စေရန် ပါဝင်ဆောင်ရွက်သူတစ်ဦးလျှင် A5 ကတ္တူပြားတစ်ခုပေါ်တွင် မင်တံများဖြင့် ဥပမာတစ်ခု**ချရေးခိုင်းပါ**။ ဖြစ်နိုင်ပါက ဥပမာများသည် ၎င်းတို့၏ အခြေအနေနှင့် သက်ဆိုင်သင့်ပါသည်။ | *A5 ကတ္တူများနှင့် ရေးမှတ်ဘောပင်များ* |

| | | |
|---|---|---|
| | • ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက် မတ်တပ်ရပ်ရန်**ဖိတ်ခေါ်** ပြီး (အမည်နှင့် အဖွဲ့အစည်းကို ပြောပြလျက်) မိမိကိုယ်ကို မိတ်ဆက်ခိုင်းကာ အပိုင်းကဏ္ဍအလိုက် အစီအစဉ်တစ်ခုအတွင်း ၎င်းတို့ကြုံတွေ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို အကျဉ်းချုံးရှင်းပြခိုင်းပါ။<br>*မှတ်ချက်- ဥပမာအားလုံးကို နံရံတွင် ကပ်ပြီး လိုအပ်သည့်အခါ ဥပမာများအဖြစ် အသုံးပြုရန် သင်တန်းတစ်လျှောက်လုံးတွင်နှင့် သင်တန်းပြီးဆုံးချိန်အထိ ထားထားလိုက်ပါ။*<br>• ၎င်းတို့၏ ဥပမာများအတွက် ပါဝင်ဆောင်ရွက်သူများကို**ကျေးဇူးတင်ကြောင်းပြောပါ**။ ယင်းပြဿနာအားလုံးကို ကျွန်ုပ်တို့ ယခုလက်ငင်းဖြေရှင်းမည် မဟုတ်ဘဲ သင်တန်းကာလအတွင်း ၎င်းတို့ကိုပြန်လည်ညွှန်းဆိုသွားမည်ဖြစ်ကြောင်း ရှင်းပြပါ။ | |
| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
| | ✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

** သင်တန်းပို့ချသူ မှတ်စု 1*

ပါဝင်ဆောင်ရွက်သူများအား မေးခွန်းပေါင်းများစွာဖြင့် လမ်းညွှန်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကကျသည့် အစိတ်အပိုင်းအချို့ ဖြစ်သည့် - ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းတို့ကို နှိုက်ထုတ်ရန် ဖြစ်ပါသည်။

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည်-
    - a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
    - b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
    - c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
    - d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
    - e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
    - f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်
- ပေတီမှ ကောင်လေး၏ ဖြစ်စဉ်တွင် ၎င်းသည် ဘေးကင်းလုံခြုံရေး၊ လွယ်ကူစွာ လက်လှမ်းမီ ရယူနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအရ ရယူခွင့်ရှိမှုတို့တွင် သိသိသာသာ ကန့်သတ်ထားခံရပါသည်။
- ကောင်လေးအနေဖြင့် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်းမရှိခြင်းက ၎င်းသည်သင့်တော်သည့် တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများကို သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ထားခြင်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဖော်ပြပါသည်။ သင့်တော်သော တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများ သတ်မှတ်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကောင်လေးသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်အားလုံးက ကဏ္ဍတစ်ခုကနေပါဝင်ကြောင်း ခွဲခြားသိနိုင်ရန် ပါဝင်ဆာင်ရွက်သူများအတွက် ဤမေးခွန်းမေးရခြင်းဖြစ်ပါသည် -

a. ဝန်ဆောင်မှုများ ရယူရန် လမ်းကြောင်းနှင့် တည်နေရာအတွက် တိုင်ပင်ဆွေးနွေးထားပြီး ဖြစ်ခြင်း
b. ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း
c. ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံခံထားရခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသာမဟုတ်ဘဲ ဒေသတွင်းနှင့် နိုင်ငံတွင်းအစိုးရတွင် အဓိကတာဝန်ရှိကြောင်း အသိအမှတ်ပြုပါ။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ကိုယ်ပိုင် အစီအစဉ်များ၏ အကြောင်းအရာများဖြစ်သည့် သန့်ရှင်းရေး၊ နေထိုင်ရေး၊ ယာယီစခန်း စီမံခန့်ခွဲရေးဝန်ထမ်း အစရှိသည်တို့တွင် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်မည့် အရေးကြီးသော အခန်းကဏ္ဍကို သိနားလည်ရမည်။

# အပိုင်း 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်မှာ အဘယ်နည်း။

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်ရိုးအပိုင်းတွင် *GPC အကျဉ်းချုပ်*တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သဘောတရားကို ပါဝင်ဆောင်ရွက်သူများ သိရှိစေရန် မိတ်ဆက်ဖော်ပြထားပါသည်။ ဤသင်ရိုးအပိုင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ လက်တွေ့အခြေပြု ဥပမာများ၊ သီးသန့် ပြဌာန်းချက်များမှတစ်ဆင့် GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လေ့လာဖော်ထုတ်ထားပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 40 မိနစ်

**သင်တန်း အမျိုးအစား** - အုပ်စုငယ်လိုက် လုပ်ဆောင်မှု / အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများ / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• 'ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' ၏ သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးပြီး ရှင်းပြပေးပါမည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား GPC က မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို ရှင်းပြပေးပါမည်<br>• လက်တွေ့မှုရသည့် ခိုင်လုံသော ဥပမာများနှင့်အတူ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းဖော်ပြပေးပါမည်<br>• လက်တွေ့တွင် မည်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား လုပ်ဆောင်နေသည်၊ လုပ်ဆောင်နေခြင်းမရှိသည်ကို ရှင်းပြပြီး ဤသည်မှ ဖြစ်ပေါ်လာသည့် တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်ရန် အားပေးတိုက်တွန်းပါမည် |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>• ၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည် |
| အဓိက အမှာစကားများ | * နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့က ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>* ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် အရာ (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် နည်းလမ်း (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။<br>* ကာကွယ်စောင့်ရှောက်မှုအား ကဏ္ဍအားလုံးနှင့် အစီအစဉ်/စီမံကိန်းကာလ၏ အဆင့်ဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ပါသည်။ |
| ပြင်ဆင်ခြင်း | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ၏ ပိုစတာများအား အခန်းပတ်လည်တွင် ချိတ်ထားပါ။ ဥပမာများအတွက် *အရင်းအမြစ် 2 (စာမျက်နှာ 157) ကို ကြည့်ပါ။* |

| အရင်းအမြစ်များ | *အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ (စာမျက်နှာ 157)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - GPC ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |
|---|---|

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>  • *၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 10 မိနစ် | ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်ကို သဘောပေါက်နားလည်ခြင်း | |
| | • 'ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' ဟူသည့် ဝေါဟာရကို ပါဝင်ဆောင်ရွက်သူများက မည်ကဲ့သို့နားလည်ကြောင်း **မေးမြန်းပါ**။<br>  **သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• ပါဝင်ဆောင်ရွက်သူများထံမှ စိတ်ကူးစိတ်သန်းများကို စက္ကူကားချပ်ပေါ်တွင်**ချရေးပြီး** အောက်ပါ အဓိကကျသည့် အချက်များကို အရောင်ခြယ်ပေးပါ-<br>  • ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်မှာ အချို့သော ပြဿနာများ (ဥပမာ၊ ကျား/မ ကွဲပြားမှု) ကို ဖြေရှင်းရန် သို့မဟုတ် ယင်းပြဿနာအတွက် သီးခြား အပိုင်းကဏ္ဍ၊ အစီအစဉ် သို့မဟုတ် ပရောဂျက် တစ်ခုမစီစဉ်ဘဲ သတ်မှတ်ထားသော ရလဒ် (ကျား/မ ကွဲပြားမှု) ရရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။<br>  • ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် အခြေအနေတစ်ခု သို့မဟုတ် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းပြုလုပ်နေသည့် ပြဿနာ (ဥပမာ၊ ကျား / မ) အတွက် လက်ရှိ အပိုင်းကဏ္ဍအစီအစဉ် သို့မဟုတ် ပရောဂျက် (ဥပမာ၊ ရေ၊ ရေဆိုးသန့်စင်ခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပရောဂျက်) ၏ ကောင်းကျိုးပြုသက်ရောက်မှုများကို မြှင့်တင်ရန် ရည်ရွယ်သည်။<br>  • ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် အရာ (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် နည်းလမ်း (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။ | *စက္ကူကားချပ် ကပ်ခွာတိပ်၊ ရေးမှတ်ရန် မင်တံများ* |

<table>
<tr><td>20 မိနစ်</td><td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း</td><td></td></tr>
<tr><td></td><td>
• ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက်ခွဲပေးပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိပ္ပါယ်ကို ဆွေးနွေးခိုင်းပါ။<br><br>
• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏စိတ်ကူးများကို မျက်နှာစုံညီမျှဝေခိုင်းပါ။ အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှု စည်းမျဉ်းများ၊ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ရေးဆွဲရာတွင် ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်များ၊ ဝန်ဆောင်မှုရယူနိုင်ကြောင်း သေချာအောင်လုပ်ဆောင်ခြင်း၊ တာဝန်ခံမှုနှင့် ပါဝင်ဆောင်ရွက်ခြင်းအပါအဝင် ၎င်းတို့နှင့်သက်ဆိုင်သော မည်သည့်အချက်များကိုမဆို ခွဲခြားသတ်မှတ်ပြီး ထောက်ခံပေးပါ။<br><br>
*သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ<br><br>
• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး GPC ၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို PowerPoint ဆလိုက်တစ်ခုအပေါ်တွင်ရှင်းလင်းတင်ပြပါ-<br><br>
“ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်း စာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်” အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br><br>
• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းက ကျွန်ုပ်တို့ မည်သည်တို့ လုပ်ဆောင်သနည်း (ထုတ်ကုန်) ပေါ်တွင် အလေးပေးထားသည်၊ သို့သော် ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ဆောင်သနည်း ပို၍အလေးပေးထားပြီး ယင်းကာကွယ်စောင့်ရှောက်မှုအား အစုအဖွဲ့အားလုံးနှင့် ပရိုဂရမ်/ပရောဂျက်သက်တမ်းတစ်လျှောက်လုံးတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ကြောင်းကိုရှင်းပြပါ ။<br><br>
• ပါဝင်ဆောင်ရွက်သူများအား အခန်းတွင်း လမ်းလျှောက်၍ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်သက်ဆိုင်သည့် ခိုင်လုံသော ဥပမာများကိုဖတ်ကာ ၎င်းတို့၏ကိုယ်ပိုင်အလုပ်များမှ ဥပမာများအကြောင်း တွေးကြည့်ခိုင်းပါ။<br><br>
• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ပါဝင်ဆောင်ရွက်သူများထံမှ ၎င်းတို့၏ကိုယ်ပိုင်အတွေ့အကြုံမှ ရရှိသည့် ဥပမာများကိုနှိုက်ယူပါ။<br><br>
• ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ/သီးသန့် ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်မှုများနှင့်မတူဘဲ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ကွဲထွက်နေစေသည့်အရာက မည်သည့်အရာဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအားမေးမြန်းပါ။ အောက်ပါတို့ကဲ့သို့သော ထင်မြင်ချက်များကို နှိုက်ယူပါ-<br>
– ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရေး အလုပ်ကိုမူ ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူများက ဦးစီးလုပ်ဆောင်ပါသည်။<br>
– ကာကွယ်စောင့်ရှောက်ရေး အလုပ်တွင် သီးသန့်ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များ ရှိပါသည်<br>
– ကာကွယ်စောင့်ရှောက်ရေး အလုပ်သည် ၎င်း၏ ကိုယ်ပိုင် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အတူ ကျွမ်းကျင်မှုရှိစွာလုပ်ရသည့် နယ်ပယ်ဖြစ်သည်။<br><br>
• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားသော ကာကွယ်ရေးကိစ္စရပ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းရှင်းပြပါ။ ယင်းသည် လူသားအချင်းချင်း စာနာထောက်ထားရေးကို အသက်မွေးဝမ်းကျောင်းလုပ်သူအားလုံး၏ တာဝန်ဝတ္တရားဖြစ်သည့် ကာကွယ်စောင့်ရှောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ သင်၏ နိစ္စဓူဝ လုပ်ငန်းဆောင်တာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူ၏ ပံ့ပိုးမှု မလိုအပ်ပါ။<br><br>
*သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ
</td><td>PPT ဆလိုက်<br><br>အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ(စာမျက်နှာ 157)</td></tr>
<tr><td>5 မိနစ်</td><td>အဓိကအမှာစကားများ အကျဉ်းချုပ်</td><td></td></tr>
<tr><td></td><td>
• သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်အကျဉ်းချုံး ပြပါ-<br>
✸ နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့က ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်ကို “ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်” အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>
✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် အရာ (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် နည်းလမ်း (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။<br>
✸ ကာကွယ်စောင့်ရှောက်မှုအား ကဏ္ဍအားလုံးနှင့် အစီအစဉ်/စီမံကိန်းကာလ၏ အဆင့်ဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ပါသည်။
</td><td>PPT ဆလိုက်</td></tr>
</table>

# သင်တန်းပို့ချသူ မှတ်စုများ

## ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်ကို သဘောပေါက်နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဆွေးနွေးပွဲကို လမ်းညွှန်ပေးရန်အတွက် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့ အလုပ်လုပ်သည့် နိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ ဥပမာတစ်ခုခုကို ရှိ၊ မရှိ ပါဝင်ဆောင်ရွက်သူများအား မေးမြန်းပါ။ (ဥပမာ၊ ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး)

လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားမှုတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ကွဲပြားခြားနားသော ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

1. **ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** တွင် အစီအစဉ်သက်တမ်းတစ်လျှောက် အဆင့်အားလုံးတွင် အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးများအပေါ်တွင် လုပ်ရှားဆောင်ရွက်မှုများ၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားသည်။ ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများအပြင်၊ အမျိုးသားများ၏ လက်တွေ့ကျပြီး မဟာဗျူဟာမြောက်သော လိုအပ်ချက်များသည် အသိအမှတ်ပြုခံရပြီး မူဝါဒနှင့် အစီအစဉ်ရေးဆွဲခြင်းတွင် အလေးအနက်စဉ်းစားပေးထားကြောင်း သေချာစေရန် ဖြစ်ပါသည်။ IASC Gender Marker သည် လူသားအချင်းချင်းစာနာထောက်ထားရေး ပရောဂျက်အား အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောက်ျားလေးများနှင့် အမျိုးသားများ တန်းတူညီစွာ အကျိုးခံစားခွင့်ရှိကြောင်း သေချာစေရန် လုံလောက်စွာ ဒီဇိုင်းရေးဆွဲထားရှိ၊ မရှိ နှင့် ပရောဂျက်က ကျား၊မ တန်းတူညီမှုကို အဆင့်မြှင့်တင်ပေးနိုင်မည်လားဆိုသည်ကို 0-3 အတိုင်းအတာဖြင့် တိုင်းတာပေးသည့် ကိရိယာတစ်ခုဖြစ်သည်။[14]
2. **ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV)** သည် ကျယ်ပြန့်သော နိုင်ငံတကာ အများပြည်သူကျန်းမာရေးနှင့် လူ့အခွင့်အရေး ကိစ္စများဖြစ်သည်။  IASC GBV လမ်းညွှန်ချက်များသည် GBV ကို တားဆီးကာကွယ်ရန်နှင့် လျော့ကျစေရန် ပဓာနကျသည့်ဆောင်ရွက်ချက်များကို စီစဉ်ကာ အကောင်အထည်ဖော်၍ ပူးပေါင်းဆောင်ရွက်စောင့်ကြည့်ပြီး အကဲဖြတ်ကြရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအခန်းကဏ္ဍအားလုံးကို အကူအညီဖြစ်စေရန် ရည်ရွယ်ပါသည်။[15]
3. **ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း**၊ '...သို့မဟုတ် ကလေးသူငယ်များကိုအကာအကွယ်ပေးရေး ထည့်သွင်းစဉ်းစားမှုများနှင့်ပတ်သက်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သည့် ကဏ္ဍအားလုံးထံ အသိပေးထားကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်သူအားလုံး လုပ်ဆောင်နေသည့်အလုပ်၏ သက်ရောက်မှုသည် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား အများဆုံး အကူအညီဖြစ်စေကြောင်း သေချာစေရမည်။ ၎င်းသည် ကလေးသူငယ်များ၏ ဘေးကင်းမှု သို့မဟုတ် ကျန်းမာပျော်ရွှင်မှုကို သင့်လျော်စွာစဉ်းစားပေးခြင်းမရှိဘဲ ပုံစံထုတ်ထားသည့်အစီအစဉ်များကြောင့် အမှတ်တမဲ့ ပိုမိုဆိုးရွားသွားသည့် ကလေးသူငယ်များ၏ပြဿနာဖြစ်စဉ်များကို အနည်းဆုံးဖြစ်စေအောင်လည်း ကူညီပေးပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား ပေါင်းစပ်ထည့်သွင်းခြင်းသည် 'အန္တရာယ်မဖြစ်ရေး' စည်းမျဉ်းကို တစ်စိတ်တစ်ပိုင်း လိုက်နာခြင်းဖြစ်ပါသည်။ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများကို ကြည့်ပါ)။[16]
4. **HIV နှင့် AIDs ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း** သည် ကိုယ်စားလှယ်များအား ၎င်းတို့၏ ပုံမှန်အလုပ်နှင့်လုပ်ငန်းခွင်အတွင်းတွင်ပါ ထိရောက်ကာ အထောက်အပံ့ဖြစ်စေသည့်နည်းလမ်းဖြင့် AIDS ၏ ဖြစ်စဉ်များနှင့် သက်ရောက်မှုများကို ဖြေရှင်းနိုင်စေသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ... ၎င်းသည် HIV နှင့် AIDS သည် ယခုအခါနှင့် နောင်အနာဂတ်တွင် မည်သို့သက်ရောက်နိုင်သည်ကို ခွဲခြားဆန်းစစ်သည့်အခန်းကဏ္ဍဖြစ်ပြီး အခန်းကဏ္ဍဆိုင်ရာမူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် လူအများတွင်ဖြစ်ပွားတတ်သော ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အခန်းကဏ္ဍအပေါ် မည်မျှ လွှမ်းမိုးနိုင်ကြောင်းကိုစဉ်းစားသည့် ပဓာနကျသော လုပ်ငန်းစဉ်ဖြစ်ပါသည်။[17]
5. **မသန်စွမ်းမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း** သည် မသန်စွမ်းသူများအတွက် သာတူညီမျှမှုရရှိရေးဆိုင်ရာ နည်းဗျူဟာဖြစ်ပါသည်။ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မသန်စွမ်းသူများပါဝင်သည့် အဖွဲ့အစည်းများနှင့် အခြား လူမှုဝန်ထမ်းအဖွဲ့အစည်းများသည် 2006 ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မသန်စွမ်းသူများဆိုင်ရာအခွင့်အရေးညီလာခံ (အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် 61/106၊ နောက်ဆက်တွဲ I) တွင် ပြဋ္ဌာန်းထားသည်များကိုလိုက်နာလျက် သာတူညီမျှရှိရေး ပန်းတိုင်ဆီသို့ ရောက်ရှိရန် အားမာန်အပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။
6. 'လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် **စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု (MHPSS)** အတွက် လမ်းညွှန်ချက်များ' တွင် အခန်းကဏ္ဍဆောင်ရွက်ချက်များအတွင်း သီးခြားလူမှုရေးဆိုင်ရာ ကိစ္စရပ်များ (ဂုဏ်သိက္ခာအရ အားလုံးအတွက် ဘေးကင်းကာ သင့်လျော်သော လုပ်ပိုင်ခွင့်) ကို ထည့်သွင်းရန် လမ်းညွှန်ချက်များပါဝင်ပါသည်။[18] ပေါင်းစပ်အသုံးအနှုန်းဖြစ်သည့် 'စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု' [MHPSS] အား လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ကျန်းမာပျော်ရွှင်မှုကို ကာကွယ်ရန် သို့မဟုတ် တားဆီးရန် နှင့်/သို့မဟုတ် စိတ်ကျန်းမာရေးကစဥ့်ကလျားဖြစ်မှုကို ကာကွယ်ရန် သို့မဟုတ် ကုသရန် ရည်ရွယ်သည့် ဒေသတွင်း သို့မဟုတ် ပြင်ပမှ ပံ့ပိုးမှုအမျိုးအစားတစ်စုံတစ်ရာကို ဖော်ပြရန် အသုံးပြုပါသည်။[19]
7. **UNHCR က**"ကျား၊မ သာတူညီမျှမှုနှင့် လူသားအခွင့်အရေးများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေးများအတွက် လေးစားမှုကို တိုးမြှင့်ရန်နှင့် ဒုက္ခသည်အားလုံးကို ၎င်းတို့၏လူမျိုး၊ လူမှုရေး သို့မဟုတ် ကိုးကွယ်ယုံကြည်မှုနောက်ခံတို့ကို ထည့်မတွက်ဘဲ ကာကွယ်ပေးနိုင်စေရန် မဟာဗျူဟာ" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အသက်၊ လိင်နှင့် ကွဲပြားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း။[20]

---

14 https://www.humanitarianresponse.info/topics/genderကို ကြည့်ပါ။

15 http://gbvaor.net/tools-resources/ လမ်းညွှန်ချက်များ၏ မွမ်းမံထားသောဗားရှင်းကို အွန်လိုင်းတွင် ယခုထက်ထိ မရရှိနိုင်သေးပါ။ ရရှိနိုင်သည်နှင့်တစ်ပြိုင်နက် ၎င်းကို ဤဆိုက်တွင် တင်ပေးမည်ဖြစ်ပါသည်။

16 http://cpwg.net/?get=006914|2014/03/CP-Minimum-Standards-English-2013.pdf.

17 UNAIDS http://www.undp.org/content/dam/aplaws/publication/en/publications/hiv-aids/mainstreaming-hiv-and-aids-in-sectors-and-programmes--guide/19.pdf

18 http://www.who.int/mental_health/emergencies/guidelines_iasc_mental_health_psychosocial_june_2007.pdf

19 IASC၊ လူသားအချင်းချင်းစာနာထောက်ထားရေး အခြေအနေများ၊ စာမျက်နှာ 1-2 တွင်ပါသည့် စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု (MHPSS) အတွက် လမ်းညွှန်ချက်များ

20 UNHCR (2006a) လုပ်ငန်းဆောင်တာများတွင်ပါဝင်မှုဆိုင်ရာအကဲဖြတ်မှုအတွက် UNHCR တူးလ်တစ်ခု။ ဂျီနီဗာ - UNHCR.

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဆိုလိုရင်းနှင့် ပတ်သက်သော စိတ်ကူးအချို့မှာ-

- ရေ၊ သန့်ရှင်းရေးနှင့် ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးခြင်း (သန့်ရှင်းရေး) ကဲ့သို့သော အခြားကဏ္ဍများတွင် ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- စီမံကိန်း သက်တမ်း (အကဲဖြတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း) အဆင့်အားလုံးအတွင်း ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- လူအများ ဘေးကင်းလုံခြုံမှုရှိ မရှိနှင့်ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်ရေးဆွဲခြင်းတွင် လူအများ၏လုပ်ပိုင်ခွင့်များသည် လေးစားခံရခြင်းရှိ မရှိနှင့် ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် အားနည်းချက်အား ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေခြင်း
- အုပ်စုအားလုံး ပါဝင်ကြောင်း သေချာစေခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် ဖြစ်လာနိုင်သော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို သတိပြုမိခြင်း
- လူအများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များအပေါ်တွင် လက်ရှိ အခန်းကဏ္ဍ အစီအစဉ်များနှင့် စီမံကိန်းများ၏ အပြုသဘောဆောင်သော သက်ရောက်မှုများကို တိုးမြှင့်ခြင်း။

အချို့သောပါဝင်ဆောင်ရွက်သူများက 'ဘေးကင်းလုံခြုံသော အစီအစဉ်ရေးဆွဲခြင်း' သို့မဟုတ် 'ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း' ကဲ့သို့သော အလားတူစိတ်ကူးများကို ပေးရန် မတူညီသော ပညာရပ်ဝေါဟာရကို အသုံးပြုသည့် အေဂျင်စီများတွင် အလုပ်လုပ်နေတတ်သည်။ 'ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' သည် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) နှင့် နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့ (GPC) မှ သဘောတူလက်ခံထားသော ပညာရပ်ဝေါဟာရဖြစ်ကြောင်း ရှင်းပြရန် ကြိုတင်ပြင်ဆင်ထားပါ။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် *GPC အကျဉ်းချုံးကို* http://www.globalprotectioncluster.org/_assets/files/aors/protection_mainstreaming/Brief_on_Protection_Mainstreaming-EN.pdfတွင် ကြည့်ပါ။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်းကို မြှင့်တင်ပေးသော နည်းလမ်းများတွင် ထိခိုက်ခံရသည့်လူစုများအပေါ် အသားပေးခြင်း သို့မဟုတ် လူအများအား ၎င်းတို့၏ ရပိုင်ခွင့်များကို တောင်းဆိုရန်၊ ကုစားမှုများကို ရယူရန်နှင့် လွဲမှားစွာအပြုခံရမှု၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူလာနိုင်ရန် လုပ်ဆောင်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ ကူညီမှုက အရေးကြီးပုံတို့ အမြဲတစေ မပါဝင်ပါ။

** သင်တန်းပို့ချသူ မှတ်စု 3*

ဤဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ကို သိရှိလိုကြပေမည်။ အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပြောပြပေးသင့်ပါသည်-

> "သက်ဆိုင်သည့် နယ်မြေများရှိ ဥပဒေများ (ဥပမာ၊ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထာရေး ဥပဒေ၊ ဒုက္ခသည်ဥပဒေ) ၏ စာသားနှင့် ဆိုလိုရင်းနှင့်အညီ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝ လေးစားကြရန် ရည်ရွယ်ထားသည့် လှုပ်ရှားဆောင်ရွက်မှုအားလုံး။" အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC, 1999)

လေ့ကျင့်သင်ကြားပေးမှုသည် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ဆိုလိုရင်းကို အပြည့်အစုံ ရှင်းပြရန်အတွက်သာ အဓိက အာရုံမစိုက်သင့်ပါ။ လေ့ကျင့်သင်ကြားပေးသူသည်ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများဖြစ်ကြောင်း အသားပေးပြောပြသင့်ပြီး ဤလေ့ကျင့်သင်ကြားပေးခြင်းက ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားအားလုံး၏ တာဝန်ဖြစ်ကြောင်း အလေးပေးပြောပြရန်ဖြစ်သည်ဟု ပြောပြသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့်အသေးစိတ် မေးခွန်းများကိုမဆို ဖြေဆိုပေးနိုင်ရန်အလို့ငှာ သင်တန်းပို့ချသူသည် IASC အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါသည့် အောက်ပါလမ်းညွှန်ချက်ကို သိထားသင့်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေးဆိုသည်ကို IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) သည် လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ပင်မအစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းဖြစ်သည် (၎င်းတွင် ကုလသမဂ္ဂ (UN)၊ Red Cross၊ Red Crescent Movement နှင့် NGO များမှ ကိုယ်စားလှယ်များ ပါဝင်သည်)။

IASC၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည်လူသားအချင်းချင်းစာနာထောက်ထားရေးနှင့်လူ့အခွင့်အရေးကိုယ်စားလှယ်များအတွက်'အားလုံးခြုံငုံသော'အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်ဟု ကျယ်ပြန့်စွာ မှတ်ယူပြီး ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်အဖြစ် လူအများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ လက်ခံ ဆောင်ရွက်သောကြောင့် ၎င်းကအရေးကြီးပါသည်။ အေဂျင်စီအများစုက IASC ၏ အဓိပ္ပါယ် သတ်မှတ်ချက်ကို အခြေခံပြီး အခွင့်အရေးများကို အသိအမှတ်ပြုကာ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းဆောင်ရွက်ချက်များတွင် အံဝင်ခွင်ကျဖြစ်စေရန် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ၎င်းတို့ကိုယ်ပိုင်အဓိပ္ပါယ်ကို ဆက်လက် သတ်မှတ်ကြပါသည်။

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'လူပ်ရှားဆောင်ရွက်မှုအားလုံး'

အလိုက်သင့်တုံ့ပြန်သော၊ ကုစားသောနှင့် ပတ်ဝန်းကျင် ဖန်တီးခြင်း ဆောင်ရွက်ချက်များအား ကာလတို၊ အလယ်အလတ်ကာလနှင့် ကာလရှည်အဖြစ် အသီးသီး တစ်ခါတစ်ရံ ဖော်ပြပါသည်။

ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်သုံးမျိုး၏ လှုပ်ရှားဆောင်ရွက်မှု ဥပမာများ-

1. **အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်** ဆိုသည်မှာ ပေါ်ထွက်လာသော သို့မဟုတ် ရှိပြီးသားဖြစ်နေသော ချိုးဖောက်မှုပုံစံတစ်ခုနှင့် စပ်လျဉ်း၍ ချက်ချင်း ဆောင်ရွက်သည့် လှုပ်ရှားမှုဖြစ်ပြီး ၎င်းကဲ့သို့ အမှုကိစ္စမျိုး အဖန်တလဲလဲဖြစ်ခြင်းကို တားဆီးရန်၊ ၎င်းကို ရပ်တန့်ရန် နှင့်/သို့မဟုတ် ၎င်း၏ လက်ငင်းအကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ထားပါသည်။ အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်သည် (နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သော်လည်း) အရေးပေါ် လုပ်ဆောင်ရမည့် သဘောမျိုး ရှိကာ အကြမ်းဖက်တစ်ခု၏ လက်ငင်း ထိတ်လန့်ဖွယ်ရာများကို ခံစားနေရသည့် သီးခြား အရပ်သားအုပ်စုတစ်ခုသို့ ရောက်ရှိရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် အလွဲသုံးစားလုပ်သည့်ပုံစံကို ရပ်တန့်ရန်၊ တားဆီးရန်သို့မဟုတ် လျော့ပါစေရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

   **ဥပမာ-** လူ့အခွင့်အရေး အလွဲသုံးစားလုပ်ခံရခြင်းမှ လွတ်မြောက်လာသူများအား ကျန်းမာရေးဝန်ဆောင်မှုများသို့ ဘေးကင်းစွာ လမ်းညွှန်ပေးခြင်း

   **ဥပမာ-** အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ IDP ယာယီစခန်းတစ်ခု အပြင်ဘက်သို့ သွားရန်မလိုအပ်စေရန် NFI ဖြန့်ဝေခြင်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ထင်းများပံ့ပိုးပေးခြင်း

2. **ကုစားရေး ဆောင်ရွက်ချက်** သည် အကြမ်းဖက်ခြင်းကို ခံရပြီးနောက် ပြည်လည်ထူထောင်ပေးခြင်း၊ ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ပြုပြင်ပေးခြင်းတို့ဖြင့် ပြည့်စုံလုံလောက်သော နေထိုင်မှုအခြေအနေများနှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိစေရန် ရည်ရွယ်ထားသည်။ ကုစားရေးလှုပ်ရှားဆောင်ရွက်မှုများသည် ကာလကြာရှည်စွာ ဆောင်ရွက်ရသည့် အရာများ ဖြစ်ပြီး အလွဲသုံးစားပြုခံရသည့် နောက်ဆက်တွဲသက်ရောက်မှုများဖြင့် ရှင်သန်နေရသူများကို ကူညီရန် ရည်ရွယ်ထားသည်။ ၎င်းတွင် ထိုသူများ၏ ကျန်းမာရေးကို အားဖြည့်ပေးခြင်း၊ မိသားစုများကို ဖစ်မြစ်လိုက်ပေးခြင်း၊ အသက်မွေးမှုပံ့ပိုးပေးခြင်း၊ အိမ်ရာ၊ ပညာရေး၊ တရားရေးရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားသဖြင့်ဖြစ်စေခြင်းများ ပါဝင်ပါသည်။

   **ဥပမာ-** ကျန်းမာရေးအသိပညာပေးခြင်းဖြင့် လိင်အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများအား ကဲ့ရဲ့ပြစ်တင်ခြင်းကို တားဆီးရန် အာရုံစိုက်ထားသည်။

   **ဥပမာ-** အသက်မွေးမှု အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ယခင်တိုက်ပွဲဝင်စစ်သည်များအတွက် သက်မွေးဝမ်းကြောင်းဆိုင်ရာ လေကျင့်သင်ကြားပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်း

3. **ပတ်ဝန်းကျင်ဖန်တီးပေးခြင်းလုပ်ဆောင်ချက်** အား လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝအလေးထားပေးသော နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့်/သို့မဟုတ် ပေါင်းစည်းခြင်းအတွက် ရည်ရွယ်ထားသည်။ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းသည် မူဝါဒ၊ သဘောထား၊ ယုံကြည်မှုနှင့် အပြုအမူကို ပြောင်းပေးရန် ရည်ရွယ်ထားလျက် လူအဖွဲ့အစည်းတစ်ရပ်လုံးကို စိန်ခေါ်နေသော ပိုမိုနက်ရှိုင်းသော၊ ပိုမိုစနစ်ကျသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ပိုမိုလူသားဆန်သော နိုင်ငံရေးစံနှုန်းများ၊ ဥပဒေနှင့် တရားရေးရာ ဆောင်ရွက်ချက်များတွင် တိုးတက်မှုများ၊ လုံခြုံရေးအင်အားစုများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြမ်းမဖက်သော ပြည်သူ့ ယဉ်ကျေးမှုတစ်ခု တဖြည်းဖြည်း တိုးပွားလာအောင် ဖော်ဆောင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

   **ဥပမာ-** NGO နှင့် UN ဝန်ထမ်းများ လိုက်နာရမည်ဖြစ်သည့် ကျင့်ဝတ်စည်းကမ်းအကြောင်းကို WASH စီမံကိန်းတစ်ခုအတွင်း ပြည်သူများထံ အချက်အလက်များ ပံ့ပိုးပေးခြင်း

   **ဥပမာ-** ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်တွင် လိင်အကြမ်းဖက်မှု တားမြစ်ခြင်းအား ထည့်သွင်းရန်အတွက် ထောက်ခံအားပေးခြင်း

   **ဥပမာ-** ပြည်တွင်း ပြောင်းရွှေ့နေရာချထားသည့်ကိစ္စရပ်များတွင် လမ်းညွှန်ထားသောစည်းမျဉ်းများကို နိုင်ငံတော်မူဝါဒအဖြစ် သဘောတူလက်ခံရန်အတွက် ထောက်ခံအားပေးခြင်း

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများ' အောက်တွင်ပါသည့် 'လူတစ်ဦးချင်း၏ အခွင့်အရေးများ'

သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများတွင် အောက်ပါတို့ပါဝင်သည် -

'ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာဥပဒေ' ဆိုသည်ကို "ဥပဒေအဖြစ် လက်ခံထားသော အထွေထွေအလေ့အကျင့်တစ်ခု" ဟု နိုင်ငံတကာတရားလွှတ်တော်က ဖော်ပြထားသည်။[21] ထိုသို့သော အလေ့အကျင့်ကို စည်းမျဉ်း၏သဘာဝအပေါ် မူတည်ပြီး လိုအပ်သည် သို့မဟုတ် တားမြစ်သည် သို့မဟုတ် ခွင့်ပြုသည်ဟု ယုံကြည်ထားကြသည့်အတွက် ၎င်းတို့သည် နိုင်ငံအများစုက လက်တွေ့အသုံးချနေသည့် စည်းမျဉ်းများဖြစ်ပါသည်။[22]

လက်နက်ကိုင် ပဋိပက္ခ ဥပဒေအဖြစ် သိထားကြသော*နိုင်ငံတကာလူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေ*သည် စစ်မက်ပြုခြင်းများတွင် မပါဝင်သော သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမရှိတော့သော ပြည်သူသူများအား ကာကွယ်ပေးခြင်းနှင့် ပဋိပက္ခဖြစ်စေမည့် နည်းလမ်းများနှင့် လမ်းစဉ်များကို ကန့်သတ်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ သက်ရောက်မှုများကို ကန့်သတ်ရန် ကြိုးစားထားသည့် စည်းမျဉ်းတစ်စု ဖြစ်ပါသည်။ IHL ကို 1979 ခုနှစ် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ 1948 ခုနှစ် ဂျီနီဗာသဘောတူညီချက်များတွင် စတင် သတ်မှတ်ခဲ့ပါသည်။

21 ICJ ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေ၊ ပိုဒ်ခွဲ 38 (1)(b).

22 Jean-Marie Henckaerts နှင့် Louise Doswald-Beck, *ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ အပိုင်း 1- စည်းမျဉ်းများ*၊ ICRC၊ ကိန်းဘရစ်ချ်၊ 2005.

*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ* တွင် လူတစ်ဦးချင်းစီနှင့် အုပ်စုများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ (OCHCR) ကို ကာကွယ်ရန်အလို့ငှာ အချို့သော လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ရမည့် သို့မဟုတ် အချို့သောနည်းလမ်းများဖြင့် ပြုမူဆောင်ရွက်ရမည့် အစိုးရ၏ တရားဝတ္တရားများကို ဖော်ပြထားသည်။ ဥပမာ၊ ကလေးငယ်၏အခွင့်အရေးအတွက် သဘောတူညီချက် (1989) နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းမပြုရေး သဘောတူညီချက် (1979)

*ဒုက္ခသည်ဥပဒေ* ကို ဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်သည့် 1951 သဘောတူညီချက်နှင့် 1967 ခုနှစ် နောက်ဆက်တွဲ ကျင့်ဝတ်တွင် စတင် ချမှတ်ခဲ့ပါသည်။ ဒေသဆိုင်ရာ ဒုက္ခသည် အခွင့်အရေးများအတွက် အစိုးရစနစ်များတွင် အာဖရိကနှင့် လက်တင်အမေရိကတို့မှ ဒုက္ခသည်များအတွက် အရန်အခွင့်အရေးများကို ချမှတ်ထားပါသည်။ အာဖရိကန် စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း (OAU) သဘောတူညီချက် 1969 နှင့် ကာတေးဂျီးနား ကြေညာချက် 1984 ကို ကြည့်ပါ။

*ပြည်တွင်း ပြောင်းရွှေ့နေရာချထားခြင်းအတွက် လမ်းညွှန်ထားသော စည်းမျဉ်းစည်းကမ်းများ*တွင် ပြည်တွင်း နေရာပြောင်းရွှေ့ခံရသောသူများနှင့် သက်ဆိုင်သော လူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေနှင့် လူ့အခွင့်အရေးများကို ပြန်ပြင်ပြီး ရေးသားပြုစုထားပါသည်။

## ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုအတွက် သီးသန့် အစီအစဉ်ရေးဆွဲခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုကို သီးသန့် အစီအစဉ်ရေးဆွဲခြင်း (တစ်ခါတစ်ရံ 'ကာကွယ်စောင့်ရှောက်မှု သဒ္ဒာန်' အဖြစ် ရည်ညွှန်းကြသည်) တို့အကြား ကွဲပြားခြားနားမှုကို တချို့သော ပါဝဆောင်ရွက်သူများက မေးမြန်းနိုင်သည်။

**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** ဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ၎င်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း** သည် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီရည်ရွယ်ချက်နှစ်ခုစလုံးကို ပံ့ပိုးပေးရန်နှင့် သက်ရောက်သည့်လူစုများ၏ ဘေးအန္တရာယ်နှင့် ထိတွေ့ခံစားရမှုကို လျှော့ချပေးရေး တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်အတွက် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်မှု ပုံစံပင်ဖြစ်ပါသည်။[23] ၎င်းအတွက် ကဏ္ဍအလိုက်ကျွမ်းကျင်သူနှင့် ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူများ အတူတကွလုပ်ကိုင်ရန် လိုအပ်သည်။

*ဥပမာ- စီးပွားရေး (ဝင်ငွေတိုးစေခြင်း) နှင့် ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက် နှစ်ခုစလုံးပါရှိသော အသက်မွေးမှု လှုပ်ရှားဆောင်ရွက်ချက်များ (အရောင်းအဝယ်နှင့် အသက်ရှင်သန်ရန်လိင်ဆက်ဆံခံရခြင်း၊ ခေါင်းပုံဖြတ်သော / အန္တရာယ်များသောလုပ်ကိုင်ရသော အလုပ်သမား၊ ကလေးအလုပ်သမား) ကိစ္စရပ်တစ်ခုစီတွင် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုအပြင် GBV နှင့်/ သို့မဟုတ် ကလေးကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်မှု လိုအပ်ပါသည်။*

**သီးခြားကာကွယ်စောင့်ရှောက်မှု** အစီအစဉ်နှင့် စီမံကိန်းများတွင် သီးခြားကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များရှိပြီး ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူ လိုအပ်ပါသည်။

*ဥပမာများ- နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ ဥပဒေများ၏ စည်းမျဉ်း၊ ဒုက္ခသည်များ စာရင်းသွင်းခြင်း၊ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် ဆေးကုသမှုဆိုင်ရာ၊ ဥပဒေရေးရာ၊ စိတ်ပိုင်းဆိုင်ရာလူမှုရေး စောင့်ရှောက်မှုတို့အား လိုက်နာကြောင်း စောင့်ကြည့်စစ်ဆေးခြင်း။*

23 အထက်တွင်ဖော်ပြခဲ့ပြီးသော

# အပိုင်း 3- ကာကွယ်စောင့်ရှောက် ရေးနည်းလမ်းကို ပေါင်းစပ်ထည့် သွင်းခြင်း၏ အဓိကအချက်များ

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် *GPC အကျဉ်းချုံးတွင်* သတ်မှတ်ထားသည့်အတိုင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို မိတ်ဆက်ပေးပါသည်။ ၎င်းက ပါဝင်ဆောင်ရွက်သူများအား အဓိကအချက်များအကြောင်း သိရှိပြီး အကောင်း၊ အဆိုး အလေ့အကျင့်နှင့်ပတ်သက်သော ခိုင်လုံသည့် ဥပမာများဖြင့် စဉ်းစားတွေးတောမိရန် ပံ့ပိုးကူညီပေးပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 40 မိနစ်

**သင်တန်း အမျိုးအစား -** အုပ်စုငယ်လိုက် လုပ်ဆောင်မှု / အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများ / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ရှင်းပြပြီး အချက်တိုင်း၏ ဥပမာများကို ဦးစားပေး ဖော်ပြပါမည်<br>• အကောင်းမွန်ဆုံး အလေ့အကျင့်ကို အလေးပေးရန် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်း၏ ဥပမာများကို အရေးတယူ ခွဲခြမ်းစိတ်ဖြာပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းရာတွင် စိန်ခေါ်မှုများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်သူများအပြင်ကြိုတင်၍ လုပ်ဆောင်ရန် လိုအပ်မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ဖော်ပြပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်<br>• ၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်းကို အမြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည် |
| အဓိက အမှာစကားများ | ✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br>✸ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။ |
| ပြင်ဆင်ခြင်း | • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို* သည် ကောင်းမွန်ပြီး ဖွင့်ပြရန်အသင့်ဖြစ် မဖြစ် စစ်ဆေးပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*<br>*အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)*<br>*အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - GPC တာဝန်ခံမှုအကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - 5 IASC သန္နိဋ္ဌာန်များ*<br>*PPT ဆလိုက် - GPC ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အဓိပ္ပါယ်အကျဉ်းချုပ်*<br>*PPT ဆလိုက် - ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့်*<br>*PPT ဆလိုက် - လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>
<ul>
<li>သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-</li>
</ul>
ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-
<ul>
<li>လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ဖော်ပြပါမည်</li>
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်</li>
<li>၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို အပြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်</li>
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည်</li>
</ul>
<ul>
<li>ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</li>
</ul>
</td><td>PPT ဆလိုက်</td></tr>
<tr><td>60 မိနစ်</td><td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက်</td><td></td></tr>
<tr><td></td><td>
<ul>
<li>ပါဝင်ဆောင်ရွက်သူအားလုံးထံ GPC အကျဉ်းချုပ် များ၏ မိတ္တူကိုပေးဝေပါ။</li>
<li>GPC အကျဉ်းချုပ်တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောထားသော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက် လေးချက်ကိုဖတ်ပြပါ-
<ol>
<li>ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ</li>
<li>အဓိပ္ပါယ်ရှိသော ရယူသုံးစွဲခွင့် - လိုအပ်ချက်နှင့်အညီ အခက်အခဲမရှိ ရယူနိုင်ခြင်း</li>
<li>တာဝန်ခံမှု</li>
<li>ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု။</li>
</ol>
GPC ၏ အဓိကအချက်လေးချက်နှင့် နယ်ပယ်စည်းမျဉ်းများနှင့် စံနှုန်းများကြားတွင် ခိုင်မာသော ချိတ်ဆက်မှုများ ပြုလုပ်နိုင်သည်ကို သတိပြုပါ။<br>
*သင်တန်းပို့ချသူ မှတ်စု 1</li>
<li>အဓိကအချက်များအကြောင်း မဆွေးနွေးခင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဆိုင်ရာ အဓိကအချက် လေးချက်အကြောင်း ဗီဒီယိုအတိုလေးဖြင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်းရှင်းပြပါ။</li>
<li>ဗီဒီယိုကိုဖွင့်ပြပါ။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၊ နိုင်ငံတကာကာကွယ်ရေးအဖွဲ့ 2014 တို့ကို မိတ်ဆက်ပေးခြင်း အွန်လိုင်းတွင် ရရှိနိုင်ပါသည်<br>
http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html<br>
မှတ်ချက်- ဗီဒီယိုဖွင့်ပြ၍ မရနိုင်ပါက မျက်နှာစုံညီဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။</li>
<li>မျက်နှာစုံညီဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဆွေးနွေးမှုပြုလုပ်ခြင်းအတွက် အချိန်အမြောက်အများ ပေးခြင်းဖြင့် အောက်ပါမေးခွန်း အချို့ ကိုဆွေးနွေးပါ။<br>
မှတ်ချက်- သင့်တွင် အချိန်မည်မျှရှိသည်အပေါ်တွင် မူတည်ပြီး သင်မေးမည့်မေးခွန်းများကို ရွေးပါ။ သင့်တွင် အချိန်အနည်းငယ်သာရှိပါက ဗီဒီယိုနှင့် သက်ဆိုင်သော မေးခွန်းများကိုသာ မေးမြန်းပါ။</li>
</ul>
ဗီဒီယိုနှင့် ဆက်နွယ်လျက်-
<ul>
<li>ဗီဒီယိုအပေါ် သင်တို့၏ ထင်မြင်ချက်များက မည်သည်တို့ဖြစ်သနည်း။</li>
<li>၎င်းက အသစ် / ကွဲပြားခြားနားသော အရာတစ်ခုခုကို မိတ်ဆက်ပေးခဲ့ပါသလား။</li>
<li>ဗီဒီယိုပါ အကြောင်းအရာအားလုံးကို သင်သဘောတူပါသလား။</li>
</ul>
</td><td>အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)<br><br>အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)</td></tr>
</table>

**‘ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရမှုဖြစ်စေခြင်းကို ရှောင်ကြဉ်ပါ’ နှင့် ပတ်သက်ပြီး-**

- အေဂျင်စီတစ်ခုအနေဖြင့် ပြည်သူများအား မည်သည့်နည်းဖြင့် ဘေးအန္တရာယ်နှင့် ပိုမို ကြုံတွေ့စေခြင်း သို့မဟုတ် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာပြုမူစေခြင်းတို့အား မသိမသာဖြစ်စေနိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*

- တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျှော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ*

- အစီအစဉ်များတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးနိုင်ရန် အေဂျင်စီတစ်ခုအနေဖြင့် မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*

- အောက်ပါတို့**အတိုချုံးပြီး** ရှင်းပြပါ-

  1. အကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အကျပ်ကိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဘေးကင်းလုံခြုံရေးကို အနှောင့်အယှက် ဖြစ်စေပါမည်။
  2. လေးစားသမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်ကို သီးသန့် မထားရှိခြင်း၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်းတို့ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဂုဏ်သိက္ခာကို အနှောင့်အယှက်ဖြစ်စေပါသည်။

**အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲခွင့်နှင့် ပတ်သက်ပြီး-**

- မည်သည့်အတွက်ကြောင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို အချို့သော လူများ သို့မဟုတ် အုပ်စုများက ရယူခွင့်နိုင်ခွင့် မရှိရသနည်း။

  **သင်တန်းပို့ချသူ မှတ်စု 5 ကို ကြည့်ပါ*

- အကူအညီ ရယူနိုင်စွမ်းမရှိသော သို့မဟုတ် ဖယ်ကြဉ်ခံရသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်ရရှိနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့် မည်သည့် အထူးဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်သနည်း။

  **သင်တန်းပို့ချသူ မှတ်စု 6 ကို ကြည့်ပါ*

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည် အောက်ပါအခြေအနေတွင် ရှိရမည်ဖြစ်ကြောင်း **အတိုချုံး** ၍ ရှင်းပြပါ-

  a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
  b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
  c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
  d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
  e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
  f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်

**တာဝန်ခံမှုနှင့် ပတ်သက်၍-**

- မည်သည့်အတွက်ကြောင့် တာဝန်ခံမှုက အရေးကြီးကြောင်း**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နိုက်ယူစဉ်တွင် လှန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** တာဝန်ခံမှုအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်* ကို**ဆွေးနွေးပေးပါ**။ — *PPT ဆလိုက်*

  *အကျိုးခံစားသူများအတွက် တာဝန်ခံမှု - ကြားဝင်ဖျန်ဖြေပေးမှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိကို ထိခိုက်ခံစားသူများအနေဖြင့် တိုင်းတာနိုင်သော သို့မဟုတ် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးနိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါ။*

- ပြည်သူများအတွက် သင်တာဝန်ခံနိုင်မည့် အခြားနည်းလမ်းတွေက မည်သည်တို့ဖြစ်ကြောင်း**မေးမြန်းပါ**။

- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** (သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှု (AAP) ဆောင်ရွက်ချက်ဆိုင်ရာ ကန့်သတ်ဘောင်မှ) IASC သန္နိဋ္ဌာန် 5 ချက်ကို**ဆွေးနွေးပါ။**

  *PPT ဆလိုက်*

  **သင်တန်းပို့ချသူ မှတ်စု 7 ကို ကြည့်ပါ*

- ၎င်းတို့သည် လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့တစ်ခုလုံးက ချမှတ်ထားပြီးဖြစ်သည့် သန္နိဋ္ဌာန်များဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ။** ၎င်းတို့အား www.humanitarianinfo.org/iascတွင် ဖော်ပြထားသည့် AAP ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ဘောင်ကို ရည်ညွှန်းပေးပါ။

*ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြားအဓိကကျသော အချက်များနှင့်အတူ တာဝန်ခံခြင်းဖြင့် ဖြစ်ပေါ်လာသည့် အထူးသဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်အကြောင်း မှတ်သားထားပါ။*

**ပါဝင်ဆောင်ရွက်ခြင်း နှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းနှင့် ပတ်သက်ပြီး-**

- ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းတို့က မည်သည့်အတွက်ကြောင့် အရေးကြီးသည်ကို**မေးမြန်းပါ။**
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နှိုက်ယူစဉ်တွင် လုန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ။** အနည်းဆုံးအနေဖြင့် အောက်ပါတုံ့ပြန်ဖြေဆိုချက်များကို စာရင်းလုပ်ထားကြောင်း သေချာပါစေ-
  - ၎င်းက ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားသမှုရှိခြင်းကို ဖန်တီးပေးသည်
  - ၎င်းက ကြားဝင်ဖျန်ဖြေခြင်းသည် သင့်လျော်မှုရှိပြီး ထိရောက်မှုရှိကြောင်း သေချာစေရန် ကူညီပေးသည်
  - ရွှေ့ပြောင်းခံရပြီးနောက် ဘဝအတွက် စွမ်းရည်များ ဖြစ်ထွန်းစေသည်
  - ၎င်းက လူအများကို ၎င်းတို့၏ကိုယ်ပိုင်ဘဝများကို ပုံမှန်ပြန်ဖြစ်စေသည် - သူတစ်ပါးကို အားကိုးနေရခြင်း လျော့နည်းစေပြီး မိမိကိုယ်ကိုမှီခိုမှု[တစ်ရပ်]ကို တိုးတက်စေသည်။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်းအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်ကို* **ဆွေးနွေးပါ။**

  *PPT ဆလိုက်*

  *ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်း- မိမိကိုယ်ကိုကာကွယ်နိုင်စွမ်း တိုးတက်စေပြီး၊ နေစရာ၊ အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အား ကန့်သတ်ချက်မရှိ ရယူပိုင်ခွင့်အပါအဝင် လူအများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို တောင်းဆိုနိုင်စေရန် ကူညီပေးသည်။*

- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်မှုအဆင့်ဆင့်ကို **ဆွေးနွေးပေးပါ။**[b]

  *PPT ဆလိုက်*

  **သင်တန်းပို့ချသူ မှတ်စု 8 ကို ကြည့်ပါ*

- ပိုင်ဆိုင်ခွင့်အတွက် ကျွန်ုပ်တို့အမြဲ ကြိုးပမ်းသင့်ကြောင်းကို ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ။**
- ပိုင်ဆိုင်ခွင့်ကို မည်ကဲ့သို့ ရယူနိုင်ကြောင်းကို**မေးမြန်းပါ။** လူအများအပြားအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် အေဂျင်စီများက မည်ကဲ့သို့ ကူညီနိုင်သနည်း။
- လှန်နိုင်သောကားချပ်တစ်ခုပေါ်တွင် အဖြေများ **ချရေးပါ။**
- တုံ့ပြန်ဖြေဆိုမှုများ၊ အလေ့အကျင့်ကောင်းများအပြင် မပါသည့် အများကို အလေးပေး ပြောကြားလျက်**ဆွေးနွေးပါ။**

  **သင်တန်းပို့ချသူ မှတ်စု 9 ကို ကြည့်ပါ*

- PowerPoint ဆလိုက်ပေါ်တွင်**ပြသပါ**-။ လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းဆိုသည်မှာ လူများအတွက် "ပြီးမြောက်အောင်" ဆောင်ရွက်ပေးထားသည့် အရာမဟုတ်ပါ၊ ၎င်းသည် အသင်းအဖွဲ့အတွင်းရှိ လူအများက ၎င်းတို့၏အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ၎င်းတို့၏ ဗဟုသုတနှင့် အရင်းအမြစ်များကို တိုးမြှင့်ခြင်း၊ ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်စွမ်း တိုးတက်လာခြင်းနှင့် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ထွန်းလာစေရန် လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

  *PPT ဆလိုက်*

| | | |
|---|---|---|
| 30 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများ | |
| | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများကို ဖော်ပြထားသော လက်ကမ်းစာတစ်စောင်**ပုံ့ပိုးပေးပါ**။<br>• ၎င်းတို့၏ အခြေအနေနှင့်/ သို့မဟုတ် အတွေ့အကြုံနှင့် အညီ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်အကြောင်း နောက်ထပ်ဥပမာတစ်ခုကို ခွဲခြားဖော်ထုတ်ရန် ပါဝင်ဆောင်ရွက်သူများအား အုပ်စုလိုက်**ဆောင်ရွက်ခိုင်းပါ**။<br>• မျက်နှာစုံညီ၍ အချို့သော ဥပမာများကို မျှဝေရန် ပါဝင်ဆောင်ရွက်သူများအား**ဖိတ်ခေါ်ပါ**။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ယေဘုယျကောင်းမွန်သော လူသားအချင်းချင်းစာနာထောက်ထားရေး လက်တွေ့ဆောင်ရွက်ချက်၏ အရေးကြီးပုံကို**အသားပေး ပြောကြားပါ** (ဥပမာများတွင် လက်တွေ့သရုပ်ပြထားသည့်အတိုင်း - လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားအများစုသည် ကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လျက်ရှိပါသည်)-<br>    • အစီအစဉ်/စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှု<br>    • ကွဲပြားသော အုပ်စုများ ပါဝင်ခြင်း<br>    • လိင်၊ အသက်နှင့် ကွဲပြားခြားနားမှုအလိုက် ဒေတာများကို ခွဲထုတ်ခြင်း<br>    • လုံခြုံပြီး လျှို့ဝှက်ထားသော တုံ့ပြန်ချက်နှင့် တုံ့ပြန်ချက် လုပ်ထုံးလုပ်နည်း ပါဝင်သော ခိုင်လုံသည့် တာဝန်ခံမှု<br>    • အားနည်းချက်နှင့် လုပ်နိုင်စွမ်း ခွဲခြမ်းစိတ်ဖြာချက်<br>    • ဒုက္ခမပေးရေး/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ ကဲ့သို့သော ပဋိပက္ခအခြေပြု ချဉ်းကပ်နည်းများကို အသုံးချမှု<br>    • ဒေသတွင်း လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း<br>    • *ကျား/မ အခြေပြု အကြမ်းဖက်မှုများအတွက် လမ်းညွှန်ချက်များ*ကဲ့သို့သော သီးခြားလူစုများအတွက် လမ်းညွှန်မှုနှင့်အညီ အရေးယူဆောင်ရွက်ခြင်း<br>• အရေးကြီးသည့်အခါ ဤယေဘုယျကောင်းမွန်သော အလေ့အကျင့်များဖြင့် မလုံလောက်ကြောင်းကို**ထပ်လောင်းအတည်ပြုပါ**။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ရည်ရွယ်ချက်ရှိရှိဖြင့် အခြေအနေကိုဖန်တီး၍ လုပ်ဆောင်ရသော အဆင့်များဖြစ်သည်။ | *အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်* *(စာမျက်နှာ 164)* |
| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>    ✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br>    ✸ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။ | *PPT ဆလိုက်* |

a. ယာယီစခန်းစီမံခန့်ခွဲမှု စာရွက်စာတမ်းများ၊ NRC၊ 2008၊ စာမျက်နှာ 79-81

b. အထက်၌ ဖော်ပြခဲ့ပြီးသော။

# သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

GPC အကျဉ်းချုံးတွင်ပါသည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်နှစ်ချက်သည် ၊ အသိုင်းအဝိုင်း ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 1 ဖြစ်သော'သင့်လုပ်ရပ်၏ ရလဒ်တစ်ခုအဖြစ် ပြည်သူများကို နောက်ထပ် အန္တရာယ်နှင့် ကြုံတွေ့ရခြင်းကို ရှောင်ကြဉ်ခြင်း' နှင့် ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 2၊ 'လိုအပ်ချက်နှင့်အညီ ခွဲခြားဆက်ဆံခြင်းမရှိဘဲ သမာသမတ်ကျသော အကူအညီကို လူတိုင်း ရယူနိုင်ကြောင်း သေချာစေခြင်း' နှင့် ဆက်စပ်နေပါသည်။

*GPC အကျဉ်းချုံး*၏တတိယ အချက်သည် အသိုင်းအဝိုင်းပင်မစံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့ အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ချက်' ပါဝင်ပြီး အသိုင်းအဝိုင်း နည်းပညာ စံသတ်မှတ်ချက်များတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားသည်။ *GPC အကျဉ်းချုံး*၏စတုတ္ထမြောက် အချက်ကို အသိုင်းအဝိုင်းကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်း 4 ဖြစ်သော 'ပြည်သူများအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုခြင်း၊ ရနိုင်သော ကုစားနည်းများ ရယူခြင်းနှင့် အလွဲသုံးစားပြုခံရခြင်း၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူနိုင်အောင်ပြုလုပ်ခြင်းတို့တွင် ကူညီခြင်း' နှင့်ပင်မ စံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်' တွင် သတ်မှတ်ဖော်ပြထားသည်။

### * သင်တန်းပို့ချသူ မှတ်စု 2

အေဂျင်စီတစ်ခုက လူအများကို တိုးပွားလာသော အန္တရာယ် သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများကို အလွဲသုံးစားလုပ်ခံရခြင်းများနှင့် အမှုမဲ့အမှတ်မဲ့ဖြင့် ကြုံတွေ့စေရတတ်သည့် ဥပမာများ[24] တွင် အောက်ပါတို့ပါဝင်သည်-

- ကဏ္ဍအသီးသီးမှ သက်ရောက်သည့်လူစုများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှုမရှိခြင်းကြောင့် အချို့သောလူများ သို့မဟုတ် အုပ်စုများ၏ ခွဲခြားဆက်ဆံခြင်းနှင့် အဆင့်အတန်း နိမ့်ချမှုတို့ကို အားပေးအားမြှောက်ဖြစ်စေပါသည်။
- လူအများအတွက် ၎င်းတို့၏နေရပ်မှ စီမံကိန်းရှိသည့်နေရာသို့ သွားရောက်ရာတွင် မည်မျှ ဘေးကင်းလုံခြုံကြောင်း ထည့်သွင်းမစဉ်းစားထားသည့် နေရာများတွင် (အစားအစာပေးဝေခြင်း သို့မဟုတ် ရေပေးဝေရာနေရာများ) အစီအစဉ်များ/ စီမံကိန်းများ စီစဉ်ခြင်းဖြင့်
- နယ်မြေခံလူစုများ၏ လိုအပ်ချက်ကို လျစ်လျူရှုလျက် ပြောင်းရွှေ့ခံရသောသူများအား အကူအညီပံ့ပိုးပေးခြင်းဖြင့်
- အထိခိုက်မခံသော သတင်းအချက်အလက်ကို လျှို့ဝှက်ထားနိုင်ခြင်းမရှိခြင်းနှင့် ဘေးကင်းစွာ သိမ်းဆည်းထားနိုင်မှုမရှိခြင်းဖြင့်
- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် အစီအစဉ်/စီမံကိန်း၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်မပေးခြင်းဖြင့်
- လူအများ၏ ကိုယ်တိုင်ကူညီနိုင်စွမ်းအားများကို လျော့ပါးစေခြင်းဖြင့် (လုပ်ကိုင်နှင့်ပြီး ထိရောက်မှုရှိသော လက်ရှိအုပ်စုတစ်ခုကို အကျိုးရှိရှိအသုံးချမည့်အစား စီမံကိန်းတစ်ခုအတွက် အသင်းအဖွဲ့တစ်ဖွဲ့ စီစဉ်ခြင်းကဲ့သို့သော)
- အရေးယူရန်ပျက်ကွက်ခြင်း - လူအများ၏ အခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းအား လျစ်လျူရှုခြင်းဖြင့်

***မှတ်ချက်-*** *ယင်းက ပါဝင်ဆောင်ရွက်သူများကြောင့်ဖြစ်ပါက 'ဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ပါ' နှင့် 'ဒုက္ခမပေးပါနှင့်' တို့ကြားတွင် ကွဲပြားချက်ကို မှတ်သားထားရန် အရေးကြီးသည် ဒုက္ခမပေးပါနှင့် ချဉ်းကပ်နည်းသည် ပဋိပက္ခ အခြေအနေများတွင် စီမံကိန်းစီစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတို့ ပြုလုပ်ရာတွင်ကူညီရန် အသေးစား ပဋိပက္ခခွဲခြမ်းစိတ်ဖြာခြင်းအတွက် အမြင်သဘောတရားနှင့် ဆိုင်သော ကန့်သတ်ချက်ဘောင်တစ်ခုဖြစ်ပါသည်။ 'နောက်ထပ် ဒုက္ခပေးခြင်း ရှောင်ကြဉ်ပါ' အယူအဆသည် သက်ဆိုင်သည့်လူများအပေါ်တွင် ဆန့်ကျင်သော၊ ရည်ရွယ်မထားသော သက်ရောက်မှုများဖြစ်စေနိုင်သော အကူအညီပေးရေး စီမံချက်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း အားလုံးအားပဋိပက္ခခွဲခြမ်းစိတ်ဖြာမှုထက်ပင် ကျော်လွန်ပါသည်။*

### * သင်တန်းပို့ချသူ မှတ်စု 3

[25]တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်လုပ်ဆောင်နိုင်သည့် ဥပမာများ-

- တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင် အောက်ပါတို့အပါအဝင် မတူကွဲပြားသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခြင်း-
  - အမျိုးသမီး၊ မိန်းကလေးများ၊ ယောက်ျားလေးများနှင့် အမျိုးသားများ
  - ကွဲပြားသော အသက်အရွယ် အုပ်စုများ (သီးသန့်အားဖြင့် ကလေးများ၊ ဆယ်ကျော်သက်များ၊ လူငယ်နှင့် အခြားအရွယ်ရောက်ပြီးသူများ)
  - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာ ချို့တဲ့သည့်သူများ
  - အဖွဲ့အစည်းတစ်ခု၏ လက်အောက်တွင် နေထိုင်နေရသူများ
  - HIV၊ နာတာရှည်ဖျားနာခြင်း သို့မဟုတ် အခြားကျန်းမာရေးအန္တရာယ်များ ခံစားနေရသူများ
  - လူမျိုးစု၊ နိုင်ငံရေးနှင့်ဆိုင်သော သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လူနည်းစုများ
  - လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံအခြေအနေ သို့မဟုတ် ဇစ်မြစ် မတူညီသောလူများ
  - ၎င်းတို့၏လိုအပ်ချက်များနှင့် မသက်ဆိုင်ဘဲ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ဘေးဖယ်ထားခြင်းခံရသော သို့မဟုတ် ချန်လုပ်ထားခြင်းကို ခံစားနေရသော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ[26]
- ပဋိပက္ခ အခြေအနေများတွင် 'ဒုက္ခမပေးပါနှင့်/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ' အကဲဖြတ်မှုတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ပါ
- ပုံမှန်အန္တရာယ်အကဲဖြတ်မှုများကို ဦးစီးဆောင်ရွက်ပါ
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ
- အကူအညီပေးရန် သတ်မှတ်ထားသော စံနှုန်းများကို သက်ရောက်သည့်လူစုများနှင့်အတူ ရေးဆွဲသတ်မှတ်ပါ
- စီမံကိန်းနေရာများအပြင် ၎င်းနေရာများသို့ ဘေးကင်းစွာ အသွား၊ အပြန်ပြုလုပ်နိုင်ခြင်းရှိမရှိ ကို မတူကွဲပြားသော အုပ်စုများ၏ ရှုထောင့်မှနေ၍ အကဲဖြတ်ပြီး ပုံမှန်စောင့်ကြည့်စစ်ဆေးပါ

### * သင်တန်းပို့ချသူ မှတ်စု 4

သက်ရောက်သည့်လူစုများ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးဆောင်ရွက်ရန် အေဂျင်စီတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သော အရာများ၏ ဥပဒေများ-

- အသုံးအဆောင်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းသည့်နေရာတွင် သတ်မှတ်ထားရှိကြောင်း သေချာစေခြင်း
- ကလေးများအတွက် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်များ စီစဉ်ပေးရန် သက်ရောက်သည့်လူစုများအား ပံ့ပိုးကူညီခြင်း
- အစီအစဉ်ဝန်ထမ်းအားလုံးနှင့် စေတနာ့ဝန်ထမ်းအားလုံးကို လေ့ကျင့်သင်ကြားထားပေးပြီး သင့်အေဂျင်စီ၏ ကျင့်ဝတ်စည်းမျဉ်းကို သတိပြုမိကြောင်း သေချာစေခြင်း
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို အကောင်အထည်ဖော်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံချက်များတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း

---

24 World Vision၊ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး စံသတ်မှတ်ချက်များ* (2012) ကို ကြည့်ပါ။

25 အထက်တွင်ဖော်ပြခဲ့ပြီးသော

26 အထက်၌ ဖော်ပြခဲ့ပြီးသော စာပိုဒ်၌၊ ပင်မစံသတ်မှတ်ချက် 2၊ လမ်းညွှန်မှတ်ချက် 3

- မိသားစုများနှင့် ဆွေမျိုးအုပ်စုများကို အတူတကွရှိနေစေပြီးတစ်ရွာတည်းနေလူများ သို့မဟုတ် ကွန်ရက်တစ်ခုအတွင်းမှလူများအား အတူတကွရှိနေစေမည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- သက်ရောက်သည့်လူစုများက ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း ရှိ၊ မရှိနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် ပြောင်းလဲမှုများလုပ်နိုင်၊ မလုပ်နိုင်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းပါ

** သင်တန်းပို့ချသူ မှတ်စု 5*

အချို့သောလူများ သို့မဟုတ် အုပ်စုများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို ရယူနိုင်ခြင်းမရှိရသည့် အကြောင်းရင်းအချို့တွင် အောက်ပါတို့ပါဝင်သည် -

- အကြမ်းဖက်မှုကို ထိတ်လန့်ခြင်း အပါအဝင် ပဋိပက္ခနှင့်/ သို့မဟုတ် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်းနှင့် အကြမ်းဖက်ခြင်း (၎င်းက ပံ့ပိုးပေးထားသည့်နေရာမှ လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီရယူခြင်းကို အဟန့်အတားဖြစ်စေနိုင်ပြီး၊/ သို့မဟုတ် သီးသန့်နေရာတွင် အကူအညီပေးရန် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူများကိုလည်း အဟန့်အတား ဖြစ်စေပါသည်)
- မြေမြှုပ်မိုင်းများ၊ စစ်ဆေးရေးဂိတ်နှင့် ဝန်းရံပိတ်ဆို့ခြင်းတို့ တည်ရှိနေမှု
- ဝေးလံသော သို့မဟုတ် ရယူရန်မဖြစ်နိုင်သော နေရာ (ဥပမာ မိုးရာသီတွင် ဖြတ်သန်းသွား၍မရသော လမ်းများ၊ သို့မဟုတ် စီမံကိန်းနေရာသို့သွားရန် မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါသည် သို့မဟုတ် သက်ကြီးရွယ်အိုများအတွက် မဖြစ်နိုင်သည့် ဝေးလံသောအကွာအဝေး)
- ရယူခွင့်ကို ငြင်းဆိုခြင်း (ဥပမာ သက်ရောက်သည့် လူတစ်စုလုံးအတွက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အာဏာပိုင်များက ငြင်းဆိုခြင်း သို့မဟုတ် ထင်ရှားသောလူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုကအရေအတွက်နည်းသော လူမျိုးစုအား ခွဲခြားချန်ထားမှု)
- အကျိုးခံစားခွင့်နှင့် ပတ်သက်သည့် အချက်အလက်သည် လူအားလုံးနားလည်နိုင်သော ဘာသာစကား သို့မဟုတ် ပုံစံတွင်မရှိခြင်း။
- ဒေသတွင်းအာဏာဖွဲ့စည်းပုံများက အချို့လူများအား အကူအညီမရရှိအောင် ပိတ်ပင်ထားသည်

** သင်တန်းပို့ချသူ မှတ်စု 6*

ချန်လှပ်ထားခံရသော သို့မဟုတ် အကူအညီရယူနိုင်စွမ်းမရှိသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်လွယ်ကူအဆင်ပြေစေရန် အေဂျင်စီတစ်ခုက လုပ်ဆောင်နိုင်သည့် အထူးစီမံချက်များ၏ ဥပမာတွင် အောက်ပါတို့ပါဝင်သည်-

- အစီအစဉ်/စီမံကိန်း အချက်အလက်သည် လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတွင်ရှိကြောင်း သေချာစေခြင်း
- ရွေ့လျား/ကမ်းလင့်ထောက်ကူခြင်း ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း
- အဆောက်အဦနှင့် အသုံးအဆောင်အားလုံးတို့အတွက် စီစဉ်ရေးဆွဲ၊ ဒီဇိုင်းပြုလုပ်ရာတွင် အားလုံးပါဝင်စေခြင်းကို ကျင့်သုံးလိုက်နာခြင်းဖြင့် တည်ဆောက်ပြီးဖြစ်သော ပတ်ဝန်းကျင်ကို အားလုံး ရယူခွင့်ကို ထောက်ခံပေးခြင်း
- အန္တရာယ်ကျရောက်နေသော အုပ်စုများအတွက် ဘေးကင်းသောနေရာလွတ်များ ပံ့ပိုးပေးခြင်း (ဥပမာ အစားအစာပေးဝေရာတွင် အမျိုးသမီးများအတွက် သီးသန့် ဘေးကင်းသောနေရာလွတ်တစ်ခု စီစဉ်ခြင်း)
- အမျိုးသမီးများနှင့် အမျိုးသားများအတွက် သီးသန့် ကျန်းမာရေးဆေးခန်းအား မတူညီသော နေ့ရက်၊ အချိန်များတွင် ဖွင့်လှစ်ခြင်း

***မှတ်ချက်-*** *သမာသမတ်ကျသော အကူအညီ ဆိုသည်မှာ ဆိုးကျိုးပေးသော ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်နှင့်အညီ ပံ့ပိုးပေးသည့် အကူအညီဖြစ်ပါသည်။ ယင်းက လူတိုင်းကို တထေရာတည်းဖြစ်သော အကူအညီပေးရမည်ဟု မဆိုလိုပါ – အကူအညီပိုလိုအပ်သော သို့မဟုတ် မတူညီသော အကူအညီအား လိုအပ်နေသောသူများထံ မတူညီသော၊ ပိုနေသော အကူအညီများကို ပေးရမည်။*

** သင်တန်းပို့ချသူ မှတ်စု 7*

ဒီဇင်ဘာလ 2011 ခုနှစ်တွင်၊ IASC ကိုယ်စားလှယ်များက သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှုရှိကြောင်း သေချာစေရန် အေဂျင်စီများလုပ်နိုင်သည့်အချက်များကို အကြမ်းဖော်ပြသည့် အောက်ပါ သန္နိဋ္ဌာန် 5 ချက်ကို အတည်ပြုပေးခဲ့သည်

IASC တာဝန်ခံမှု သန္နိဋ္ဌာန် 5 ချက်

- **ခေါင်းဆောင်မှု/အုပ်ချုပ်မှု** အကြံပေးချက်နှင့် တာဝန်ခံမှု လုပ်ထုံးလုပ်နည်းများကို နိုင်ငံမဟာဗျူဟာများ၊ အစီအစဉ်အဆိုပြုချက်များ၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများ၊ လူသစ်စုဆောင်ခြင်း၊ ဝန်ထမ်းမိတ်ဆက်ခြင်းများ၊ လေ့ကျင့်သင်ကြားခြင်းများနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှု၊ မိတ်ဖက်သဘောတူညီချက်များနှင့် အစီရင်ခံခြင်းတွင် မီးမောင်းထိုးပြထားသောအချက်များထဲ ပေါင်းစည်းထားကြောင်း သေချာစေခြင်းဖြင့် သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံရန် ၎င်းတို့သန္နိဋ္ဌာန်ကို လက်တွေ့သရုပ်ပြပါ။
- **ပွင့်လင်းမြင်သာမှု** - သတင်းအချက်အလက်များ ပံ့ပိုးပေးလျက် ၎င်း၏ သက်ရောက်သည့်လူစုများနှင့် အဖွဲ့အစည်းတစ်ခုအကြားတွင် အပြန်အလှန်ဆွေးနွေးခြင်းကို ဖြစ်မြောက်စေရန်နှင့် ကြိုတင်အသိပေးထားပြီးဖြစ်သည့် အကြောင်းအရာများအပေါ် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်ခွင့်များကို ၎င်းတို့လုပ်နိုင်ကြောင်း သေချာစေရန် ၎င်းတို့အပေါ် သက်ရောက်သည့် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများအကြောင်း အချက်အလက်များကို သက်ရောက်သည့်လူစုများထံ အချိန်နှင့်တပြေးညီ ပေးအပ်ပြီး အလွယ်တကူ ရရှိနိုင်အောင် ပြုလုပ်ပေးရန်။
- **အကြံပေးချက်နှင့် တိုင်ကြားချက်များ-** မူဝါဒချိုးဖောက်ခြင်းနှင့် ပါဝင်ပတ်သက်သူများ၏ မကျေနပ်မှုနှင့် ပတ်သက်၍ တိုင်ကြားချက်များကို ဖြေရှင်းပေးရာ၌ အကြံပေးချက်နှင့် တိုင်ကြားချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ကြောင်း၊ ၎င်းတို့သည် သင့်လျော်ပြီး ခိုင်ခံ့မှုရှိကြောင်း သေချာစေခြင်းဖြင့် အစီအစဉ်ရေးဆွဲရာတွင် မူဝါဒီနှင့် လက်တွေ့ကျင့်သုံးမှုကို မြှင့်တင်ရန် သက်ရောက်သည့်လူစုများ၏ အမြင်များကို အင်တိုက်အားတိုက် ရယူပါ။

- **ပါဝင်ဆောင်ရွက်ခြင်း -** ဘေးဖယ်ထားမှုခံထားရပြီး သက်ရောက်မှု အခံရဆုံး ပုဂ္ဂိုလ်များကို ကိုယ်စားပြုထားပြီး ၎င်းတို့၏ လွှမ်းမိုးမှုရှိသည်ကိုသေချာစေရန်နှင့် ၎င်းတို့ သင့်လျော်မှန်ကန်စွာ ပါဝင်လာကြစေရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များနှင့် အလေ့အကျင့်များကို ချမှတ်ခြင်းဖြင့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်-ချမှတ်သည့် လုပ်ငန်းစဉ်တွင် တက်ကြွသည့်အခန်းကဏ္ဍတစ်ခုမှ သက်ရောက်သည့်လူစုများကို ပါဝင်စေပါ။
- **ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း-** လေ့လာတွေ့ရှိသည်များကို အဖွဲ့အစည်းထံ ပုံမှန် သတင်းပေးခြင်းနှင့် လုပ်ငန်းစဉ်၏ ရလဒ်များအား အစီရင်ခံခြင်းတို့ပြုလုပ်ပြီး သက်ရောက်သည့်လူစုအား ပါဝင်စေကာအစီအစဉ်များ၏ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ဒီဇိုင်းဆွဲ၍ စောင့်ကြည့်ပြီး အကဲဖြတ်ပါ။

** သင်တန်းပို့ချသူ မှတ်စု 8*

ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့် (ယာယီစခန်းစီမံခန့်ခွဲရေး စာရွက်စာတမ်းများမှ)

- ပိုင်ဆိုင်မှု - အသင်းးအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထိန်းချုပ်ဆောင်ရွက်သည်
- အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှု - အခြား လုပ်ရှားသူများနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အသင်းအဖွဲ့က ရာနှုန်းပြည့်ပါဝင်သည်။
- လုပ်ငန်းသဘောအရဖြစ်သော - ကန့်သတ်ထားသော ဆုံးဖြတ်ချက်ချခွင့်အာဏာနှင့်အတူ သီးခြား အခန်းကဏ္ဍတစ်ခုကိုသာ အသိုင်းအဝိုင်းက ဖြည့်ဆည်းပေးသည် (ဥပမာ နောက်ပိုင်းတွင် NGO ဝန်ထမ်းအဖွဲ့ဝင်တစ်ဖွဲ့က ကြီးကြပ်ဆောင်ရွက်သည့် ရေပေးဝေရေး ကော်မတီ)
- ရုပ်ပိုင်းဆိုင်ရာ အားပေးလှုံ့ဆော်မှု ရရှိခြင်း - ဝန်ဆောင်မှုတစ်ခု သို့မဟုတ် အခန်းကဏ္ဍတစ်ခုအတွက် အပြန်အလှန်အားဖြင့် ကုန်ပစ္စည်းများနှင့် ငွေကြေးများကို အသင်းအဖွဲ့က လက်ခံရရှိပါသည်။
- အတိုင်ပင်ခံခြင်း - ၎င်းတို့ မြင်တွေ့လိုသည့်အရာအပေါ် ၎င်းတို့၏ ထင်မြင်ချက်ကို အသင်းအဖွဲ့အား မေးမြန်းပါသည်၊ သို့သော် ၎င်းတို့၏ ထင်မြင်ချက်သည် ဆုံးဖြတ်ချက်ချရာတွင် အတိုင်းအတာဖြင့်သာ စိုးမိုးခြယ်လှယ်နိုင်ပါသည်။
- သတင်းအချက်အလက် လွှဲပြောင်းခြင်း - သတင်းအချက်အလက်ကို အသင်းအဖွဲ့မှ စုစည်းပါသည်၊ သို့သော် ၎င်းတို့သည် ဆုံးဖြတ်ချက်များကို ဖြစ်စေသည့် ရလဒ်ဆွေးနွေးမှုများတွင် ပါဝင်မှုမရှိပါ။
- ပြသမှုနုရသော - အသင်းအဖွဲ့သည် ဆုံးဖြတ်ချက်များနှင့် အရေးယူဆောင်ရွက်ချက်များအတွက် သတင်းပေးပို့ခြင်းခံရပါသည်၊ သို့သော် လုပ်ငန်းစဉ် သို့မဟုတ် ရလဒ်နစ်ခုစလုံးတွင် ပြောခွင့်မရှိပါ။

** သင်တန်းပို့ချသူ မှတ်စု 9*

အင်တာဗျူးများ၊ အသားပေးထားသော အုပ်စုလိုက် ဆွေးနွေးမှုများ၊ အစရှိသည်တို့ကဲ့သို့သော အဖြေများကို ပါဝင်ဆောင်ရွက်သူများ ဖြေဆိုနိုင်ပါသည်။ ပစ်မှတ်ထားသူများတွင် အသင်းအဖွဲ့ခေါင်းဆောင်များ၊ အခရာကျသူများ၊ အမျိုးသမီးများနှင့် ကလေးများ ပါဝင်ပါသည်။ ဤအခြေအနေတွင် အန္တရာယ်ရှိနေသည့်လူများအား အသင်းအဖွဲ့ခေါင်းဆောင်များနှင့် အမြဲအတူတကွ လုပ်ကိုင်ရန် သတိပေး၍ရပါသည်။ ခရစ်ယာန်ကျေးရွာလူကြီးများနှင့် အသင်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ CAR တွင် လုပ်ကိုင်နေသည့် NGO တစ်ဖွဲ့အား ဥပမာပေးပါ။ မွတ်ဆလင်လူစုနှင့် အထူးသဖြင့် မွတ်ဆလင်အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများမှ လုံးဝ ဖယ်ကြဉ်ခံနေရပါသည်။ သီးခြားလိုအပ်ချက်များရှိနေသူများ၊ တိုင်ပင်ဆွေးနွေးခြင်းမှတစ်ဆင့် ပါဝင်နိုင်သည့် မတူညီသော လူပုဂ္ဂိုလ်အမျိုးအစားများ၊ အလေးပေးအာရုံစိုက်ထားသော အုပ်စုများ စသည့်ပုဂ္ဂိုလ်များအကြောင်း လူများကို သတိပေးရန် အချိန်ကောင်းလည်းဖြစ်ပါသည်။

- အမြဲပါဝင်နေသည့် လူအတန်းအစားအမျိုးမျိုးမှာ - အမျိုးသားများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဖြစ်ပါသည်
- အခြေအနေအပေါ် မူတည်သည့် အတန်းအစားများမှာ- လူမျိုးစု/ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အားနည်းချက်ရှိသော သို့မဟုတ် ဖယ်ကြဉ်ခံထားရသော အုပ်စုများ (ဥပမာ၊ HIV ကူးစက်ခံထားရသည့်လူများ) ဖြစ်သည်

လူအများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် အေဂျင်စီများမှ ကူညီနိုင်သော နည်းလမ်းများနှင့် ဆက်နွယ်သည့် ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် လူတို့၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်း
- လူ့အခွင့်ရေး အသိပညာပေးရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း
- ၎င်းတို့၏ အကျိုးခံစားခွင့်များကို ရယူရာတွင်လိုအပ်သည့် စာရွက်စာတမ်းများ ရရှိနိုင်အောင် သို့မဟုတ် အစားထိုးနိုင်အောင် ကူညီပေးခြင်း (ဥပမာ မွေးစာရင်းလက်မှတ်များ၊ သေစာရင်းလက်မှတ်များ၊ လက်ထပ်စာချုပ်များ၊ မြေရာပိုင်ဆိုင်မှုစာချုပ်) ဥပမာ၊ ခွဲခြားသတ်မှတ်ခြင်းနှင့် ၎င်းတို့အား သင့်တော်သည့်ဝန်ဆောင်မှုများ ညွှန်းဆိုပေးခြင်း
- ၎င်းတို့ကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မတူညီသည့်ကဏ္ဍအသီးသီးမှ လူများနှင့် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ခြင်းများ ပြုလုပ်ပေးခြင်း (ဥပမာ၊ ပြန်လည်နေရာချထားပေးခြင်း)
- ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် သင့်တော်သော ညွှန်းဆိုမှုကို သေချာပြုလုပ်ခြင်း

# အပိုင်း 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းသည် ပရောဂျက်သက်တမ်း၏ ပထမအဆင့်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို အသုံးချရန် ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါသည်။ အကဲဖြတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်များအတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းအား မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းနိုင်သည်ကို ဤသင်တန်းတွင် တိတိကျကျ ရှင်းလင်းထုတ်ဖော်ပြောပြပေးပါမည်။ ဤသင်တန်းတွင် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခိုင်းခြင်းဖြင့် အခြေအနေနှင့်သက်ဆိုင်သော အစီအစဉ်ထဲတွင် ဖြစ်ပေါ်နိုင်သည့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် ပါဝင်သူများကို လမ်းညွှန်ပေးပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 10 မိနစ်

**သင်တန်း အမျိုးအစား -** ရှင်းလင်းတင်ပြခြင်း / လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / မေးမြန်းမှတ်သားခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• အကဲဖြတ်သည့်အဆင့်တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ရန် တိကျသောပရောဂျက်တွင် ကာကွယ်စောင့်ရှောက်မှု ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ အဓိကအချက်များကို အသုံးချပါမည်<br>• အကာအကွယ်ပေးရေးပြဿနာများကို မီးမောင်းထိုးပြရန်နှင့် သဘောပေါက် နားလည်စေရန် ဆန်းစစ်မှုဆိုင်ရာကိရိယာအဖြစ် ပြဿနာညီမျှခြင်း အသုံးပြုမှုကို ရှင်းပြကာ သရုပ်ဖော်ပြပါမည် |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• အခန်းကဏ္ဍအလိုက် အကဲဖြတ်မှုများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆက်စပ်နေသည့်မေးခွန်းများ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ ပထမခြေလှမ်းအဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဆန်းစစ်နိုင်မည် |
| အဓိက အမှာစကားများ | ✸ အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ခြင်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းသင့်ပါသည်။<br>✸ ကဏ္ဍအလိုက် အစီအစဉ်တွင် အမှန်တကယ် ဖြစ်ပေါ်နေသော၊ဖြစ်ပေါ်နိုင်ခြေရှိသော အကာအကွယ်ပေးရေးပြဿနာများကို လေ့လာဆန်းစစ်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်းအကြောင်း အသိပေးရန် လိုအပ်ပါသည်။ |
| ပြင်ဆင်ခြင်း | • ပထမပိုင်း'ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။' တွင် မျှဝေပေးခဲ့သည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာများကို ပြန်လည်သုံးသပ်ပြီး အန္တရာယ်ညီမျှခြင်းကို အသုံးချရာတွင် အသုံးပြုနိုင်မည့် ပြဿနာများကို ရှာဖွေဖော်ထုတ်ပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ (စာမျက်နှာ 168)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - အန္တရာယ် ညီမျှခြင်း*<br>*PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ် ဆွေးနွေးမှု မေးခွန်းများ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>
<ul>
<li>သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-<br>
ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-
<ul>
<li>အခန်းကဏ္ဍအလိုက် အကဲဖြတ်မှုများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆက်စပ်နေသည့်မေးခွန်းများ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ပါမည်</li>
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ ပထမခြေလှမ်းအဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဆန်းစစ်နိုင်မည်</li>
</ul></li>
<li>ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</li>
</ul></td><td>PPT ဆလိုက်</td></tr>
<tr><td>30 မိနစ်</td><td>အကဲဖြတ်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း</td><td></td></tr>
<tr><td></td><td>
<ul>
<li>ကဏ္ဍအလိုက်ဝန်ထမ်းသည် မှန်ကန်သည့်မေးခွန်းများမေးမြန်းခြင်းနှင့် မှန်ကန်သည့်အရာများကို ရှာဖွေခြင်းမပြုမချင်း ၎င်းတို့၏အစီအစဉ်အတွင်း ဖြစ်နိုင်ခြေရှိသည့် ကာကွယ်စောင့်ရှောက်မှုပြဿနာများကို သတိမပြုမိနိုင်ကြောင်းကိုရှင်းပြပါ။</li>
<li>ပါဝင်သူများအား ကဏ္ဍအလိုက်အဖွဲ့များအဖြစ် ပိုင်းခြားကာ တစ်ဖွဲ့ချင်းစီကို အောက်ပါတို့နှင့်ပတ်သက်၍ မေးမြန်းပါ-
<ol type="a">
<li>ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ အဓိကအချက်များပါဝင်နေနိုင်သည့် ကဏ္ဍအလိုက်အစီအစဉ်အတွက် အကဲဖြတ်မှုတွင် ၎င်းတို့အနေဖြင့်မေးမြန်းနိုင်သည့်မေးခွန်းများ။</li>
<li>ဤမေးခွန်းများကို ဖြေဆိုရာတွင် မည်သူတို့ပါဝင်သင့်သနည်း။</li>
</ol></li>
<li>၎င်းတို့၏ အကြံဉာဏ်များကို စက္ကူချပ်ဇယားစာရွက်ပေါ်တွင် ရေးချရန် အဖွဲ့များကိုပြောကြားပါ။</li>
<li>အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းရန် ပါကစ္စတန်၌ 2013 ခုနှစ် ဩဂုတ်လတွင် ဖော်ဆောင်ခဲ့သည့် အကဲဖြတ်မှုမေးခွန်းဥပမာများကိုပေးထားပါ (အရင်းအမြစ် 6)။ အဖွဲ့အား ၎င်းတို့၏မေးခွန်းစာရင်းကို ပါကစ္စတန်မှဥပမာနှင့် နှိုင်းယှဉ်ကြည့်ရန် ပြောကြားပါ။</li>
<li>မျက်နှာစုံညီဆွေးနွေးပါ - က) ဤအကြောင်းအရာထဲတွင် မည်သည့်မေးခွန်းများက တန်ဖိုးအရှိဆုံးဖြ စ်နိုင်မည်နည်း၊ ခ) မည်သည့်မေးခွန်းအုပ်စုများမှာ အကျိုးဝင်ပါသနည်း၊ ဂ) မည်သည့်မေးခွန်းအုပ်စုများ ပျောက်နေပါသနည်း ဃ) ပါဝင်မှုဆိုင်ရာအကဲဖြတ်မှုတွင် ပါဝင်ရန် မည်သည့်အဖွဲ့များကို တောင်းဆိုနိုင်ပါသနည်း။<br>
*သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ</li>
<li>ကာကွယ်စောင့်ရှောက်မှုပြဿနာများကို သဘောပေါက်နားလည်အောင် လုပ်ဆောင်ရာတွင် ကာကွယ်စောင့်ရှောက်မှုကျွမ်းကျင်သူများသာ မေးမြန်းသင့်သည့်မေးခွန်းများနှင့် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းထက် ကျော်လွန်နေသည့် မေးခွန်းများနှင့်ပတ်သက်သော အချက်အလက်များကို အသားပေးပြောပြပါ။<br>
*သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ</li>
<li>အကဲဖြတ်ရာတွင် ထွက်ပေါ်လာနိုင်သည့် ကာကွယ်စောင့်ရှောက်မှုပြဿနာဆိုင်ရာ ဥပမာအချို့ကို ပြည့်စုံစွာဆွေးနွေးပါ။ ဤအကြောင်းအရာနှင့်ဆက်နွယ်၍ သင်တန်း ပထမပိုင်းတွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဥပမာအချို့ကို ကိုးကားရန် သတိရပါ။<br>
ဥပမာများတွင် ပါဝင်နိုင်သည်များမှာ-
<ul>
<li>မသန်စွမ်းကလေးငယ်များသည် ဝန်ဆောင်မှုများကို ရယူနိုင်ခြင်းမရှိပါ</li>
<li>အမျိုးသမီးများသည် ကျန်းမာရေးစင်တာသို့လာရောက်သည့်လမ်းတွင် လုံခြုံမှုမရှိဟု ခံစားရပါသည်</li>
<li>သီးခြားမျိုးနွယ်စုအဖွဲ့မှအမျိုးသမီးများသည် ကလေးအုပ်ထိန်းမှုဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများကို အသုံးမပြုကြပါ</li>
<li>မိဘများသည် အစားအစာအတွက် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရခြင်းကြောင့် အစာအစာမျှဝေပေးသည့်နေရာများတွင် ကလေးများသည် သွေးဆောင်ခေါ်ယူခံရနိုင်သည့် အန္တရာယ်ရှိနေသည်</li>
</ul></li>
<li>အကြောင်းအရာနှင့် ဆက်နွယ်နေသည့်သီးခြားအရာများဖြစ်သည့် ပြဿနာလေးရပ်ကို အဖွဲ့နှင့်အတူရှာဖွေဖော်ထုတ်ပါ။<br>
မှတ်ချက်- ဤသည်မှာ နောက်ထပ်လေ့ကျင့်ခန်းအတွက် အရေးကြီးသော ကြိုတင်ပြင်ဆင်ခြင်း ဖြစ်ပါသည်။ သီးခြား စက္ကူကားချပ်တစ်ခုပေါ်တွင် သဘောတူထားသည့် ဘေးအန္တရာယ်များကို ချရေးပါ။</li>
</ul></td><td>စက္ကူ ကားချပ်နှင့် ရေးမှတ်ရန်မင်တံများ<br><br>အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ (စာမျက်နှာ 168)</td></tr>
</table>

| | | |
|---|---|---|
| 30 မိနစ် | **အစီအစဉ်တွင် ကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ်များကို ခွဲခြမ်းစိတ်ဖြာခြင်း** | |
| | • ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာကို ရှာဖွေဖော်ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းကို မည်သို့ ဖြေရှင်းရမည်ကို ဆောင်ရွက်ရန်အလို့ငှာ ပြဿနာကိုဆန်းစစ်ရန် အရေးကြီးကြောင်း**ရှင်းပြပါ**။ ပါဝင်သူများသည် နောက်လာမည့်လေ့ကျင့်ခန်းတွင် တိကျသော ကာကွယ်စောင့်ရှောက်မှုပြဿနာကို ရိုးရှင်းစွာဆန်းစစ်မှု ပြုလုပ်မည်ဖြစ်ပါသည်။<br>• PowerPoint ဆလိုက်တွင် ပြဿနာညီမျှခြင်းကို**ပြသ** ကာ ဥပမာပေးပြောကြားပါ (ဖြစ်နိုင်မည်ဆိုပါက အကြောင်းအရာနှင့်သင့်လျော်သည်ကို ပြောပါ)။<br>**သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ*<br>**ခြိမ်းခြောက်မှု + အားနည်းချက် / စွမ်းရည် = ပြဿနာ**<br>• ပြဿနာညီမျှခြင်း၏ အယူအဆကို အောက်ပါအတိုင်း**ရှင်းပြပါ**-<br>**ပြဿနာ** ဆိုသည်မှာ လူတစ်ဦးအတွက် **ခြိမ်းခြောက်မှု**ခံရနိုင်ခြေတစ်ရပ်ဖြစ်ပါသည်။<br>**ခြိမ်းခြောက်မှု** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု နှင့်/သို့မဟုတ် ဝန်ဆောင်မှုကို ရရှိနိုင်ရန် ဖြစ်နိုင်ခြေရှိသော အတားအဆီးတစ်ရပ် ဖြစ်ပါသည်။ ဖြစ်နိုင်ခြေရှိသည့်ကျူးလွန်သူများမှာ လက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များ၊ အသိုက်အဝန်းအဖွဲ့ဝင်များ၊ မိသားစုဝင်များ သို့မဟုတ် အကူအညီပေးသည့်လုပ်သားများ ဖြစ်သည်။ ဝန်ဆောင်မှုကို ရယူရာ၌ ရှိနေနိုင်သည့် အတားအဆီးများဆိုသည်မှာ ပေးအပ်သည့် ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုကို စီမံသည့်နေရာသို့ ဝင်ရောက်ခွင့်မရရန် သီးခြားလူမျိုးစုအုပ်စုတစ်ခုက အခြားအုပ်စုများကို ဖယ်ကြဉ်ထားခြင်းမျိုး ဖြစ်သည်။<br>**အားနည်းချက်** ဆိုသည်မှာ ဖြစ်နိုင်ချေရှိသည့်သားကောင်ကို ပြဿနာနှင့် ကြုံတွေ့စေနိုင်သောအရာဖြစ်ပါသည် - ဥပမာ၊ ၎င်းတို့၏နေရာများ၊ လှုပ်ရှားမှု ဆောင်ရွက်သည့်အချိန်များ၊ အခွင့်အရေးများ သို့မဟုတ် ဘေးကင်းသည့် အလေ့အကျင့်များနှင့်ပတ်သက်၍ ဗဟုသုတမရှိခြင်း၊ ၎င်းတို့၏လိင်၊ ၎င်းတို့၏အသက်၊ ၎င်းတို့၏မျိုးနွယ်စု/ကိုးကွယ်မှုအဖွဲ့၊ ၎င်းတို့၏မသန်စွမ်းမှု။<br>**စွမ်းရည်များ** ဆိုသည်မှာ တစ်ဦးချင်းအလိုက်သာမက အသိုက်အဝန်းတွင်ပါ ၎င်းတို့ကိုယ်ကိုဘေးကင်းစေသည့် အားသာချက်များကို ကိုယ်စားပြုပါသည် - ဥပမာ၊ စီမံပြုလုပ်ထားသည့်ဘေးကင်းရေးနေရာများ၊ အသိုက်အဝန်းအစီအစဉ်များ၊ ကာကွယ်စောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများနှင့် အချိတ်အဆက်များ၊ ရပိုင်ခွင့်များနှင့် တာဝန်ရှိမှုများကို သိရှိမှု။<br>• အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဖြေရှင်းရန်အလို့ငှာ ခြိမ်းခြောက်မှုကို လျှော့ချရန်၊ အားနည်းချက်များကိုလျှော့ချရန်နှင့် စွမ်းရည်များကိုမြှင့်တင်ရန်အတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် အရေးကြီးကြောင်းကို ပါဝင်သူများအား**ရှင်းပြပါ**။<br>• ပါဝင်သူများကို အဖွဲ့များ**ခွဲ**ကာ တစ်ဖွဲ့ခြင်းစီကို အစီအစဉ်အတွင်း (အကဲဖြတ်မှုများရှိ ယခင်လေ့ကျင့်ခန်းမှရယူထားသော) ကာကွယ်စောင့်ရှောက်မှုပြဿနာဥပမာတစ်ခုစီ ပေးထားပါ။<br>• တစ်ဖွဲ့ချင်းစီကို ဆွေးနွေးရန်**ပြောကြားပါ**-<br>  ◦ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့်/ သို့မဟုတ် ဝန်ဆောင်မှု ရယူသုံးစွဲခွင့်အတွက် ***ခြိမ်းခြောက်မှု***မှာ မည်သူ သို့မဟုတ် မည်သည့်အရာ ဖြစ်ပါသလဲ။ ၎င်းတို့၏ လှုပ်ရှားမှုများ၊ အရင်းအမြစ်များမှာ မည်သည်တို့ဖြစ်ပါသလဲ။ ခြိမ်းခြောက်မှုကိုလျှော့ချရန် မည်သည်ကိုဆောင်ရွက်သင့်ပါသလဲ။<br>  ◦ မည်သူ့တွင် ***အားနည်းချက်***ရှိပါသလဲ။ ဘာကြောင့်၊ ဘယ်အချိန်၊ ဘယ်နေရာမှာဖြစ်ပွားသလဲ။ အားနည်းချက်ကို လျှော့ချရန် မည်သည်ကို ဆောင်ရွက်သင့်ပါသလဲ။<br>  ◦ လူအများသည် ၎င်းတို့ကိုယ်ကို ကာကွယ်ရန် မည်သည့် ***လုပ်နိုင်စွမ်း*** ရှိပါသလဲ။ ၎င်းတို့အနေဖြင့် မည်သည်ကိုလုပ်ပြီးဖြစ်သလဲ စွမ်းရည်ကိုတိုးမြှင့်ရန် တခြားမည်သည်ကို လုပ်ဆောင်နိုင်ပါသလဲ။<br>*မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။*<br>• ပြဿနာဆန်းစစ်မှု ရလဒ်အဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဖြေရှင်းခြင်းအတွက် ၎င်းတို့၏အကြံဉာဏ်များနှင့်ပတ်သက်၍ တစ်ဖွဲ့ချင်းစီထံမှ တုန့်ပြန်ချက်ကို**ဖြည့်ဆည်းရယူပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ* | *PPT ဆလိုက်*<br><br>*PPT ဆလိုက်* |
| 5 မိနစ် | **အဓိကအမှာစကားများ အကျဉ်းချုပ်** | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✸ အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ခြင်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းသင့်ပါသည်။<br>✸ ကဏ္ဍအလိုက် အစီအစဉ်တွင် အမှန်တကယ် ဖြစ်ပေါ်နေသော၊ဖြစ်ပေါ်နိုင်ခြေရှိသော အကာအကွယ်ပေးရေးပြဿနာများကို လေ့လာဆန်းစစ်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်းအကြောင်း အသိပေးရန် လိုအပ်ပါသည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## အကဲဖြတ်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဆွေးနွေးရာတွင် အကဲဖြတ်မှုတွင် ပါဝင်သင့်သူ၏ ပါဝင်မှုနှင့် ခိုင်မာသည့် အကဲဖြတ်လုပ်ငန်းစဉ်၏ ကိုယ်စားပြုမှုသဘောသဘာဝကို အလေးအနက် ပြောကြားပါ။

အမြဲတမ်းရှိနေပြီး အကဲဖြတ်မှုတွင် ပါဝင်သင့်သည့်ပုဂ္ဂိုလ် အမျိုးအစားတွင်အမျိုးသားများ၊ ယောက်ျားလေးများ၊ မိန်းကလေးများ၊ အသက်ကြီးသူများနှင့် မသန်စွမ်းသူများ ပါဝင်ပါသည်။

အခြေအနေ အကြောင်းအရာပေါ်တွင် မူတည်သည့် ပုဂ္ဂိုလ်အမျိုးအစားများတွင် တိုင်းရင်းသား လူမျိုးစု/ဘာသာရေး အုပ်စုငယ်များ၊ အားနည်းချက်ရှိသော သို့မဟုတ် နှိမ့်ချဆက်ဆံခံနေရသော အုပ်စုများ ပါဝင်သည်။

** သင်တန်းပို့ချသူ မှတ်စု 2*

အကဲဖြတ်ခြင်းများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းရသည့် ရည်ရွယ်ချက်မှာ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများ ၎င်းတို့၏အစီအစဉ်နှင့် သက်ဆိုင်သော ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်အချို့ကို သတိပြုမိစေရန် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများက ကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်မှုကို မလုပ်ဆောင်သင့်ပါ။ ဘေးဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဆောင်ရွက်သူများအနေဖြင့် အောက်ပါတို့ကို နားလည်ရန်မှာ အရေးကြီးပါသည် -

- တစ်ဦးတည်းနှင့်ဆိုင်သော ဖြစ်ရပ်များမေးခွန်းများကို မေးရန် မကြိုးစားပါနှင့် သို့မဟုတ် မည်သည့်ကာကွယ်စောင့်ရှောက်ရေး ကိစ္စကိုမျှ 'စုံစမ်းစစ်ဆေးရန်' မကြိုးစားပါနှင့်။
- ကျား/မ ဆိုင်ရာ အခြေပြုအကြမ်းဖက်ခြင်းနှင့်ဆိုင်သည့် အသေးစိတ်မေးခွန်းများ မမေးပါနှင့်။
- အကဲဖြတ်ရာတွင်ပါဝင်သည့် ဝန်ထမ်းများသည် အကဲဖြတ်မှုတွင် ပေါ်ပေါက်လာသည့် ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို မည်ကဲ့သို့ သင့်လျော်စွာရည်ညွှန်းပြောဆိုရမည်ကို သိရှိကြောင်း သေချာအောင်လုပ်ပါ။

** သင်တန်းပို့ချသူ မှတ်စု 3*

သင့်တွင် ဒေသတွင်းမှ ဥပမာမရှိပါက အောက်ပါတို့ကိုအသုံးပြုနိုင်ပါသည်-

ရေခပ်ရန်အတွက် ရွာထဲမှ အမျိုးသမီးတစ်ဦး အပြင်ထွက်လာပါသည်။ အမျိုးသားတစ်ဦးက သူမကိုလမ်းပိတ်ပြီး အကြမ်းဖက် ခြိမ်းခြောက်ပါသည်။

အမျိုးသား၏ အပြုအမူသည် ခြိမ်းခြောက်မှုဖြစ်သည်။

အမျိုးသမီးသည် အမျိုးသမီးဖြစ်သောကြောင့် သို့မဟုတ် အချို့သောလူမျိုးစုမှ ဖြစ်သောကြောင့်၊ သူမနေထိုင်ရာရွာတွင် ရေမရသည့်အတွက်ကြောင့် သူမက ခုခံနိုင်မှုအားနည်းနေနိုင်ပါသည်။ ရေရဖို့အတွက် သူမသွားလာနေရသည့် နေ့အပူချိန်နှင့် ရေရဖို့သူမသွားရသည့် အကြိမ်အရေအတွက်ကြောင့် သူမသည် ခုံခံနိုင်မှုအားနည်းနေနိုင်ပါသည်။

အသင်းအဖွဲ့အနေဖြင့် အမျိုးသမီးများအား ရေရယူရန် နေရာသို့ အုပ်စုများဖွဲ့၍ သွားရောက်ရန် အမျိုးသမီးများကို စုစည်းပေးနိုင်စွမ်းရှိနိုင်သည် သို့မဟုတ် အသင်းအဖွဲ့ခေါင်းဆောင်များအား ပိုမိုနီးစပ်သည့်ရေအရင်းအမြစ် ဖန်တီးပေးရန် အကြံပေးနိုင်သည်။

** သင်တန်းပို့ချသူ မှတ်စု 4*

ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်အသီးသီးအတွက် တုံ့ပြန် ဆောင်ရွက်မှုသည် ကွဲပြားကောင်း ကွဲပြားနိုင်သော်လည်း အောက်ပါတို့သည် ဆွေးနွေးမှုပြုလုပ်ရာ၌ လမ်းညွှန်ပေးမည့် စိတ်ကူးအချို့ ဖြစ်ပါသည်-

**ခြိမ်းခြောက်မှုကို လျှော့ချပါ**

- ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်၊ ပြစ်မှုကျူးလွန်သူများနှင့် အုပ်စုနှစ်ခုစလုံးအား လွှမ်းမိုးနိုင်စွမ်းရှိသောသူများ (အပြုအမူ၊ အတွေးအခေါ်ကို ပြောင်းလဲစေနိုင်သူ၊ ခြိမ်းခြောက်မှုများကို ဖြစ်ရန်ခဲယဉ်းစေသူ) အတွက် တာဝန်ရှိသောသူများကို အသားပေးခြင်းဖြင့်
- ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ခွဲခြားဆက်ဆံခြင်း အဟန့်အတားများ အပါအဝင် ရယူခွင့်အဟန့်အတားများအပေါ်တွင် အာရုံစိုက်ခြင်းဖြင့်

**အားနည်းချက်များကို လျှော့ချပါ**

- အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းကို လျှော့ချရန် နေ့စဉ်လုပ်ရှားဆောင်ရွက်မှုများကို သင့်လျော်သလို ပြောင်းလဲဆောင်ရွက်စေခြင်း (အချိန်နှင့် တည်နေရာ)
- အခြားအုပ်စုများထက် ပို၍အားနည်းချက်ရှိနေသည့် အုပ်စုအချို့တွင် ရလဒ်ဖြစ်စေသည့် အားနည်းချက်အကြောင်းရင်းများကို နားလည်ခြင်းအပြင် ဖြစ်နိုင်ပါက ငတ်မွတ်ခေါင်းပါးမှုနှင့် ခွဲခြားဆက်ဆံခံရခြင်းကဲ့သို့သော အားနည်းချက်အကြောင်းရင်းများ ကို ရှာဖွေဖြေရှင်းခြင်း

**လုပ်နိုင်စွမ်းများကို အားကောင်းအောင်လုပ်ပါ**

- အသင်းအဖွဲ့လှုပ်ရှားမှု (အုပ်စုလိုက် လှုပ်ရှားမှု၊ အသင်းအဖွဲ့မှ စောင့်ကြည့်နေသည့် အုပ်စုများ၊ တရားရေးရာအခွင့်အရေးများအကြောင်း ဗဟုသုတများရှိအောင် ပြုလုပ်ပေးခြင်း၊ ဖြစ်လာနိုင်သော အရေးပေါ်ကိစ္စ အစီအစဉ်များ/အစောပိုင်း သတိပေးချက်၊ ခေါင်းဆောင်များ၊ ဒေသဆိုင်ရာရဲစသည့် လွှမ်းမိုးနိုင်စွမ်းရှိသူများကို ထောက်ခံပေးခြင်း) ကို အားကောင်းအောင်လုပ်ခြင်းဖြင့်

# အပိုင်း 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ပေါင်းစပ်ထည့်သွင်းခြင်း- ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းသည် ပရောဂျက်သက်တမ်း၏ ပထမအဆင့်တွင် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိကအချက်များကို အသုံးချနိုင်ရန် ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါသည်။ ၎င်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းအဆင့်များအတွင်း မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းနိုင်ကြောင်း တိတိကျကျလေ့လာဖော်ထုတ်ထားပါသည်။ လက်တွေ့လေ့ကျင့်ခန်းများဖြင့်၊ ဤသင်တန်းသည် ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းတွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ထည့်သွင်းရာတွင် လုပ်ဆောင်နိုင်သည့် ခိုင်လုံသော လုပ်ရှားမှုများကို ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်တစ်ခုတွင် ပါဝင်ဆောင်ရွက်သူများအား လမ်းညွှန်ပေးပြီး ပရောဂျက်ဒီဇိုင်းကို အကဲဖြတ်ရာတွင် ၎င်းတို့အသုံးပြုသည့် နည်းလမ်းအချို့ကို မိတ်ဆက်ပေးထားပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 30 မိနစ်

**သင်တန်း အမျိုးအစား -** ရှင်းလင်းတင်ပြခြင်း / လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / မေးမြန်းမှတ်သားခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကဏ္ဍအလိုက်အစီအစဉ်တစ်ခုအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကဲဖြတ်ခြင်းအဆင့်တွင် ကာကွယ်စောင့်ရှောက့်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို အကျိုးရှိရှိအသုံးချပါမည်။<br>• ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းကို ပံ့ပိုးပေးရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို မိတ်ဆက်ပေးပါမည်။<br>• လက်ရှိလုပ်ကိုင်နေသည့် ပရောဂျက်တစ်ခုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်မည့် နည်းလမ်းများကို အလေးအနက်ထား စဉ်းစားရန် ပါဝင်ဆောင်ရွက်သူများအား တိုက်တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• ကဏ္ဍအလိုက် အစီအစဉ်များ၏ဒီဇိုင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်<br>• ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကူညီနိုင်မည့် အရင်းအမြစ်အချို့ကို သိနားလည်ပါမည်။<br>• ကဏ္ဍအလိုက် အစီအစဉ်အား ပြန်လည်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် *GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ*ကို အကျိုးရှိရှိအသုံးချနိုင်ပါမည် |
| အဓိက အမှာစကားများ | ✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကဏ္ဍအလိုက် ပရောဂျက်တစ်ခု၏ ဒီဇိုင်းထဲတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းနိုင်ရန် ခိုင်မာမှုရှိပြီး ရည်ရွယ်ချက်ပြည့်ဝသော လှုပ်ရှားမှုများ လိုအပ်ပါသည်။<br>✸ *GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ*သည် ဒီဇိုင်းရေးဆွဲသည့် လုပ်ငန်းစဉ်အပြင် ယင်းကို ပြန်သုံးသပ်ရာတွင် အသုံးဝင်သည့် အရာတစ်ခုဖြစ်ပါသည်။ |
| ပြင်ဆင်ခြင်း | • စက္ကူချပ်ဇယားစာရွက်နှင့် မင်တံများ/ရေးမှတ်စရာများနှင့်အတူ စားပွဲလေးလုံးပြင်ထားပါ။<br>• အခန်းတွင်း လမ်းလျှောက်အကဲဖြတ်ခြင်း - အဆင့်များကို မှတ်တမ်းတင်ရန် စက္ကူကားချပ်တစ်ခု ပြင်ထားပါ |

<table>
<tr><td>အရင်းအမြစ်များ</td><td>အရင်းအမြစ် 8- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း (စာမျက်နှာ 177)<br>အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)<br>PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ<br>PPT ဆလိုက် - ဆွေးနွေးမည့် မေးခွန်းများအား ပြင်ဆင်သတ်မှတ်ခြင်း/အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေနိုင်သည့် နည်းလမ်းများ<br>PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကဲဖြတ်သည့် မေးခွန်းများ<br>PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်</td></tr>
</table>

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>
<ul>
<li>သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-<br>ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-
<ul>
<li>ကဏ္ဍအလိုက် အစီအစဉ်များ၏ဒီဇိုင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်</li>
<li>ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကူညီနိုင်မည့် အရင်းအမြစ်အချို့ကို သိနားလည်ပါမည်။</li>
<li>ကဏ္ဍအလိုက် အစီအစဉ်အား ပြန်လည်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများကို အကျိုးရှိရှိအသုံးချနိုင်ပါမည်</li>
</ul></li>
<li>ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</li>
</ul></td><td>PPT ဆလိုက်</td></tr>
<tr><td>5 မိနစ်</td><td>လေ့ကျင့်ခန်း ပြင်ဆင်ခြင်း</td><td></td></tr>
<tr><td></td><td>
<ul>
<li>ပါဝင်ဆောင်ရွက်သူများအား အုပ်စုလေးစု ခွဲပေးပါ။ အုပ်စုတစ်စုစီအား ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အချက်များထဲမှ တစ်ခုစီ ခွဲဝေပေးပါ။ ၎င်းတို့မှာ (I) ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (II) အဓိပ္ပါယ်ရှိသော ရယူခွင့်၊ (III) တာဝန်ခံယူမှုနှင့် (IV) ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။</li>
<li>ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း၏ မိတ္တူကို ပါဝင်ဆောင်ရွက်သူအားလုံးအားပေးပြီး လက်ကမ်းစာစောင်ကို မျက်နှာစုံညီဖတ်ပြခိုင်းပါ-
သင်လက်ရှိ ဆောင်ရွက်နေသည့် နိုင်ငံသည် လူဦးရေများသည့် လူမျိုးစု (ပထမ) နှင့်လူဦးရေနည်းသည့် လူမျိုးစု (ဒုတိယ) တို့ကြားတွင် လက်နက်ကိုင် ပဋိပက္ခ တွေ့ကြုံနေရပါသည်။ နိုင်တန်ဂအနီး ကျေးရွာများတွင် မကြာသေးမီက ဖြစ်ခဲ့သည့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများက သိသာသည့် ပြည်တွင်း ပြောင်းရွှေ့ခံရယူမှုများ ဖြစ်ပေါ်စေပါသည်။ ပြည်တွင်းရွှေ့ပြောင်းခံသူ အများအပြားက ပဋိပက္ခကြောင့် လက်တလော ထိခိုက်မှုမရှိသေးသည့် နိုင်တန်ဂသို့ရောက်လာကြပါသည်။
ပထမ လူမျိုးစု အုပ်စုမှ လူများဖြစ်သည့် ဒေသခံအသင်းအဖွဲ့နှင့် IDP များ (အများစုမှာ ဒုတိယအုပ်စုမှဖြစ်သည်) ပါဝင်သည့် အသင်းအဖွဲ့တစ်ဖွဲ့တွင် <အစားအစားပေးဝေခြင်း> အတွက် တာဝန်ရှိသည့် NGO တစ်ခုအတွက် သင်က အလုပ်လုပ်နေသည်။
IDP လူများထဲမှ ပထမအုပ်စုမှ လူများက နေထိုင်စရာများရထားပြီး ဒေသခံအသင်းအဖွဲ့များ၏ အကူအညီများရထားပါသည်။ ဒုတိယအုပ်စု IDP များက ၎င်းတို့၏ကိုယ်ပိုင်တည်ဆောက်ထားရသည့် တဲများတွင် နေရပါသည်။ နယ်မြေအတွင်း <အစားအစာပေးဝေခြင်း> ပရောဂျက်တစ်ခု ဒီဇိုင်းရေးဆွဲပြီး ဖြန့်ဝေပေးရန် သင်တို့၏ အဖွဲ့အစည်းကို တောင်းဆိုထားပါသည်။
မှတ်ချက်- ကွဲပြားခြားနားသည့် ကဏ္ဍတစ်ခုတွင် အသုံးချရန် လက်တွေ့လေ့လာမှုကို လွယ်ကူစွာ ပြုပြင်နိုင်ပါသည်။ လိုအပ်ပါက <အစားအစာပေးဝေခြင်း>ကို <ပညာရေး> သို့မဟုတ် အခြားကဏ္ဍဖြင့် အစားထိုးပါ။ </li>
<li>ပရောဂျက်ကို ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအဆင့်များတွင် ပါဝင်ဆောင်ရွက်သူများ လုပ်ဆောင်မည်ကို ရှင်းပြပေးပါ။</li>
</ul></td><td>အရင်းအမြစ် 8- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း (စာမျက်နှာ 177)</td></tr>
</table>

| 30 မိနစ် | ကဏ္ဍအလိုက် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း | |
|---|---|---|
| | • ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့အုပ်စုလိုက် **လုပ်ဆောင်ခိုင်းပြီး** အောက်ပါမေးခွန်းများကို ဆွေးနွေးခိုင်းပါ။<br>အုပ်စု 1- ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်နစ်နာခြင်းကို ရှောင်ကြဉ်ရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>အုပ်စု 2- ရယူအသုံးပြုနိုင်ရန်အတွက် အဟန့်အတားများကို ဖယ်ရှားရန် သို့မဟုတ် လျော့ပါးသက်သာစေရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>အုပ်စု 3- တာဝန်ခံနိုင်မှုရှိရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>အုပ်စု 4- လူအများ ပါဝင်ဆောင်ရွက်ရန်နှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းကို သေချာစေရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>*မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။*<br>*မှတ်ချက်- ပါဝင်ဆောင်ရွက်သူများတွင် အကဲဖြတ်မှု၏ ရလဒ် ရှိမည်မဟုတ်သောကြောင့် ပရောဂျက်ဒီဇိုင်းတွင် ပါဝင်မည့် လုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် လိုအပ်ပါသည်။*<br>• လေ့ကျင့်ခန်းအား ရှင်းလင်းစွာ နားလည်နိုင်ရန် ပါဝင်ဆောင်ရွက်သူများအား ဥပမာတစ်ခုနှင့်တကွ **ရှင်းပြပေးပါ။**<br>ဥပမာ- အုပ်စု 1-ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ<br>ဒီဇိုင်းရေးဆွဲခြင်း/အကောင်အထည်ဖော်ခြင်း ဥပမာများ-<br>i) အန္တရာယ် မဖြစ်စေရေး အကဲဖြတ်မှုတစ်ခုကို ပြုလုပ်ပါ<br>ii) ပေးဝေသည့်နေရာများသည် ဘေးကင်းသည့် နေရာများဖြစ်သင့်ပြီး သေချာ ဆွေးနွေးတိုင်ပင်ပြီးမှ သတ်မှတ်ထားသည့် နေရာ ဖြစ်ပါစေ။<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏အဓိက လှုပ်ရှားဆောင်ရွက်မှုများကို စက္ကူကားချပ်ပေါ်တွင် **ချရေးခိုင်းပါ။** တခြားလူများ လွယ်ကူစွာဖတ်နိုင်စေရန် ရှင်းလင်းအောင် ရေးသားခိုင်းပါ။<br>• လေ့ကျင့်ခန်းကို ရှင်းလင်းစွာ နားလည်ကြောင်း သေချာစေရန် အုပ်စုများကြားတွင် **လှည့်လည်မေးမြန်းပါ။** အကူလေ့ကျင့်သင်ကြားရေး ဝန်ထမ်းများရှိပါက ဝန်ထမ်းတစ်ဦးစီအား အုပ်စုတစ်စုစီတွင် တာဝန်ချထားပေးပါ။<br>• ပြီးသွားပါကပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏ စက္ကူကားချပ်ကိုနံရံပေါ်၌ **ကပ်ခိုင်းပါ။** | *PPT ဆလိုက်*<br><br>*စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ* |
| 30 မိနစ် | ပရောဂျက်ကို အကဲဖြတ်ခြင်း | |
| | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေသည့် နည်းလမ်းများစွာရှိကြောင်း **ရှင်းပြပြီး** PowerPoint ဆလိုက်ပေါ်တွင် အောက်ပါတို့ကို တင်ပြပေးပါ-<br>  • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ* (WVI)<br>  • *ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိ လုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ* (WRC)<br>  • *လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ* (CPWG)<br>  • *GBV လမ်းညွှန်ချက်များ* (IASC)<br>  • *လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ* (အသိုင်းအဝိုင်း)<br>• အစားအစာပေးဝေခြင်း (သို့မဟုတ် လက်တွေ့လေ့လာမှုတွင်သုံးသည့် အခြားကဏ္ဍ) နှင့် သက်ဆိုင်သည့် GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းပါဝင်သော လက်ကမ်းစာကို **ပုံ့ပိုးပေးပြီး** ၎င်းသည် အရင်းအမြစ်ပေါင်းစုံမှ သတင်းအချက်အလက်များအား သုံးရလွယ်သည့် ကိုးကားစရာတစ်ခုအသွင်သို့ ပေါင်းစည်းပေးထားသည်ကို ရှင်းပြပါ။<br>*ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်မှ တစ်ချက်ချင်းစီကို အသားပေးထားပြီး လုပ်ဆောင်ရန်စာရင်းများကို ဖွဲ့စည်းထားသည်ကို မှတ်သားထားပါ။* | *PPT ဆလိုက်*<br><br>*အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)* |

<table>
<tr>
<td></td>
<td>
<ul>
<li>ပါဝင်ဆောင်ရွက်သူများကို နှစ်ယောက်တစ်တွဲ <b>ခွဲလိုက်ပြီး</b> ယခင်လေ့ကျင့်ခန်းတွင် ဒီဖိုင်းဆွဲထားသည့် ပရောဂျက်ကို အကဲဖြတ်ရန် GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းကို ယခုအသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။ တစ်တွဲစီသည် အစားအစာပေးဝေခြင်း <<i>သို့မဟုတ် အခြားကဏ္ဍအစီအစဉ်</i>> (အုပ်စုလေးစုစလုံး၏ အကြံဉာဏ်များကို ခြုံငုံထည့်သွင်းစဉ်းစားပြီး) တွင်ထည့်သွင်းထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်းကို အကဲဖြတ်ရပါမည်။</li>
<li>ပါဝင်ဆောင်ရွက်သူများအား အခန်းတွင်းလှည့်ပတ် လမ်းလျှောက်ခိုင်းပြီး ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်အားလုံးအတွက် ဒီဖိုင်းအကြံပြုချက်များကို ပြန်လည်သုံးသပ်ကာ GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းနှင့် ယှဉ်ပြီး ပရောဂျက်ကို အကဲဖြတ်ခိုင်းပါ။ အုပ်စုများက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်-
<ul>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့် ဆက်စပ်၍ ဒီဖိုင်း၏ ကောင်းကျိုးပြုသည့်အချက်က မည်သည့်အချက်ဖြစ်သနည်း။</li>
<li>ဒီဖိုင်းတွင် မည်သည့် အချက်များ ပျောက်နေသနည်း (၎င်းအား အကြံပြုချက်စာရွက်ပေါ်တွင် အရေးကြီးအဖြစ် အသားပေးဖော်ပြထားသည်)။</li>
<li>ပါဝင်ဆောင်ရွက်သူများအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ ပရောဂျက်အပေါ် ယေဘုယျ အဆင့်မည်မျှ ပေးမည်နည်း။ (A - ကောင်းမွန်သည် D - မပြည့်စုံသော ပေါင်းစပ်ထည့်သွင်းခြင်း)<br>မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။</li>
</ul>
</li>
<li>ပါဝင်သူများအား ပရောဂျက်အတွက် ၎င်းတို့သတ်မှတ်သည့်အဆင့်များကို မျက်နှာစုံညီ ပြောပြခိုင်းပါ (A မှ - အကောင်းဆုံး D အထိ - လုံလောက်ခြင်းမရှိသော ပေါင်းစပ်ညှိနှိုင်းထည့်သွင်းမှု)။ သတ်မှတ်ထားသည့်ပရိုဂရမ်၏အရည်အသွေးအပေါ် ယေဘုယျထင်မြင်ချက်ကိုပေးရန် စက္ကူချပ်ပေါ်တွင် အမှတ်များကို ရေးသားဖော်ပြပါ။ အတွဲများမှနေ၍ ကောက်ချက်ချမှု-
<ul>
<li>ကောင်းကျိုးက ဘာလဲ</li>
<li>ဘယ်လိုဟာကွက်တွေရှိနေပါသလဲ</li>
<li>အမှန်တကယ်ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့ ကိစ္စရပ်မျိုးကို စဉ်းစားပါက ပါဝင်သူများ၏ အမြင်ကို မည်သို့ ပြောင်းလဲသွားစေမည်နည်း</li>
</ul>
</li>
<li>ပါဝင်သူများကို အခန်းကဏ္ဍအားလုံးအတွက် လုပ်ဆောင်ရန်စာရင်းများပေးထားပါ။<br>မှတ်ချက်- ဤလေ့ကျင့်ခန်းတွင် ပရောဂျက်ကို ပရိုဂရမ်အတွင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် ရိုးရှင်းသည့်ချဉ်းကပ်မှုကို ဖော်ပြပေးပါမည်။ ၎င်းသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ရောက်မှုကို စောင့်ကြည့်ခြင်း သို့မဟုတ် အကဲဖြတ်ခြင်းအတွက် သတင်းအချက်အလက်များ သို့မဟုတ် အရင်းအမြစ်များကို ဖော်ပြပေးမည်မဟုတ်ပါ။ ဤသည်မှာ ပြောင်းလဲဖြစ်ပေါ်နေသည့် အလုပ်ခွင်ဖြစ်ပါသည်။ သင်သည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏သက်ရောက်မှုကို တိုင်းတာခြင်းနှင့်ပတ်သက်၍ အချက်အလက်များပိုမိုသိရှိလိုပါက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအသင်းအဖွဲ့ထံ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။</li>
</ul>
</td>
<td>PPT ဆလိုက်<br><br>စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ</td>
</tr>
<tr>
<td>15 မိနစ်</td>
<td>ကိုယ်ပိုင် ဆင်ခြင်သုံးသပ်မှု</td>
<td></td>
</tr>
<tr>
<td></td>
<td>
<ul>
<li>ပါဝင်သူများအား လက်ရှိ ၎င်းတို့ ပါဝင်နေသော သို့မဟုတ် ယခင်က ပါဝင်ဆောင်ရွက်ခဲ့ဖူးသော ပရောဂျက်ကို အချိန်အနည်းငယ်ပေး၍ စဉ်းစားခိုင်းပါ။<br>မှတ်ချက်- ပရောဂျက်တွင် တိုက်ရိုက်ပါဝင်လုပ်ဆောင်ခြင်းမရှိသည့် ပါဝင်သူများကိုပရောဂျက်အတွေ့အကြုံကို ဖော်ပြကာ မျှဝေနိုင်သောတစ်စုံတစ်ဦးနှင့် တွဲပေးရန်ကြိုးစားပါ။</li>
<li>ပါဝင်သူများအား GPC ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ဆောင်ရန်စာရင်းကို တစ်ဦးချင်း သုံးသပ်ရန်ပြောကြားပါ။ ပါဝင်သူများအနေဖြင့် အာရုံစိုက်သင့်သည်မှာ-
<ul>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့် ဆက်စပ်၍ ဒီဖိုင်း၏ ကောင်းကျိုးပြုသည့်အချက်က မည်သည့်အချက်ဖြစ်သနည်း။</li>
<li>ဒီဖိုင်းတွင် မည်သည့် အချက်များ ပျောက်နေသနည်း (၎င်းအား လုပ်ဆောင်ရန်စာရင်းတွင် အရေးကြီးအဖြစ် အသားပေးဖော်ပြထားသည်)။</li>
<li>အမှန်တကယ်ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့ ကိစ္စရပ်မျိုးကို စဉ်းစားပါက ၎င်းတို့၏ အမြင်ကို မည်သို့ ပြောင်းလဲသွားစေမည်နည်း။</li>
</ul>
</li>
<li>၎င်းတို့ ပါဝင်ခဲ့သည့်ပရောဂျက်များအပေါ် ဆင်ခြင်သုံးသပ်မိသမျှကို ပါဝင်သူများအား ပြောကြားခြင်းဖြင့် သင်တန်းကို စိတ်ဝင်စား အောင် ပြုလုပ်ပါ။</li>
</ul>
</td>
<td></td>
</tr>
</table>

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✸ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကဏ္ဍအလိုက် ပရောဂျက်တစ်ခု၏ ဒီဇိုင်းထဲတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းနိုင်ရန် ခိုင်မာမှုရှိပြီး ရည်ရွယ်ချက်ပြည့်ဝသော လှုပ်ရှားမှုများ လိုအပ်ပါသည်။<br>✸ *GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများသည်* ဒီဇိုင်းရေးဆွဲသည့် လုပ်ငန်းစဉ်အပြင် ယင်းကို ပြန်သုံးသပ်ရာတွင် အသုံးဝင်သည့် အရာတစ်ခုဖြစ်ပါသည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ကဏ္ဍအလိုက် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် သတ်မှတ်ထားသည့်အချက်သည် ပရောဂျက်တွင်ပါဝင်ကြောင်း သေချာစေရန် ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် မည်သည့်ဆောင်ရွက်ချက်များ ထည့်သွင်းနိုင်သနည်း။

အချက် 1

- 'အန္တရာယ်မဖြစ်စေရေး/ ငြိမ်းချမ်းရေးအတွက် ဒေသန္တရစွမ်းရည်များ' အကဲဖြတ်မှု နှင့်/သို့မဟုတ် ပဋိပက္ခဖြစ်လွယ်မှုအပေါ် ပုံမှန် အကဲဖြတ်ခြင်းကို ပြီးမြောက်အောင်ဆောင်ရွက်ပါ။
- ဝန်ထမ်းများနှင့် အေဂျင်စီ အသင်းအဖွဲ့အားလုံးသည် ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို နားလည်ကာ လက်မှတ်ရေးထိုးထားကြောင်း သေချာအောင်လုပ်ပါ။
- ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို အန္တရာယ်ကျရောက်နေသောလူထုများအတွက် ၎င်းတို့နားလည်နိုင်သော ဘာသာစကားနှင့် ပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးပါ။
- လက်ခံရသူ၏ဒေတာကို လျှို့ဝှက်ထားပါ။
- ဆက်စပ်နေသည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထားမှုနှင့် အနိုင်ကျင့်မှုများကို ၎င်းတို့ သတိပြုမိလာပါက သို့မဟုတ် အသိသက်သေဖြစ်လာပါက မည်သို့တုန့်ပြန်ရမည်ဆိုသည့်အပေါ် ဝန်ထမ်းများကိုလမ်းညွှန်ပေးရန် ရှင်းလင်းသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရှိနေပါစေ။
- ဖြန့်ဝေသည့်နေရာများသည် လူထုကို နောက်ထပ်အန္တရာယ်မဖြစ်စေနိုင်သောနေရာတွင် တည်ရှိကြောင်း သေချာပါစေ။
- အသွား၊ အပြန်လမ်းကြောင်းများအပါအဝင် ဖြန့်ဝေသည့်နေရာအားလုံး၏ ဘေးကင်းမှုကို အကဲဖြတ်ပါ။
- ပြဿနာညီမျှခြင်းကိုအသုံးပြုခြင်းကြောင့် ဖြစ်လာနိုင်သည့် ကာကွယ်ရေးဆိုင်ရာ ပြဿနာများကို ဆန်းစစ်ထားပါ။
- ဖြန့်ဝေသည့်နေရာများနှင့် ယင်းနေရာသို့ အသွား၊ အပြန်လမ်းကြောင်းများ ဘေးကင်းမှု ရှိမရှိ အမြဲမပြတ် စောင့်ကြည့်ပါ။
- သွားလာရန်အတွက် လုံလောက်သည့်နေ့အလင်းရောင် ရရှိစေရန် ဘေးအကင်းဆုံးနေ့အချိန်တွင် အစားအစာဖြန့်ဝေခြင်းကို စီစဉ်ပြုလုပ်ပါ။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသတင်းအချက်လက်များ ပေးထားပါ။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုနှင့် ပတ်သက်ပါက လုံးဝ သီးခံမည်မဟုတ်သော မူဝါဒကို ဖြန့်ဝေမှုတွင်ပါဝင်နေသော ဝန်ထမ်းနှင့် အခြားသူများက အပြည့်အဝ သိထားကြောင်းနှင့် ယင်းကို လက်မှတ်ရေးထိုးထားကြောင်း သေချာပါစေ။
- ဖြန့်ဝေရေးအဖွဲ့များကို ပုံမှန်အလှည့်ကျ လုပ်ဆောင်စေကာ အမျိုးသားနှင့် အမျိုးသမီးဝန်ထမ်းအရေအတွက်ကို အညီအမှတ် ထားရှိပါ။
- ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်ကွပ်ကဲသည့်လုပ်ငန်းစဉ်တွင် ဖြန့်ဝေမှုမတိုင်မီ၊ ဖြန့်ဝေမှုအတောအတွင်းနှင့် ဖြန့်ဝေပြီးနောက် လူများအနေဖြင့် လုံခြုံမှုကို ခံစားရခြင်း ရှိ၊ မရှိ မေးမြန်းပါ။
- ဖြစ်နိုင်ခြေရှိသည့်ပြုပြင်ရေးလုပ်ဆောင်ချက်အတွက် ဘဏ္ဍာငွေကြေးအနည်းငယ်ကို ပေးထားပါ (ဥပမာ - ဖြန့်ဝေသည့်နေရာတွင် ကလေးငယ်များနှင့် ရင်းနှီးကျွမ်းဝင်သည့်နေရာကို ဖွဲ့စည်းပြုလုပ်ထားမှု)။

အချက် 2

- စစ်ဆေးသည့်နေရာများ၊ စောင့်ကြပ်ပိတ်ဆို့မှုများ သို့မဟုတ် မြေမြှုပ်မိုင်းထားရှိသည့်နေရာများ ကဲ့သို့သော အတားအဆီးများကိုစဉ်းစားကာ ထိခိုက်ခံစားရမည့်လူများ လာရောက်မှုကို စောင့်ကြည့်ပါ။
- သီးခြားလိုအပ်ချက်များ မရှိသည့်အပြင် အားလုံးကိုရှင်းလင်းစွာ ညွှန်ကြားထားခြင်းမရှိလျှင် အစားအစာနှင့် NFI ကို မျှမျှတတ ဖြန့်ဝေပါ။
- ဖြန့်ဝေသည့်နေရာများတွင် အစားအစာနှင့် NFI ခံစားခွင့်များကို သင့်လျော်သည့်ဘာသာစကားနှင့် ရုပ်ပုံ ပုံစံဖြင့် ရှင်းလင်းစွာ ဖော်ပြထားပါ။
- အမျိုးသမီးများနှင့် ကလေးငယ်များမှ အိမ်ထောင်ဦးစီးအဖြစ်တာဝန်ယူနေရသည့် အိမ်ထောင်စုများကို ၎င်းတို့၏ကိုယ်ပိုင်အမည်များဖြင့် စာရင်းသွင်းမှတ်ပုံတင်ထားပါ။
- ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့်နေရာများ ပံ့ပိုးပေးထားခြင်း သို့မဟုတ် မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြုနိုင်ရန် နည်းလမ်းများ ပံ့ပိုးပေးခြင်း ကဲ့သို့သော ထိခိုက်ခံစားရနိုင်သည့်အုပ်စုများ၏ ရယူသုံးစွဲခွင့်ကို ဖြည့်ဆည်းပေးရန် အထူးလုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပါ။
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်မှဦးဆောင်နေရသော အိမ်ထောင်စုများ၊ မသန်စွမ်းသူများကဲ့သို့သော သီးခြားလိုအပ်ချက်များရှိနေသည့် တစ်ဦးချင်းနှင့် အုပ်စုများကို အစားအစာများ အရင်ဆုံး ဖြန့်ဝေပါ။

- အစားအစာများကို ရည်ရွယ်ထားသည့် သီးခြားတစ်ဦးချင်း သို့မဟုတ် အုပ်စုများထံ ဖြန့်ဝေသည့်အခါ အစားအစာများကို လက်ခံရရှိကြောင်းနှင့် ၎င်းတို့၏လိုအပ်ချက်များနှင့် ကိုက်ညီကြောင်းကို ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်အတွင်း စစ်ဆေးပါ။
- ဖြစ်နိုင်ခြေရှိသည့်ပြုပြင်ရေးလုပ်ဆောင်ချက်အတွက် ဘဏ္ဍာငွေကြေးအနည်းငယ်ကို ပေးထားပါ၊ ဥပမာ - ဝင်ဆောင်မှုပေးသည့်နေရာသို့ လာရောက်နိုင်ရန်ဆင်ခြေခလျှောနေရာများ။

အချက် 3

- ဝန်ထမ်းများနှင့် အေဂျင်စီ အသင်းအဖွဲ့အားလုံးသည် ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို နားလည်ကာ လက်မှတ်ရေးထိုးထားကြောင်း သေချာအောင်လုပ်ပါ။
- ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို အန္တရာယ်ကျရောက်နေသောလူထုများအတွက် ၎င်းတို့နားလည်နိုင်သော ဘာသာစကားနှင့် ပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးပါ။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသတင်းအချက်လက်များ ပေးထားပါ။
- ဖြန့်ဝေသည့်နေရာများတွင် အစားအစာနှင့် NFI ခံစားခွင့်များကို သင့်လျော်သည့်ဘာသာစကားနှင့် ရုပ်ပုံ ပုံစံဖြင့် ရှင်းလင်းစွာ ဖော်ပြထားပါ။
- ဆက်စပ်နေသည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထားမှုနှင့် အနိုင်ကျင့်မှုများကို ၎င်းတို့ သတိပြုမိလာပါက သို့မဟုတ် အသိသက်သေဖြစ်လာပါက မည်သို့တုန့်ပြန်ရမည်ဆိုသည့်အပေါ် ဝန်ထမ်းများကိုလမ်းညွှန်ပေးရန် ရှင်းလင်းသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရှိနေပါစေ။
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ။

မှတ်ချက်- ထိရောက်သော တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားချက်များပြုလုပ်ရန် လုပ်ထုံးလုပ်နည်းတစ်ခု၏ အင်္ဂါရပ်များတွင် ပါဝင်သည်မှာ-

a. ၎င်းတို့သည် အချိန်နှင့် တပြေးညီ တုံ့ပြန်အကြံပြုချက် ပေးနိုင်စွမ်းရှိသည်
b. ၎င်းတို့သည် တိုင်ကြားချက်များကို လက်ခံရရှိသည် (NB တိုင်ကြားချက်များ မရှိခြင်းသည် ပြဿနာများ မရှိသည့်အထောက်အထားမဟုတ်ပါ။)
c. ၎င်းတို့တွင် PSEA အပါအဝင် အရေးကြီးသောကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်၊ ဆောင်ရွက်ရန်နှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်အတွက် ရှင်းလင်းပြီး အချိန်နှင့်တပြေးညီဖြစ်သော လုပ်ငန်းစဉ်အဆင့်ဆင့်ရှိသည်
d. ၎င်းတို့တွင် နည်းလမ်းများစွာ ရှိသည့်အနက် ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်-
    - ဖြန့်ဝေမှု/ ပရောဂျက်နေရာများနှင့် ရုံးခန်းရှိ တိုင်ကြားစာပုံးများ
    - တိုင်ကြားချက်များ ပြုလုပ်ရန် 'ဟော့လိုင်း' နှင့် 'အီးမေးလ်'
    - ဖြန့်ဝေပေးထားသည့် လက်ကမ်းစာစောင်များ - အကြောင်းအရာများနှင့် PSEA တို့ကို အသိပေးခြင်း
    - ပရောဂျက်နေရာများ၊ ရုံးခန်းများနှင့် အဖွဲ့အစည်းဝဘ်ဆိုက်များတွင် ပြသထားသော ကျင့်ဝတ်နှင့် 'ထိခိုက်ခံရသည့်လူများအတွက်ကတိဝန်ခံချက်များ'

အချက် 4

- ပရောဂျက်ကို ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပြုလုပ်ရာတွင် အမိပွါယ်ပြည့်ဝစွာ ပါဝင်နိုင်ကြောင်း သေချာပါစေ။
- ဘေးအန္တရာယ်ထိခိုက်ခံစားရသောလူထုနှင့် ဆွေးနွေးပွဲများတွင် အားနည်းချက်ရှိသော ပုဂ္ဂိုလ်များကို မျှမျှတတ ကိုယ်စားပြုလုပ်ဆောင်ကြောင်း သေချာပါစေ။
- အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောက်ကျားလေးများသည် ၎င်းတို့၏အခြေအနေနှင့်ဆက်စပ်နေသည့်ဆုံးဖြတ်ချက်များတွင် အပြည့်အဝပါဝင်ကြောင်း သေချာပါစေ။
- ဝန်ဆောင်မှုများအတွက် တည်နေရာနှင့် အစီအစဉ်အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဒေသတွင်းအာဏာပိုင်များနှင့် ဒေသခံအဖွဲ့အစည်းများကို အကြောင်းကြားကြောင်း၊ ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ကြောင်း၊ ၎င်းတို့ကို ပါဝင်စေကြောင်း သေချာပါစေ။
- ထိခိုက်ခံစားရသောသူများ၏ သီးခြားလိုအပ်ချက်များနှင့်ပတ်သက်သည့် တိကျသောသတင်းအချက်အလက်များကို စုစည်းရန်အလို့ငှာ အကဲဖြတ်မှုများတွင် ထိခိုက်ခံစားရသောလူအမျိုးအစားအားလုံး (ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ကဲ့သို့သော) ပါဝင်ပါစေ။

# အပိုင်း 6- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း အပိုင်းသည် လေ့ကျင့်သင်ကြားစဉ်အတွင်း ပါဝင်ဆောင်ရွက်သူများ မည်မျှမှတ်မိသည်ကို ၎င်းတို့အား သတိပေးရန် အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ ၎င်းက သင်တန်းပို့ချသူအနေဖြင့်လည်း ပါဝင်ဆောင်ရွက်သူများ၏ သင်ရိုးပြီးမြောက်မှုကို ဂုဏ်ပြုနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ၎င်းတို့ထံမှ တုံ့ပြန်ချက်များရယူနိုင်မည့် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 60 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီ / အကဲဖြတ်ခြင်း

**အရင်းအမြစ်များ -** *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)၊ အရင်းအမြစ် 23 - သင်ရိုး အကဲဖြတ်ခြင်း (စာမျက်နှာ 228)၊ PPT ဆလိုက်- သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*

## သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 30 မိနစ် | ရှာဖွေဖော်ထုတ်ထားသော ကာကွယ်စောင့်ရှောက်ရေး ပြဿနာများကို ပြန်လည်ဆွေးနွေးခြင်း | |
| | • ဤအခြေအနေတွင် ကြုံတွေ့ခဲ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို သင်တန်းအစတွင် အားလုံးက ပေးထားခဲ့ကြောင်း ပါဝင်ဆောင်ရွက်သူအားလုံးကို**သတိပေးပါ**။<br>• လေ့ကျင့်သင်ကြားမှုတစ်လျှောက်လုံးတွင် အပြန်အလှန်ဆွေးနွေးရန် အခွင့်အရေးမရခဲ့သည့်သူ တစ်ဦးဦးနှင့် ပူးတွဲလုပ်ဆောင်ရန် ပါဝင်ဆောင်ရွက်သူများအား**ပြောပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား သင်တန်းအစတွင် ရှာဖွေဖော်ထုတ်ခဲ့သည့် ပြဿနာများထဲမှ တစ်ခုကိုရွေးပြီး အတွဲလိုက်လုပ်ဆောင်ခိုင်းကာ သင်တန်းတွင် ၎င်းတို့သင်ယူခဲ့ရသည်များအပေါ် အခြေခံ၍ ပြဿနာကို တုံ့ပြန်ရန်အတွက် ဖြေရှင်းနည်းနှစ်ခု**အကြံပေးခိုင်းပါ**။<br>*မှတ်ချက်- ဖြစ်နိုင်ပါက အတွဲများအား မတူညီသော ပြဿများ ရွေးခိုင်းပါ၊ သို့သော် အချို့ပြဿနာများ တူနေပါကလည်း ကိစ္စမရှိပါ။*<br>• အတွဲများအား ၎င်းတို့၏လုပ်ရှားဆောင်ရွက်မှုများကို မျက်နှာစုံညီ ဆွေးနွေးရန်**ဖိတ်ခေါ်ပါ**။<br>• အကြံပြုထားသည့် လုပ်ဆောင်ချက်များ မရှိသည့် ကိစ္စရပ်များအတွက် မည်သည့် ပြဿနာမျှ ပေါ်ပေါက်လာခြင်းရှိမရှိကို ပါဝင်ဆောင်ရွက်သူများနှင့် **စစ်ဆေးပါ**။ မျက်နှာစုံညီမေးမြန်းရာတွင် ဤသည်က ကိစ္စတစ်ရပ်ဖြစ်နေပါက လုပ်ရှားဆောင်ရွက်မှုများအတွက် စိတ်ကူးဉာဏ်အချို့ ရှာဖွေရယူပါ။ | |

| 30 မိနစ် | နိဂုံးချုပ်ခြင်း | |
|---|---|---|
| | • ရည်ရွယ်ထားသော သင်ယူမှု ရလဒ်များကို**ပြန်ဆွေးနွေးပါ**-<br>*ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>• *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>• *လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။*<br>• *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။*<br>• *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်*<br><br>• ပါဝင်ဆောင်ရွက်သူများအား သင်ယူမှုရလဒ်အား ၎င်းတို့အနေဖြင့် မည်မျှ ပြည့်မီသည်ဟု ခံစားရသလဲဟု စားပွဲဝိုင်းတွင် ထိုင်နေသော အုပ်စုများကို **မေးမြန်းပါ**။<br><br>• ပါဝင်ဆောင်ရွက်သူများ၏ အမြင်တွင် မည်သည့်ရလဒ်များက အောင်မြင်ထားပြီး မည်သို့တို့က နောက်ထပ်လုပ်ဆောင်မှုများလိုအပ်သည်ကို မျက်နှာစုံညီ **မေးမြန်းပါ**။<br><br>• ပါဝင်ဆောင်ရွက်သူများအား *လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း* နှင့်သင်ရိုးအကဲဖြတ်မှု လက်ကမ်းစာ**ပေးပြီး** ၎င်းတို့အားဖြည့်စွက်ရန် အချိန်ယူ၍ လုပ်ဆောင်ခိုင်းပါ။<br><br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br><br>• ပါဝင်သူများကို သင်တန်းပြီးဆုံးမှု အသိအမှတ်ပြုလက်မှတ်**ပေးအပ်ကာ** ၎င်းတို့၏အချိန်ပေးမှုအတွက် ကျေးဇူးတင်ကြောင်းပြောကြားပါ။ | *PPT ဆလိုက်*<br><br>*အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)*<br><br>*အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း (စာမျက်နှာ 228)* |

# သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

***လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းအတွက် လမ်းညွှန်ချက်မှတ်ချက်***

သင်တန်း အကြိုနှင့် နောက်ပိုင်း စစ်တမ်းအား ဖြည့်စွက်ပြီးနောက်တွင် ၎င်းတို့အား စုစည်းပြီး နောက်ပိုင်းတွင် အကိုးအကားအဖြစ်အသုံးပြုရန် ဖိုင်တွဲပါ။ ဆန္ဒရှိပါက ဗဟုသုတနှင့် သဘောပေါက် နားလည်မှု မည်မျှရှိကြောင်း သိရှိရန် စစ်တမ်းများကို သင်အမှတ်ဖြတ်ပေးနိုင်သည်။ အောက်ပါတို့သည် အဆိုပါ အမှတ်ဖြတ်မှုအတွက် လမ်းညွှန်ချက် ဖြစ်သော်လည်း ၎င်းက သင်တန်းပေးသည့်အဖွဲ့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လိုအပ်ပါသည်။

1. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုတာဘာလဲ။ သင်၏အစီအစဉ်များ/ပရောဂျက်များနှင့် ကိုယ်ပိုင်တာဝန်များအတွက် ၎င်းက မည်ကဲ့သို့ အဓိပ္ပါယ်သက်ရောက်သနည်း။

   *ဤမေးခွန်းအတွက် အမှတ်နှစ်မှတ်ပေးနိုင်သည်- GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သက်ဆိုင်သည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ပြည့်ဝစွာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုအတွက် တစ်မှတ် / တစ်ဦးချင်း၏ ကိုယ်ပိုင်အစီအစဉ်များနှင့် တာဝန်ဝတ္တရားများတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်အား အသုံးချမှုအတွက် တစ်မှတ်ဖြစ်သည်။*

2. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်များထဲမှ သင်သိသည့် အချက်အချို့မှာ မည်သည်တို့ဖြစ်သနည်း။

   *ဤမေးခွန်းအတွက် အမှတ်ငါးမှတ်ပေးနိုင်သည်။ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာ၊ ဘေးဒုက္ခဖြစ်စေခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးများကို လွဲမှားစွာပြုမှုအတွက် ဘေးကင်းရေး တုံ့ပြန်ချက်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်နိုင်သည့် သက်ဆိုင်သော အခြေခံသဘောတရားလေးချက်ကို ထည့်သွင်းရေးသားခြင်းအတွက် တစ်မှတ်။ ငါးမှတ်မြောက်အမှတ်သည် သဘောတရား (ဥပမာ၊ ဘေးကင်းလုံခြုံရေး အချက်များကိုသာ အာရုံစိုက်ထားခြင်းမဟုတ်သည့်) အားလုံးခြုံငုံပါဝင်အောင် ဖြေဆိုသူအတွက် ဖြစ်ပါသည်။*

3. ပရောဂျက် သက်တမ်း တစ်လျှောက် သင်၏ ကြားဝင်ဖြန်ဖြေဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက်များတွင် အသုံးချနိုင်မည့် နည်းလမ်းနှင့် သက်ဆိုင်သည့် ခိုင်လုံသော ဥပမာ (4) ခု ပေးပါ - အဓိက အချက် တစ်ခုစီအတွက် ဥပမာတစ်ခုစီ

   *ဤမေးခွန်းအတွက် အမှတ်ရှစ်မှတ် ပေးနိုင်သည် (ဥပမာတစ်ခုအတွက် 2 မှတ်ဖြစ်နိုင်သည်)*

4. မှန် သို့မဟုတ် မှား ဖော်ပြချက်များ။

   *ဤမေးခွန်းအတွက် အမှတ် 5 မှတ်ပေးနိုင်သည် (ဖော်ပြချက် တစ်ခုစီအတွက် တစ်မှတ်)။ ဖော်ပြချက်အားလုံးသည် မှားယွင်းသည်ကို မှတ်သားပါ။*

# အစိမ်းရောင် သင်ရိုး- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအား ပေါင်းစပ်ထည့်သွင်းခြင်းကို လေ့ကျင့်ခြင်း

**အချိန်** - 2 ရက်

**မျှော်မှန်း သင်တန်းသား** - လက်တွေ့လုပ်ဆောင်နေသည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လက်တွေ့ပံ့ပိုးပေးနေသည့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး မဟုတ်သည့် ကိုယ်စားလှယ်များ

**သင်ရိုး၏ ရည်ရွယ်ချက်** - ဤသင်ရိုးသည် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း ပြည့်ပြည့်စုံစုံဖြင့် အကျဉ်းချုပ်ဖော်ပြရန် ဖြစ်ပါသည်။ ၎င်းက စီမံကိန်းသက်တမ်းတစ်လျှောက်နှင့် ညှိနှိုင်းဆောင်ရွက်ကြသည့် လုပ်ထုံးလုပ်နည်းများအတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို အသုံးပြုရာတွင် ပါဝင်ဆောင်ရွက်သူများ၏ စွမ်းရည်များကို တည်ဆောက်ရန် အထူးအသားပေးထားပါသည်။ ၎င်းသည် ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မှမဟုတ်သည့် ကိုယ်စားလှယ်များအတွက် သင့်လျော်မှုရှိပြီး အုပ်စုနှစ်ခုစလုံးမှ ပါဝင်သူများကို ပေါင်းစည်း၍လည်း ၎င်းကို အသုံးပြုနိုင်ပါသည်။ (ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မဟုတ်သော ကိုယ်စားလှယ်များ) ပေါင်းစပ်ပါဝင်သည့် မျှော်မှန်းအုပ်စုတစ်ခုကို အသုံးပြုခြင်းဖြင့် အုပ်စုနှစ်ခုကြားတွင် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုကို ဖြစ်စေပြီး လေ့ကျင့်သင်ကြားမှုတစ်လျှောက်လုံးတွင် အချင်းချင်း အပြန်အလှန်ပံ့ပိုးပေးနိုင်စေရန် အထောက်အပံ့ဖြစ်စေပါမည်။ ဤအပြန်အလှန်ပံ့ပိုးမှုသည် လူသားချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတစ်လျှောက် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း နားလည်ကာ ၎င်းကို အသုံးချနိုင်စေမည့် စွမ်းရည်များကို တိုးပွားစေမည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းက အဖွဲ့အချင်းချင်းနှင့် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခွင့်များကို ဖြစ်ပေါ်စေသည့်အတွက် ပိုမိုကျယ်ပြန့်သည့် လူသားအချင်းချင်းစာနာထောက်ထားရေး ဆောင်ရွက်ချက်၏ အစိတ်အပိုင်းအဖြစ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် အနာဂတ်တွင် ပိုမိုပံ့ပိုးကူညီပေးပြီး လွယ်ကူချောမွေ့ အဆင်ပြေစေမည် ဖြစ်ပါသည်။

| | |
|---|---|
| သင်ရိုး သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤသင်ရိုးက အောက်ပါတို့ကို ဆောင်ရွက်ပေးပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး အကြောင်းအရာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် အရေးကြီးပုံကို လက်တွေ့သရုပ်ပေးပါသည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြပြီး လက်ရှိလုပ်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေတွင် ၎င်း၏သက်ဆိုင်မှုနှင့် အသုံးချမှုကို ဆွေးနွေးပေးပါမည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်ကို ဖော်ပြပေးပြီး တစ်ခုချင်းစီ၏ လိုအပ်ချက်များကို အသားပေးဖော်ပြကာ သီးသန့်အကြောင်းအရာများတွင် ၎င်းတို့အား အသုံးချပြပါသည်။<br>• ကဏ္ဍအလိုက် အစီစဉ်များကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ချင့်တွက်မှု လုပ်ဆောင်သည့်အဆင့်လုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသော နည်းလမ်းများ ချမှတ်ပေးပါမည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေရန် နိုင်ငံတကာနှင့် နိုင်ငံတွင်းတွင် ရနိုင်သည့် နည်းလမ်းများနှင့် အရင်းအမြစ်များကို သိရှိအောင် ပြောပြပေးပြီး ၎င်းတို့၏တန်ဖိုးနှင့် အသုံးချမှုကို လက်တွေ့သရုပ်ပြပါမည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူကတာဝန်ရှိကြောင်း ရှင်းလင်းစွာ အလေးအနက်ဖော်ပြပြီး လက်ရှိညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများအတွက် ၎င်း၏ သက်ရောက်မှုများအကြောင်းကိုလည်း ဆွေးနွေးထားပါသည်။<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို သန္နိဌာန်ချပြီး ပေါင်းစပ်ထည့်သွင်းကြဖို့ တိုက်တွန်းအားပေးခြင်း |
| သင်ယူခြင်း ရလဒ်များ | ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။<br>• ကဏ္ဍအလိုက် အစီအစဉ်ကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲမှုနှင့် ချင့်တွက်မှု ပြုလုပ်စဉ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို ပေါင်းစပ်ထည့်သွင်းပေးထားသည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည် |

**သင်ရိုး အကြမ်းဖျင်းဖော်ပြချက်နှင့် အကြံပြုထားသော အချိန်ဇယား**

**ရက် 1**

| | |
|---|---|
| 09:00 – 10:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသလဲ။ |
| 10:00 – 11:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်မှာ အဘယ်နည်း။ |
| 11:00 – 11:20 | လက်ဖက်ရည်သောက် နားချိန် |
| 11:20 – 12:20 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိအချက်များ (အပိုင်း I) |
| 12:20 – 13:20 | နေ့လည်စာ စားချိန် |
| 13:20 – 14:20 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိအချက်များ (အပိုင်း II) |
| 14:20 – 16:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု |
| 16:00 – 16:20 | လက်ဖက်ရည်သောက် နားချိန် |
| 16:20 – 17:40 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း |

**ရက် 2**

| | |
|---|---|
| 09:00 – 09:50 | ပထမတစ်ရက်အကြောင်း ပြန်လည်သုံးသပ်ချက် |
| 09:50 – 10:50 | ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များကို ဘေးကင်းစွာ ဆက်သွယ်ပြောဆိုမှု |
| 10:50 – 11:10 | လက်ဖက်ရည်သောက် နားချိန် |
| 11:10 – 12:00 | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူခြင်းမှ ကာကွယ်ပေးရန် (PSEA) အလေးပေးဆောင်ရွက်မှု |
| 12:00 – 13:00 | နေ့လည်စာ စားချိန် |
| 13:00 – 14:00 | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း |
| 14:00 – 14:20 | လက်ဖက်ရည်သောက် နားချိန် |
| 14:20 – 16:00 | လက်တွေ့ ပေါင်းစပ်ထည့်သွင်းရေး စီမံချက်များ |
| 16:00 – 17:00 | နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း |

# အပိုင်း 1- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် လုပ်ငန်းခွင်ဆွေးနွေးပွဲ၏ ရည်ရွယ်ကိုမိတ်ဆက်ပေးပြီး ပါဝင်ဆောင်ရွက်သူများ တွေ့ဆုံ၍ တစ်ဦးအကြောင်း တစ်ဦး အနည်းငယ်စီ လေ့လာနိုင်မည့် အခွင့်အရေးများ ပံ့ပိုးပေးသည်။ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက အဘယ်ကြောင့် အရေးကြီးကြောင်း လေ့ကျင့်သင်ကြားခြင်းနှင့် ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏သီးခြား အခြေအနေနှင့် ပတ်သက်ပြီး တုံ့ပြန်ရန် တိုက်တွန်းပေးခြင်းတွင် ဤသင်တန်းက အလွန်အရေးပါသည်။ ၎င်းသည် စိတ်သဘောထားများကို လှုံ့မိုးရန်နှင့် သရုပ်ဖော်ပေးနိုင်ရန်၊ လေ့ကျင့်သင်ကြားမှုအတွက် "သဘောထား" သတ်မှတ်ရန်နှင့် လေ့ကျင့်သင်ကြားမှုကိုယ်တိုင်၏ တန်ဖိုးနှင့်အညီ ပါဝင်ဆောင်ရွက်သူများအား စည်းရုံးသိမ်းသွင်းရန် ရည်ရွယ်ထားပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 60 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီဆွေးနွေးခြင်း / အတွဲလိုက်မိတ်ဆက်ခြင်းများနှင့် လေ့ကျင်ခန်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ပါဝင်ဆောင်ရွက်သူများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူများကြားတွင် မိတ်ဆက်ခြင်းကို အဆင်ပြေချောမွေ့စေပါသည်<br>• ထိုနေ့အတွက် ဦးတည်ချက်များကို အသားပေး ပြောကြားပါမည်<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးအတွက် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အရေးကြီးပုံကို သရုပ်ဖော်ပြပြီး အလေးပေးရှင်းပြပါမည်<br>• သီးခြားအကြောင်းအရာနှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သက်ရောက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် သင့်လျော်မှုရှိကြောင်း ဖော်ပြ၍ တိုက်တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ဆိုင်မှုနှင့် ယင်း၏ တန်ဖိုးကို နားလည်ပြီး လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံတွင်းအဖွဲ့နှင့် နိုင်ငံတွင်း ဆောင်ရွက်နေကြသည့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် အခြားလူများပါ သိရှိအောင် လုပ်ဆောင်နိုင်ပါမည်။<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန် ဖြစ်သည်ကို အသိအမှတ်ပြုပါမည် |
| အဓိက အမှာစကားများ | ✱ လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လှုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ |
| ပြင်ဆင်ခြင်း | • သင်တန်းမစတင်ခင် PowerPoint ဆလိုက်တစ်ခုအပေါ်တွင် ပေတီနိုင်ငံမှ ကောင်လေး၏ပုံကို ပြင်ဆင်ထားပါ သို့မဟုတ် ၎င်းပုံအား လေ့ကျင့်သင်ကြားရေးအခန်းတစ်နေရာတွင် ထင်ထင်ရှားရှားမြင်အောင် ပြသထားပါ။<br>• ဖြစ်နိုင်ပါက ဒေသတွင်းမှ သင့်တော်သည့်ပုံတစ်ပုံကို အသုံးပြုပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)*<br>*အရင်းအမြစ် 1- ပေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)*<br>*PPT ဆလိုက် - သင်ရိုး သင်ယူခြင်း ရလဒ်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လှုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>10 မိနစ်</td><td>ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း</td><td></td></tr>
<tr><td></td><td>
<ul>
<li>လေ့ကျင့်ရေးအဖွဲ့နှင့် သင့်ကိုယ်သင်မိတ်ဆက်ပါ ။</li>
<li>ဝေဖန်အကြံပြုချက်ရယူရန် ရေချိုးခန်းများ / လက်ဖက်ရည်သောက် နားချိန်များ / အရေးပေါ် ထွက်ပေါက်များ / အဆက်အသွယ်အမှတ်များစသည့် အိမ်မှုကိစ္စအမှတ်များအကြောင်းအချက်အလက်များ ပံ့ပိုးပေးပါ။</li>
<li>သင်ရိုး သင်ယူခြင်း ရလဒ်များကိုရှင်းလင်းတင်ပြပေးပါ ။</li>
</ul>
ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။
<ul>
<li>လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်</li>
<li>လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။</li>
<li>ကဏ္ဍအလိုက် အစီအစဉ်ကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲမှုနှင့် ချင့်တွက်မှု ပြုလုပ်စဉ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို ပေါင်းစပ်ထည့်သွင်းပေးထားသည်။</li>
<li>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်</li>
</ul>
<ul>
<li>ပါဝင်ဆောင်ရွက်သူများအား လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းကိုဖြည့်စွက်ခိုင်းပါ။ သင်တန်းပို့ချစဉ် တစ်လျှောက်လုံး လေ့လာသင်ယူမှုကို ခြေရာကောက်နိုင်ခြင်းသည် ပါဝင်ဆောင်ရွက်သူများနှင့် လေ့ကျင့်သင်ကြားပေးသူများအတွက် ၎င်းကအလွန်အသုံးဝင်သည်ကို ရှင်းပြပါ။</li>
<li>ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့လုပ်ကိုင်နေသည့် အေဂျင်စီနှင့် ၎င်းတို့၏အမည်ကို အချင်းချင်းမိတ်ဆက်ခိုင်းပါ။</li>
</ul>
</td><td>PPT ဆလိုက်<br><br>အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)</td></tr>
<tr><td>20 မိနစ်</td><td>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။</td><td></td></tr>
<tr><td></td><td>
<ul>
<li>ဤသင်တန်းတွင် ကျွန်ုပ်ရှိနေရသည့်အကြောင်းရင်းနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးကြီးပုံဖြင့် စတင်မည်ဖြစ်ကြောင်းကိုရှင်းပြပါ ။</li>
<li>ချိုင်းထောက်ဖြင့် ရေမြောင်းကို ဖြတ်လျှောက်နေသည့် ဟေတီမှ ကောင်လေး၏ ဓာတ်ပုံကိုပြသပါ။</li>
<li>ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီမေးမြန်းပါ- ကောင်လေး ဘယ်ကို သွားနေသည်ဟု သင်ထင်ပါသလဲ။</li>
</ul>
အဖြေများတွင် ကျန်းမာရေးစင်တာ / ဈေးသို့ / သူ့အိမ်သို့ / ကျောင်းသို့ / သန့်စင်ခန်းသို့ တို့ပါဝင်နိုင်သည်။ ဤမေးခွန်း၏ ရည်ရွယ်ချက်မှာ လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများ (ဥပမာ ကျန်းမာရေး၊ အစားရေဆာဖူလုံရေး၊ ပညာရေး၊ သန့်ရှင်းရေး) ဖြစ်နိုင်သည့် ဝန်ဆောင်မှု စာရင်းတစ်ခုကို ရရှိရန် ဖြစ်ပါသည်။
<ul>
<li>အောက်ပါ မေးခွန်းအချို့ကို အသုံးပြုပြီး ကောင်လေး၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုတစ်ခုကိုဖြစ်မြောက်အောင်ဆောင်ရွက်ပါ ။
<ul>
<li>ထိုကောင်လေးသည် အဆိုပါဝန်ဆောင်မှုများအတွက် အဓိပ္ပါယ်ရှိသော ရယူခွင့်ရှိမည်ဟု သင်ထင်ပါသလား။ မည်သည့်ကြောင့်ထင်ပါသနည်း / မထင်ပါသနည်း။</li>
<li>မည်သည့်အခက်အခဲများရင်ဆိုင်ရမည်နည်း။ မည်သည့်ကြောင့် ရင်ဆိုင်ရမည်နည်း။</li>
<li>အဆိုပါဝန်ဆောင်မှုများရယူရန် ထိုကောင်လေးအတွက် လုံခြုံမှုရှိပါသလား။</li>
<li>အဆိုပါဝန်ဆောင်မှုများ၏ တည်နေရာနှင့် ရယူနိုင်မည့် နည်းလမ်းများအကြောင်း ထိုကောင်လေးနှင့်အတူ ဆွေးနွေးညှိနှိုင်းထားသည်ဟု သင်ထင်ပါသလား။</li>
</ul>
*သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ</li>
<li>အဆိုပါဝန်ဆောင်မှုများထဲမှ တစ်ခုစီက လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုနှင့် သက်ဆိုင်သည်ကိုရှင်းပြပါ-
<ul>
<li>သန့်စင်ခန်းသို့ သွားခြင်း = WASH</li>
<li>ကျောင်းသို့သွားခြင်း = ပညာရေး</li>
<li>ကျန်းမာရေးစင်တာသို့ သွားခြင်း = ကျန်းမာရေး</li>
<li>အစရှိသည်ဖြင့်</li>
</ul></li>
</ul>
</td><td>အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ (စာမျက်နှာ 156)</td></tr>
</table>

| | | |
|---|---|---|
| | • လုပ်နိုင်သောကားချပ်များပေါ်တွင် ဝန်ဆောင်မှုများကို**ချရေးပါ**။<br>• ပါဝင်ဆောင်ရွက်သူများကို မျက်နှာစုံညီ **မေးမြန်းပါ**။ ထိုကောင်လေးအနေဖြင့် ဤဝန်ဆောင်မှုများကို ရယူနိုင်ကြောင်းသေချာစေရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။<br>*တုံ့ပြန်ဆောင်ရွက်မှုများဆိုသည်မှာအထူးပြုအေဂျင်စီများ (ဥပမာ၊ Handicap International, UNHCR) ကို ရည်ညွှန်းပါသည်။ အဖြေ "မှန်" သည် အားလုံးတွင် တာဝန်ယူမှု အတိုင်းအတာတစ်ခုအထိ ရှိသည်ဖြစ်သည်။*<br>**သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*<br>• ကောင်လေးအတွက် ခြေတုဖန်တီးပေးခြင်းကဲ့သို့ အချို့သော လုပ်ရှားဆောင်ရွက်မှုများအတွက် အထူးပြုအေဂျင်စီများ လိုအပ်နိုင်သည်၊ သို့သော် ကောင်လေးသည် ၎င်းတို့၏ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း သေချာစေရန်မှာ ကိုယ်စားလှယ်အားလုံး (ဥပမာ သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစရှိသည်တို့) တွင် တာဝန်ရှိကြောင်း**ရှင်းပြပါ**။<br>*ဘီးတပ်ကုလားထိုင်များသုံးသော ကလေးများ (ကလေးများ၏ 5% အောက်က) ရှိသော နေရာတစ်ခုတွင် ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် NGO တစ်ခုအား ဥပမာအဖြစ် ဖော်ပြပေးပါ။ ဤ NGO က ၎င်းတို့ပံ့ပိုးပေးထားသော အဆိုပါဝန်ဆောင်မှုများကို ပေတီနိုင်ငံမှကလေးကဲ့သို့သော ကလေးများ အလွယ်တကူ "ရယူ" နိုင်စေရန် ကျောင်းတွင်ရနိုင်သော ကလေးအရွယ်သုံး ချိုင်းထောက်နှင့် ဘီးတပ်ကုလားထိုင်များရှိနေကြောင်း သေချာဆောင်ရွက်ပေးခဲ့သည်။ ၎င်းတို့က ကြမ်းခင်းများ ပြောင်ချောနေပြီး ကျောက်စရစ်ခဲများမရှိသည့်၊ မသန်စွမ်းသူများအသုံးပြုနိုင်သော တွင်းအိမ်သာများကို မသန်စွမ်းသူများ သေချာစွာအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။*<br>*မှတ်ချက်- ဖြစ်နိုင်ပါက လေ့ကျင့်သင်ကြားရေး ဆောင်ရွက်သည့် နေရာမှ ဥပမာတစ်ခုကို အသုံးပြုပါ။*<br>• ယခင် ဥပမာသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဥပမာဖြစ်ကြောင်း **ရှင်းပြပါ**။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်ပါသည်။ ၎င်းတို့သည် အထူးပြုအေဂျင်စီများနှင့် အချို့သောကိစ္စရပ်များအတွက် ပူးပေါင်းလုပ်ဆောင်ရနိုင်သည် (ဥပမာ - ခြေတုထောက်ပံ့ခြင်း)။ သို့သော် ၎င်းတို့၏ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်စေရေးအတွက် ၎င်းတို့အားလုံးတွင် တာဝန်ရှိပါသည်။ | |
| 25 မိနစ် | **ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းက သင့်အခြေအနေတွင် အဘယ်ကြောင့် အရေးကြီးရသနည်း။** | |
| | • ပါဝင်ဆောင်ရွက်သူများအား နှစ်ယောက်တစ်တွဲစီ**တွဲခိုင်းပါ**။ ဤအခြေအနေတွင် အပိုင်းကဏ္ဍအလိုက် အစီအစဉ်များတွင် ၎င်းတို့ကြုံတွေ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာများနှင့်ပတ်သက်သည့် ခိုင်လုံသော ဥပမာများအကြောင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးခိုင်းပါ။<br>*ဥပမာတစ်ခု ပေးပါ - အစားအစာများပေးဝေသည့်နေရာမှ အိမ်သို့ အပြန်လမ်းတွင် တိုက်ခိုက်ခံရသည့်လူများနှင့် အခိုးခံရသည့် ၎င်းတို့၏အစားအစာများ။ (ဖြစ်နိုင်ပါက အခြေအနေနှင့် သက်ဆိုင်သော ဥပမာများဖြင့် အစားထိုးပေးပါ။)*<br>*ပါဝင်ဆောင်ရွက်သူများတွင် ကာကွယ်စောင့်ရှောက်ရေးပြဿနာနှင့်ပတ်သက်သည့် တိုက်ရိုက်အတွေ့အကြုံမရှိပါက ၎င်းတို့အား သဘောတရားတူညီသည့် ဥပမာများ စဉ်းစားခိုင်းပါ။*<br>• လူတိုင်းဖတ်နိုင်စေရန် ပါဝင်ဆောင်ရွက်သူတစ်ဦးလျှင် A5 ကတ္တူပြားတစ်ခုပေါ်တွင် မင်တံများဖြင့် ဥပမာတစ်ခု**ချရေးခိုင်းပါ**။ ဖြစ်နိုင်ပါက ဥပမာများသည် ၎င်းတို့၏ အခြေအနေနှင့် သက်ဆိုင်သင့်ပါသည်။<br>• ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက်မတ်တပ်ရပ်ရန်**ဖိတ်ခေါ်ပြီး** အပိုင်းကဏ္ဍအလိုက် အစီအစဉ်တစ်ခုတွင် ၎င်းတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို အကျဉ်းချုံးရှင်းပြခိုင်းပါ။<br>*မှတ်ချက်- ဥပမာအားလုံးကို နံရံတွင် ကပ်ပြီး လိုအပ်သည့်အခါ ဥပမာများအဖြစ် အသုံးပြုရန် သင်တန်းတစ်လျှောက်လုံးတွင်နှင့် သင်တန်းပြီးဆုံးချိန်အထိ ထားထားလိုက်ပါ။*<br>• ၎င်းတို့၏ ဥပမာများအတွက် ပါဝင်ဆောင်ရွက်သူများကို**ကျေးဇူးတင်ကြောင်းပြောပါ**။ ယင်းပြဿနာအားလုံးကို ကျွန်ုပ်တို့ ယခုလက်ငင်းဖြေရှင်းမည် မဟုတ်ဘဲ သင်တန်းကာလအတွင်း ၎င်းတို့ကိုပြန်လည်ညွှန်းဆိုသွားမည်ဖြစ်ကြောင်း ရှင်းပြပါ။ | *A5 ကတ္တူများနှင့် ရေးမှတ်ဘောပင်များ* |
| 5 မိနစ် | **အဓိကအမှာစကားများ အကျဉ်းချုပ်** | |
| | ✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူအားလုံးသည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာ၌ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဖြင့် ပြည်သူအများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဘေးကင်းစွာရယူနိုင်ရန် လုပ်ရှားသူများက ပံ့ပိုးပေးနိုင်သည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းရမှာလဲ။

** သင်တန်းပို့ချသူ မှတ်စု 1*

ပါဝင်ဆောင်ရွက်သူများအား မေးခွန်းပေါင်းများစွာဖြင့် လမ်းညွှန်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကကျသည့် အစိတ်အပိုင်းအချို့ ဖြစ်သည့် - ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းတို့ကို နှိုက်ထုတ်ရန် ဖြစ်ပါသည်။

- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည်-
    - a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
    - b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
    - c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
    - d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
    - e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
    - f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်
- ပေတီမှ ကောင်လေး၏ ဖြစ်စဉ်တွင် ၎င်းသည် ဘေးကင်းလုံခြုံရေး၊ လွယ်ကူစွာ လက်လှမ်းမီ ရယူနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအရ ရယူခွင့်ရှိမှုတို့တွင် သိသိသာသာ ကန့်သတ်ထားခံရပါသည်။
- ကောင်လေးအနေဖြင့် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်းမရှိခြင်းက ၎င်းသည်သင့်တော်သည့် တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများကို သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ထားခြင်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဖော်ပြပါသည်။ သင့်တော်သော တည်နေရာများနှင့် ရယူခွင့်လမ်းကြောင်းများ သတ်မှတ်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကောင်လေးသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်အားလုံးက ကဏ္ဍတစ်ခုကနေပါဝင်ကြောင်း ခွဲခြားသိနိုင်ရန် ပါဝင်ဆာင်ရွက်သူများအတွက် ဤမေးခွန်းမေးရခြင်းဖြစ်ပါသည် -

a. ဝန်ဆောင်မှုများ ရယူရန် လမ်းကြောင်းနှင့် တည်နေရာအတွက် တိုင်ပင်ဆွေးနွေးထားပြီး ဖြစ်ခြင်း
b. ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း
c. ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံခံထားရခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသာမဟုတ်ဘဲ ဒေသတွင်းနှင့် နိုင်ငံတွင်းအစိုးရတွင် အဓိကတာဝန်ရှိကြောင်း အသိအမှတ်ပြုပါ။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ကိုယ်ပိုင် အစီအစဉ်များ၏ အကြောင်းအရာများဖြစ်သည့် သန့်ရှင်းရေး၊ နေထိုင်ရေး၊ ယာယီစခန်း စီမံခန့်ခွဲရေးဝန်ထမ်း အစရှိသည်တို့တွင် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်မည့် အရေးကြီးသော အခန်းကဏ္ဍကို သိနားလည်ရမည်။

# အပိုင်း 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်မှာ အဘယ်နည်း။

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်ရိုးအပိုင်းတွင် *GPC အကျဉ်းချုံး*တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သဘောတရားကို ပါဝင်ဆောင်ရွက်သူများ သိရှိစေရန် မိတ်ဆက်ဖော်ပြထားပါသည်။ ဤသင်တန်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ခိုင်မာသောဥပမာအချို့နှင့် ၎င်းတို့သည် GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် မည်သို့ ရောင်ပြန်ဟပ်ကြောင်းကို ရှာဖွေမည်ဖြစ်ပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 60 မိနစ်

**သင်တန်း အမျိုးအစား -** အုပ်စုငယ်လိုက် လုပ်ဆောင်မှု / အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများ / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• 'ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' ၏ သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးပြီး ရှင်းပြပေးပါမည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား GPC က မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို ရှင်းပြပေးပါမည်<br>• လက်တွေ့မှရသည့် ခိုင်လုံသော ဥပမာများနှင့်အတူ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းဖော်ပြပေးပါမည်<br>• လက်တွေ့တွင် မည်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား လုပ်ဆောင်နေသည်၊ လုပ်ဆောင်နေခြင်းမရှိသည်ကို ရှင်းပြပြီး ဤသည်မှ ဖြစ်ပေါ်လာသည့် တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်ရန် အားပေးတိုက်တွန်းပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်<br>• ၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည် |
| အဓိက အမှာစကားများ | ✱ နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့က ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် အရာ (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် *နည်းလမ်း* (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။<br>✱ ကာကွယ်စောင့်ရှောက်မှုအား ကဏ္ဍအားလုံးနှင့် အစီအစဉ်/စီမံကိန်းကာလ၏ အဆင့်ဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ပါသည်။ |
| ပြင်ဆင်ခြင်း | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ၏ ပိုစတာများအား အခန်းပတ်လည်တွင် ချိတ်ထားပါ။ ဥပမာများအတွက် *အရင်းအမြစ် 2 (စာမျက်နှာ 157) ကို ကြည့်ပါ။* |
| အရင်းအမြစ်များ | *အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ (စာမျက်နှာ 157)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - GPC ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လှုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>  • *၎င်းတို့၏လက်ရှိ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော လက်တွေ့ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ခိုင်လုံသော ဥပမာများကို ပြောဆိုနိုင်မည်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 10 မိနစ် | ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်ကို သဘောပေါက်နားလည်ခြင်း | |
| | • 'ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' ဟူသည့် ဝေါဟာရကို ပါဝင်ဆောင်ရွက်သူများက မည်ကဲ့သို့နားလည်ကြောင်း**မေးမြန်းပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• ပါဝင်ဆောင်ရွက်သူများထံမှ စိတ်ကူးစိတ်သန်းများကို စက္ကူကားချပ်ပေါ်တွင်**ချရေးပြီး** အောက်ပါ အဓိကကျသည့် အချက်များကို အရောင်ခြယ်ပေးပါ-<br>  • ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်မှာ အချို့သော ပြဿနာများ (ဥပမာ၊ ကျား/မ ကွဲပြားမှု) ကို ဖြေရှင်းရန် သို့မဟုတ် ယင်းပြဿနာအတွက် သီးခြား အပိုင်းကဏ္ဍ၊ အစီအစဉ် သို့မဟုတ် ပရောဂျက် တစ်ခုမစီစဉ်ဘဲ သတ်မှတ်ထားသော ရလဒ် (ကျား/မ ကွဲပြားမှု) ရရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။<br>  • ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် အခြေအနေတစ်ခု သို့မဟုတ် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းပြုလုပ်နေသည့် ပြဿနာ (ဥပမာ၊ ကျား / မ) အတွက် လက်ရှိ အပိုင်းကဏ္ဍအစီအစဉ် သို့မဟုတ် ပရောဂျက် (ဥပမာ၊ ရေ၊ ရေဆိုးသန့်စင်ခြင်းနှင့် တစ်ကိုယ်ရေးသန့်ရှင်းရေး ပရောဂျက်) ၏ ကောင်းကျိုးပြုသက်ရောက်မှုများကို မြှင့်တင်ရန် ရည်ရွယ်သည်။<br>  • ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် *အရာ* (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် *နည်းလမ်း* (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။ | *စက္ကူကားချပ် ကပ်ခွာတိပ်၊ ရေးမှတ်ရန် မင်တံများ* |
| 20 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း | |
| | • ပါဝင်ဆောင်ရွက်သူများအား အတွဲလိုက်ခွဲပေးပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိပ္ပါယ်ကို **ဆွေးနွေးခိုင်းပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏စိတ်ကူးများကို မျက်နှာစုံညီ**မျှဝေခိုင်းပါ**။ အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှု စည်းမျဉ်းများ၊ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ရေးဆွဲရာတွင် ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်များ၊ ဝန်ဆောင်မှုရယူနိုင်ကြောင်း သေချာအောင်လုပ်ဆောင်ခြင်း၊ တာဝန်ခံမှုနှင့် ပါဝင်ဆောင်ရွက်ခြင်းအပါအဝင် ၎င်းတို့နှင့်သက်ဆိုင်သော မည်သည့်အချက်များကိုမဆို ခွဲခြားသတ်မှတ်ပြီး ထောက်ခံပေးပါ။<br>**သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး GPC ၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို PowerPoint ဆလိုက်တစ်ခုအပေါ်တွင်**ရှင်းလင်းတင်ပြပါ**-<br>    "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် လူသားအချင်းချင်းစာနာထောက်ထားသော အကူအညီများကို အဓိပ္ပါယ်ရှိစွာရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းခြင်းက ကျွန်ုပ်တို့ မည်သည်တို့ လုပ်ဆောင်သနည်း (ထုတ်ကုန်) ပေါ်တွင် အလေးပေးထားသည်၊ သို့သော် ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ဆောင်သနည်း ပို၍အလေးပေးထားပြီး ယင်းကာကွယ်စောင့်ရှောက်မှုအား အစုအဖွဲ့အားလုံးနှင့် ပရိုဂရမ်/ပရောဂျက်သက်တမ်း တစ်လျှောက်လုံးတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ကြောင်းကို**ရှင်းပြပါ** ။ | *PPT ဆလိုက်* |

| | | |
|---|---|---|
| | • ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ/သီးသန့် ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်မှုများနှင့်မတူဘဲ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ကွဲထွက်နေစေသည့်အရာက မည်သည့်အရာဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအား**မေးမြန်းပါ**။ အောက်ပါတို့ကဲ့သို့သော ထင်မြင်ချက်များကို နှိုက်ယူပါ-<br>    • ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရေး အလုပ်ကိုမူ ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူများက ဦးစီးလုပ်ဆောင်ပါသည်။<br>    • ကာကွယ်စောင့်ရှောက်ရေး အလုပ်တွင် သီးသန့်ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များ ရှိပါသည်<br>    • ကာကွယ်စောင့်ရှောက်ရေး အလုပ်သည် ၎င်း၏ ကိုယ်ပိုင် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အတူ ကျွမ်းကျင်မှုရှိစွာလုပ်ရသည့် နယ်ပယ်ဖြစ်သည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားသော ကာကွယ်ရေးကိစ္စရပ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း**ရှင်းပြပါ**။ ယင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေးကို အသက်မွေးဝမ်းကျောင်းလုပ်သူအားလုံး၏ တာဝန်ဝတ္တရားဖြစ်သည့် ကာကွယ်စောင့်ရှောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ သင်၏ နိစ္စဓူဝ လုပ်ငန်းဆောင်တာများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူ၏ ပံ့ပိုးမှု မလိုအပ်ပါ။<br>**သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ* | |
| 20 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းက လက်တွေ့တွင် မည်သည်နှင့်ဆင်တူပါသနည်း။ | |
| | • ပါဝင်ဆောင်ရွက်သူများအား ယခင်လေ့ကျင့်ခန်းတွင် အတူတူလုပ်ခဲ့သည့် အတွဲအတိုင်း အခန်းတွင်း လမ်းလျှောက်ခိုင်းပြီး နံရံများပေါ်တွင် ကပ်ထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ဥပမာများကို **ဖတ်ခိုင်းပါ**။<br>• ဥပမာများက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထင်ဟပ်နေခြင်းရှိမရှိနှင့် ရှိပါက မည်သည့်အတွက်ကြောင့်ရှိရသည်ကို **အလေးအနက်စဉ်းစားခိုင်းပါ**။<br>• ဥပမာများက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မည်ကဲ့သို့ ထင်ဟပ်စေကြောင်း မျက်နှာစုံညီ **ဆွေးနွေးခိုင်းပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*<br>• နောက်သင်တန်းတွင် ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ကိုယ်ပိုင်ဥပမာများကို မျှဝေရန် အခွင့်အရေးရှိမည်ကို **ရှင်းပြပါ**။ | *အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ (စာမျက်နှာ 157)* |
| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>    ✵ နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့က ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။<br>    ✵ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် *အရာ* (ထုတ်ကုန်) ထက် ကျွန်ုပ်တို့ လုပ်ဆောင်နေသည့် *နည်းလမ်း* (လုပ်ငန်းစဉ်) အပေါ်တွင် ပိုမိုအသားပေးထားသည်။<br>    ✵ ကာကွယ်စောင့်ရှောက်မှုအား ကဏ္ဍအားလုံးနှင့် အစီအစဉ်/စီမံကိန်းကာလ၏ အဆင့်ဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းသင့်ပါသည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုသည်ကို သဘောပေါက်နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဆွေးနွေးပွဲကို လမ်းညွှန်ပေးရန်အတွက် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့ အလုပ်လုပ်သည့် နိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ ဥပမာတစ်ခုခုကို ရှိ၊ မရှိ ပါဝင်ဆောင်ရွက်သူများအား မေးမြန်းပါ။ (ဥပမာ၊ ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး)

လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားမှုတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ကွဲပြားခြားနားသော ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

1. **ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** တွင် အစီအစဉ်သက်တမ်းတစ်လျှောက် အဆင့်အားလုံးတွင် အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးများအပေါ်တွင် လှုပ်ရှားဆောင်ရွက်မှုများ၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားသည်။ ကျား/မ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများအပြင်၊ အမျိုးသားများ၏ လက်တွေ့ကျပြီး မဟာဗျူဟာမြောက်သော လိုအပ်ချက်များသည် အသိအမှတ်ပြုခံရပြီး မူဝါဒနှင့် အစီအစဉ်ရေးဆွဲခြင်းတွင် အလေးအနက်စဉ်းစားပေးထားကြောင်း သေချာစေရန် ဖြစ်ပါသည်။ IASC Gender Marker သည် လူသားအချင်းချင်းစာနာထောက်ထားရေး ပရောဂျက်အား အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောက်ျားလေးများနှင့် အမျိုးသားများ တန်းတူညီစွာ အကျိုးခံစားခွင့်ရှိကြောင်း သေချာစေရန် လုံလောက်စွာ ဒီဇိုင်းရေးဆွဲထားရှိ၊ မရှိ နှင့် ပရောဂျက်က ကျား၊မ တန်းတူညီမှုကို အဆင့်မြှင့်တင်ပေးနိုင်မည်လားဆိုသည်ကို 0-3 အတိုင်းအတာဖြင့် တိုင်းတာပေးသည့် ကိရိယာတစ်ခုဖြစ်သည်။[27]
2. **ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV)** သည် ကျယ်ပြန့်သော နိုင်ငံတကာ အများပြည်သူကျန်းမာရေးနှင့် လူ့အခွင့်အရေး ကိစ္စများဖြစ်သည်။ IASC GBV လမ်းညွှန်ချက်များသည် GBV ကို တားဆီးကာကွယ်ရန်နှင့် လျော့ကျစေရန် ပဓာနကျသည့်ဆောင်ရွက်ချက်များကို စီစဉ်ကာ အကောင်အထည်ဖော်၍ ပူးပေါင်းဆောင်ရွက်စောင့်ကြည့်ပြီး အကဲဖြတ်ကြရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအခန်းကဏ္ဍအားလုံးကို အကူအညီဖြစ်စေရန် ရည်ရွယ်ပါသည်။[28]
3. **ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၊** '...သို့မဟုတ် ကလေးသူငယ်များကိုအကာအကွယ်ပေးရေး ထည့်သွင်းစဉ်းစားမှုများနှင့်ပတ်သက်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သည့် ကဏ္ဍအားလုံးထံ အသိပေးထားကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်သူအားလုံး လုပ်ဆောင်နေသည့်အလုပ်၏ သက်ရောက်မှုသည် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား အများဆုံး အကူအညီဖြစ်စေကြောင်း သေချာစေရမည်။ ၎င်းသည် ကလေးသူငယ်များ၏ ဘေးကင်းမှု သို့မဟုတ် ကျန်းမာပျော်ရွှင်မှုကို သင့်လျော်စွာစဉ်းစားပေးခြင်းမရှိဘဲ ပုံစံထုတ်ထားသည့်အစီအစဉ်များကြောင့် အမှတ်တမဲ့ ပိုမိုဆိုးရွားသွားသည့် ကလေးသူငယ်များ၏ပြဿနာဖြစ်စဉ်များကို အနည်းဆုံးဖြစ်စေအောင်လည်း ကူညီပေးပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအား ပေါင်းစပ်ထည့်သွင်းခြင်းသည် 'အန္တရာယ်မဖြစ်ရေး' စည်းမျဉ်းကို တစ်စိတ်တစ်ပိုင်း လိုက်နာခြင်းဖြစ်ပါသည်။ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများကို ကြည့်ပါ)။[29]
4. **HIV နှင့် AIDs ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း** သည် ကိုယ်စားလှယ်များအား ၎င်းတို့၏ ပုံမှန်အလုပ်နှင့်လုပ်ငန်းခွင်အတွင်းတွင်ပါ ထိရောက်ကာ အထောက်အပံ့ဖြစ်စေသည့်နည်းလမ်းဖြင့် AIDS ၏ ဖြစ်စဉ်များနှင့် သက်ရောက်မှုများကို ဖြေရှင်းနိုင်စေသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ... ၎င်းသည် HIV နှင့် AIDS သည် ယခုအခါနှင့် နောင်အနာဂတ်တွင် မည်သို့သက်ရောက်နိုင်သည်ကို ခွဲခြားဆန်းစစ်သည့်အခန်းကဏ္ဍဖြစ်ပြီး အခန်းကဏ္ဍဆိုင်ရာမူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် လူအများတွင်ဖြစ်ပွားတတ်သော ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အခန်းကဏ္ဍအပေါ် မည်မျှ လွှမ်းမိုးနိုင်ကြောင်းကိုစဉ်းစားသည့် ပဓာနကျသော လုပ်ငန်းစဉ်ဖြစ်ပါသည်။[30]
5. **မသန်စွမ်းမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း** သည် မသန်စွမ်းသူများအတွက် သာတူညီမျှမှုရရှိရေးဆိုင်ရာ နည်းဗျူဟာဖြစ်ပါသည်။ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မသန်စွမ်းသူများပါဝင်သည့် အဖွဲ့အစည်းများနှင့် အခြား လူမှုဝန်ထမ်းအဖွဲ့အစည်းများသည် 2006 ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မသန်စွမ်းသူများဆိုင်ရာအခွင့်အရေးညီလာခံ (အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် 61/106၊ နောက်ဆက်တွဲ I) တွင် ပြဋ္ဌာန်းထားသည်များကိုလိုက်နာလျက် သာတူညီမျှရှိရေး ပန်းတိုင်ဆီသို့ ရောက်ရှိရန် အားမာန်အပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။
6. 'အရေးပေါ် အခြေအနေများတွင် **စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု (MHPSS)** အတွက် လမ်းညွှန်ချက်များ' တွင် အခန်းကဏ္ဍဆောင်ရွက်ချက်များအတွင်းတွင် သီးခြားလူမှုရေးဆိုင်ရာ ကိစ္စရပ်များ (ဂုဏ်သိက္ခာအရ အားလုံးအတွက် ဘေးကင်းကာ သင့်လျော်သော လုပ်ပိုင်ခွင့်) ကို ထည့်သွင်းရန် လမ်းညွှန်ချက်များပါဝင်ပါသည်။[31] ပေါင်းစပ်အသုံးအနှုန်းဖြစ်သည့် 'စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု' [MHPSS] အား လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ကျန်းမာပျော်ရွှင်မှုကို ကာကွယ်ရန် သို့မဟုတ် တားဆီးရန် နှင့်/ သို့မဟုတ် စိတ်ကျန်းမာရေးကစဉ့်ကလျားဖြစ်မှုကို ကာကွယ်ရန် သို့မဟုတ် ကုသရန် ရည်ရွယ်သည့် ဒေသတွင်း သို့မဟုတ် ပြင်ပမှ ပံ့ပိုးမှုအမျိုးအစားတစ်စုံတစ်ရာကို ဖော်ပြရန် အသုံးပြုပါသည်။[32]
7. **UNHCR က**"ကျား၊မ သာတူညီမျှမှုနှင့် လူသားအခွင့်အရေးများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေးများအတွက် လေးစားမှုကို တိုးမြှင့်ရန်နှင့် ဒုက္ခသည်အားလုံးကို ၎င်းတို့၏လူမျိုး၊ လူမှုရေး သို့မဟုတ် ကိုးကွယ်ယုံကြည်မှုနောက်ခံတို့ကို ထည့်မတွက်ဘဲ ကာကွယ်ပေးနိုင်စေရန် မဟာဗျူဟာ" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အသက်၊ လိင်နှင့် ကွဲပြားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း။[33]

---

27 https://www.humanitarianresponse.info/topics/genderကို ကြည့်ပါ။

28 http://gbvaor.net/tools-resources/ လမ်းညွှန်ချက်များ၏ မွမ်းမံထားသောဗားရှင်းကို အွန်လိုင်းတွင် ယခုထက်ထိ မရရှိနိုင်သေးပါ။ ရရှိနိုင်သည်နှင့်တစ်ပြိုင်နက် ၎င်းကို ဤဆိုက်တွင် တင်ပေးမည်ဖြစ်ပါသည်။

29 http://cpwg.net/?get=006914|2014/03/CP-Minimum-Standards-English-2013.pdf.

30 UNAIDS http://www.undp.org/content/dam/aplaws/publication/en/publications/hiv-aids/mainstreaming-hiv-and-aids-in-sectors-and-programmes--guide/19.pdf

31 http://www.who.int/mental_health/emergencies/guidelines_iasc_mental_health_psychosocial_june_2007.pdf

32 IASC၊ လူသားအချင်းချင်းစာနာထောက်ထားရေး အခြေအနေများ၊ စာမျက်နှာ 1-2 တွင်ပါသည့် စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာစိတ်ကျန်းမာရေး ပံ့ပိုးမှု (MHPSS) အတွက် လမ်းညွှန်ချက်များ

33 UNHCR (2006a) လုပ်ငန်းဆောင်တာများတွင်ပါဝင်မှုဆိုင်ရာအကဲဖြတ်မှုအတွက် UNHCR တူးလ်တစ်ခု။ ဂျီနီဗာ - UNHCR.

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအား နားလည်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 2*

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ ဆိုလိုရင်းနှင့် ပတ်သက်သော စိတ်ကူးအချို့မှာ-

- ရေ၊ သန့်ရှင်းရေးနှင့် ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးခြင်း (သန့်ရှင်းရေး) ကဲ့သို့သော အခြားကဏ္ဍများတွင် ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- စီမံကိန်း သက်တမ်း (အကဲဖြတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း) အဆင့်အားလုံးအတွင်း ကာကွယ်စောင့်ရှောက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာခြင်း
- လူအများ ဘေးကင်းလုံခြုံမှုရှိ မရှိနှင့်ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်ရေးဆွဲခြင်းတွင် လူအများ၏လုပ်ပိုင်ခွင့်များသည် လေးစားခံရခြင်းရှိ မရှိနှင့် ပတ်သက်၍ စဉ်းစားခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် အားနည်းချက်အား ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေခြင်း
- အုပ်စုအားလုံး ပါဝင်ကြောင်း သေချာစေခြင်း
- အစီအစဉ်များနှင့် စီမံကိန်းများတွင် ဖြစ်လာနိုင်သော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို သတိပြုမိခြင်း
- လူအများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များအပေါ်တွင် လက်ရှိ အခန်းကဏ္ဍ အစီအစဉ်များနှင့် စီမံကိန်းများ၏ အပြုသဘောဆောင်သော သက်ရောက်မှုများကို တိုးမြှင့်ခြင်း

အချို့သောပါဝင်ဆောင်ရွက်သူများက 'ဘေးကင်းလုံခြုံသော အစီအစဉ်ရေးဆွဲခြင်း' သို့မဟုတ် 'ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း' ကဲ့သို့သော အလားတူစိတ်ကူးများကို ပေးရန် မတူညီသော ပညာရပ်ဝေါဟာရကို အသုံးပြုသည့် အေဂျင်စီများတွင် အလုပ်လုပ်နေတတ်သည်။ 'ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း' သည် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) နှင့် နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့ (GPC) မှ သဘောတူလက်ခံထားသော ပညာရပ်ဝေါဟာရဖြစ်ကြောင်း ရှင်းပြရန် ကြိုတင်ပြင်ဆင်ထားပါ။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် *GPC အကျဉ်းချုပ်*ကို http://www.globalprotectioncluster.org/_assets/files/aors/protection_mainstreaming/Brief_on_Protection_Mainstreaming-EN.pdfတွင် ကြည့်ပါ။

ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်းကို မြှင့်တင်ပေးသော နည်းလမ်းများတွင် ထိခိုက်ခံရသည့်လူစုများအပေါ် အသားပေးခြင်း သို့မဟုတ် လူအများအား ၎င်းတို့၏ ရပိုင်ခွင့်များကို တောင်းဆိုရန်၊ ကုစားမှုများကို ရယူရန်နှင့် လွဲမှားစွာအပြုခံရမှု၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူလာနိုင်ရန် လုပ်ဆောင်ရာတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားလှယ်များ၏ ကူညီမှုက အရေးကြီးပုံတို့ အမြဲတစေ မပါဝင်ပါ။

** သင်တန်းပို့ချသူ မှတ်စု 3*

ဤဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ကို သိရှိလိုကြပေမည်။ အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပြောပြပေးသင့်ပါသည်-

> "သက်ဆိုင်သည့် နယ်မြေများရှိ ဥပဒေများ (ဥပမာ၊ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထာရေး ဥပဒေ၊ ဒုက္ခသည်ဥပဒေ) ၏ စာသားနှင့် ဆိုလိုရင်းနှင့်အညီ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝ လေးစားကြရန် ရည်ရွယ်ထားသည့် လှုပ်ရှားဆောင်ရွက်မှုအားလုံး။"
> အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC, 1999)

လေ့ကျင့်သင်ကြားပေးမှုသည် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိပ္ပါယ်ဆိုလိုရင်းကို အပြည့်အစုံ ရှင်းပြရန်အတွက်သာ အဓိက အာရုံမစိုက်သင့်ပါ။ လေ့ကျင့်သင်ကြားပေးသူသည်ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများသည် ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများဖြစ်ကြောင်း အသားပေးပြောပြသင့်ပြီး ဤလေ့ကျင့်သင်ကြားပေးခြင်းက ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး ကိုယ်စားအားလုံး၏ တာဝန်ဖြစ်ကြောင်း အလေးပေးပြောပြရန်ဖြစ်သည်ဟု ပြောပြသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့်အသေးစိတ် မေးခွန်းများကိုမဆို ဖြေဆိုပေးနိုင်ရန်အလို့ငှာ သင်တန်းပို့ချသူသည် IASC အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါသည့် အောက်ပါလမ်းညွှန်ချက်ကို သိထားသင့်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေးဆိုသည်ကို IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အစုအဖွဲ့ဝင်ဖြစ်မြောက်ရေးကော်မတီ (IASC) သည် လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ပင်မအစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းဖြစ်သည် (၎င်းတွင် ကုလသမဂ္ဂ (UN)၊ Red Cross၊ Red Crescent Movement နှင့် NGO များမှ ကိုယ်စားလှယ်များ အပါအဝင်) အဖွဲ့များစွာကို ကိုယ်စားပြုဆောင်ရွက်နေပါသည်။

IASC၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် လူသားအချင်းချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေးကိုယ်စားလှယ်များအတွက် 'အားလုံးခြုံငုံသော' အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်ဟု ကျယ်ပြန့်စွာ မှတ်ယူပြီး ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်အဖြစ် လူအများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ လက်ခံ ဆောင်ရွက်သောကြောင့် ၎င်းကအရေးကြီးပါသည်။ အေဂျင်စီအများစုက IASC ၏ အဓိပ္ပါယ် သတ်မှတ်ချက်ကို အခြေခံပြီး အခွင့်အရေးများကို အသိအမှတ်ပြုကာ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းဆောင်ရွက်ချက်များတွင် အံဝင်ခွင်ကျဖြစ်စေရန် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ၎င်းတို့ကိုယ်ပိုင်အဓိပ္ပါယ်ကို ဆက်လက် သတ်မှတ်ကြပါသည်။

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'လူပ်ရှားဆောင်ရွက်မှုအားလုံး'

အလိုက်သင့်တုံ့ပြန်သော၊ ကုစားသောနှင့် ပတ်ဝန်းကျင် ဖန်တီးခြင်း ဆောင်ရွက်ချက်များအား ကာလတို၊ အလယ်အလတ်ကာလနှင့် ကာလရှည်အဖြစ် အသီးသီး တစ်ခါတစ်ရံ ဖော်ပြပါသည်။

ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်သုံးမျိုး၏ လှုပ်ရှားဆောင်ရွက်မှု ဥပမာများ-

---

1. **အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်** ဆိုသည်မှာ ပေါ်ထွက်လာသော သို့မဟုတ် ရှိပြီးသားဖြစ်နေသော ချိုးဖောက်မှုပုံစံတစ်ခုနှင့် စပ်လျဉ်း၍ ချက်ချင်း ဆောင်ရွက်သည့် လှုပ်ရှားမှုဖြစ်ပြီး ၎င်းကဲ့သို့ အမှုကိစ္စမျိုး အဖန်တလဲလဲဖြစ်ခြင်းကို တားဆီးရန်၊ ၎င်းကို ရပ်တန့်ရန် နှင့်/သို့မဟုတ် ၎င်း၏ လက်ငင်းအကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ထားပါသည်။ အလိုက်သင့်တုံ့ပြန်သော လုပ်ဆောင်ချက်သည် (နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သော်လည်း) အရေးပေါ် လုပ်ဆောင်ရမည့် သဘောမျိုး ရှိကာ အကြမ်းဖက်တစ်ခု၏ လက်ငင်း ထိတ်လန့်ဖွယ်ရာများကို ခံစားနေရသည့် သီးခြား အရပ်သားအုပ်စုတစ်ခုသို့ ရောက်ရှိရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် အလွဲသုံးစားလုပ်သည့်ပုံစံကို ရပ်တန့်ရန်၊ တားဆီးရန်သို့မဟုတ် လျော့ပါစေရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

    **ဥပမာ-** လူ့အခွင့်အရေး အလွဲသုံးစားလုပ်ခံရခြင်းမှ လွတ်မြောက်လာသူများအား ကျန်းမာရေးဝန်ဆောင်မှုများသို့ ဘေးကင်းစွာ လမ်းညွှန်ပေးခြင်း

    **ဥပမာ-** အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ IDP ယာယီစခန်းတစ်ခု အပြင်ဘက်သို့ သွားရန်မလိုအပ်စေရန် NFI ဖြန့်ဝေခြင်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ထင်းများပံ့ပိုးပေးခြင်း

---

2. **ကုစားရေး ဆောင်ရွက်ချက်** သည် အကြမ်းဖက်ခြင်းကို ခံရပြီးနောက် ပြည်လည်ထူထောင်ပေးခြင်း၊ ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ပြုပြင်ပေးခြင်းတို့ဖြင့် ပြည့်စုံလုံလောက်သော နေထိုင်မှုအခြေအနေများနှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိစေရန် ရည်ရွယ်ထားသည်။ ကုစားရေးလှုပ်ရှားဆောင်ရွက်မှုများသည် ကာလကြာရှည်စွာ ဆောင်ရွက်ရသည့် အရာများ ဖြစ်ပြီး အလွဲသုံးစားပြုခံရသည့် နောက်ဆက်တွဲသက်ရောက်မှုများဖြင့် ရှင်သန်နေရသူများကို ကူညီရန် ရည်ရွယ်ထားသည်။ ၎င်းတွင် ထိုသူများ၏ ကျန်းမာရေးကို အားဖြည့်ပေးခြင်း၊ မိသားစုများကို ဖစ်မြစ်လိုက်ပေးခြင်း၊ အသက်မွေးမှုပံ့ပိုးပေးခြင်း၊ အိမ်ရာ၊ ပညာရေး၊ တရားရေးရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားသဖြင့်ဖြစ်စေခြင်းများ ပါဝင်ပါသည်။

    **ဥပမာ-** ကျန်းမာရေးအသိပညာပေးခြင်းဖြင့် လိင်အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများအား ကဲ့ရဲ့ပြစ်တင်ခြင်းကို တားဆီးရန် အာရုံစိုက်ထားသည်။

    **ဥပမာ-** အသက်မွေးမှု အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ယခင်တိုက်ပွဲဝင်စစ်သည်များအတွက် သက်မွေးဝမ်းကြောင်းဆိုင်ရာ လေကျင့်သင်ကြားပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်း

---

3. **ပတ်ဝန်းကျင်ဖန်တီးပေးခြင်းလုပ်ဆောင်ချက်** အား လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အပြည့်အဝအလေးထားပေးသော နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့်/သို့မဟုတ် ပေါင်းစည်းခြင်းအတွက် ရည်ရွယ်ထားသည်။ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းသည် မူဝါဒ၊ သဘောထား၊ ယုံကြည်မှုနှင့် အပြုအမူကို ပြောင်းပေးရန် ရည်ရွယ်ထားလျက် လူအဖွဲ့အစည်းတစ်ရပ်လုံးကို စိန်ခေါ်နေသော ပိုမိုနက်ရှိုင်းသော၊ ပိုမိုစနစ်ကျသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ပိုမိုလူသားဆန်သော နိုင်ငံရေးစံနှုန်းများ၊ ဥပဒေနှင့် တရားရေးရာ ဆောင်ရွက်ချက်များတွင် တိုးတက်မှုများ၊ လုံခြုံရေးအင်အားစုများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြမ်းမဖက်သော ပြည်သူ့ ယဉ်ကျေးမှုတစ်ခု တဖြည်းဖြည်း တိုးပွားလာအောင် ဖော်ဆောင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

    **ဥပမာ-** NGO နှင့် UN ဝန်ထမ်းများ လိုက်နာရမည်ဖြစ်သည့် ကျင့်ဝတ်စည်းကမ်းအကြောင်းကို WASH စီမံကိန်းတစ်ခုအတွင်း ပြည်သူများထံ အချက်အလက်များ ပံ့ပိုးပေးခြင်း

    **ဥပမာ-** ပြည်တွင်းဥပဒေပြဋ္ဌန်းချက်တွင် လိင်အကြမ်းဖက်မှု တားမြစ်ခြင်းအား ထည့်သွင်းရန်အတွက် ထောက်ခံအားပေးခြင်း

    **ဥပမာ-** ပြည်တွင်း ပြောင်းရွှေ့နေရာချထားသည့်ကိစ္စရပ်များတွင် လမ်းညွှန်ထားသောစည်းမျဉ်းများကို နိုင်ငံတော်မူဝါဒအဖြစ် သဘောတူလက်ခံရန် အတွက် ထောက်ခံအားပေးခြင်း

## IASC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခြင်း- 'သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများ' အောက်တွင်ပါသည့် 'လူတစ်ဦးချင်း၏ အခွင့်အရေးများ'

သက်ဆိုင်သည့် ဒေသတွင်း ဥပဒေများတွင် အောက်ပါတို့ပါဝင်သည် -

'ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာဥပဒေ' ဆိုသည်ကို "ဥပဒေအဖြစ် လက်ခံထားသော အထွေထွေအလေ့အကျင့်တစ်ခု" ဟု နိုင်ငံတကာတရားလွှတ်တော်က ဖော်ပြထားသည်။[34] ထိုသို့သော အလေ့အကျင့်ကို စည်းမျဉ်း၏သဘာဝအပေါ် မူတည်ပြီး လိုအပ်သည် သို့မဟုတ် တားမြစ်သည် သို့မဟုတ် ခွင့်ပြုသည်ဟု ယုံကြည်ထားကြသည့်အတွက် ၎င်းတို့သည် နိုင်ငံအများစုက လက်တွေ့အသုံးချနေသည့် စည်းမျဉ်းများဖြစ်ပါသည်။[35]

လက်နက်ကိုင် ပဋိပက္ခ ဥပဒေအဖြစ် သိထားကြသော*နိုင်ငံတကာလူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေ*သည် စစ်မက်ပြုခြင်းများတွင် မပါဝင်သော သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမရှိတော့သော ပြည်သူသူများအား ကာကွယ်ပေးခြင်းနှင့် ပဋိပက္ခဖြစ်စေမည့် နည်းလမ်းများနှင့် လမ်းစဉ်များကို ကန့်သတ်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ သက်ရောက်မှုများကို ကန့်သတ်ရန် ကြိုးစားထားသည့် စည်းမျဉ်းတစ်စု ဖြစ်ပါသည်။ IHL ကို 1979 ခုနှစ် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ 1948 ခုနှစ် ဂျီနီဗာသဘောတူညီချက်များတွင် စတင် သတ်မှတ်ခဲ့ပါသည်။

---

34 ICJ ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေ၊ ပိုဒ်ခွဲ 38 (1)(b).

35 Jean-Marie Henckaerts နှင့် Louise Doswald-Beck, *ဓလေ့ထုံးတမ်းနှင့်ညီထွေသော နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ အပိုင်း 1- စည်းမျဉ်းများ*၊ ICRC၊ ကိန်းဘရစ်ချ်၊ 2005.

*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ* တွင် လူတစ်ဦးချင်းစီနှင့် အုပ်စုများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ (OCHCR) ကို ကာကွယ်ရန်အလို့ငှာ အချို့သော လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ရမည့် သို့မဟုတ် အချို့သောနည်းလမ်းများဖြင့် ပြုမူဆောင်ရွက်ရမည့် အစိုးရ၏ တရားဝတ္တရားများကို ဖော်ပြထားသည်။ ဥပမာ၊ ကလေးငယ်၏အခွင့်အရေးအတွက် သဘောတူညီချက် (1989) နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းမပြုရေး သဘောတူညီချက် (1979)

*ဒုက္ခသည်ဥပဒေ* ကို ဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်သည့် 1951 သဘောတူညီချက်နှင့် 1967 ခုနှစ် နောက်ဆက်တွဲ ကျင့်ဝတ်တွင် စတင် ချမှတ်ခဲ့ပါသည်။ ဒေသဆိုင်ရာ ဒုက္ခသည် အခွင့်အရေးများအတွက် အစိုးရစနစ်များတွင် အာဖရိကနှင့် လက်တင်အမေရိကတို့မှ ဒုက္ခသည်များအတွက် အရန်အခွင့်အရေးများကို ချမှတ်ထားပါသည်။ အာဖရိကန် စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း (OAU) သဘောတူညီချက် 1969 နှင့် ကာတေးဂျီးနား ကြေညာချက် 1984 ကို ကြည့်ပါ။

*ပြည်တွင်း ပြောင်းရွှေ့နေရာချထားခြင်းအတွက် လမ်းညွှန်ထားသော စည်းမျဉ်းစည်းကမ်းများ*တွင် ပြည်တွင်း နေရာပြောင်းရွှေ့ခံရသောသူများနှင့် သက်ဆိုင်သော လူသားအချင်းချင်းစာနာထောက်ထားရေးဥပဒေနှင့် လူ့အခွင့်အရေးများကို ပြန်ပြင်ပြီး ရေးသားပြုစုထားပါသည်။

## ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုအတွက် သီးသန့် အစီအစဉ်ရေးဆွဲခြင်း

ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း / ကာကွယ်စောင့်ရှောက်မှုကို သီးသန့် အစီအစဉ်ရေးဆွဲခြင်း (တစ်ခါတစ်ရံ 'ကာကွယ်စောင့်ရှောက်မှု သဏ္ဍာန်' အဖြစ် ရည်ညွှန်းကြသည်) တို့အကြား ကွဲပြားခြားနားမှုကို တချို့သော ပါဝဆောင်ရွက်သူများက မေးမြန်းနိုင်သည်။

**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း** ဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ၎င်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံး၏ တာဝန်ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစည်းခြင်း** သည် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီရည်ရွယ်ချက်နှစ်ခုစလုံးကို ပံ့ပိုးပေးရန်နှင့် သက်ရောက်သည့်လူစုများ၏ ဘေးအန္တရာယ်နှင့် ထိတွေ့ခံစားရမှုကို လျှော့ချပေးရေး တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်အတွက် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်မှု ပုံစံပင်ဖြစ်ပါသည်။[36] ၎င်းအတွက် ကဏ္ဍအလိုက်ကျွမ်းကျင်သူနှင့် ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူများ အတူတကွလုပ်ကိုင်ရန် လိုအပ်သည်။

*ဥပမာ- စီးပွားရေး (ဝင်ငွေတိုးစေခြင်း) နှင့် ကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက် နှစ်ခုစလုံးပါရှိသော အသက်မွေးမှု လှုပ်ရှားဆောင်ရွက်ချက်များ (အရောင်းအဝယ်နှင့် အသက်ရှင်သန်ရန်လိင်ဆက်ဆံခံရခြင်း၊ ခေါင်းပုံဖြတ်သော / အန္တရာယ်များသောလုပ်ကိုင်ရသော အလုပ်သမား၊ ကလေးအလုပ်သမား) ကိစ္စရပ်တစ်ခုစီတွင် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုအပြင် GBV နှင့်/ သို့မဟုတ် ကလေးကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်မှု လိုအပ်ပါသည်။*

**သီးခြားကာကွယ်စောင့်ရှောက်မှု** အစီအစဉ်နှင့် စီမံကိန်းများတွင် သီးခြားကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်ချက်များရှိပြီး ကာကွယ်စောင့်ရှောက်မှု ကျွမ်းကျင်သူ လိုအပ်ပါသည်။

*ဥပမာများ- နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ၊ ဥပဒေများ၏ စည်းမျဉ်း၊ ဒုက္ခသည်များ စာရင်းသွင်းခြင်း၊ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် ဆေးကုသမှုဆိုင်ရာ၊ ဥပဒေရေးရာ၊ စိတ်ပိုင်းဆိုင်ရာလူမှုရေး စောင့်ရှောက်မှုတို့အား လိုက်နာကြောင်း စောင့်ကြည့်စစ်ဆေးခြင်း။*

** သင်တန်းပို့ချသူ မှတ်စု 4*

ဆွေးနွေးပွဲမှ ဆွဲထုတ်ရမည့် အဓိကအချက်အချို့တွင် ပါဝင်သည်များမှာ-

- ဥပမာအများစုသည် လူသားချင်းစာနာထောက်ထားရေး အကူအညီများတွင် ဘေးကင်းမှုနှင့် ဂုဏ်သိက္ခာရှိစေရေး မြှင့်တင်ပေးသည် (ဥပမာ - ဥပမာ 2 တွင် ပြည်သူများ ပိုမိုဘေးကင်းစေရန်အလို့ငှာ ပစ္စည်း ဖြန့်ဝေသည့်အချိန်များအား ပြောင်းလဲလိုက်ခြင်း ဖြစ်ပါသည်)။
- ဥပမာများသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအရာအဖြစ် ပါဝင်မှုသည် အရေးပါကြောင်း ပြသထားသည် (ဥပမာ - ဥပမာ 1 တွင် မိန်းကလေးများအား အိမ်သာပုံစံများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်)။
- ဥပမာများသည်တာဝန်ခံမှု၏အရေးကြီးပုံကို ပြသထားသည် (ဥပမာ - ဥပမာ 5 တွင် NGO တစ်ခုသည် ပရိုဂရမ်အတွင်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်တစ်ခုကို ခွဲခြားသတ်မှတ်ရာတွင် အကူအညီဖြစ်စေသည့် အကြံပြုချက်ပေးနိုင်သည့် နည်းလမ်းတစ်ခုကို သတ်မှတ်ခဲ့ပါသည်)။

36 အထက်တွင်ဖော်ပြခဲ့ပြီးသော

# အပိုင်း 3- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များ

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် *GPC အကျဉ်းချုံးတွင်* သတ်မှတ်ထားသည့်အတိုင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို မိတ်ဆက်ပေးပါသည်။ ၎င်းက ပါဝင်ဆောင်ရွက်သူများအား အဓိကအချက်များအကြောင်း သိရှိပြီး အကောင်း၊ အဆိုး အလေ့အကျင့်နှင့်ပတ်သက်သော ခိုင်လုံသည့် ဥပမာများဖြင့် စဉ်းစားတွေးတောမိရန် ပံ့ပိုးကူညီပေးပါသည်။ ၎င်းတွင် အဆိုပါအဓိကအချက်များကိုအသုံးချခြင်းနှင့် ဆက်စပ်နေသည့်စိန်ခေါ်မှုအချို့နှင့် ၎င်းတို့သည် အခြားတစ်ခုနှင့် မည်သို့ ဆက်စပ်နေပြီး မည်သို့အားဖြစ်စေကြောင်း ဆွေးနွေးပါမည်။

*မှတ်ချက်- အကြံပြုထားသော အချိန်ကာလအတွင်း ဤသင်တန်းကို အပိုင်းနှစ်ပိုင်း ခွဲထားပါသည်။ နေ့လည်စာမစားခင်တစ်ပိုင်းနှင့် နေ့လည်စာစားပြီးတစ်ပိုင်း သင်တန်းပို့ချမည့် အစီအစဉ်တွင် အောက်ပါအတိုင်း အနားပေးရန် အကြံပြုထားပါသည်။*

**သင်တန်း ကြာမြင့်ချိန်-** 2 နာရီ

**သင်တန်း အမျိုးအစား -** အုပ်စုငယ်လိုက် လုပ်ဆောင်မှု / အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများ / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ရှင်းပြပြီး အချက်တိုင်း၏ ဥပမာများကို ဦးစားပေး ဖော်ပြပါမည်<br>• အကောင်းမွန်ဆုံး အလေ့အကျင့်များနှင့် ရှောင်ကြဉ်နိုင်မည့် ရှိရင်းစွဲအန္တရာယ်များအကြောင်းကို အလေးပေးရန် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ ဥပမာများကို အရေးတယူ ခွဲခြမ်းစိတ်ဖြာပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာတွင် စိန်ခေါ်မှုများနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်သူများ အပြင်ကြိုတင်၍ လုပ်ဆောင်ရန် လိုအပ်မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ဖော်ပြပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်<br>• ၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို အမြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည် |
| အဓိက အမှာစကားများ | ✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။ |
| ပြင်ဆင်ခြင်း | • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို* သည် ကောင်းမွန်ပြီး ဖွင့်ပြရန်အသင့်ဖြစ် မဖြစ် စစ်ဆေးပါ။<br>• အချက်တစ်ချက်စီနှင့် ၎င်း၏ဖော်ပြချက်ကို စက္ကူချပ် 4 ခုပေါ်တွင် ရေးပြီး အခန်းတဝိုက်တွင် ထောင်ထားပါ။ |

| | |
|---|---|
| အရင်းအမြစ်များ | *အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*<br>*အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)*<br>*အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - GPC တာဝန်ခံမှုအကြောင်း အဓိပ္ပါယ် အကျဉ်းချုပ်*<br>*PPT ဆလိုက် - 5 IASC သန္နိဋ္ဌာန်များ*<br>*PPT ဆလိုက် - GPC ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အဓိပ္ပါယ်အကျဉ်းချုပ်*<br>*PPT ဆလိုက် - ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့်*<br>*PPT ဆလိုက် - လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

## သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  ◦ *လူသားအချင်းချင်း စာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို ဖော်ပြပါမည်*<br>  ◦ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိက အချက်များကို လက်တွေ့နှင့် ခိုင်လုံသောနည်းလမ်းများဖြင့် အသုံးချပါမည်*<br>  ◦ *၎င်းတို့ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို အပြောက်အများလုပ်ကိုင်နှင့်ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါမည်*<br>  ◦ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သူအချို့နှင့် ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကို အရေးတယူ ခွဲခြားသတ်မှတ်ပြီး လိုအပ်သလို အစီစဉ်ဆွဲပါမည်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 60 မိနစ် | ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အဓိကအချက်လေးချက် | |
| | • ပါဝင်ဆောင်ရွက်သူအားလုံးထံ *GPC အကျဉ်းချုပ်* များ၏ မိတ္တူကို**ပေးဝေပါ**။<br>• *GPC အကျဉ်းချုပ်*တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောထားသော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက် လေးချက်ကို**ဖတ်ပြပါ**-<br>  1. ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ<br>  2. အဓိပ္ပါယ်ရှိသော ရယူသုံးစွဲခွင့် - လိုအပ်ချက်နှင့်အညီ အခက်အခဲမရှိ ရယူနိုင်ခြင်း<br>  3. တာဝန်ခံမှု<br>  4. ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု။<br>*GPC ၏ အဓိကအချက်လေးချက်နှင့် နယ်ပယ်စည်းမျဉ်းများနှင့် စံနှုန်းများကြားတွင် ခိုင်မာသော ချိတ်ဆက်မှုများ ပြုလုပ်နိုင်သည်ကို သတိပြုပါ။*<br>**သင်တန်းပို့ချသူ မှတ်စု 1*<br>• အဓိကအချက်များအကြောင်း မဆွေးနွေးခင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက် လေးချက်အကြောင်း ဗီဒီယိုအတိုလေးဖြင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း**ရှင်းပြပါ**။<br>• ဗီဒီယိုကို**ဖွင့်ပြပါ**။ *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၊ နိုင်ငံတကာကာကွယ်ရေးအဖွဲ့ 2014 တို့ကို မိတ်ဆက်ပေးခြင်း အွန်လိုင်းတွင် ရရှိနိုင်ပါသည်*<br>http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html<br>*မှတ်ချက်- ဗီဒီယိုဖွင့်ပြ၍ မရနိုင်ပါက မျက်နှာစုံညီဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။* | *အရင်းအမြစ် 3- GPC အကျဉ်း (စာမျက်နှာ 162)*<br><br>*အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို (စာမျက်နှာ 163)* |

- မျက်နှာစုံညီဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဆွေးနွေးမှုပြုလုပ်ခြင်းအတွက် အချိန်အမြောက်အများပေးခြင်းဖြင့် အောက်ပါမေးခွန်း အချို့ ကို**ဆွေးနွေးပါ။**

  *မှတ်ချက်- သင့်တွင် အချိန်မည်မျှရှိသည်အပေါ်တွင် မူတည်ပြီး သင်မေးမည့်မေးခွန်းများကို ရွေးပါ။ သင့်တွင် အချိန်အနည်းငယ်သာရှိပါက ဗီဒီယိုနှင့် သက်ဆိုင်သော မေးခွန်းများကိုသာ မေးမြန်းပါ။*

ဗီဒီယိုနှင့် ဆက်နွှယ်လျက်-

- ဗီဒီယိုအပေါ် သင်တို့၏ ထင်မြင်ချက်များက မည်သည်တို့ဖြစ်သနည်း။
- ၎င်းက အသစ် / ကွဲပြားခြားနားသော အရာတစ်ခုခုကို မိတ်ဆက်ပေးခဲ့ပါသလား။
- ဗီဒီယိုပါ အကြောင်းအရာအားလုံးကို သင်သဘောတူပါသလား။

'ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရမှုဖြစ်စေခြင်းကို ရှောင်ကြဉ်ပါ' နှင့် ပတ်သက်ပြီး-

- အေဂျင်စီတစ်ခုအနေဖြင့် ပြည်သူများအား မည်သည့်နည်းဖြင့် ဘေးအန္တရာယ်နှင့် ပိုမို ကြုံတွေ့စေခြင်း သို့မဟုတ် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာပြုမူစေခြင်းတို့အား မသိမသာဖြစ်စေနိုင်သနည်း။
  *သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*
- တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျှော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။
  *သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ*
- အစီအစဉ်များတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးနိုင်ရန် အေဂျင်စီတစ်ခုအနေဖြင့်မည်သည်ကို လုပ်ဆောင်နိုင်ပါသနည်း။
  *သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*
- အောက်ပါတို့**အတိုချုံးပြီး** ရှင်းပြပါ-
  1. အကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အကျပ်ကိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဘေးကင်းလုံခြုံရေးကို အနှောင့်အယှက် ဖြစ်စေပါမည်။
  2. လေးစားသမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်ကို သီးသန့် မထားရှိခြင်း၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်းတို့ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဂုဏ်သိက္ခာကို အနှောင့်အယှက်ဖြစ်စေပါသည်။

အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲခွင့်နှင့် ပတ်သက်ပြီး-

- မည်သည့်အတွက်ကြောင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို အချို့သော လူများ သို့မဟုတ် အုပ်စုများက ရယူခွင့်နိုင်ခွင့် မရှိရသနည်း။
  *သင်တန်းပို့ချသူ မှတ်စု 5 ကို ကြည့်ပါ*
- အကူအညီ ရယူနိုင်စွမ်းမရှိသော သို့မဟုတ် ဖယ်ကြဉ်ခံရသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်ရရှိနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့် မည်သည့် အထူးဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်သနည်း။
  *သင်တန်းပို့ချသူ မှတ်စု 6 ကို ကြည့်ပါ*
- ဝန်ဆောင်မှုနှင့် အကူအညီများကို အဓိပ္ပါယ်ရှိစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၎င်းတို့သည် အောက်ပါအခြေအနေတွင် ရှိရမည်ဖြစ်ကြောင်း **အတိုချုံး** ၍ ရှင်းပြပါ-
  a. အရေအတွက်လုံလုံလောက်လောက်ရှိပြီး အရည်အသွေးတွင် ကောင်းမွန်ရမည်
  b. ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ပံ့ပိုးပေးထားရပါမည်
  c. ဘေးကင်းလုံခြုံပြီး လွယ်ကူစွာရရှိနိုင်ရမည်
  d. ဝန်ဆောင်မှု ရယူရန်အလားအလာရှိသည့် လူများက သိရှိထားပြီးဖြစ်ရမည်
  e. ရုပ်ပိုင်းဆိုင်ရာနှင့် ငွေကြေးအရ ရယူနိုင်စွမ်းရှိရပါမည်
  f. ယဉ်ကျေးမှုအရ သင့်လျော်မှုရှိပြီး လူမှုရေးအရ လက်ခံ၍ရ ရပါမည်

တာဝန်ခံမှုနှင့် ပတ်သက်၍-

- မည်သည့်အတွက်ကြောင့် တာဝန်ခံမှုက အရေးကြီးကြောင်း**မေးမြန်းပါ။**
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နံရံကပ်စာရွက်တွင် လုန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ။**
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** တာဝန်ခံမှုအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်* ကို**ဆွေးနွေးပေးပါ။** — *PPT ဆလိုက်*

  *အကျိုးခံစားသူများအတွက် တာဝန်ခံမှု - ကြားဝင်ဖြန်ဖြေပေးမှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိကို ထိခိုက်ခံစားသူများအနေဖြင့် တိုင်းတာနိုင်သော သို့မဟုတ် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးနိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါ။*

- ပြည်သူများအတွက် သင်တာဝန်ခံနိုင်မည့် အခြားနည်းလမ်းတွေက မည်သည်တို့ဖြစ်ကြောင်း**မေးမြန်းပါ**။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပြီး** (သက်ရောက်သည့်လူစုများအပေါ် တာဝန်ခံမှု (AAP) ဆောင်ရွက်ချက်ဆိုင်ရာ ကန့်သတ်ဘောင်မှ) IASC သန္နိဋ္ဌာန် 5 ချက်ကို**ဆွေးနွေးပါ**။ — *PPT ဆလိုက်*

  **သင်တန်းပို့ချသူ မှတ်စု 7 ကို ကြည့်ပါ*
- ၎င်းတို့သည် လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့တစ်ခုလုံးက ချမှတ်ထားပြီးဖြစ်သည့် သန္နိဋ္ဌာန်များဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။ ၎င်းတို့အား www.humanitarianinfo.org/iascတွင် ဖော်ပြထားသည့် AAP ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ဘောင်ကို ရည်ညွှန်းပေးပါ။

  *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြားအဓိကကျသော အချက်များနှင့်အတူ တာဝန်ခံခြင်းဖြင့် ဖြစ်ပေါ်လာသည့် အထူးသဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်အကြောင်း မှတ်သားထားပါ။*

### ပါဝင်ဆောင်ရွက်ခြင်း နှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းနှင့် ပတ်သက်ပြီး-

- ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းတို့က မည်သည့်အတွက်ကြောင့် အရေးကြီးသည်ကို**မေးမြန်းပါ**။
- ပါဝင်ဆောင်ရွက်သူများထံမှ တုံ့ပြန်ချက်များကို နှိုက်ယူစဉ်တွင် လှန်နိုင်သောကားချပ်များပေါ်တွင် စိတ်ကူးများကို**ချရေးထားပါ**။ အနည်းဆုံးအနေဖြင့် အောက်ပါတုံ့ပြန်ဖြေဆိုချက်များကို စာရင်းလုပ်ထားကြောင်း သေချာပါစေ-
  - ၎င်းက ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားသမှုရှိခြင်းကို ဖန်တီးပေးသည်
  - ၎င်းက ကြားဝင်ဖျန်ဖြေခြင်းသည် သင့်လျော်မှုရှိပြီး ထိရောက်မှုရှိကြောင်း သေချာစေရန် ကူညီပေးသည်
  - ရွှေ့ပြောင်းခံရပြီးနောက် ဘဝအတွက် စွမ်းရည်များ ဖြစ်ထွန်းစေသည်
  - ၎င်းက လူအများကို ၎င်းတို့၏ကိုယ်ပိုင်ဘဝများကို ပုံမှန်ပြန်ဖြစ်စေသည် - သူတစ်ပါးကို အားကိုးနေရခြင်း လျော့နည်းစေပြီး မိမိကိုယ်ကိုမှီခိုမှု[တစ်ရပ်]ကို တိုးတက်စေသည်။
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်းအကြောင်း *GPC အဓိပ္ပါယ် အကျဉ်းချုပ်ကို* **ဆွေးနွေးပါ**။ — *PPT ဆလိုက်*

  *ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်း- မိမိကိုယ်ကိုကာကွယ်နိုင်စွမ်း တိုးတက်စေပြီး၊ နေစရာ၊ အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အား ကန့်သတ်ချက်မရှိ ရယူပိုင်ခွင့်အပါအဝင် လူအများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို တောင်းဆိုနိုင်စေရန် ကူညီပေးသည်။*
- PowerPoint ဆလိုက်ပေါ်တွင်**ပြသထားပြီး** ပါဝင်ဆောင်ရွက်မှုအဆင့်ဆင့်ကို **ဆွေးနွေးပေးပါ**။[b] — *PPT ဆလိုက်*

  **သင်တန်းပို့ချသူ မှတ်စု 8 ကို ကြည့်ပါ*
- ပိုင်ဆိုင်ခွင့်အတွက် ကျွန်ုပ်တို့အမြဲ ကြိုးပမ်းသင့်ကြောင်းကို ပါဝင်ဆောင်ရွက်သူများအား**သတိပေးပါ**။
- ပိုင်ဆိုင်ခွင့်ကို မည်ကဲ့သို့ ရယူနိုင်ကြောင်းကို**မေးမြန်းပါ**။ လူအများအပြားအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် အေဂျင်စီများက မည်ကဲ့သို့ ကူညီနိုင်သနည်း။
- လှန်နိုင်သောကားချပ်တစ်ခုပေါ်တွင် အဖြေများ **ချရေးပါ**။
- တုံ့ပြန်ဖြေဆိုမှုများ၊ အလေ့အကျင့်ကောင်းများအပြင် မပါသည့် အများကို အလေးပေး ပြောကြားလျက်**ဆွေးနွေးပါ**။

  **သင်တန်းပို့ချသူ မှတ်စု 9 ကို ကြည့်ပါ*
- PowerPoint ဆလိုက်ပေါ်တွင်**ပြသပါ**-။ လုပ်ပိုင်ခွင့် အာဏာလွှဲပေးခြင်းဆိုသည်မှာ လူများအတွက် "ပြီးမြောက်အောင်" ဆောင်ရွက်ပေးထားသည့် အရာမဟုတ်ပါ၊ ၎င်းသည် အသင်းအဖွဲ့အတွင်းရှိ လူအများက ၎င်းတို့၏အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ၎င်းတို့၏ ဗဟုသုတနှင့် အရင်းအမြစ်များကို တိုးမြှင့်ခြင်း၊ ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုနိုင်စွမ်း တိုးတက်လာခြင်းနှင့် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ထွန်းလာစေရန် လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ — *PPT ဆလိုက်*

## အကြံပြုထားသော အနားပေးချိန်

**25 မိနစ်** | **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများ**

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် ဥပမာများကို ဖော်ပြထားသော လက်ကမ်းစာတစ်စောင်**ပံ့ပိုးပေးပါ**။
- ၎င်းတို့၏ အခြေအနေနှင့်/ သို့မဟုတ် အတွေ့အကြုံနှင့် အညီ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အစိတ်အပိုင်းအသီးသီး၏ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်အကြောင်း နောက်ထပ်ဥပမာတစ်ခုကို ခွဲခြားဖော်ထုတ်ရန် ပါဝင်ဆောင်ရွက်သူများအား အုပ်စုလိုက်**ဆောင်ရွက်ခိုင်းပါ**။
- မျက်နှာစုံညီ၍ အချို့သော ဥပမာများကို မျှဝေရန် ပါဝင်ဆောင်ရွက်သူများအား**ဖိတ်ခေါ်ပါ**။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ယေဘုယျကောင်းမွန်သော လူသားအချင်းချင်းစာနာထောက်ထားရေး လက်တွေ့ဆောင်ရွက်ချက်၏ အရေးကြီးပုံကို**အသားပေး ပြောကြားပါ** (ဥပမာများတွင် လက်တွေ့သရုပ်ပြထားသည့်အတိုင်း - လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားအများစုသည် ကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လျက်ရှိပါသည်)-
    - အစီအစဉ်/စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှု
    - ကွဲပြားသော အုပ်စုများ ပါဝင်ခြင်း
    - လိင်၊ အသက်နှင့် ကွဲပြားခြားနားမှုအလိုက် ဒေတာများကို ခွဲထုတ်ခြင်း
    - လုံခြုံပြီး လျှို့ဝှက်ထားသော တုံ့ပြန်ချက်နှင့် တုံ့ပြန်ချက် လုပ်ထုံးလုပ်နည်း ပါဝင်သော ခိုင်လုံသည့် တာဝန်ခံမှု
    - အားနည်းချက်နှင့် လုပ်နိုင်စွမ်း ခွဲခြမ်းစိတ်ဖြာချက်
    - ဒုက္ခမပေးရေး/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ ကဲ့သို့သော ပဋိပက္ခအခြေပြု ချဉ်းကပ်နည်းများကို အသုံးချမှု
    - ဒေသတွင်း လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း
    - *ကျား/မ အခြေပြု အကြမ်းဖက်မှုများအတွက် လမ်းညွှန်ချက်များ*ကဲ့သို့သော သီးခြားလူစုများအတွက် လမ်းညွှန်မှုနှင့်အညီ အရေးယူဆောင်ရွက်ခြင်း
- အရေးကြီးသည့်အခါ ဤယေဘုယျကောင်းမွန်သော အလေ့အကျင့်များဖြင့် မလုံလောက်ကြောင်းကို**ထပ်လောင်းအတည်ပြုပါ**။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ရည်ရွယ်ချက်ရှိရှိဖြင့် အခြေအနေကိုဖန်တီး၍ လုပ်ဆောင်ရသော အဆင့်များဖြစ်သည်။

*အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက် (စာမျက်နှာ 164)*

**25 မိနစ်** | **လေ့ကျင့်ခန်း- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များအပေါ် ဆင်ခြင်သုံးသပ်ခြင်း**

- သင်သည် ယခု မေးခွန်းများကိုဖတ်ပြမည်ဖြစ်ပြီး ပါဝင်သူများသည် လက်တွေ့နယ်ပယ်ရှိ ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် စူးစမ်းရှာဖွေမှုများပေါ်တွင် အခြေခံကာ အသင့်လျော်ဆုံးဖြစ်မည်ဟု ၎င်းတို့ထင်မြင်သောစည်းမျဉ်းထံ ရွှေ့ပြောင်းရန် လိုအပ်မည်ဖြစ်သည်ကို **ရှင်းပြပါ**။ ပါဝင်သူများအား ၎င်းတို့အနေဖြင့် သီးခြားရွေးချယ်မှုကို *မည်သည့်အတွက်ကြောင့်* ပြုလုပ်ခဲ့သည်ကို (အဖွဲ့နှင့် ယာယီမျှဝေရန်) တွေးတောရန်လိုအပ်ကြောင်း ပြောကြားပါ။

  *မှတ်ချက်- လူများအား ၎င်းတို့၏ဆုံးဖြတ်မှုအတွက် တွေးတောရန် အချိန်ပေးပါ - ဤလေ့ကျင့်ခန်းသည် ဆင်ခြင်တွေးတောမှုကိုတိုက်တွန်းအားပေးရန် ရည်ရွယ်သောကြောင့် ၎င်းတို့အား လျင်မြန်စွာလုပ်ဆောင်ရန် မတိုက်တွန်းသင့်ပါ။*
- အောက်ပါမေးခွန်းများကို **မေးမြန်းပါ**-
    - မည်သည့်အချက်သည် သင့်အလုပ်တွင်အသုံးချရန် အလွယ်ကူဆုံးဖြစ်သည်ဟု ထင်မြင်မိပါသနည်း။
    - မည်သည့်အချက်သည် အသုံးချရန် အခက်ခဲဆုံးဖြစ်ပါသနည်း။
    - အများဆုံး လိုက်နာမှုမရှိသည့်အချက်မှာ မည်သည်ဟုထင်မြင်ပါသနည်း။
    - မည်သည့်အချက်ကိုလူသားချင်းစာနာထောက်ထားသူများက နားလည်မှုအနည်းဆုံးဖြစ်ပါသနည်း။
    - မည်သည့်အချက်က သင့်ကို ရောင်ပြန်အဟပ်ဆုံးဖြစ်ပါသနည်း။
- ပါဝင်သူများအနေဖြင့် စည်းမျဉ်းတစ်ခုကို အခြားစည်းမျဉ်းမားထက် မည်သည့်အတွက်ကြောင့် ရွေးချယ်ကြောင်း မေးခွန်းများမေးပြီး ၎င်းတို့၏ အလုပ်တွင် မြင်တွေ့ခဲ့ရသော/လုပ်ဆောင်ခဲ့သော အရာ ဥပမာများကို မေးရန် *မေးခွန်းတစ်ခုစီ* အတွက် 5 မိနစ်စာ **ဆွေးနွေးခိုင်းပါ**။

  **သင်တန်းပို့ချသူ မှတ်စု 10 ကို ကြည့်ပါ*

*အဓိကအချက်တစ်ခုစီကို ဖော်ပြရေးသားထားသော ပိုစတာများကို အခန်းပတ်လည်တွင် ချိတ်ဆွဲထားပါ။*

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် အရေးကြီးသော အဓိကအချက်လေးချက် ရှိပါသည် - ၎င်းတို့မှာ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ရှိသော ရယူခွင့်၊ တာဝန်ခံမှု နှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး အစီအစဉ်ကောင်းတစ်ခုကို ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အဓိကအလေးပေးသော်လည်း ၎င်းသည် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အစီအစဉ်များကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်လုပ်ဆောင်သော အဆင့်များလည်း လိုအပ်ပါသည်။ | *PPT ဆလိုက်* |

a. ယာယီစခန်းစီမံခန့်ခွဲမှု စာရွက်စာတမ်းများ၊ NRC၊ 2008၊ စာမျက်နှာ 79-81
b. အထက်၌ ဖော်ပြခဲ့ပြီးသော

# သင်တန်းပို့ချသူ မှတ်စုများ

## ** သင်တန်းပို့ချသူ မှတ်စု 1*

GPC အကျဉ်းချုံးတွင်ပါသည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်နှစ်ချက်သည် ၊ အသိုင်းအဝိုင်း ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 1 ဖြစ်သော'သင့်လုပ်ရပ်၏ ရလဒ်တစ်ခုအဖြစ် ပြည်သူများကို နောက်ထပ် အန္တရာယ်နှင့် ကြုံတွေ့ရခြင်းကို ရှောင်ကြဉ်ခြင်း' နှင့် ကာကွယ်စောင့်ရှောက်ခြင်း စည်းမျဉ်း 2၊ 'လိုအပ်ချက်နှင့်အညီ ခွဲခြားဆက်ဆံခြင်းမရှိဘဲ သမာသမတ်ကျသော အကူအညီကို လူတိုင်း ရယူနိုင်ကြောင်း သေချာစေခြင်း' နှင့် ဆက်စပ်နေပါသည်။

*GPC အကျဉ်းချုံး၏*တတိယ အချက်သည် အသိုင်းအဝိုင်းပင်မစံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့ အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ချက်' ပါဝင်ပြီး အသိုင်းအဝိုင်း နည်းပညာ စံသတ်မှတ်ချက်များတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားသည်။ *GPC အကျဉ်းချုံး၏*စတုတ္ထမြောက် အချက်ကို အသိုင်းအဝိုင်းကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်း 4 ဖြစ်သော 'ပြည်သူများအား ၎င်းတို့၏ရပိုင်ခွင့်များကို တောင်းဆိုခြင်း၊ ရနိုင်သော ကုစားနည်းများ ရယူခြင်းနှင့် အလွဲသုံးစားပြုခံရခြင်း၏ သက်ရောက်မှုများမှ ပြန်လည်နာလန်ထူနိုင်အောင်ပြုလုပ်ခြင်းတို့တွင် ကူညီခြင်း' နှင့်ပင်မ စံသတ်မှတ်ချက် 1 ဖြစ်သော 'ပြည်သူ့အခြေပြု လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်' တွင် သတ်မှတ်ဖော်ပြထားသည်။

## ** သင်တန်းပို့ချသူ မှတ်စု 2*

အေဂျင်စီတစ်ခုက လူအများကို တိုးပွားလာသော အန္တရာယ် သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများကို အလွဲသုံးစားလုပ်ခံရခြင်းများနှင့် အမှုမဲ့အမှတ်မဲ့ဖြင့် ကြုံတွေ့စေရတတ်သည့် ဥပမာများ[37] တွင် အောက်ပါတို့ပါဝင်သည်-

- ကဏ္ဍအသီးသီးမှ သက်ရောက်သည့်လူစုများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှုမရှိခြင်းကြောင့် အချို့သောလူများ သို့မဟုတ် အုပ်စုများ၏ ခွဲခြားဆက်ဆံခြင်းနှင့် အဆင့်အတန်း နိမ့်ချမှုတို့ကို အားပေးအားမြှောက်ဖြစ်စေပါသည်။
- လူအများအတွက် ၎င်းတို့၏နေရပ်မှ စီမံကိန်းရှိသည့်နေရာသို့ သွားရောက်ရာတွင် မည်မျှ ဘေးကင်းလုံခြုံကြောင်း ထည့်သွင်းမစဉ်းစားထားသည့် နေရာများတွင် (အစားအစာပေးဝေခြင်း သို့မဟုတ် ရေပေးဝေရာနေရာများ) အစီအစဉ်များ/ စီမံကိန်းများ စီစဉ်ခြင်းဖြင့်
- နယ်မြေခံလူစုများ၏ လိုအပ်ချက်ကို လျစ်လျူရှုလျက် ပြောင်းရွှေ့ခံရသောသူများအား အကူအညီပံ့ပိုးပေးခြင်းဖြင့်
- အထိခိုက်မခံသော သတင်းအချက်အလက်ကို လျှို့ဝှက်ထားနိုင်ခြင်းမရှိခြင်းနှင့် ဘေးကင်းစွာ သိမ်းဆည်းထားနိုင်မှုမရှိခြင်းဖြင့်
- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် အစီအစဉ်/စီမံကိန်း၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်မပေးခြင်းဖြင့်
- လူအများ၏ ကိုယ်တိုင်ကူညီနိုင်စွမ်းအားများကို လျော့ပါးစေခြင်းဖြင့် (လုပ်ကိုင်နှင့်ပြီး ထိရောက်မှုရှိသော လက်ရှိအုပ်စုတစ်ခုကို အကျိုးရှိရှိအသုံးချမည့်အစား စီမံကိန်းတစ်ခုအတွက် အသင်းအဖွဲ့တစ်ဖွဲ့ စီစဉ်ခြင်းကဲ့သို့သော)
- အရေးယူရန်ပျက်ကွက်ခြင်း - လူအများ၏ အခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းအား လျစ်လျူရှုခြင်းဖြင့်

***မှတ်ချက်-*** *ယင်းက ပါဝင်ဆောင်ရွက်သူများကြောင့်ဖြစ်ပါက 'ဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ပါ' နှင့် 'ဒုက္ခမပေးပါနှင့်' တို့ကြားတွင် ကွဲပြားချက်ကို မှတ်သားထားရန် အရေးကြီးသည် ဒုက္ခမပေးပါနှင့် ချဉ်းကပ်နည်းသည် ပဋိပက္ခ အခြေအနေများတွင် စီမံကိန်းစီစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတို့ ပြုလုပ်ရာတွင်ကူညီရန် အသေးစား ပဋိပက္ခခွဲခြမ်းစိတ်ဖြာခြင်းအတွက် အမြင်သဘောတရားနှင့် ဆိုင်သော ကန့်သတ်ချက်ဘောင်တစ်ခုဖြစ်ပါသည်။ 'နောက်ထပ် ဒုက္ခပေးခြင်း ရှောင်ကြဉ်ပါ' အယူအဆသည် သက်ဆိုင်သည့်လူများအပေါ်တွင် ဆန့်ကျင်သော၊ ရည်ရွယ်မထားသော သက်ရောက်မှုများဖြစ်စေနိုင်သော အကူအညီပေးရေး စီမံချက်ရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း အားလုံးအားပဋိပက္ခခွဲခြမ်းစိတ်ဖြာမှုထက်ပင် ကျော်လွန်ပါသည်။*

37 World Vision၊ *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး စံသတ်မှတ်ချက်များ* (2012) ကို ကြည့်ပါ။

### * သင်တန်းပို့ချသူ မှတ်စု 3

[38]တန်ပြန်ဆိုးကျိုးမှန်သမျှကို ရှောင်ကြဉ်နိုင်ရန် သို့မဟုတ် လျှော့ချနိုင်စေရန် အေဂျင်စီတစ်ခုအနေဖြင့်လုပ်ဆောင်နိုင်သည့် ဥပမာများ-

- တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင် အောက်ပါတို့အပါအဝင် မတူကွဲပြားသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခြင်း-
  - အမျိုးသမီး၊ မိန်းကလေးများ၊ ယောက်ျားလေးများနှင့် အမျိုးသားများ
  - ကွဲပြားသော အသက်အရွယ် အုပ်စုများ (သီးသန့်အားဖြင့် ကလေးများ၊ ဆယ်ကျော်သက်များ၊ လူငယ်နှင့် အခြားအရွယ်ရောက်ပြီးသူများ)
  - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာ ချို့တဲ့သည့်သူများ
  - အဖွဲ့အစည်းတစ်ခု၏ လက်အောက်တွင် နေထိုင်နေရသူများ
  - HIV၊ နာတာရှည်ဖျားနာခြင်း သို့မဟုတ် အခြားကျန်းမာရေးအန္တရာယ်များ ခံစားနေရသူများ
  - လူမျိုးစု၊ နိုင်ငံရေးနှင့်ဆိုင်သော သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လူနည်းစုများ
  - လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံအခြေအနေ သို့မဟုတ် ဇစ်မြစ် မတူညီသောလူများ
  - ၎င်းတို့၏လိုအပ်ချက်များနှင့် မသက်ဆိုင်ဘဲ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ဘေးဖယ်ထားခြင်းခံရသော သို့မဟုတ် ချန်လှပ်ထားခြင်းကို ခံစားနေရသော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ[39]
- ပဋိပက္ခ အခြေအနေများတွင် 'ဒုက္ခမပေးပါနှင့်/ငြိမ်းချမ်းရေးအတွက် ဒေသတွင်းလုပ်နိုင်စွမ်းများ' အကဲဖြတ်မှုတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ပါ
- ပုံမှန်အန္တရာယ်အကဲဖြတ်မှုများကို ဦးစီးဆောင်ရွက်ပါ
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ
- အကူအညီပေးရန် သတ်မှတ်ထားသော စံနှုန်းများကို သက်ရောက်သည့်လူစုများနှင့်အတူ ရေးဆွဲသတ်မှတ်ပါ
- စီမံကိန်းနေရာများအပြင် ၎င်းနေရာများသို့ ဘေးကင်းစွာ အသွား၊ အပြန်ပြုလုပ်နိုင်ခြင်းရှိမရှိ ကို မတူကွဲပြားသော အုပ်စုများ၏ ရှုထောင့်မှနေ၍ အကဲဖြတ်ပြီး ပုံမှန် စောင့်ကြည့်စစ်ဆေးပါ

### * သင်တန်းပို့ချသူ မှတ်စု 4

သက်ရောက်သည့်လူစုများ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးဆောင်ရွက်ရန် အေဂျင်စီတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သော အရာများ၏ ဥပဒေများ-

- အသုံးအဆောင်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းသည့်နေရာတွင် သတ်မှတ်ထားရှိကြောင်း သေချာစေခြင်း
- ကလေးများအတွက် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်များ စီစဉ်ပေးရန် သက်ရောက်သည့်လူစုများအား ပံ့ပိုးကူညီခြင်း
- အစီအစဉ်ဝန်ထမ်းအားလုံးနှင့် စေတနာ့ဝန်ထမ်းအားလုံးကို လေ့ကျင့်သင်ကြားထားပေးပြီး သင့်အေဂျင်စီ၏ ကျင့်ဝတ်စည်းမျဉ်းကို သတိပြုမိကြောင်း သေချာစေခြင်း
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို အကောင်အထည်ဖော်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံချက်များတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း
- မိသားစုများနှင့် ဆွေမျိုးအုပ်စုများကို အတူတကွရှိနေစေပြီးတစ်ရွာတည်းနေလူများ သို့မဟုတ် ကွန်ရက်တစ်ခုအတွင်းမှလူများအား အတူတကွရှိနေစေမည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- သက်ရောက်သည့်လူစုများက ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ခြင်း ရှိ၊ မရှိနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် ပြောင်းလဲမှုများလုပ်နိုင်၊ မလုပ်နိုင်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းပါ

### * သင်တန်းပို့ချသူ မှတ်စု 5

အချို့သောလူများ သို့မဟုတ် အုပ်စုများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီကို ရယူနိုင်ခြင်းမရှိရသည့် အကြောင်းရင်းအချို့တွင် အောက်ပါတို့ပါဝင်သည် -

- အကြမ်းဖက်မှုကို ထိတ်လန့်ခြင်း အပါအဝင် ပဋိပက္ခနှင့်/ သို့မဟုတ် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်းနှင့် အကြမ်းဖက်ခြင်း (၎င်းက ပံ့ပိုးပေးထားသည့်နေရာမှ လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီရယူခြင်းကို အဟန့်အတားဖြစ်စေနိုင်ပြီး၊/ သို့မဟုတ် သီးသန့်နေရာတွင် အကူအညီပေးရန် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူများကိုလည်း အဟန့်အတား ဖြစ်စေပါသည်)
- မြေမြှုပ်မိုင်းများ၊ စစ်ဆေးရေးဂိတ်နှင့် ဝန်းရံပိတ်ဆို့ခြင်းတို့ တည်ရှိနေမှု
- ဝေးလံသော သို့မဟုတ် ရယူရန်မဖြစ်နိုင်သော နေရာ (ဥပမာ မိုးရာသီတွင် ဖြတ်သန်းသွား၍မရသော လမ်းများ၊ သို့မဟုတ် စီမံကိန်းနေရာသို့သွားရန် မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါသည် သို့မဟုတ် သက်ကြီးရွယ်အိုများအတွက် မဖြစ်နိုင်သည့် ဝေးလံသောအကွာအဝေး)
- ရယူခွင့်ကို ငြင်းဆိုခြင်း (ဥပမာ သက်ရောက်သည့် လူတစ်စုလုံးအတွက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အာဏာပိုင်များက ငြင်းဆိုခြင်း သို့မဟုတ် ထင်ရှားသောလူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုကအရေအတွက်နည်းသော လူမျိုးစုအား ခြွင်းချန်ထားမှု)
- အကျိုးခံစားခွင့်နှင့် ပတ်သက်သည့် အချက်အလက်သည် လူအားလုံးနားလည်နိုင်သော ဘာသာစကား သို့မဟုတ် ပုံစံတွင်မရှိခြင်း။
- ဒေသတွင်းအာဏာဖွဲ့စည်းပုံများက အချို့လူများအား အကူအညီမရရှိအောင် ပိတ်ပင်ထားသည်

---

38 အထက်တွင်ဖော်ပြခဲ့ပြီးသော

39 အထက်၌ ဖော်ပြခဲ့ပြီးသော စာပိုဒ်၌၊ ပင်မစံသတ်မှတ်ချက် 2၊ လမ်းညွှန်မှတ်ချက် 3

### ** သင်တန်းပို့ချသူ မှတ်စု 6*

ချန်လှပ်ထားခံရသော သို့မဟုတ် အကူအညီရယူနိုင်စွမ်းမရှိသော လူများ သို့မဟုတ် အုပ်စုများအတွက် ရယူခွင့်လွယ်ကူအဆင်ပြေစေရန် အေဂျင်စီတစ်ခုက လုပ်ဆောင်နိုင်သည့် အထူးစီမံချက်များ၏ ဥပမာတွင် အောက်ပါတို့ပါဝင်သည်-

- အစီအစဉ်/စီမံကိန်း အချက်အလက်သည် လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတွင်ရှိကြောင်း သေချာစေခြင်း
- ရွေ့လျား/ကမ်းလင့်ထောက်ကူခြင်း ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း
- အဆောက်အဦနှင့် အသုံးအဆောင်အားလုံးတို့အတွက် စီစဉ်ရေးဆွဲ၊ ဒီဇိုင်းပြုလုပ်ရာတွင် အားလုံးပါဝင်စေခြင်းကို ကျင့်သုံးလိုက်နာခြင်းဖြင့် တည်ဆောက်ပြီးဖြစ်သော ပတ်ဝန်းကျင်ကို အားလုံး ရယူခွင့်ကို ထောက်ခံပေးခြင်း
- အန္တရာယ်ကျရောက်နေသော အုပ်စုများအတွက် ဘေးကင်းသောနေရာလွတ်များ ပံ့ပိုးပေးခြင်း (ဥပမာ အစားအစာပေးဝေရာတွင် အမျိုးသမီးများအတွက် သီးသန့် ဘေးကင်းသောနေရာလွတ်တစ်ခု စီစဉ်ခြင်း)
- အမျိုးသမီးများနှင့် အမျိုးသားများအတွက် သီးသန့် ကျန်းမာရေးဆေးခန်းအား မတူညီသော နေ့ရက်၊ အချိန်များတွင် ဖွင့်လှစ်ခြင်း

***မှတ်ချက်-*** *သမာသမတ်ကျသော အကူအညီ ဆိုသည်မှာ ဆိုးကျိုးပေးသော ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်နှင့်အညီ ပံ့ပိုးပေးသည့် အကူအညီဖြစ်ပါသည်။ ယင်းက လူတိုင်းကို တထေရာတည်းဖြစ်သော အကူအညီပေးရမည်ဟု မဆိုလိုပါ – အကူအညီပိုလိုအပ်သော သို့မဟုတ် မတူညီသော အကူအညီအား လိုအပ်နေသောသူများထံ မတူညီသော၊ ပိုနေသော အကူအညီများကို ပေးရမည်။*

### ** သင်တန်းပို့ချသူ မှတ်စု 7*

ဒီဇင်ဘာလ 2011 ခုနှစ်တွင်၊ IASC ကိုယ်စားလှယ်များက သက်ရောက်သည့်လူစုများအပေါ်တာဝန်ခံမှုရှိကြောင်း သေချာစေရန် အေဂျင်စီများလုပ်နိုင်သည့်အချက်များကို အကြမ်းဖော်ပြသည့် အောက်ပါ သန္နိဋ္ဌာန် 5 ချက်ကို အတည်ပြုပေးခဲ့သည်

IASC တာဝန်ခံမှု သန္နိဋ္ဌာန် ငါးချက်

- **ခေါင်းဆောင်မှု/အုပ်ချုပ်မှု** အကြံပေးချက်နှင့် တာဝန်ခံမှု လုပ်ထုံးလုပ်နည်းများကို နိုင်ငံမဟာဗျူဟာများ၊ အစီအစဉ်အဆိုပြုချက်များ၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများ၊ လူသစ်စုဆောင်ခြင်း၊ ဝန်ထမ်းမိတ်ဆက်ခြင်းများ၊ လေ့ကျင့်သင်ကြားခြင်းများနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှု၊ မိတ်ဖက်သဘောတူညီချက်များနှင့် အစီရင်ခံခြင်းတွင် မီးမောင်းထိုးပြထားသောအချက်များထဲ ပေါင်းစည်းထားကြောင်း သေချာစေခြင်းဖြင့် သက်ရောက်သည့်လူစုများအပေါ်တာဝန်ခံရန် ၎င်းတို့သန္နိဋ္ဌာန်ကို လက်တွေ့သရုပ်ပြပါ။
- **ပွင့်လင်းမြင်သာမှု -** သတင်းအချက်အလက်များ ပံ့ပိုးပေးလျက် ၎င်း၏ သက်ရောက်သည့်လူစုများနှင့် အဖွဲ့အစည်းတစ်ခုအကြားတွင် အပြန်အလှန်ဆွေးနွေးခြင်းကို ဖြစ်မြောက်စေရန်နှင့် ကြိုတင်အသိပေးထားပြီးဖြစ်သည့် အကြောင်းအရာများအပေါ် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်ခွင့်များကို ၎င်းတို့လုပ်နိုင်ကြောင်း သေချာစေရန် ၎င်းတို့အပေါ် သက်ရောက်သည့် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများအကြောင်း အချက်အလက်များကို သက်ရောက်သည့်လူစုများထံ အချိန်နှင့်တပြေးညီ ပေးအပ်ပြီး အလွယ်တကူ ရရှိနိုင်အောင် ပြုလုပ်ပေးရန်။
- **အကြံပေးချက်နှင့် တိုင်ကြားချက်များ-** မူဝါဒချိုးဖောက်ခြင်းနှင့် ပါဝင်ပတ်သက်သူများ၏ မကျေနပ်မှုနှင့် ပတ်သက်၍ တိုင်ကြားချက်များကို ဖြေရှင်းပေးရာ၌ အကြံပေးချက်နှင့် တိုင်ကြားချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ကြောင်း၊ ၎င်းတို့သည် သင့်လျော်ပြီး ခိုင်ခံ့မှုရှိကြောင်း သေချာစေခြင်းဖြင့် အစီအစဉ်ရေးဆွဲရာတွင် မူဝါဒီနှင့် လက်တွေ့ကျင့်သုံးမှုကို မြှင့်တင်ရန် သက်ရောက်သည့်လူစုများ၏ အမြင်များကို အင်တိုက်အားတိုက် ရယူပါ။
- **ပါဝင်ဆောင်ရွက်ခြင်း -** ဘေးဖယ်ထားမှုခံထားရပြီး သက်ရောက်မှု အခံရဆုံး ပုဂ္ဂိုလ်များကို ကိုယ်စားပြုထားပြီး ၎င်းတို့၏ လွှမ်းမိုးမှုရှိသည်ကိုသေချာစေရန်နှင့် ၎င်းတို့ သင့်လျော်မှန်ကန်စွာ ပါဝင်လာကြစေရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များနှင့် အလေ့အကျင့်များကို ချမှတ်ခြင်းဖြင့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်-ချမှတ်သည့် လုပ်ငန်းစဉ်တွင် တက်ကြွသည့်အခန်းကဏ္ဍတစ်ခုမှ သက်ရောက်သည့်လူစုများကို ပါဝင်စေပါ။
- **ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း-** လေ့လာတွေ့ရှိသည်များကို အဖွဲ့အစည်းထံ ပုံမှန် သတင်းပေးခြင်းနှင့် လုပ်ငန်းစဉ်၏ ရလဒ်များအား အစီရင်ခံခြင်းတို့ပြုလုပ်ပြီး သက်ရောက်သည့်လူစုအား ပါဝင်စေကာအစီအစဉ်များ၏ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ဒီဇိုင်းဆွဲ၍ စောင့်ကြည့်ပြီး အကဲဖြတ်ပါ။

### ** သင်တန်းပို့ချသူ မှတ်စု 8*

ပါဝင်ဆောင်ရွက်ခြင်း အဆင့်ဆင့် (ယာယီစခန်းစီမံခန့်ခွဲရေး စာရွက်စာတမ်းများမှ)

- ပိုင်ဆိုင်မှု - အသင်းးအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထိန်းချုပ်ဆောင်ရွက်သည်
- အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှု - အခြား လှုပ်ရှားသူများနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အသင်းအဖွဲ့က ရာနှုန်းပြည့်ပါဝင်သည်။
- လုပ်ငန်းသဘောအရဖြစ်သော - ကန့်သတ်ထားသော ဆုံးဖြတ်ချက်ချခွင့်အာဏာနှင့်အတူ သီးခြား အခန်းကဏ္ဍတစ်ခုကိုသာ အသိုင်းအဝိုင်းက ဖြည့်ဆည်းပေးသည် (ဥပမာ နောက်ပိုင်းတွင် NGO ဝန်ထမ်းအဖွဲ့ဝင်တစ်ဖွဲ့က ကြီးကြပ်ဆောင်ရွက်သည့် ရေပေးဝေရေး ကော်မတီ)
- ရုပ်ပိုင်းဆိုင်ရာ အားပေးလှုံ့ဆော်မှု ရရှိခြင်း - ဝန်ဆောင်မှုတစ်ခု သို့မဟုတ် အခန်းကဏ္ဍတစ်ခုအတွက် အပြန်အလှန်အားဖြင့် ကုန်ပစ္စည်းများနှင့် ငွေကြေးများကို အသင်းအဖွဲ့က လက်ခံရရှိပါသည်။
- အတိုင်ပင်ခံခြင်း - ၎င်းတို့ မြင်တွေ့လိုသည့်အရာအပေါ် ၎င်းတို့၏ ထင်မြင်ချက်ကို အသင်းအဖွဲ့အား မေးမြန်းပါသည်၊ သို့သော် ၎င်းတို့၏ ထင်မြင်ချက်သည် ဆုံးဖြတ်ချက်ချရာတွင် အတိုင်းအတာဖြင့်သာ စိုးမိုးခြယ်လှယ်နိုင်ပါသည်။
- သတင်းအချက်အလက် လွှဲပြောင်းခြင်း - သတင်းအချက်အလက်ကို အသင်းအဖွဲ့မှ စုစည်းပါသည်၊ သို့သော် ၎င်းတို့သည် ဆုံးဖြတ်ချက်များကို ဖြစ်စေသည့် ရလဒ်ဆွေးနွေးမှုများတွင် ပါဝင်မှုမရှိပါ။
- ပြသမှုနုရသော - အသင်းအဖွဲ့သည် ဆုံးဖြတ်ချက်များနှင့် အရေးယူဆောင်ရွက်ချက်များအတွက် သတင်းပေးပို့ခြင်းခံရပါသည်၊ သို့သော် လုပ်ငန်းစဉ် သို့မဟုတ် ရလဒ်နှစ်ခုစလုံးတွင် ပြောခွင့်မရှိပါ။

### ** သင်တန်းပို့ချသူ မှတ်စု 9*

အင်တာဗျူးများ၊ အသားပေးထားသော အုပ်စုလိုက် ဆွေးနွေးမှုများ၊ အစရှိသည်တို့ကဲ့သို့သော အဖြေများကို ပါဝင်ဆောင်ရွက်သူများ ဖြေဆိုနိုင်ပါသည်။ ပစ်မှတ်ထားသူများတွင် အသင်းအဖွဲ့ခေါင်းဆောင်များ၊ အခရာကျသူများ၊ အမျိုးသမီးများနှင့် ကလေးများ ပါဝင်ပါသည်။ ဤအခြေအနေတွင် အန္တရာယ်ရှိနေသည့်လူများအား အသင်းအဖွဲ့ခေါင်းဆောင်များနှင့် အမြဲအတူတကွ လုပ်ကိုင်ရန် သတိပေး၍ရပါသည်။ ခရစ်ယာန်ကျေးရွာလူကြီးများနှင့် အသင်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ CAR တွင် လုပ်ကိုင်နေသည့် NGO တစ်ဖွဲ့အား ဥပမာပေးပါ။ မွတ်ဆလင်လူစုနှင့် အထူးသဖြင့် မွတ်ဆလင်အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများမှ လုံးဝ ဖယ်ကြဉ်ခံနေရပါသည်။ သီးခြားလိုအပ်ချက်များရှိနေသူများ၊ တိုင်ပင်ဆွေးနွေးခြင်းမှတစ်ဆင့် ပါဝင်နိုင်သည့် မတူညီသော လူပုဂ္ဂိုလ်အမျိုးအစားများ၊ အလေးပေးအာရုံစိုက်ထားသော အုပ်စုများ စသည့်ပုဂ္ဂိုလ်များအကြောင်း လူများကို သတိပေးရန် အချိန်ကောင်းလည်းဖြစ်ပါသည်။

- အမြဲပါဝင်နေသည့် လူ့အတန်းအစားအမျိုးမျိုးမှာ - အမျိုးသားများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဖြစ်ပါသည်
- အခြေအနေအပေါ် မူတည်သည့် အတန်းအစားများမှာ- လူမျိုးစု/ဘာသာရေးဆိုင်ရာ လူနည်းစုများ၊ အားနည်းချက်ရှိသော သို့မဟုတ် ဖယ်ကြဉ်ခံထားရသော အုပ်စုများ (ဥပမာ၊ HIV ကူးစက်ခံထားရသည့်လူများ) ဖြစ်သည်

လူအများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် အေဂျင်စီများမှ ကူညီနိုင်သော နည်းလမ်းများနှင့် ဆက်နွယ်သည့် ဥပမာအချို့တွင် အောက်ပါတို့ပါဝင်သည်-

- လူတိုင်းနားလည်နိုင်သော ဘာသာစကားနှင့် ပုံစံတို့ဖြင့် လူတို့၏ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်း
- လူ့အခွင့်ရေး အသိပညာပေးရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း
- ၎င်းတို့၏ အကျိုးခံစားခွင့်များကို ရယူရာတွင်လိုအပ်သည့် စာရွက်စာတမ်းများ ရရှိနိုင်အောင် သို့မဟုတ် အစားထိုးနိုင်အောင် ကူညီပေးခြင်း (ဥပမာ မွေးစာရင်းလက်မှတ်များ၊ သေစာရင်းလက်မှတ်များ၊ လက်ထပ်စာချုပ်များ၊ မြေရာပိုင်ဆိုင်မှုစာချုပ်) ဥပမာ၊ ခွဲခြားသတ်မှတ်ခြင်းနှင့် ၎င်းတို့အား သင့်တော်သည့်ဝန်ဆောင်မှုများ ညွှန်းဆိုပေးခြင်း
- ၎င်းတို့ကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မတူညီသည့်ကဏ္ဍအသီးသီးမှ လူများနှင့် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ခြင်းများ ပြုလုပ်ပေးခြင်း (ဥပမာ၊ ပြန်လည်နေရာချထားပေးခြင်း)
- ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် သင့်တော်သော ညွှန်းဆိုမှုကို သေချာပြုလုပ်ခြင်း

### ** သင်တန်းပို့ချသူ မှတ်စု 10*

လေ့ကျင့်ခန်းပြုလုပ်ရာ မှန် သို့မဟုတ် မှား အဖြေများ မရှိပါ။ လေ့ကျင့်ခန်း၏ရည်ရွယ်ချက်မှာ ပါဝင်သူများ၏ ၎င်းတို့၏ကိုယ်ပိုင်အလုပ်နေရာများတွင် အဓိကအချက်များကို အသုံးချရန် အားပေးတိုက်တွန်းပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့်ပတ်သက်၍ ၎င်းတို့အများအပြားလုပ်ဆောင်ခဲ့ပြီး ဖြစ်သည်ဟူသော အချက်ကို ထင်ဟပ်စေရန်အတွက်ဖြစ်ပါ။

# အပိုင်း 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ပေါင်းစပ်ထည့်သွင်းခြင်း- အကဲဖြတ်မှုနှင့် လေ့လာဆန်းစစ်မှု

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းသည် ပရောဂျက်သက်တမ်း၏ ပထမအဆင့်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို အသုံးချရန် ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါသည်။ အကဲဖြတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်များအတွင်း ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းအား မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းနိုင်သည်ကို ဤသင်တန်းတွင် တိတိကျကျ ရှင်းလင်းထုတ်ဖော်ပြောပြပေးပါမည်။ ဤသင်တန်းတွင် လက်တွေ့ လေ့ကျင့်ခန်းများ ဆောင်ရွက်ခိုင်းခြင်းဖြင့် အခြေအနေနှင့်သက်ဆိုင်သော အစီအစဉ်ထဲတွင် ဖြစ်ပေါ်နိုင်သည့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် ပါဝင်သူများကို လမ်းညွှန်ပေးပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 40 မိနစ်

**သင်တန်း အမျိုးအစား -** ရှင်းလင်းတင်ပြခြင်း / လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / မေးမြန်းမှတ်သားခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• အကဲဖြတ်သည့်အဆင့်တွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ရန် တိကျသောပရောဂျက်တွင် ကာကွယ်စောင့်ရှောက်မှု ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ အဓိကအချက်များကို အသုံးချပါမည်<br>• အကာအကွယ်ပေးရေးပြဿနာများကို မီးမောင်းထိုးပြရန်နှင့် သဘောပေါက် နားလည်စေရန် ဆန်းစစ်မှုဆိုင်ရာကိရိယာအဖြစ် ပြဿနာညီမျှခြင်း အသုံးပြုမှုကို ရှင်းပြကာ သရုပ်ဖော်ပြပါမည်<br>• လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြောင်းအရာများအတွင်း ပြည်သူများကို မည်သည့်အရာများက ထိခိုက်စေသည်ကို စဉ်းစားရန် ပါဝင်သူများကို အားပေးပါ။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• အခန်းကဏ္ဍအလိုက် အကဲဖြတ်မှုများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆက်စပ်နေသည့်မေးခွန်းများ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ပါမည်<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ ပထမခြေလှမ်းအဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဆန်းစစ်နိုင်မည် |
| အဓိက အမှာစကားများ | ✱ အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ခြင်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းသင့်ပါသည်။<br>✱ ကဏ္ဍအလိုက် အစီအစဉ်တွင် အမှန်တကယ် ဖြစ်ပေါ်နေသော၊ဖြစ်ပေါ်နိုင်ခြေရှိသော အကာအကွယ်ပေးရေးပြဿနာများကို လေ့လာဆန်းစစ်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်းအကြောင်း အသိပေးရန် လိုအပ်ပါသည်။<br>✱ အားနည်းချက်သည် အမြဲတမ်းရှိနေသည့်အရာ မဟုတ်ပါ။<br>✱ အားနည်းချက်ဆိုသည်ကို အကြောင်းအရာနှင့်လိုက်၍ပြောင်းလဲမည့် အချက်အလက်အရေအတွက်အရ ဆုံးဖြတ်မည်ဖြစ်ပါသည်။ အချက်အလက်များတွင် ပြင်းထန်သည့်ဖယ်ရှားမှု၊ ပြင်းထန်လွန်းသည့်ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်မှု သို့မဟုတ် စွန့်စားရသော ဆက်ဆံရေးများ၊ စိတ်ပူပန်းမှုအဆင့်မြင့်မားမှုနှင့် မလုံခြုံသော သို့မဟုတ် အပြုသဘောမဆောင်သော ကူးယူခြင်းစက်ကိရိယာများ ပါဝင်သည်။ |
| ပြင်ဆင်ခြင်း | • *အရင်းအမြစ် 7 ကို ပြင်ဆင်ပါ- အားနည်းချက် လေ့ကျင့်ခန်းအတွက် ကတ်များ (စာမျက်နှာ 173)* |
| အရင်းအမြစ်များ | *အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ (စာမျက်နှာ 168)*<br>*အရင်းအမြစ် 7- အားနည်းချက် လေ့ကျင့်ခန်းအတွက် ကတ်များ (စာမျက်နှာ 173)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - အန္တရာယ် ညီမျှခြင်း*<br>*PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ် ဆွေးနွေးမှု မေးခွန်းများ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

## သင်တန်း အစီအစဉ်

| အချိန် | လှုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *အခန်းကဏ္ဍအလိုက် အကဲဖြတ်မှုများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆက်စပ်နေသည့်မေးခွန်းများ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းနိုင်ပါမည်*<br>  • *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ ပထမခြေလှမ်းအဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဆန်းစစ်နိုင်မည်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 30 မိနစ် | အကဲဖြတ်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း | |
| | • ကဏ္ဍအလိုက်ဝန်ထမ်းသည် မှန်ကန်သည့်မေးခွန်းများမေးမြန်းခြင်းနှင့် မှန်ကန်သည့်အရာများကို ရှာဖွေခြင်းမပြုမချင်း ၎င်းတို့၏အစီအစဉ်အတွင်း ဖြစ်နိုင်ခြေရှိသည့် ကာကွယ်စောင့်ရှောက်မှုပြဿနာများကို သတိမပြုမိနိုင်ကြောင်းကို**ရှင်းပြပါ**။<br>• ပါဝင်သူများအား ကဏ္ဍအလိုက်အဖွဲ့များအဖြစ် ပိုင်းခြားကာ တစ်ဖွဲ့ချင်းစီကို အောက်ပါတို့နှင့်ပတ်သက်၍**မေးမြန်းပါ**-<br>  a. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်း၏ အဓိကအချက်များပါဝင်နေနိုင်သည့် ကဏ္ဍအလိုက်အစီအစဉ်အတွက် အကဲဖြတ်မှုတွင် ၎င်းတို့အနေဖြင့်မေးမြန်းနိုင်သည့်မေးခွန်းများ။<br>  b. မေးခွန်းများကို ဖြေဆိုရာတွင် မည်သူတို့ပါဝင်သင့်သနည်း။<br>• ၎င်းတို့၏ အကြံဉာဏ်များကို စက္ကူချပ်ဇယားစာရွက်ပေါ်တွင် ရေးချရန် အဖွဲ့များကို**ပြောကြားပါ**။<br>• အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းရန် ပါကစ္စတန်၌ 2013 ခုနှစ် ဩဂုတ်လတွင် ဖော်ဆောင်ခဲ့သည့် အကဲဖြတ်မှုမေးခွန်းဥပမာများကို**ပေးထားပါ** *(အရင်းအမြစ် 6)*။ အဖွဲ့အား ၎င်းတို့၏မေးခွန်းစာရင်းကို ပါကစ္စတန်မှဥပမာနှင့် နှိုင်းယှဉ်ကြည့်ရန် ပြောကြားပါ။<br>• မျက်နှာစုံညီ**ဆွေးနွေးပါ** - က) ဤအကြောင်းအရာထဲတွင် မည်သည့်မေးခွန်းများက တန်ဖိုးအရှိဆုံးဖြစ်နိုင်မည်နည်း၊ ခ) မည်သည့်မေးခွန်းအုပ်စုများမှာ အကျုံးဝင်ပါသနည်း၊ ဂ) မည်သည့်မေးခွန်းအုပ်စုများ ပျောက်နေပါသနည်း ဃ) ပါဝင်မှုဆိုင်ရာအကဲဖြတ်မှုတွင် ပါဝင်ရန် မည်သည့်အဖွဲ့များကို တောင်းဆိုနိုင်ပါသနည်း။<br>  **သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• ကာကွယ်စောင့်ရှောက်မှုပြဿနာများကို သဘောပေါက်နားလည်အောင် လုပ်ဆောင်ရာတွင် ကာကွယ်စောင့်ရှောက်မှုကျွမ်းကျင်သူများသာ မေးမြန်းသင့်သည့်မေးခွန်းများနှင့် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းထက် ကျော်လွန်နေသည့် မေးခွန်းများနှင့်ပတ်သက်သော အချက်အလက်များကို **အသားပေးပြောပြပါ**။<br>  **သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ*<br>• အကဲဖြတ်ရာတွင် ထွက်ပေါ်လာနိုင်သည့် ကာကွယ်စောင့်ရှောက်မှုပြဿနာဆိုင်ရာ ဥပမာအချို့ကို ပြည့်စုံစွာ**ဆွေးနွေးပါ**။ ဤအကြောင်းအရာနှင့်ဆက်နွှယ်၍ သင်တန်း ပထမပိုင်းတွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဥပမာအချို့ကို ကိုးကားရန် သတိရပါ။<br>ဥပမာများတွင် ပါဝင်နိုင်သည်များမှာ-<br>  • မသန်စွမ်းကလေးငယ်များသည် ဝန်ဆောင်မှုများကို ရယူနိုင်ခြင်းမရှိပါ<br>  • အမျိုးသမီးများသည် ကျန်းမာရေးစင်တာသို့လာရောက်သည့်လမ်းတွင် လုံခြုံမှုမရှိဟု ခံစားရပါသည်<br>  • သီးခြားမျိုးနွယ်စုအဖွဲ့မှအမျိုးသမီးများသည် ကလေးအုပ်ထိန်းမှုဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများကို အသုံးမပြုကြပါ<br>  • မိဘများသည် အစားအစာအတွက် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရခြင်းကြောင့် အစာအစာမျှဝေပေးသည့်နေရာများတွင် ကလေးများသည် သွေးဆောင်ခေါ်ယူခံရနိုင်သည့် အန္တရာယ်ရှိနေသည်<br>• အကြောင်းအရာနှင့် ဆက်နွှယ်နေသည့်သီးခြားအရာများဖြစ်သည့် ပြဿနာလေးရပ်ကို အဖွဲ့နှင့်အတူ**ရှာဖွေဖော်ထုတ်ပါ**။<br>*မှတ်ချက်- ဤသည်မှာ နောက်ထပ်လေ့ကျင့်ခန်းအတွက် အရေးကြီးသော ကြိုတင်ပြင်ဆင်ခြင်း ဖြစ်ပါသည်။ သီးခြား စက္ကူကားချပ်တစ်ခုပေါ်တွင် သဘောတူထားသည့် ဘေးအန္တရာယ်များကို ချရေးပါ။* | *စက္ကူ ကားချပ်နှင့် ရေးမှတ်ရန်မင်တံများ*<br><br>*အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ (စာမျက်နှာ 168)* |

| 30 မိနစ် | **အားနည်းချက်ကို နားလည်ခြင်း** | |
|---|---|---|
| | • ပါဝင်သူများကို အဖွဲ့များ **ခွဲပါ**။<br>• အားနည်းချက်ကို နားလည်သဘောပေါက်ခြင်းသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အလွန်တရာအရေးကြီးကြောင်းနှင့် ဤအခြေအနေတွင် အားနည်းချက်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို အောက်ပါလေ့ကျင့်ခန်းတွင် လေ့လာရှာဖွေမည်ဖြစ်ကြောင်း **ရှင်းပြပါ**။<br>• ကတ်တစ်ကတ်ပေါ်တွင် တစ်ဦးစီ၏အသေးစိတ်အချက်များပါသော အဖြူရောင်ကတ်ဆယ်ကတ် - 10 နှစ်အရွယ်မိန်းကလေး၊ အသိုက်အဝန်းခေါင်းဆောင်၊ လယ်သမား၊ မသန်စွမ်းသူ၊ UN PK အခြေစိုက်ရှိ သန့်ရှင်းရေးဝန်ထမ်း၊ အမျိုးသား NGO အတွက် အလုပ်သမား၊ အဘွား၊ ကလေး 5 ဦးမိခင်၊ ၎င်း၏ရွာကိုပြန်လာသော IDPနှင့် မွေးကင်းစကလေးကို တစ်ဖွဲ့ချင်းစီအား **ပေးထားပါ**။ *အရင်းအမြစ် 7* မှ အဖြူရောင်ကတ်များကို အသုံးပြုပါ- *အားနည်းချက် ကတ်များ (စာမျက်နှာ 173)*။<br>• ၎င်းတို့ ဖြစ်လေ့ရှိသည်ဟုတွေးမိသော အားနည်းချက်အရ တစ်ဦးချင်းကို အဆင့်သတ်မှတ်ရန် အဖွဲ့များကို **ပြောကြားပါ** (သင်တန်းပို့ချသည့် အကြောင်းအရာနှင့် ဆက်စပ်သောအားနည်းချက်ကို စဉ်းစားရန် ပါဝင်သူများအား ပြောကြားပါ)။ အဆင့် 1 =အားနည်းချက် အရှိဆုံး အဆင့် 10 = အားနည်းချက်ရှိမှု အနည်းဆုံး။<br>• ၎င်းတို့၏ အဆင့်သတ်မှတ်ချက်များနှင့် အချိုးများ၏အကျဉ်းချုပ်ကို ပေးရန် တစ်ဖွဲ့ချင်းစီကို **ပြောကြားပါ**။ ဤအဆင့်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်း မပြုလုပ်ပါနှင့်။<br>• အဖွဲ့များအား *အရင်းအမြစ် 7* မှ မီးခိုးရောင်ကတ်များကို **ပေးထားပါ**- *အားနည်းချက်ကတ်များ (စာမျက်နှာ 173)*၊ ယင်းကတ်များသည် တစ်ဦးချင်းစီနှင့်ပတ်သက်၍ ထပ်တိုးသတင်းအချက်အလက်များကို ဖြည့်စွမ်းပေးသည့်ကတ်များ ဖြစ်သည်။ အုပ်စုကို နောက်ထပ် သတင်းအချက်အလက်များကိုဖတ်ရှုခိုင်းပါ။ ပြီးလျှင် ယင်း ထပ်တိုးသတင်းအချက်အလက်ပေါ်အခြေခံ၍ အဆင့်သတ်မှတ်ခြင်းကို ပြောင်းလဲလိုခြင်း ရှိမရှိ ဆွေးနွေးပါ။ အဆင့်သတ်မှတ်ခြင်းတွင် တစ်စုံတစ်ရာပြောင်းလဲမှုပြုလုပ်လိုခြင်း ရှိ၊ မရှိ အဖွဲ့ကိုမေးမြန်းပါ။<br>• အဆင့်သတ်မှတ်ခြင်းတွင် တစ်စုံတစ်ရာပြောင်းလဲလိုပါက မည်သည့်အတွက်ကြောင့် ပြောင်းလဲလိုသည်ကို ဖြေဆိုပေးရန်အဖွဲ့များကို **ပြောကြားပါ**။<br>• အောက်ပါ မေးခွန်းများကိုအသုံးပြုကာ ပြီးပြည့်စုံသောဆွေးနွေးမှုကို **ပြုလုပ်ပါ**-<br>1. တစ်ဦးချင်းစီကို အားနည်းသွားစေသည့်အချက်အချို့မှာ မည်သည်တို့ဖြစ်ပါသနည်း။<br>2. အားနည်းချက်နှင့်ပတ်သက်၍ ယူဆချက်များပြုလုပ်ရာတွင် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အတွက်ကြောင့် ဂရုပြုရပါမည်နည်း။<br>3. တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်သည် သီးခြားအကြောင်းအရာတွင် အားနည်းခြင်းရှိ၊ မရှိအား သင့်အနေဖြင့် မည်သို့ အကဲဖြတ်နိုင်မည်နည်း။<br>**သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ* | *အရင်းအမြစ် 7- အားနည်းချက် လေ့ကျင့်ခန်းအတွက် ကတ်များ (စာမျက်နှာ 173)* |
| 30 မိနစ် | **အစီအစဉ်တွင် ကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ်များကို ခွဲခြမ်းစိတ်ဖြာခြင်း** | |
| | • ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာကို ရှာဖွေဖော်ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းကို မည်သို့ ဖြေရှင်းရမည်ကို ဆောင်ရွက်ရန်အလို့ငှာ ပြဿနာကိုဆန်းစစ်ရန် အရေးကြီးကြောင်း**ရှင်းပြပါ**။ ပါဝင်သူများသည် နောက်လာမည့်လေ့ကျင့်ခန်းတွင် တိကျသော ကာကွယ်စောင့်ရှောက်မှုပြဿနာကို ရိုးရှင်းစွာဆန်းစစ်မှု ပြုလုပ်မည်ဖြစ်ပါသည်။<br>• PowerPoint ဆလိုက်တွင် ပြဿနာညီမျှခြင်းကို**ပြသ** ကာ ဥပမာပေးပြောကြားပါ (ဖြစ်နိုင်မည်ဆိုပါက အကြောင်းအရာနှင့်သင့်လျော်သည်ကို ပြောပါ)။<br>**သင်တန်းပို့ချသူ မှတ်စု 4 ကို ကြည့်ပါ*<br>**ခြိမ်းခြောက်မှု + အားနည်းချက် / စွမ်းရည် = ပြဿနာ** | *PPT ဆလိုက်* |

<table>
<tr>
<td></td>
<td>
• ပြဿနာညီမျှခြင်း၏ အယူအဆကို အောက်ပါအတိုင်းရှင်းပြပါ-<br><br>
ပြဿနာ ဆိုသည်မှာ လူတစ်ဦးအတွက် ခြိမ်းခြောက်မှုခံရနိုင်ခြေတစ်ရပ်ဖြစ်ပါသည်။<br><br>
ခြိမ်းခြောက်မှု ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု နှင့်/သို့မဟုတ် ဝန်ဆောင်မှုကို ရရှိနိုင်ရန် ဖြစ်နိုင်ခြေရှိသော အတားအဆီးတစ်ရပ် ဖြစ်ပါသည်။ ဖြစ်နိုင်ခြေရှိသည့်ကျူးလွန်သူများမှာ လက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များ၊ အသိုက်အဝန်းအဖွဲ့ဝင်များ၊ မိသားစုဝင်များ သို့မဟုတ် အကူအညီပေးသည့်လုပ်သားများ ဖြစ်သည်။ ဝန်ဆောင်မှုကို ရယူရာ၌ ရှိနေနိုင်သည့် အတားအဆီးများဆိုသည်မှာ ပေးအပ်သည့် ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုကို စီမံသည့်နေရာသို့ ဝင်ရောက်ခွင့်မရရန် သီးခြားလူမျိုးစုအုပ်စုတစ်ခုက အခြားအုပ်စုများကို ဖယ်ကြဉ်ထားခြင်းမျိုး ဖြစ်သည်။<br><br>
အားနည်းချက် ဆိုသည်မှာ ဖြစ်နိုင်ချေရှိသည့်သားကောင်ကို ပြဿနာနှင့် ကြုံတွေ့စေနိုင်သောအရာဖြစ်ပါသည် - ဥပမာ၊ ၎င်းတို့၏နေရာများ၊ လှုပ်ရှားမှု ဆောင်ရွက်သည့်အချိန်များ၊ အခွင့်အရေးများ သို့မဟုတ် ဘေးကင်းသည့် အလေ့အကျင့်များနှင့်ပတ်သက်၍ ဗဟုသုတမရှိခြင်း၊ ၎င်းတို့၏လိင်၊ ၎င်းတို့၏အသက်၊ ၎င်းတို့၏မျိုးနွယ်စု/ကိုးကွယ်မှုအဖွဲ့၊ ၎င်းတို့၏မသန်စွမ်းမှု။<br><br>
စွမ်းရည်များ ဆိုသည်မှာ တစ်ဦးချင်းအလိုက်သာမက အသိုက်အဝန်းတွင်ပါ ၎င်းတို့ကိုယ်ကိုဘေးကင်းစေသည့် အားသာချက်များကို ကိုယ်စားပြုပါသည် - ဥပမာ၊ စီမံပြုလုပ်ထားသည့်ဘေးကင်းရေးနေရာများ၊ အသိုက်အဝန်းအစီအစဉ်များ၊ ကာကွယ်စောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများနှင့် အချိတ်အဆက်များ၊ ရပိုင်ခွင့်များနှင့် တာဝန်ရှိမှုများကို သိရှိမှု။<br><br>
• အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဖြေရှင်းရန်အလို့ငှာ ခြိမ်းခြောက်မှုကို လျှော့ချရန်၊ အားနည်းချက်များကိုလျှော့ချရန်နှင့် စွမ်းရည်များကိုမြှင့်တင်ရန်အတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် အရေးကြီးကြောင်းကို ပါဝင်သူများအားရှင်းပြပါ။<br><br>
• ပါဝင်သူများကို အဖွဲ့များခွဲကာ တစ်ဖွဲ့ခြင်းစီကို အစီအစဉ်အတွင်း (အကဲဖြတ်မှုများရှိ ယခင်လေ့ကျင့်ခန်းမှရယူထားသော) ကာကွယ်စောင့်ရှောက်မှုပြဿနာဥပမာတစ်ခုစီ ပေးထားပါ။<br><br>
• တစ်ဖွဲ့ချင်းစီကို ဆွေးနွေးရန်ပြောကြားပါ-<br>
  • ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့်/ သို့မဟုတ် ဝန်ဆောင်မှု ရယူသုံးစွဲခွင့်အတွက် ခြိမ်းခြောက်မှုမှာ မည်သူ သို့မဟုတ် မည်သည့်အရာ ဖြစ်ပါသလဲ။ ၎င်းတို့၏ လှုပ်ရှားမှုများ၊ အရင်းအမြစ်များမှာ မည်သည်တို့ဖြစ်ပါသလဲ။ ခြိမ်းခြောက်မှုကိုလျှော့ချရန် မည်သည်ကိုဆောင်ရွက်သင့်ပါသလဲ။<br>
  • မည်သူ့တွင် အားနည်းချက်ရှိပါသလဲ။ ဘာကြောင့်၊ ဘယ်အချိန်၊ ဘယ်နေရာမှာဖြစ်ပွားသလဲ။ အားနည်းချက်ကို လျှော့ချရန် မည်သည်ကို ဆောင်ရွက်သင့်ပါသလဲ။<br>
  • လူအများသည် ၎င်းတို့ကိုယ်ကို ကာကွယ်ရန် မည်သည့် လုပ်နိုင်စွမ်း ရှိပါသလဲ။ ၎င်းတို့အနေဖြင့် မည်သည်ကိုလုပ်ပြီးဖြစ်သလို စွမ်းရည်ကိုတိုးမြှင့်ရန် တခြားမည်သည်ကို လုပ်ဆောင်နိုင်ပါသလဲ။<br>
  မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။<br><br>
• ပြဿနာဆန်းစစ်မှု ရလဒ်အဖြစ် ကာကွယ်စောင့်ရှောက်မှုပြဿနာကို ဖြေရှင်းခြင်းအတွက် ၎င်းတို့၏အကြံဉာဏ်များနှင့်ပတ်သက်၍ တစ်ဖွဲ့ချင်းစီထံမှ တုန့်ပြန်ချက်ကိုဖြည့်ဆည်းရယူပါ။<br><br>
*သင်တန်းပို့ချသူ မှတ်စု 5 ကို ကြည့်ပါ
</td>
<td>PPT ဆလိုက်</td>
</tr>
<tr>
<td>5 မိနစ်</td>
<td>အဓိကအမှာစကားများ အကျဉ်းချုပ်</td>
<td></td>
</tr>
<tr>
<td></td>
<td>
• သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်အကျဉ်းချုံး ပြပါ-<br>
  ✱ အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ခြင်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းသင့်ပါသည်။<br>
  ✱ ကဏ္ဍအလိုက် အစီအစဉ်တွင် အမှန်တကယ် ဖြစ်ပေါ်နေသော၊ဖြစ်ပေါ်နိုင်ခြေရှိသော အကာအကွယ်ပေးရေးပြဿနာများကို လေ့လာဆန်းစစ်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းခြင်းအကြောင်း အသိပေးရန် လိုအပ်ပါသည်။<br>
  ✱ အားနည်းချက်သည် အမြဲတမ်းရှိနေသည့်အရာ မဟုတ်ပါ။<br>
  ✱ အားနည်းချက်ဆိုသည်ကို အကြောင်းအရာနှင့်လိုက်၍ပြောင်းလဲမည့် အချက်အလက်အရေးအတွက်အရေးဆုံးဖြတ်မည်ဖြစ်ပါသည်။ အချက်အလက်များတွင် ပြင်းထန်သည့်ဖယ်ရှားမှု၊ ပြင်းထန်လွန်းသည့်ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်မှု သို့မဟုတ် စွန့်စားရသော ဆက်ဆံရေးများ၊ စိတ်ပူပန်းမှုအဆင့်မြင့်မားမှုနှင့် မလုံခြုံသော သို့မဟုတ် အပြုသဘောမဆောင်သော ကူးယူခြင်းစက်ကိရိယာများ ပါဝင်သည်။
</td>
<td>PPT ဆလိုက်</td>
</tr>
</table>

# သင်တန်းပို့ချသူ မှတ်စုများ

## အကဲဖြတ်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဆွေးနွေးရာတွင် အကဲဖြတ်မှုတွင် ပါဝင်သင့်သူ၏ ပါဝင်မှုနှင့် ခိုင်မာသည့် အကဲဖြတ်လုပ်ငန်းစဉ်၏ ကိုယ်စားပြုမှုသဘောသဘာဝကို အလေးအနက် ပြောကြားပါ။

အမြဲတမ်းရှိနေပြီး အကဲဖြတ်မှုတွင် ပါဝင်သင့်သည့်ပုဂ္ဂိုလ် အမျိုးအစားတွင်အမျိုးသားများ၊ ယောကျာ်းလေးများ၊ မိန်းကလေးများ၊ အသက်ကြီးသူများနှင့် မသန်စွမ်းသူများ ပါဝင်ပါသည်။

အခြေအနေ အကြောင်းအရာပေါ်တွင် မူတည်သည့် ပုဂ္ဂိုလ်အမျိုးအစားများတွင် တိုင်းရင်းသား လူမျိုးစု/ဘာသာရေး အုပ်စုငယ်များ၊ အားနည်းချက်ရှိသော သို့မဟုတ် နှိမ့်ချဆက်ဆံခံနေရသော အုပ်စုများ ပါဝင်သည်။

** သင်တန်းပို့ချသူ မှတ်စု 2*

အကဲဖြတ်ခြင်းများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းရသည့် ရည်ရွယ်ချက်မှာ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများ ၎င်းတို့၏အစီအစဉ်နှင့် သက်ဆိုင်သော ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်အချို့ကို သတိပြုမိစေရန် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများက ကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်မှုကို မလုပ်ဆောင်သင့်ပါ။ ဘေးဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို နားလည်ရန်မှာ အရေးကြီးပါသည် -

- တစ်ဦးတည်းနှင့်ဆိုင်သော ဖြစ်ရပ်များမေးခွန်းများကို မေးရန် မကြိုးစားပါနှင့် သို့မဟုတ် မည်သည့်ကာကွယ်စောင့်ရှောက်ရေး ကိစ္စကိုမျှ 'စုံစမ်းစစ်ဆေးရန်' မကြိုးစားပါနှင့်။
- ကျား/မ ဆိုင်ရာ အခြေပြုအကြမ်းဖက်ခြင်းနှင့်ဆိုင်သည့် အသေးစိတ်မေးခွန်းများ မမေးပါနှင့်။
- အကဲဖြတ်ရာတွင်ပါဝင်သည့် ဝန်ထမ်းများသည် အကဲဖြတ်မှုတွင် ပေါ်ပေါက်လာသည့် ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို မည်ကဲ့သို့ သင့်လျော်စွာရည်ညွှန်းပြောဆိုရမည်ကို သိရှိကြောင်း သေချာအောင်လုပ်ပါ။

** သင်တန်းပို့ချသူ မှတ်စု 3*

**မျက်နှာစုံညီဆွေးနွေးရမည့်အဓိကအချက်အများ**

- အားနည်းချက်ဆိုသည်ကို အကြောင်းအရာနှင့်လိုက်၍ပြောင်းလဲမည့် အချက်အလက်အရေအတွက်အရ ဆုံးဖြတ်မည်ဖြစ်ပါသည်။ အချက်အလက်များတွင် ပြင်းထန်သည့်ဖယ်ရှားမှု၊ ပြင်းထန်လွန်းသည့်ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်မှု သို့မဟုတ် စွန့်စားရသော ဆက်ဆံရေးများ၊ စိတ်ပူပန်မှုအဆင့်မြင့်မားမှုနှင့် မလုံခြုံသော သို့မဟုတ် အပြုသဘောမဆောင်သော ကူးယူခြင်းစက်ကိရိယာများ ပါဝင်သည်။
- အစီအစဉ်ကို မရေးဆွဲမီ အားနည်းချက်ဖြစ်စေသည့် အချက်အလက်များကို ရှာဖွေဖော်ထုတ်ပြီး တုံ့ပြန်ဆောင်ရွက်ရန်အလို့ငှာ အခြေအနေအရပ်ရပ်ကို စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာခြင်းသည် အလွန်ပဓာနကျပါသည်။
- အားနည်းချက်သည် အချိန်ကြာလာသည်နှင့် ပြောင်းလဲနိုင်ပါသည်။ အားနည်းချက်အကဲဖြတ်မှုကို ပုံမှန်ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

** သင်တန်းပို့ချသူ မှတ်စု 4*

သင့်တွင် ဒေသတွင်းမှ ဥပမာမရှိပါက အောက်ပါတို့ကိုအသုံးပြုနိုင်ပါသည်-

ရေခပ်ရန်အတွက် ရွာထဲမှ အမျိုးသမီးတစ်ဦး အပြင်ထွက်လာပါသည်။ အမျိုးသားတစ်ဦးက သူမကိုလမ်းပိတ်ပြီး အကြမ်းဖက် ခြိမ်းခြောက်ပါသည်။

အမျိုးသား၏ အပြုအမူသည် ခြိမ်းခြောက်မှုဖြစ်သည်။

အမျိုးသမီးသည် အမျိုးသမီးဖြစ်သောကြောင့် သို့မဟုတ် အချို့သောလူမျိုးစုမှ ဖြစ်သောကြောင့်၊ သူမနေထိုင်ရာရွာတွင် ရေမရသည့်အတွက်ကြောင့် သူမက ခုခံနိုင်မှုအားနည်းနေနိုင်ပါသည်။ ရေရဖို့အတွက် သူမသွားလာနေရသည့် နေ့အပူချိန်နှင့် ရေရဖို့သူမသွားရသည့် အကြိမ်အရေအတွက်ကြောင့် သူမသည် ခုံခံနိုင်မှုအားနည်းနေနိုင်ပါသည်။

အသင်းအဖွဲ့အနေဖြင့် အမျိုးသမီးများအား ရေရယူရန် နေရာသို့ အုပ်စုများဖွဲ့၍ သွားရောက်ရန် အမျိုးသမီးများကို စုစည်းပေးနိုင်စွမ်းရှိနိုင်သည် သို့မဟုတ် အသင်းအဖွဲ့ခေါင်းဆောင်များအား ပိုမိုနီးစပ်သည့်ရေအရင်းအမြစ် ဖန်တီးပေးရန် အကြံပေးနိုင်သည်။

** သင်တန်းပို့ချသူ မှတ်စု 5*

ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်အသီးသီးအတွက် တုံ့ပြန် ဆောင်ရွက်မှုသည် ကွဲပြားကောင်း ကွဲပြားနိုင်သော်လည်း အောက်ပါတို့သည် ဆွေးနွေးမှုပြုလုပ်ရာ၌ လမ်းညွှန်ပေးမည့် စိတ်ကူးအချို့ ဖြစ်ပါသည်-

**ခြိမ်းခြောက်မှုကို လျှော့ချပါ**

- ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်၊ ပြစ်မှုကျူးလွန်သူများနှင့် အုပ်စုနှစ်ခုစလုံးအား လွှမ်းမိုးနိုင်စွမ်းရှိသောသူများ (အပြုအမူ၊ အတွေးအခေါ်ကို ပြောင်းလဲစေနိုင်သူ၊ ခြိမ်းခြောက်မှုများကို ဖြစ်ရန်ခဲယဉ်းစေသူ) အတွက် တာဝန်ရှိသောသူများကို အသားပေးခြင်းဖြင့်
- ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ခွဲခြားဆက်ဆံခြင်း အဟန့်အတားများ အပါအဝင် ရယူခွင့်အဟန့်အတားများအပေါ်တွင် အာရုံစိုက်ခြင်းဖြင့်

**အားနည်းချက်များကို လျှော့ချပါ**

- အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းကို လျှော့ချရန် နေ့စဉ်လုပ်ရှားဆောင်ရွက်မှုများကို သင့်လျော်သလို ပြောင်းလဲဆောင်ရွက်စေခြင်း (အချိန်နှင့် တည်နေရာ)
- အခြားအုပ်စုများထက် ပို၍အားနည်းချက်ရှိနေသည့် အုပ်စုအချို့တွင် ရလဒ်ဖြစ်စေသည့် အားနည်းချက်အကြောင်းရင်းများကို နားလည်ခြင်းအပြင် ဖြစ်နိုင်ပါက ငတ်မွတ်ခေါင်းပါးမှုနှင့် ခွဲခြားဆက်ဆံခံရခြင်းကဲ့သို့သော အားနည်းချက်အကြောင်းရင်းများ ကို ရှာဖွေဖြေရှင်းခြင်း

**လုပ်နိုင်စွမ်းများကို အားကောင်းအောင်လုပ်ပါ**

- အသင်းအဖွဲ့လှုပ်ရှားမှု (အုပ်စုလိုက် လှုပ်ရှားမှု၊ အသင်းအဖွဲ့မှ စောင့်ကြည့်နေသည့် အုပ်စုများ၊ တရားရေးရာအခွင့်အရေးများအကြောင်း ဗဟုသုတများရှိအောင် ပြုလုပ်ပေးခြင်း၊ ဖြစ်လာနိုင်သော အရေးပေါ်ကိစ္စ အစီအစဉ်များ/အစောပိုင်း သတိပေးချက်၊ ခေါင်းဆောင်များ၊ ဒေသဆိုင်ရာရဲစသည့် လွှမ်းမိုးနိုင်စွမ်းရှိသူများကို ထောက်ခံပေးခြင်း) ကို အားကောင်းအောင်လုပ်ခြင်းဖြင့်

# အပိုင်း 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လက်တွေ့ပေါင်းစပ်ထည့်သွင်းခြင်း-

## ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

### သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းသည် ပရောဂျက်သက်တမ်း၏ ပထမအဆင့်တွင် ကာကွယ်စောင့်ရှောက်ခြင်း၏ အဓိကအချက်များကို အသုံးချနိုင်ရန် ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါသည်။ ၎င်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းအဆင့်များအတွင်း မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းနိုင်ကြောင်း တိတိကျကျလေ့လာဖော်ထုတ်ထားပါသည်။ လက်တွေ့လေ့ကျင့်ခန်းများပါဝင်မည်ဖြစ်သော ဤသင်တန်းသည် ပရောဂျက်ဒီဇိုင်းရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းနိုင်မည့် ခိုင်လုံသောလုပ်ဆောင်ချက်များကို ရှာဖွေဖော်ထုတ်ရာတွင် ပါဝင်ဆောင်ရွက်သူများအား လမ်းညွှန်ပေးပြီး ပရောဂျက်ဒီဇိုင်းကို အကဲဖြတ်ရာတွင် ၎င်းတို့အသုံးပြုသည့် နည်းလမ်းအချို့ကို မိတ်ဆက်ပေးထားပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ 20 မိနစ်

**သင်တန်း အမျိုးအစား -** ရှင်းလင်းတင်ပြခြင်း / လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / မေးမြန်းမှတ်သားခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကဏ္ဍအလိုက်အစီအစဉ်တစ်ခုအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကဲဖြတ်ခြင်းအဆင့်တွင် ကာကွယ်စောင့်ရှောက့်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို အကျိုးရှိရှိအသုံးချပါမည်။<br>• ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းကို ပံ့ပိုးပေးရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို မိတ်ဆက်ပေးပါမည်။<br>• လက်ရှိ ၎င်းတို့ လုပ်ကိုင်နေသည့် ပရောဂျက်တစ်ခုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်မည့် နည်းလမ်းများကို အလေးအနက်ထား စဉ်းစားရန် ပါဝင်ဆောင်ရွက်သူများအား တိုက်တွန်းအားပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။<br>• ကဏ္ဍအလိုက် အစီအစဉ်များ၏ဒီဇိုင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်<br>• ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကူညီနိုင်မည့် အရင်းအမြစ်အချို့ကို သိနားလည်ပါမည်။<br>• ကဏ္ဍအလိုက် အစီအစဉ်အား ပြန်လည်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် *GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများကို* အကျိုးရှိရှိအသုံးချနိုင်ပါမည် |
| အဓိက အမှာစကားများ | * ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကဏ္ဍအလိုက် ပရောဂျက်တစ်ခု၏ ဒီဇိုင်းထဲတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းနိုင်ရန် ခိုင်မာမှုရှိပြီး ရည်ရွယ်ချက်ပြည့်ဝသော လှုပ်ရှားမှုများ လိုအပ်ပါသည်။<br>* *GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများသည်* ဒီဇိုင်းရေးဆွဲသည့် လုပ်ငန်းစဉ်အပြင် ယင်းကို ပြန်သုံးသပ်ရာတွင် အသုံးဝင်သည့် အရာတစ်ခုဖြစ်ပါသည်။ |
| ပြင်ဆင်ခြင်း | • စက္ကူချပ်ဇယားစာရွက်နှင့် မင်တံများ/ရေးမှတ်စရာများနှင့်အတူ စားပွဲလေးလုံးပြင်ထားပါ။<br>• အခန်းတွင်း လမ်းလျှောက်အကဲဖြတ်ခြင်း - အဆင့်များကို မှတ်တမ်းတင်ရန် စက္ကူကားချပ်တစ်ခု ပြင်ထားပါ |

| | |
|---|---|
| အရင်းအမြစ်များ | *အရင်းအမြစ် 8- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း (စာမျက်နှာ 177)*<br>*အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - ဆွေးနွေးမည့် မေးခွန်းများအား ပြင်ဆင်သတ်မှတ်ခြင်း/အကောင်အထည်ဖော်ဆောင်ရွက်ခြင်း*<br>*PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေနိုင်သည့် နည်းလမ်းများ*<br>*PPT ဆလိုက် - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား အကဲဖြတ်သည့် မေးခွန်းများ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>• သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-<br>ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။<br>  • ကဏ္ဍအလိုက် အစီအစဉ်များ၏ဒီဇိုင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် ခိုင်လုံသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်<br>  • ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကူညီနိုင်မည့် အရင်းအမြစ်အချို့ကို သိနားလည်ပါမည်။<br>  • ကဏ္ဍအလိုက် အစီအစဉ်အား ပြန်လည်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများကို အကျိုးရှိရှိအသုံးချနိုင်ပါမည်<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</td><td>PPT ဆလိုက်</td></tr>
<tr><td>5 မိနစ်</td><td>လေ့ကျင့်ခန်း ပြင်ဆင်ခြင်း</td><td></td></tr>
<tr><td></td><td>• ပါဝင်ဆောင်ရွက်သူများအား အုပ်စုလေးစု ခွဲပေးပါ။ အုပ်စုတစ်စုစီအား ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အချက်များထဲမှ တစ်ခုစီ ခွဲဝေပေးပါ။ ၎င်းတို့မှာ (I) ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (II) အဓိပ္ပါယ်ရှိသော ရယူခွင့်၊ (III) တာဝန်ခံယူမှုနှင့် (IV) ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းခြင်းတို့ ဖြစ်သည်။<br><br>• ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း၏ မိတ္တူကို ပါဝင်ဆောင်ရွက်သူအားလုံးအားပေးပြီး လက်ကမ်းစာစောင်ကို မျက်နှာစုံညီဖတ်ပြခိုင်းပါ-<br>သင်လက်ရှိ ဆောင်ရွက်နေသည့် နိုင်ငံသည် လူဦးရေများသည့် လူမျိုးစု (ပထမ) နှင့် လူဦးရေနည်းသည့် လူမျိုးစု (ဒုတိယ) တို့ကြားတွင် လက်နက်ကိုင် ပဋိပက္ခ တွေ့ကြုံနေရပါသည်။ နိုင်တန်ဂအနီး ကျေးရွာများတွင် မကြာသေးမီက ဖြစ်ခဲ့သည့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများက သိသာသည့် ပြည်တွင်း ပြောင်းရွှေ့ခံရယူမှုများ ဖြစ်ပေါ်စေပါသည်။ ပြည်တွင်းရွှေ့ပြောင်းခံသူ အများအပြားက ပဋိပက္ခကြောင့် လက်တလော ထိခိုက်မှုမရှိသေးသည့် နိုင်တန်ဂသို့ရောက်လာကြပါသည်။<br>ပထမ လူမျိုးစု အုပ်စုမှ လူများဖြစ်သည့် ဒေသခံအသင်းအဖွဲ့နှင့် IDP များ (အများစုမှာ ဒုတိယအုပ်စုမှဖြစ်သည်) ပါဝင်သည့် အသင်းအဖွဲ့တစ်ဖွဲ့တွင် <အစားအစားပေးဝေခြင်း> အတွက် တာဝန်ရှိသည့် NGO တစ်ခုအတွက် သင်က အလုပ်လုပ်နေသည်။<br>IDP လူများထဲမှ ပထမအုပ်စုမှ လူများက နေထိုင်စရာများရထားပြီး ဒေသခံအသင်းအဖွဲ့များ၏ အကူအညီများရထားပါသည်။ ဒုတိယအုပ်စု IDP များက ၎င်းတို့၏ကိုယ်ပိုင်တည်ဆောက်ထားရသည့် တဲများတွင် နေရပါသည်။ နယ်မြေအတွင်း <အစားအစာပေးဝေခြင်း> ပရောဂျက်တစ်ခု ဒီဇိုင်းရေးဆွဲပြီး ဖြန့်ဝေပေးရန် သင်တို့၏ အဖွဲ့အစည်းကို တောင်းဆိုထားပါသည်။<br>မှတ်ချက်- ကွဲပြားခြားနားသည့် ကဏ္ဍတစ်ခုတွင် အသုံးချရန် လက်တွေ့လေ့လာမှုကို လွယ်ကူစွာ ပြုပြင်နိုင်ပါသည်။ လိုအပ်ပါက <အစားအစာပေးဝေခြင်း>ကို <ပညာရေး> သို့မဟုတ် အခြားကဏ္ဍဖြင့် အစားထိုးပါ။<br><br>• ပရောဂျက်ကို ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအဆင့်များတွင် ပါဝင်ဆောင်ရွက်သူများ လုပ်ဆောင်မည်ကို ရှင်းပြပေးပါ။</td><td>အရင်းအမြစ် 8- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း (စာမျက်နှာ 177)</td></tr>
</table>

| 30 မိနစ် | **ကဏ္ဍအလိုက် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲခြင်း/အကောင်အထည်ဖော်ခြင်း** | |
|---|---|---|
| | • ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့အုပ်စုလိုက် **လုပ်ဆောင်ခိုင်းပြီး** အောက်ပါမေးခွန်းများကို ဆွေးနွေးခိုင်းပါ။<br>◦ အုပ်စု 1- ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်နစ်နာခြင်းကို ရှောင်ကြဉ်ရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>◦ အုပ်စု 2- ရယူအသုံးပြုနိုင်ရန်အတွက် အဟန့်အတားများကို ဖယ်ရှားရန် သို့မဟုတ် လျော့ပါးသက်သာစေရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>◦ အုပ်စု 3- တာဝန်ခံနိုင်မှုရှိရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>◦ အုပ်စု 4- လူအများ ပါဝင်ဆောင်ရွက်ရန်နှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်းကို သေချာစေရန် သင့်ပရောဂျက်အား မည်ကဲ့သို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်မည်နည်း။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>*မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။*<br>*မှတ်ချက်- ပါဝင်ဆောင်ရွက်သူများတွင် အကဲဖြတ်မှု၏ ရလဒ် ရှိမည်မဟုတ်သောကြောင့် ပရောဂျက်ဒီဇိုင်းတွင် ပါဝင်မည့် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် လိုအပ်ပါသည်။*<br>• လေ့ကျင့်ခန်းအား ရှင်းလင်းစွာ နားလည်နိုင်ရန် ပါဝင်ဆောင်ရွက်သူများအား ဥပမာတစ်ခုနှင့်တကွ **ရှင်းပြပေးပါ။**<br>ဥပမာ- အုပ်စု 1-ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ<br>ဒီဇိုင်းရေးဆွဲခြင်း/အကောင်အထည်ဖော်ခြင်း ဥပမာများ-<br>i) အန္တရာယ် မဖြစ်စေရေး အကဲဖြတ်မှုတစ်ခုကို ပြုလုပ်ပါ<br>ii) ပေးဝေသည့်နေရာများသည် ဘေးကင်းသည့် နေရာများဖြစ်သင့်ပြီး သေချာ ဆွေးနွေးတိုင်ပင်ပြီးမှ သတ်မှတ်ထားသည့် နေရာ ဖြစ်ပါစေ။<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏အဓိက လှုပ်ရှားဆောင်ရွက်မှုများကို စက္ကူကားချပ်ပေါ်တွင် **ချရေးခိုင်းပါ။** တခြားလူများ လွယ်ကူစွာဖတ်နိုင်စေရန် ရှင်းလင်းအောင် ရေးသားခိုင်းပါ။<br>• လေ့ကျင့်ခန်းကို ရှင်းလင်းစွာ နားလည်ကြောင်း သေချာစေရန် အုပ်စုများကြားတွင် **လှည့်လည်မေးမြန်းပါ။** အကူလေ့ကျင့်သင်ကြားရေး ဝန်ထမ်းများရှိပါက ဝန်ထမ်းတစ်ဦးစီအား အုပ်စုတစ်စုစီတွင် တာဝန်ချထားပေးပါ။<br>• ပြီးသွားပါကပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏ စက္ကူကားချပ်ကိုနံရံပေါ်၌ **ကပ်ခိုင်းပါ။** | *PPT ဆလိုက်*<br><br>*စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ* |
| 30 မိနစ် | **ပရောဂျက်ကို အကဲဖြတ်ခြင်း** | |
| | • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် အကူအညီဖြစ်စေသည့် နည်းလမ်းများစွာရှိကြောင်း **ရှင်းပြပြီး** PowerPoint ဆလိုက်ပေါ်တွင် အောက်ပါတို့ကို တင်ပြပေးပါ-<br>◦ *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ* (WVI)<br>◦ *ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ* (WRC)<br>◦ *လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ* (CPWG)<br>◦ *GBV လမ်းညွှန်ချက်များ* (IASC)<br>◦ *လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ* (အသိုင်းအဝိုင်း)<br>• အစားအစာပေးဝေခြင်း (သို့မဟုတ် လက်တွေ့လေ့လာမှုတွင်သုံးသည့် အခြားကဏ္ဍ) နှင့် သက်ဆိုင်သည့် GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းပါဝင်သော လက်ကမ်းစာကို **ပုံပိုးပေးပြီး** ၎င်းသည် အရင်းအမြစ်ပေါင်းစုံမှ သတင်းအချက်အလက်များအား သုံးရလွယ်သည့် ကိုးကားစရာတစ်ခုအသွင်သို့ ပေါင်းစည်းပေးထားသည်ကို ရှင်းပြပါ။<br>*ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်မှ တစ်ချက်ချင်းစီကို အသားပေးထားပြီး လုပ်ဆောင်ရန်စာရင်းများကို ဖွဲ့စည်းထားသည်ကို မှတ်သားထားပါ။* | *PPT ဆလိုက်*<br><br>*အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)* |

<table>
<tr>
<td></td>
<td>• ပါဝင်ဆောင်ရွက်သူများကို နှစ်ယောက်တစ်တွဲ <b>ခွဲလိုက်ပြီး</b> ယခင်လေ့ကျင့်ခန်းတွင် ဒီဇိုင်းဆွဲထားသည့် ပရောဂျက်ကို အကဲဖြတ်ရန် GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းကို ယခုအသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။ တစ်တွဲစီသည် အစားအစာပေးဝေခြင်း <<i>သို့မဟုတ် အခြားကဏ္ဍအစီအစဉ်</i>> (အုပ်စုလေးစုစလုံး၏ အကြံဉာဏ်များကို ခြုံငုံထည့်သွင်းစဉ်းစားပြီး ပရောဂျက်တစ်ခုလုံးအတွက် တုံ့ပြန်ဆောင်ရွက်မှုအဖြစ်) တွင်ထည့်သွင်းထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်း ပေါင်းစပ်ထည့်သွင်းခြင်းကို အကဲဖြတ်ရပါမည်။<br><br>
• ပါဝင်ဆောင်ရွက်သူများအား အခန်းတွင်းလှည့်ပတ် လမ်းလျှောက်ခိုင်းပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်အားလုံးအတွက် ဒီဇိုင်းအကြံပြုချက်များကို ပြန်လည်သုံးသပ်ကာ GPC ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းနှင့် ယှဉ်ပြီး ပရောဂျက်ကို အကဲဖြတ်ခိုင်းပါ။ အုပ်စုများက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်-<br>
  • ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့် ဆက်စပ်၍ ဒီဇိုင်း၏ ကောင်းကျိုးပြုသည့်အချက်က မည်သည့်အချက်ဖြစ်သနည်း။<br>
  • ဒီဇိုင်းတွင် မည်သည့် အချက်များ ပျောက်နေသနည်း (၎င်းအား လုပ်ဆောင်ရန်စာရင်းတွင် အရေးကြီးအဖြစ် အသားပေးဖော်ပြထားသည်)။<br>
  • ပါဝင်ဆောင်ရွက်သူများအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ ပရောဂျက်အပေါ် ယေဘုယျ အဆင့်မည်မျှ ပေးမည်နည်း။ (A - ကောင်းမွန်သည် D - မပြည့်စုံသော ပေါင်းစပ်ထည့်သွင်းခြင်း)<br>
မှတ်ချက်- အဆိုပါမေးခွန်းများကိုလည်း စက္ကူချပ်ဇယားတွင် ရေးသားပါ သို့မဟုတ် ၎င်းတို့ကို PowerPoint ဆလိုက်တွင် ပြသပါ။</td>
<td>PPT ဆလိုက်</td>
</tr>
<tr>
<td></td>
<td>• ပါဝင်သူများအား ပရောဂျက်အတွက် ၎င်းတို့သတ်မှတ်သည့်အဆင့်များကို မျက်နှာစုံညီ ပြောပြခိုင်းပါ (A မှ - အကောင်းဆုံး D အထိ - လုံလောက်ခြင်းမရှိသော ပေါင်းစပ်ညှိနှိုင်းထည့်သွင်းမှု)။ သတ်မှတ်ထားသည့်ပရိုဂရမ်၏အရည်အသွေးအပေါ် ယေဘုယျထင်မြင်ချက်ကိုပေးရန် စက္ကူချပ်ပေါ်တွင် အမှတ်များကို ရေးသားဖော်ပြပါ။ အတွဲများမှနေ၍ ကောက်ချက်ချမှု-<br>
  • ကောင်းကျိုးက ဘာလဲ<br>
  • ဘယ်လိုဟာကွက်တွေရှိနေပါသလဲ<br>
  • အမှန်တကယ်ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့ ကိစ္စရပ်မျိုးကို စဉ်းစားပါက ပါဝင်သူများ၏ အမြင်ကို မည်သို့ ပြောင်းလဲသွားစေမည်နည်း<br><br>
• ပါဝင်သူများကို အခန်းကဏ္ဍအားလုံးအတွက် လုပ်ဆောင်ရန်စာရင်းများပေးထားပါ။<br><br>
မှတ်ချက်- ဤလေ့ကျင့်ခန်းတွင် ပရောဂျက်ကို ပရိုဂရမ်အတွင်းတွင် ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် ရိုးရှင်းသည့်ချဉ်းကပ်မှုကို ဖော်ပြပေးပါမည်။ ၎င်းသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ သက်ရောက်မှုကို စောင့်ကြည့်ခြင်း သို့မဟုတ် အကဲဖြတ်ခြင်းအတွက် သတင်းအချက်အလက်များ သို့မဟုတ် အရင်းအမြစ်များကို ဖော်ပြပေးမည်မဟုတ်ပါ။ ဤသည်မှာ ပြောင်းလဲဖြစ်ပေါ်နေသည့် အလုပ်ခွင်ဖြစ်ပါသည်။ သင်သည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏သက်ရောက်မှုကို တိုင်းတာခြင်းနှင့်ပတ်သက်၍ အချက်အလက်များပိုမိုသိရှိလိုပါက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအသင်းအဖွဲ့ထံ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ</td>
<td>စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ</td>
</tr>
<tr>
<td>10 မိနစ်</td>
<td>အဓိကအမှာစကားများ အကျဉ်းချုပ်</td>
<td></td>
</tr>
<tr>
<td></td>
<td>• သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်အကျဉ်းချုံး ပြပါ-<br>
* ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် ကဏ္ဍအလိုက် ပရောဂျက်တစ်ခု၏ ဒီဇိုင်းထဲတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်လေးချက်ကို ထည့်သွင်းနိုင်ရန် ခိုင်မာမှုရှိပြီး ရည်ရွယ်ချက်ပြည့်ဝသော လှုပ်ရှားမှုများ လိုအပ်ပါသည်။<br>
* GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများသည် ဒီဇိုင်းရေးဆွဲသည့် လုပ်ငန်းစဉ်အပြင် ယင်းကို ပြန်သုံးသပ်ရာတွင် အသုံးဝင်သည့် အရာတစ်ခုဖြစ်ပါသည်။</td>
<td>PPT ဆလိုက်</td>
</tr>
</table>

## သင်တန်းပို့ချသူ မှတ်စုများ

### ကဏ္ဍအလိုက် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် သတ်မှတ်ထားသည့်အချက်သည် ပရောဂျက်တွင်ပါဝင်ကြောင်း သေချာစေရန် ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် မည်သည့်ဆောင်ရွက်ချက်များ ထည့်သွင်းနိုင်သနည်း။

အချက် 1

- 'အန္တရာယ်မဖြစ်စေရေး/ ငြိမ်းချမ်းရေးအတွက် ဒေသန္တရစွမ်းရည်များ' အကဲဖြတ်မှု နှင့်/သို့မဟုတ် ပဋိပက္ခဖြစ်လွယ်မှုအပေါ် ပုံမှန် အကဲဖြတ်ခြင်းကို ပြီးမြောက်အောင်ဆောင်ရွက်ပါ။
- ဝန်ထမ်းများနှင့် အေဂျင်စီ အသင်းအဖွဲ့အားလုံးသည် ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို နားလည်ကာ လက်မှတ်ရေးထိုးထားကြောင်း သေချာအောင်လုပ်ပါ။
- ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို အန္တရာယ်ကျရောက်နေသောလူထုများအတွက် ၎င်းတို့နားလည်နိုင်သော ဘာသာစကားနှင့် ပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးပါ။
- လက်ခံရသူ၏ဒေတာကို လျှို့ဝှက်ထားပါ။
- ဆက်စပ်နေသည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထားမှုနှင့် အနိုင်ကျင့်မှုများကို ၎င်းတို့ သတိပြုမိလာပါက သို့မဟုတ် အသိသက်သေဖြစ်လာပါက မည်သို့တုန့်ပြန်ရမည်ဆိုသည့်အပေါ် ဝန်ထမ်းများကိုလမ်းညွှန်ပေးရန် ရှင်းလင်းသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရှိနေပါစေ။
- ဖြန့်ဝေသည့်နေရာများသည် လူထုကို နောက်ထပ်အန္တရာယ်မဖြစ်စေနိုင်သောနေရာတွင် တည်ရှိကြောင်း သေချာပါစေ။
- အသွား၊ အပြန်လမ်းကြောင်းများအပါအဝင် ဖြန့်ဝေသည့်နေရာအားလုံး၏ ဘေးကင်းမှုကို အကဲဖြတ်ပါ။
- ပြဿနာညီမျှခြင်းကိုအသုံးပြုခြင်းကြောင့် ဖြစ်လာနိုင်သည့် ကာကွယ်ရေးဆိုင်ရာ ပြဿနာများကို ဆန်းစစ်ထားပါ။
- ဖြန့်ဝေသည့်နေရာများနှင့် ယင်းနေရာသို့ အသွား၊ အပြန်လမ်းကြောင်းများ ဘေးကင်းမှု ရှိမရှိ အမြဲမပြတ် စောင့်ကြည့်ပါ။
- သွားလာရန်အတွက် လုံလောက်သည့်နေ့အလင်းရောင် ရရှိစေရန် ဘေးအကင်းဆုံးနေ့အချိန်တွင် အစားအစာဖြန့်ဝေခြင်းကို စီစဉ်ပြုလုပ်ပါ။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသတင်းအချက်လက်များ ပေးထားပါ။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုနှင့် ပတ်သက်ပါက လုံးဝ သီးခံမည်မဟုတ်သော မူဝါဒကို ဖြန့်ဝေမှုတွင်ပါဝင်နေသော ဝန်ထမ်းနှင့် အခြားသူများက အပြည့်အဝ သိထားကြောင်းနှင့် ယင်းကို လက်မှတ်ရေးထိုးထားကြောင်း သေချာပါစေ။
- ဖြန့်ဝေရေးအဖွဲ့များကို ပုံမှန်အလှည့်ကျ လုပ်ဆောင်စေကာ အမျိုးသားနှင့် အမျိုးသမီးဝန်ထမ်းအရေအတွက်ကို အညီအမှတ် ထားရှိပါ။
- ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်ကွပ်ကဲသည့်လုပ်ငန်းစဉ်တွင် ဖြန့်ဝေမှုမတိုင်မီ၊ ဖြန့်ဝေမှုအတောအတွင်းနှင့် ဖြန့်ဝေပြီးနောက် လူများအနေဖြင့် လုံခြုံမှုကို ခံစားရခြင်း ရှိ မရှိ မေးမြန်းပါ။
- ဖြစ်နိုင်ခြေရှိသည့်ပြုပြင်ရေးလုပ်ဆောင်ချက်အတွက် ဘဏ္ဍာငွေကြေးအနည်းငယ်ကို ပေးထားပါ (ဥပမာ - ဖြန့်ဝေသည့်နေရာတွင် ကလေးငယ်များနှင့် ရင်းနှီးကျွမ်းဝင်သည့်နေရာကို ဖွဲ့စည်းပြုလုပ်ထားမှု)။

အချက် 2

- စစ်ဆေးသည့်နေရာများ၊ စောင့်ကြပ်ပိတ်ဆို့မှုများ သို့မဟုတ် မြေမြှုပ်မိုင်းထားရှိသည့်နေရာများ ကဲ့သို့သော အတားအဆီးများကိုစဉ်းစားကာ ထိခိုက်ခံစားရမည့်လူများ လာရောက်မှုကို စောင့်ကြည့်ပါ။
- သီးခြားလိုအပ်ချက်များ မရှိသည့်အပြင် အားလုံးကိုရှင်းလင်းစွာ ညွှန်ကြားထားခြင်းမရှိလျှင် အစားအစာနှင့် NFI ကို မျှမျှတတ ဖြန့်ဝေပါ။
- ဖြန့်ဝေသည့်နေရာများတွင် အစားအစာနှင့် NFI ခံစားခွင့်များကို သင့်လျော်သည့်ဘာသာစကားနှင့် ရုပ်ပုံ ပုံစံဖြင့် ရှင်းလင်းစွာ ဖော်ပြထားပါ။
- အမျိုးသမီးများနှင့် ကလေးငယ်များမှ အိမ်ထောင်ဦးစီးအဖြစ်တာဝန်ယူနေရသည့် အိမ်ထောင်စုများကို ၎င်းတို့၏ကိုယ်ပိုင်အမည်များဖြင့် စာရင်းသွင်းမှတ်ပုံတင်ထားပါ။
- ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့်နေရာများ ပံ့ပိုးပေးထားခြင်း သို့မဟုတ် မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြုနိုင်ရန် နည်းလမ်းများ ပံ့ပိုးပေးခြင်း ကဲ့သို့သော ထိခိုက်ခံစားရနိုင်သည့်အုပ်စုများ၏ ရယူသုံးစွဲခွင့်ကို ဖြည့်ဆည်းပေးရန် အထူးလုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပါ။
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်မှဦးဆောင်နေရသော အိမ်ထောင်စုများ၊ မသန်စွမ်းသူများကဲ့သို့သော သီးခြားလိုအပ်ချက်များရှိနေသည့် တစ်ဦးချင်းနှင့် အုပ်စုများကို အစားအစာများ အရင်ဆုံး ဖြန့်ဝေပါ။
- အစားအစာများကို ရည်ရွယ်ထားသည့် သီးခြားတစ်ဦးချင်း သို့မဟုတ် အုပ်စုများထံ ဖြန့်ဝေသည့်အခါ အစားအစာများကို လက်ခံရရှိကြောင်းနှင့် ၎င်းတို့၏လိုအပ်ချက်များနှင့် ကိုက်ညီကြောင်းကို ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်အတွင်း စစ်ဆေးပါ။
- ဖြစ်နိုင်ခြေရှိသည့်ပြုပြင်ရေးလုပ်ဆောင်ချက်အတွက် ဘဏ္ဍာငွေကြေးအနည်းငယ်ကို ပေးထားပါ၊ (ဥပမာ - ဝင်ဆောင်မှုပေးသည့်နေရာသို့ လာရောက်နိုင်ရန်ဆင်ခြေခလျှော့နေရာများ)။

အချက် 3

- ဝန်ထမ်းများနှင့် အေဂျင်စီ အသင်းအဖွဲ့အားလုံးသည် ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို နားလည်ကာ လက်မှတ်ရေးထိုးထားကြောင်း သေချာအောင်လုပ်ပါ။
- ကျင့်ဝတ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို အန္တရာယ်ကျရောက်နေသောလူထုများအတွက် ၎င်းတို့နားလည်နိုင်သော ဘာသာစကားနှင့် ပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးပါ။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသတင်းအချက်လက်များ ပေးထားပါ။
- ဖြန့်ဝေသည့်နေရာများတွင် အစားအစာနှင့် NFI ခံစားခွင့်များကို သင့်လျော်သည့်ဘာသာစကားနှင့် ရုပ်ပုံ ပုံစံဖြင့် ရှင်းလင်းစွာ ဖော်ပြထားပါ။

- ဆက်စပ်နေသည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထားမှုနှင့် အနိုင်ကျင့်မှုများကို ၎င်းတို့ သတိပြုမိလာပါက သို့မဟုတ် အသိသက်သေဖြစ်လာပါက မည်သို့တုန့်ပြန်ရမည်ဆိုသည့်အပေါ် ဝန်ထမ်းများကိုလမ်းညွှန်ပေးရန် ရှင်းလင်းသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရှိနေပါစေ။
- အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကိုမဆို လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တုံ့ပြန်ခြင်းအတွက် ဘေးကင်းပြီး လျှို့ဝှက်သော လုပ်ငန်းစဉ်များ သတ်မှတ်ပါ။

မှတ်ချက်- ထိရောက်သော တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားချက်များပြုလုပ်ရန် လုပ်ထုံးလုပ်နည်းတစ်ခု၏ အင်္ဂါရပ်များတွင် ပါဝင်သည်မှာ-

a။ ၎င်းတို့သည် အချိန်နှင့် တပြေးညီ တုံ့ပြန်အကြံပြုချက် ပေးနိုင်စွမ်းရှိသည်
b။ ၎င်းတို့သည် တိုင်ကြားချက်များကို လက်ခံရရှိသည် (NB တိုင်ကြားချက်များ မရှိခြင်းသည် ပြဿနာများ မရှိသည့်အထောက်အထားမဟုတ်ပါ။)
c။ ၎င်းတို့တွင် PSEA အပါအဝင် အရေးကြီးသောကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်၊ ဆောင်ရွက်ရန်နှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်အတွက် ရှင်းလင်းပြီး အချိန်နှင့်တပြေးညီဖြစ်သော လုပ်ငန်းစဉ်အဆင့်ဆင့်ရှိသည်။
d။ ၎င်းတို့တွင် နည်းလမ်းများစွာ ရှိသည့်အနက် ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်-
    - ဖြန့်ဝေမှု/ ပရောဂျက်နေရာများနှင့် ရုံးခန်းရှိ တိုင်ကြားစာပုံးများ
    - တိုင်ကြားချက်များ ပြုလုပ်ရန် 'ဟော့လိုင်း' နှင့် 'အီးမေးလ်'
    - ဖြန့်ဝေပေးထားသည့် လက်ကမ်းစာစောင်များ - အကြောင်းအရာများနှင့် PSEA တို့ကို အသိပေးခြင်း
    - ပရောဂျက်နေရာများ၊ ရုံးခန်းများနှင့် အဖွဲ့အစည်းဝဘ်ဆိုက်များတွင် ပြသထားသော ကျင့်ဝတ်နှင့် 'ထိခိုက်ခံရသည့်လူများအတွက်ကတိဝန်ခံချက်များ'။

အချက် 4

- ပရောဂျက်ကို ဒီဇိုင်းရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပြုလုပ်ရာတွင် အမိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်ကြောင်း သေချာပါစေ။
- ဘေးအန္တရာယ်ထိခိုက်ခံစားရသောလူထုနှင့် ဆွေးနွေးပွဲများတွင် အားနည်းချက်ရှိသော ပုဂ္ဂိုလ်များကို မျှမျှတတ ကိုယ်စားပြုလုပ်ဆောင်ကြောင်း သေချာပါစေ။
- အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောက်ျားလေးများသည် ၎င်းတို့၏အခြေအနေနှင့်ဆက်စပ်နေသည့်ဆုံးဖြတ်ချက်များတွင် အပြည့်အဝပါဝင်ကြောင်း သေချာပါစေ။
- ဝန်ဆောင်မှုများအတွက် တည်နေရာနှင့် အစီအစဉ်အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဒေသတွင်းအာဏာပိုင်များနှင့် ဒေသခံအဖွဲ့အစည်းများကို အကြောင်းကြားကြောင်း၊ ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ကြောင်း၊ ၎င်းတို့ကို ပါဝင်စေကြောင်း သေချာပါစေ။
- ထိခိုက်ခံစားရသောသူများ၏ သီးခြားလိုအပ်ချက်များနှင့်ပတ်သက်သည့် တိကျသောသတင်းအချက်အလက်များကို စုစည်းရန်အလို့ငှာ အကဲဖြတ်မှုများတွင် ထိခိုက်ခံစားရသောလူအမျိုးအစားအားလုံး (ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ကဲ့သို့သော) ပါဝင်ပါစေ။

# အပိုင်း 6- ပထမနေ့ကို ပြန်လည်သုံးသပ်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ပထမနေ့တွင် လေ့လာသင်ယူခဲ့ရသည်များကို အလေးအနက်စဉ်းစားရန်အတွက် ပါဝင်ဆောင်ရွက်သူများအား အခွင့်အရေးပေးရန်နှင့် ၎င်းတို့ လက်ရှိလုပ်ကိုင်နေသည့် သီးခြားပရောဂျက်များတွင် အသုံးချရန်အတွက် ရည်ရွယ်ထားပါသည်။ ဤသင်တန်းမှ ရလာသည် ရလဒ်များအား ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခုကို ပြင်ဆင်ရန် နောက်ပိုင်းရက်များတွင် အသုံးပြုသွားပါမည်။

**သင်တန်း ကြာမြင့်ချိန်-** 50 မိနစ်

**သင်တန်း အမျိုးအစား -** တစ်ဦးချင်း သို့မဟုတ် အတွဲလိုက်အလုပ်

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• သင်တန်းပထမနေ့မှ ရရှိသည့် သင်ယူမှု ရလဒ်များကို အသားပေးဖော်ပြပါမည်<br>• ပါဝင်ဆောင်ရွက်သူများလုပ်ကိုင်နေသည့် ပရောဂျက်တစ်ခုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များကို ရှာဖွေဖော်ထုတ်နိုင်အောင် ၎င်းတို့အား ပံ့ပိုးကူညီဗပးပါမည် |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း လေ့လာသင်ယူထားမှုနှင့် အဓိကအချက်များကို လက်ရှိလုပ်ကိုင်နေသည့် ပရောဂျက်တွင် အသုံးချနိုင်ပါလိမ့်မည်<br>• ပရောဂျက်များတွင် လက်ရှိ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များကို သတိပြုနိုင်ပါလိမ့်မည် |
| အဓိက အမှာစကားများ | ✱ ပရောဂျက်များကို ဒီဇိုင်းရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများထည့်သွင်းစဉ်းစားရန် မကြာခဏ ပျက်ကွက်လေ့ရှိကြပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များအား ရှာဖွေဖော်ထုတ်ခြင်းဖြင့် ၎င်းတို့အား ရင်ဆိုင်ဖြေရှင်းနိုင်ရန် တိကျခိုင်လုံသည့် အဆင့်များကို လုပ်ဆောင်နိုင်ပါမည်။ |
| ပြင်ဆင်ခြင်း | • ပါဝင်ဆောင်ရွက်သူများထံ ယခင်ဖြန့်ဝေပေးထားသည့် မိတ္တူများ ၎င်းတို့နှင့်အတူ ပါမလာနိုင်သည့်အတွက်ကြောင့် *GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များအတွက်* မိတ္တူအပိုများ ပြင်ဆင်ထားပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များ လေ့ကျင့်ခန်း ညွှန်ကြားချက်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • ဒုတိယနေ့ မစတင်ခင် ပါဝင်ဆောင်ရွက်သူများအား သင်တန်း ပထမနေ့ အကြောင်းအရာများကို ပြန်ပြောင်းဆွေးနွေးခွင့် ပေးလိုကြောင်း **ရှင်းပြပါ။**<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏ အနီးရှိ အတန်းဖော်များဆီ သွားရောက်၍ **ဆွေးနွေးခိုင်းပါ။** 'မနေ့က ကျွန်ုပ်လေ့လာသင်ယူခဲ့သည့် အရေးအကြီးဆုံး အရာက ဘာလဲ။'<br>• ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏ ထင်မြင်သုံးသပ်ချက်အချို့ကို မျှဝေရန် **တိုက်တွန်းအားပေးပါ။**<br>• သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ-**<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း လေ့လာသင်ယူထားမှုနှင့် အဓိကအချက်များကို လက်ရှိလုပ်ကိုင်နေသည့် ပရောဂျက်တွင် အသုံးချနိုင်ပါလိမ့်မည်*<br>  • *ပရောဂျက်များတွင် လက်ရှိ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များကို သတိပြုနိုင်ပါလိမ့်မည်* | *PPT ဆလိုက်* |
| 40 မိနစ် | ပရောဂျက် / အစီအစဉ်တစ်ခုတွင် ရှိနေသည့် ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များကို ရှာဖွေဖော်ထုတ်ခြင်း | |
| | • မကြာသေးမီက ၎င်းတို့လုပ်ကိုင်ခဲ့သည့် (သို့မဟုတ် လက်ရှိလုပ်ကိုင်နေသည့်) ပရောဂျက်နှင့် ပတ်သက်ပြီး 5 မိနစ်ခန့် အချိန်ပေး**စဉ်းစားခိုင်းပါ။** တူညီသော ပရောဂျက်တစ်ခုထဲတွင် အတူလုပ်ကိုင်ဆောင်ရွက်နေသည့်/ လုပ်ကိုင်ခဲ့ဖူးသည့် ပါဝင်ဆောင်ရွက်သူများအား အတူတွဲ၍ ဆောင်ရွက်ခိုင်းပါ။ ပါဝင်သူအနေဖြင့် ရှင်းရှင်းလင်းလင်း ပြန်လည်အမှတ်ရနိုင်သည့် ပရောဂျက် / အစီအစဉ်တစ်ခုတွင် လုပ်ကိုင်ခဲ့ခြင်းမရှိပါက အခြားသူ၏ ပရောဂျက် / အစီအစဉ်တွင် လုပ်ကိုင်ရန် ထိုသူနှင့် ချိတ်ဆက်သင့်ပါသည်။<br>*မှတ်ချက်- စိတ်ထဲတွင် တွေးယုံတွေးမိသည့် ဥပမာ သာမကဘဲ ပိုမိုပြီးပြည့်စုံသည့် ဥပမာတစ်ခုပေးနိုင်ရန် ပါဝင်ဆောင်ရွက်သူများအား အချိန် 5 မိနစ် ပေးထားပါသည်။ ပရောဂျက် ရွေးချယ်မှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ ထင်မြင်ချက်ကို ပေးပြီး ဆွေးနွေးကြရန် တိုက်တွန်းပါ။*<br>ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပရောဂျက်အတွင်းသို့ မည်ကဲ့သို့ ကောင်းစွာ ပေါင်းစပ်ထည့်သွင်းထားသည်ဟု ၎င်းတို့ ယူဆကြောင်း အကဲဖြတ်ချက်နှင့် ပရောဂျက်ကဏ္ဍအပါအဝင် အကဲဖြတ်မှု ပါဝင်ဆောင်ရွက်သူများအား ပရောဂျက်အတွက် စာနစ်ကြောင်းပါ ဖော်ပြချက်ကို **ရေးသားခိုင်းပါ။** အောက်ပါဥပမာကို ဖတ်ပြပါ-<br>*ဒေလီအပြင်ဘက်ရှိ ယာယီစခန်းတစ်ခုတွင် လူဦးရေ 2,000 ပါသည့် IDP များအား WASH အသုံးအဆောင်များ ထောက်ပံ့ပေးရန်အတွက် WASH ပရောဂျက်တစ်ခု။ ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ထည့်သွင်းထားပါသည်၊ သို့သော် ၎င်းတွင် အချို့သော သိသာသည့် ဟာကွက်များရှိနေခဲ့ပါသည်။*<br>• ပါဝင်ဆောင်ရွက်သူများအား ယခင်လေ့ကျင့်ခန်းတွင် ပေးထားပြီးဖြစ်သည့် *GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များကို* **ကိုးကားခိုင်းပါ။**<br>  • သင့်ပရောဂျက်နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များသို့သွားပြီး ပရောဂျက်အတွင်း ပြည့်မီခဲ့ခြင်းမရှိသည့် လှုပ်ရှားမှုတစ်ခုခုကို ချရေးခိုင်းပါ။ အကျိုးရလဒ်- ပရောဂျက်တွင် မပါဝင်ခဲ့သည့် ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လုပ်ဆောင်ချက် စာရင်း<br>*မှတ်ချက်- PowerPoint ဆလိုက်တစ်ခုပေါ်တွင် ဤညွှန်ကြားချက်ကို ပေးထားပါ။*<br>• လေ့ကျင့်ခန်းများကို ပါဝင်ဆောင်ရွက်သူများ နားလည်ကြောင်းသေချာစေရန် အခန်းတွင်း **လှည့်ပတ်ကြည့်ရှု၍** တစ်ဦးချင်း သို့မဟုတ် အတွဲလိုက်၏ လုပ်ဆောင်ချက်များကို စစ်ဆေးပါ။<br>• အတွဲအချို့နှင့် တစ်ဦးချင်းစီအား ၎င်းတို့၏ ပရောဂျက်အကြောင်း ဖော်ပြချက်နှင့် ပရောဂျက်တွင် မပါဝင်ခဲ့သည့် လုပ်ဆောင်ချက် ဥပမာတစ်ခုကို **မျှဝေခိုင်းပါ။**<br>• ပါဝင်ဆောင်ရွက်သူများသည် ဤဟာကွက်များကို နောက်ပိုင်းရက်များတွင် လုပ်ဆောင်မည့် လေ့ကျင့်ခန်းတစ်ခုတွင် အသုံးပြုရမည်ဖြစ်ကြောင်းကို **ရှင်းပြပါ** - ၎င်းတို့ချရေးထားသည့် စိတ်ကူးများကို ထိန်းထားခိုင်းပါ။ | *အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)*<br><br>*PPT ဆလိုက်* |
| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>  ✱ ပရောဂျက်များကို ဒီဇိုင်းရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများထည့်သွင်းစဉ်းစားရန် မကြာခဏ ပျက်ကွက်လေ့ရှိကြပါသည်။<br>  ✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များအား ရှာဖွေဖော်ထုတ်ခြင်းဖြင့် ၎င်းတို့အား ရင်ဆိုင်ဖြေရှင်းနိုင်ရန် တိကျခိုင်လုံသည့် အဆင့်များကို လုပ်ဆောင်နိုင်ပါမည်။ | *PPT ဆလိုက်* |

# အပိုင်း 7 - ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာ ဆက်သွယ်ပြောဆိုမှု

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** လက်တွေ့ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များအား ဘေးကင်းပြီး ကျင့်ဝတ်နှင့်ညီစွာ တုံ့ပြန်နိုင်ရန် စွမ်းရည်များကို ဤသင်တန်းတွင် ပံ့ပိုးပေးမည် ဖြစ်ပါသည်။ ဝန်ထမ်းများသည် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်များကို မကြာခဏ ကြားလေ့၊ သို့မဟုတ် ကိုယ်တွေ့ကြုံရလေ့ရှိပြီး မှားယွင်းသည့် နည်းလမ်းဖြင့် တုံ့ပြန်သည့်အတွက်ကြောင့် ယင်းက ရှင်သန်လွတ်မြောက်လူသာများ နောက်ထပ် ဘေးဒုက္ခများထပ်မံ ကြုံတွေ့စေနိုင်သည်ကို ဤသင်တန်းတွင် အသိအမှတ်ပြုထားပါသည်။

**ဤလေ့ကျင့်သင်ကြားရေး သင်ရိုးကို ဩစတြေးလျကြက်ခြေနီအသင်း 'နိုင်ငံတကာလူသားအချင်းချင်းစာနာထောက်ထားရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လေ့ကျင့်သင်ကြားခြင်း' မှ ရယူပြီး ဆီလျော်အောင် ပြန်ပြင်ထားခြင်းဖြစ်ပါသည်။*

**သင်တန်း ကြာမြင့်ချိန်-** 60 မိနစ်

**သင်တန်း အမျိုးအစား** - လေ့ကျင့်ခန်း / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• အန္တရာယ်မဖြစ်အောင် ရှောင်ကြဉ်နိုင်မည့် အလေ့အကျင့်များအကြောင်းကို ပါဝင်သူများအား မိတ်ဆက်ပေးပါမည်။<br>• သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုနှင့် ရည်ညွှန်းမှုတို့အကြောင်း ဆွေးနွေးရန် လက်တွေ့ကျသည့် လေ့ကျင်ခန်းများကို ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လက်တွေ့တွင် ၎င်းတို့ ကြားရနိုင်သည့် သို့မဟုတ် မျက်မြင်ကိုယ်တွေ့ကြုံရနိုင်သည့် ဖြစ်ရပ်များကို ဘေးကင်းစွာနှင့် ကျင့်ဝတ်နှင့်ညီစွာ မည်သို့ တုံ့ပြန်နိုင်ရမည်ကို ယုံကြည်မှုရှိစွာ နားလည်နိုင်ပါမည်။ |
| အဓိက အမှာစကားများ | ✱ အလွဲသုံးစားပြုသည့်ဖြစ်ရပ်များ သို့မဟုတ် စွပ်စွဲချက်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် အန္တရာယ် မဖြစ်စေအောင် ရှောင်ကြဉ်ခြင်းသည် အဓိကကျသည့် အချက်ဖြစ်ပါသည်။<br>✱ အေဂျင်စီများသည် အထူးပြု ဆေးကုသမှုဆိုင်ရာ၊ တရားရေးရာ၊ စိတ်ပညာဆိုင်ရာနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများထံ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များနှင့် ရည်ညွှန်းပေးနိုင်မည့် လမ်းကြောင်းများအား မှတ်တမ်းတင်ထားသင့်ပြီး ၎င်းအချက်အလက်များကို ပုံမှန်ပြင်ဆင်မွမ်းမံပြီး ဝန်ထမ်းအားလုံးတွင် ရှိနေကြောင်းသေချာစေရန် ဆောင်ရွက်ထားသင့်ပါသည်။<br>✱ အထူးလုပ်ပိုင်ခွင့်များ သို့မဟုတ် လေ့ကျင့်ပေးထားသော လူ့အခွင့်အရေးများ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးစောင့်ကြည့်မှုများရှိသည့် အေဂျင်စီများကသာ နည်းစနစ်ကျသည့် စောင့်ကြည့်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း အစီရင်ခံခြင်းများတွင် ပါဝင်လုပ်ဆောင်သင့်ပါသည်။ |
| ပြင်ဆင်ခြင်း | • ရည်ညွှန်းပေးနိုင်မည့် လမ်းကြောင်းများအကြောင်း စာရွက်စာတမ်းများနှင့် ဆက်စပ်အကြောင်းအရာများတွင် ပါဝင်သည့် လမ်းညွှန်ချက်ကို ရှာဖွေဖော်ထုတ်ပါ။<br>• *အရင်းအမြစ် 10 ကို ပြင်ဆင်ပါ- ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ (စာမျက်နှာ 209)။* |
| အရင်းအမြစ်များ | *အရင်းအမြစ် 10- ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ (စာမျက်နှာ 209)*<br>*အရင်းအမြစ် 11- PFA လက်ကမ်းစာစောင် (စာမျက်နှာ 55-56 PFA လမ်းညွှန်ချက်) (စာမျက်နှာ 210)*<br>*အရင်းအမြစ် 12- နမူနာ SOP (စာမျက်နှာ 212)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လှုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *လက်တွေ့တွင် ၎င်းတို့ ကြားရနိုင်သည့် သို့မဟုတ် မျက်မြင်ကိုယ်တွေ့ကြုံရနိုင်သည့် ဖြစ်ရပ်များကို ဘေးကင်းစွာနှင့် ကျင့်ဝတ်နှင့်ညီစွာ မည်သို့ တုံ့ပြန်နိုင်ရမည်ကို ယုံကြည်မှုရှိစွာ နားလည်နိုင်ပါမည်။*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 20 မိနစ် | ဘေးကင်းပြီး ကျင့်ဝတ်နှင့်ညီသော တုံ့ပြန်ဆောင်ရွက်ချက် | |
| | • ပါဝင်သူများကို အဖွဲ့များ **ခွဲပါ**။ နေ့စဉ် လုပ်ဆောင်နေရသည့် အလုပ်များတွင် လူသားအချင်းချင်းစာနာထောက်ထားရေး ဝန်ထမ်းများသည် ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို တိုက်ရိုက်မျက်မြင်ကြုံတွေ့ခြင်း သို့မဟုတ် ၎င်းတို့အကြောင်းကို ကြားရယုံကြားရခြင်းဖြင့် ထိုအခြေအနေများနှင့် ကြုံတွေ့ရနိုင်သည်ကို ရှင်းပြပါ။ ဝန်ထမ်းများက မှန်ကန်သော နည်းလမ်းဖြင့် တုံ့ပြန်ရန်မှာ အရေးကြီးပါသည်။<br>• အောက်ပါဇာတ်ညွှန်းများကို ကျယ်လောင်စွာ **ဖတ်ပြပါ**။<br>*သင်သည် ကာကွယ်စောင့်ရှောက်ရေးပိုင်းတွင် တိကျသော ကျွမ်းကျင်မှုမရှိသည့် အစားအစာဘေးကင်းရေး အကြံပေးတစ်ဦးဖြစ်သည်။ မနက်အစောပိုင်းတွင် အသက်မွေးဝမ်းကျောင်း ပရောဂျက်တစ်ခုသို့ သင်သွားရောက်လည်ပတ်နေပါသည်။ ယင်းနေရာတွင် သင်ရှိနေချိန်၌ သင့်အုပ်စုရှိရာသို့ ကောင်လေးတစ်ယောက် အပြေးအလွှားရောက်လာပြီး မနက်အစောပိုင်းက အမျိုးသမီးတစ်ဦး တိုက်ခိုက်ခံရကြောင်းကို သင့်အဖွဲ့အား ပြောပြပါသည်။ အလွန်အမင်း စိတ်ဒုက္ခရောက်နေသည့် အမျိုးသမီးထံ ကောင်လေးက သင့်အားခေါ်ဆောင်သွားပါသည်။*<br>• *အရင်းအမြစ် 10* မှ အဖြူရောင်ကတ်များကို အုပ်စုအား **ပေးပါ**- *ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ*။ ၎င်းတို့အား တုံ့ပြန်မှုကတ်တစ်ကတ်စီကို ဖတ်ပြခိုင်းပြီး လူတိုင်းကို အောက်ပါမေးခွန်းများ ဆွေးနွေးခိုင်းပါ-<br>  • အကြံပြုထားသော လုပ်ဆောင်ချက်က ဘေးကင်းပါသလား သို့မဟုတ် ဘေးမကင်းပါသလား။<br>  • အဘယ်ကြောင့် လုပ်ဆောင်ချက်က ဘေးကင်းပါသလဲ / ဘေးမကင်းပါသလဲ။ | *အရင်းအမြစ် 10- ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ (စာမျက်နှာ 209)* |
| 30 မိနစ် | ဆွေးနွေးမှု | |
| | • လုပ်ဆောင်ချက်တစ်ခုစီ အကြောင်း အနည်းငယ် ပြောဆိုပြီး အုပ်စုအနေဖြင့် လုပ်ဆောင်ချက်က ဘေးကင်းသည် သို့မဟုတ် ဘေးမကင်းပါဟု ခံစားရ၊ မရ မေးမြန်းခြင်းဖြင့် မျက်နှာစုံညီဆွေးနွေးမှုကို **ဦးဆောင်ပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• အောက်ပါတို့အပါအဝင် ပါဝင်ဆောင်ရွက်သူများအတွက် အကူအညီဖြစ်မည့် အရင်းအမြစ်များအား ၎င်းတို့ကို **လမ်းညွှန်ပေးပါ**- *စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှု- မြေယာလုပ်သားများနှင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှုအတွက် လမ်းညွှန်ချက် လက်တွေ့ကွင်းဆင်းလုပ်ဆောင်သည့် လုပ်သားများကို အသားကျအောင်မိတ်ဆက်ပေးရန်အတွက် သင်တန်းပို့ချသူ လက်စွဲစာအုပ်* နှင့် PFA လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများ (အရင်းအမြစ် 11) *လက်ကမ်းစာစောင်တစ်စောင်* ပေးပါ။<br>http://whqlibdoc.who.int/publications/2011/9789241548205_eng.pdf<br>• လူ့အခွင့်အရေး အလွဲသုံးစားပြုမှု၏ ဖြစ်ရပ်များ သို့မဟုတ် စွပ်စွဲချက်များကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် *နမူနာ SOP*၏ မိတ္တူများကို **လက်ကမ်းမျှဝေပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား ရည်ညွှန်းပေးနိုင်မည့် အဆက်အသွယ်များနှင့် လမ်းကြောင်းများ အပါအဝင် ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို မည်ကဲ့သို့ တုံ့ပြန်ရမည်အပေါ် အသေးစိတ်လမ်းညွှန်ချက်မှန်သမျှကို သတိပြုမိခြင်း **ရှိ၊ မရှိ မေးမြန်းပါ**။<br>*မှတ်ချက်- အကြောင်းအရာနှင့် သက်ဆိုင်သည့် သီးသန့် အရင်းအမြစ်တစ်ခုခုကို ရှာဖွေဖော်ထုတ်ထားပါက အချိန်ပေးပြီး ၎င်းတို့အား ပါဝင်ဆောင်ရွက်သူများနှင့် မျှဝေပါ။*<br>• လက်ကမ်းစာများကို အကြမ်းဖတ်ရှုရန် ပါဝင်ဆောင်ရွက်သူများအား အချိန် 5-10 မိနစ်ပေးပြီး ပါဝင်ဆောင်ရွက်သူများတွင် မေးမြန်းလိုသည်များရှိ၊ မရှိ**မေးပါ**။ | *အရင်းအမြစ် 11- PFA လက်ကမ်းစာစောင် (စာမျက်နှာ 55-56 PFA လမ်းညွှန်ချက်) (စာမျက်နှာ 210)*<br>*အရင်းအမြစ် 12- နမူနာ SOP (စာမျက်နှာ 212)* |

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✱ အလွဲသုံးစားပြုသည့်ဖြစ်ရပ်များ သို့မဟုတ် စွပ်စွဲချက်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် အန္တရာယ် မဖြစ်စေအောင် ရှောင်ကြဉ်ခြင်းသည် အဓိကကျသည့် အချက်ဖြစ်ပါသည်။<br>✱ အေဂျင်စီများသည် အထူးပြု ဆေးကုသမှုဆိုင်ရာ၊ တရားရေးရာ၊ စိတ်ပညာဆိုင်ရာနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများထံ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များနှင့် ရည်ညွှန်းပေးနိုင်မည့် လမ်းကြောင်းများအား မှတ်တမ်းတင်ထားသင့်ပြီး ၎င်းအချက်အလက်များကို ပုံမှန်ပြင်ဆင်မွမ်းမံပြီး ဝန်ထမ်းအားလုံးတွင် ရှိနေကြောင်းသေချာစေရန် ဆောင်ရွက်ထားသင့်ပါသည်။<br>✱ အထူးလုပ်ပိုင်ခွင့်များ သို့မဟုတ် လေ့ကျင့်ပေးထားသော လူ့အခွင့်အရေးများ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးစောင့်ကြည့်မှုများရှိသည့် အေဂျင်စီများကသာ နည်းစနစ်ကျသည့် စောင့်ကြည့်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း အစီရင်ခံခြင်းများတွင် ပါဝင်လုပ်ဆောင်သင့်ပါသည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ဆွေးနွေးမှု

** သင်တန်းပို့ချသူ မှတ်စု 1*

တုံ့ပြန်ချက်ကတ်တစ်ခုစီအတွက် ထင်မြင်ချက်ပေးရန် ပြင်ဆင်ထားရပါမည် - အောက်ပါလမ်းညွှန်ချက်ကို ကြည့်ပါ-

| တုံ့ပြန်ချက်ကတ် | သင်တန်းပို့ချသူအတွက် လမ်းညွှန်ချက် |
|---|---|
| အမျိုးသမီးအား နာကျင်နေပါသလားဟု မေးမြန်းပါ | လွှတ်မြောက်လာသူတစ်ဦးသည် လက်ငင်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များရှိမရှိ စစ်ဆေးခြင်းသည် တုံ့ပြန်ဆောင်ရွက်ရာတွင် ပထမအဆင့် ဖြစ်သည်။ |
| ဖြစ်ပျက်ခဲ့သည့် အသေးစိတ်ကို မေးမြန်းပါ | လုပ်ပိုင်ခွင့်များ အလွဲသုံးစားအပြုခံရသည့် လွှတ်မြောက်လာသူများကို အင်တာဗျူးရန် သင့်တော်သည့် လေ့ကျင့်သင်ကြားမှုမရှိဘဲ ဝန်ထမ်းတစ်ဦးအနေဖြင့် အင်တာဗျူးရန် သို့မဟုတ် ဖြစ်ရပ်တစ်ရပ်နှင့် ပတ်သက်ပြီး နောက်ထပ်သတင်းအချက်အလက် ရယူရန် မည်သည့်အခါမျှ မကြိုးစားသင့်ပါ။ |
| သူမကို တိုက်ခိုက်ခြင်းအတွက် မည်သူ့တွင် တာဝန်ရှိကြောင်း မေးမြန်းပါ။ | လုပ်ပိုင်ခွင့်များ အလွဲသုံးစားအပြုခံရသည့် လွှတ်မြောက်လာသူများကို အင်တာဗျူးရန် သင့်တော်သည့် လေ့ကျင့်သင်ကြားမှုမရှိဘဲ ဝန်ထမ်းတစ်ဦးအနေဖြင့် အင်တာဗျူးရန် သို့မဟုတ် ဖြစ်ရပ်တစ်ရပ်နှင့် ပတ်သက်ပြီး နောက်ထပ်သတင်းအချက်အလက် ရယူရန် မည်သည့်အခါမျှ မကြိုးစားသင့်ပါ။ |
| မည်သည့်အချိန် မည်သည့်နေရာတွင် ဖြစ်ပျက်ခဲ့သည်ကို လွှတ်မြောက်လာသူအား အသေးစိတ် မေးမြန်းပါ။ | လုပ်ပိုင်ခွင့်များ အလွဲသုံးစားအပြုခံရသည့် လွှတ်မြောက်လာသူများကို အင်တာဗျူးရန် သင့်တော်သည့် လေ့ကျင့်သင်ကြားမှုမရှိဘဲ ဝန်ထမ်းတစ်ဦးအနေဖြင့် အင်တာဗျူးရန် သို့မဟုတ် ဖြစ်ရပ်တစ်ရပ်နှင့် ပတ်သက်ပြီး နောက်ထပ်သတင်းအချက်အလက် ရယူရန် မည်သည့်အခါမျှ မကြိုးစားသင့်ပါ။ |
| မည်သည့် တိကျသော အကူအညီကိုသူမ လိုအပ်ပါသလဲ မေးမြန်းပါ။ ပံ့ပိုးမှု သို့မဟုတ် အကူအညီရရန်အတွက် တစ်စုံတစ်ယောက်အား သင့်အနေဖြင့် ဆက်သွယ်ပေးခြင်းသည် သူမအတွက် အဆင်ပြေ၊ မပြေ မေးမြန်းပါ။ | သင့်တော်သည့် ဝန်ဆောင်မှုများ (ကျန်းမာရေးဆိုင်ရာ၊ တိုင်ပင်ခြင်း၊ တရားရေးရာ) ရယူနိုင်အောင် လွှတ်မြောက်သူတစ်ဦးကို ကူညီပေးခြင်းသည် အရေးကြီးသည့် အဆင့်ဖြစ်ပါသည်။ ဝန်ထမ်းများ အလုပ်လုပ်ကိုင်နေသည့် နယ်မြေရှိ ညွှန်းဆိုပေးနိုင်သည့် ဝန်ဆောင်မှုစာရင်းများကို ဝန်ထမ်းများ ရထားသင့်ပါသည်။ ဝန်ဆောင်မှုပံ့ပိုးသူတစ်ဦးဦးထံသို့ မဆက်သွယ်မီ လွှတ်မြောက်လာသူထံမှ ကြိုတင်အသိပေးပြီးဖြစ်သည့် သဘောတူခွင့်ပြုချက်ကို ရယူထားရပါမည်။ |
| ကျန်းမာရေး၊ တိုင်ပင်ဆွေးနွေးမှု သို့မဟုတ် အခြားသက်ဆိုင်သည့် ဝန်ဆောင်မှုများအတွက် ဆက်သွယ်ရန် အချက်အလက်များကို ထိုပုဂ္ဂိုလ်ထံ ပေးပါ။ | လွှတ်မြောက်လာသူ၏ ကိုယ်စား ဝန်ဆောင်မှုပံ့ပိုးပေးသူများထံသို့ ဆက်သွယ်ပေးမည်ကို ၎င်းက မလိုလားပါက ၎င်းတို့အတွက် အကူအညီဖြစ်နိုင်မည့် ဝန်ဆောင်မှုပံ့ပိုးပေးသူ၏ ဆက်သွယ်ရန် အချက်အလက်ကို သင် ပေးရပါမည်။ |
| ယင်းအချိန်တွင် မည်သည့်စကားမျှမပြောပါနှင့်၊ နောက်မှ လုံခြုံမှုရှိမည့် တစ်နေရာရာမှ ရဲထံသို့ဆက်သွယ်ပါ။ | ၎င်းတို့ကိုယ်စား ရဲထံသို့ဆက်သွယ်ပေးရန် သင့်အား တောင်းဆိုထားပြီး အသိပေးထားသော သဘောတူညီချက် မပေးထားသရွေ့ ၎င်းတို့ကိုယ်စား ရဲထံ ဖုန်းမခေါ်သင့်ပါ။ |

| | |
|---|---|
| အဖြစ်အပျက်အား သင့်မန်နေဂျာ / ကာကွယ်စောင့်ရှောက်ရေးဝန်ထမ်းအဖွဲ့ဝင်ထံသို့ အစီရင်ခံပြီး အကြံပြုချက်တောင်းဆိုပါ။ | အဖြစ်အပျက်အား သင့်မန်နေဂျာ / ကာကွယ်စောင့်ရှောက်ရေးဝန်ထမ်းအဖွဲ့ဝင်ထံ အမြဲ အစီအရင်ခံသင့်ပါသည်။ ၎င်းတို့ကတုံ့ပြန်ရန် သင့်တော်သည့်နည်းလမ်းဖြင့် နောက်ထပ် ပံ့ပိုးပေးမှုများနှင့်အတူ သင့်ကို ဆက်လက်ကူညီသွားပါလိမ့်မည်။ |
| ယင်းက အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် မိသားစု/အသင်းအဖွဲ့ကိစ္စ ဖြစ်နေပါက မည်သည့်မှု မလုပ်ဆောင်ပါနှင့်။ | နိုင်ငံအများစုတွင် အိမ်တွင်းအကြမ်းဖက်မှုက ပြင်းထန်သည့် ပြစ်မှုတစ်ရပ်ဖြစ်ပါသည်။ အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများကဲ့သို့ပင် အိမ်တွင်းအကြမ်းဖက်မှု၏ လွတ်မြောက်လာသူတစ်ဦးအား အလားတူ ပံ့ပိုးကူညီပေးသင့်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုကို လျစ်လျူရှုခြင်းသည် လက်မခံနိုင်ဖွယ် ကိစ္စဖြစ်သည်။ |
| ဘေးကင်းလုံခြုံရေးကို စစ်ဆေးပါ - သင်၏ဘေးကင်းရေး၊ အခြားအဖွဲ့ဝင်များ၏ ဘေးကင်းရေးနှင့် ထိခိုက်ခံရသည့်သူနှင့် အသင်းအဖွဲ့၏ ဘေးကင်းရေး။ | မည်သည့်အရာမှ မဆောင်ရွက်မီ သင်၊ အခြားဝန်ထမ်း၊ လွတ်မြောက်လာသူနှင့် အခြားအသင်းအဖွဲ့ အဖွဲ့ဝင်များ ဘေးကင်းကြောင်း စစ်ဆေးသင့်သည်။ |

# အပိုင်း ၈- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူခြင်းမှ ကာကွယ်ပေးရန် (PSEA) အလေးပေးဆောင်ရွက်မှု

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ဤသင်တန်းတွင် လူသားအချင်းချင်း စာနာထောက်ထားရေး လုပ်သားများအတွက် PSEA ၏ အရေးကြီးပုံကို သတိပြုမိစေပြီး PSEA အခြေခံစည်းမျဉ်းခြောက်ချက်ကို ရှင်းပြပေးပါသည်။ ပါဝင်ဆောင်ရွက်သူများအား တစ်ဦးချင်းအနေဖြင့်ရော အဖွဲ့အစည်းအနေဖြင့်ပါ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူခြင်း (SEA) မှ ကာကွယ်ရန် မည်သည်တို့ကို လုပ်ကိုင်နိုင်ကြောင်း စဉ်းစားတွေးခေါ်ရန် စိန်ခေါ်မှု ဖြစ်စေသည်။

**ဤလေ့ကျင့်သင်ကြားရေးသင်ရိုးအား 2008 ခုနှစ်တွင် PSEA လူသားအချင်းချင်းစာနာထောက်ထားရေး ကိစ္စများနှင့် ငြိမ်းချမ်းရေးနှင့် ဖူလုံရေး (ECHA/ECPS) UN နှင့် NGO အထူးတာဝန်အဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီမှ ဖန်တီးထားသည့် လေ့ကျင့်သင်ကြားရေး လမ်းညွှန်မှ ကောက်နုတ်ရယူ မွမ်းမံထားခြင်းဖြစ်ကြောင်း မှတ်သားထားပါ။ "သိက္ခာဖြင့် ထမ်းဆောင်ရန်" ရုပ်ရှင်အတွက် ပြင်ဆင်မွမ်းမံထားသော ဗားရှင်းနှင့် အလိုက်သင့်ဖြစ်စေရန် ၎င်းအား PESA ၏ IASC အထူးတာဝန်အဖွဲ့မှ 2013 ခုနှစ်တွင် ပြင်ဆင်မွမ်းမံထားသည်။*

**သင်တန်း ကြာမြင့်ချိန်-** 50 မိနစ်

**သင်တန်း အမျိုးအစား -** DVD / မျက်နှာစုံညီ ဆွေးနွေးခြင်း

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူမှု ဖြစ်ပျက်ပုံ၊ ပြဿနာ၏ ပြင်းထန်ပုံနှင့် တားဆီးရန်နှင့် တုံ့ပြန်ရန် မည်သည်တို့ လုပ်ဆောင်သင့်သည်ကို ဝန်ထမ်းများအကြား ပိုမို သတိပြုမိစေပါသည်။<br>• လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် ငွေပေးခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပေးခြင်း သို့မဟုတ် အခြားအရှက်ရစေသည့် နည်းလမ်းများ၊ နှိမ့်ချသော သို့မဟုတ် အမြတ်ထုတ်သည့်အပြုအမူများကို တားမြစ်ခြင်းအား ဦးစားပေးထားသည့် *လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ရေးအတွက် အထူးစီမံချက်များ (STSGB/2003/13) (SGB)အပေါ် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက်မှ* အဓိက စည်းမျဉ်းများကို ရှင်းပြပါမည်။<br>• လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှု (လွတ်မြောက်လာသူများနှင့် အပြစ်ကျူးလွန်သူများအတွက်) ၏ အကျိုးသက်ရောက်မှုနှင့် SGB ၏ ပြဋ္ဌာန်းချက်များ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ သီးခြား ကျင့်ဝတ်စည်းမျဉ်းကို ဝန်ထမ်းများအနေဖြင့် လိုက်နာရန်အရေးကြီးကြောင်း အလေးပေးရှင်းပြပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လွဲမှားစွာပြုမှုနှင့် သက်ဆိုင်သည့် ပင်မစည်းမျဉ်းခြောက်ခုကို နားလည်ပါမည်။<br>• လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လွဲမှားစွာပြုမှုအား တားဆီးရန်နှင့် တုံ့ပြန်ရန် တစ်ဦးချင်းနှင့် အဖွဲ့အစည်းများမှ မည်သည်တို့ လုပ်ကိုင်နိုင်မည်ကို သိရှိနိုင်ပါမည် |

| | |
|---|---|
| အဓိက အမှာစကားများ | ✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများအနေဖြင့် SEA ကျူးလွန်ခြင်းသည် အလွန်အရုပ်ဆိုးသော လက်မခံနိုင်သည့် အပြုအမူဖြစ်သည်၊ ထို့ကြောင့် ယင်းသို့သော ဖြစ်ရပ်အတွက် အလုပ်မှထုတ်ပစ်ခံရမည်။<br>✱ လူအများစုမှ သတ်မှတ်ထားသော အသက် သို့မဟုတ် ဒေသတွင်းလက်ခံထားသည့်အသက်အရွယ် တို့အား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကလေးသူငယ်နှင့် လိင်ဆက်ဆံခြင်း (အသက် 18 နှစ်အောက် ကလေးများ) အား တားမြစ်ထားသည်။ ကလေးတစ်ဦး၏ သက်နှင့်ပတ်သက်ပြီး လွဲမှားသော ယုံကြည်ချက်က ချေပချက်တစ်ခု မဟုတ်ပါ။<br>✱ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် ငွေပေးခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပေးခြင်း သို့မဟုတ် အခြားအရှက်ရစေသည့် နည်းလမ်းများ၊ နိမ့်ချသော သို့မဟုတ် အမြတ်ထုတ်သည့်အပြုအမူများကို တားမြစ်ထားသည်။ ယင်းတွင် ထိခိုက်ခံရသည့်လူစုများ၏ တောင်းဆိုမှုကြောင့် အကူအညီ ပေးရခြင်းလည်း ပါဝင်သည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများနှင့် ထိခိုက်ခံရသည့်လူစုများကြားတွင် လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုသည် ပင်ကိုယ်အားဖြင့် မညီမျှသည့် အခွင့်အာဏာ အင်အားပေါ်တွင် အခြေခံသည့်အတွက်ကြောင့် တင်းကြပ်စွာ တားမြစ်ထားသည်။ ထိုသို့သော ဆက်ဆံရေးများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီပေးရေးအလုပ်အပေါ် အများယုံကြည်လက်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာကို လျော့ပါးစေပါသည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားတစ်ဦးသည် အေဂျင်စီတစ်ခုအတွင်းဖြစ်စေ သို့မဟုတ် အခြားအေဂျင်စီတွင်ဖြစ်စေ SEA နှင့် ပတ်သက်၍ လုပ်ဖော်ကိုင်ဖက်တစ်ဦးဦးအပေါ် စိုးရိမ်ပူပန်မှုများ သို့မဟုတ် သံသယဖြစ်မှုများဖြစ်ပေါ်လာပါက သူ သို့မဟုတ် သူမသည် သတ်မှတ်ထားသည့် အေဂျင်စီသတင်းပို့ရေး လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အဆိုပါ စိုးရိမ်ပူပန်မှုများကို အစီရင်ခံသင့်ပါသည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများသည် SEA ကို ကာကွယ်တားဆီးသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီး ထိန်းသိမ်းထားပြီး ၎င်းတို့၏ ကျင့်ဝတ်ကို အကောင်အထည်ဖော်ရန် မြှင့်တင်ပေးရန် တာဝန်ရှိသည်။ ရာထူးအဆင့်ဆင့်ရှိ မန်နေဂျာအားလုံးသည် ဤပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးမည့် စနစ်များကို ပံ့ပိုးရန်နှင့် ဖွံ့ဖြိုးအောင်တည်ဆောက်ရန် တာဝန်ရှိပါသည်။ |
| ပြင်ဆင်ခြင်း | • အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း သေချာစေရန် သင်တန်းမစမီ *သိက္ခာဖြင့် ထမ်းဆောင်ရန်* DVD ကို ကြည့်ပါ။<br>• သင်တန်းပို့ချစဉ် သင့်တင့်သည့်မြန်နှုန်းရှိသော အင်တာနက်လိုင်းရအောင် လုပ်ဆောင်ပါ သို့မဟုတ် *သိက္ခာဖြင့် ထမ်းဆောင်ရန်* DVD ကို ပြသနိုင်အောင် လုပ်ဆောင်ပါ။<br>• သင်တန်းမစတင်ခင် PSEA မေးခွန်းများ / နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုများကို ကူညီဖြေရှင်းနိုင်ရန် ဆက်သွယ်ရမည့် လူတစ်ဦးဦးရှိ၊ မရှိ ရှာဖွေဖော်ထုတ်ပါ။<br>• PSEA နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည့် သင်တန်းပို့ချသူများအတွက် အမေးများမေးခွန်းများ (FAQ) လမ်းညွှန်ကို ကြိုတင်ဖတ်ထားရန် အကြံပြုပါသည်။ IASC မှ ရေးသားထားသော FAQ ကို အွန်လိုင်းတွင် တွေ့နိုင်သည်။ http://www.pseataskforce.org/uploads/tools/faqsseabyunpersonnelandpartners_echaecpsunandngotaskforceonpsea_english.pdf |
| အရင်းအမြစ်များ | *အရင်းအမြစ် 13- သိက္ခာဖြင့် ထမ်းဆောင်ရန် DVD (စာမျက်နှာ 213)*<br>*အရင်းအမြစ် 14- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ရေးအတွက် အထူးစီမံချက်များအပေါ် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက် (စာမျက်နှာ 214)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လှုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>
<ul>
<li>သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-</li>
</ul>
ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-
<ul>
<li>လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လွဲမှားစွာပြုမှုနှင့် သက်ဆိုင်သည့် ပင်မစည်းမျဉ်းခြောက်ခုကို နားလည်ပါမည်။</li>
<li>လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လွဲမှားစွာပြုမှုအား တားဆီးရန်နှင့် တုံ့ပြန်ရန် တစ်ဦးချင်းနှင့် အဖွဲ့အစည်းများမှ မည်သည်တို့ လုပ်ကိုင်နိုင်မည်ကို သိရှိနိုင်ပါမည်</li>
</ul>
<ul>
<li>ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</li>
</ul>
</td><td>PPT ဆလိုက်</td></tr>
<tr><td>20 မိနစ်</td><td>DVD - သိက္ခာဖြင့် ထမ်းဆောင်ရန်</td><td></td></tr>
<tr><td></td><td>
<ul>
<li>ကြည့်ရှုရမည့်ရုပ်ရှင်ကို IASC အထူးတာဝန်အဖွဲ့မှ ဖန်တီးထားခြင်းဖြစ်ပြီး UN၊ NGO များနှင့် IOM တို့အတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများကို ရှင်းပြပေးပါ။ ကြည့်ပြီးလျှင် မျက်နှာစုံညီဆွေးနွေးပွဲ ပြုလုပ်သွားပါမည်။</li>
<li>အောက်ပါလိပ်စာမှတစ်ဆင့် သိက္ခာဖြင့် ထမ်းဆောင်ရန် DVD ဗီဒီယိုကို ဖွင့်ပါ။</li>
</ul>
http://www.pseataskforce.org
</td><td>အရင်းအမြစ် 13- သိက္ခာဖြင့် ထမ်းဆောင်ရန် DVD (စာမျက်နှာ 213)</td></tr>
<tr><td>20 မိနစ်</td><td>ဆွေးနွေးမှု</td><td></td></tr>
<tr><td></td><td>
<ul>
<li>ရုပ်ရှင်နှင့် ပတ်သက်ပြီး အုပ်စုဖွဲ့ဆွေးနွေးပွဲတစ်ခုကို ဦးဆောင်ပေးပါ။ နှိုးဆော်မှုများအဖြစ် အောက်ပါမေးခွန်းများကို အသုံးပြုပါ-
<ul>
<li>ရုပ်ရှင်နှင့် ပတ်သက်ပြီး သင်ဘယ်လိုထင်ပါသလဲ။ တစ်ခုခုက အံ့သြစရာဖြစ်နေပါသလား။ ရှုပ်ထွေးနေပါသလား။ မရှင်းမလင်း ဖြစ်နေပါသလား။ မည်သည့်ပုံရိပ်က သင့်ကိုအများဆုံး ခံစားစေပါသလဲ။ ရုပ်ရှင်ကနေ သင်ဘာတွေရလိုက်ပါသလဲ။ ယခင်မသိဖူးသည့် တစ်ခုခုများသိလိုက်ရပါသလား။</li>
<li>ရုပ်ရှင်က မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများ၊ သံသယတစ်ခုခု ဖြစ်စေပါသလား။</li>
<li>လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှု၏ သက်ရောက်မှုက မည်သည်ဟု သင်ထင်ပါသလဲ။ ဒုက္ခသည်တွေကိုလား။ အသင်းအဖွဲ့ကိုလား။ ကျွန်ုပ်တို့အလုပ်တွင်လား။ အစိုးရနှင့် ဆက်ဆံရေးအပေါ်တွင်လား။</li>
<li>ကျွန်တော်တို့အားလုံးတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုကို တားဆီးပေးမည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်နှင့် ထိန်းသိမ်းရမည့် တာဝန်ဝတ္တရားတစ်ခုရှိပါသည်။ ထိုသို့သော ပတ်ဝန်းကျင်တစ်ခုတွင် ပုဂ္ဂိုလ်ရေးအရ သင်မည်ကဲ့သို့ ပါဝင်ဖြည့်ဆည်းနိုင်မည်ဟု ထင်ပါသလဲ။</li>
</ul>
*သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ</li>
<li>လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှု (ST/SG/2003/13) (SGB) မှ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအတွက် အထူးစီမံချက်များတွင်ပါသည့် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက် လက်ကမ်းစာစောင် ပုံ့ပိုးပေးပါ။</li>
<li>ပါဝင်ဆောင်ရွက်သူတစ်ဦးအား အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက်၏ အပိုင်း 1 တွင် ပါဝင်သော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ဆိုင်းဆိုင်ရာ လွဲမှားစွာပြုမှု၏ အဓိပ္ပါယ်များကို ဖတ်ပြခိုင်းပါ။ ဝေါဟာရများ၏ အဓိပ္ပါယ်ကို နားလည်ကြောင်း သေချာအောင်လုပ်ပါ။
<br>*သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ</li>
<li>နိုင်ငံအလိုက် ရင်းမြစ်များအကြောင်း အချက်အလက်များကို မျှဝေပါ နှင့်/သို့မဟုတ် PSEA မေးခွန်းများ / စိုးရိမ်ဖွယ် ကိစ္စရပ်များတွင် ကူညီပေးနိုင်မည့် ပုဂ္ဂိုလ်များထံဆက်သွယ်ပါ။</li>
</ul>
</td><td>အရင်းအမြစ် 14- အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန် ကြေညာချက် (စာမျက်နှာ 214)</td></tr>
</table>

| 5 မိနစ် | အဓိကအမှာစကားများ အကျဉ်းချုပ် | |
|---|---|---|
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✸ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများအနေဖြင့် SEA ကျူးလွန်ခြင်းသည် အလွန်အရုပ်ဆိုးသော လက်မခံနိုင်သည့် အပြုအမူဖြစ်သည်၊ ထို့ကြောင့် ယင်းသို့သော ဖြစ်ရပ်အတွက် အလုပ်မှထုတ်ပစ်ခံရမည်။<br>✸ လူအများစုမှ သတ်မှတ်ထားသော အသက် သို့မဟုတ် ဒေသတွင်းလက်ခံထားသည့်အသက်အရွယ်တို့အား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကလေးသူငယ်နှင့် လိင်ဆက်ဆံခြင်း (အသက် 18 နှစ်အောက် ကလေးများ) အား တားမြစ်ထားသည်။ ကလေးတစ်ဦး၏ သက်နှင့်ပတ်သက်ပြီး လွဲမှားသော ယုံကြည်ချက်က ချေပချက်တစ်ခု မဟုတ်ပါ။<br>✸ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် ငွေပေးခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပေးခြင်း သို့မဟုတ် အခြားအရှက်ရစေသည့် နည်းလမ်းများ၊ နှိမ့်ချသော သို့မဟုတ် အမြတ်ထုတ်သည့်အပြုအမူများကို တားမြစ်ထားသည်။ ယင်းတွင် ထိခိုက်ခံရသည့်လူစုများ၏ တောင်းဆိုမှုကြောင့် အကူအညီ ပေးရခြင်းလည်း ပါဝင်သည်။<br>✸ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများနှင့် ထိခိုက်ခံရသည့်လူစုများကြားတွင် လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုသည် ပင်ကိုယ်အားဖြင့် မညီမျှသည့် အခွင့်အာဏာ အင်အားပေါ်တွင် အခြေခံသည့်အတွက်ကြောင့် တင်းကြပ်စွာ တားမြစ်ထားသည်။ ထိုသို့သော ဆက်ဆံရေးများက လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီပေးရေးအလုပ်အပေါ် အများယုံကြည်လက်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာကို လျော့ပါးစေပါသည်။<br>✸ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားတစ်ဦးသည် အေဂျင်စီတစ်ခုအတွင်းဖြစ်စေ သို့မဟုတ် အခြားအေဂျင်စီတွင်ဖြစ်စေ SEA နှင့် ပတ်သက်၍ လုပ်ဖော်ကိုင်ဖက်တစ်ဦးဦးအပေါ် စိုးရိမ်ပူပန်မှုများ သို့မဟုတ် သံသယဖြစ်မှုများဖြစ်ပေါ်လာပါက သူ သို့မဟုတ် သူမသည် သတ်မှတ်ထားသည့် အေဂျင်စီသတင်းပို့ရေး လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အဆိုပါ စိုးရိမ်ပူပန်မှုများကို အစီရင်ခံသင့်ပါသည်။<br>✸ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်သားများသည် SEA ကို ကာကွယ်တားဆီးသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီး ထိန်းသိမ်းထားပြီး ၎င်းတို့၏ ကျင့်ဝတ်ကို အကောင်အထည်ဖော်ရန် မြှင့်တင်ပေးရန် တာဝန်ရှိသည်။ ရာထူးအဆင့်ဆင့်ရှိ မန်နေဂျာအားလုံးသည် ဤပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးမည့် စနစ်များကို ပံ့ပိုးရန်နှင့် ဖွံ့ဖြိုးအောင်တည်ဆောက်ရန် တာဝန်ရှိပါသည်။ | PPT ဆလိုက် |

## သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

ကျွန်တော်တို့အားလုံးတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွှဲမှားစွာပြုမှုကို တားဆီးပေးမည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်နှင့် ထိန်းသိမ်းရမည့် တာဝန်ဝတ္တရားတစ်ခုရှိပါသည်။ ထိုသို့သော ပတ်ဝန်းကျင်တစ်ခုတွင် ပုဂ္ဂိုလ်ရေးအရ သင်မည်ကဲ့သို့ ပါဝင်ဖြည့်ဆည်းနိုင်မည်ဟု ထင်ပါသလဲ။

တုံ့ပြန်ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- ကျင့်ဝတ်စည်းမျဉ်းတစ်ခုကို လက်မှတ်ထိုးခြင်းနှင့် ပါဝင်သည့်စာသားများကို သိရှိခြင်း
- ကျင့်ဝတ်စည်းမျဉ်းတွင်ပါသည့် လေ့ကျင့်သင်ကြားရေးကို တောင်းဆိုခြင်း
- သံသယဖြစ်မှုတစ်ခုခုကို မည်ကဲ့သို့အစီရင်ခံမည်ကို သင်ကိုယ်တိုင် သိအောင်လုပ်ခြင်း
- သံသယဖြစ်မှုတစ်ခုခုကို အစီရင်ခံခြင်း (စုံစမ်းစစ်ဆေးရန် မကြိုးစားပါနှင့်)
- မန်နေဂျာတစ်ဦးအနေဖြင့် သင့်အဖွဲ့သည် ကျင့်ဝတ်စည်းမျဉ်း၊ PSEA စည်းမျဉ်းများကို သတိပြုမိပြီး မည်ကဲ့သို့တားမြစ်ရန်နှင့် တုံ့ပြန်ရမည်ကို သေချာအောင်လုပ်ဆောင်ခြင်း။

** သင်တန်းပို့ချသူ မှတ်စု 2*

**လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု**

> *"အခြားသူတစ်ဦးထံမှ ငွေကြေးအရ၊ လူမှုရေးအရ သို့မဟုတ် နိုင်ငံရေးအရ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု အပါအဝင် အားနည်းချက်၊ ကွဲပြားသည့် အာဏာ သို့မဟုတ် ယုံကြည်မှု၊ လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် အမှန်တကယ် သို့မဟုတ် လွဲမှားစွာပြုမှုရန် ကြံစည်ထားထုတ်မှု တစ်ခုခု။"*

အမြတ်ထုတ်မှုဖြစ်နိုင်သည့် ပတ်သက်မှုများ၏ ဥပမာ အနည်းငယ်တွင် အလားအလာရှိသည့် ကန်ထရိုက်တာများ၊ ဒုက္ခသည်/IDP ယာယီစခန်းများတွင် နေထိုင်သည့် ထိခိုက်ခံရသည့်လူစုများ၊ လူသားအချင်းချင်းစာနာထောက်ထားရေး ပြဿနာများ၏ သားကောင်များ၊ လိင်လုပ်သားနှင့် ပတ်သက်မှုများ ပါဝင်ပါသည်။

- အားနည်းချက်ရှိသည့် လူစုများအကြားတွင် အလုပ်လုပ်ကိုင်နေရသည့် ဝန်ထမ်းဖြစ်သော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကူညီပေးရမည့် လူများနှင့် နှိုင်းယှဉ်ပါက အာဏာရှိသည့် အခြေအနေတွင် ရှိသည်ကို မှတ်သားထားပါ။ ဤအနေအထားက လွှဲမှားစွာပြုမှုအတွက် အလားအလာကို ဖန်တီးပေးနိုင်ပြီး ကျွန်ုပ်တို့၏ ဆင်ခြင်တုံတရားနှင့် သတိဝီရိယရှိမှု လိုအပ်ပါသည်။ တစ်စုံတစ်ယောက်က လိင်ပိုင်းဆိုင်ရာ အပြုအမူ (သို့မဟုတ် ကြံစည်အားထုတ်ထားသော လိင်ပိုင်းဆိုင်ရာ

ဖြစ်ရပ်) တွင် တိုက်ရိုက် မပတ်သက်သည့်တိုင် အထက်ပါ နည်းလမ်း 3 ခုမှ တစ်နည်းနည်းဖြင့် အကျိုးခံစားခွင့်ရှိနေပါက၊ သူ/သူမ၏ အားထုတ်မှုသည်လည်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတွင် ပါဝင်နေပါသည်။

### လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှု

*"အဓမ္မနည်းဖြင့် ဖြစ်စေ၊ မညီမျှသည့်အခြေအနေများတွင်ဖြစ်စေ သို့မဟုတ် နိုင်ထက်စီးနင်းပြုသော အခြေအနေများတွင်ဖြစ်စေ ဖြစ်ပေါ်နိုင်သည့် လိင်ပိုင်းဆိုင်ရာ သဘောသဘာဝအရ အမှန်တကယ် သို့မဟုတ် ကိုယ်ထိလက်ရောက်ကျူးလွန်မှု။"*

လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှု ဖြစ်ပေါ်ရန် အမှန်တကယ် အဓမ္မလုပ်ကိုင်ခြင်း မလိုအပ်ပါ။ မညီမျှသော အခြေအနေများ သို့မဟုတ် နိုင်ထက်စီးနင်းပြုသော အခြေအနေများရှိသည့် အခြေအနေများတွင်လည်း ယင်းသို့ ဖြစ်နိုင်သည်။

မညီမျှသည့် အခြေအနေ၏ ဥပမာတစ်ခုမှာ အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်ကြား ဆက်ဆံရေးဖြစ်သည်။

နိုင်ထက်စီးနင်းပြုသော အခြေအနေများ၏ ဥပမာတစ်ခုမှာ အကျိုးခံစားသူအနေဖြင့် လိင်ဆက်ဆံရန် သဘောမတူသရွေ့ အကူအညီပေးရေးလုပ်သားက ဝေစုပေးရန် ငြင်းဆိုခြင်း သို့မဟုတ် အကျိုးခံစားသူက လိင်ဆက်ဆံရန် သဘောတူပါက အကူအညီပေးရေး လုပ်သားက အပိုဝေစုပေးခြင်း ဖြစ်ပါသည်။

- အထက်ပါ အဓိပ္ပါယ်သတ်မှတ်ချက် နှစ်ခုစလုံးအရ မအောင်မြင်သည့်တိုင် ကြိုးစားအားထုတ်မှု ပြုထားလျှင် သို့မဟုတ် ခြိမ်းခြောက်မှုပြုလုပ်ထားလျှင်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှု ဖြစ်ပေါ်နိုင်သည်ကို မှတ်သားထားပါ။ ဥပမာ ကလေးသူငယ်အား လိင်ဆက်ဆံရန် ပြောဆိုနေခြင်းက တားမြစ်ထားသော အပြုအမူတစ်ခု ဖြစ်ပါသည်။
- အဓိပ္ပါယ်သတ်မှတ်ချက် နှစ်ခုစလုံးအရ အမျိုးသားများနှင့် အမျိုးသမီးများအကြားအပြင် လိင်တူများအကြားတွင်ပင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု ဖြစ်ပေါ်နိုင်သည်ကို မှတ်သားထားပါ။ SGB တွင် လိင်တူ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှု ပါဝင်ပါသည်။
- အသိပေးပြီးဖြစ်သည့် သဘောတူညီချက်အဖြစ် ရည်ညွှန်းလေ့ရှိသည့် သဘောတူညီချက်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဖော်ပြမထားသည့်အပြင် ယင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း မှတ်သားထားပါ။ (သင်တန်းပို့ချသူ (များ) က အသိပေးပြီးဖြစ်သည့် သဘောတူညီချက်ဆိုသည်မှာ ဖော်ပြပါကို ဆိုလိုကြောင်း ရှင်းပြလိုစိတ် ရှိနိုင်ပါသည် 1)သဘောတူညီချက်ပေးသည့်လူက သူ/သူမ သဘောတူလိုက်သည့် အရာ၏ ပတ်သက်မှုများကို နားလည်ရပါမည်၊ 2) သဘောတူညီချက်ပေးသည့်လူက သူမအနေဖြင့် ငြင်းဆိုနိုင်သည့် အခွင့်အရေးများကို နားလည်ပြီး ယင်းသို့ ပြောပိုင်ခွင့် ရှိရပါမည်။) *ကလေးသူငယ်များ (ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်တွင် သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့်အညီ အသက် 18 နှစ်အောက် ပုဂ္ဂိုလ်များ) သည် ၎င်းတို့ သဘောတူနေသည့် အရာ၏ ပတ်သက်မှုများကို နားလည်ရန် လုံလောက်သည့် ရင့်ကျက်မှု မရှိသေးသည့်အတွက်ကြောင့် သဘောတူညီချက်ပေးခွင့် မရှိနိုင်ပါ။* အရွယ်ရောက်ပြီးသူများဖြင့်ဆိုပါက အရွယ်ရောက်ပြီးသူက လိင်ဆက်ဆံရန် ကြိုတင်အသိပေးပြီးဖြစ်သည့် သဘောတူညီချက်ကို ပေးခဲ့သည့်တိုင် မညီမျှသော နှင့်/ သို့မဟုတ် နိုင်ထက်စီးနင်းပြုခြင်း ကဲ့သို့သော အခြားအခြေအနေများ ရှိနေသေးသည့်အတွက် ယင်းက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှုတွင် ဆက်လက်အကျုံးဝင်နေပါသည်။

# အပိုင်း 9- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် မည်သည့်လူပ်ရှားသူများတွင် တာဝန်ရှိသည်ကို ဤသင်တန်းတွင် ထုတ်ဖော်ပြောဆိုပါမည်။ မည်သူက မည်သည့်အရာကို လုပ်ဆောင်ရန် လိုအပ်သည်ကို သိရှိရန် အခြေခံအုတ်မြစ်တစ်ခုအဖြစ် IASC နှင့် GPC မှ ရှင်းလင်းသော လမ်းညွှန်ချက်ကို ပံ့ပိုးပေးပါသည်။ ဤသင်တန်းတွင် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်းကို မည်ကဲ့သို့ သေချာလုပ်ဆောင်ရမည်ကိုလည်း လေ့လာဖော်ထုတ်ပါမည်။

**သင်တန်း ကြာမြင့်ချိန်-** 1 နာရီ

**သင်တန်း အမျိုးအစား -** လေ့ကျင့်ခန်း / ဆွေးနွေးခြင်း / PowerPoint

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လက်တွေ့တွင် မည်သူ့ထံ၌ တာဝန်ရှိသည်ကို ရှင်းလင်းပြောပြပေးပါမည်။<br>• ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးများ မျှဝေကြစေရန် ဆောင်ရွက်ပါ<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာ၌ သံန္နိဋ္ဌာန်ချ၍ အခြားသူများကို ပံ့ပိုးကူညီကြစေရန်တိုက်တွန်းအားပေးပြီး ယင်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အတွေးများကိုလည်း ပံ့ပိုးပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့နှင့် အခြားအစုအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုရန်<br>• နိုင်ငံတွင်းပေါင်းစည်းထားသော အယူခံဝင်သည့် (ယခု SRP) လုပ်ငန်းစဉ်နှင့် လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံ အဖွဲ့ (HCT) နှင့် အခြားအစုအဖွဲ့၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲခြင်းတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးကောင်းများ ပံ့ပိုးပေးရန် |
| အဓိက အမှာစကားများ | * ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား အဆင်ပြေအောင် ဆောင်ရွက်ရာတွင် အစုအဖွဲ့ဝင်အချင်းချင်းနှင့် အစုအဖွဲ့ဝင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါသည်။<br>* ကာကွယ်စောင့်ရှောက်မှုကိုပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အခြားအစုအဖွဲ့များကို ပံ့ပိုးပေးရာ၌ လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်နေပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖြစ်ပေါ်လာရန်မှာ အစုအဖွဲ့ ခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။<br>* လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များက အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးပါသည်။ |
| ပြင်ဆင်ခြင်း | • လတ်တလော ပေါင်းစည်းထားသည့် အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို မည်မျှ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သုတေသနလုပ်ပါ။<br>• ပေါင်းစည်းထားသော အယူခံဝင်သည့်လုပ်ငန်းစဉ်သည် လက်ရှိ သို့မဟုတ် အနာဂတ်တွင် ဖြစ်ပေါ်ခြင်းရှိမရှိ သုတေသနလုပ်ပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 15- တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ (စာမျက်နှာ 217)*<br>*အရင်းအမြစ် 16- IASC ကြေညာချက် 2013 (စာမျက်နှာ 218)*<br>*အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက် (စာမျက်နှာ 220)*<br>*အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက် (စာမျက်နှာ 221)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - ပေါင်းစည်းထားသော အယူခံဝင်မှုများတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် လမ်းညွှန်ချက်*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

# သင်တန်း အစီအစဉ်

| အချိန် | လုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 5 မိနစ် | မိတ်ဆက် | |
| | • သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်**တင်ပြပေးပါ**-<br>*ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-*<br>  • *ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့နှင့် အခြားအစုအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုရန်*<br>  • *နိုင်ငံတွင်းပေါင်းစည်းထားသော အယူခံဝင်သည့် (ယခု SRP) လုပ်ငန်းစဉ်နှင့် HCT နှင့် အခြားအစုအဖွဲ့၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲခြင်းတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် စိတ်ကူးကောင်းများ ပံ့ပိုးပေးရန်*<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိ**မေးပါ**။ | *PPT ဆလိုက်* |
| 20 မိနစ် | တာဝန်ဝတ္တရားများနှင့် အရေးယူဆောင်ရွက်မှုများ | |
| | • ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းရာတွင် မည်သူတို့ပါဝင်ရန် လိုအပ်ကြောင်းကို**တွေးတောစဉ်းစားခိုင်းပါ**။ လုန်၍ရသောကားချပ်ပေါ်တွင် စိတ်ကူးများကို ချရေးပါ။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• *တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ* လက်ကမ်းစာကို ကြည့်ပြီး အဓိကကျသော တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ၏ အကျဉ်းချုပ်ကို**ပြောပြပေးပါ**။<br>• ကဏ္ဍအသီးသီးတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် တာဝန်ရှိသော်လည်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား ပံ့ပိုးပေးရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို**အသားပေးပြောပြပါ**။<br>• *IASC ကြေညာချက် 2013* ၏ မိတ္တူများကို လက်ကမ်းဝေပေးပြီး စက်မျက်နှာ 2 ရှိ ဒုတိယစာပိုဒ်မှ နောက်ဆုံးစာပိုဒ်အထိ တစ်စုံတစ်ယောက်ကို**ဖတ်ခိုင်းပါ**။<br>*"ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များသည်ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း အပါအဝင် ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာများ ဖြစ်တည်လာရန် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားသူများအား ပံ့ပိုးရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်"*<br>• လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားအတိအကျကို *ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက်စာရွက်*ထဲတွင်**အသေးစိတ်ဖော်ပြထားကြောင်း ရှင်းပြပါ**။ ပါဝင်ဆောင်ရွက်သူများထံသို့ မိတ္တူများ ပေးဝေပါ။<br>• လက်ကမ်းစာများကို အကြမ်းဖတ်ရှုရန် ပါဝင်ဆောင်ရွက်သူများအား အချိန် 5-10 မိနစ်ပေးပြီး ပါဝင်ဆောင်ရွက်သူများတွင် မေးမြန်းလိုသည်များရှိ၊ မရှိ**မေးပါ**။ | *စက္ကူကားချပ်နှင့် ရေးမှတ်ရန် မင်တံများ*<br><br>*အရင်းအမြစ် 15- တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်မှုများ (စာမျက်နှာ 217)*<br><br>*အရင်းအမြစ် 16- IASC ကြေညာချက် 2013 (စာမျက်နှာ 218)*<br><br>*အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက်စာရွက် (စာမျက်နှာ 220)* |

<table>
<tr><td>30 မိနစ်</td><td>ပေါင်းစည်းထားသော အယူခံဝင်ခြင်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း</td><td></td></tr>
<tr><td></td><td>• လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များသည် အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးကြောင်း ရှင်းပြပါ။<br><br>• အဓိက စာရွက်စာတမ်းများနှင့် အဓိက အချက်များကို အသားပေးဖော်ပြလျက် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် လမ်းညွှန်ချက်ကို PowerPoint ဆလိုက်ဖြင့်ရှင်းပြပေးပါ။<br><br>အဓိက စာရွက်စာတမ်းများ-<br>• 2014 ခုနှစ် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ်ရေးဆွဲခြင်း - လမ်းညွှန်ချက်<br>• 2014 ခုနှစ် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် – မှတ်ချက်ရေးသွင်းထားသော ပုံစံပြား<br>• ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက် မှတ်စု<br>• 2015 ခုနှစ်အတွက် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် လမ်းညွှန်ချက်<br>အဓိကအချက်များ -<br>• SRP အတွင်း အစုအဖွဲ့အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အစီအစဉ်များကို အကြမ်းဖျဉ်းဖော်ပြရပါမည်။<br>• SRP အစီအစဉ်ကို အပြု ရေးဆွဲမှုအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် ပညာရပ်ဝေါဟာရများကို အစုအဖွဲ့ပူးတွဲလုပ်ဆောင်သူများက သဘောတူလက်ခံရပါမည်။<br>မှတ်ချက်- စာရင်းလုပ်ထားသော လမ်းညွှန်ချက်အား www.unocha.org/cap/resources/policy-guidance မှတစ်ဆင့် အွန်လိုင်းတွင် ကြည့်နိုင်ပါသည်<br><br>• ပါဝင်ဆောင်ရွက်သူများအားအုပ်စုများခွဲပြီး အုပ်စုများအား ပေါင်းစည်းထားသော အယူခံဝင်ခြင်း စာရွက်စာတမ်းများမှ ကောက်နုတ်ချက်များပေးပါ။ ဤသည်တို့မှာ ပေါင်းစည်းထားသော အယူခံဝင်ခြင်းထဲသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား အခြားနိုင်ငံများက မည်ကဲ့သို့ တရားဝင်ပေါင်းစည်းထားသည်ကို ပြသသည့်ဥပမာများဖြစ်ကြောင်း ရှင်းပြပါ။<br><br>• ဥပမာများကို သုံးသပ်ရန်နှင့် ၎င်းတို့၏ အုပ်စုများတွင် ဆွေးနွေးတိုင်ပင်ရန် အုပ်စုများအားညွှန်ကြားပါ-<br>• ၎င်းတို့၏ အခြေအနေတွင်ပေါင်းစည်းထားသော အယူခံဝင်ခြင်း စာရွက်စာတမ်းများထဲသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို မည်ကဲ့သို့ တရားဝင် ပေါင်းစပ်ထည့်သွင်းမည်။<br>*သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ<br>• လာမည့် ပေါင်းစည်းထားသော အယူခံဝင်သည့်လုပ်ငန်းစဉ်အတွင်းကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပိုမိုကောင်းမွန်စွာ ပေါင်းစပ်ထည့်သွင်းကြောင်း သေချာစေရန် မည်သည့်ခိုင်လုံသောအဆင့်ဆင့်များ ၎င်းတို့လုပ်ဆောင်သင့်သည်။<br>*သင်တန်းပို့ချသူ မှတ်စု 3 ကို ကြည့်ပါ<br><br>• ပါဝင်ဆောင်ရွက်သူများ၏ စိတ်ကူးများကို မျက်နှာစုံညီတိုင်ပင် ၍ နောက်ထပ်မေးခွန်းများအတွက် အချိန်ပေးပါ။</td><td>PPT ဆလိုက်<br><br>အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက် (စာမျက်နှာ 221)</td></tr>
<tr><td>5 မိနစ်</td><td>အဓိကအမှာစကားများ အကျဉ်းချုပ်</td><td></td></tr>
<tr><td></td><td>• သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်အကျဉ်းချုံး ပြပါ-<br>✱ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအား အဆင်ပြေအောင် ဆောင်ရွက်ရာတွင် အစုအဖွဲ့ဝင်အချင်းချင်းနှင့် အစုအဖွဲ့ဝင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါသည်။<br>✱ ကာကွယ်စောင့်ရှောက်မှုကိုပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းအတွက် အခြားအစုအဖွဲ့များကို ပံ့ပိုးပေးရာ၌ လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်နေပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဖြစ်ပေါ်လာရန်မှာ အစုအဖွဲ့ ခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။<br>✱ လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းထားကြောင်း သေချာစေရန် ပေါင်းစည်းထားသော အယူခံဝင်သည့် လုပ်ငန်းစဉ်များက အရေးကြီးသော အခွင့်အလမ်းတစ်ခု ဖန်တီးပေးပါသည်။</td><td>PPT ဆလိုက်</td></tr>
</table>

# သင်တန်းပို့ချသူ မှတ်စုများ

## တာဝန်ဝတ္တရားများနှင့် အရေးယူဆောင်ရွက်မှုများ

** သင်တန်းပို့ချသူ မှတ်စု 1*

တွေးတောစဉ်းစားခြင်း သင်တန်းမှတစ်ဆင့် အောက်ပါလုပ်ရှားသူများအား ခွဲခြားသတ်မှတ်သင့်ပါသည်-

- အသင်းအဖွဲ့များ
- အရပ်ဖက် လူ့အဖွဲ့အစည်း လုပ်ရှားသူများနှင့် CBO များ
- လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့ (NGO များ၊ Red Cross and Red Crescent, UN လုပ်ရှားသူများ)
- ကဏ္ဍအလိုက်ဝန်ထမ်းနှင့် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ
- ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ
- လူသားအချင်းချင်းစာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံ အဖွဲ့
- အစိုးရ ရာထူးအားလုံး

အစုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သည့် အခြေအနေတွင် အောက်ပါတို့ကိုလည်း ခွဲခြားသတ်မှတ်ပေးရန် လိုအပ်သည်ကို မှတ်သားထားပါ-

- နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့
- လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များ
- အစုအဖွဲ့ ခေါင်းဆောင် အေဂျင်စီများ
- နယ်ပယ်အားလုံးမှ အစုအဖွဲ့ အဖွဲ့ဝင်များ
- UN OCHA
- အစုအဖွဲ့ဝင် အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဖိုရမ် (ဗဟာဗျူဟာအဆင့်တွင်၊ အစုအဖွဲ့ဝင်အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းကို HCT မှတစ်ဆင့် HC က ဦးစီးဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်သည့်အဆင့်တွင် OCHA မှ ထောက်ပံ့ထားသည့်အစုအဖွဲ့ ညှိနှိုင်းဆောင်ရွက်သူများက ဦးစီးဆောင်ရွက်ပေးသည်)

**တာဝန်ယူမှုနယ်ပယ်**နှင့်အတူ ညှိနှိုင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံအတွက် အထူးအလေးပေးပါ--

## တာဝန်ယူမှုနယ်ပယ်များ

#### ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး

အရေးပေါ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသည့် ကလေးငယ်များအပေါ် လွှဲမှားစွာပြုခြင်း၊ လျစ်လျူရှုခြင်း၊ အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့အား တားဆီး၊ တုံ့ပြန်ဆောင်ရွက်ခြင်းကို ရည်ညွှန်းပါသည်။ အရေးပေါ်အခြေအနေဆိုသည်မှာ 'လက်နက်ကိုင် ပဋိပက္ခ၊ ဘေးအန္တရာယ် သို့မဟုတ် လူမှုရေးနှင့် တရားရေးကိစ္စရပ်များတွင် ယိုယွင်းပျက်စီးနေမှုတို့၏ ရလဒ်ကြောင့် ကလေးသူငယ်များ၏ အသက်ရှင်သန်နေထိုင်နိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများ ခြိမ်းခြောက်ခံနေရသော၊ ယင်းသည် ဒေသခံများ ဖြေရှင်းနိုင်စွမ်းရှိသည့် အခြေအနေကို ကျော်လွန်နေသည့် သို့မဟုတ် မဖြေရှင်းနိုင်သည့် အခြေအနေဖြစ်ပါသည်။

အရေးပေါ်အခြေအနေများတွင် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့အတွင်းရှိ တာဝန်ယူမှုနယ်ပယ် (AoR) တစ်ခုဖြစ်ပြီး ယင်းကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုကို လုပ်ကိုင်နေသည့် အုပ်စု (CPWG) မှတစ်ဆင့် ဆောင်ရွက်ရသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး AoR အတွက် စီစဉ်ထားသည့် ဗဟိုအေဂျင်စီအဖြစ် UNICEF သည် CPWG နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ၎င်းသည် နောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

#### ကျား/မဆိုင်ရာ အခြေပြုအကြမ်းဖက်ခြင်း

နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့အတွင်း၊ ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV) နှင့်ပတ်သက်ပြီးနိုင်ငံတကာအဆင့်တွင် ဗဟိုအေဂျင်စီများဖြစ်သည့် ကုလသမဂ္ဂ ကလေးများဆိုင်ရာ ရန်ပုံငွေ (UNICEF) နှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ (UNFPA) တို့က ပူးတွဲတာဝန်ယူဆောင်ရွက်ကာ ၎င်းတို့သည် နောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

ကျား/မ အခြေပြုအကြမ်းဖက်ခြင်း (GBV) ဟူသော ဝေါဟာရကို လူတစ်ဦးတစ်ယောက်၏ ဆန္ဒမပါဘဲ ပြစ်မှုကျူးလွန်သည့်၊ အမျိုးသားများနှင့် အမျိုးသမီးများကြားရှိ လူမှုရေး အကြောင်းပြု ကွဲပြားခြားနားချက်ပေါ်တွင် အခြေခံပြီး အန္တရာယ်ပေးသော မည်သည့်အပြုအမူကိုမဆို ဖော်ပြရာတွင် အသုံးပြုပါသည်။ အမျိုးသားများနှင့် ယောက်ျားလေးများသည် ကမ္ဘာအရပ်ရပ်ရှိ GBV (အထူးသဖြင့် လိင်အကြမ်းဖက်မှု) အမျိုးအစားအချို့၏ သားကောင်များ/လွတ်မြောက်လာသူများဖြစ်နိုင်သော်လည်း GBV သည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ်တွင် များစွာသက်ရောက်မှုရှိနေပါသည်။ လူ့သက်တမ်း တစ်လျှောက်တွင် ဖြစ်ပေါ်သည့် GBV ဥပမာများတွင် -လူကုန်ကူးခြင်း၊ ကလေးသူငယ်အား လက်ထပ်ခြင်း၊ အမျိုးသမီး လိင်အင်္ဂါ ဖျက်ဆီးခြင်း/ဖြတ်တောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ တင်တောင်းရသောပစ္စည်း/သတို့သမီးတန်ဖိုးကို အလွဲသုံးစားခြင်း၊ ဂုဏ်သိက္ခာမညှိုးနွမ်းစေရန် သတ်ဖြတ်ခြင်း၊ အိမ်တွင်း သို့မဟုတ် ရင်းနှီးသော လက်တွဲဖော်အား အကြမ်းဖက်ခြင်း၊ အမွေအနှစ် သို့မဟုတ် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းနှင့် သက်ကြီးရွယ်အိုအား လွဲမှားစွာပြုမှုများ အပါအဝင် လိင်ရွေး၍ ကိုယ်ဝန်ဖျက်ချခိုင်းမှု၊ အစားအစာနှင့် ဝန်ဆောင်မှုအတွက် မတူညီသော ရယူခွင့်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုများ ပါဝင်ပါသည်။

### အိမ်ရာ၊ မြေနှင့် အဆောက်အအုံ

အိမ်ရာ၊ မြေနှင့် အဆောက်အအုံ (HLP) ပြဿနာများသည် ပဋိပက္ခ သို့မဟုတ် ဘေးအန္တရာယ်တို့ကြောင့် အစပျိုးဖြစ်ပေါ်သည့် လူသားအချင်းချင်းစာနာထောက်ထားရေးဆိုင်ရာ ပြဿနာတိုင်းတွင် ဖြစ်ပေါ်ပါသည်။

အိမ်ရာ၊ မြေနှင့် အဆောက်အအုံအတွက် တာဝန်ယူမှုနယ်ပယ် (HLP AoR) အား 2007 ခုနှစ်တွင် စတင်ဖန်တီးခဲ့သည်။ သတ်မှတ်ထားသော HLP ဗဟိုအေဂျင်စီ၊ UN ပြည်သူများ အခြေချနေထိုင်မှု အစီအစဉ် (UNHANITAT) က လှုပ်ရှားသူများစွာအား ခေါ်ဆောင်ပေးသည့် နိုင်ငံတကာ HLP AoR နှင့် ညှိနှိုင်းဆောင်ရွက်သည်။

### မြေမြှုပ်မိုင်းဆိုင်ရာ

မြေမြှုပ်မိုင်းဆိုင်ရာ အရေးပေါ် လှုပ်ရှားဆောင်ရွက်မှုများက သက်ရောက်သည့်လူစုများအတွက် ကြောက်လန့်စရာမလိုဘဲ ၎င်းတို့၏ နေ့စဉ်ဘဝများတွင် နေထိုင်ရန်နှင့် သွားလာနိုင်ရန်၊ လူသားအချင်းချင်းစာနာထောက်ထားရေး အေဂျင်စီများအနေဖြင့် အကူအညီပေးနိုင်ရန်အတွက်နှင့် ငြိမ်းချမ်းရေးလိုလားသူများအတွက် ကင်းလှည့်မှုများလုပ်ဆောင်နိုင်ရန် လွယ်ကူစေပါသည်။ မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအား အလုံးစုံလူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုတွင် အပြည့်အဝပေါင်းစည်းထားရန်မှာ အလွန်အရေးကြီးပါသည်။ UNMAS သည် မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှုတွင် နိုင်ငံတကာ ဦးဆောင်သူဖြစ်ပြီး တာဝန်ယူမှုနယ်ပယ်အတွက်လည်း တာဝန်ယူလုပ်ဆောင်ပေးသည်။ နိုင်ငံတကာ ဦးဆောင်သူအဖြစ် UNMAS သည် နောက်ဆုံးနောက်ဆုံးလုပ်ဆောင်ရမည့် နည်းလမ်းကို ပံ့ပိုးပေးသူ ဖြစ်သည်။

** သင်တန်းပို့ချသူ မှတ်စု 2*

အခြေအနေတစ်ရပ်ရပ်တွင် ယခင်ပေါင်းစည်းထားသော အယူခံဝင်ခြင်း လုပ်ငန်းစဉ်အတွင်းသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား ထည့်သွင်းထားခြင်း ရှိမရှိနှင့် ထည့်သွင်းထားပါက မည်မျှကောင်းမွန်စွာ တရားဝင်ပေါင်းစည်းထားကြောင်းကို ပါဝင်ဆောင်ရွက်သူများက သတိမူမိမည် မဟုတ်ပါ။ ဤသည်မှာ ပြဿနာတစ်ခုဖြစ်နေပါက ၎င်းတို့အား နောက်ထပ်မေးခွန်းတစ်ခု ပြောင်းမေးပါ။ မည်သို့ပင်ဆိုစေကာမူ နောက်ဆုံးအယူခံဝင်ခြင်း လုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို မည်မျှ ပေါင်းစပ်ထည့်သွင်းထားကြောင်းပါဝင်ဆောင်ရွက်သူများကို အကြောင်းကြားရန် မျက်နှာစုံညီဆွေးနွေးမှုကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

** သင်တန်းပို့ချသူ မှတ်စု 3*

စိတ်ကူးများတွင် အောက်ပါတို့ပါဝင်သင့်သည်-

- ကဏ္ဍအလိုက် အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းကြရန် ထောက်ခံမှု
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်းထည့်သွင်းမည်ကို ညှိနှိုင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ကဏ္ဍအလိုက်အစုအဖွဲ့များနှင့် ဆွေးနွေးခြင်း
- ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း အစီအစဉ်တစ်ခု ဖြစ်ပေါ်လာစေရေး ကဏ္ဍအလိုက်အစုအဖွဲ့နဲ့အတူ အလုပ်လုပ်ရန် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့အား တောင်းဆိုရန်

# အပိုင်း 10- ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်များ

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်**- ဤသင်တန်းတွင် လက်တွေ့ နည်းလမ်းတစ်ခုကို အသုံးပြု၍ အစီအစဉ်တစ်ခု သို့မဟုတ် ပရောဂျက်အဆင့်အပြင် မဟာဗျူဟာကျသော ညှိနှိုင်းဆောင်ရွက်မှုအဆင့်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းရမည်ကို လက်တွေ့သရုပ်ပြပါမည်။ ပါဝင်ဆောင်ရွက်သူများအား ပေါင်းစပ်ထည့်သွင်းရန်အစီအစဉ်များအကြောင်း မိတ်ဆက်ပေးပြီး ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် ပရောဂျက် သို့မဟုတ် အစီအစဉ်တစ်ခုနှင့် သက်ဆိုင်သည့် ပေါင်းစပ်ထည့်သွင်းခြင်း လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖန်တီးရန် လေ့ကျင့်ခန်းတစ်ခုဖြင့် လမ်းညွှန်ပေးပါမည်။

**သင်တန်း ကြာမြင့်ချိန်**- 1 နာရီ 40 မိနစ်

**သင်တန်း အမျိုးအစား** - အုပ်စုဖွဲ့ဆွေးနွေးခြင်း / လေ့ကျင့်ခန်း / မေးမြန်းမှတ်သားခြင်း / PowerPoint

| | |
|---|---|
| သင်တန်း သင်ကြားပို့ချမှုဆိုင်ရာ ရည်ရွယ်ချက်များ | ဤအပိုင်းတွင်-<br>• ပါဝင်ဆောင်ရွက်သူများအား ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များနှင့် မိတ်ဆက်ပေးပါမည်<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစီအစဉ်ဆွဲရန် *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ* နှင့် *GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များ၏ အသုံးပြုပုံကို ရှင်းပြပြီး လက်တွေ့သရုပ်ပြပါမည်။*<br>• သီးသန့် ပရောဂျက် သို့မဟုတ် အစီအစဉ်တစ်ခုနှင့် သက်ဆိုင်သည့် ၎င်းတို့၏ကိုယ်ပိုင် ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်များကို ဖန်တီးရန် ပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးပေးပါမည်။ |
| သင်ယူခြင်း ရလဒ်များ | ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>• *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့် GPC ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များအား သတိပြုမိပြီး နားလည်လာပါလိမ့်မည်။*<br>• အဆိုပါ လုပ်ဆောင်ရမည့်အချက်များနှင့် စံသတ်မှတ်ချက်များကို ၎င်းတို့၏ကိုယ်ပိုင်အလုပ်တွင် အကျိုးရှိစွာအသုံးချနိုင်ပါမည်။<br>• ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖန်တီးနိုင်ပါမည်။ |
| အဓိက အမှာစကားများ | ✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းရာတွင် ထိရောက်မှုရှိစေရန် ၎င်းအား သတ်မှတ်ထားသော သို့မဟုတ် ခိုင်လုံသော လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ထားဖို့ လိုအပ်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် လှုပ်ရှားဆောင်ရွက်ချက်များအတွက် အချိန်၊ လူနှင့် အရင်းအမြစ်များ သင့်တော်စွာ ပံ့ပိုးထားပေးဖို့ရန် လိုအပ်သည်။ |
| ပြင်ဆင်ခြင်း | • လေ့ကျင့်ခန်း၏ ပထမဆင့်တွင် ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဟာကွက်များကို ပါဝင်ဆောင်ရွက်သူများ ကြိုးစားရှာဖွေဖော်ထုတ်ခဲ့ကြသောအစီအစဉ်တစ်ခုရှိသည့် တစ်စိတ်တစ်ပိုင်း ပြီးမြောက်ထားသည့် MAP (ရှာဖွေဖော်ထုတ်ပြီးဖြစ်သည့် ဟာကွက်များနှင့်အတူ) တစ်ခု ရှိထားပါ။<br>• ပါဝင်ဆောင်ရွက်သူများတွင် တစ်ဦးချင်းပေးထားသည့် မိတ္တူများမရှိပါက အကိုအကားပြုနိုင်သည့် *GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များ* နှင့် *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ*၏ မိတ္တူများကို ပြင်ထားပါ။ |
| အရင်းအမြစ်များ | *အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ (စာမျက်နှာ 178)*<br>*အရင်းအမြစ် 19- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်ခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (စာမျက်နှာ 222)*<br>*အရင်းအမြစ် 20- ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် အလွတ် (စာမျက်နှာ 223)*<br>*အရင်းအမြစ် 21- အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP (ဥပမာ 224)*<br>*PPT ဆလိုက် - သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*<br>*PPT ဆလိုက် - လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် လေ့ကျင့်ခန်း ညွှန်ကြားချက်များ*<br>*PPT ဆလိုက် - အဓိကအမှာစကားများ အကျဉ်းချုပ်* |

## သင်တန်း အစီအစဉ်

<table>
<tr><th>အချိန်</th><th>လုပ်ရှားဆောင်ရွက်မှု</th><th>အရင်းအမြစ်များ</th></tr>
<tr><td>5 မိနစ်</td><td>မိတ်ဆက်</td><td></td></tr>
<tr><td></td><td>• သင်တန်းမှ ရရှိလာမည့် လေ့လာသင်ယူမှု ရလဒ်များကို PowerPoint ဆလိုက်ပေါ်တွင်တင်ပြပေးပါ-<br>ဤသင်တန်းပြီးသွားပါက ပါဝင်ဆောင်ရွက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်-<br>  ◦ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့် GPC ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များအား သတိပြုမိပြီး နားလည်လာပါလိမ့်မည်။<br>  ◦ အဆိုပါ လုပ်ဆောင်ရမည့်အချက်များနှင့် စံသတ်မှတ်ချက်များကို ၎င်းတို့၏ကိုယ်ပိုင်အလုပ်တွင် အကျိုးရှိစွာအသုံးချနိုင်ပါမည်။<br>  ◦ ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖန်တီးနိုင်ပါမည်။<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့် GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များ၏ မိတ္တူရှိနေကြောင်း သေချာအောင်လုပ်ပါ။<br>• ပါဝင်ဆောင်ရွက်သူများထံတွင် မေးမြန်းလိုသည်များရှိမရှိမေးပါ။</td><td>PPT ဆလိုက်<br>အရင်းအမြစ် 9- GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန် စာရင်းများ (စာမျက်နှာ 178)<br>အရင်းအမြစ် 19- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (စာမျက်နှာ 222)</td></tr>
<tr><td>10 မိနစ်</td><td>ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခုကို မိတ်ဆက်ခြင်း</td><td></td></tr>
<tr><td></td><td>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းရာတွင် ထိရောက်မှုရှိစေရန် ၎င်းအား သတ်မှတ်ထားသော သို့မဟုတ် ခိုင်လုံသော လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ထားဖို့ လိုအပ်ကြောင်းရှင်းပြပါ။ ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များတွင် စီစဉ်ထားသည့် လှုပ်ရှားဆောင်ရွက်မှုများအတွက် ဖွဲ့စည်းတည်ဆောက်ပုံတစ်ခု ပံ့ပိုးပေးထားသည် - ၎င်းတို့သည် အနိမ့်ဆုံးစံသတ်မှတ်ချက်များကို လက်တွေ့စမ်းသပ်ခြင်းနှင့် ရှေ့ပြေး GPC သင်တန်း လုပ်ငန်းခွင်ဆွေးနွေးပွဲများတွင် အသုံးဝင်သော ကိရိယာများဖြစ်ကြောင်း သက်သေပြပြီးသားဖြစ်ပါသည်။<br>*သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ<br>• မည်သည်က အောင်မြင်သော လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် (ဖော်ပြချက်တစ်ခုခု၏) ဖြစ်စေကြောင်းကို မျက်နှာစုံညီဆွေးနွေးလျက် ပါဝင်ဆောင်ရွက်သူများထံမှ အစ်ထုတ်ပါ။ စိတ်ကူးများတွင် အောက်ပါတို့ပါဝင်သင့်သည်-<br>  ◦ အချိန်သတ်မှတ်ထားသည့် လှုပ်ရှားဆောင်ရွက်မှုများ<br>  ◦ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် တာဝန်ဝတ္တရား<br>  ◦ တိကျသော လှုပ်ရှားဆောင်ရွက်မှုများ<br>  ◦ အောင်မြင်နိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများ<br>  ◦ ပူးတွဲဆောင်ရွက်သူများကို ခွဲခြားသတ်မှတ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း လိုအပ်သည်<br>  ◦ အသုံးစရိတ် ခွဲဝေသတ်မှတ်ခြင်း<br>• ပေါင်းစပ်ထည့်သွင်းရေး အစီအစဉ်တစ်ခု အောင်မြင်စေရန်အတွက် အောက်ပါတို့ဖြစ်နေရမည်ကို အကျဉ်းချုံးဖော်ပြပါ-<br>  ◦ အကဲဖြတ်မှုတစ်ခု သို့မဟုတ် အခြေခံကျသောလေ့လာမှုပြုလုပ်ခြင်းဖြင့် နားလည်ထားသည့် ဟာကွက်များအပေါ်တွင် အခြေခံထားရပါမည်<br>  ◦ အချိန်အကန့်အသတ်ရှိရပါမည်<br>  ◦ လိုအပ်ပါက ကုန်ကျစရိတ်ရှိရပါမည် (အချို့သော လှုပ်ရှားဆောင်ရွက်မှုများက ငွေကြေးပတ်သက်မှုမရှိပါ)<br>  ◦ လက်တွေ့ကျရပါမည်<br>  ◦ တိုင်းတာ၍ ရနိုင်ရပါမည်။<br>  ◦ စီမံခန့်ခွဲရေး၏ ပံ့ပိုးမှု ရှိရပါမည်<br>  ◦ ပြောင်းလဲမှုကို ခြေရာခံရန် စောင့်ကြည့်ရေးစနစ် ရှိရပါမည်</td><td></td></tr>
</table>

| 80 မိနစ် | **ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခု ဖန်တီးခြင်း** | |
|---|---|---|
| 40 မိနစ် | • ယင်းနေ့ အစောပိုင်းတွင် ၎င်းတို့ရှာဖွေဖော်ထုတ်ထားသည့် ဟာကွက်များကို ကြည့်ပြီး ၎င်းတို့အား ယခုလာမည့် လေ့ကျင့်ခန်းအတွက် အခြေခံပုံစံအဖြစ် အသုံးပြုရန် ပါဝင်ဆောင်ရွက်သူများကို **ပြောကြားပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် *(အရင်းအမြစ် 20)* အလွတ်တစ်ခု၏ လက်စွဲစာစောင်ကို **ပေးထားပြီး** ယင်းအား နောက်လာမည့် လေ့ကျင်ခန်းအတွက် ပုံစံတစ်ခုအဖြစ် အသုံးပြုရမည်ဖြစ်ကြောင်း ရှင်းပြပါ။<br>• ပါဝင်ဆောင်ရွက်သူများအား *အနိမ်ဆုံး စံသတ်မှတ်ချက်များ နမူနာ MAP* **ကိုပြပြီး** ၎င်းတို့၏ ကိုယ်ပိုင် ပရောဂျက် / အစီအစဉ်နှင့် သက်ဆိုင်သည့် အလားတူ MAP တစ်ခုကို ပြုလုပ်နိုင်ခြင်းသည် ဤလေ့ကျင့်ခန်း၏ မျှော်မှန်းရလဒ်ဖြစ်ကြောင်း ရှင်းပြပါ။<br>• ပါဝင်ဆောင်ရွက်သူများအား အုပ်စုဖွဲ့ထားသည်ကို **ပြန်လည်စစ်ဆေးပါ**။ အလားတူ ကဏ္ဍအလိုက် အစီအစဉ်တစ်ခုတွင် အခြားပါဝင်ဆောင်ရွက်သူများနှင့်အတူ အတွဲ/အုပ်စုဖွဲ့ပြီး အလုပ်လုပ်လိုသည့်လူ တစ်ဦးဦး ရှိ၊ မရှိ မေးမြန်းပါ။ ပါဝင်ဆောင်ရွက်သူများက တစ်ဦးတည်း အလုပ်လုပ်လိုပါ လုပ်ခွင့်ပေးပါ၊ သို့ပေမယ့် ဖြစ်နိုင်ပါက လေ့ကျင့်ခန်းတွင် စိတ်ဓာတ်ပံ့ပိုးမှုဖြစ်စေရန်အတွက် ဖြစ်နိုင်ပါက အတူတွဲ၍ လုပ်ဆောင်ခိုင်းပါ။<br>• ပါဝင်ဆောင်ရွက်သူများအား ယခင်လေ့ကျင့်ခန်းများတွင် ရှာဖွေဖော်ထုတ်ထားသည့် ဟာကွက်များကို ယူပြီး MAP ၏ စံသတ်မှတ်ချက်၊ ညွှန်ပြသည့်အရာနှင့် အခြေခံကျသော ရှာဖွေမှုများ အပိုင်းတွင် **ဖြည့်စွက်ခိုင်းပါ**။ ဟာကွက်များစွာ ရှိနေပါက MAP အတွက် ရှာဖွေဖော်ထုတ်ထားသည့် ဟာကွက် 5 ကွက်အတွက်သာ ဖြည့်စွက်ပေးရန် အကြံပြုပါ။<br>• ပါဝင်ဆောင်ရွက်သူများအား သတ်မှတ်အချိန်ကာလများနှင့် အရင်းအမြစ်များနှင့်အတူ ဟာကွက်တစ်ခုစီအား ဖြေရှင်းရန်အတွက် အစီအစဉ်ဆွဲထားသော ဆောင်ရွက်မှုများအကြံပြုရန် *GPC ၏ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့်အချက်များနှင့် အနိမ်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP* နှင့် အခြားအရင်းအမြစ်များကို **အသုံးပြုခိုင်းပါ**။ ပါဝင်ဆောင်ရွက်သူများအား ကာလတိုနှင့် ကာလရှည်နှစ်မျိုးစလုံးအတွက် စဉ်းစားပေးရန် အကြံပြုပါ။<br>*မှတ်ချက်- လမ်းညွှန်ချက်များကို Power Point ဆလိုက်တစ်ခုပေါ်တွင် ပြသထားပါ။*<br>• လေ့ကျင့်ခန်းများကို ပါဝင်ဆောင်ရွက်သူများ နားလည်ကြောင်းသေချာစေရန် အခန်းတွင်း **လှည့်ပတ်ကြည့်ရှု၍** တစ်ဦးချင်း သို့မဟုတ် အတွဲလိုက်၏ လုပ်ဆောင်ချက်များကို စစ်ဆေးပါ။ | *အရင်းအမြစ် 20- ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် အလွတ် (စာမျက်နှာ 223)*<br>*အရင်းအမြစ် 21- အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP (ဥပမာ 224)*<br>*PPT ဆလိုက်* |
| 20 မိနစ် | • ပါဝင်ဆောင်ရွက်သည့် အတွဲများ / တစ်ဦးချင်းအား အခြား အတွဲ / တစ်ဦးချင်းနှင့် ချိတ်ဆက်ပြီး ၎င်းတို့လုပ်ဆောင်ထားသည့်အရာကို အချင်းချင်း **ပြခိုင်းပါ**။ ပါဝင်ဆောင်ရွက်သူများအား တစ်ဦးနှင့်တစ်ဦး အကြံပြုချက်ပေးရန်နှင့် မေးခွန်းများမေးရန် တိုက်တွန်းပါ။ ပါဝင်ဆောင်ရွက်သူတိုင်းအား ၎င်းတို့၏ MAP တွင် တစ်ယောက်ယောက် တင်ပြပြီးဖြစ်သည့် အဆန်းသစ်ဆုံးဖြစ်သော သို့မဟုတ် ဖန်တီးနိုင်စွမ်းအမြင့်ဆုံးဖြစ်သော စိတ်ကူးကို ရှာဖွေဖော်ထုတ်ခိုင်းပါ။ | |
| 20 မိနစ် | • MAP ဖန်တီးမှုအကြောင်း မျက်နှာစုံညီ **မေးမြန်းမှတ်သားပါ**။ အောက်ပါမေးခွန်းများကို မေးမြန်းပါ-<br>  • တစ်စုံတစ်ယောက်၏ MAP ကို သင်ကြည့်ပြီးနောက် သင်တွေ့မြင်ထားသည့် အဆန်းသစ်ဆုံးသော / ဖန်တီးမှုအမြင့်ဆုံးသော စိတ်ကူးက မည်သည်ဖြစ်သနည်း။<br>  • MAP များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး မည်သည်ကို အသုံးဝင်သည်ဟု သင်ထင်ပါသနည်း။<br>  • MAP များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး မည်သည်က စိန်ခေါ်မှုဖြစ်မည်ဟု သင်ထင်ပါသနည်း။<br>  • MAP ကို အကောင်အထည်ဖော်ဖို့က လွယ်ကူသည်ဟု သင်ထင်ပါသလား။ မည်သို့သော စိန်ခေါ်မှုများနှင့် အထောက်အကူဖြစ်စေသူများကို သင်ရင်ဆိုင်တွေ့ရမည်နည်း။<br>  • MAP များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြားပြန်ပြောင်းသုံးသပ်ချက် သို့မဟုတ် ထင်မြင်ချက် တစ်ခုခု ရှိပါသလား။<br>• ဖန်တီးထားသည့် MAP များ၏ ဓာတ်ပုံ သို့မဟုတ် မိတ္တူကို ယူရန် ပါဝင်ဆောင်ရွက်သူများထံမှ **ခွင့်ပြုချက်တောင်းပါ**။<br>**သင်တန်းပို့ချသူ မှတ်စု 2 ကို ကြည့်ပါ* | |
| 5 မိနစ် | **အဓိကအမှာစကားများ အကျဉ်းချုပ်** | |
| | • သင်တန်း၏ အဓိက အမှာစကားများကို PowerPoint ဆလိုက်ပေါ်တွင်**အကျဉ်းချုံး** ပြပါ-<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းရာတွင် ထိရောက်မှုရှိစေရန် ၎င်းအား သတ်မှတ်ထားသော သို့မဟုတ် ခိုင်လုံသော လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ထားဖို့ လိုအပ်ပါသည်။<br>✱ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် လှုပ်ရှားဆောင်ရွက်ချက်များအတွက် အချိန်၊ လူနှင့် အရင်းအမြစ်များ သင့်တော်စွာ ပံ့ပိုးထားပေးဖို့ရန် လိုအပ်သည်။ | *PPT ဆလိုက်* |

# သင်တန်းပို့ချသူ မှတ်စုများ

## ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်တစ်ခုကို မိတ်ဆက်ခြင်း

** သင်တန်းပို့ချသူ မှတ်စု 1*

ရွှေ့ပြောင်းစမ်းသပ်မှုတွင် အားဖြည့်ဆောင်ရွက်သည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို လက်တွေ့စမ်းသပ်ခြင်းမှရလာသည့် အဓိကကျသော သင်ခန်းစာမှာ ထိရောက်သော ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရာတွင် လေ့ကျင့်သင်ကြားမှုနှင့် ပစ္စည်းနှစ်ခုစလုံး လိုအပ်သည်ဟူ၍ ဖြစ်သည်။ ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ်များ (MAP) ကို အသုံးဝင်ဆုံးသော ကိရိယာများထဲက တစ်ခုအဖြစ် လက်တွေ့ဆောင်ရွက်နေသည့် ဝန်ထမ်းများက သတ်မှတ်ထားကြသည်။ ဤလေ့ကျင့်သင်ကြားရေး အစီအစဉ်အတွက် ရွှေ့ပြောင်းစမ်းသပ်မှုများမှ တုံ့ပြန်ချက်များအတိုင်း ဤရှာဖွေတွေ့ရှိချက်များကို ပံ့ပိုးထားခြင်းဖြစ်သည်။ MAP တစ်ခုက ပါဝင်ဆောင်ရွက်သူနှင့်/သို့မဟုတ် အစုအဖွဲ့အား ၎င်းတို့အလုပ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်သည့် အချို့သော နိုင်လုံသည့်လုပ်ရှားဆောင်ရွက်မှုများကို သင်တန်းမှတစ်ဆင့် ရရှိစေပါသည်။ ငွေရေးကြေးရေး ကုန်ကျစရိတ်များ (ဥပမာ ဘီးတပ်ကုလားထိုင် သွားနိုင်ရသည့် လမ်းဖြတ်ခုံးအား အဆောက်အအုံအားလုံးတွင် တပ်ဆင်ခြင်း၊ တိုင်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် သတင်းအချက်အလက်၊ ပညာရေးနှင့် ဆက်သွယ်ရေးစာရွက်စာတမ်းများကို ဒီဇိုင်းဆွဲခြင်းနှင့် ပရင့်ထုတ်ခြင်း) သို့မဟုတ် ငွေရေးကြေးရေး ကုန်ကျစရိတ်မရှိဘဲ ရေရှည်စတင်လုပ်ဆောင်မှုများ (ဥပမာ အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးများတွင် အစည်းအဝေးအစီအစဉ် အကြောင်းအရာတစ်ခုအဖြစ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းကို စတင်ခြင်း၊ အကဲဖြတ်မှုအားလုံးနှင့် စောင့်ကြည့်ရေး လုပ်ငန်းဆောင်တာများတွင် လိင်ကွဲပြားမှု၊ အသက်၊ မသန်စွမ်းခြင်းနှင့် မတူညီခြင်းများကို သီးခြားစီ ခွဲထားသည့်အချက်အလက်တို့၏ စုဆောင်းမှုကို စနစ်တကျရှိစေခြင်း၊ အစရှိသည်တို့) နှင့်အတူ လျင်မြန်သည့် ဖြေရှင်းနည်းများကို MAP တစ်ခုမှ ရယူပေးနိုင်သည်။ ငွေကုန်ကြေးကျ မရှိစေသည့် လုပ်ရှားဆောင်ရွက်မှုများသည် အစုအဖွဲ့ညှိနှိုင်းဆောင်ရွက်ရေး အဆင့်တွင် ပိုပြီး သက်ဆိုင်နိုင်ပါသည်။

** သင်တန်းပို့ချသူ မှတ်စု 2*

MAP များ၏ မိတ္တူများအား အစီရင်ခံစာများနှင့် သင်တန်းမှ ရရှိသည့် အကဲဖြတ်မှုများနှင့်အတူ အီလက်ထရွန်းနစ်နည်းပညာဖြင့် သိမ်းဆည်းထားသင့်ပါသည်။ မည်သည့်လုပ်ရှားဆောင်ရွက်မှုများက အောင်မြင်မှုရထားသည်ကို သိနိုင်ရန်နှင့် နောက်ထပ်ပံ့ပိုးမှုများ လိုအပ်၊ မလိုအပ်ကို ဆုံးဖြတ်ရန် သင်တန်းအပြီး လအနည်းငယ်အကြာတွင် ပါဝင်ဆောင်ရွက်သူများထံ ဆက်လက်ဆက်သွယ်မေးမြန်းရန် သင်တန်းပို့ချသူက MAP များကို အသုံးပြုနိုင်သည်။

# အပိုင်း 11- နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း

## သင်တန်း အကျဉ်းချုပ်

**သင်တန်း ရည်ရွယ်ချက်-** နိဂုံးချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း အပိုင်းသည် လေ့ကျင့်သင်ကြားစဉ်အတွင်း ပါဝင်ဆောင်ရွက်သူများ မည်မျှမှတ်မိသည်ကို ၎င်းတို့အား သတိပေးရန် အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ ၎င်းက သင်တန်းပို့ချသူအနေဖြင့်လည်း ပါဝင်ဆောင်ရွက်သူများ၏ သင်ရိုးပြီးမြောက်မှုကို ဂုဏ်ပြုနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ၎င်းတို့ထံမှ တုံ့ပြန်ချက်များရယူနိုင်မည့် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

**သင်တန်း ကြာမြင့်ချိန်-** 60 မိနစ်

**သင်တန်း အမျိုးအစား -** မျက်နှာစုံညီ / အကဲဖြတ်ခြင်း

**အရင်းအမြစ်များ -** *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)၊ အရင်းအမြစ် 23 - သင်ရိုး အကဲဖြတ်ခြင်း (စာမျက်နှာ 228)၊ PPT ဆလိုက်- သင်တန်းတွင် လေ့လာသင်ယူမှု ရလဒ်များ*

| အချိန် | လှုပ်ရှားဆောင်ရွက်မှု | အရင်းအမြစ်များ |
|---|---|---|
| 30 မိနစ် | ရှာဖွေဖော်ထုတ်ထားသော ကာကွယ်စောင့်ရှောက်ရေး ပြဿနာများကို ပြန်လည်ဆွေးနွေးခြင်း | |
| | • ဤအခြေအနေတွင် ကြုံတွေ့ခဲ့ရသည့် ကာကွယ်စောင့်ရှောက်ရေး ပြဿနာတစ်ခု၏ ဥပမာကို သင်တန်းအစတွင် အားလုံးက ပေးထားခဲ့ကြောင်း ပါဝင်ဆောင်ရွက်သူအားလုံးကို**သတိပေးပါ**။<br>• လေ့ကျင့်သင်ကြားမှုတစ်လျှောက်လုံးတွင် အပြန်အလှန်ဆွေးနွေးရန် အခွင့်အရေးမရခဲ့သည့်သူ တစ်ဦးဦးနှင့် ပူးတွဲလုပ်ဆောင်ရန် ပါဝင်ဆောင်ရွက်သူများအား**ပြောပါ**။<br>• ပါဝင်ဆောင်ရွက်သူများအား သင်တန်းအစတွင် ရှာဖွေဖော်ထုတ်ခဲ့သည့် ပြဿနာများထဲမှ တစ်ခုကိုရွေးပြီး အတွဲလိုက်လုပ်ဆောင်ခိုင်းကာ သင်တန်းတွင် ၎င်းတို့သင်ယူခဲ့ရသည်များအပေါ် အခြေခံ၍ ပြဿနာကို တုံ့ပြန်ရန်အတွက် ဖြေရှင်းနည်းနစ်ခု**အကြံပေးခိုင်းပါ**။<br>*မှတ်ချက်- ဖြစ်နိုင်ပါက အတွဲများအား မတူညီသော ပြဿများ ရွေးခိုင်းပါ၊ သို့သော် အချို့ပြဿနာများ တူနေပါကလည်း ကိစ္စမရှိပါ။*<br>• အတွဲများအား ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုများကို မျက်နှာစုံညီ ဆွေးနွေးရန်**ဖိတ်ခေါ်ပါ**။<br>• အကြံပြုထားသည့် လုပ်ဆောင်ချက်များ မရှိသည့် ကိစ္စရပ်များအတွက် မည်သည့် ပြဿနာမျှ ပေါ်ပေါက်လာခြင်းရှိမရှိကို ပါဝင်ဆောင်ရွက်သူများနှင့် **စစ်ဆေးပါ**။ မျက်နှာစုံညီမေးမြန်းရာတွင် ဤသည်က ကိစ္စတစ်ရပ်ဖြစ်နေပါက လှုပ်ရှားဆောင်ရွက်မှုများအတွက် စိတ်ကူးဉာဏ်အချို့ ရှာဖွေရယူပါ။ | |

| 30 မိနစ် | နိဂုံးချုပ်ခြင်း | |
|---|---|---|
| | • ရည်ရွယ်ထားသော သင်ယူမှု ရလဒ်များကို**ပြန်ဆွေးနွေးပါ**-<br>*ဤသင်ရိုးကို လေ့လာပြီးနောက်တွင် ပါဝင်ဆောင်ရွက်သူများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါမည်။*<br>◦ *လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းပေါင်းစပ်ထည့်သွင်းခြင်းက မည်သည်ကို ဆိုလိုကြောင်း ဖော်ပြနိုင်မည်*<br>◦ *လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ တန်ဖိုးနှင့် သက်ဆိုင်မှုကို နားလည်ပြီး အသိအမှတ်ပြုနိုင်ကာ ယင်းကိုအခြားသူများ လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်*<br>◦ *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိက အခြေခံသဘောတရားလေးချက်အပေါ် ၎င်းတို့၏နားလည်မှုကို လက်တွေ့သရုပ်ပြပြီး အစီအစဉ်သက်တမ်းတစ်လျှောက်လုံးတွင် ၎င်းတို့၏လက်တွေ့ အသုံးချမှုကို လေ့လာဆန်းစစ်ပေးနိုင်မည်။*<br>◦ *ကဏ္ဍအလိုက် အစီအစဉ်ကို အကဲဖြတ်မှု၊ ဒီဇိုင်းရေးဆွဲမှုနှင့် ချင့်တွက်မှု ပြုလုပ်စဉ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အဓိကအချက်များကို ပေါင်းစပ်ထည့်သွင်းပေးထားသည်။*<br>◦ *ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရေး အားထုတ်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးရန် ၎င်းတို့အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် အရင်းအမြစ် အမျိုးမျိုးကို ပြန်လည် သတိရစေမည်* | *PPT ဆလိုက်* |
| | • ပါဝင်ဆောင်ရွက်သူများအား သင်ယူမှုရလဒ်အား ၎င်းတို့အနေဖြင့် မည်မျှ ပြည့်မီသည်ဟု ခံစားရသလဲဟု အုပ်စုလိုက် **ဆွေးနွေးခိုင်းပါ။**<br>• ပါဝင်ဆောင်ရွက်သူများ၏ အမြင်တွင် မည်သည့်ရလဒ်များက အောင်မြင်ထားပြီး မည်သိုတို့က နောက်ထပ်လုပ်ဆောင်မှုများလိုအပ်သည်ကို မျက်နှာစုံညီ **မေးမြန်းပါ။** | *အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း (စာမျက်နှာ 226)* |
| | • ပါဝင်ဆောင်ရွက်သူများအား *လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း* နှင့်*သင်ရိုးအကဲဖြတ်မှု* လက်ကမ်းစာ**ပေးပြီး** ၎င်းတို့အားဖြည့်စွက်ရန် အချိန်ယူ၍ လုပ်ဆောင်ခိုင်းပါ။<br>**သင်တန်းပို့ချသူ မှတ်စု 1 ကို ကြည့်ပါ*<br>• ပါဝင်သူများကို သင်တန်းပြီးဆုံးမှု အသိအမှတ်ပြုလက်မှတ်**ပေးအပ်ကာ** ၎င်းတို့၏အချိန်ပေးမှုအတွက် ကျေးဇူးတင်ကြောင်းပြောကြားပါ။ | *အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း (စာမျက်နှာ 228)* |

# သင်တန်းပို့ချသူ မှတ်စုများ

** သင်တန်းပို့ချသူ မှတ်စု 1*

***လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်းအတွက် လမ်းညွှန်ချက်မှတ်ချက်***

သင်တန်း အကြိုနှင့် နောက်ပိုင်း စစ်တမ်းအား ဖြည့်စွက်ပြီးနောက်တွင် ၎င်းတို့အား စုစည်းပြီး နောက်ပိုင်းတွင် အကိုးအကားအဖြစ်အသုံးပြုရန် ဖိုင်တွဲပါ။ ဆန္ဒရှိပါက ဗဟုသုတနှင့် သဘောပေါက် နားလည်မှု မည်မျှရှိကြောင်း သိရှိရန် စစ်တမ်းများကို သင်အမှတ်ဖြတ်ပေးနိုင်သည်။ အောက်ပါတို့သည် အဆိုပါ အမှတ်ဖြတ်မှုအတွက် လမ်းညွှန်ချက် ဖြစ်သော်လည်း ၎င်းက သင်တန်းပေးသည့်အဖွဲ့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လိုအပ်ပါသည်။

1။ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုတာဘာလဲ။ သင်၏အစီအစဉ်များ/ပရောဂျက်များနှင့် ကိုယ်ပိုင်တာဝန်များအတွက် ၎င်းက မည်ကဲ့သို့ အဓိပ္ပါယ်သက်ရောက်သနည်း။

*ဤမေးခွန်းအတွက် အမှတ်နှစ်မှတ်ပေးနိုင်သည်- GPC ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သက်ဆိုင်သည့် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းကို ပြည့်ဝစွာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုအတွက် တစ်မှတ် / တစ်ဦးချင်း၏ ကိုယ်ပိုင်အစီအစဉ်များနှင့် တာဝန်ဝတ္တရားများတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်အား အသုံးချမှုအတွက် တစ်မှတ်ဖြစ်သည်။*

2။ ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်များထဲမှ သင်သိသည့် အချက်အချို့မှာ မည်သည်တို့ဖြစ်သနည်း။

*ဤမေးခွန်းအတွက် အမှတ်ငါးမှတ်ပေးနိုင်သည်။ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာ၊ ဘေးဒုက္ခဖြစ်စေခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးများကို လွှမ်းမိုးစွာပြုမှုအတွက် ဘေးကင်းရေး တုံ့ပြန်ချက်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွှမ်းမိုးစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်နိုင်သည့် သက်ဆိုင်သော အခြေခံသဘောတရားလေးချက်ကို ထည့်သွင်းရေးသားခြင်းအတွက် တစ်မှတ်။ ငါးမှတ်မြောက်အမှတ်သည် သဘောတရား (ဥပမာ၊ ဘေးကင်းလုံခြုံရေး အချက်များကိုသာ အာရုံစိုက်ထားခြင်းမဟုတ်သည့်) အားလုံးခြုံငုံပါဝင်အောင် ဖြေဆိုသူအတွက် ဖြစ်ပါသည်။*

3။ ပရောဂျက် သက်တမ်း တစ်လျှောက် သင်၏ ကြားဝင်ဖြန့်ဖြေဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုင်ရာ အဓိကအချက်များတွင် အသုံးချနိုင်မည့် နည်းလမ်းနှင့် သက်ဆိုင်သည့် ခိုင်လုံသော ဥပမာ (4) ခု ပေးပါ - အဓိက အချက် တစ်ခုစီအတွက် ဥပမာတစ်ခုစီ

*ဤမေးခွန်းအတွက် အမှတ်ရှစ်မှတ် ပေးနိုင်သည် (ဥပမာတစ်ခုအတွက် 2 မှတ်ဖြစ်နိုင်သည်)*

4။ မှန် သို့မဟုတ် မှား ဖော်ပြချက်များ။

*ဤမေးခွန်းအတွက် အမှတ် 5 မှတ်ပေးနိုင်သည် (ဖော်ပြချက် တစ်ခုစီအတွက် တစ်မှတ်)။ ဖော်ပြချက်အားလုံးသည် မှားယွင်းသည်ကို မှတ်သားပါ။*

# လေ့ကျင့်သင်ကြားမှုအတွက် အရင်းအမြစ်များ

**လေ့ကျင့်သင်ကြားမှုအတွက် အရင်းအမြစ်များ၏ နောက်ဆုံးမွမ်းမံထားသော ဗားရှင်းများကို ရယူနိုင်ရန် ကျေးဇူးပြု၍ အောက်ပါ လိပ်စာတွင် ကြည့်ရှုပါ-** www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html

**အရင်းအမြစ် 1-** ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ

**အရင်းအမြစ် 2-** ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ

**အရင်းအမြစ် 3-** GPC အကျဉ်း

**အရင်းအမြစ် 4-** ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို

**အရင်းအမြစ် 5-** ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်

**အရင်းအမြစ် 6-** ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

**အရင်းအမြစ် 7-** အားနည်းချက် လေ့ကျင့်ခန်းအတွက် ကတ်များ

**အရင်းအမြစ် 8-** ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း

**အရင်းအမြစ် 9-** GPC ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ

**အရင်းအမြစ် 10-** ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ

**အရင်းအမြစ် 11-** PFA လက်ကမ်းစာစောင် (စာမျက်နှာ 55-56 PFA လမ်းညွှန်ချက်)

**အရင်းအမြစ် 12-** နမူနာ SOP

**အရင်းအမြစ် 13-** သိက္ခာဖြင့် ထမ်းဆောင်ရန် DVD

**အရင်းအမြစ် 14-** လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ရေး အထူးစီမံချက်များအပေါ် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက်

**အရင်းအမြစ် 15-** တာဝန်ဝတ္တရားများနှင့် အရေးယူဆောင်ရွက်မှုများ

**အရင်းအမြစ် 16-** ASC ကြေညာချက် 2013

**အရင်းအမြစ် 17-** ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက်

**အရင်းအမြစ် 18-** ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက်

**အရင်းအမြစ် 19-** ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်ခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ

**အရင်းအမြစ် 20-** ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ် အလွတ်

**အရင်းအမြစ် 21-** အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP

**အရင်းအမြစ် 22-** လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း

**အရင်းအမြစ် 23-** သင်ရိုး အကဲဖြတ်မှု

# အရင်းအမြစ် 1- ဟေတီနိုင်ငံမှ ကောင်လေး၏ ဓာတ်ပုံ



ဓာတ်ပုံရက်ဒစ် - CBM/Shelley

# အရင်းအမြစ် 2- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဥပမာများ

## 1. WASH အစီအစဉ်

အိုင်ဗရီကို့စ်နိုင်ငံတွင် ရေနှင့် ရေဆိုးနုတ်စနစ် အစီအစဉ်တစ်ခုအရ ကျောင်းအသစ်များတွင် တွင်းအိမ်သာများ တည်ဆောက်ပေးနေသည်။ တွင်းအိမ်သာများ၏ ဒီဇိုင်းအတွက် မိန်းကလေးများကို မေးမြန်းခဲ့သည်။ မိန်းကလေးများ၏ တောင်းဆိုမှုအရ ပထမဒီဇိုင်းကို ပြောင်းလဲခဲ့သည်။ မိန်းကလေးများအား အကြံဉာဏ်များစွာ ပေးခဲ့ပြီးနောက် ၎င်းတို့သည် ကုန်ကျစရိတ်သက်သာပြီး ကာကွယ်စောင့်ရှောက်ရေး အမြင်အရလည်း ပိုမိုကောင်းမွန်ဟုယူဆရသည့် တစ်ခုကိုသာ ရွေးချယ်ခဲ့သည်။ ၎င်းတို့က အတွင်းတွင် ပိတ်မိနေခြင်းမရှိစေရန် သို့မဟုတ် အကြောက်လွန်ရောဂါမျိုးခံစားရခြင်း မရှိစေရန် သို့မဟုတ် တံခါးပေါက်များ (အသုံးပြုနေသည်ကို သိနိုင်ရန် ကြိုးတစ်ချောင်းကို အသုံးပြုထားသော မွေလိမ်မွေကောက်ဝင်ပေါက်ဖြင့် အိမ်သာ) မပါသည့် တွင်းအိမ်သာများကို ရွေးချယ်ခဲ့သည်၊ ယောကျ်ားလေးအတွက် ဝင်ပေါက်က အနောက်ဘက်တွင် ထားရှိပြီး မိန်းကလေးဝင်ပေါက်ကို အရှေ့ဘက်တွင်ထားရှိလိုက်သည့်အတွက် အပြင်လူများ ပို၍ မြင်လွယ်စေပြီး ယောကျ်ားလေးများနှင့် အလှမ်းဝေးသွားရန်လည်း ပြင်ဆင်ခဲ့သည်။

(အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပေါင်းစပ်ထည့်သွင်းခြင်း သင်တန်းမှ ရယူထားသည်)

## 2. အစားအစာ ဖြန့်ဝေရေး အစီအစဉ်

ကင်ညာနိုင်ငံတွင် တာခါနာရှိ အစားအစာဖြန့်ဝေပေးသည့်နေရာမှ ပြန်လာသည့်အမျိုးသမီးက အစားအစာဖြန့်ဝေပေးသည့်နေရာမှ အစားအစာများဖြန့်ဝေခဲ့သည့်အချိန်သည် နောက်ကျနေသောကြောင့် သူတို့အတွက် လုံခြုံမှုမရှိသလိုခံစားရပြီး မကြခဏဆိုသလို အမှောင်ထဲဖြတ်ပြီး အိမ်ကိုပြန်ရလေ့ရှိသည်ဟု ဆိုပါသည်။ အမျိုးသမီးများအနေဖြင့် အစားအစာဝေစုများ လာယူပြီး မမှောင်ခင်အိမ်သို့ ပြန်နိုင်ရန်အတွက် အစားအစား ဖြန့်ဝေရေးလုပ်ကိုင်နေသည့် အေဂျင်စီက ဖြန့်ဝေပေးသည့်အချိန်ကို မနက်ခင်းအစောပိုင်းသို့ ပြောင်းလဲခဲ့သည်။

# 3. NFI ဖြန့်ဝေပေးခြင်း

ကင်ညာနိုင်ငံတွင် 2008 ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်း အကြမ်းဖက်မှုအဖြစ် IDP ယာယီစခန်းများမှ မိန်းကလေးများက အစားအစာမပဟုတ်သည့် ပစ္စည်းများရနိုင်အတွက် မရှိအဖြစ်လုပ်ရမည့်အလုပ်တစ်ခုအဖြစ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းကို ခံစားနေရကြောင်း သတင်းပို့ထားသည်။ ယာယီစခန်းများရှိ အမျိုးသမီးများနှင့်အတူ အုပ်စုဖွဲ့ဆွေးနွေးပွဲများကို အသားပေးလုပ်ဆောင်နေစဉ် ယင်းအချက်အလက်ကို စုဆောင်းရရှိခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း ဖြစ်ရပ်များမဖြစ်စေရန် မည်ကဲ့သို့တားဆီးပြီး တုံ့ပြန်ရမည်နှင့်ပတ်သက်ပြီး ၎င်း၏ဖြန့်ဝေရေးဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးမှုများ ပေးခဲ့ခြင်းမရှိခဲ့ကြောင်း NGO က သတိပြုမိခဲ့သည်။ နောက်ပိုင်းတွင် NGO ဝန်ထမ်းအားလုံးသည် ကျင့်ဝတ်စည်းကမ်းတွင် လက်မှတ်ထိုးရန်လိုအပ်ပြီး ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များအား မည်ကဲ့သို့တုံ့ပြန်ရမည်နှင့် သက်ဆိုင်သည့် သင်တန်းများ တက်ရောက်ခဲ့ရသည်။ အကူအညီပေးသည့် ဝန်ဆောင်မှုများထံ မိန်းကလေးများကို ရည်ညွှန်းပေးခဲ့သည်။

# 4. အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်၏ IDP ယာယီစခန်းတစ်ခုရှိ ကျန်းမာရေးဝန်ဆောင်မှုများ

ကျန်းမာရေး NGO က ဟီရတ်၏ ဆင်ခြေဖုံးများရှိ IDP ပေါင်း 10,000 ကို စုစည်းထားသည့်၊ IDP ယာယီစခန်းတစ်ခုတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနေသည်။ နေရာထိုင်ခင်းသာမက မော်တော်ယာဉ်များကိုပါ အလွယ်တကူ ရယူအသုံးပြုနိုင်ရန် ပံ့ပိုးပေးထားသည့် ယာယီစခန်း၏ အနောက်ဘက်ခြမ်းတွင် ပုံသေဖွဲ့စည်းတည်ဆောက်ပုံများမဟုတ်ဘဲ ကျန်းမာရေးဝန်ဆောင်မှုအားလုံးကို ပံ့ပိုးပေးခဲ့သည်။ 6 လကြာအောင် လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဟာဇာရာ လူစုသည် ယာယီစခန်း၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိနေပြီး ၎င်းတို့သည် ယာယီစခန်းတစ်ခုလုံးနီးပါးကို လွှမ်းမိုးထားသည့် ပတ်စတွန်များ အများအပြားရှိသည့် နေရာကိုဖြတ်မသွားသည့်အတွက်ကြောင့် ကျန်းမာရေးစင်တာသို့ လာရောက်ခြင်းမရှိကြောင်း IDP ခေါင်းဆောင်များ၏ တုံ့ပြန်ချက်မှတစ်ဆင့် NGO က သိလိုက်ရသည်။ ကျန်းမာရေးဝန်ဆောင်မှုများ ရယူရန် ယာယီစခန်း၏ ဘေးစွန်းမှ ပတ်၍လမ်းလျှောက်ပါက တစ်နာရီကျော်ကြာနိုင်သည်။ ဟာဇာရာလူစုသည်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနေကြောင်း သေချာစေရန် တစ်ပတ်လျှင်နှစ်ကြိမ် ယာယီစခန်း၏ မြောက်ဘက်ခြမ်းသို့ သွားရောက်ပေးသည့် ကမ်းလင့်ထောက်ကူ ကျန်းမာရေးဝန်ဆောင်မှုတစ်ခုကို NGO က ဖန်တီးပေးခဲ့သည်။

## 5. WASH

NGO တစ်ခုက တီမော်လက်စ်နိုင်ငံတွင် အိမ်သာဘာလော့တစ်ခုနှင့် ဆေးကြောရေး အသုံးအဆောင်ပစ္စည်းများ တည်ဆောက်ရန် 2006 ခုနှစ်တွင် ယာယီစခန်းတစ်ခု၌ IDP များနှင့် အတူတကွ လုပ်ကိုင်ခဲ့သည်။ ၎င်းတို့က IDP ကိုယ်စားလှယ်ငါးဦးထံ သန့်ရှင်းရေးပစ္စည်းကိရိယာများလည်း ထောက်ပံ့ပေးခဲ့သည်။ အဆောက်အဦးသစ်များကို အသုံးပြုခွင့်ပေးလိုက်ပြီး နှစ်လကြာပြီးနောက် IDP များသည် အဆောက်အဦးသစ်များကို အသုံးမပြုဘဲ ဒေသတွင်း ကျောင်း၏ WASH အဆောက်အဦးများကိုသာ ဆက်လက် အသုံးပြုနေခဲ့ပါသည်။ WASH အဆောက်အဦးများနှင့် ပတ်သက်ပြီး IDP များက လျှို့ဝှက်စွာ ဆက်သွယ်ပြောဆိုနိုင်စေရန် NGO သည် အကြံပြုချက်ပေးနိုင်မည့် နည်းလမ်းတစ်ခု သတ်မှတ်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းတို့က ထင်မြင်ချက်ရေးသားပေးပို့ရန် ပုံးများနှင့် ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ်များ ပေးခဲ့သည်။ အဆောက်အဦးအသစ်များကို အသုံးပြုရန် သန့်ရှင်းရေးသမားငါးဦးက IPD များထံမှ ငွေကြေးကောက်ခံနေပြီး ယင်းက ကျောင်းကိုသာ အသုံးပြုရန် IDP များအား ခြိမ်းခြောက်နေသည်ကိုသိလိုက်ရသည်။ NGO က ဒေသတွင်း အဖွဲ့အစည်းတစ်ခုထံမှ အကြံဉာဏ်တောင်းခံခဲ့ပြီး ယင်းအဖွဲ့အစည်းက သန့်ရှင်းရေး ပစ္စည်းများကို အဆောက်အဦးထဲရှိ ဗီရိုထဲတွင်ထားသင့်ကြောင်းနှင့်၊ သို့မှသာ IDP များက လိုအပ်သလို လိုအပ်ချိန်တွင် အဆောက်ဦးများကို သန့်ရှင်းရေး လုပ်နိုင်မည်ဖြစ်ကြောင်း အကြံပေးခဲ့သည်။

# အရင်းအမြစ် 3- GPC အကျဉ်း

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်မှာ အဘယ်နည်း။

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း ဆိုသည်ကို "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို တရားဝင်ပေါင်းစပ်ခြင်းနှင့် အဓိပ္ပါယ်ရှိသော လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူခွင့်၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားဆောင်ရွက်မှုအားလုံးတွင် အောက်ပါ အချက်များကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရပါမည်-

1။ **ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကိုဦးစားပေးပြီး အန္တရာယ်မပေးမိအောင် ရှောင်ကြဉ်ပါ-** သင်၏ကြားဝင်ဖျန်ဖြေမှုသည် ရည်ရွယ်မထားသော ဆိုးကျိုးဖြစ်စေမည့် သက်ရောက်မှု တစ်ခုခုအား တတ်နိုင်သလောက် တားဆီး လျှော့ချပါ။ သို့မဟုတ်ပါက လူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များကို ပိုမိုဖြစ်စေပါမည်

2။ **အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်-** လိုအပ်ချက်နှင့်အညီ အတားအဆီးမရှိဘဲ (ဥပမာ ခွဲခြားဆက်ဆံခြင်း) အကူအညီနှင့် ဝန်ဆောင်မှုများအား လူအများရယူနိုင်ရန် စီစဉ်ပေးပါ။ အကူအညီနှင့် ဝန်ဆောင်မှုများ ရယူရာတွင် အခက်အခဲကြုံသည့် သို့မဟုတ် အထူးသဖြင့် အားနည်းချက်ရှိသည့် လူတစ်ဦးချင်းနှင့် အုပ်စုများအား အထူး အလေးပေးလုပ်ဆောင်ပါ။

3။ **တာဝန်ခံမှု-** ကြားဝင်ဖျန်ဖြေပေးမှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိ ကို ထိခိုက်ခံစားသူများအနေဖြင့် တိုင်းတာနိုင်သော သို့မဟုတ် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးနိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါ။

4။ **ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခြင်း-** မိမိကိုယ်ကိုကာကွယ်နိုင်စွမ်း တိုးတက်စေပြီး၊ နေစရာ၊ အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အား ကန့်သတ်ချက်မရှိ ရယူပိုင်ခွင့်အပါအဝင် လူအများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို တောင်းဆိုနိုင်စေရန် ကူညီပေးသည်။

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်း သင့်ပါသလဲ။

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည်အကူအညီပေးရေးအတွက် အစီအစဉ်ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို အများဆုံးဖြစ်ကြောင်း သေချာစေပါသည်။

ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများကို အကူအညီပေးဝေသည့် အစီအစဉ်များတွင် ဖြည့်သွင်းခြင်းဖြင့် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူများက ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် အားနည်းချက်အရှိဆုံးသူများကို ဦးတည်ကြောင်း၊ ဘေးကင်းရေးနှင့် ဂုဏ်သိက္ခာကို တိုးမြှင့်ပေးကြောင်း၊ ခွဲခြားဆက်ဆံခြင်း၊ လွဲမှားစွာပြုခြင်း၊ အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်းနှင့် အမြတ်ထုတ်ခြင်းများ ပါဝင်ခြင်းမရှိဘဲ အကျိုးခံစားသူများ၏ လူ့အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်ပေးကြောင်း သေချာစေနိုင်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေးကို မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းမည်နည်း။

အောက်ပါတို့လုပ်ဆောင်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်သည်-

- လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီ ပေးရန် အဓိကအချက်အဖြစ် အထွေထွေ ပရောဂျက်စီမံခန့်ခွဲရေးတွင် အထက်ပါအချက်များကို ထည့်သွင်းခြင်းဖြင့်၊
- ကဏ္ဍတစ်ခုစီအတွက် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ညွှန်ပြချက်များမှတစ်ဆင့် ပရောဂျက်ကာလစီမံခန့်ခွဲမှုတွင် အထက်ပါအချက်များ ထည့်သွင်းခြင်းဖြင့်။

## ကာကွယ်စောင့်ရှောက်ရေးကို မည်သူတွေက ပေါင်းစပ်ထည့်သွင်းသင့်သနည်း။

အထွေထွေနှင့် ကဏ္ဍအလိုက်ဝန်ထမ်း၊ အစီအစဉ်ရေးဆွဲရေးဝန်ထမ်း၊ အကြံပေးဝန်ထမ်း၊ ဒီဇိုင်းဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ပြုလုပ်သည့် ဝန်ထမ်းနှင့် ၎င်းတို့၏မန်နေဂျာများ အပါအဝင် လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူအားလုံးက လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်များ အားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကျင့်ဝတ်ဆိုင်ရာ တာဝန်ဝတ္တရား ထပ်တူ ရှိကြပါသည်။ အစုအဖွဲ့ ခေါင်းဆောင် အေဂျင်စီများနှင့် လက်တွဲဖော်များသည် ၎င်းတို့၏သက်ဆိုင်ရာ အစုအဖွဲ့အတွင်းရှိ လှုပ်ရှားဆောင်ရွက်မှုအားလုံးက "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပွင့်လင်းမြင်သာသော တည်ဆောက်မှုပုံစံ" တစ်ခုနှင့်အတူ လုပ်ဆောင်နေပြီး အထူးသဖြင့် ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုများက ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများနှင့် ပေါင်းစည်းထားကြောင်း သေချာစေရန်အတွက် တာဝန်ရှိပါသည်။ ကွင်းဆင်းဆောင်ရွက်နေသော ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များက ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်းအပေါ် အကြံဉာဏ်၊ လမ်းညွှန်ချက်နှင့် လေ့ကျင့်သင်ကြားရေးများ ပံ့ပိုးပေးနိုင်သည်။

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် မည်သည့်အကူအညီကို ရနိုင်ပါသလဲ။

နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုအစုအဖွဲ့က အောက်ပါတို့ပါဝင်သည့် ပံ့ပိုးရေးအစီအစဉ်တစ်ခု ဆက်လက်လုပ်ဆောင်ပေးသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းသည့် ဆောင်ရွက်ချက်များအား ပံ့ပိုးပေးရာတွင် ကွင်းဆင်းကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် အကြံပြုစာရွက်
- အခြားလူသားအချင်းချင်းစာနာထောက်ထားရေး ကဏ္ဍများ/အစုအဖွဲ့များအတွက် သီးခြားစီမံချက်များနှင့်အတူ ကာကွယ်စောင့်ရှောက်ရေးအတွက် လုပ်ဆောင်ရမည့်အချက်များ
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်၊ ကိရိယာများနှင့် လက်စွဲစာအုပ်များပါဝင်သော မှတ်ချက်ရေးထားသည့် ကိုးကားချက်စာရင်းတစ်ခု
- နိုင်ငံအဆင့်တွင် ဖန်တီးထားသည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဥပမာများ စုစည်းမှု
- လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်ချက်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် လေ့ကျင့်သင်ကြားရေးလက်စွဲများနှင့် သင်ရိုးများ

# အရင်းအမြစ် 4- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း ဗီဒီယို

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်း၊ နိုင်ငံတကာကာကွယ်ရေးအဖွဲ့ 2014 တို့ကို မိတ်ဆက်ပေးခြင်း

အွန်လိုင်းတွင် ရရှိနိုင်ပါသည် http://www.globalprotectioncluster.org/en/areas-of-responsibility/

# အရင်းအမြစ် 5- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အကောင်းနှင့် အဆိုး လက်တွေ့ဆောင်ရွက်ချက်

## ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး ထိခိုက်ဒဏ်ရာရခြင်းမှ ရှောင်ကြဉ်ပါ

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အလေ့အကျင့်ကောင်းတစ်ခု-**

  လူမှုအဖွဲ့အစည်းထံ အစားအစာများ ဖြန့်ဝေပေးနိုင်မည့် အကောင်းမွန်ဆုံးသော နည်းလမ်းကို ရှာဖွေနိုင်ရန် NGO တစ်ခုသည် ပြောင်းရွှေ့ခံရသည့်အသိုင်းအဝိုင်းများမှ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များနှင့် စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့သည်ပြောင်းရွှေ့ခံလူအများစုအတွက် အလွယ်တကူ လမ်းလျှောက်ပြီး အရောက်လာနိုင်မည့် စင်တာတစ်ခုတွင် ဆန်၊ ပဲနှင့် ဆီတို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း လူမှုအဖွဲ့အစည်းအား အဆိုပြုခဲ့သည်။ တိုင်ပင်ဆွေးနွေးရာတွင် ပါဝင်ခဲ့သည့် အမျိုးသမီးများက ၎င်းတို့အနေဖြင့် ဇဟိုတည်နေရာမှ အဖိုးတန်အသုံးအဆောင်များကို လာရောက်ယူဆောင်ပြီး အန္တရာယ်များသည့် အိမ်အပြန်လမ်းတွင် မိနစ် 30 ကြာအောင် လမ်းမလျှောက်လိုကြောင်း အထူးတလည် တောင်းဆိုခဲ့သည်။ တိုက်ခိုက်ခံရပြီး လမ်းတွင် အစားအစာလုခံရမည့် အန္တရာယ်က ဖြစ်နိုင်ခြေအရမ်းများကြောင်း ပြောခဲ့သည်။ NGO က ၎င်းတို့၏ အစားအစာဖြန့်ဝေရေးကို နည်းလမ်းကို ပြန်လည်စဉ်းစားပြီး အနီးအနား နေရာအမျိုးမျိုးရှိ မီးဖိုချောင်များတွင် ချက်ပြီးသားအစားအစာများကို ထောက်ပံ့ပေးခဲ့သည်။

- ဥပမာ နောက်တစ်မျိုး-

  အီသီယိုးပီးယားရှိ ဆိုမာလီဒုက္ခသည်များအတွက် ဒုက္ခသည်စခန်းတွင် 'ဘေးကင်းသော လွတ်မြောက်ခြင်း'

  အမျိုးသမီးများအတွက် ဒုက္ခသည်ကော်မရှင်သည် ဆိုမာလီဆယ်ကျော်သက် မိန်းကလေးများ ဘေးကင်းရေးအတွက် သုတေသန၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘေးကင်းသော လွတ်မြောက်ခြင်း လေ့ကျင့်ခန်းတစ်ခုကို တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းက စံသတ်မှတ်ထားသည့် အကဲဖြတ်မှုနှင့် စောင့်ကြည့်သည့် လုပ်ငန်းစဉ်အတွင်းသို့ ထည့်သွင်းနိုင်မည့် အသုံးဝင်နည်းပညာတစ်ခု ဖြစ်သည်။ လုပ်ငန်းစဉ်တွင် ဆယ်ကျော်သက် မိန်းကလေးများအပြင်၊ ဆယ်ကျော်သက် ယောကျ်ားလေးများနှင့် အရွယ်ရောက်ပြီးသူ အဓိက သတင်းပေးများနှင့် ပြုလုပ်သော အင်တာဗျူးများ၊ ကျားမသီးသန့်ခွဲခြား၍ အာရုံစိုက်လုပ်ဆောင်သော ဆွေးနွေးပွဲများနှင့် WASH အတွက် အဆောက်အဦးနှင့် ယာယီစခန်းမှ အခြားလိုအပ်သည်များ ရယူရာတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများက လုံခြုံမှုမရှိဟု ခံစားရသည့် နေရာများကို သတ်မှတ်ဖော်ထုတ်ပေးသော 'ဘေးကင်းလုံခြုံသော လွတ်မြောက်ခြင်း' စီစဉ်ရေးဆွဲမှု သင်ခန်းစာ၊ စခန်းတွင် နေထိုင်ရသည့် ဘဝ၏ အခြားသော ကဏ္ဍများ ပါဝင်ပြီး မိန်းမငယ်လေးများအား ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပေးမည့် နည်းလမ်းများကို ဖော်ထုတ်ရန် အခွင့်အလမ်းကို ပေးပါသည်။[40]

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အလေ့အကျင့်ဆိုးတစ်ခု-**

  WASH အစီအစဉ်တွင်၊ NGO က ကော်မတီတစ်ခု ထူထောင်ပြီး အဆောက်အဦးများ သန့်ရှင်းစင်ကြယ်၍ ရောဂါမဖြစ်စေအောင်ပြုလုပ်ရန် လူမှုအဖွဲ့အစည်းထံ သန့်ရှင်းရေးပစ္စည်းများ ပံ့ပိုးပေးခဲ့သည်။ ပစ္စည်းများကို ပံ့ပိုးပေးရာတွင် မည်သည့်ညွှန်ကြားချက်တစ်ခုမျှမပေးခဲ့ဘဲ ပုလင်းများတွင အင်္ဂလိပ်စာဖြင့် ရေးထားထားသော လမ်းညွှန်ချက်များသာ ပါဝင်ခဲ့သည်။ ၎င်းတို့ကို မိန်းကလေးနှင့် ယောကျ်ားလေး အိမ်သာများ၏ လက်ဆေးကန်များအောက်ရှိ ကြမ်းပြင်ပေါ်တွင် ထားခဲ့သည်။ ဖြစ်ရပ်တစ်ခုတွင် အိမ်သာအနီး၌ ဆော့နေသည့် ကလေးနှစ်ဦးသည် ပုလင်းများကိုယူပြီး သန့်ရှင်းရေးသုံးအရည်များဖြင့် စွပ်ပြုတ်လုပ်သောက်နေခဲ့ကြသည်။ ကလေးနှစ်ဦးလုံးအား ၎င်းတို့၏ အစာအိမ်မှ အဆိပ်အရည်များ စုပ်ထုတ်ရန်ဆေးရုံသို့ အမြန်ပို့ခဲ့ရသည်။

- ဥပမာ နောက်တစ်မျိုး-

  NGO အဖွဲ့တစ်ခုသည် နေရပ်စွန့်ခွာလာသူများအတွက် ယာယီစခန်းတစ်ခု၌ နေ့လည် 12 နာရီဝန်းကျင်မှစ၍ NFI (အစားအစာမဟုတ်သည့် ပစ္စည်းများ) နှင့် အစားအစာများ ဝေငှပေးခြင်းကို စတင်လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ယာယီစခန်းသည် မြို့လယ်ခေါင်မှ 2 နာရီကြာ မောင်းနှင်ရသည့် နေရာဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် ကုန်တင်ကားနှင့်အမီ မနက်ပိုင်းတွင် တက်လိုက်လာရပြီး တစ်ခါတစ်ရံတွင် နေ့လည် 2 နာရီနောက်ပိုင်းမှ ရောက်ရှိခဲ့ကြသည်။ ဝေငှပြီးချိန်တွင်လည်း မကြာခဏဆိုသလို မိသားစုများသည် အဖိုးတန် အသုံးအဆောင်ပစ္စည်းများနှင့်အတူ ညအမှောင်ထဲတွင် လမ်းလျှောက်၍ အိမ်ပြန်ခဲ့ကြရသည်။ မိသားစုများသည် အိမ်အပြန်လမ်းတွင် တိုက်ခိုက်ခံခဲ့ရပြီး ဝေစုများလည်း အလုခံရကာ အမှောင်ထဲတွင် အိမ်ပြန်ရခြင်းကြောင့် အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ကြုံတွေ့ခံစားခဲ့ကြရသည်။

---

40 *Sarah House, Suzanne Ferron, Marni Sommer နှင့် Sue Cavill, အကြမ်းဖက်မှု၊ ကျား/မကွဲပြားမှုနှင့် WASH၊ လူသားအချင်းချင်းစာနာထောက်ထားရေး ဖလှယ်မှု၊ ထုတ်ဝေမှု 60၊ 2014 ခုနှစ်၊ ဖေဖော်ဝါရီလ*

## အရင်းအမြစ်5-ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကိုပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာအကောင်းနှင့်အဆိုးလက်တွေ့ဆောင်ရွက်ချက် အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အလေ့အကျင့်ကောင်းတစ်ခု-**

  ဟေတီတွင် အားအနည်းဆုံးသူများထံသို့ သွားရောက်ကူညီနိုင်ရန် လူကြီးများနှင့် အတူတူ လုပ်ကိုင်ခြင်း-HelpAge International[41]

  2010 ခုနှစ်တွင် ဟေတီနိုင်ငံ၌ ငလျင်လှုပ်ပြီးနောက် သက်ကြီးရွယ်အိုများကဲ့သို့ အားနည်းသောအုပ်စုများထံသို့ အကူအညီရောက်ရှိနိုင်ရန်မှာ တကယ့်ကို စိန်ခေါ်မှုတစ်ရပ် ဖြစ်ခဲ့ပါသည်။ အားအနည်းဆုံး အုပ်စုများကို ခွဲခြားသိနိုင်ရန် လူသားချင်းစာနာထောက်ထားရေး အေဂျင်စီအများစုသည် ယာယီစခန်း ကော်မတီများနှင့် ပူးတွဲလုပ်ကိုင်ကြသော်လည်း အဆိုပါ အားနည်းသော လူများ၏ လိုအပ်ချက်နှင့် တည်ရှိနေမှုကိုပင် သတိမပြုခဲ့ကြပါ။ ၎င်း၏ ငလျင်အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုတွင် HelpAge International သည် ယာယီစခန်းများရှိ အားနည်းသော သက်ကြီးရွယ်အိုများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေရာတွင် ၎င်းတို့အနေဖြင့် စာရင်းသွင်းရယူနိုင်ရန် အသက်အရွယ်ကြီးသော အမျိုးသား၊ အမျိုးသမီးများနှင့် ဖွဲ့စည်းထားသည့် ကွန်ရက်တစ်ခုအပေါ် အားကိုးခဲ့ပါသည်။ ဤစည်းလုံးညီညွတ်မှု ကွန်ရက်မှတစ်ဆင့်၊ လူကြီးများသည် အားအနည်းဆုံးသူများကို ဖြန့်ဝေရေးနေရာများသို့ အတူလိုက်ပါပို့ဆောင်ပေးနိုင်ခဲ့ပြီး ၎င်းတို့အပေါ် သက်ရောက်နေသည့် နောက်ဆက်တွဲ ပြဿနာများကိုလည်း ခွဲခြားသတ်မှတ်နိုင်ခဲ့သည့်အပြင် ယာယီစခန်းအတွင်း အလုပ်လုပ်နေကြသည့် HelpAge အဖွဲ့သားများ သို့မဟုတ် အခြားအဖွဲ့အစည်းများသို့လည်း ပြည့်စုံလုံလောက်သည့် လွှဲပြောင်းပေးမှုများ သေချာပံ့ပိုးပေးနိုင်ခဲ့သည်။ 2011 ခုနှစ်တွင်၊ ဟာရီကိန်းမုန်တိုင်း သောမတ်စ်သည် မိုးကြီးလေကြီးနှင့်အတူ ယာယီစခန်းသို့ ဝင်ရောက်လာချိန်တွင် သက်ကြီးသူများ ကွန်ရက်အနေဖြင့် အသက်ကြီးသော နေရပ်စွန့်ခွာသူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများအား ဖြစ်လာမည့် အန္တရာယ်အကြောင်းကို ချက်ချင်း သတိပေးပြောဆိုခဲ့ပြီး ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်များကို သိရှိလုပ်ဆောင်နိုင်ရန်လည်း ကူညီပေးခဲ့သည်။

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အလေ့အကျင့်ဆိုးတစ်ခု-**

  IDP ယာယီစခန်းတစ်ခုတွင်၊ ရေနှင့် ရေဆိုးသန့်စင်စနစ် အင်ဂျင်နီယာများက နည်းပညာရှုထောင့်မှနေ၍အသင့်တော်ဆုံးဖြစ်မည့် နေရာများတွင် ရေတွင်းများ တူးဖော်ပေးခဲ့သည်။ သို့သော်လည်း အဆိုပါနေရာများသည် လူများစု ဒေသခံအုပ်စုများ နေထိုင်ရာ ဧရိယာအတွင်းတွင် ကျရောက်နေခဲ့သည်။ ယင်းနောက်တွင် ဤလူအုပ်စုက လူနည်းစုအုပ်စုအား ရေတွင်းမှ ရေခပ်ယူရန် ငွေကြေးကောက်ခံခဲ့သည်။ အုပ်စုနှစ်စုအတွင်း တင်းမာမှုများ တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့သည်။

41 Help International၊ အရေးပေါ်အကူအညီလိုအပ်နေသည့် သက်ကြီးရွယ်အိုများအတွက် ကာကွယ်စောင့်ရှောက်ရေး ကြားဝင်ဖျန်ဖြေမှုများ၊ လန်ဒန်၊ 2013၊ စာမျက်နှာ 29

## အရင်းအမြစ်5-ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကိုပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာအကောင်းနှင့်အဆိုးလက်တွေ့ဆောင်ရွက်ချက် တာဝန်ခံမှု

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အလေ့အကျင့်ကောင်းတစ်ခု-**

  အရှေ့တီမောနိုင်ငံတွင်၊ အေဂျင်စီလေးခုသည် ၎င်းတို့၏အသင်းအဖွဲ့များတွင် အလုပ်လုပ်နေသည့် အေဂျင်စီဝန်ထမ်းများအား ကျင့်ဝတ်စည်းကမ်းများ ချမှတ်ပေးရန် အသင်းအဖွဲ့အုပ်စုများနှင့်အတူ လုပ်ငန်းခွင် ဆွေးနွေးပွဲများကို ဆက်တိုက် တာဝန်ယူလုပ်ဆောင်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ရေးအတွက် ကတိကဝတ်များနှင့် ကိုက်ညီနိုင်ရန် လှုပ်ရှားဆောင်ရွက်မှုများ အပါအဝင် အေဂျင်စီမှ မျှော်မှန်းထားသည့် အမူအကျင့်၏ စံသတ်မှတ်ချက်အချို့အား အလုပ်ရုံဆွေးနွေးပွဲတွင် မိတ်ဆက်ပေးခဲ့သည်။ အချို့သောအမူအကျင့်များတွင် အစီအစဉ်တွင် ပါဝင်သော လူအုပ်စုများအပေါ် လိင်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများ၊ ခွဲခြားဆက်ဆံမှုနှင့် ပုဂ္ဂိုလ်ရေးအရ လက်ဆောင်များတောင်းခံခြင်းကို တားမြစ်ခြင်းတို့ ပါဝင်သည်။ အသင်းအဖွဲ့ဝင်များအား ၎င်းတို့၏အသင်းအဖွဲ့များတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများထံမှ ၎င်းတို့ မျှော်လင့်ထားသည့် အမူအကျင့်များကို ထည့်သွင်းပေးရန်နှင့် အဆိုပါအမူအကျင့်များအတွက် ဝန်ထမ်းများက မည်ကဲ့သို့ တာဝန်ခံနိုင်မည်ကိုပါ အကြံပေးရန် ဖိတ်ခေါ်ခဲ့သည်။ ကျင့်ဝတ်စည်းကမ်းများကို ဘာသာပြန်ဆိုထားပြီး လူမှုအသိုင်းအဝိုင်းအတွင်း လုပ်ကိုင်နေသည့် ဝန်ထမ်းအားလုံးထံ မျှဝေထားပေးကာ လုပ်ငန်းစဉ်၏ အဆုံးတွင် အသင်းအဖွဲ့ဝင်များအား ပေးအပ်ခဲ့သည်။

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အလေ့အကျင့်ဆိုးတစ်ခု-**

  အစားအစာနှင့် အစားအစာမဟုတ်သည့် ပစ္စည်းများ ဖြန့်ဝေနေစဉ်တွင် လူများစွာက NGO လုပ်သားများအပေါ် မကျေမနပ်ဖြစ်ခဲ့ကြသည်။ အခြေအနေက ပိုဆိုးလာပြီးနောက် ထိုလူများက ပို၍ မကျေမနပ်ဖြစ်လာကာ အကြမ်းဖက်မှုအသွင်ဆောင်လာသည့်အတွက်ကြောင့် NGO ဝန်ထမ်းများက ဖြန့်ဝေပေးမှုအား တစ်ဝက်တစ်ပြက်နှင့်ပင် ပြန်လည်ရုပ်သိမ်းခဲ့ရသည်။ လုံခြုံရေးဆိုင်ရာ မေးမြန်းမှတ်သားရာတွင် ဝန်ထမ်းအဖွဲ့ဝင်များအား ဖြစ်ပျက်ခဲ့သမျှကို မေးမြန်းခဲ့သည်။ ထိုလူများအနေဖြင့် အချို့သောသူများက တခြားလူများထက် အစားအစာများ ဘာကြောင့် ပိုရနေသည်ကို ရှင်းရှင်းလင်းလင်း မသိသောကြောင့် ဝန်ထမ်းများကို ဆူပူအောင်ဟစ်ခဲ့ကြောင်း ဝန်ထမ်းများက အသေးစိတ်ပြန်လည်ရှင်းပြခဲ့သည်။ ထို့အပြင် တစ်ချို့သော လူမျိုးအုပ်စုအား ဦးစားပေးဖြန့်ဝေပေးနေသည်ဟု ၎င်းတို့ ခံစားခဲ့ကြရသည်။ အေဂျင်စီက ထိခိုက်ခံရသူများ ရရှိမည့် ပမာဏနှင့် မည်သို့ ဖြန့်ဝေပေးမည်ဆိုသည့်အကြောင်း အချက်အလက်များကို ပံ့ပိုးပေးခဲ့ခြင်း မရှိပေ။

## အခန်းအမြစ်5-ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကိုပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာအကောင်းနှင့်အဆိုးလက်တွေ့ဆောင်ရွက်ချက် ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အလေ့အကျင့်ကောင်းတစ်ခု-**

  ဒေသတွင်း မူလတန်းကျောင်းတစ်ကျောင်းသို့ စတင် ကူညီပံ့ပိုးပေးရာတွင် NGO တစ်ခုက ဒေသတွင်းအာဏာပိုင်များနှင့် အတူတူ လုပ်ကိုင်ခဲ့သည်။ အစီအစဉ်ဝန်ထမ်းများက ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ရပိုင်ခွင့်အားလုံးကို ကိုယ်တိုင် သိရှိအောင် လုပ်ဆောင်ထားခဲ့ပါသည်။ ထို့နောက် ၎င်းတို့သည် ကျောင်းဖွင့်ဖို့ ဆွေးနွေးနိုင်ရန် အသင်းအဖွဲ့ခေါင်းဆောင်များ၊ မိဘများနှင့် အခြားသူများနှင့် တွေ့ဆုံခဲ့သည်။ ဆွေးနွေးပွဲတွင် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်၊ ၎င်းတို့၏မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို ကျောင်းသို့ စေလွှတ်ရန်လိုအပ်ချက်တို့အား အလေးပေး ဆွေးနွေးခဲ့ပြီးနောက် ကျောင်းအား မည်သည့်နေရာတွင် ဖွင့်မည်၊ ကျောင်းတွင်ရှိရမည့် သင်ကြားရေး အချက်အလက်၊ အစိုးရက ခန့်အပ်မည့် ဆရာများအတွက် စံသတ်မှတ်ချက်များနှင့် အခမဲ့သင်ယူစရိတ်တို့ပါသည့် အချက်အလက်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ပါသည်။ အဓိကကျသည့် ဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့ပြီးသည်နှင့် တစ်ပြိုင်နက် သင်္ကေတများနှင့် ပွဲများကဲ့သို့ အခြားသတင်းအချက်အလက် ဖြန့်ဝေရေးပုံစံများအား အသင်းအဖွဲ့အတွင်း အသုံးပြုခဲ့သည်။

- **ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အလေ့အကျင့်ဆိုးတစ်ခု-**

  ဆူဒန်တောင်ပိုင်းရှိ အသင်းအဖွဲ့များတွင် NGO တစ်ခုသည် တရားဝင်နှင့် တရားမဝင် အခြေချနေထိုင်သော IDP များစွာအတွက် အစားအစာများ ဖြန့်ဝေပေးရန် တာဝန်ယူဆောင်ရွက်ခဲ့သည်။ NGO သည် ရောနှောထားသော ပဲမျိုးစုံများစွာကို အလှူရှင်များ စွာထံမှလက်ခံရရှိခဲ့သည်။ ပဲများကို ဖြန့်ဝေမည့်နေရာများသို့ ပေးပို့ခဲ့ပြီး ဖြန့်ဝေပေးသည့် ပထမလတွင် မိသားစုတစ်စုလျှင် ပဲအရော 1 ကီလိုဂရမ်ကို ပေးဝေခဲ့သည်။ ပထမလကုန်ချိန်တွင် ပညာရေးဝန်ကြီးဌာနက အစားအစာဖြန့်ဝေရေးတွင်ပါဝင်ခဲ့သည့် NGO များနှင့် ဆွေးနွေးရန် ရောက်လာခဲ့သည်။ IDP ကလေးများသည် ပညာဆက်လက်သင်ယူရန် ကျောင်းသို့လာရောက်ခြင်း မရှိပါသော အစီရင်ခံစာများကို ဒေသတွင်းကျောင်းများမှ လက်ခံ ရရှိခဲ့သည် - မိဘများကပေးခဲ့သည့် အကြောင်းပြချက်မှာ အိမ်တွင်ဟင်းချက်ရန် ကလေးများကို လိုအပ်သည်ဟူ၍ ဖြစ်သည်။ ထပ်မံဖြစ်ပေါ်လာသည်မှာ ဖြန့်ဝေပေးထားသည့်ပဲများက IDP လူစုများ ပုံမှန် သုံးနေကျပဲမျိုးမဟုတ်ဘဲ ယင်းပဲများက ဟင်းချက်ရန်အချိန်ပိုကြာနေသည်ဟူ၍ ဖြစ်သည်- ထို့အပြင် အတူတူရောနှောထားသည့် ပဲအမျိုးအစားများကို ချက်ပြုတ်ရန် ကြာချိန်လည်း မတူညီပါ။ မိခင်များက ၎င်းတို့၏ကလေးများသည် မချက်ပြုတ်ခင် ပဲများကို နေ့စဉ်ရွေးထုတ်ရပြီး ယင်းက အချိန်ကြာမြင့်ကာ ငြီးငွေ့ဖွယ်ကောင်းသည့်အလုပ်ဖြစ်သည်ဟု ဆိုခဲ့သည်။

# အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

## အကဲဖြတ်နည်းလမ်း ဖွံ့ဖြိုးတိုးတက်ရေး (စစ်တမ်းမေးခွန်းလွှာ/ ဆွေးနွေးရန်အတွက် လမ်းညွှန်ချက်များ)

အကဲဖြတ်ရာတွင် မေးခွန်းရွေးချယ်မှုနှင့် မေးခွန်းအမျိုးအစားသည် နည်းပညာကဏ္ဍအလိုက်နှင့် အကဲဖြတ်ထားသည့် အခြေအနေအရ ကွဲပြားနိုင်ပါသည်။ အကဲဖြတ်မှုကို အရေအတွက်အားဖြင့် ပြုလုပ်ထားခြင်းဟုတ်မဟုတ်၊ အရည်အသွေးအားဖြင့် ပြုလုပ်ထားခြင်းဟုတ်မဟုတ် (ဥပမာ FGD များ) အပေါ်တွင် မူတည်၍လည်း မေးခွန်းများ ကွဲပြားနိုင်ပါသည်။ မည်သို့ပင်ဖြစ်ပါစေ အချို့သော အထွေထွေစည်းမျဉ်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်-

- ပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန် မေးခွန်းများအား ဒီဇိုင်းရေးဆွဲသင့်သည်
- အစွဲမထားဘဲ သို့မဟုတ် လိုချင်သော အဖြေကိုသာ ရရှိရန် ကြိုးစားခြင်းမပြုဘဲ ၎င်းတို့အား ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြထားသင့်သည်။
- ၎င်းတို့မှာ လိုရင်းတိုရှင်းဖြစ်ရမည် (စစ်တမ်းမေးခွန်းလွှာ၏ အရှည်)
- အထူးသဖြင့် ငယ်ရွယ်သောပါဝင်ဆောင်ရွက်သူများအတွက် မေးခွန်းများအား အရိုးရှင်းဆုံးသော စကားလုံးများဖြင့် ရေးသားထားသင့်ပြီး လိုအပ်သလို ဘာသာပြန်ဆိုထားသင့်သည်။
- အချို့သော ဖြေဆိုသူများက အထိခိုက်မခံသည့် မေးခွန်းများကို ဖြေဆိုလိုသည့် ဆန္ဒ မရှိနိုင်သည့်အတွက်ကြောင်း ယင်းမေးခွန်းများအား စစ်တမ်း၏အဆုံးတွင်သာ ထည့်ထားသင့်ပါသည်။ ဤနည်းအားဖြင့် အကဲဖြတ်မှု၏ အဓိကအချက်သည် ဖြေဆိုသူများ/KI များကို ကိုယ်စားပြုထားသော နမူနာဖြင့် ကျိုးကြောင်းညီညွတ်စွာ ဆက်လက် အကျုံးဝင်နေပါလိမ့်မည်။
- မေးခွန်းများသည် ယဉ်ကျေးမှုနှင့်ဆီလျော်ခြင်းရှိမရှိ ဆုံးဖြတ်ရန် ဒေသတွင်းဗဟုသုတအားလုံးကို တတ်နိုင်သမျှ အသုံးပြုခြင်းသည် အသုံးဝင်ပါသည်

အသင်းအဖွဲ့အတိုင်း/ ကဏ္ဍတိုင်းတွင် ဆွေးနွေးမည့် ခေါင်းစဉ်စာရင်း/ စစ်တမ်းမေးခွန်းထဲတွင် ထည့်သွင်းရမည့် ၎င်းတို့၏ကိုယ်ပိုင်သီးသန့် နည်းပညာဆိုင်ရာ မေးခွန်းများ/ ကိစ္စရပ်များ ရှိပါသည်။ ထိုသို့သော နည်းပညာရေးရာကိစ္စရပ်များကို ထိတွေ့ကိုင်တွယ်ခြင်းသည် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၏ လုပ်နိုင်စွမ်း ပြင်ပတွင် ရောက်ရှိနေပါသည်။ သို့သော် အကဲဖြတ်မှုတွင် ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများကို ထည့်သွင်းရာတွင် အချို့သော မေးခွန်းများ၌ တိကျသော စံနူန်းများ ရှိပါသည်။ အောက်ပါတို့သည် ပါဝင်ထည့်သွင်းရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည့် ဖြစ်နိုင်သော မေးခွန်းများ၏ ဥပမာများဖြစ်ပါသည်။ စာရင်းက ပြည်စုံလုံလောက်ပြီး တိကျမှုရှိချင်မှ ရှိနိုင်ပါမည်။ အချို့သောမေးခွန်းများက ကြားဝင်ဖျန်ဖြေမှုမစတင်ခင်လုပ်ရသည့် လိုအပ်ချက်အရ အကဲဖြတ်မှုများအတွက် ပိုမိုသင့်တော်ပြီး၊ အခြားမေးခွန်းများက အစီအစဉ်များ/ ကြားဝင်ဖျန်ဖြေခြင်းများကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းအတွက် ပို၍ သင့်တော်ပါသည်။

**အစားအစာနှင့် အစားအစာမဟုတ်သည့် ပစ္စည်းများ ဖြန့်ဝေမှု ရယူခြင်း**

- အသင်းအဖွဲ့များက အစားအစာဖြန့်ဝေသည့် နေရာများသို့ လွယ်လင့်တကူ ရောက်နိုင်ပါသလား (ဥပမာ လမ်းလျှောက်လျှင်ကြာမည့် အကွာအဝေး)။
- အစားအစာဖြန့်ဝေပေးသည့် နေရာက စစ်တပ်များနှင့် ဝေးပါသလား။ (ဤသည်မှာ လေ့လာကြည့်ရမည့် အချက်တစ်ချက်ဖြစ်သည်)
- အသင်းအဖွဲ့အနေဖြင့် အစားအစာ/NFI ဖြန့်ဝေမည့်တည်နေရာများနှင့် အချိန်ကို လူတိုင်းအား အသိပေးအကြောင်းကြားပြီး ဖြစ်သည်ဟု ထင်ပါသလား။
- ဖြန့်ဝေပေးသည့်နေရာများကို ရှင်းလင်းစွာ အမှတ်အသား ပြထားပြီး ကြော်ငြာထားပါသလား။ (ဤသည်မှာ လေ့လာကြည့်ရမည့် အချက်တစ်ချက်ဖြစ်သည်)
- လူစုလူဝေးအား ထိန်းချုပ်သည့် စနစ်သည် လုံလောက်မှုရှိပါသလား။ ဆူပူမှုများ/ နှောင့်ယှက်မှုများ ရှိပါသလား။
- ဝန်ထမ်းများကအစားအစာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြန့်ဝေလျက်ရှိပါသလား။ ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံရန် ၎င်းတို့အား ကောင်းမွန်စွာပြင်ဆင်ထားပါသလား။ အားနည်းချက်နှင့်ပတ်သက်သော ကိစ္စရပ်များအတွက် ၎င်းတို့က အကြံပေးနိုင်ပါသလား။
- အစားအစာ / NFI ဖြန့်ဝေပေးသည့်နေရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် လုံခြုံရေးပြဿနာများ ရှိနေနိုင်ပါသလား။
- အစားအစာ / NFI ဖြန့်ဝေပေးသည့်နေရာတွင် (အမျိုးသမီးများနှင့် မိန်းကလေးများမှလွဲ၍) အခြားပုဂ္ဂိုလ်များအတွက် လုံခြုံရေးပြဿနာများ ရှိနေနိုင်ပါသလား။ ရှိနေပါက၊ မည်သူများ ထိခိုက်ခံရပါသနည်း။
- ဖြန့်ဝေပေးသည့်နေရာသည် အမျိုးသမီးများနှင့် မိန်းကလေးများ အလွယ်တကူ လာရောက်နိုင်သည့်နေရာ ဖြစ်ပါသလား (ဥပမာ သီးခြားနေရာလွတ်များ၊ တန်းစီသည့်ဧရိယာများ၊ ဖြန့်ဝေပေးရာတွင် အမျိုးသမီးဝန်ထမ်း ရှိမှု)။ မရှိပါက၊ အဓိကအားနည်းချက်များက ဘာလဲ။
- ဖြန့်ဝေပေးသည့်နေရာသည် (အိမ်ထောင်စုကို ဦးစီးနေရသော / အဖော်မပါသော / ခွဲထုတ်ခံထားရသော) ကလေးများ အလွယ်တကူ လာရောက်နိုင်သည့်နေရာ၊ လုံခြုံမှု ရှိသည့်နေရာ ဖြစ်ပါသလား။
- ဖြန့်ဝေပေးသည့်နေရာက မသန်စွမ်းသူများအတွက် အလွယ်တကူ လာရောက်နိုင်သည့်နေရာ ဖြစ်ပါသလား။
- ဖြန့်ဝေပေးသည့်နေရာက သက်ကြီးရွယ်အိုများအတွက် အလွယ်တကူ လာရောက်နိုင်သည့်နေရာ ဖြစ်ပါသလား။
- ဖြန့်ဝေပေးသည့် အချိန်က သင့်တော်မှုရှိပါသလား။ မရှိပါက၊ အဓိကပြဿနာများမှာ အဘယ်နည်း။
- ဖြန့်ဝေရေးလုပ်နေစဉ် အသက်ကြီးသူများ၊ မသန်စွမ်းသူများ၊ အဖော်မပါသောနှင့် တစ်ဦးတည်းရောက်လာသည့် ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကဲ့သို့သော သီးခြားလိုအပ်ချက်များရှိသည့်သူများကို ဦးစားပေးသည့် လုပ်ထုံးလုပ်နည်းများ ရှိပါသလား။
- အစားအစာများ လာရောက်ယူဆောင်သည့် အမျိုးသမီးများ သို့မဟုတ် မိန်းကလေးများ၏ ရာခိုင်နှုန်း သိသာစွာ ပြောင်းလဲမှုရှိထားပါသလား။ ရှိပါက၊ တိုးလာသလား သို့မဟုတ် လျော့လာပါသလား။
- ဇနီးများ (အိမ်ရှင်မများ) ကို ရိက္ခာကဒ်တွင် ဖော်ပြထားပါသလား။

## အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

- ရိက္ခာ အရွယ်အစား/ အကူအညီ အရွယ်အစားသည် သယ်ဆောင်သွားရန် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာ နောက်ဆက်တွဲ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် သင့်လျော်သော အရွယ်အစား ရှိပါသလား။
- အစားအစာ / NFI အား အိမ်သို့ သယ်ဆောင်သွားရာတွင် လုံခြုံရေးပြဿနာ တစ်ခုခုရှိပါသလား။
- NFI အထုပ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများ သီးသန့်သုံးသည့် ပစ္စည်းများ (ဥပမာ မိန်းကလေးသုံးပစ္စည်းများ) ကို ဖုံးကွယ်ထားပေးရန် သင့်တော်သည့်ပစ္စည်းများ ပါဝင်ပါသလား။ မပါဝင်ပါက၊ ဘယ်အရာ လိုအပ်နေပါသလဲ။
- NFI အထုပ်များတွင် ကလေးများ သီးသန့်သုံးသည့် ပစ္စည်းများကို ဖုံးကွယ်ထားပေးရန် သင့်တော်သည့်ပစ္စည်းများ ပါဝင်ပါသလား။
- အစားအစာ / NFI ဖြန့်ဝေပေးရာတွင် လူအများပြဿနာကြုံတွေ့ရပါက အစီရင်ခံနိုင်မည့် လုပ်ထုံးလုပ်နည်းများ ရှိပါသလား။
- အမျိုးသမီးများ၊ ကလေးများနှင့် စောင့်ရှောက်ပေးသူများသည် ဖြန့်ဝေရေး လုပ်ငန်းစဉ် စီမံခြင်းတွင် ပါဝင်ပါသလား။
- အစားအစာ / NFI ဖြန့်ဝေပေးရေး တိုးတက်ကောင်းမွန်စေရန် အကြံပြုလိုသည့် နည်းလမ်းတစ်ခုခုရှိပါသလား။
- အရေးပေါ်/ပြောင်းရွှေ့ခြင်းအဆင့်တစ်ခုအတွင်း လုပ်ဆောင်ခဲ့ရသည့် ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများက အမျိုးသမီးများ သို့မဟုတ် မိန်းကလေးများကို အန္တရာယ်ဖြစ်စေပါသလား။
- အစားအစာပြတ်လပ်ခြင်းကို ရင်ဆိုင်ရန် လူထု၏ ကိုင်တွယ်ဖြေရှင်းမှုနည်းလမ်းတွေက ဘာတွေလဲ။
- အရေးပေါ်/ပြောင်းရွှေ့ခြင်းအဆင့်တစ်ခုအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိုင်တွယ်ဖြေရှင်းမှုနည်းလမ်းများက အချို့သော အခြေအနေရှိသည့် လူစုများအား အန္တရာယ်ဖြစ်စေပါသလား (အမျိုးသမီး/ မိန်းကလေး မဟုတ်သည့် အခြားလူများ)။
- အလုပ်အတွက် အစားအစာ ပရောဂျက်များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ပါသလား။ မပါဝင်ပါက ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုအတွက် မည်သည့်အရာများက ဟန့်တားနေပါသနည်း။

### ရေနှင့် ရေဆိုးသန့်စင်စနစ် ရယူသုံးစွဲခွင့်

- ရေရှိသည့်နေရာသည် အမျိုးသမီးများ သွားရောက်ရန် အဆင်ပြေပါသလား။
- ရေရှိသည့်နေရာသည် ကလေးများ သွားရောက်ရန် အဆင်ပြေပါသလား။
- အမျိုးသမီး/ ကလေးများ/ သက်ကြီးရွယ်အိုများ/ မသန်စွမ်းသူများအား သန့်စင်ရေး အဆောက်အဦးများ၏ တည်နေရာနှင့် အမျိုးအစားများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ထားပါသလာ။
- WASH အဆောက်အအုံများကို ကလေးများနှင့် အမျိုးသမီးများအတွက် ကျောင်းနှင့် ကာကွယ်စောင့်ရှောက်ရေး နေရာများတွင် တည်ဆောက်ပေးထားပါသလား။
- ရေရနိုင်သည့်နေရာများက ကလေးများအတွက် ဘေးကင်းပါသလား။
- ရေရနိုင်သည့်နေရာများသို့ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ သွားရောက်နိုင်ပါသလား။
- အချို့သော တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များကို မိန်းကလေးများနှင့် အမျိုးသမီးများအနေဖြင့် အလွယ်တကူ ရယူနိုင်ပါသလား။
- ရေဆိုးသန့်စင်စနစ် အဆောက်အအုံများ၏ အဆင်အပြင်က အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်မှုအတွက် အာမခံပါသလား။
- တွင်းအိမ်သာများက ကလေးသူငယ်များအတွက် ဘေးကင်းပါသလား။ ကလေးသူငယ်များပါဝင်သည့် ဘေးကင်းလုံခြုံရေး ပြဿနာတစ်ခုခု ရှိပါသလား။
- ရေစုဆောင်းသယ်ယူသည့် အလေ့အထက ကလေးငယ်များအတွက် အန္တရာယ်ရှိသော / လေးလံသော အလုပ်ကြမ်းအသွင်မျိုး ဆောင်စေပါသလား။ ရေစုဆောင်းသယ်ယူခြင်း အလေ့အထက ကလေးသူငယ်များ ကျောင်းတက်ရောက်မှုအပေါ် သက်ရောက်မှုရှိပါသလား။
- မိလ္လာအိမ်သာများကို သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ သုံးစွဲနိုင်ပါသလား။
- တွင်းအိမ်သာနှင့် မိလ္လာအိမ်သာများကို အသုံးပြုချိန်တွင် အမျိုးသမီးများ/ မိန်းကလေးများသည် ဘေးကင်းမှုရှိသည်ဟု ခံစားရပါသလား။
- မရှိပါက၊ သူတို့ရင်ဆိုင်ကြုံတွေ့နေရသည့်/ အစီရင်ခံထားသည့် ပြဿနာတွေက ဘာတွေလဲ။
- အရေးပေါ်အခြေအနေတွင် ပါဝင်နေသော/ ပြောင်းရွှေ့ခြင်းခံရသော လူစုများအတွက် ရေနှင့် မိလ္လာ အိမ်သာများ၏ အရည်အသွေးနှင့် လွယ်လင့်တကူ ရယူနိုင်ခြင်းကို မြှင့်တင်ရန်အတွက် အကြံပြုချက် တစ်ခုခုရှိပါသလား။
- တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းအစုံများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပစ္စည်းများ ပါဝင်ပါသလား။
- အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပစ္စည်းများ၏ အရည်အသွေးကို မြှင့်တင်ရန်အတွက် အကြံပြုချက်တစ်ခုခုရှိပါသလား။

### ကျန်းမာရေး

- ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများများက အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သင့်တော်သည့် အချိန်နှင့် နေရာတွင် ရှိပါသလား။
- ကျန်းမာရေး ဆိုင်ရာ ဝန်ဓာဆင်မှုများကို သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအသုံးပြုနိုင်ပါသလား။
- မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများကို ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ရနိုင်ပါသလား။
- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးသည့်နေရာတွင် အမျိုးသမီးဝန်ထမ်းတစ်ဦးဦး ရှိနေပါသလား။ ရိက္ခာက ဘာတွေလဲ။ လုံလောက်ပါသလား။
- ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် နေရာများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီပေးမည့် အထူးကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ ရှိပါသလား။
- ဤပြဿနာများကို ရည်ညွှန်းပေးရန်နှင့် အစီအရင်ခံရန် စနစ်တစ်ခုရှိပါသလား။
- ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် နေရာများတွင် အမျိုးသမီးများ၊ ကလေးသူငယ်များ သို့မဟုတ် အခြားလူများအနေဖြင့် လျှို့ဝှက်စွာ အစီရင်ခံနိုင်မည့် နေရာလွတ်တစ်ခုခု ရှိပါသလား။ ကျန်းမာရေးဝန်ထမ်းများက လျှို့ဝှက်ထားရှိမှုကို အလေးထားပါသလား။
- အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် နေရာများသို့ ဝင်ရောက်ရန် အဓိကဟန့်တားမှုတွေက ဘာတွေလဲ။ (ဥပမာ အကွာအဝေး၊ ကုန်ကျစရိတ်၊ အမျိုးသမီးဝန်ထမ်းမရှိခြင်း၊ ဓလေ့ထုံးတမ်းအရ ကန့်သတ်ချက်များ၊ အထူးပြုဝန်ဆောင်မှုများ မရှိခြင်း...)
- ထိခိုက်ခံရသည့်လူစုများက HIV/AIDS နှင့် လိင်မှတစ်ဆင့်ကူးစက်ရောဂါများ (STI များ) - နှင့် သက်ဆိုင်သော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များ ရင်ဆိုင်နေရပါသလား။ အမှုကိစ္စများအား သင့်လျော်သည့် HIV ဝန်ဆောင်မှုများထံ ဘေးကင်းစွာနှင့် လျှို့ဝှက်စွာ ရည်ညွှန်းပေးပါသလား။

## အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

- အရေးပေါ် အခြေအနေတွင် ပါဝင်သည့် လူစု/ ပြောင်းရွှေ့ခြင်းခံရသည့်လူစုအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် နေရာများ၏ အရည်အသွေးနှင့် အသုံးပြုခွင့်အား မြှင့်တင်ခြင်းအတွက် အကြံပြုချက်များ ပေးရာတွင် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် PWD များ ပါဝင်ဆင်နွှဲခဲ့ပါသလား။ အကြံပြုချက်တစ်ခုခုရှိပါက သူတို့ရဲ့အကြံပြုချက်တွေက ဘာတွေလဲ။
- ကျန်းမာရေးဝန်ဆောင်မှုပေးသူများက ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို သိရှိနိုင်၊ တုံ့ပြန်နိုင်ပြီး ရည်ညွှန်းနိုင်စွမ်းရှိပြီး ယင်းအတွက် လေ့ကျင့်ပေးထားသူများ ဖြစ်ပါသလား။
- မြေမြှုပ်မိုင်းများနှင့် ERW များမှ ရှင်သန်လွတ်မြောက်သူများအတွက် အထူးပြုထားသော အသက်အရွယ်နှင့် သင့်လျော်သည့် ဝန်ဆောင်မှုများ ရှိပါသလား။

**ပညာရေး**

- ဓလေ့ထုံးတမ်းစဉ်လာ စံသတ်မှတ်ချက်များ အင်မတန်လိုအပ်နေပါက ဧရိယာအတွင်း လက်ရှိတွင် မိန်းကလေးများအတွက် သီးသန့်ကျောင်းများ ရှိပါသလား။
- လုံလောက်သည့် ကျောင်းဆရာများ ရှိပါသလား။ ရိက္ခာက ဘာတွေလဲ။ လုံလောက်ပါသလား။
- မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် ကျောင်းသို့ အသွား၊ အပြန်ပြုလုပ်ရန် လုံခြုံရေး ပြဿနာ တစ်စုံတစ်ရာရှိပါသလား။
- ကျောင်းများတွင် မိန်းကလေးများအတွက် သီးခြား သော့ခတ်ထားသော မိလ္လာအိမ်သာများ ရှိပါသလား။
- ပြောင်းရွှေ့ခြင်းခံထားရသောနှင့် ပြောင်းရွှေ့ခြင်းခံမထားရသော ကလေးများအတွက် စာရင်းသွင်းမှုနှုန်းထားများ ကွဲပြားခြားနားမှု ရှိပါသလား။ ရှိပါက၊ ဘာကြောင့်လဲ။
- အဖော်ပါသောနှင့် အဖော်မပါသော ကလေးများအတွက် စာရင်းသွင်းမှုနှုန်းထားများ ကွဲပြားခြားနားမှု ရှိပါသလား။ ရှိပါက၊ ဘာကြောင့်လဲ။
- ကျောင်းအပ်ခြင်း နှင့်/သို့မဟုတ် ပြီးစီးခြင်းအတွက် အဟန့်အတားများ ရှိပါသလား (ဥပမာ၊ ကျောင်းအပ်ခ၊ ကျောင်းစာအုပ်များနှင့် လိုအပ်သည့်ပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ IDP များထံမှ တောင်းခံသည့် သီးခြားစာရွက်စာတမ်းများ)
- ဆရာ/ဆရာမများက သင်ကြားရေးတွင် ကျောင်းသား/သူ များကို တန်းတူညီစွာ ဆက်ဆံပါသလား။
- ဆရာ/ဆရာမများက ပြောင်းရွှေ့ခံရမှုအကြောင်းကို အထူးတလည်ပြောနေပါသလား။
- ဆရာ/ဆရာမများသည် အကြမ်းဖက်မှု၊ လွှဲမှားစွာပြုမှု၊ အမြတ်ထုတ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း ပြဿနာများကို သိရှိ တုံ့ပြန်ပြီး ရည်ညွှန်းပေးနိုင်ပါသလား။
- ဆရာ/ဆရာမများက ကလေးသူငယ်များကို နှိပ်စက်ခြင်း/ လွှဲမှားစွာပြုမှုသည်ဟု အတိုင်ခံထားရပါသလား။
- ရိုက်နက်ပြစ်ဒဏ်ပေးခြင်းမျိုးမပြုဘဲ အပြုသဘောဆောင်သည့် စည်းမျဉ်းများနှင့် သင်ကြားပေးရန် ဆရာ/ဆရာမများကို လေ့ကျင့်ပေးထားပါသလား။
- ဆရာ/ဆရာမများနှင့် ကျောင်းဝန်ထမ်းက ကျင့်ဝတ်စည်းကမ်းများကို လက်မှတ်ထိုးထားပါသလား။
- ဆရာ/ဆရာမများနှင့် ကျောင်းသားများက ကာကွယ်စောင့်ရှောက်ရေး ပြဿနာများအတွက် မည်သည့်နေရာသို့ တိုင်ကြားရမည်ကို သိပါသလား။
- မိုင်းအန္တရာယ်ပညာပေးသည် ပညာရေးဆိုင်ရာ သင်ကြားပြသမှုများတွင် ပါဝင်ပါသလား။
- အရေးပေါ်အခြေအနေတွင် ပါဝင်နေသော/ ပြောင်းရွှေ့ခြင်းခံရသော ကလေးသူငယ်များအတွက် ပညာရေး၏ အရည်အသွေးနှင့် ရယူနိုင်မှုကို မြှင့်ခြင်းအတွက် ကလေးသူငယ်များထံမှ အကြံပြုချက် တစ်ခုခုရှိပါသလား။

**ပြည့်စုံလုံလောက်သော အမိုးအကာ**

- အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အမိုးအကာနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ပါသလား။
- ရနိုင်သည့် နေရာထိုင်ခင်းသည် မိသားစုတစ်စုအတွက် နေထိုင်နိုင်အောင် ကျယ်ပြန့်မှုရှိပြီး အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သီးသန့်နေရာများ ပါဝင်ပါသလား။
- ရနိုင်သည့် နေရာထိုင်ခင်းတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစားထားပါသလား။
- ပညာရေး၊ အပန်းဖြေခြင်းနှင့် ကလေးများအတွက် အခြား လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရန် လုံလောက်သော နေရာလွတ်များရှိပါသလား။
- အိမ်ယာအဆောက်အအုံနှင့် ပတ်သက်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အဓိက စိတ်ပူပန်ရသည့်အချက်က မည်သည်နည်း။
- အိမ်ယာအဆောက်အအုံနှင့် ပတ်သက်ပြီး မသန်စွမ်းသူများအတွက် အဓိက စိတ်ပူပန်ရသည့်အချက်က မည်သည်နည်း။
- ဘေးဒုက္ခကျရောက်မှုဒဏ်ကို ခံရသည့်လူစု/ IDP များ (ဥပမာ၊ လူဦးရေ အလွန်များပြား ပြည့်နှက်နေခြင်း/ သီးသန့်ရှိမှု၊ လုံခြုံရေး၊ ရေနှင့်မိလ္လာမရှိခြင်း၊ ချက်ပြုတ်ရေးအသုံးအဆောင်များ/မီးဖိုချောင်သုံးပစ္စည်းများ မရှိခြင်း၊ ငှားရမ်းခကုန်ကျစရိတ်၊ မြေရှင်၏ သဘောထားနှင့် ပတ်သက်မှု) အတွက် အိမ်ယာနှင့်ပတ်သက်၍ စိုးရိမ်ရမှု ထိပ်ဆုံး 3 ခုကို သတ်မှတ်ပေးပါ။
- အထူးသဖြင့် အချို့သောလူစုများအတွက် နေရာထိုင်ခင်းရှာဖွေရန် ခက်ခဲနေပါသလား။ ခက်ခဲနေပါက၊ ဘယ်သူ့အတွက်လဲ။ (ဥပမာ၊ အမျိုးသမီးများ ဦးဆောင်နေသည့် အိမ်ထောင်စုများ၊ ကလေးငယ်များ ဦးဆောင်နေသည့် အိမ်ထောင်စုများ၊ လူမျိုးစု/ဘာသာရေး လူနည်းစုများ...)
- IDP များကို နှင်ထုတ်ခြင်းများ ဖြစ်ပေါ်ပါသလား။ အကြောင်းရင်းက ဘာတွေလဲ။
- နှင်ထုတ်ရာတွင် အချို့သော IDP အုပ်စုများအပေါ်သာ သက်ရောက်ခြင်း ရှိပါသလား။
- နှင်ထုတ်ခြင်းက တရားဝင်ပါသလား (ဥပမာ၊ အိမ်ငှားက စာချုပ်ကိုချိုးဖောက်၍ နှင်ထုတ်ခြင်း၊ အကြောင်းရင်းမရှိပါက အထူးသဖြင့် ရက်လွန်အသိပေးချက်ဖြင့်)။
- တရားဝင်ပါက အခြေအနေကို လျော့ပါးစေရန် ပံ့ပိုးပေးထားသည့် ထောက်ပံ့မှုရှိပါသလား။
- အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့် ရှိပါသလား။
- အမျိုးသမီးများသည် အမိုးအကာ ပံ့ပိုးပေးသည့် ပရောဂျက်တစ်ခုမှ အကျိုးခံစားခွင့်ရှိပါသလား။
- ရွှေ့ပြောင်းခံရသည့်ဧရိယာများတွင် IDP များအတွက် အမြဲနေထိုင်ရာ မြေယာ/အဆောက်အအုံ ပံ့ပိုးပေးရန် စီစဉ်ထားခြင်းရှိပါသလား။ IDP များက ထိုကဲ့သို့သော မြေယာ / အိမ်ယာအဆောက်အအုံအတွက် အမည်ပေါက် ပိုင်ဆိုင်ခွင့် ရှိပါသလား။ အိမ်တွင်နေထိုင်ခွင့်အတွက် အာမခံချက်ရှိပါသလား။
- နေရပ်သို့ပြန်လာသူများအတွက် အမြဲတမ်း မြေယာ/အိမ်ယာအဆောက်အအုံများ ပံ့ပိုးပေးသည့် သီးခြားအစီအစဉ်တစ်ခု စီစဉ်ထားပါသလား။ နေရပ်သို့ပြန်လာသူများက ထိုသို့သော မြေနေရာများ / အိမ်ယာအဆောက်အအုံအတွက် အမည်ပေါက်ပိုင်ဆိုင်ခွင့်ရှိပါသလား။ အိမ်တွင်နေထိုင်ခွင့်အတွက် အာမခံချက်ရှိပါသလား။
- ဆုံးရှုံးသွားသော / ပျက်စီးသွားသော အိမ်များအတွက် နေရာတွင် နစ်နာကြေးရရှိမည့် လုပ်ထုံးလုပ်နည်းတစ်ခုခု ရှိပါသလား။ ထိခိုက်ခံရသည့်လူစုက ယင်းအကြောင်းကို သိပါသလား။ မိသားစုမည်မျှက လျှောက်ထားသနည်း။ မိသားစုမည်မျှက နစ်နာကြေး လက်ခံရထားပါသနည်း။

## အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

**ယာယီစခန်းတွင် ညှိနှိုင်းဆောင်ရွက်မှု / ကယ်ဆယ်ရေးနေရာများ**

- အမျိုးသမီးများနှင့် မိန်းကလေးများက ယာယီစခန်း / ကယ်ဆယ်ရေးနေရာများရှိ နေရာအပြင်အဆင်က သီးသန့်ဖြစ်သည်/ ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားလိုက်နာသည်ဟု ခံစားရပါသည်။
- သီးသန့်ရှိနေစေရန် မိလ္လာအိမ်သာများကို သေချာ တည်ဆောက်ထားသည်ဟု အမျိုးသမီးများနှင့် မိန်းကလေးများက ခံစားရပါသလား။ မဟုတ်ပါက မည်သည့်ပြဿနာ ရှိပါသလဲ (ဥပမာ အမျိုးသားအိမ်သာများနှင့် လုံလောက်စွာ ကွာဝေးမနေခြင်း၊ အကွာအဝေးက နီးလွန်းနေခြင်း၊ အလင်းရောင်လုံလောက်စွာမရှိခြင်း၊ သော့ပိတ်၍မရခြင်း…)
- သန့်ရှင်းရေးနှင့် မိလ္လာအိမ်သာများတွင် လုံလောက်စွာ အလင်းရောင်ပေးထားသည်ဟု အမျိုးသမီးများနှင့် မိန်းကလေးများ ခံစားရပါသလား။
- ယာယီစခန်း / ကယ်ဆယ်ရေးစခန်း၏ ဖွဲ့စည်းပုံက အတွင်းရှိလူအချင်းချင်း မျှဝေသုံးရသည့်အတွက် ဖြစ်ပေါ်သည့် တင်းမာမှုများကို ရှောင်ကြဉ်ရန် ပြည့်စုံလုံလောက်မှု ရှိပါသလား။
- ကလေးငယ်များ (မိန်းကလေးများနှင့် ယောက်ျားလေးများ)၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများသည် ယာယီစခန်းအတွက် ဒီဇိုင်းနှင့် အပြင်အဆင် ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းရှိပါသလား။
- အာဏာပိုင်များက ယာယီစခန်း/ ကယ်ဆယ်ရေးနေရာများအတွက် လုံခြုံရေးများ ဆောင်ရွက်ပေးနေပါသလား။
- အတင်းအဓမ္မ ခိုင်းစေမှု၊ တိုက်ခိုက်လုယူခြင်း၊ လိင်အခြေပြု အကြမ်းဖက်မှု (အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် မုဒိမ်းကျင့်ခြင်း)၊ သို့မဟုတ် အခြား ခြိမ်းခြောက်မှုများကို တားဆီးဟန့်တားရာတွင် အထောက်အပံ့ဖြစ်မည့် လူထုလုံခြုံရေး (ဥပမာ၊ ကင်းလှည့်အုပ်စုများ) ရှိပါသလား။
- ယာယီစခန်းစီမံခန့်ခွဲရေးဝန်ထမ်းက ကာကွယ်စောင့်ရှောက်ရေး အမှုကိစ္စရပ်များ (အကြမ်းဖက်မှု၊ လွဲမှားစွာပြုမှုများ၊ လျစ်လျူရှုမှု အစရှိသဖြင့်) ကို သိရှိ တုံ့ပြန် သို့မဟုတ် ကိုးကားနိုင်မည်လား။
- ယာယီစခန်း/ ကယ်ဆယ်ရေးစခန်းရှိ အာဏာပိုင်များက လူအများအား စာရင်းသွင်းပေးထားပါသလား။ ယာယီစခန်း၏ လူစုများအား အသက်၊ လိင်အမျိုးအစားနှင့် မသန်စွမ်းမှုအပေါ် မူတည်ပြီး သီးသန့်ခွဲခြားထားပါသလား။
- စာရင်းသွင်းစဉ် သီးသန့်အကူအညီများ လိုအပ်သော လူများ (ဥပမာ- တစ်ကိုယ်တည်း အဖော်မပါလာသော ကလေးငယ်များ) ကို သိရှိပြီး ကူညီပေးခဲ့ပါသလား။
- အာဏာပိုင်များက ယာယီစခန်း/ ကယ်ဆယ်ရေးစခန်းကို ပုံမှန် လာရောက်ကြည့်ပါသလား။ လူမှုဖူလုံရေးဌာန ဝန်ထမ်းက ယာယီစခန်း/ ကယ်ဆယ်ရေးစခန်းကို ပုံမှန် စောင့်ကြည့် လေ့လာမှု ပြုလုပ်ပါသလား။
- ယာယီစခန်း/ ကယ်ဆယ်ရေးစခန်းများ၏ အဆင်အပြင် တိုးမြှင့်ရေးအတွက် အကြံပြုချက်တစ်ခုခု ရှိပါသလား။

**ကယ်ဆယ်ရေးစခန်းများမှ ဘေးကင်းရာသို့ စနစ်တကျပြောင်းရွှေ့ခြင်း**

- ယာယီစခန်း/ ကယ်ဆယ်ရေးစခန်းရှိလူများက စခန်း/ အဆောက်အအုံများမှ ဖယ်ပေးရန် အပြောခံရပါသလား။ ထိုသို့ပြောဆိုခြင်းအား မည်သူပြုလုပ်ပါသလဲ (ဥပမာ၊ ဒေသတွင်း အာဏာပိုင်များ၊ မြေပိုင်ရှင်၊ ရဲ၊ စစ်တပ်၊ ကျောင်းဝန်ထမ်းများ၊ အခြား)
- အသိပေးချက် မည်မျှပေးခဲ့ပါသလဲ (ဥပမာ၊ တစ်ရက်အောက်၊ တစ်ပတ်အောက်၊ 1-2 ပတ်၊ တစ်လအောက်၊ တစ်လထက်ပို၍)။
- ပြောင်းရွှေ့ခြင်းခံရသည့်လူစုများနှင့် ကြိုတင်တိုင်ပင်ဆွေးနွေးမှုတစ်ခုခု ရှိခဲ့ပါသလား။
- အတင်းအဓမ္မပြောင်းရွှေ့စဉ်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုများ ရှိပါသလား။
- အာဏာပိုင်များမှ အကြံပြုထားသည့် နောက်ထပ် ရွေးချယ်စရာဖြေရှင်းချက်တစ်ခုခုရှိပါသလား။
- အာဏာပိုင်များမှ ပံ့ပိုးပေးထားသည့် အကူအညီတစ်ခုခု ရှိပါသလား။

**အစာအာဟာရ**

- အမျိုးသမီးများ မိခင်နို့တိုက်ကျွေးရန် လုံခြုံသည့်နေရာများ ရှိပါသလား။
- အမျိုးသမီးများက နို့တိုက်ကျွေးခြင်းကို ရပ်လိုက်သည် သို့မဟုတ် လျှော့ချလိုက်သည်ဟုဆိုသည့် အစီအရင်ခံစာများ သို့မဟုတ် အရိပ်အမြွက်တစ်ခုခု ရှိပါသလား။
- နို့တိုက်ကျွေးခြင်း မခံရသည့် စောင့်ရှောက်သူမဲ့ ကလေးငယ်များ (0-6 လသားအရွယ်ကလေးများ) ရှိသည်ဆိုသည့် အစီရင်ခံစာများ/ထင်မြင်ချက်များ ရှိပါသလား။
- မွေးကင်းစ သားသား သို့မဟုတ် မီးမီးများအတွက် နို့တိုက်ကျွေးခြင်း အလေ့အကျင့်များတွင် ကွဲပြားခြားနားမှု တစ်ခုခုရှိပါသလား။
- ကလေးသူငယ်များအား အထူးတလည် အလွန်အမင်း အာဟာရချို့တဲ့ခြင်းအတွက် စခန်းများ၏ အာဟာရစင်တာများ/အသင်းအဖွဲ့ စီမံခန့်ခွဲရေးသို့ လွှဲပြောင်းပေးမှုများ ရှိပါသလား။
- အိမ်တွင် အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများအား အစားအစာမည်ကဲ့သို့ ဝေငှပေးပါသနည်း။
- အိမ်ထောင်စုအတွင်းမှ မည်သူက အရင်းအမြစ်များကို ထိန်းချုပ်ပါသလဲ။ ယင်းက အစားအစာရယူခွင့်နှင့် ကျွေးမွေးခြင်း အလေ့အကျင့်များအပေါ် သက်ရောက်မှုရှိပါသလား။
- အရေးပေါ်အခြေအနေဖြစ်ပွားမှုက မိသားစုအတွက် အစားအစာဖူလုံရေး ကဏ္ဍများနှင့် တာဝန်ဝတ္တရားများတွင် ပြောင်းလဲမှုတစ်စုံတစ်ရာ ဖြစ်စေပါသလား။
- အစားအစာ ရယူခွင့်နှင့် ပတ်သက်၍ အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများအတွက် ကွဲပြားခြားနားမှုတစ်ခုခုရှိပါသလား။
- အစားအစာရယူခွင့်တွင် အိမ်ထောင်ဦးစီးအမျိုးသမီးများအတွက် စိန်ခေါ်မှုတစ်ခုခုရှိပါသလား။
- ယောကျ်ားလေးများနှင့် အမျိုးသားများအား မိသားစုများမှ ခွဲခြားထားပါက ၎င်းတို့အတွက် အစားအစာများကို ၎င်းတို့ဘာသာ ရယူနိုင်ပါသလား။
- အသက်အရွယ်ကြီးသည့် အမျိုးသမီးများနှင့် အမျိုးသားများက အစားအစာကို မည်ကဲ့သို့ ရယူပါသနည်း။ အစားအစာခြင်းတောင်းက ၎င်းတို့၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပါသလား။
- လက်ရှိအရေးပေါ်အခြေအနေ မတိုင်မီ မည်သည့်ကြားဖြတ် အာဟာရများ ပံ့ပိုးပေးထားသနည်း။ ၎င်းတို့အား မည်ကဲ့သို့ စီစဉ်ထားသနည်း။
- ကျောင်းသား/သူများက ကျောင်းတွင် အစားအစာ မည်ကဲ့သို့ ရယူနိုင်သနည်း။
- အိမ်ထောင်စုများက အစားအစာအသေးအဖွဲ့အတွက် အရင်းအမြစ်များ မည်ကဲ့သို့ ရယူသနည်း။

## အရင်းအမြစ် 6- ပါကစ္စတန်နိုင်ငံမှ အကဲဖြတ်မေးခွန်း ဥပမာ

**စီးပွားရေး အခြေအနေ ပြန်လည်ကောင်းမွန်လာမှု / အသက်မွေးမှု**

- အန္တရာယ်ဖြစ်စေသည့် ကလေးလုပ်သား ခိုင်းစေမှု ပုံစံတစ်မျိုးမျိုးတွင် ကလေးများ ပါဝင်လုပ်ကိုင်နေရပါသလား။ လုပ်ကိုင်နေရပါက ယင်းသည် ယောကျ်ားလေးများ သို့မဟုတ် မိန်းကလေးများအပေါ် ပို၍ သက်ရောက်နေပါသလား။
- မည်ကဲ့သို့သော အန္တရာယ်ရှိသည့် ကလေးလုပ်သားများအဖြစ် ကလေးများ ပါဝင်လုပ်ကိုင်နေရပါသနည်း။ (ဥပမာ၊ ရိက္ခာစုဆောင်းခြင်း၊ ဆောက်လုပ်ရေးပရောဂျက်များ၊ စိုက်ပျိုးရေးအလုပ်၊ သတ္တုတူးဖော်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း)
- အရေးပေါ်/ ဘေးဒုက္ခရောက်သည့် အချိန်မှစ၍ ကလေးများ အန္တရာယ်ရှိသည့်အလုပ်များတွင် ပါဝင်လုပ်ကိုင်ရခြင်း တိုးမြင့်လာပါသလား။
- ဒေသအတွင်းရှိ ကလေးများ၏ ပညာသင်ယူခြင်းကို ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေရခြင်းက အနှောင့်အယှက်ဖြစ်စေပါသလား။ လုပ်ကိုင်နေရပါက ယင်းသည် ယောကျ်ားလေးများ သို့မဟုတ် မိန်းကလေးများအပေါ် ပို၍ သက်ရောက်နေပါသလား။
- အန္တရာယ်ရှိသည့် ကလေးလုပ်သားဖြစ်နေရခြင်းက ကလေးသူငယ်များကို ဒုက္ခဖြစ်စေသည်ကို လူအများမှ ယေဘုယျအားဖြင့် သတိပြုမိပါသလား။
- အသင်းအဖွဲ့အတွက် အန္တရာယ်ရှိသည့် ကလေးလုပ်သားဆိုင်ရာ သတိပြုမိရေး အစီအစဉ်များ ရှိပါသလား။
- CFW / သက်မွေးဝမ်းကျောင်းသင်တန်းအစီစဉ်များတွင် အမျိုးသမီးများက ပါဝင်နိုင်/ခွင့် ရှိပါသလား။ မရှိပါက၊ ဘာကြောင့်လဲ။
- ယာယီအလုပ် (CFW) / သက်မွေးဝမ်းကျောင်းသင်တန်းပရောဂျက်၏ အသက်နှင့် ကျား/မ ဖွဲ့စည်းမှု အချိုးအစား မည်သို့ရှိသလဲ။ (ကလေး၊ အမျိုးသမီး၊ မသန်စွမ်းသူများ %)
- ယာယီအလုပ် (CFW) / သက်မွေးဝမ်းကျောင်းသင်တန်းပရောဂျက်တွင် ပါဝင်ဆောင်ရွက်သူများ၏ % မည်မျှက အိမ်ထောင်စုများ၏ အမျိုးသမီးအိမ်ထောင်ဦးစီးများ ဖြစ်သနည်း။
- ယာယီအလုပ် (CFW) / သက်မွေးဝမ်းကျောင်းသင်တန်းပရောဂျက်တွင် ပါဝင်ဆောင်ရွက်သူများ၏ % မည်မျှက အိမ်ထောင်စုများ၏ ကလေးသူငယ် အိမ်ထောင်ဦးစီးများ ဖြစ်သနည်း။
- အားအနည်းဆုံး အမျိုးသမီးအိမ်ထောင်ဦးစီးများကို "ငွေကြေးထောက်ပံ့မှုများ" (ဥပမာ၊ ၎င်းတို့၏ ကလေးငယ်များ ကလေးလုပ်သားအဖြစ် အလုပ်လုပ်ရခြင်းမှ တားဆီးရန်၊ GBV မှ ၎င်းတို့ကို ကာကွယ်ရန်) ကို ပံ့ပိုးပေးပါသလား။
- ယာယီအလုပ် (CFW) / ကြားဖြတ် သက်မွေးဝမ်းကျောင်းသင်တန်း၏ ဒီဇိုင်းတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ထည့်သွင်းတိုင်ပင်ထားပါသလား။
- CFW အစီအစဉ်များမှ အကျိုးခံစားနေရသည့် ကလေးမည်မျှ အရွေးခံရပြီး ကျောင်းတက်နိုင်ကြပါသလဲ။
- ယာယီအလုပ် (CFW) / သက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားရေးအစီအစဉ်များ တက်ရောက်ပြီးသား ကလေးမည်မျှက အရွေးခံရပြီးနောက်တွင် ကျောင်းထွက်သွားပါသလဲ။

# အရင်းအမြစ် 7- အားနည်းချက်လေ့ကျင့်ခန်းအတွက် ကတ်များ

| | |
|---|---|
| ပရိုဖိုင် 1 -<br>အသက် 10 နှစ်အရွယ်<br>မိန်းကလေး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 1 -<br>ဤ 10 နှစ်အရွယ် မိန်းကလေးတွင် မိခင်နှင့် ဖခင်ရှိပြီး လက်ရှိတွင် ကျောင်းပုံမှန် တက်ရောက်နေနိုင်ပါသည်။ |
| ပရိုဖိုင် 2 -<br>ဒေသတွင်း ကော်မတီ အဖွဲ့ဝင် | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 2 -<br>ဤဒေသတွင်း ကော်မတီအဖွဲ့ဝင်သည် ဒေသတွင်း ကျား၊မ တန်းတူဖြစ်အောင် ကြိုးစားနေသည့် NGO တစ်ခုမှ အမျိုးသမီးတစ်ဦးဖြစ်သည်၊ သို့သော် သူမသည် ခွဲခြားဆက်ဆံခံနေရသည့် လူနည်းစုလူမျိုး အုပ်စုတစ်စုမှ ဖြစ်သည်။ ရလဒ်အနေဖြင့် သူမ၏ အလုပ်ကို ကြိုးစားလုပ်ကိုင်နေချိန်တွင် ဒေသတွင်းရှိ အမျိုးသားများ၏ ရိုင်းစိုင်းကြမ်းတမ်းသော စကားများ ပြောဆိုခြင်းနှင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ခံနေရသည်။ |
| ပရိုဖိုင် 3 -<br>လယ်သမားတစ်ဦး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 3 -<br>သူ၏ မိသားစုအတွက် ပို၍လုံခြုံသည့်နေရာတစ်နေရာ ရှာဖွေရန် ဤလယ်သမားအနေဖြင့် သူ့မြေယာမှ ထွက်ခွာခဲ့ရသည်။ သူ၏ကောက်ပဲသီးနှံများ ဖျက်ဆီးခံထားရပြီး လယ်သာသုံးပစ္စည်းများ အခိုးခံလိုက်ရသည်။ သူ၏လက်ရှိတည်နေရာတွင် မြေယာရယူအသုံးပြုပိုင်ခွင့် မရှိပါ။ |

| | |
|---|---|
| ပရိုဖိုင် 4 -<br>မသန်စွမ်းသည့်အမျိုးသားတစ်ဦး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 4 -<br>ဤမသန်စွမ်းသူက ဒေသတွင်း အနီးရောင်လခြမ်းကွေးအဖွဲ့နှင့်အတူ အလုပ်တစ်ခု လုပ်ကိုင်နေသည်။ |
| ပရိုဖိုင် 5 -<br>UN PK အခြေစိုက်တစ်ခုမှ သန့်ရှင်းရေးဝန်ထမ်းတစ်ဦး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 5 -<br>ဤသန့်ရှင်းရေးဝန်ထမ်းတစ်ဦးသည် UN ဝန်ထမ်းတစ်ဦးက လိင်ဆက်ဆံခွင့်ပေးရန် အကျပ်ကိုင်ခြင်းကို ကြုံတွေ့ခံစားနေရသည်၊ သူမအနေဖြင့် ထိုသို့စေခိုင်းခြင်းကို ငြင်းဆန်ပါက သို့မဟုတ် တိုင်ကြားပါက အလုပ်ပြုတ်မည်ဟု သူမခံစားနေရသည်။ |
| ပရိုဖိုင် 6 -<br>နိုင်ငံတော် NGO တစ်ခုအတွက် အလုပ်သမား | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 6 -<br>ဤဝန်ထမ်းသည် အစိုးရ၏ ပစ်မှတ်ဖြစ်နေသည့် ဒေသတွင်း လူ့အခွင့်အရေး NGO တစ်ခုတွင် အလုပ်လုပ်နေသူဖြစ်သည်။ သူ၏ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းနှစ်ဦးအား ယခင်လက ဖမ်းဆီးခဲ့သည်။ |

| | |
|---|---|
| ပရိုဖိုင် 7 -<br>အဖွားတစ်ဦး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 7 -<br><br>ဤအဖွားအိုတစ်ယောက်သည် သူ၏မိသားစုနှင့်<br>သူ၏သမီးတို့နှင့် အတူတူနေထိုင်နေသည်။<br>သူတို့တွင် လုံလောက်သော အစားအစာနှင့်<br>အထောက်အပံ့ရှိသည်။ |
| ပရိုဖိုင် 8 -<br>ကလေး 5 ယောက် မိခင်တစ်ဦး | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 8 -<br><br>မကြာမီကဖြစ်ပေါ်ခဲ့သော ရေကြီးမှုကြောင့်<br>သူမ၏ ခင်ပွန်းဖြစ်သူကိုဆုံးရှုံးခဲ့ပြ<br>ပီး ကလေးနှစ်ဦးပျောက်ဆုံးခဲ့သည်။<br>သူမအနေဖြင့်ကျန်ရစ်ခဲ့သောကလေး 3 ယော<br>က်ကိုထောက်ပံ့ရန်ပုံမှန်ဝင်ငွေမရှိဖြစ်နေပြီး<br>အလွန်တရာပူပင်သောကဖြစ်နေရှာသည်။ |
| ပရိုဖိုင် 9 -<br>IDP တစ်ဦး မိမိ၏<br>မူရင်းဌာနေသို့ပြန်ခြင်း | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 9 -<br><br>၎င်းပြည်တွင်းဒုက္ခသည်သည်<br>မိမိ၏မူရင်းဌာနေသို့ပြန်ရန်<br>အထောက်အပံ့ရရှိပြီးဖြစ်သည်။<br>၎င်းအထောက်အပံ့သည် သူ၏<br>နေအိမ်ပြန်လည်တည်ဆောက်ရန်နှင့် မွေးမြူရေးတိ<br>ရစ္ဆာန်အချို့ဝယ်ယူနိုင်စေပါမည်။ |

| | |
|---|---|
| **ပရိုဖိုင် 10 -**<br>**မွေးကင်းစကလေးငယ်တစ်ဦး** | နောက်ဆက်တွဲ အချက်အလက် ပရိုဖိုင် 10 -<br><br>၎င်းမွေးကင်းစကလေးငယ်သည် UNHCR မှ ဒုက္ခသည်အဖြစ် သတ်မှတ်ခံထားရပြီး နော်ဝေနိုင်ငံသို့မကြာမီရွှေ့ပြောင်းမည့် မိသားစု၏ သမီးဖြစ်ပါသည်။ |

# အရင်းမြစ် ၈- ပရောဂျက်ကာလ လက်တွေ့လေ့လာမှု လေ့ကျင့်ခန်း

သင်လက်ရှိဆောင်ရွက်နေသည့် နိုင်ငံသည် လူဦးရေများသည့် လူမျိုးစု (ပထမ) နှင့် လူဦးရေနည်းသည့် လူမျိုးစု (ဒုတိယ) တို့ကြားတွင် လက်နက်ကိုင် ပဋိပက္ခ တွေ့ကြုံနေရပါသည်။ နိုင်တန်ဂအနီး ကျေးရွာများတွင် မကြာသေးမီက ဖြစ်ခဲ့သည့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများက သိသာသည့် ပြည်တွင်း ပြောင်းရွှေ့ခံရယူမှုများ ဖြစ်ပေါ်စေပါသည်။ ပြည်တွင်းရွှေ့ပြောင်းခံသူ အများအပြားက ပဋိပက္ခကြောင့် လက်တလော ထိခိုက်မှုမရှိသေးသည့် နိုင်တန်ဂသို့ရောက်လာကြပါသည်။

ပထမ လူမျိုးစု အုပ်စုမှ လူများဖြစ်သည့် ဒေသခံအသင်းအဖွဲ့နှင့် IDP များ (အများစုမှာ ဒုတိယအုပ်စုမှဖြစ်သည်) ပါဝင်သည့် အသင်းအဖွဲ့တစ်ဖွဲ့တွင် အစားအစာပေးဝေခြင်းအတွက် တာဝန်ရှိသည့် NGO တစ်ခုအတွက် သင်က အလုပ်လုပ်နေသည်။

IDP လူများထဲမှ ပထမအုပ်စုမှ လူများက နေထိုင်စရာများရထားပြီး ဒေသခံအသင်းအဖွဲ့များ၏ အကူအညီများရထားပါသည်။ ဒုတိယအုပ်စု IDP များက ၎င်းတို့၏ကိုယ်ပိုင်တည်ဆောက်ထားရသည့် တဲများတွင် နေရပါသည်။

နယ်မြေအတွင်း အစားအစာပေးဝေခြင်း ပရောဂျက်တစ်ခု ဒီဇိုင်းရေးဆွဲပြီး ဖြန့်ဝေပေးရန် သင်တို့၏ အဖွဲ့အစည်းကို တောင်းဆိုထားပါသည်။

# အခန်းခွဲ 9- ဒုက္ခသည်များ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ

## ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

### ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွေ့စပ်သည်ဟု မဆိုလိုသော်လည်း *လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင်* ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတကုဒ်များဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက်ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

**ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ**

- အဆောက်အအုံများ၏ တည်နေရာနှင့် ထိုနေရာသို့ သွားသည့် လမ်းကြောင်းများသည် အကြမ်းဖက်မှု၊ အထူးသဖြင့် လိင်အခြေပြု အကြမ်းဖက်မှု (GBV) နှင့် လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကဲ့သို့သော အလားအလာရှိသည့် သို့မဟုတ် အမှန်တကယ်ဖြစ်ပွားနေသည့် ခြိမ်းခြောက်မှုများနှင့် ဝေးရာတွင်ရှိကြောင်း သေချာပါစေ။

    ***မှတ်ချက်များ-***

    - *မြေပုံပေါ်တွင် ဘေးကင်းသောဒေသနှင့် ဘေးကင်းလုံခြုံမှုမရှိသောဒေသများကို အတည်ပြုနိုင်ရန်လူအများကိုအုပ်စုခွဲပြီး ပါဝင်သူများကို သီးခြားစီပြောဆိုမေးမြန်းပါ (သက်ကြီးအမျိုးသားများ၊ သက်ကြီးအမျိုးသမီးများ၊ အရွယ်ရောက်ပြီးအမျိုးသားများ၊ အရွယ်ရောက်ပြီးအမျိုးသမီးများ၊ လူငယ်ယောက်ျားများ၊ လူငယ်အမျိုးသမီးများ၊ယောက်ျားငယ်လေးများ၊ မိန်းကလေးငယ်လေးများ၊ မသန်စွမ်းအမျိုးသားများ၊ မသန်စွမ်းအမျိုးသမီးများ၊ လူနည်းစုများ)*
    - *လမ်းများတစ်လျှောက် ညဘက်အန္တရာယ်များလျော့နည်းစေရန် မီးအလင်းရောင် သေချာ ထွန်းညှိထားပါ။ လုံခြုံမှုမရှိသောနေရာများနှင့် လမ်းကြောင်းများကို အကာအကွယ်အစောင့်အရှောက် ပေးရန်နှင့် မီးထွန်းညှိထားရန် သင့်လျော်သောလုပ်ဆောင်ချက်များဆောင်ရွက်ပါ။ ဥပမာများတွင် လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ခြင်း၊ တစ်ဦးချင်းအလိုက် လက်နှိပ်ဓါတ်မီးများဝေငှခြင်း၊ မိမိအုပ်စုတွင်းမှလူမှန်းသိရှိနိုင်ရန်သဘောတူအချက်ပြစနစ်များညှိနှိုင်းထားခြင်း၊ အုပ်စုလိုက်စောင့်ကြည့်ခြင်းများကိုအားပေးရန် သို့မဟုတ် နယ်မြေဒေသများကို ပုံမှန်စောင့်ကြည့်ရန် လုံခြုံရေးဝန်ထမ်းထားခြင်းတို့ ပါဝင်သည်။*
    - *အဆောက်အအုံများကို သံသယရှိသော ဒုစရိုက်သမားများ၏ အနီးတွင် မထားရှိပါနှင့်။* ***မှတ်သားရန်*** *ရဲများနှင့် လက်နက်ကိုင်တပ်ဖွဲ့များမှာ အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများအဖြစ် မကြာခဏ တွေ့ရှိရပါသည်။ ၎င်းတို့သည် စိတ်ချရသော ခံစားမှုကို ပေးသလား (သို့) ကြောက်ရွံ့မှုကို ခံစားရစေသလား ဆိုသည်မှာ ဆက်စပ်စဉ်းစားရမည့် အခြေအနေပေါ်တွင် မူတည်ပါသည်။ ၎င်းတို့၏ ဦးစားပေးလိုလားမှုများနှင့် ပတ်သက်၍ လူမှုအဖွဲ့အစည်းနှင့် အလားအလာရှိသော အကျိုးခံစားရသူများနှင့် တိုင်ပင်ဆွေးနွေးရန် အရေးကြီးပါသည်။*
    - *လိုအပ်ပါကသင့်လျော်သော ရဲတပ်ဖွဲ့ ဖွဲ့စည်းပါ။*

- တစ်ဦးတစ်ယောက်ချင်းသာမက အုပ်စုအားလုံးအနေဖြင့် အဆောက်အအုံများကို ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ အသုံးပြုနိုင်ရန် ဆင်ခြေလျှောလမ်းများ ထားရှိခြင်းနှင့် အဆောက်အအုံသို့ သွားရန် ခိုင်ခံ့သော လက်ရန်းများတပ်ဆင်ခြင်း ကဲ့သို့သော **အခြေခံအဆောက်အအုံများကို** အလိုက်သင့် ပြင်ဆင်ပါ။

    ***မှတ်ချက်များ-***

    - *လိုအပ်သော သင့်လျော်သည့် ပြင်ဆင်ပြောင်းလဲမှုပုံစံများကို သိရှိနိုင်ရန် တိုက်ရိုက်စောင့်ကြည့်မှုများ၊ မသန်စွမ်းသူများနှင့် အုပ်စုလိုက် ဆွေးနွေးမှုများလုပ်ပါ။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

- တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်းနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မျှဝေရာတွင်လျှို့ဝှက်ထားရှိရေးနှင့် **သီးသန့်ထားရှိရေးကို**လေးစားပါ။

    *မှတ်ချက်များ-*
    - *အခန်းများကို အများပြည်သူနေရာများ သို့မဟုတ် စောင့်ဆိုင်းဧရိယာမှ ခွဲထားကြောင်း သေချာပါစေ။*
    - *သီးသန့်ခန်းများ မရနိုင်ပါက နံရံကာခြင်း သို့မဟုတ် လိုက်ကာကာခြင်းများ ပြုလုပ်ပါ။*
    - *အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအနေဖြင့် ၎င်းတို့ကိုနောက်ဆက်တွဲစိတ်ဒဏ်ရာဖြစ်စေသော ၎င်းတို့၏ဖြစ်ပျက်ပုံကို ထပ်တလဲလဲ ပြောပြရန် မလိုအောင် သတင်းအချက်အလက်မျှဝေသည့် ကျင့်ဝတ်တစ်ခု သတ်မှတ်ထားကြောင်းသေချာပါစေ။*
    - *တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ပေးရန် မလိုအပ်သည့် အချက်အလက်များကို စုစည်းရယူခြင်း မပြုပါနှင့်။*
    - *အမျိုးသမီးများနှင့်မိန်းကလေးငယ်များအား ၎င်းတို့သတ်မှတ်ထားသည့် တစ်ကိုယ်ရည်လုံခြုံမှုသတ်မှတ်ချက်များအကြောင်းကို ၎င်းတို့အတူနေထိုင်ရာနေရာများ၊ သန့်စင်ခန်းများနှင့် ရေချိုးခန်းများ အစရှိသည့်နေရာများတွင် ပြောဆိုမေးမြန်းပါ။*
    - *နံရံများ၊ တံခါးများနှင့် သော့ခလောက်များ တပ်ဆင်ရန်အားပေးပါ သို့မဟုတ် တပ်ဆင်ပေးပါ။*

- **ကာယကံရှင်၏ ခွင့်ပြုချက် မရှိပါက လူပုဂ္ဂိုလ်ဆိုင်ရာအတည်ပြုခြေရာခံနိုင်မည့်**အချက်အလက်များမျှဝေခြင်း မပြုပါနှင့် (ဥပမာ အမည်များ၊ နေရပ်လိပ်စာများ၊ ထင်ရှားသည့်အမူအကျင့်များနှင့် စရိုက်လက္ခဏာများစသည့် အထောက်အထားဖော်ထုတ်မှုများလုပ်ဆောင်နိုင်သည့် အကြောင်းအရာများ)

    *မှတ်ချက်များ-*
    - *အချက်အလက်များ စုဆောင်းရယူ၍ အသုံးပြုရန် ခွင့်ပြုချက်တောင်းဆိုရာတွင် ကာယကံရှင်အား ဆောင်ရွက်မည့်ကိစ္စအားလုံးကို ရှင်းလင်းစွာ အသိပေးပြီး ကြိုတင်အသိပေးခွင့်ပြုချက်ရယူထားသည့် အချက်အလက်များကိုသာ စုဆောင်းအသုံးပြုကြောင်း သေချာပါစေ(ဥပမာ ဉာဏ်ရည်မမီသော ကလေးငယ်များ (သို့) ပုဂ္ဂိုလ်များသည် အပြည့်အဝ နားလည်မှုမရှိဘဲ (သို့) ကြိုတင်အသိပေးခွင့်ပြုချက် တောင်းဆိုခံရခြင်း မရှိဘဲ ခွင့်ပြုချက်ကို ပေးကောင်းပေးမိနိုင်ပါသည်)*
    - *အချက်အလက်ထိန်းသိမ်းရာနေရာသည် လုံခြုံမှုရှိပြီး နယ်မြေမှ အရေးပေါ်ပြောင်းရွှေ့ရမည့် ဖြစ်ရပ်တွင် အချက်အလက်များကို လုံခြုံစွာ ကာကွယ်ပြောင်းရွှေ့ (သို့) ဖျက်စီးပစ်နိုင်ရန် အရေးပေါ်အစီအစဉ်များ အဆင့်သင့်ရှိနေကြောင်း သေချာပါစေ။*

- အကြမ်းဖက်မှုတွင် အသက်ရှင်ကျန်ရစ်သူများ၊ အထူးသဖြင့် ကလေးငယ်များ နှင့်/ သို့မဟုတ် ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း GVB တွင်အသက်ရှင်ကျန်ရစ်သူများ ကိုလက်ခံ၍ အကြံပေးဆွေးနွေးမှုများပြုလုပ်ရာတွင် အရည်အချင်းပြည့်မီသော လူမှုစိတ်ပညာဆိုင်ရာ ဝန်ထမ်းများကိုသာ တာဝန်ပေးအပ်ကြောင်းသေချာပါစေ။

    *မှတ်ချက်များ-*
    - *အကျွမ်းတဝင်လုပ်ငန်းဆောင်ရွက်နိုင်သူများကိုတာဝန်ပေးအပ်ရန်တိကျစွာလုပ်ဆောင်ပါ။ကလေးသူငယ်များနှင့် ဆက်သွယ်ပြောဆိုရာတွင် တာဝန်ပေးအပ်နိုင်သည့် (သို့) အလွယ်တကူ လွှဲပြောင်းပေးနိုင်မည့် လေ့ကျင့်သင်ကြားပေးထားသော ကလေးသူငယ်ဆိုင်ရာ ကိုယ်စားဆောင်ရွက်သူများ/ အတိုင်ပင်ခံများရှိကြောင်း သေချာပါစေ။*
    - *ဝန်ထမ်းများသည် GBV တွင် အသက်ရှင်ကျန်ရစ်သူများကို အကြံပေးနစ်သိမ့်ဆွေးနွေးရန်နှင့် ကူညီပံ့ပိုးပေးရန် သီးသန့်လေ့ကျင့်သင်ကြားထားသည့် ဝန်ထမ်းများ (သို့) အခြား ဝန်ဆောင်မှု ပံ့ပိုးသူများအကြောင်း သိရှိပြီး အလွယ်တကူ လွှဲပြောင်းပေးနိုင်ကြောင်း သေချာပါစေ။*

- ကျား၊မဆိုင်ရာနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိလွယ်ရှလွယ် ကိစ္စရပ်များနှင့် ပတ်သက်၍ ကိုယ်တွေ့ အတွေ့အကြုံဗဟုသုတရှိသော ဂန်ထမ်းအမျိုးအစား (ဥပမာ၊ အမျိုးသား၊အမျိုးသမီး၊ လူနည်းစုအဖွဲ့ဝင်များ) စုံလင်စွာရှိကြောင်း သေချာပါစေ။

- အသိပညာမြှင့်တင်ရေး ကဏ္ဍများအတွင်း အစားအစာမဟုတ်သည့် ပစ္စည်း (NFI)များ (သို့) ဆုများကို ဝေငှပေးရာတွင် ပစ္စည်းတန်ဖိုးသည် ကာယကံရှင်များအတွက် တင်းမာမှု (သို့) အန္တရာယ်များ (ဥပမာ။ ဆုများရယူရန် တွန်းတိုက်ခြင်းနှင့် တိုးကြိတ်ခြင်း၊ အစီအစဉ်ပြီးနောက် ဆုများကို ခိုးယူခြင်း အစရှိသည်) မဖြစ်ပွားစေရန် သေချာစွာ ဆောင်ရွက်ပါ။ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကဲ့သို့သော အားနွဲ့ ချည့်နဲ့သော အုပ်စုများကို အထူးအာရုံစိုက်ပါ။

    *မှတ်ချက်များ-*
    - *တန်ဖိုးရှိသောလက်ဆောင်များ ဖြန့်ဝေပေးပါက အများမြင်လွယ်သည့်နေရာမှ ကင်းဝေးသော အိမ်သို့သွားရောက် ပေးအပ်ရန် စဉ်းစားပါ။*
    - *NFI များသည် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်အင်္ဂါချို့ယွင်းသူများသယ်ဆောင်နိုင်လောက်သော သင့်တော်သည့်အရွယ်အစားဖြစ်ကြောင်း တိကျစွာလုပ်ဆောင်ပါ။*
    - *အထူးပံ့ပိုးမှု လိုအပ်သော လူတန်းစားများဖြစ်သည့် ကိုယ်ဂန်ဆောင်အမျိုးသမီးများ၊ ကလေးများ၊ ကလေးငယ်ရှိသည့်တစ်ကိုယ်တည်းမိဘများ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့်အပစ်ပယ်ခံရသူများဆီသို့ ပစ္စည်းပို့ဆောင်ဖြန့်ဖြူးမှုမဟာဗျူဟာများ ရေးဆွဲပါ။*

### အမိပွါယ်ပြည့်ဝသော ရယူခွင့်

- တစ်ဦးချင်းစီက အမှန်တကယ် ရယူနိုင်ရန် **လုံလောက်သော အချိန်တစ်ခု** တွင် ပံ့ပိုးဝန်ဆောင်မှုများကို ပေးအပ်ကြောင်း သေချာပါစေ။

    *မှတ်ချက်များ-*
    - *ပုံမှန်တာဝန်ချိန်ပြင်ပ ဝန်ဆောင်မှုများဖြည့်ဆည်းဆောင်ရွက်ခြင်းများကို ထည့်သွင်းစဉ်းစားပါ (ဥပမာ၊ အရေးကြီးကိစ္စများကို အဓိကထားဆောင်ရွက်ခြင်း သို့မဟုတ် ညဘက်နှင့် စနေ၊ တနင်္ဂနွေပိတ်ရက်များတွင ဝန်ဆောင်မှုပေးခြင်း)။ ဥပမာအားဖြင့်၊ ဂန်ဆောင်မှုသို့မဟုတ် စာရင်းသွင်းဆောင်ရွက်ခြင်းများကို 9:00 မှ 17:00 နာရီ အထိသာ ဆောင်ရွက်ပေးပါက 17:01 နာရီ အချိန်တွင် ရောက်ရှိလာသူများအတွက် ကာကွယ်စောင့်ရှောက်မှု ရရှိစေရန် မည်သည့်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို လုပ်ဆောင်ထားသနည်း။ ယင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များသည် အသက်နှင့် လိင်အမျိုးအစားကို ထည့်သွင်းစဉ်းစားခြင်း ရှိပါသလား။ ဝန်ထမ်းများအတွက် ၎င်းတို့၏ ပြက္ခဒိန်အလိုက်အချိန်ဇယား အတွင်းမှ အဓိကဝန်ဆောင်မှုတောင်းခံသူများကို လက်ခံဆောင်ရွက်နိုင်စေရန် လိုက်လျောညီထွေဖြစ်မည့် ဝန်ထမ်းတာဝန်ကျဇယားကိုရေးဆွဲထုတ်ပြန်ပါ။*
    - *24 နာရီ၊ 7 ရက်ပါတ်လုံး အရေးပေါ်ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု ရယူနိုင်ခြင်း ရှိပါသလား။ (ဥပမာ၊ ဆေးဂါးစောင့်ရှောက်မှု)*
    - *ဂန်ဆောင်မှုလိုအပ်သူများဂန်ဆောင်မှုရယူနိုင်ရန် မိုဘိုင်းနည်းပညာသုံးစွဲတပ်ဆင်ရန် ထည့်သွင်းစဉ်းစားပါ။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

- ဝန်ဆောင်မှုကို **အမျိုးသမီးများနှင့်မိန်းကလေးငယ်လေးများ**ရယူနိုင်စေရန်ကျစွာလုပ်ဆောင်ပါ

  *မှတ်ချက်များ-*
  - *အကြောင်းကိစ္စအများစုတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်လေးများသည် ၎င်းတို့၏အမျိုးသမီးဖြစ်တည်မှုအရ ဝန်ဆောင်မှုရယူရန်ကန့်သတ်ခံရနိုင်သည်ကို ထည့်သွင်းစဉ်းစားပါ။ အမျိုးသားများ၊ ယောကျ်ားငယ်လေးများကို အမျိုးသမီးများနှင့်မိန်းကလေးငယ်လေးများနှင့် သီးခြားစီခွဲထုတ်ပြီး ၎င်းတို့ကြုံတွေ့နေရသည့်အခက်အခဲများကို တိုက်ရိုက်မေးမြန်းပါ။ အမျိုးသမီးများနှင့် မိန်းကလေးငယ်လေးများကို တစ်ယောက်တည်းသီးသန့်တွေ့ဆုံပြောဆိုသည့်အခါ ဖြစ်ပေါ်လာနိုင်သော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာပြဿနာများကို ထည့်သွင်းစဉ်းစားပါ။ လိင်အမျိုးအစားတူသော ဝန်ထမ်းများထားရှိပါ။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား တစ်ယောက်တည်းသီးသန့်တွေ့ဆုံဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့ခေါင်းဆောင်များနှင့် ကြိုတင်ပြင်ဆင် ပူးပေါင်းဆောင်ရွက်ပါ။*

- ၎င်းဝန်ဆောင်မှုကို **သွားလာရန် အခက်အခဲရှိသူများ**ရယူနိုင်ရန် တိကျစွာလုပ်ဆောင်ပါ (ဥပမာ၊ ရုပ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အိပ်ရာထဲလဲနေသူများ)

  *မှတ်ချက်များ-*
  - *ဘီးတပ်ကုလားထိုင် သွားလာရန်အတွက် ညီညာသော လမ်းကြောင်းနှင့် သင့်တော်သော စကြ်န်များ ရရှိရန်လုပ်ဆောင်ပေးပါ။ ကွဲပြားသော ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများကိုလည်းထည့်သွင်းစဉ်းစားပါ။ မတူညီသော နေရာအကျယ်အဝန်းပေါ်မူတည်ပြီး မတူညီသောဘီးတပ်ကုလားထိုင်များ လိုအပ်နိုင်ပါသည်။ ကိုယ်လက်အင်္ဂါအတုများ တပ်ဆင်ထားရသူများသည် အကွာအဝေး အနည်းငယ်သာ သွားလာနိုင်ကောင်း သွားလာနိုင်ပါသည်။ မည်သည့်ဖြေရှင်းချက်က ၎င်းတို့၏လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်မည်ကို ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများနှင့် ပြောဆို ဆွေးနွေးပါ။*
  - *ဝန်ဆောင်မှု မရယူနိုင်သူများအတွက် ၎င်းတို့ရရှိနိုင်မည့် အထူးအစီအစဉ်များ လုပ်ဆောင်ထားကြောင်း သေချာပါစေ (ဥပမာ မိုဘိုင်းဖုန်းမှတစ်ဆင့် တိုင်ပင်ဆွေးနွေးပေးသည့် စင်တာများ၊ အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံမှုများ)။*
  - *ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများသည် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ပိုဆိုးဝါးစေနိုင်သည်ကို သိရှိထားပါ။ ကိုယ်အင်္ဂါမသန်စွမ်းသူအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း (GBV) အန္တရာယ်ကြုံတွေ့ရနိုင်မှုမြင့်မားပါသည်။*
  - *အိမ်တိုင်ရာရောက် အကြံပေးဆွေးနွေးခြင်းနှင့် ဝန်ဆောင်မှုများအတွက် ဝန်ထမ်းများကို လေ့ကျင့်ပေးရန်နှင့် တစ်ဦးချင်းစီကို စည်းရုံးရန် မသန်စွမ်းပုဂ္ဂိုလ်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသော ဒေသခံ NGO တစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ပါ။*

- ရွေ့လျားနိုင်မှုမရှိခြင်းနှင့် ဆက်စပ်နေသော မသန်စွမ်းသူများ (ဥပမာ - မျက်စိအလင်းကွယ်နေသူ၊ အကြားအာရုံမကောင်းသူ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာချို့တဲ့သူ) **အနေဖြင့်လည်း ဝန်ဆောင်မှုများကို အသုံးပြုနိုင်ကြောင်း သေချာပါစေ။**

  *မှတ်ချက်များ-*
  - *ဝန်ဆောင်မှုအကြောင်း အချက်အလက်များကို နှုတ်ဖြင့်ပြော၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ သတင်းပေးပါ။ ရုပ်ပုံကားချပ်များဖြင့် တင်ပြခြင်း၊ ရှင်းလင်းဟောပြခြင်းများကိုဆန်းသစ်တီထွင်ရန် ထည့်သွင်းစဉ်းစားပါ (ဥပမာ၊ ဝန်ဆောင်မှုများ လွှဲပြောင်းပေးရမည့် လမ်းကြောင်းများကိုအသိပေးခြင်း)*
  - *မည်သို့ လျှို့ဝှက်ထားရှိပြီး ကြိုတင်အသိပေးပြီးဖြစ်သည့် သဘောတူညီချက်ကို မည်သို့ ရယူရမည်ကို သိရှိခြင်းအပါအဝင် ဉာဏ်ရည်ချို့တဲ့သူများနှင့် မည်သို့ အလုပ်လုပ်ရမည်ကို ဝန်ထမ်းများအား လေ့ကျင့်ပေးထားကြောင်း သေချာပါစေ။ အများအားဖြင့် ဒေသခံ NGO များတွင် နည်းစနစ်ပိုင်းဆိုင်ရာ အသိပညာဗဟုသုတများ ရှိနိုင့်ပြီးဖြစ်ပါသည်။*
  - *ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများသည် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ပိုဆိုးဝါးစေနိုင်သည်ကို သိရှိထားပါ။ ကိုယ်အင်္ဂါမသန်စွမ်းသူအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း (GBV) အန္တရာယ်ကြုံတွေ့ရနိုင်မှုမြင့်မားပါသည်။*

- **ယောကျ်ားလျာများ၊ မိန်းမလျာများ၊ လိင်စုံစိတ်ဝင်စားသူများ၊ လိင်ပြောင်းထားသူများနှင့် ကြားနေလိင်စိတ်ရှိသူများ (LGBTI)**တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုများကိုရယူနိုင်ရန် တိကျစွာလုပ်ဆောင်ပါ။

  *မှတ်ချက်များ-*
  - *ယောကျ်ားလျာများ၊ မိန်းမလျာများ၊ လိင်စုံ စိတ်ဝင်စားသူများ၊ လိင်ပြောင်းထားသူများနှင့် ကြားနေလိင်စိတ်ရှိသူများ (LGBTI)ကို အစီအစဉ်လှုပ်ရှားဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုများတွင် ပါဝင်စေခြင်းနှင့် ပတ်သက်၍ ဝန်ထမ်းများနှင့်အတူ ဆွေးနွေးပွဲများ ပြုလုပ်ပါ။ LGBTI များသည် ပုံမှန်အားဖြင့် အကူအညီရယူရာတွင်ရာတွင် ပါဝင်လေ့မရှိပါ။ အဘယ်ကြောင့်ဆိုသော်၎င်းတို့အနေဖြင့်၎င်းတို့၏ဖြစ်တည်မှုအရ အကူအညီပေးရန် ငြင်းပယ်ခံရမည်ဟု ယုံကြည်လျက်ရှိခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် အခြားသော ခွဲခြားဆက်ဆံခံရသည့် (သို့) လျစ်လျူရှုခံရသည့် လူနည်းစုများနှင့် မတူသည့်အချက်မှာ LGBTI များသည် နိုင်ငံတွင်း ဥပဒေများမှတစ်ဆင့် တိုက်ရိုက် တိုက်ခိုက်မှုနှင့် အကြမ်းဖက်မှု (သို့) နှိပ်စက်ညှင်းပန်းမှုများကိုပင် ခံစားရလျက်ရှိပါသည်။ ၎င်းတို့သို့သဘောထားများမှာ ကူညီထောက်ပံ့နေသော ဝန်ထမ်းများအကြားတွင်ပင် ပျံ့နှံ့လျက် ရှိပါသည်။ အချိန်တိုင်းမှာပင် လုံခြုံမှုကိုဦးစားပေးရန်နှင့် မည်သူ့ကိုမျှ အန္တရာယ်မပေးမိရန် အရေးကြီးလှပါသည်။ (ဥပမာ။ LGBTI တိုင်းကို ဂန်ဆောင်မှုရယူနိုင်အောင် ကူညီပေးရန် အရေးကြီးလှပါသည်။ သို့သော် ၎င်းတို့၏ခွင့်ပြုချက်မရပဲ ၎င်းတို့၏လိင်ပိုင်းဆိုင်ရာဖြစ်တည်မှုကို မဖော်ထုတ်ရပါ။)*

- **စာရွက်စာတမ်း** မပြည့်စုံခြင်းကြောင့် လူတိုင်းလူတိုင်း ဝန်ဆောင်မှုများ ရယူနိုင်ခြင်း မရှိသည့်အဖြစ်မျိုး မရှိအောင် သေချာဆောင်ရွက်ပါ။

  *မှတ်ချက်များ-*
  - *စာရွက်စာတမ်း မပြည့်စုံခြင်းကြောင့် ဝန်ဆောင်မှုနှင့် ထောက်ပံ့ငွေရယူခြင်းတို့တွင် ထိခိုက်နိုင်သည်ကို ထည့်သွင်းစဉ်းစားပါ။ ဥပမာ၊ ပါကစ္စတန်နိုင်ငံတွင် အထောက်အထား စာရွက်စာတမ်းများ မရှိသော မိဘများသည် အစားအစာ ဝေငှမှုများကို ရယူပိုင်ခွင့် မရှိသည့်အပြင် ၎င်းတို့၏ ကလေးများကို ကျောင်းသို့ မပို့နိုင်ဘဲ အလုပ်ခွင်သို့ ပို့ဆောင်ရသည်*
  - *အပယ်ခံလူတန်းစားအများစုအနက် အချို့သောသူများသည်ကျောင်းမနေခဲ့ရခြင်း သို့မဟုတ်အတန်းပညာမရှိခြင်းတို့ကြောင့် ကျောင်းမှအောင်လက်မှတ် အထောက်အထားများမရှိကြပေ။ ဝန်ဆောင်မှုများမှ ၎င်းတို့ကို မလိုအပ်ဘဲ ဖယ်ထုတ်မိခြင်း မရှိစေရန် ၎င်းအထောက်အထား လက်မှတ်များမှာ မဖြစ်မနေ လိုအပ်မှု ရှိမရှိကို သေချာစဉ်းစားပါ။*
  - *အကျိုးခံစားခွင့်ရှိသူများကို စာရွက်စာတမ်းများ ရယူနိုင်ရန် သို့မဟုတ် ၎င်းစာရွက်စာတမ်းများထုတ်ပေးသည့် အဖွဲ့အစည်းတစ်ခုသို့ လွှဲပြောင်းလမ်းညွှန်ပေးခြင်းဖြင့် ကူညီပေးသင့်ပါသည်။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

- အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို**နားလည်ပြီး အခိုင်အမာတောင်းဆိုနိုင်ရန်တိ**ကျစွာလုပ်ဆောင်ပါ (ဥပမာ။ သင်ရရှိမည့် ဝန်ဆောင်မှုများကိုရယူခြင်း)။

  *မှတ်ချက်များ-*
  - *အကဲဖြတ်ဆန်းစစ်မှုများတွင် ရပိုင်ခွင့်များနှင့် ဝန်ဆောင်မှုများအကြောင်း မသိရှိခြင်းကို ပုံမှန်အားဖြင့် ဖော်ထုတ်တွေ့ရှိရပါသည်။*
  - *အကျိုးခံစားခွင့်ရှိသူများအားလုံး အထူးသဖြင့် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ စခန်းများတွင် အသစ်ရောက်ရှိလာသူများ နားလည်နိုင်သည့် ဘာသာစကားအရေအတွက် လုံလုံလောက်လောက်ဖြင့် အခွင့်အရေးဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။*
  - *ပုံနှိပ်ထုတ်ဝေမှုပြုလုပ်မည့်အခါတိုင်း စာပေတတ်မြောက်မှု အဆင့်များကိုပါ ထည့်သွင်းစဉ်းစားပါ။ စာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေရာတွင် စာပေတတ်ကျွမ်းမှုအဆင့်ကို ထည့်သွင်းစဉ်းစားသင့်သည် (ဥပမာ စာသားများအစား ပုံရိပ်များကို သုံးစွဲခြင်း)။ အခွင့်အရေးများနှင့် ဝန်ဆောင်မှုများအကြောင်း မသိရှိခြင်းသည် ပုံမှန်အားဖြင့် အကဲဖြတ်မှုများတွင် လေ့လာတွေ့ရှိရသော ဟာကွက်တစ်ခု ဖြစ်ပါသည်။*

- ဝန်ဆောင်မှု ရယူသုံးစွဲခွင့်နှင့် ခွဲခြားဆက်ဆံခြင်းများကို **စောင့်ကြည့်ထိန်းချုပ်ပါ။**

  *မှတ်ချက်များ-*
  - *စီမံကိန်း အညွှန်းကိန်းများ (ဥပမာ ဂန်ဆောင်မှုရယူနိုင်ခဲ့သူ အရေအတွက်) သည် အသက်အရွယ်၊ ကျား/မကွဲပြားမှု၊ နေထိုင်ရာဒေသ၊ သို့မဟုတ် သီးသန့်အုပ်စုများ (ဥပမာ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ လူနည်းစုတိုင်းရင်းသားများ) အလိုက် သေချာ အမျိုးအစားခွဲခြားပါ။*
  - *ဖြစ်နိုင်သည့်အခါများတွင် ဝန်ဆောင်မှု ရယူသုံးစွဲခွင့်ကို စောင့်ကြည့်ထိန်းချုပ်ရန် ကာကွယ်စောင့်ရှောက်ရေး ကော်မတီများနှင့် အကျိုးခံစားခွင့်ရှိသူများကို လေ့ကျင့်သင်ကြားပေးပါ။*
  - *ဝန်ဆောင်မှုများသည် အချို့တဲ့ဆုံးသူများထံရောက်ရှိကြောင်း သေချာအောင်လုပ်ပါ။*

### တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု

- ကြားဝင်ကူညီဖြေရှင်းရေး ဒေသများအတွင်းရှိ **လုပ်ပိုင်ခွင့်အင်အားများကို** ဖော်ထုတ်အတည်ပြုပါ။ မည်သူတို့မှာလူနည်းစုများဖြစ်၍ မည်သူတို့က အားနည်း (သို့) လျစ်လျူရှုခံထားရသနည်း။ ၎င်းတို့သည် သင်၏ ဝန်ဆောင်မှုများကို ရယူအသုံးပြုခွင့် ရှိပါသလား။

  *မှတ်ချက်များ-*
  - *ကြားဝင်ဖြေရှင်းရေး ဒေသများရှိ လုပ်ပိုင်ခွင့်အင်အားများနှင့် ပတ်သက်၍ ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း၊ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ပေးခြင်း အစုအဖွဲ့ခွဲများ အပါအဝင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အစုအဖွဲ့ဝင်အတွင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကို ယ်စားလှယ်များနှင့် ဆွေးနွေးကာ အကြံဉာဏ်ရယူပါ။ လုပ်ပိုင်ခွင့်အင်အားများစသည်တို့ပါဂင်ပါသည်။*
  - *စောင့်ကြည့်ထိန်းချုပ်ရေး ဆောင်ရွက်ချက်များအကြောင်း သတင်းပြန်ကြားရန်နှင့် သီးသန့်အစုအဖွဲ့များအားဆန့်ကျင်သော ခွဲခြားဆက်ဆံမှုများ သို့မဟုတ် ၎င်းတို့ ရယူအသုံးပြုခွင့်မရှိအောင် တားဆီးနေသည့်အရာများကို ရှာဖွေဖော်ထုတ်ရန်အတွက် ဤအချက်အလက်များကို အသုံးပြုပါ။*

- မသန်စွမ်းသူများ နှင့်အတူအလုပ်လုပ်ဆောင်ရန်အထူးပြုထားသော **ဒေသခံအာဏာပိုင်များနှင့် လူထုအသိုက်အဝန်း**ကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့၏ အခန်းကဏ္ဍများကို အားဖြည့်ပံ့ပိုးပေးပြီး ၎င်းတို့ဆီမှသင်ယူပါ။

  *မှတ်ချက်များ-*
  - *သွားလာရန် အခက်အခဲရှိသူများကို ရှာဖွေဖော်ထုတ်ရန်နှင့် ကူညီရေးအစီအစဉ်များတွင် ၎င်းတို့အား ထည့်သွင်းနိုင်ရန် သီးသန့်တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ နိုင်ငံအများစုတွင် အားနည်းချက်ရှိသည့် အုပ်စုများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော နိုင်ငံတွင်း သို့မဟုတ် ပြည်တွင်း NGO များ ရှိထားပြီး ဖြစ်ပါသည်။ ၎င်းတို့သည် တစ်နေရာတည်းတွင် အတူ လုပ်ဆောင်နိုင်ကြမည် မဟုတ်သော်လည်း ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းနှင့် အမှုတွဲများကို ရည်ညွှန်းရန်အတွက် အဖိုးတန်သော ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါသည်။*
  - *တူညီသည့်ဒေသတွင် ဆောင်ရွက်နေသူများသည် ရွှေ့လျားနိုင်မှုနည်းပါးသူများ အဓိက လှုပ်ရှားမှုများအတွက် ရွှေ့လျားနိုင်အောင် အကူအညီပေးနိုင်ပါသည်။*
  - *အဆိုပါကိစ္စရပ်များတွင် အလုပ်လုပ်ကိုင်နေသည့် နိုင်ငံတကာ NGO များတွင် Handicap International နှင့် HelpAge တို့ပါဝင်ပါသည်။*

- GBV နှင့် ကလေးသူငယ်စောင့်ရှောက်ရေး အစုအဖွဲ့ငယ်များအပါအဝင် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များနှင့်အတူ**ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပူပန်ဖွယ် ကိစ္စရပ်များကို အစီရင်ခံကာ မျှဝေပါ** ။ အခြားကိုယ်စားလှယ်များကလည်း ကူညီထောက်ပံ့ကောင်း ထောက်ပံ့နိုင်ပါသည်။

  *မှတ်ချက်များ-*
  - *အကြမ်းဖက်မှုဖြစ်စဉ်များကို နယ်မြေအတွင်း သတ်မှတ်ထားရှိသော အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်း ရည်ညွှန်းပေးသင့်သည်။*

- ကာကွယ်ရေး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ် တုံ့ပြန်သည့်အခါ လူထုတစ်ရပ်လုံးနှင့် **တိုင်ပင်ဆွေးနွေးကြောင်း** သေချာပါစေ။

  *မှတ်ချက်များ-*
  - *မတူညီသည့်စံနှုန်းများသည် ကြားဝင်ဖြေရှင်းရေး ဒေသများရှိ လုပ်ပိုင်ခွင့်အင်အားများကို ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် အချို့အရပ်ဒေသများတွင် ကွဲပြားသည့်လူမှုစီးပွားရေးအသင်းအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အရေးကြီးလှပါသည် (ဥပမာ တိုင်းရင်းသား သို့မဟုတ် စီးပွားရေးဆိုင်ရာလူနည်းစုများ)။ အခြေအနေအကြောင်းရပ်အားလုံးတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများ၊ မိန်းကလေးငယ်လေးများ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၏ လိုအပ်ချက်၊ ၎င်းတို့နှစ်သက်သည့် တည်နေရာ၊ ပုံစံနှင့် အကူအညီပေးသည့်နည်းလမ်းများကို သဘောပေါက်နိုင်ရန် ၎င်းတို့ကိုပါ ထည့်သွင်းသင့်သည်။*
  - *မတူကွဲပြားသောအုပ်စုများ ပါဝင်လာစေလိုခြင်းအပြင် ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို ရှာဖွေဖော်ထုတ်ရာတွင် အဖွဲ့ဝင်များကို ပါဝင်စေရန်သည် အရေးကြီးလှပါသည်။ ပိုမိုသင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်မှု ဖြစ်စေမည့်အပြင် ၎င်းက သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများ၏ ယုံကြည်မှုကို ရရှိကာ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုများလည်း ဖြစ်ပေါ်စေပါမည်။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

- **ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာများဖြင့်** မတူညီသည့် လူထုအဖွဲ့အစည်း အုပ်စုများကို ရှာဖွေဖော်ထုတ်ပါ။ အကျိုးခံစားခွင့်ရှိသူများ၏ ဘေးကင်းမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပါသလား။ လူအများအနေဖြင့် မတတ်သာသည့် အဆုံးတွင် ဆိုးကျိုး သက်ရောက်မှုတစ်ခု ရှိနိုင်သည့် ကိုင်တွယ်ဖြေရှင်းရေး နည်းဗျူဟာများကို အသုံးပြုရခြင်းမှ ရှောင်ကြဉ်နိုင်စေရန် (သို့) ယင်းကဲ့သို့ နည်းဗျူဟာများ၏ အန္တရာယ်ကို လျော့ပါးစေရန် ဘေးအန္တရာယ်များကို တတ်နိုင်သမျှ အမြန်ဆုံး ဖော်ထုတ်၍ ကုစားဖြေရှင်းမှုနည်းလမ်းများကို ဆောင်ရွက်ရမည်။ မိမိကိုယ်ကိုမိမိကာကွယ်နိုင်စွမ်းကို မည်သည့်နေရာတွင်မဆို ပံ့ပိုး ကူညီပေးရမည်။

    *မှတ်ချက်များ-*

    - *IDP စခန်းတစ်နေရာတွင် လက်ထပ်ထိမ်းမြားပြီးနောက် စာရွက်စာတမ်းများကို အသစ်လဲလှယ်ရသည်။ ကြန့်ကြာနေပါက အကျိုးခံစားခွင့်ရှိသူများကို စားနပ်ရိက္ခာများရရှိမှု ရပ်တန့်စေနိုင်သည့်အတွက် မိဘများက သားသမီးများကို အတင်း အလုပ်လုပ်ခိုင်းစေမှုများ ဖြစ်ပေါ်စေခဲ့သည်။ စာရွက်စာတမ်းများရရှိနိုင်သည့် အချိန်တိုင်အောင် အစားအစာများကို ယာယီ ဖြန့်ဝေပေးရန် ယာယီစခန်းအတွင်းရှိ ပါဝင်ဆောင်ရွက်သူများက ဖြန့်ဝေရေးအေဂျင်စီအား အောင်မြင်စွာ လှုံ့ဆော်ခဲ့သည်။*

- ကာကွယ်စောင့်ရှောက်ရေး ကော်မတီများကို ထူထောင်ထားပါက၊ လူအဖွဲ့အစည်းအလွှာအားလုံးကို **အဓိပ္ပါယ်ပြည့်ဝစွာ ကိုယ်စားပြုခြင်း**ကို မြှင့်တင်ပြီး အဖွဲ့ဝင်အားလုံးကို "ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း စည်းမျဉ်းများ" အကြောင်း လေ့ကျင့်ပေးပြီးဖြစ်ကြောင်း သေချာအောင်လုပ်ပါ။

    *မှတ်ချက်များ-*

    - *ကာကွယ်ရေး ကော်မတီဝင်များသည် ဖယ်ထုတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လှုပ်ရှားနေပါသည်။*
    - *၎င်းတို့အနေဖြင့်ပွင့်လင်းစွာပါဝင်နိုင်သည်ဟု ဆိုသည့်တိုင်အောင် ဓလေ့ထုံးတမ်းသတ်မှတ်ချက်နှင့် အဆင့်အတန်း ခွဲခြားမှုတို့ကြောင့် အချို့သော အစုအဖွဲ့များက ၎င်းတို့တွင် ပွင့်လင်းစွာပြောဆိုခွင့်နှင့် ပါဝင်ဆင်နွှဲခွင့်မရှိဟု ခံစားနေသောကြောင့် ကြိုတင်ဆောင်ရွက်ပြီး ကိုယ်စားလှယ်များ/ ပါဝင်မည့်သူများကို ကြိုတင် ခန့်အပ်ထားရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။*

- **အကြံပြုချက်များနှင့် တိုင်ကြားချက်များ ပြုလုပ်ရန်အတွက် ရယူနိုင်သော၊ ကောင်းစွာနားလည်နိုင်သော နည်းလမ်းများ** ဖန်တီးသတ်မှတ်ပါ။

    *မှတ်ချက်များ-*

    - *"တံခါးဖွင့်" ဝါဒသည် လုံလောက်သည်ဟု မယူဆပါနှင့်။ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ပရောဂျက် ဝန်ထမ်းများအား မိမိမည်သူမည်ဝါ ဖြစ်သည်ကို ဖော်ပြရန် မလိုအပ်သော တိုင်ကြားရန် အခြားနည်းလမ်းများရှိကြောင်း သေချာပါစေ။*
    - *မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ချမှတ်နိုင်လင့်ကစား တိုင်ကြားချက်များကို တုံ့ပြန်ပေးပါ*
    - *လုပ်ထုံးလုပ်နည်းအတွက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးကို ခန့်အပ်ထားပြီး ယင်းကို ကလေးသူငယ်များလည်း အသုံးပြုခွင့်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။*
    - *လုပ်ထုံးလုပ်နည်းများက မည်ကဲ့သို့အလုပ်လုပ်ကြောင်းကို လူအများသိစေရန် သတိပြုမိမှုမြှင့်တက်ရေး သင်တန်းများ စီစဉ်ပေးပါ။*

# WASH အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ဤမှတ်တမ်းအား GPC ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း လေ့ကျင့်သင်ကြားရေး၏ အစိတ်အပိုင်းအဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ၎င်းကိုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွေစပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတကုဒ်များဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက် ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

### ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ

- EH အဆောက်အအုံများ၏ **တည်နေရာ**နှင့် လမ်းကြောင်းများသည် အကြမ်းဖက်မှု၊ အထူးသဖြင့် လိင်အခြေပြု အကြမ်းဖက်မှု (GBV) နှင့် လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကဲ့သို့သော အလားအလာရှိသည့် သို့မဟုတ် အမှန်တကယ်ဖြစ်ပွားနေသည့် ခြိမ်းခြောက်မှုများ၏ အဝေးတွင်ရှိကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*

  - *အထူးသဖြင့် ယင်းတို့က အများပိုင် သို့မဟုတ် နေအိမ်များ၏ အဝေးတွင်ရှိနေပါက တွင်းအိမ်သာများအနီးတွင် မီးများတပ်ဆင်ရန်စဉ်းစားပါ။ မီးမရနိုင်ပါက အိမ်ထောင်စုတစ်စုချင်းစီအတွက် ဓာတ်မီးများပံ့ပိုးပေးခြင်းကဲ့သို့သော အခြားနည်းများကို စဉ်းစားပါ။ အဖိုးတန်ပစ္စည်းများကြောင့် လူတိုင်းကို ဘေးဒုက္ခမဖြစ်စေရန် သတိပြုပါ။*
  - *အဆောက်အအုံများကို သံသယရှိသော ဒုစရိုက်သမားများ၏ အနီးတွင် မထားရှိပါနှင့်။ မှတ်ချက်၊ ရဲနှင့် လက်နက်ကိုင်များသည် အကြမ်းဖက်မှု ကျူးလွန်သူများဖြစ်ကြကြောင်း မကြာခဏသိရသည်။ ၎င်းတို့သည် တည်နေရာပေါ်မူတည်ပြီး ပူပန်သောကဖြေဖျောက်ပေးသည့် ခံစားချက်များ ဖန်တီးပေးသည် သို့မဟုတ် ကြောက်ရွံ့မှုဖြစ်စေခြင်းများ ဖြစ်စေသည်။ ဦးစားပေးမှုများနှင့် ပတ်သက်၍ အသင်းအဖွဲ့နှင့် အလားလာရှိသည့် အကျိုးခံစားသူများနှင့် တိုင်ပင်ရန်မှာ အရေးကြီးပါသည်။*
  - *တည်နေရာ၊ အဖော်လိုက်ပါမှု (ဥပမာ အုပ်စုလိုက်ရေခပ်ခြင်း၊ ရေပေးဝေရေးကော်မတီတည်ထောင်ခြင်း၊ အစရှိသည်တို့) အပါအဝင် ဤခြိမ်းခြောက်မှုများကို လျှော့ချ/စီမံခန့်ခွဲ/ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို စဉ်းစားပါ။*
  - *လိုအပ်ပါက သင့်တော်သည့်ရဲ့ဌာနများကို စီစဉ်ပါ (ဥပမာ ရေကို စောင့်ကြည့်ပေးသူများ)*

- တစ်ဦးတစ်ယောက်ချင်းသာမက အုပ်စုအားလုံးအနေဖြင့် အဆောက်အအုံများကို ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ အသုံးပြုနိုင်ရန် လမ်းဖြတ်ခုံများ ထားရှိခြင်းနှင့် EH အဆောက်အအုံသို့ သွားရန် လက်ရန်းများတပ်ဆင်ခြင်း ကဲ့သို့သော **အခြေခံအဆောက်အအုံများ**ကို အလိုက်သင့် ပြင်ဆင်ပါ။ ဤအချက်အား သိရှိ/ဆွေးနွေးနိုင်ရန် ဆွေးနွေးသည့်အုပ်စုများနှင့် လေ့လာခြင်းများကို အသုံးချပြီး အသင်းအဖွဲ့များများထံမှ ဖြေရှင်းနည်းများရနိုင်ရန် မေးမြန်းပါ။

- **တွင်းအိမ်သာများ၏ ဒီဇိုင်း**သည် ဘေးကင်းမှုရှိပြီး သုံးစွဲသူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရပါမည်။

  *မှတ်ချက်များ-*

  - *လူတစ်ဦးက တွင်းအိမ်သာအသုံးပြုရာတွင် မလုံခြုံ သို့မဟုတ် ဂုဏ်သိက္ခာမရှိဟု ခံစားရပါက သူ(သူမ)သည် အခြားတစ်နေရာရာသို့ သွားကောင်း သွားနိုင်သည့်အတွက် ယင်းက ၎င်းကိုယ်တိုင်နှင့် အခြားလူများကို ဒုက္ခဖြစ်စေနိုင်ပါသည်။*
  - *တွင်းအိမ်သာများကို ပုံပန်းသွင်ပြင်အရ ခွဲထားပြီး "အမျိုးသား" နှင့် "အမျိုးသမီး" အညွှန်းများ တပ်ထားပါ။*
  - *တွင်းအိမ်သာ ဒီဇိုင်းသည် ကလေးများအတွက်လည်း သင့်တော်ကြောင်း သေချာပါစေ (ဥပမာ တွင်း၏အရွယ်အစားသည် ကလေးသူငယ်များအတွက် ဘေးအန္တရာယ် ရှိနေနိုင်သည်)။*
  - *သီးသန့်သုံးနိုင်ရန်အတွက် တွင်းအိမ်သာများနှင့် ရေချိုးခန်းများကို အတွင်းမှ လော့ခ်ချနိုင်ကြောင်း သေချာပါစေ။ သုံးစွဲမည့်သူများ၏ ဆန္ဒကို မေးမြန်းတိုင်ပင်ပါ။ ဥပမာ- နိုင်ငံတစ်နိုင်ငံရှိကလေးများက သမားရိုးကျဆွဲပိတ်လော့ခ်များကို အသုံးပြုရန် အဆင်မပြေဖြစ်နိုင်ပြီး အခြားအလားတူ စိတ်ကူးများရှိနိုင်သည် (ဥပမာ၊ သစ်သားနှင့် သံများ)*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - WASH အစီအစဉ်များ

- **EH အဆောက်အအုံများ၏ ဒီဇိုင်း**သည် ဘေးကင်းမှုရှိပြီး သုံးစွဲသူများ၏ ဂုဏ်သိက္ခာကို မထိခိုက်စေရပါ။

    *မှတ်ချက်များ-*
    - *အထူးသဖြင့် ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် မသန်စွမ်းသူများအနေဖြင့် ဘေးကင်းစွာ ပင့်မနိုင်စေရန် ပလက်ဖောင်းများနှင့် လမ်းဖြတ်ခုံများကို ရေရှိသည့်နေရာများတွင် မြှင့်ထားပါ။*
    - *တွင်းအိမ်သာ/ရေချိုးခန်း ဒီဇိုင်းကို ပြုလုပ်ရာတွင် ကလေးများနှင့် မသန်စွမ်းသူများအပါအဝင် လူထုနှင့် ဆွေးနွေးပြီး ဒီဇိုင်းကိုအလိုက်သင့်ပြုပြင်ကာ လိုအပ်ပါက ၎င်းတို့၏သီးသန့်လိုအပ်ချက်နှင့် ကိုက်ညီအောင်ဆောင်ရွက်ပါ။ ပညာရေးပရိုဂရမ်တစ်ခုတွင် ကလေးများအနေဖြင့် တွင်းအိမ်သာလိုအပ်မည်ဖြစ်ကြောင်း ဝန်ထမ်းက သတိမူမိခဲ့သည်။ ၎င်းတို့သည် တွင်းပေါက်၏ အရွယ်အစားကို ကြောက်ရွံ့နေသည်ဟု နောက်ပိုင်းမှသိရသည့် ကလေးငယ်များနှင့် မဆွေးနွေးခဲ့ပါ။ ကလေးသူငယ်များက တွင်းအိမ်သာများ အပြင်ဘက်တွင် မစင်စွန့်ခဲ့သည့်အတွက် ယင်းက ကျန်းမာရေး ပြဿနာများဖြစ်စေခဲ့သည်။*
    - *အမျိုးသားများနှင့် အမျိုးသမီးများအတွက် အိမ်သာနှင့် ရေချိုးခန်းများကို သီးခြားခွဲခြားထားပါ။  ၎င်းတို့ကို ရုပ်ပုံများဖြင့် ရှင်းလင်းစွာအမှတ်အသားပြုလုပ်ထားကာ သတ်မှတ်ထားသည့် ပုဂ္ဂိုလ်ကသာ အသုံးပြုနေကြောင်းသေချာစေရန် လူထုအသိုင်းအဝိုင်းနှင့်အတူ လုပ်ဆောင်ပါ။*
    - ***အမျိုးသမီးများနှင့် ကလေးများသည် အများဆုံးရေခပ်လေ့ရှိသူများဖြစ်ပြီး** ၎င်းတို့၏ရေဇလားကိုဖြည့်ရန် အလှည့်ရောက်သည်အထိ နာရီများစွာကြာအောင် နေပူထဲတွင် စောင့်နေရနိုင်ကြောင်း စဉ်းစားပါ။ ဖြစ်နိုင်ပါက လုံခြုံကာ အရိပ်ရသည့် စောင့်ဆိုင်းနိုင်သည့်နေရာများ သတ်မှတ်ထားရှိပါ။*
    - *ရေရှိသည့်နေရာများတွင် အလွန်အကျွံလူအုံနေခြင်းကိုကန့်သတ်ရန် ရေခပ်သည့်အချိန်များကို အချိန်ဇယားဆွဲထားကာ အလှည့်ဖြင့် ရေခပ်စေပါ။*
    - *ကလေးများသည် ရေဇလားများကို မသယ်ဆောင်သင့်ပါ။ သို့ရာတွင် ၎င်းတို့အား သယ်ခိုင်းနိုင်သည့်အတွက်ကြောင်း ရေဇလားများသည် ထိခိုက်ဒဏ်ရာဖြစ်ပွားနိုင်သည်အထိ ကြီးမားခြင်းမရှိကြောင်း သေချာအောင်လုပ်ပါ။*
    - *ဖွင့်ရန် ဘုံပိုင်ခေါင်းများ/ ရေစုပ်စက်များကို မည်သည့်အချိန်တွင် ဖွင့်ပေးစေလိုကြောင်း ရေလာခပ်သူများကို မေးမြန်းပါ။ မတူညီသည့်လူများတွင် မတူညီသည့်အလုပ်အချိန်ဇယားများရှိကြောင်း အသိအမှတ်ပြုပြီး အထူးသဖြင့် ရေခပ်ရသူများဖြစ်သည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ထမင်း၊ ဟင်းချက်ရသည့်အတွက် မအားလပ်သည့် အချိန်များ ရှိပါသည်။*
    - *တွင်းအိမ်သာ/ ရေချိုးခန်းဒီဇိုင်းကို အဖွဲ့အမျိုးမျိုးနှင့် ဆွေးနွေးကြောင်း သေချာစေကာ လိုအပ်ပါက ၎င်းတို့၏ သီးခြားလိုအပ်ချက်များနှင့် လျော်ညီအောင်လုပ်ပါ။ ဆွေးနွေးမည့်ခေါင်းစဉ်များတွင် ပါဝင်သည်များမှာ-  သီးသန့်ဖြစ်တည်မှု ('နံရံများ' သည် လုံလောက်သည့်/ ဘေးကင်းသည့်အကာအကွယ်ကို ပေးစွမ်းနိုင်ကြောင်း သေချာအောင်လုပ်ပါ) မသန်စွမ်းသူများသည် အကူအညီမပါဘဲ သို့မဟုတ် အကူအညီအနည်းငယ်မျှဖြင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ကြောင်း သေချာအောင်လုပ်ပါ။ ဒီဇိုင်းနှင့်ပတ်သက်၍ ၎င်းတို့နှစ်သက်သည့်အရာများအား လူထုနှင့် ဆွေးနွေးပါ။ မြန်မာလူမျိုးယာယီစခန်းတစ်ခုတွင် အမျိုးသမီးများက သီးသန့်ရေချိုးနိုင်ရန်အတွက် လော့ခ်ချနိုင်သော တံခါးများမပါသည့် နံရံများထားရှိပေးရန် တောင်းဆိုခဲ့သည်။ ယင်းတံခါးက ကိုယ်ထိလက်ရောက်ကျူးလွန်သည့်ပတ်ဝန်းကျင်ကို ဖန်တီးမိစေနိုင်သည့်အတွက် ဖြစ်သည်။ အခြားအခြေအနေများစွာတွင် အကျိုးခံစားခွင့်ရှိသူများသည် အထူးသဖြင့် သော့ခတ်နိုင်သည့်တံခါးများကို တောင်းဆိုကြပါသည်။*
    - *အမျိုးသမီးများအတွက် ဓမ္မတာကိစ္စဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး လိုအပ်ကြောင်း ကြိုတင်စဉ်းစားထားပြီး သီးခြား လိုအပ်ချက်များ ရှိနေသည့် တစ်ဦးချင်းနှင့် အဖွဲ့များထထံ သင့်လျော်သော တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများကို ပံ့ပိုးပေးပါ။  တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန် နည်းဗျူဟာများ ထည့်သွင်းပါ။*

- နေရာပြောင်းရွှေ့သည့် လူထုအတွက် EH အဆောက်အအုံများကို တည်ဆောက်ပေးနေခြင်းဖြစ်ပါက **အသိုက်အဝန်းတင်းမာမှုများကို ရှောင်ရှား**ရန် ပြောင်းရွှေ့ခံ ပုဂ္ဂိုလ်များနှင့်သာမက EH လိုအပ်ချက်များနှင့် ပတ်သက်သည့် ဒေသခံ လူထုနှင့်ပါ ဆွေးနွေးပါ။ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အခြားတစ်ဖွဲ့အပေါ် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ဖြစ်စေသွားနိုင်သည့် တင်းမာမှု သို့မဟုတ် မညီမျှမှုမရှိကြောင်း သေချာအောင်လုပ်ပါ။

    *မှတ်ချက်များ-*
    - *ရေ နှင့်/သို့မဟုတ် ကျန်းမာသန့်ရှင်းရေးအသုံးအဆောင်များကို မညီမျှစွာ အသုံးပြုမှုသည် အသိုက်အဝန်းအတွင်းနှင့် အခြား ပတ်ဝန်းကျင် အသိုက်အဝန်းများတွင် တင်းမာမှု သို့မဟုတ် ပဋိပက္ခ ဖြစ်စေခြင်း ရှိ မရှိအား အကဲဖြတ်ပါ။*
    - *ယာယီစခန်းများတွင် ဒေသခံအသိုက်အဝန်းထံ ဝန်ဆောင်မှုများဖြည့်ဆည်းပေးခြင်းကိုလည်း စဉ်းစားပါ။*
    - *ဥပမာ- ပရိုဂရမ်တစ်ခုတွင် အေဂျင်စီတစ်ခုသည် ဒေသခံလူထုနှင့် အတူနေထိုင်သော IDP များအတွက် တွင်းအိမ်သာများကို တည်ဆောက်ပေးခဲ့ပါသည်။ တွင်းအိမ်သာများတည်ဆောက်ပြီးသည်နှင့် ဒေသခံလူထုသည် IDP များကို တွင်းအိမ်သာများအသုံးပြုခြင်းမှ တားဆီးလိုက်ပါသည်။*

- **သန့်ရှင်းရေး ဓာတုပစ္စည်းများ**ကို ဘေးကင်းစွာသိမ်းထားကြောင်း သေချာပါစေ (ဥပမာ - EH အဆောက်အအုံများကို သန့်ရှင်းရေးလုပ်ရန်)

    *မှတ်ချက်များ-*
    - *ကလေးများနှင့် မြီးကောင်ပေါက်အရွယ်များသည် ဓာတုဗေဒပစ္စည်းများ အထူးသဖြင့် ရေသန့်စင်သည့်အပြားများကို သကြားလုံး သို့မဟုတ် တားဆေးနှင့် မှားယွင်း သောက်သုံးမိနိုင်ပါသည်။ သင့်လျော်သည့်သိမ်းဆည်းသည့်အပြင် ယင်းပစ္စည်းများအကြောင်း သိရှိအောင် ပြုလုပ်ပေးခြင်းဖြင့် မသင့်လျော်သည့်အသုံးပြုမှုကို တားဆီးနိုင်ပါသည်။*

### အစိပ္ပါယ်ပြည့်ဝသော ရယူခွင့်

- ရေရှိသည့် **တည်နေရာ**များနှင့် တွင်းအိမ်သာများကို အားလုံးအသုံးပြုနိုင်ကြောင်း သေချာပါစေ။

    *မှတ်ချက်များ-*
    - *ဝန်ဆောင်မှုအသုံးပြုခွင့်ရှိသင့်သော လူထုကိုယ်စားပြု ကိုယ်စားလှယ်အားလုံး (ဥပမာ - အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးများ၊ ယောက်ျားလေးများ၊ အသက်ကြီးသူများ၊ လူမျိုးစုအဖွဲ့များ၊ မသန်စွမ်းသူများ) နှင့် ဆွေးနွေးပါ။ အကွာအဝေးကို လျှော့ချရန်နှင့် အားအနည်းဆုံးသူများ/အဆင့်အတန်းနိမ့်ချခံရသူ အများဆုံးပုဂ္ဂိုလ်များအနေဖြင့် အသုံးပြုခွင့်ရှိကြောင်း သေချာစေရန် တည်နေရာကို အလိုက်သင့်ပြောင်းရွှေ့ပါ။*
    - *အမျိုးသမီးများနှင့် ကလေးများသည် ရေခပ်ရန်မကြာခဏသွားရသူများဖြစ်ကြောင်း စဉ်းစားကာ တည်နေရာနှင့် တည်နေရာထံသွားသည့်လမ်းကြောင်းများ၏ ဘေးကင်းမှုနှင့်ပတ်သက်၍ ၎င်းတို့နှင့် တိုက်ရိုက်စကားပြောဆိုပါ။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - WASH အစီအစဉ်များ

- ၎င်းဝန်ဆောင်မှုကို **သွားလာရန် အခက်အခဲရှိသူများ**ရယူနိုင်ရန် တိကျစွာလုပ်ဆောင်ပါ (ဥပမာ၊ ရုပ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အိပ်ရာထဲလဲနေသူများ)

    *မှတ်ချက်များ-*
    - *ဘီးတပ်ကုလားထိုင် သွားလာရန်အတွက် ညီညာသော လမ်းကြောင်းနှင့် သင့်တော်သော စကြန်များ ရရှိရန်လုပ်ဆောင်ပေးပါ။ ကွဲပြားသော ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများကိုလည်းထည့်သွင်းစဉ်းစားပါ။ လက်ကိုင်အထိန်းပါသည့်ဝုဒ်ချမ်းများသည် နေရာပိုလိုအပ်ပါသည်။ ကိုယ်လက်အင်္ဂါအတုများ တပ်ဆင်ထားရသူများသည် အကွာအဝေး အနည်းငယ်သာ သွားလာနိုင်ကောင်း သွားလာနိုင်ပါသည်။ မည်သည့်ဖြေရှင်းချက်က ၎င်းတို့၏လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်မည်ကို ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများနှင့် ပြောဆို ဆွေးနွေးပါ။*
    - *မသန်စွမ်းသူများအတွက် တွင်းအိမ်သာများတွင် လက်ကိုင်တပ် ထိုင်ခုံများနှင့် ဖယ်ရှားနိုင်သည့်ထိုင်ခုံများကို တပ်ဆင်ပါ။ ခုံများကို အသေ တပ်ဆင်ထားခြင်းသည် ပုံမှန်အလေ့အကျင့်နှင့်ကိုက်ညီခြင်းမရှိပါက ဖယ်ရှားရခြင်း သို့မဟုတ် အသုံးမပြုတော့ခြင်း ဖြစ်နိုင်စေပါသည်။*
    - *အိပ်ယာထဲလဲနေသူများအတွက် အိပ်ယာခင်းများ ဖြည့်ဆည်းပေးပါ။*
    - *အချို့သည် ဝန်ဆောင်မှုများကို အသုံးပြုခွင့်မရှိပါက ၎င်းတို့ထံ ရေကိုပို့ဆောင်ပေးရန် အထူးစီစဉ်မှုများပြုလုပ်ကြောင်း သေချာပါစေ။ ကလေးငယ်များအား လေးလံသည့်ရေဇလားများကို သယ်ဆောင်ခိုင်းခြင်း ဖြစ်စေနိုင်သောကြောင့် သူငယ်ချင်းများနှင့် မိသားစုများက လုပ်လိမ့်မည်ဟု မယူဆသင့်ပါ။ ဒါဖာတွင် ရွှေ့ပြောင်းနိုင်စွမ်းမရှိသူများအတွက် ရေများ ပို့ဆောင်ပေးရန် မြည်းဆွဲသည့်လှည်းများကို တစ်ပတ်လျှင်တစ်ကြိမ်ငှားရမ်းပါသည်။*

- အကျိုးခံစားခွင့်ရှိသူများက ၎င်းတို့အနေဖြင့် ဘေးကင်းသော သောက်ရေကို သောက်သုံးခွင့်ရှိကြောင်းနှင့် မည်သည့်နေရာမှ/ မည်ကဲ့သို့ ရယူရမည်ကို သေချာစွာ**သိအောင် လုပ်ဆောင်ပါ။**

    *မှတ်ချက်များ-*
    - *အကျိုးခံစားခွင့်ရှိသူများအားလုံး အထူးသဖြင့် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ စခန်းများတွင် အသစ်ရောက်ရှိလာသူများ နားလည်နိုင်သည့် ဘာသာစကားအရေအတွက် လုံလုံလောက်လောက်ဖြင့် အခွင့်အရေးဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။*
    - *စာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေရာတွင် စာပေတတ်ကျွမ်းမှုအဆင့်ကို ထည့်သွင်းစဉ်းစားသင့်သည် (ဥပမာ စာသားများအစား ပုံရိပ်များ သို့မဟုတ် စကားပြောပုံစံများကို သုံးစွဲခြင်း)။ အခွင့်အရေးများနှင့် ဝန်ဆောင်မှုများအကြောင်း မသိရှိခြင်းသည် ပုံမှန်အားဖြင့် အကဲဖြတ်မှုများတွင် လေ့လာတွေ့ရှိရသော ဟာကွက်တစ်ခု ဖြစ်ပါသည်။*
    - *ဘေးကင်းသောရေကို ထောက်ပံ့ထားပြီး ထိန်းသိမ်းထားကြောင်း သေချာစေရေးအတွက် လူတစ်ဦးချင်းနှင့် အသင်းအဖွဲ့များ၏ တာဝန်သည် ပြည့်စုံလုံလောက်သော ရေရရှိရေးနှင့် အချိုးညီကြောင်းကို ဤသည်က သေချာစေသည့်အတွက်ကြောင့် အရေးပေါ်မဟုတ်သည့် အခြေအနေတွင် ရေဝန်ဆောင်မှုပေးရာတွင် ပြည်သူနှင့် ပုဂ္ဂလိက အတူပူးပေါင်းလုပ်ဆောင်သည့်နည်းကို စဉ်းစားကြည့်ပါ။*

- အသုံးပြုခွင့်၊ ခွဲခြားဆက်ဆံမှုနှင့် ရေပေးဝေမှု သို့မဟုတ် အခြားဝန်ဆောင်မှုများ ပြောင်းလဲသွားခြင်းရှိမရှိ **စောင့်ကြည့်ပါ။**

    *မှတ်ချက်များ-*
    - *စီမံကိန်း အညွှန်းကိန်းများ (ဥပမာ ဂန်ဆောင်မှုရယူနိုင်ခဲ့သူ အရေအတွက်) သည် အသက်အရွယ်၊ ကျား/မကွဲပြားမှု၊ နေထိုင်ရာဒေသ၊ သို့မဟုတ် သီးသန့်အုပ်စုများ (ဥပမာ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ လူနည်းစုတိုင်းရင်းသားများ) အလိုက် သေချာ အမျိုးအစားခွဲခြားပါ။*
    - *အသုံးပြုမှု ကိန်းဂဏန်းများကို လက်ရှိ ရုပ်ပြဒေတာများနှင့် နှိုင်းယှဉ်ပါ။ ရှေ့နောက်မညီမှုများက မည်သည့်အဖွဲ့များအနေဖြင့် အသုံးပြုခွင့်မရကြောင်းကို သင့်အား ပြောပြနိုင်ပါသည်။*
    - *ဖြစ်နိုင်ပါက EH ကော်မတီများနှင့် အကျိုးခံစားခွင့်ရှိသူများအား ထိုသို့လုပ်ဆောင်ရန် လေ့ကျင့်ပေးပါ။ ဒီဗိုင်းများသည် မသန်စွမ်းသူများနှင့် အဆင်ပြေကြောင်း သေချာစေရန် ကော်မတီများသည် ကန်ထရိုက်တာများနှင့် အလုပ်လုပ်ကိုင်နိုင်ပါသည်။*
    - *ဝန်ဆောင်မှုများသည် အချို့တဲ့ဆုံးသူများထံ ရောက်ရှိကြောင်း သေချာအောင်လုပ်ပါ။*

- ကြားဝင်ကူညီဖြေရှင်းရေး ဒေသများအတွင်းရှိ **လုပ်ပိုင်ခွင့်အင်အားများ** ဆိုသည်ကို ဖော်ထုတ်အတည်ပြုပါ။ ရေအရင်းအမြစ်များက မည်သူများက သုံးခွင့် ရှိပါသလဲ။ ရေအရင်းအမြစ်များနှင့်ပတ်သက်ပြီး မည်သူ့ထံတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် ယင်းဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်စွမ်း ရှိပါသလဲ။

    *မှတ်ချက်များ-*
    - *ကြားဝင်ဖြေရှင်းရေး ဒေသများရှိ လုပ်ပိုင်ခွင့်အင်အားများနှင့် ပတ်သက်၍ ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း၊ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ပေးခြင်း အစုအဖွဲ့ခွဲများ အပါအဝင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အစုအဖွဲ့ဝင်အတွင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိုယ်စားလှယ်များနှင့် ဆွေးနွေးကာ အကြံဉာဏ်ရယူပါ။ လုပ်ပိုင်ခွင့်အင်အားများစသည်တို့ပါဝင်ပါသည်။*
    - *အခွင့်အာဏာနှင့် ပတ်သက်၍ ၎င်းတို့မည်ကဲ့သို့ သိထားသည်ကို လူထုအဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့အမြင်တွင် တန်းတူညီမှုကို မည်ကဲ့သို့ ရယူနိုင်မည်ကို ဆွေးနွေးပါ။*
    - *စောင့်ကြည့်ထိန်းချုပ်ရေး ဆောင်ရွက်ချက်များအကြောင်း သတင်းပြန်ကြားရန်နှင့် သီးသန့်အစုအဖွဲ့များအားဆန့်ကျင်သော ခွဲခြားဆက်ဆံမှုများ သို့မဟုတ် ၎င်းတို့ ရယူအသုံးပြုခွင့်မရှိအောင် တားဆီးနေသည့်အရာများကို ရှာဖွေဖော်ထုတ်ရန်အတွက် ဤအချက်အလက်များကို အသုံးပြုပါ။ EH အဆောက်အအုံများအတွက် တည်နေရာများ ဆုံးဖြတ်ရာတွင် ဤအချက်အား ထည့်သွင်းစဉ်းစားပါ။*

**တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု**

- **ရွှေ့လျားနိုင်မှုနည်းပါးသူများ သို့မဟုတ် မသန်စွမ်းသူများ** နှင့် အလုပ်လုပ်ဆောင်ရန်အထူးပြုထားသော **ဒေသခံအာဏာပိုင်များနှင့် လူထုအသိုက်အဝန်း** ကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာအောင်ပံ့ပိုးပေးကာ ဝန်ဆောင်မှုပေးခြင်းအား မည်သို့တိုးတက်အောင်လုပ်မည်ကို ၎င်းတို့၏အတွေ့အကြုံများမှ သင်ယူပါ။

    *မှတ်ချက်များ-*
    - *သွားလာရန် အခက်အခဲရှိသူများကို ရှာဖွေဖော်ထုတ်ရန်နှင့် ကူညီရေးအစီအစဉ်များတွင် ၎င်းတို့အား ထည့်သွင်းနိုင်ရန် သီးသန့်တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ နိုင်ငံအများစုတွင် အားနည်းချက်ရှိသည့် အုပ်စုများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော နိုင်ငံတွင်း သို့မဟုတ် ပြည်တွင်း NGO များ ရှိထားပြီး ဖြစ်ပါသည်။ ၎င်းတို့သည် တစ်နေရာတည်းတွင် အတူ လုပ်ဆောင်နိုင်ကြမည် မဟုတ်သော်လည်း ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းနှင့် အမှုတွဲများကို ရည်ညွှန်းရန်အတွက် အဖိုးတန်သော ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါသည်။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - WASH အစီအစဉ်များ

  - *တူညီသည့်ဒေသတွင် ဆောင်ရွက်နေသူများသည် ရွေ့လျားနိုင်မှုနည်းပါးသူများ အဓိက လှုပ်ရှားမှုများအတွက် ရွေ့လျားနိုင်အောင် အကူအညီပေးနိုင်ပါသည်။*
  - *အဆိုပါကိစ္စရပ်များတွင် အလုပ်လုပ်ကိုင်နေသည့် အဓိက နိုင်ငံတကာ NGO များတွင် Handicap International နှင့် HelpAge တို့ ပါဝင်ပါသည်။*
  - *အထူးလိုအပ်ချက်များရှိနေသည့်လူများကို EH အဆောက်အအုံများအတွက် စီမံခန့်ခွဲမှုကော်မတီများတွင် ထည့်သွင်းထားကြောင်း သေချာပါစေ။*

- **အများပြည်သူနေရာများ၊ ကျောင်းများနှင့်** ကျန်းမာရေးဝန်ဆောင်မှုပေးသည့် နေရာများတွင်လည်း EH ဝန်ဆောင်မှုများရှိကြောင်း သေချာအောင် ဒေသခံအာဏာပိုင်များနှင့်သာမက ပညာရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍများနှင့်ပါ ညှိနှိုင်းဆွေးနွေးပါ။

- နေရာမှမထွက်ခွာမီ EH အဆောက်အအုံကို **ပြုပြင်ထိန်းသိမ်းမှု** အတွက် တာဝန်ရှိသည့်ဆောင်ရွက်သူများနှင့် စနစ်များကို နေရာတကျ သတ်မှတ်ထားရှိကြောင်း သေချာအောင်လုပ်ပါ။

  ***မှတ်ချက်များ-***
  - *၎င်းတွင် ဒေသခံအာဏာပိုင်များ၊ ဖြစ်နိုင်ခြေရှိသော ပံ့ပိုးပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံကို စနစ်တကျ သတ်မှတ်ထားရှိရန် လူထုအဖွဲ့အစည်း၏ ပမာဏကိုလည်း အလေးပေး အာရုံစိုက်သင့်ပါသည် (ဥပမာ - EH ကော်မတီများ)။*
  - *ကျောင်းများတွင် EH အဆောက်အအုံများကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထားရန် ကျောင်းသားများဖြင့်ဖွဲ့စည်းထားသော ကော်မတီများကို တာဝန်ပေးထားသင့်ပြီး ၎င်းတို့သည် ပြုပြင်ထိန်းသိမ်းမှုအတွက် တာဝန်ရှိသူများထံ အစီရင်ခံနိုင်ပါသည်။*
  - *ကျောင်းကျန်းမာရေး/ ပတ်ဝန်းကျင်ဆိုင်ရာ အသင်းအဖွဲ့များ/ ကော်မတီများ၏ လှုပ်ရှားမှုများကိုလမ်းညွှန်ရန် ကျောင်းတွင် နာယကများကို သတ်မှတ်ထားရှိပါ။*

- GBV နှင့် ကလေးသူငယ်စောင့်ရှောက်ရေး အစုအဖွဲ့ငယ်များအပါအဝင် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များနှင့်အတူ**ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပူပန်ဖွယ်ကိစ္စရပ်များကို အစီရင်ခံကာ မျှဝေပါ** ။ အခြားကိုယ်စားလှယ်များကလည်း ကူညီထောက်ပံ့ကောင်း ထောက်ပံ့နိုင်ပါသည်။

  ***မှတ်ချက်များ-***
  - *အကြမ်းဖက်မှုဖြစ်စဉ်များကို နယ်မြေအတွင်း သတ်မှတ်ထားရှိသော အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်း ရည်ညွှန်းပေးသင့်သည်။*
  - *ချိုးဖောက်မှုကို ဖြစ်စေသည့်အရာနှင့်ပတ်သက်ပြီး လူထုအဖွဲ့အစည်းများနှင့် ပြောဆိုဆွေးနွေးပါ။*

- **အကြံပြုချက်များနှင့် တိုင်ကြားချက်များ ပြုလုပ်ရန်အတွက် ရယူနိုင်သော၊ ကောင်းစွာနားလည်နိုင်သော နည်းလမ်းများ** ဖန်တီးသတ်မှတ်ပါ။

  ***မှတ်ချက်များ-***
  - *"တံခါးဖွင့်" ဝါဒသည် လုံလောက်သည်ဟု မယူဆပါနှင့်။ ပရောဂျက် ဝန်ထမ်းများအား မိမိမည်သူမည်ဝါ ဖြစ်သည်ကို ဖော်ပြရန် မလိုအပ်သော တိုင်ကြားရန် အခြားနည်းလမ်းများရှိကြောင်း သေချာပါစေ။*
  - *မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ချမှတ်နိုင်လင့်ကစား တိုင်ကြားချက်များကို တုံ့ပြန်ပေးပါ။*
  - *လုပ်ထုံးလုပ်နည်းအတွက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးကို ခန့်အပ်ထားပြီး ယင်းကို ကလေးသူငယ်များလည်း အသုံးပြုခွင့်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။*
  - *ယင်းက မည်ကဲ့သို့အလုပ်လုပ်ကြောင်းကို လူအများသိစေရန် သတိပြုမိမှုမြင့်တက်ရေး သင်တန်းများ စီစဉ်ပေးပါ။*
  - *ရှုပ်ထွေးမှုကို လျှော့ချရန် အခြား ကဏ္ဍများနှင့်အတူ ပူးတွဲတိုင်ကြားနိုင်သည့် နည်းလမ်းတစ်ခုကို ထည့်သွင်းစဉ်းစားပါ (ဥပမာ၊ ကာကွယ်စောင့်ရှောက်ရေး)။*

- EH ကျန်းမာရေးလိုအပ်ချက်များကို ရှာဖွေဖော်ထုတ် တုံ့ပြန်သည့်အခါ လူထုတစ်ရပ်လုံးနှင့် **တိုင်ပင်ဆွေးနွေးကြောင်း** သေချာပါစေ။

  ***မှတ်ချက်များ-***
  - *မတူညီသည့်စံနှုန်းများသည် လုပ်ပိုင်ခွင့် အင်အားများကို ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် အချို့အရပ်ဒေသများတွင် ကွဲပြားသည့်လူမှုစီးပွားရေးအသင်းအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အရေးကြီးလှပါသည် (ဥပမာ တိုင်းရင်းသား သို့မဟုတ် စီးပွားရေးဆိုင်ရာလူနည်းစုများ)။ အခြေအနေအကြောင်းရပ်အားလုံးတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများ၊ မိန်းကလေးငယ်လေးများ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၏ လိုအပ်ချက်၊ ၎င်းတို့နှစ်သက်သည့် တည်နေရာ၊ ပုံစံ နှင့် EH အတွက် အကူအညီပေးသည့်နည်းလမ်းများကို သဘောပေါက်နိုင်ရန် ၎င်းတို့ကိုပါ ထည့်သွင်းသင့်သည်။*
  - *လူထုတစ်ရပ်လုံး၏ EH လိုအပ်ချက်များကို စဉ်းစားရုံနှင့် မလုံလောက်ပါ။ ဖြေရှင်းနည်းများကို ရှာဖွေဖော်ထုတ်ရာတွင် ၎င်းတို့ကိုလည်း ပါဝင်ခိုင်းသင့်ပါသည်။ ပိုမိုသင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်မှု ဖြစ်စေမည့်အပြင် ၎င်းက သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများ၏ ယုံကြည်မှုကို ရရှိကာ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုများလည်း ဖြစ်ပေါ်စေပါမည်။ ဥပမာ- ပညာရေးပရိုဂရမ်တစ်ခုတွင် ကလေးများအနေဖြင့် တွင်းအိမ်သာလိုအပ်မည်ဖြစ်ကြောင်း ဝန်ထမ်းက သတိမူမိခဲ့သည်။ ၎င်းတို့သည် တွင်းပေါက်၏ အရွယ်အစားကို ကြောက်ရွံ့နေသည်ဟု နောက်ပိုင်းမှသိရသည့် ကလေးငယ်များနှင့် မဆွေးနွေးခဲ့ပါ။ ကလေးသူငယ်များက တွင်းအိမ်သာများ အပြင်ဘက်တွင် မစင်စွန့်ခဲ့သည့်အတွက် ယင်းက ကျန်းမာရေး ပြဿနာများဖြစ်စေခဲ့သည်။*

- **ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာများ**ကို ရှာဖွေပါ။ ရေပြတ်တောက်မှုဖြစ်နေစဉ်တွင် လူများသည် ရေကိုမည်သည့်နေရာမှရနိုင်မည်နည်း။ လူများသည် မည်သည့်နေရာတွင် အိမ်သာတက်ကြပါသလဲ။ ၎င်းတို့၏ ဘေးကင်းမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပါသလား။ ဆိုးကျိုး သက်ရောက်မှုတစ်ခု ရှိနိုင်သည့် ကိုင်တွယ်ဖြေရှင်းရေး နည်းဗျူဟာများကို အသုံးပြုရခြင်းမှ ရှောင်ကြဉ်နိုင်စေရန် ဘေးအန္တရာယ်များကို တတ်နိုင်သမျှ အမြန်ဆုံး ဖော်ထုတ်၍ ကုစားဖြေရှင်းမှုနည်းလမ်းများကို ဆောင်ရွက်ရမည်။

  ***မှတ်ချက်များ-***
  - *ရေပြတ်တောက်ပါက အမျိုးသမီးများသည် ရေခပ်ရန် အဝေးကြီးသို့ သွားလာရပြီး ၎င်းတို့တွင် အန္တရာယ်ရှိနေပါသလား။ အတူတူလိုက်ပါရန် သို့မဟုတ် ရေဖြန့်ဝေပေးရန် စဉ်းစားပါ။*
  - *စားကျက်နှင့် ရေရှာဖွေရန် ပြောင်းရွှေ့နေစဉ်အတွင်း အမျိုးသမီးများနှင့် ကလေးများကို နောက်တွင်ချန်ရစ်ခဲ့ပါသလား။ ထိုသို့ဆိုပါက ၎င်းတို့၏ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများက မည်သည်တို့ဖြစ်ပါသနည်း။*
  - *ဒေသတွင်း လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းမှ သင်ယူရန်စဉ်းစားပါ။ ဒေသတွင်း ပေါက်ရောက်သော အပင်အချို့ကို ရေပွက်ပွက်ဆူအောင် ကျိုလိုက်ပါက ရေသည် သန့်စင်သွားပါသည် (ဥပမာ - မနက်ခင်း မျိုးစေ့များ)။ အဆိုပါနည်းလမ်းများသည် ရေပြတ်တောက်မှုဖြစ်စဉ်များတွင် ရေတွင်ပေါက်ဖွားသည့်ရောဂါများအား လျှော့ချနိုင်သည်ကို အထူးသဖြင့် ပြောင်းရွှေ့လာသည့်အသိုက်အဝန်းများက သိရှိခြင်းမရှိပါ။*

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - WASH အစီအစဉ်များ

- EH ကော်မတီများသည် လူ့အဖွဲ့အစည်းအလွှာအားလုံး (ဥပမာ၊ လိင်၊ အသက်၊ လူမျိုးစု၊ လူမှုစီးပွားရေး အုပ်စု၊ စသည်ဖြင့်) ၏ ကိုယ်စားလှယ်များဖြစ်ကြောင်းနှင့် အဖွဲ့ဝင်အားလုံးကို "ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း စည်းမျဉ်းများ" အကြောင်း လေ့ကျင့်ပေးပြီးဖြစ်ကြောင်း သေချာအောင်လုပ်ပါ။

  *မှတ်ချက်များ-*
  - *၎င်းတို့သည် ဖယ်ထုတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လှုပ်ရှားနေပါသည်။*
  - *ဖြစ်နိုင်ပါက ရေကော်မတီအား ပဋိပက္ခများကို 'ငြိမ်းချမ်းစွာ' ဖြေရှင်းနည်းများ (ဥပမာ၊ တန်းစီမှုကို စီမံခန့်ခွဲခြင်း အစရှိသည်ဖြင့်) အတွက် လမ်းညွှန်ချက်များ ပံ့ပိုးပေးပါ။*
  - *သာမန်အားဖြင့် ထုတ်ဖော်ပြောဆိုလေ့မရှိသည့် အုပ်စုများ အဓိပ္ပါယ်ရှိစွာ ပါဝင်ဆောင်ရွက်ရန် တစ်ခါတစ်ရံတွင် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရန် လိုအပ်သည်။*
  - *လူနည်းစု အုပ်စုများ၏ အသံကို EH အဆောက်အအုံများကို စီမံခန့်ခွဲနေသည့် ကော်မတီအားလုံးတွင် ကိုယ်စားပြုသည်ကို သေချာစေပါ။*

# CCCM အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွေစပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတများဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက် ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

### ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ

- ယာယီစခန်းများနှင့် ယာယီစခန်းကဲ့သို့သော အခြေအနေများက နယ်စပ်များနှင့် ပဋိပက္ခဖြစ်သော နယ်နိမိတ်များမှ စံသတ်မှတ်အကွာအဝေးနှင့် ကိုက်ညီကြောင်း သေချာအောင်လုပ်ပါ။ မြေမြှုပ်မိုင်းများ၊ ပေါက်ကွဲတတ်သော စစ်အကြွင်းအကျန်ပစ္စည်းများ (ERW) နှင့် သဘာဝ ဘေးအန္တရာယ်များနှင့် ဆက်စပ်ပြီး ဘေးကင်းရေးအန္တရာယ်များကို စဉ်းစားပါ။ ကြားဝင်ဖျန်ဖြေရေး ဧရိယာသည် မိုင်းတွင်းဖြစ်နေပါက သို့မဟုတ် ERW ရှိနေနိုင်ပါက ကျေးဇူးပြု၍ မြေမြှုပ်မိုင်းဆိုင်ရာ အရေးပေါ်လှုပ်ရှားဆောင်ရွက်မှု အုပ်စု / အဖွဲ့အစည်းထံသို့ ရည်ညွှန်းပါ။

- အထူးသဖြင့် ယောက်ျားလေးများအား၊ မိန်းကလေးများ၊ အမျိုးသားများနှင့် အမျိုးသမီးများအား ၎င်းတို့၏ နေ့စဉ် လှုပ်ရှားဆောင်ရွက်မှုများ (ဥပမာ၊ ရေခပ်ခြင်း၊ ဈေး သို့မဟုတ် ကျောင်းသွားခြင်း၊ ထင်းကောက်ခြင်း သို့မဟုတ် လောင်စာဆီရှာခြင်း) တွင် ကျား/မ ကွဲပြားမှုကြောင့် အကြမ်းဖက်မှု (GBV) ကဲ့သို့ အကြမ်းဖက်မှု ဖြစ်နိုင်ခြေများကို ဂရုတိုက် စစ်ဆေးပြီး ဟန့်တားရေး စီမံချက်များနှင့် တုံ့ပြန်မှုများကို ရှာဖွေဖော်ထုတ်ရန် ၎င်းတို့အပြင်၊ ကာကွယ်ရေးစောင်ရှောက်သူများနှင့်အတူ လုပ်ဆောင်ပါ။

- ဖြစ်နိုင်ပါက ညပိုင်းတွင် ရဲနှင့်/ သို့မဟုတ် အသင်းအဖွဲ့ကင်းလှည့်မှုများကဲ့သို့ ထိရောက်သော လုံခြုံရေး စီမံချက်များ၊ လုံလောက်သော မီးအလင်းပေးခြင်း သို့မဟုတ် အခြားလုံခြုံရေးစီမံချက်များကို နေရာတကျ သတ်မှတ်ထားရှိကြောင်း သေချာအောင်လုပ်ပါ။ အန္တရာယ်ဖြစ်နိုင်ခြေမြင့်သည့် လုံခြုံရေးဇုန်များကို ပုံမှန်၊ နေ့တိုင်း စောင့်ကြည့်ပါ (ဥပမာ အများသုံး ရေပန်းများ၊ တွင်းအိမ်သာများ၊ ကလေးကစားကွင်းများ၊ ကျောင်းနှင့် ကျောင်းသို့သွားသည့်လမ်းများ၊ ကျန်းမာရေး အဆောက်အအုံများ၊ ရေစုဆောင်းရာနေရာများ၊ အစရှိသည်တို့)။

- နေရာများရွေးသည့်အခါ ပြဋ္ဌာန်းဥပဒေနှင့်ညီသော/တရားဝင်သော၊ ဓလေ့ထုံးတမ်းနှင့်လျော်ညီသော ရယူပိုင်ခွင့်များအပါအဝင် လက်ရှိရှိနေသည့် မြေနေရာနှင့် အဆောက်အဦးအတွက် စီစဉ်ထားမှုများကို သတိပြုပါ။ မြေနေရာ သို့မဟုတ် အဆောက်အဦအား ပိုင်ရှင်တစ်ဦးဦးက သီးသန့် ပိုင်ဆိုင်ပါက ပိုင်ရှင်များထံမှ တရားဝင်ခွင့်ပြုချက်နှင့် တရားဝင် အတည်ပြုချက်ရယူရန် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ပါ။ နည်းပညာဆိုင်ရာ ပံ့ပိုးမှုအတွက် ကာကွယ်ရေးအစုအဖွဲ့အတွင်းရှိ အိမ်ရာ၊ မြေကွက်နှင့် အဆောက်အအုံဆိုင်ရာ ကျွမ်းကျင် ဆောင်ရွက်သူများ သို့မဟုတ် လုပ်ဆောင်နေသော အုပ်စုများကို ကိုးကားပါ။

- မတူညီသော လူမျိုးစု၊ ဘာသာရေး သို့မဟုတ် အခြားအုပ်စုများကြား တင်းမာမှုများကို သတိပြုမိပြီး သက်ရောက်သည့်လူစုကြားတွင် ဓလေ့ထုံးတမ်းနှင့်ညီသော အလေ့အကျင့်များဖြင့် ဖြေရှင်းရန် စဉ်းစားပါ။ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စိတ်ဖိစီးနေခြင်း၊ ၎င်းတို့၏မူလနေရပ်သို့ ပြန်သွားလိုခြင်း သို့မဟုတ် နေရာ ပြောင်းရွှေ့လိုခြင်း၊ သို့မဟုတ် ယာယီစခန်းမှထွက်ခွာလိုသည်ကို တားမြစ်ခံနေရသည်ဟု ခံစားနေရခြင်းများ ရှိ မရှိ အမြဲစောင့်ကြည့်ပြီး ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ပါ။

### အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်

- ပြောင်းရွှေ့ခံရသည့်လူများအား ၎င်းတို့နေထိုင်သည့် အခြေအနေများ (ဥပမာ အိမ်ရှင်မိသားစုများ၊ စုပေါင်းစင်တာများ၊ မြို့ပြ သို့မဟုတ် ကျေးလက်ဒေသတွင် မိမိဘာသာ နေရာချရသူများ သို့မဟုတ် သဘာဝဖြစ်သော နေရာများ သို့မဟုတ် စီစဉ်ထားသည့် ယာယီစခန်းများတွင် နေထိုင်နေသူများ) ကို မကြည့်ဘဲ တပြေးညီ ဆက်ဆံပါ။

- အမျိုးသမီးများအား ၎င်းတို့၏ အမည်ကို ၎င်းတို့ဘာသာ ဖြည့်စွက်နိုင်သည့် ပြည့်စုံလုံလောက်သော စာရင်းသွင်းစနစ်တစ်ခုရှိကြောင်းသေချာစေပြီး ကလေးသူငယ်ဦးဆောင်နေရသည့် အိမ်ထောင်များအတွက် ပြဋ္ဌာန်းချက်များကိုပါ သတ်မှတ်ထားရှိကြောင်း သေချာပါစေ။ စာရင်းသွင်းခြင်း ရည်ရွယ်ချက်ကို အုပ်စုအားလုံးသိအောင် ဆက်သွယ်ပြောကြားထားကြောင်းနှင့် ထိရောက်သည့် အချက်အလက် ကာကွယ်ရေး အစီအမံများကို အသုံးပြုထားကြောင်း သေချာအောင်လုပ်ပါ။

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - CCCm အစီအစဉ်များ

- ယာယီစခန်း/စခန်း အဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား မသန်စွမ်းသူများ (အာရုံခံနိုင်စွမ်း ချို့တဲ့သူများ) နှင့် အခြား အထူးလိုအပ်ချက်ရှိသူများ အပါအဝင် လူတိုင်းရယူနိုင်ကြောင်း သေချာအောင်လုပ်ပါ။

- ယာယီစခန်း/စခန်း တည်ဆောက်မှု ဒီဇိုင်းနှင့် ဝန်ဆောင်မှုများသည် အကျိုးခံစားခွင့်ရှိသူ အတန်းအစားအားလုံးအတွက် ရယူနိုင်ကြောင်း သေချာအောင်လုပ်ပါ။ အမျိုးမျိုးသော ဝန်ဆောင်မှုများနှင့် အကူအညီပေးသူများဆီမှ လိင်နှင့် အသက်အလိုက် ခွဲခြားထားသော သတင်းအချက်အလက်ကို စုဆောင်းရန်၊ ယာယီစခန်း/စခန်းတွင် စဉ်ဆက်မပြတ် စောင့်ကြည့်ရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပုံမှန် ကြားဖြတ်စစ်ဆေးမှုများကို လုပ်ဆောင်ပါ။

- မတူညီသော လူမျိုးစု၊ လူမျိုးရေး၊ နိုင်ငံသား သို့မဟုတ် လူမှုရေးအုပ်စုများ၏ လိုအပ်ချက်များကို ဝန်ဆာင်မှုပံ့ပိုးပေးသူများက ထည့်သွင်းစဉ်းစားပြီး ဝန်ဆောင်မှုအရည်အသွေးသည် တစ်ပြေးညီရှိကြောင်းကို သေချာအောင်လုပ်ပါ။

- ယာယီစခန်းအတွင်း လူတိုင်းသည် အလုပ်အကိုင် အခွင့်အလမ်းများကို တန်းတူရယူခွင့်ရှိကြောင်း သေချာအောင်လုပ်ပါ။ အလုပ်အတွက် ငွေကြေးနစ်နာမှုများ စီစဉ်ပေးမည်၊ စီစဉ်မပေးမည်ကို ဆုံးဖြတ်ရန် ယာယီစခန်းအတွင်း ဆောင်ရွက်နေကြသည့် လူပ်ရှားဆောင်ရွက်သူအားလုံးနှင့် တိုင်ပင်ပြီး သဘောတူထားသည့် ချဉ်းကပ်နည်းဖြင့် ပုံမှန်လုပ်ဆောင်ကြောင်း သေချာပါစေ။ နစ်နာကြေးကို ပေးအပ်မည်ဆိုပါက ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူအာလုံးကို တပြေးညီ ပေးချေပါ

**တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု**

- အထူးလိုအပ်ချက်များရှိသည့်လူများအား သင့်တော်သော တုံ့ပြန်မှုနှင့် အထူးအကူအညီ ပံ့ပိုးပေးရန် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားဆောင်ရွက်သူများနှင့်အတူ လက်တွဲလျက် ရည်ညွှန်းပေးမည့် စနစ်များကို စီစဉ်သတ်မှတ်ပါ။ အချက်အလက်စီမံခန့်ခွဲရေးအတွက် စံသတ်မှတ်ချက်များကို အသုံးချပြီး ညွှန်းဆိုမှုဆိုင်ရာ အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိရန် ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ပါဥပမာ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် အထူးကျွမ်းကျင်သည့် ကာကွယ်စောင့်ရှောက်ရေး ကြားဝန်ဖျန်ဖြေမှုများ၏ အကျိုးခံစားခွင့်ရှိသူများစာရင်းအား မလိုလားအပ်သော အသုံးပြုခံရခြင်းမှ ရှောင်ကြဉ်ရန် လျှို့ဝှက်ပြီး ဘေးကင်းသည့်နေရာတွင် သိမ်းဆည်းထားကြောင်း သေချာစေရန်။

  *မှတ်ချက်များ-*

  - *ညွှန်းဆိုပေးသည့် လုပ်ထုံးလုပ်နည်းများသည် တင်းမာသော တည်ဆောက်ပုံမဟုတ်ပါ၊ သို့သော် ဖော်ပြပါတို့ဖြင့် ပေါင်းစည်းလုပ်ဆောင်သင့်သည့် အမြဲပြောင်းလဲနေပြီး အားလုံးပါဝင်သင့်သည့် လုပ်ငန်းစဉ်ဖြစ်သည် - a) အထူးလိုအပ်ချက်များရှိသူများနှင့် အသက်ရှင်သန် လွတ်မြောက်လာသူများအား ရှာဖွေဖော်ထုတ်ပြီး သင့်လျော်စွာ ဆက်ဆံနိုင်မည့် နည်းလမ်းများအတွက် လမ်းညွှန်ချက်။ ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ပါဝင်ဆုံးဖြတ်စေကာ ၎င်းတို့အခွင့်အရေးများကို လေးစားပါ။ b) ဆေးပညာဆိုင်ရာ၊ လူမှုစိတ်ပညာဆိုင်ရာနှင့် တရားရေးရာ တိုင်ပင်ရေးဝန်ဆောင်မှုများအပါအဝင်၊ အထူးကျွမ်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးနေသည့် ဒေသတွင်းနှင့်/သို့မဟုတ် နိုင်ငံတကာ အေဂျင်စီများထံ အထူးလိုအပ်ချက်ရှိသူများနှင့် လွတ်မြောက်လာသူများအား ရည်ညွှန်းပေးရန် လိုက်နာရန်ကျင့်ဝတ် သို့မဟုတ် "နည်းလမ်းများ"။*

- ပြောင်းရွှေ့ခံနေရာများရှိ CCCM ကြားဝင်ဖျန်ဖြေခြင်းများ၊ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများအပြင် အကူအညီရယူနေသည့် အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ ကြုံတွေ့ခံစားနေရသည့် ခြိမ်းခြောက် စွပ်စွဲမှုများ၊ အကြပ်ကိုင်မှု၊ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုနှင့် ပတ်သက်၍ တောင်းဆိုချက်များနှင့် မကျေနပ်ချက်များကို လက်ခံသိရှိပြီး စုံစမ်းစစ်ဆေးနိုင်ရန် အကြံပြုချက်နှင့် တိုင်ကြားချက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပါ။ မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ချမှတ်နိုင်လင့်ကစား တိုင်ကြားချက်အားလုံးကို တုံ့ပြန်ပေးပါ။

  *မှတ်ချက်များ-*

  - *မှတ်ချက်- တိုင်ကြားချက် လုပ်ထုံးလုပ်နည်းတစ်ခုတွင် a) စံသတ်မှတ်ထားသည့် တိုင်ကြားချက်ပုံစံတစ်ခု ထည့်သွင်းသင့်သည်၊ သို့သော် မည်သည့်ပုံစံဖြင့် ရှိသည်ဖြစ်စေ တိုင်ကြားချက်အားလုံးကို ဖတ်ရှုပြီး သုံးသပ်သင့်သည်၊ b) လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့သဖြင့် အမည်မဖော်ဘဲ ထားခြင်းကို လေးစားလျက် တိုင်ကြားသည့်ပုဂ္ဂိုလ်အား ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ခွင့် ပေးသင့်သည် c) တိုင်ကြားခံရသူမှတစ်ဆင့်မဟုတ်ဘဲ အခြားပုဂ္ဂိုလ်တစ်ဦးမှတစ်ဆင့် တိုင်ကြားချက်များ ပြုလုပ်နိုင်ရန် ပြဌာန်းချက်များ ထည့်သွင်းသင့်သည် d) ထိရောက်သော နောက်ဆက်တွဲဆောင်ရွက်ချက်အတွက် သင့်တော်သော လုပ်ငန်းစဉ်များကို ထည့်သွင်းရမည်။ တိုင်ကြားချက် လုပ်ထုံးလုပ်နည်းအတွက်အမျိုးသားများနှင့် အမျိုးသမီးများကို ခန့်အပ်ထားသင့်ပြီး ကလေးသူငယ်များနှင့် အထူးလိုအပ်ချက်ရှိသူများကလည်း ရယူနိုင်သည့် အခြေအနေရှိသင့်သည်။*

- ယာယီစခန်း/စခန်း မန်နေဂျာများနှင့် ညှိနှိုင်းဆောင်ရွက်သူများက လူသားအချင်းချင်းစာနာထောက်ထားရေး စံသတ်မှတ်ချက်များနှင့် အကျိုးခံစားခွင့်ရှိသူများ၏ လုပ်ပိုင်ခွင့်များကို လေးစားပြီး အားပေးမြှင့်တင်ရန် ၎င်းတို့၏ ကတိပြုချက်ကို ဖော်ပြထားသည့် ကျင့်ဝတ်စည်းကမ်းတွင် လက်မှတ်ရေထိုးထားကြောင်း သေချာပါစေ။ ကျင့်ဝတ်စည်းကမ်းများနှင့် ပတ်သက်၍ မန်နေဂျာများနှင့် ညှိနှိုင်းဆောင်ရွက်သူများကို လေ့ကျင့်သင်ကြားပေးထားပြီး ၎င်းတို့၏ ကျင့်ဝတ်လိုက်နာမှုကို စောင့်ကြည့်ပါ။ ကျင့်ဝတ်စည်းကမ်းတစ်ခုထားရှိမည်ဟူသော သတ်မှတ်ချက်ကို လိုက်နာခြင်းသည် ဝန်ဆောင်မှုပံ့ပိုးပေးသူအားလုံး၏ ရွေးချယ်မှုအတွက် ရက်စရာမဟုတ်သော မှတ်ကျောက်တစ်ခုဖြစ်သည်။

- ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားဆောင်ရွက်သူများနှင့် လက်တွဲလုပ်ဆောင်ပြီး၊ UN ဝန်ထမ်းအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဝန်ထမ်းနှင့် လက်တွဲဆောင်ရွက်သူများ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှု (PSEA) ကို တားဆီးခြင်းနှင့် ပတ်သက်၍ ပိုမို သတိမူမိလာအောင် လုပ်ဆောင်ပြီး အဓိကကျသည့်အချက်များကို ရှာဖွေဖော်ထုတ်ပါ။ ဝန်ဆောင်မှုများ သို့မဟုတ် အဆောက်အအုံများကို အသုံးပြုရန်အတွက် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ဝန်ဆောင်မှုများ သို့မဟုတ် မျက်နှာသာပေးရမှုများ လုပ်ပေးရန် မလိုအပ်ကြောင်း အကျိုးခံစားခွင့်ရှိသူများ သိရှိရန် ရှင်းလင်းသော အချက်အလက်များ ပံ့ပိုးပေးပါ။

- ယာယီစခန်း/စခန်း မူဝါဒ ရေးခြင်း၊ စီမံခန့်ခွဲရေးနှင့် စခန်းပိတ်ခြင်းကဲ့သို့သော မိမိနှင့်သက်ဆိုင်သည့် အခြေအနေအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ အပြည့်အဝပါဝင်ကြောင်း သေချာပါစေ။

## အရင်းမြစ် 9- ၅pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - CCCm အစီအစဉ်များ

- မတူညီသော အသက်၊ လိင်၊ ကွဲပြားသောအုပ်စုများမှ အကျိုးခံစားခွင့်ရှိသူများနှင့် အဓိပ္ပါယ်ရှိရှိ အပြန်အလှန်ဆွေးနွေးနိုင်ရန် သင့်တော်ပြီး ရေရှည်သုံးနိုင်မည့် လုပ်ထုံးလုပ်နည်းများကို ဖန်တီးပါ။ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင် အထူးလိုအပ်ချက်ရှိသူများ၏ အမြင်များကို ထည့်သွင်းနိုင်စေရန် ယာယီစခန်း/စခန်း စီမံခန့်ခွဲရေး တည်ဆောက်ပုံများနှင့် အကျိုးခံစားခွင့်ရှိသူ ကော်မတီများအတွင်း အဓိကအချက်များကို ရွေးချယ်သတ်မှတ်ပါ။

- ဒေသခံလူထုနှင့် ပြောင်းရွှေ့ခံလူစုကြားတွင် တင်းမာမှုများကို လျှော့ချရန် ဒေသတွင်းအာဏာပိုင်များနှင့် ဒေသခံလူထုများအား တည်နေရာအတွက် ဆုံးဖြတ်ချက်ချခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတွင် သတင်းပေး၊ တိုင်ပင်ပြီး ထည့်သွင်းထားကြောင်း သေချာအောင်လုပ်ပါ။

- ထိခိုက်ခံစားရသောသူများ၏ သီးခြားလိုအပ်ချက်များနှင့်ပတ်သက်သည့် တိကျသောသတင်းအချက်အလက်များကို စုစည်းရန်အလို့ငှာ အကဲဖြတ်မှုများတွင် ထိခိုက်ခံစားရသောလူအမျိုးအစားအားလုံး (ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ကဲ့သို့သော) ပါဝင်ပါစေ။

- လုပ်နိုင်စွမ်းမြှင့်တင်ခြင်းအပါအဝင် နိုင်ငံတော်/ဒေသတွင်း အာဏာပိုင်များနှင့် ပါဝင်ပတ်သက်သူများကို သင့်တော်သည့် ပံ့ပိုးပေးသူများ ပေးပါ။ ယာယီစခန်းများနှင့် နေရာချထားမှုများအတွက် ကာကွယ်ရေးနှင့် အကူအညီပေးရေး မဟာဗျူဟာတွင် အစိုးရ ပါဝင်လာစေရန် တွန်းအားပေးပါ။

# ကျန်းမာရေး အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွေ့စပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတများဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက်ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

**ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ**

- ကျန်းမာရေးဝန်ဆောင်မှုပေးသည့် အဆောက်အအုံများ၏ **တည်နေရာ**နှင့် လမ်းကြောင်းများသည် အကြမ်းဖက်မှု၊ အထူးသဖြင့် လိင်အခြေပြု အကြမ်းဖက်မှု (GBV) နှင့် လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကဲ့သို့သော အလားအလာရှိသည့် သို့မဟုတ် အမှန်တကယ်ဖြစ်ပွားနေသည့် ခြိမ်းခြောက်မှုများ၏ အဝေးတွင်ရှိကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *အမှောင်နောက်ဖေးလမ်းကြားများ၊ ချုံပုတ်များနှင့် ကပ်လျက်ရှိခြင်း ကဲ့သို့သော ဆေးခန်းပတ်လည်ဧရိယာများကို ရှာဖွေဖော်ထုတ်ပြီး မီးများတပ်ဆင်ပါ သို့မဟုတ် ၎င်းတို့ပတ်လည်တွင် လုံခြုံရေးထားပါ။*
  - *ကျန်းမာရေးစင်တာများအနီးတွင် မီးတိုင်များတပ်ဆင်ရန်စဉ်းစားပါ၊ မီးမရနိုင်ပါက၊ အိမ်ထောင်စုတစ်စုချင်းစီအတွက် ဓာတ်မီးများပံ့ပိုးပေးခြင်းကဲ့သို့သော အလားတူပံ့ပိုးပေးမှုကို ပြုလုပ်ရန် စဉ်းစားပါ။ အဖိုးတန်ပစ္စည်းများကြောင့် လူတိုင်းကို ဘေးဒုက္ခမဖြစ်စေရန် သတိပြုပါ*
  - *အဆောက်အအုံများကို သံသယရှိသော ဒုစရိုက်သမားများ၏ အနီးတွင် မထားရှိပါနှင့်။ မှတ်ချက်၊ ရဲနှင့် လက်နက်ကိုင်များသည် အကြမ်းဖက်မှု ကျူးလွန်သူများဖြစ်ကြကြောင်း မကြာခဏသိရသည်။ ၎င်းတို့သည် တည်နေရာပေါ်မူတည်ပြီး ပူပန်သောကဖြေဖျောက်ပေးသည့် ခံစားချက်များ ဖန်တီးပေးသည် သို့မဟုတ် ကြောက်ရွံ့မှုဖြစ်စေခြင်းများ ဖြစ်စေသည်။ ဦးစားပေးမှုများနှင့် ပတ်သက်၍ အသင်းအဖွဲ့နှင့် အလားလာရှိသည့် အကျိုးခံစားသူများနှင့် တိုင်ပင်ရန်မှာ အရေးကြီးပါသည်။*
  - *လိုအပ်ပါကသင့်လျော်သော ရဲတပ်ဖွဲ့ ဖွဲ့စည်းပါ။*

- တစ်ဦးတစ်ယောက်ချင်းသာမက အုပ်စုအားလုံးအနေဖြင့် အဆောက်အအုံများကို ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ အသုံးပြုနိုင်ရန် လမ်းဖြတ်ခုံများ ထားရှိခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် အဆောက်အအုံများနှင့် တွင်းအိမ်သာများသို့ သွားရန် လက်ရန်းများတပ်ဆင်ခြင်း ကဲ့သို့သော **အခြေခံအဆောက်အအုံများ**ကို အလိုက်သင့် ပြင်ဆင်ပါ။ လိုအပ်သော သင့်လျော်သည့် ပြင်ဆင်ပြောင်းလဲမှုပုံစံများကို သိရှိနိုင်ရန် တိုက်ရိုက်စောင့်ကြည့်မှုများ၊ မသန်စွမ်းသူများနှင့် အုပ်စုလိုက် ဆွေးနွေးမှုများလုပ်ပါ။

- ကျန်းမာရေးဝန်ဆောင်မှုများသည် **ဓလေ့ထုံးတမ်းများနှင့် ဘာသာရေး အလေ့အကျင့်ကို လေးစားလိုက်နာပြီး အားလုံး ပြည့်စုံစွာပါဝင်ကြောင်း** သေချာပါစေ။

  *မှတ်ချက်များ-*
  - *ကျန်းမာရေးဝန်ထမ်းနှင့် လူနာများကြားတွင် လုပ်ပိုင်ခွင့် အင်အားများကို ထည့်သွင်းစဉ်းစားပါ။ ယင်းက ဝန်ထမ်းနှင့် ပံ့ပိုးပေးသည့်ဝန်ဆောင်မှုအပေါ် လူနာ၏တုံ့ပြန်မှုများ၊ အပြုအမူနှင့် ယေဘုယျစိတ်နေစိတ်ထားအပေါ် မည်သို့ သက်ရောက်မှုရှိသနည်း။*
  - *သီးခြားစောင့်ဆိုင်းနေရာများ ထားရှိရန် ထည့်သွင်းစဉ်းစားပါ (ကျား/မ)။*
  - *အမျိုးသမီးများနှင့် အလုပ်လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများရှိသည့် အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းအဖွဲ့ဝင်များကို အလုပ်ခန့်ပါ။*
  - *ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများရှိသည့် အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းအဖွဲ့ဝင်များကို အလုပ်ခန့်ပါ။*

## အရင်းမြစ် 9- ၄pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကျန်းမာရေး အစီအစဉ်များ

- တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မျှဝေရာတွင် **လျှို့ဝှက်ထားရှိရေးနှင့် သီးသန့်ထားရှိရေး**ကို လေးစားပါ။

  *မှတ်ချက်များ-*
  - *စစ်ဆေးသည့် အခန်းများကို အများပြည်သူနေရာများ သို့မဟုတ် စောင့်ဆိုင်းဧရိယာမှ ခွဲထားကြောင်း သေချာပါစေ။*
  - *သီးသန့်ခန်းများ မရနိုင်ပါက နံရံကာခြင်း သို့မဟုတ် လိုက်ကာကာခြင်းများ ပြုလုပ်ပါ။*
  - *လွတ်မြောက်လာသူများအနေဖြင့် ၎င်းတို့၏ဖြစ်ပျက်ပုံကို ထပ်တလဲလဲ ပြောပြရန် မလိုအောင် သတင်းအချက်အလက်မျှဝေသည့် ကျင့်ဝတ်တစ်ခု သတ်မှတ်ထားကြောင်းသေချာပါစေ၊ ယင်းသို့ထပ်တလဲလဲပြောပြရခြင်းက ၎င်းတို့ကိုနောက်ဆက်တွဲ စိတ်ဒဏ်ရာဖြစ်စေသောကြောင့် လျှို့ဝှက်ထားကြောင်း သေချာစေရန် အစွမ်းကုန် ကြိုးစားအားထုတ်ပါ။*
  - *တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ပေးရန် မလိုအပ်သည့် အချက်အလက်များကို စုစည်းရယူခြင်း မပြုပါနှင့်။*

- အကျိုးခံစားခွင့်ရှိသူက သဘောတူခွင့်ပြုချက် ပေးမထားသရွေ့ **မည်သူမည်ဝါဖြစ်သည်ဆိုသည့် သတင်းအချက်အလက်ကို** မမျှဝေပါနှင့် (ဥပမာ၊ နာမည်များ၊ လိပ်စာများ၊ သို့မဟုတ် ခွဲခြားသိနိုင်စေမည့် အမှုကိစ္စ၏ လက္ခဏာများနှင့် ဝိသေသလက္ခဏာများ စသည်ဖြင့်)။

  *မှတ်ချက်များ-*
  - *အချက်အလက်ရယူ အသုံးပြုရန် ခွင့်ပြုချက်တောင်းဆိုနေပါက အကျိုးခံစားခွင့်ရှိသူကို သေချာစွာ အသိပေးပြီး ၎င်းထံတွင် ခွင့်ပြုချက်ပေးနိုင်ခွင့်ရှိကြောင်း သေချာအောင်လုပ်ပါ (ဥပမာ ကလေးသူငယ်များ သို့မဟုတ် အသိဉာဏ်ချို့တဲ့သူများက အပြည့်အဝနားမလည်ဘဲ ခွင့်ပြုချက်ပေးလိုက်နိုင်သည် သို့မဟုတ် ခွင့်ပြုချက်ပေးခွင့်မရှိဘဲ ပေးလိုက်နိုင်သည်)။*
  - *အချက်အလက်ထိန်းသိမ်းရာနေရာသည် လုံခြုံမှုရှိပြီး နယ်မြေမှ အရေးပေါ်ပြောင်းရွှေ့ရမည့် ဖြစ်ရပ်တွင် အချက်အလက်များကို လုံခြုံစွာ ကာကွယ်ပြောင်းရွှေ့ (သို့) ဖျက်စီးပစ်နိုင်ရန် အရေးပေါ်အစီအစဉ်များ အဆင့်သင့်ရှိနေကြောင်း သေချာပါစေ။*

- ကျန်းမာရေးဝန်ဆောင်မှုပေးသည့် နေရာများနှင့် တွင်းအိမ်သာများ **ဒီဇိုင်း**သည် ဘေးကင်းမှုရှိပြီး သုံးစွဲသူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရပါမည်။

  *မှတ်ချက်များ-*
  - *တွင်းအိမ်သာများကို ပုံပန်းသွင်ပြင်အရ ခွဲထားပြီး "အမျိုးသား" နှင့် "အမျိုးသမီး" အညွှန်းများ တပ်ထားပါ။ ကျားနှင့် မအတွက် သီးခြား တွင်းအိမ်သာများနှင့် အိမ်သာများထားပြီး လူတိုင်းဖတ်နိုင်ပြီး လွယ်လင့်တကူမြင်နိုင်သည့် အညွှန်းများရေးထိုးထားကြောင်း သေချာပါစေ။*
  - *တွင်းအိမ်သာ ဒီဇိုင်းသည် ကလေးများအတွက်လည်း သင့်တော်ကြောင်း သေချာပါစေ (ဥပမာ တွင်း၏အရွယ်အစားသည် ကလေးသူငယ်များအတွက် ဘေးအန္တရာယ် ရှိနေနိုင်သည်)။*
  - *သီးသန့်သုံးနိုင်ရန်အတွက် တွင်းအိမ်သာများနှင့် ရေချိုးခန်းများကို အတွင်းမှ လော့ခ်ချနိုင်ကြောင်း သေချာပါစေ။ သုံးစွဲမည့်သူများ၏ ဆန္ဒကို မေးမြန်းတိုင်ပင်ပါ။ ဥပမာ- နိုင်ငံတစ်နိုင်ငံရှိကလေးများက သမားရိုးကျဆွဲပိတ်လော့ခ်များကို အသုံးပြုရန် အဆင်မပြေဖြစ်နိုင်ပြီး အခြားအလားတူ စိတ်ကူးများရှိနိုင်သည် (ဥပမာ၊ သစ်သားနှင့် သံများ)*

- နေရာပြောင်းရွှေ့သည့် လူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် အဆောက်အအုံများကို တည်ဆောက်ပေးနေခြင်းဖြစ်ပါက **အသိုက်အဝန်းတင်းမာမှုများကို ရှောင်ရှား**ရန် ပြောင်းရွှေ့ခံ ပုဂ္ဂိုလ်များနှင့်သာမက ကျန်းမာရေး လိုအပ်ချက်များနှင့် ပတ်သက်သည့် ဒေသခံ လူထုနှင့်ပါ ဆွေးနွေးပါ။ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အခြားတစ်ဖွဲ့အပေါ် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ဖြစ်စေသွားနိုင်သည့် တင်းမာမှု သို့မဟုတ် မညီမျှမှုမရှိကြောင်း သေချာအောင်လုပ်ပါ။

  *မှတ်ချက်များ-*
  - *ကျန်းမာရေးစောင့်ရှောက်မှုကို မညီမျှစွာ အသုံးပြုမှုသည် အသိုက်အဝန်းအတွင်းနှင့် အခြား ပတ်ဝန်းကျင် အသိုက်အဝန်းများတွင် တင်းမာမှု သို့မဟုတ် ပဋိပက္ခ ဖြစ်စေခြင်း ရှိ မရှိအား အကဲဖြတ်ပါ။*
  - *ယာယီစခန်းများတွင် ဒေသခံ/အိမ်ရှင်အသိုက်အဝန်းထံ ဝန်ဆောင်မှုများဖြည့်ဆည်းပေးရန် စဉ်းစားပါ။*

- အမျိုးသမီးများ၊ ကလေးများနှင့် အလုပ်လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများရှိသည့် အမျိုးသမီး ကျန်းမာရေး **ဝန်ထမ်းအဖွဲ့ဝင်များ**ကို အလုပ်ခန့်ပါ။

- လွဲမှားစွာပြုမှုနှင့် အမြတ်ထုတ်ခြင်း ဖြစ်ရပ်များကို စောင့်ကြည့်ခြင်းနှင့် သတင်းပို့ခြင်းအတွက် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထားရှိပါ။

  *မှတ်ချက်များ-*
  - *"တိုင်ကြားသူ" မူဝါဒတစ်ခုပါဝင်သည့် ကျင့်ဝတ်စည်းကမ်းများကို ဝန်ထမ်းအားလုံးက လိုက်နာပြီး လက်မှတ်ရေးထိုးထားကြောင်း သေချာပါစေ။*
  - *တိုင်ကြားချက်များကို လွယ်ကူစွာ ပြုလုပ်နိုင်သော နားလည်လွယ်သော လုပ်ထုံးလုပ်နည်းတစ်ခု ဖန်တီးပါ။*
  - *ဝန်ထမ်းများသည် ကျင့်ဝတ်စည်းကမ်းကို နားလည်ပြီး လက်မှတ်ထိုးထားကြောင်း သေချာပါစေ။*
  - *လူတိုင်းအား ၎င်းတို့၏ တာဝန်ဝတ္တရားများအကြောင်း သတိပေးရန် ကျင့်ဝတ်စည်းကမ်းများဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပသင့်သည်။*

### အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်

- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့်နေရာအားလုံးကို လူတိုင်းဝင်ရောက် အသုံးပြုခွင့်ရှိကြောင်း သေချာပါစေ

  *မှတ်ချက်များ-*
  - *ကျွန်ုပ်တို့ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရှိသင့်သော လူထုကိုယ်စားပြု ကိုယ်စားလှယ်အားလုံး (ဥပမာ - အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးများ၊ ယောကျ်ားလေးများ၊ အသက်ကြီးသူများ၊ လူမျိုးစုအဖွဲ့များ၊ မသန်စွမ်းသူများ) နှင့် ဆွေးနွေးပါ။ လိုအပ်ပါက အကွာအဝေးကို လျှော့ချရန်နှင့် အားအနည်းဆုံးသူများ/အဆင့်အတန်းနိမ့်ချခံရသူ အများဆုံးပုဂ္ဂိုလ်များအနေဖြင့် အသုံးပြုခွင့်ရှိကြောင်း သေချာစေရန် တည်နေရာကို အလိုက်သင့်ပြောင်းရွှေ့ပါ။*
  - *ရာသီအလိုက် ပတ်ဝန်းကျင်အခြေအနေများသည် အရန်ကျန်းမာရေးစောင့်ရှောက်မှု စင်တာများနှင့် ဆေးရုံများသို့ လာရောက်ရန် မည်သို့ အတားအဆီးဖြစ်နိုင်သည်ကို စဉ်းစားပါ (ဥပမာ - ရေကြီးမှုများ)။ ဤအခြေအနေများတွင် ကျန်းမာရေးစင်တာသို့ လာရောက်နိုင်စေရေးအတွက် သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို ပြုလုပ်ပေးထားပါသလား။*

## အရင်းမြစ် 9- ၅pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကျန်းမာရေး အစီအစဉ်များ

  - *လိုအပ်ပါက သယ်ယူပို့ဆောင်ရေးကို စီစဉ်ဆောင်ရွက်ပါ။ အရေးပေါ်မဟုတ်သည့်ကိစ္စရပ်များတွင် အရေးပေါ်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများအတွက် ရန်ပုံငွေစုဆောင်းထားရန် စဉ်းစားပါ။*

- ၎င်းဝန်ဆောင်မှုကို **သွားလာရန် အခက်အခဲရှိသူများ**ရယူနိုင်ရန် တိကျစွာလုပ်ဆောင်ပါ (ဥပမာ၊ ရုပ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အိပ်ရာထဲလဲနေသူများ)

  *မှတ်ချက်များ-*
  - *ဘီးတပ်ကုလားထိုင် သွားလာရန်အတွက် ညီညာသော လမ်းကြောင်းနှင့် သင့်တော်သော စကြ်နမ်များ ရရှိရန်လုပ်ဆောင်ပေးပါ။ ကွဲပြားသော ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများကိုလည်းထည့်သွင်းစဉ်းစားပါ။ မတူညီသော နေရာအကျယ်အဝန်းပေါ်မူတည်ပြီး မတူညီသောဘီးတပ်ကုလားထိုင်များ လိုအပ်နိုင်ပါသည်။ ကိုယ်လက်အင်္ဂါအတုများ တပ်ဆင်ထားရသူများသည် အကွာအဝေး အနည်းငယ်သာ သွားလာနိုင်ကောင်း သွားလာနိုင်ပါသည်။ မည်သည့်ဖြေရှင်းချက်က ၎င်းတို့၏လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်မည်ကို မသန်စွမ်းသူများနှင့် ပြောဆို ဆွေးနွေးပါ။*
  - *အချို့ပုဂ္ဂိုလ်များအနေဖြင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်းမရှိပါက အသုံးပြုနိုင်စေရန် အထူးစီစဉ်မှုများကို လုပ်ဆောင်ထားကြောင်း သေချာပါစေ (ဥပမာ - ရွေ့လျားကျန်းမာရေးအဖွဲ့များ)။*
  - *အိမ်တိုင်ရာရောက် အကြံပေးဆွေးနွေးခြင်းနှင့် ဝန်ဆောင်မှုများအတွက် ဝန်ထမ်းများကို လေ့ကျင့်ပေးရန်နှင့် တစ်ဦးချင်းစီကို စည်းရုံးရန် မသန်စွမ်းပုဂ္ဂိုလ်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသော ဒေသခံ NGO တစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ပါ။*

- **ရွေ့လျားနိုင်မှုမရှိခြင်းနှင့် ဆက်စပ်နေသော မသန်စွမ်းသူများ** (ဥပမာ - မျက်စိအလင်းကွယ်နေသူ၊ အကြားအာရုံမကောင်းသူ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာချို့တဲ့သူ) အနေဖြင့်လည်း ဝန်ဆောင်မှုများကို အသုံးပြုနိုင်ကြောင်း သေချာပါစေ။¬

  *မှတ်ချက်များ-*
  - *ဝန်ဆောင်မှုအကြောင်း အချက်အလက်များကို နှုတ်ဖြင့်ပြော၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ သတင်းပေးပါ။*
  - *မည်သို့ လျှို့ဝှက်ထားရှိပြီး ကြိုတင်အသိပေးပြီးဖြစ်သည့် သဘောတူညီချက်ကို မည်သို့ ရယူရမည်ကို သိရှိခြင်းအပါအဝင် ဉာဏ်ရည်ချို့တဲ့သူများနှင့် မည်သို့ အလုပ်လုပ်ရမည်ကို ဝန်ထမ်းများအား လေ့ကျင့်ပေးထားကြောင်း သေချာပါစေ။ အများအားဖြင့် ဒေသခံ NGO များတွင် နည်းစနစ်ပိုင်းဆိုင်ရာ အသိပညာဗဟုသုတများ ရှိနိုင်ပြီးဖြစ်ပါသည်။*

- ကျန်းမာရေး **ဝန်ထမ်း** သည် ကျားမနှင့် မတူကွဲပြားကြသည့် လူမျိုးစုအားလုံး၏ ကိုယ်စားလှယ်ဖြစ်ကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *ကျန်းမာရေးစင်တာများတွင် အမျိုးသားနှင့် အမျိုးသမီး ဆရာဝန်များ/ သူနာပြုများ ရှိသင့်ပါသည်။ အမျိုးသမီး ဆရာဝန်များ/ သူနာပြုများ မရှိပါက အမျိုးသမီးဆရာဝန်ကို အလှည့်ကျထားရှိ စီစဉ်ပေးရန်အတွက် အာဏာပိုင်များနှင့် ဆွေးနွေးရန် စဉ်းစားပါ။ ဤဖြစ်စဉ်တွင် အမျိုးသမီးများအား အမျိုးသမီးဆရာဝန်ရှိမည့်နေ့ကို ပြည့်စုံစွာအကြောင်းကြားထားရပါမည်။*

- ကျန်းမာရေး **ဝန်ထမ်း**သည် အဓမ္မပြုကျင့်ခံရခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်းတို့အပါအဝင်လူ့အခွင့်အရေးချိုးဖောက်ခံရသည့် သားကောင်များ၏ သီးခြားလိုအပ်ချက်များကို မည်သို့တုန့်ပြန်ရမည်ဆိုသည်ကို သိရှိကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *ဝန်ထမ်းကို လေ့ကျင့်ထားပေးသင့်က ၎င်းတို့သည် စိတ်ဒဏ်ရာကိုလျှော့ချပေးနိုင်သည့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုကိုဖြည့်စွမ်းပေးနိုင်စွမ်း ရှိသင့်ပါသည်။ ဝန်ထမ်းကို လေ့ကျင့်ပေးထားခြင်းမရှိပါကအဆိုပါဝန်ဆောင်မှုများထံ လူနာကိုညွှန်းဆိုရန် ၎င်းတို့တွင် အချက်အလက်များရှိသင့်ပါသည်။ စိတ်ဒဏ်ရာကို ရှောင်ရှားရန်နှင့် ကျန်းမာရေးစင်တာတွင် တစ်ဦးတည်းဖြစ်နေနိုင်ခြေကိုလျှော့ချရန် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် သားကောင်များအား ဦးစားပေးသင့်ပါသည်။*
  - *ဝန်ထမ်းသည် ရှင်ကျန်သူများ၏ လျှို့ဝှက်ချက်များကို သေချာ ထိန်းသိမ်းထားပေးသင့်ပြီး ပေးထားသည့်စောင့်ရှောက်မှုနှင့်ပတ်သက်သည့် ဆန္ဒများကို လေးစားသင့်ပါသည်။*
  - *ကျန်းမာရေးဝန်ထမ်းအား အစဉ်အလာအရ အန္တရာယ်ဖြစ်စေသည့် အလေ့အကျင့်များကို ရှာဖွေဖော်ထုတ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လေ့ကျင့်ပေးပါ။*
  - *အနိုင်အထက်ပြုကျင့်ခြင်းနှင့် အမြတ်ထုတ်သည့်ဖြစ်စဉ်များကို အကောင်းဆုံးအလေ့အကျင့်ဖြင့် တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်သည့်ဝန်ဆောင်မှုများအတွက် ညွှန်းဆိုသူကွန်ရက်များကို ဖွဲ့စည်းပါ။*
  - *နှိပ်စက်ညှင်းပန်းမှုမှ လွတ်မြောက်လာသူများအတွက် စစ်ဆေးခြင်း/ နှစ်သိမ့်ဆွေးနွေးခြင်းပြုလုပ်သည့် အခန်းများ၏ အခန်းအပြင်အဆင်၊ ပရိဘောဂထားသိုပုံနှင့် ပစ္စည်းကိရိယာများအား ထားသိုရန် အထူးစဉ်းစားသင့်ပါသည်။ ၎င်းကို ဒီဇိုင်းအဆင့်တွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ စိတ်ဒဏ်ရာပြန်လည်ဖြစ်ပေါ်နိုင်ခြေကို ရှောင်ရှားရပါမည်။*

- အကျိုးခံစားခွင့်ရှိသူများသည် ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်နှင့် မည်သည့်နေရာတွင်/မည်သို့ ရယူရမည်ဆိုသည်ကို **သိရှိ** ကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *အကျိုးခံစားခွင့်ရှိသူများအားလုံး အထူးသဖြင့် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ စခန်းများတွင် အသစ်ရောက်ရှိလာသူများ နားလည်နိုင်သည့် ဘာသာစကားအရေအတွက် လုံလုံလောက်လောက်ဖြင့် အခွင့်အရေးဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။*
  - *စာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေရာတွင် စာပေတတ်ကျွမ်းမှုအဆင့်ကို ထည့်သွင်းစဉ်းစားသင့်သည် (ဥပမာ စာသားများအစား ပုံရိပ်များကို သုံးစွဲခြင်း)။ အခွင့်အရေးများနှင့် ဝန်ဆောင်မှုများအကြောင်း မသိရှိခြင်းသည် ပုံမှန်အားဖြင့် အကဲဖြတ်မှုများတွင် လေ့လာတွေ့ရှိရသော ဟာကွက်တစ်ခု ဖြစ်ပါသည်။*

- အသုံးပြုခွင့်၊ ခွဲခြားဆက်ဆံမှုနှင့် မည်သည့်ဝန်ဆောင်မှုများကို ပြောင်းလဲလိုက်ခြင်း ရှိမရှိ **စောင့်ကြည့်ပါ**။

  *မှတ်ချက်များ-*
  - *စီမံကိန်း အညွှန်းကိန်းများ (ဥပမာ ဂန်ဆောင်မှုရယူနိုင်ခဲ့သူ အရေအတွက်) သည် အသက်အရွယ်၊ ကျား/မကွဲပြားမှု၊ နေထိုင်ရာဒေသ၊ သို့မဟုတ် သီးသန့်အုပ်စုများ (ဥပမာ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ လူနည်းစုတိုင်းရင်းသားများ) အလိုက် သေချာ အမျိုးအစားခွဲခြားပါ။*
  - *ခွဲထုတ်ခံရသည့် သုံးစွဲသူအရေအတွက်ကို လက်ရှိရုပ်ပြဒေတာများနှင့် နှိုင်းယှဉ်ကြည့်ပါ။ ရှေ့နောက်မညီမှုများက မည်သည့်အဖွဲ့များအနေဖြင့် အသုံးပြုခွင့်မရကြောင်းကို သင့်အား ပြောပြနိုင်ပါသည်။*

## အရင်းမြစ် 9- ဌpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကျန်းမာရေး အစီအစဉ်များ

- *ဖြစ်နိုင်ပါက ကျန်းမာရေး ကော်မတီများနှင့် အကျိုးခံစားခွင့်ရှိသူများအား ထိုသို့လုပ်ဆောင်ရန် လေ့ကျင့်ပေးပါ။ ဒီဇိုင်းများသည် မသန်စွမ်းသူများနှင့် အဆင်ပြေကြောင်း သေချာစေရန် ကော်မတီများသည် ကန်ထရိုက်တာများနှင့်လည်း အလုပ်လုပ်ကိုင်နိုင်ပါသည်။*
- *ဝန်ဆောင်မှုများသည် အချို့တဲ့ဆုံးသူများထံ ရောက်ရှိကြောင်း သေချာအောင်လုပ်ပါ။*

- ကြားဝင်ကူညီဖြေရှင်းရေး ဒေသများအတွင်းရှိ **လုပ်ပိုင်ခွင့်အင်အားများ** ဆိုသည်ကို ဖော်ထုတ်အတည်ပြုပါ။ ကျန်းမာရေးစောင့်ရှောက်မှုကို ဘယ်သူတွေအသုံးပြုခွင့်ရှိပါသလဲ။

  ***မှတ်ချက်များ-***
  - *ကြားဝင်ဖြေရှင်းရေး ဒေသများရှိ လုပ်ပိုင်ခွင့်အင်အားများနှင့် ပတ်သက်၍ ကျား/မဆိုင်ရာအခြေပြု အကြမ်းဖက်ခြင်း၊ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ပေးခြင်း အစုအဖွဲ့ခွဲများ အပါအဝင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အစုအဖွဲ့ဝင်အတွင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကိုယ်စားလှယ်များနှင့် ဆွေးနွေးကာ အကြံဉာဏ်ရယူပါ။ လုပ်ပိုင်ခွင့်အင်အားများစသည်တို့ပါဝင်ပါသည်။*
  - *စောင့်ကြည့်ထိန်းချုပ်ရေး ဆောင်ရွက်ချက်များအကြောင်း သတင်းပြန်ကြားရန်နှင့် သီးသန့်အစုအဖွဲ့များအားဆန့်ကျင်သော ခွဲခြားဆက်ဆံမှုများ သို့မဟုတ် ၎င်းတို့ ရယူအသုံးပြုခွင့်မရှိအောင် တားဆီးနေသည့်အရာများကို ရှာဖွေဖော်ထုတ်ရန်အတွက် ဤအချက်အလက်များကို အသုံးပြုပါ။*

### တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု

- **ရွေ့လျားနိုင်မှုနည်းပါးသူများ သို့မဟုတ် မသန်စွမ်းသူများ** နှင့် အလုပ်လုပ်ဆောင်ရန်အထူးပြုထားသော **ဒေသခံအာဏာပိုင်များနှင့် လူထုအသိုက်အဝန်း** ကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာအောင်ပံ့ပိုးပေးကာ ဝန်ဆောင်မှုပေးခြင်းအား မည်သို့တိုးတက်အောင်လုပ်မည်ကို ၎င်းတို့၏အတွေ့အကြုံများမှ သင်ယူပါ။

  ***မှတ်ချက်များ-***
  - *သွားလာရန် အခက်အခဲရှိသူများကို ရှာဖွေဖော်ထုတ်ရန်နှင့် ကူညီရေးအစီအစဉ်များတွင် ၎င်းတို့အား ထည့်သွင်းနိုင်ရန် သီးသန့်တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ နိုင်ငံအများစုတွင် အားနည်းချက်ရှိသည့် အုပ်စုများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော နိုင်ငံတွင်း သို့မဟုတ် ပြည်တွင်း NGO များ ရှိထားပြီး ဖြစ်ပါသည်။ ၎င်းတို့သည် တစ်နေရာတည်းတွင် အတူ လုပ်ဆောင်နိုင်ကြမည် မဟုတ်သော်လည်း ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းနှင့် အမှုတွဲများကို ရည်ညွှန်းရန်အတွက် အဖိုးတန်သော ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါသည်။*
  - *အထူးသဖြင့် မျိုးပွားအင်္ဂါရပ်ဆိုင်ရာ ကျန်းမာရေးနှင့် မိသားစုအစီအစဉ်များ ရေးဆွဲရာတွင်အရွယ်ရောက်လာသော ယောက်ကျားလေးနှင့် မိန်းကလေးများနှင့် ဆွေးနွေးရန်မှာ အရေးကြီးသော်လည်း မိန်းကလေးများကို သီးခြားဆွေးနွေးသင့်သည်။ NGO အဖွဲ့များနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်းက အသုံးဝင်နိုင်သော်လည်း အန္တရာယ်နှင့် တွေ့နိုင်ခြေအရှိဆုံး လူငယ်များသည် အဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်လိုခြင်း မရှိသည်ကို မှတ်သားထားစေလိုပါသည်။*
  - *တူညီသည့်ဒေသတွင်ဆောင်ရွက်နေသူများသည် ရွေ့လျားနိုင်မှုနည်းပါးသူများ အဓိက လှုပ်ရှားမှုများအတွက် ရွေ့လျားနိုင်အောင် အကူအညီပေးနိုင်ပါသည်။*
  - *အဆိုပါကိစ္စရပ်များတွင် အလုပ်လုပ်ကိုင်နေသည့် အဓိက နိုင်ငံတကာ NGO များတွင် Handicap International နှင့် HelpAge တို့ပါဝင်ပါသည်။*

- ကျန်းမာရေး **ဝန်ထမ်း** နှင့် ကော်မတီများသည် လူတန်းစားအားလုံးကို ကိုယ်စားပြုကြောင်း သေချာပါစေ (ဥပမာ - လိင်၊ အသက်၊ လူမျိုးစု၊ လူမှု-စီးပွား အဖွဲ့၊ မသန်စွမ်းသူများ စသည်ဖြင့်)။

- နေရာမှမထွက်ခွာမီ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ရှိသည့်ဆောင်ရွက်သူများနှင့် စနစ်များကို နေရာတကျ သတ်မှတ်ထားရှိကြောင်း သေချာအောင်လုပ်ပါ။

  ***မှတ်ချက်များ-***
  - *၎င်းတွင် ဒေသခံအာဏာပိုင်များ၊ ဖြစ်နိုင်ခြေရှိသော ပံ့ပိုးပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံကို စနစ်တကျ သတ်မှတ်ထားရှိရန် လူထုအဖွဲ့အစည်း၏ ပမာဏကိုလည်း အလေးပေး အာရုံစိုက်သင့်ပါသည် (ဥပမာ - ကျန်းမာရေး ကော်မတီများ)။*
  - *၎င်းကိုဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲသည့်အဆင့်တွင် ထုတ်ပြောသင့်ပါသည်။*

- GBV နှင့် ကလေးသူငယ်စောင့်ရှောက်ရေး အစုအဖွဲ့ငယ်များအပါအဝင် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များနှင့်အတူ**ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပူပန်ဖွယ် ကိစ္စရပ်များကို အစီရင်ခံကာ မျှဝေပါ** ။ အခြားကိုယ်စားလှယ်များကလည်း ကူညီထောက်ပံ့ကောင်း ထောက်ပံ့နိုင်ပါသည်။

  ***မှတ်ချက်များ-***
  - *အကြမ်းဖက်မှုဖြစ်စဉ်များကို နယ်မြေအတွင်း သတ်မှတ်ထားရှိသော အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်း ရည်ညွှန်းပေးသင့်သည့်အပြင် ဘေးကင်းရေးနှင့် ဂုဏ်သိက္ခာပိုင်းကို မထိခိုက်စေရန် အထက်တွင်ဖော်ပြထားသောဆောင်ရွက်ချက်များကို စိတ်တွင်မှတ်သားထားပါ။*

- ကျန်းမာရေးလိုအပ်ချက်များကို ရှာဖွေဖော်ထုတ် တုံ့ပြန်သည့်အခါ လူထုတစ်ရပ်လုံးနှင့် **တိုင်ပင်ဆွေးနွေးကြောင်း** သေချာပါစေ။

  ***မှတ်ချက်များ-***
  - *မတူညီသည့်စံနှုန်းများသည် လုပ်ပိုင်ခွင့် အင်အားများကို ထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် အချို့အရပ်ဒေသများတွင် ကွဲပြားသည့်လူမှုစီးပွားရေးအသင်းအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အရေးကြီးလှပါသည် (ဥပမာ တိုင်းရင်းသား သို့မဟုတ် စီးပွားရေးဆိုင်ရာလူနည်းစုများ)။ အခြေအနေအကြောင်းရပ်အားလုံးတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများ၊ မိန်းကလေးငယ်လေးများ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၏ လိုအပ်ချက်၊ ၎င်းတို့နှစ်သက်သည့် တည်နေရာ၊ ပုံစံနှင့် ကျန်းမာရေးအတွက် အကူအညီပေးသည့်နည်းလမ်းများကို သဘောပေါက်နိုင်ရန် ၎င်းတို့ကိုပါ ထည့်သွင်းသင့်သည်။*
  - *လူထုတစ်ရပ်လုံး၏ ကာကွယ်ရေးလိုအပ်ချက်များကို စဉ်းစားရုံနှင့် မလုံလောက်ပါ။ ဖြေရှင်းနည်းများကို ရှာဖွေဖော်ထုတ်ရာတွင် ၎င်းတို့ကိုလည်း ပါဝင်ခိုင်းသင့်ပါသည်။ ပိုမိုသင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်မှု ဖြစ်စေမည့်အပြင် ၎င်းက သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများ၏ ယုံကြည်မှုကို ရရှိကာ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုများလည်း ဖြစ်ပေါ်စေပါမည်။*

- **ကျန်းမာရေး ကော်မတီများ**သည် **လူ့အဖွဲ့အစည်းအလွှာအားလုံး၏ ကိုယ်စားလှယ်များဖြစ်ကြောင်း**နှင့် အဖွဲ့ဝင်အားလုံးကို "ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း စည်းမျဉ်းများ" အကြောင်း လေ့ကျင့်ပေးပြီးဖြစ်ကြောင်း သေချာအောင်လုပ်ပါ။

## အရင်းမြစ် 9- ၅pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ကျန်းမာရေး အစီအစဉ်များ

*မှတ်ချက်များ-*

- *၎င်းတို့သည် ဖယ်ထုတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လှုပ်ရှားနေပါသည်။*

- **ကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်သော မဟာဗျူဟာများ**ကို ရှာဖွေပါ။ လူများ ဖျားနာကြသည့်အခါ မည်သည့်နေရာသို့ သွားကြပါသလဲ။ မည်သို့သော ကုသမှုများကို ၎င်းတို့ မျှော်လင့်ထားပါသလဲ။ ၎င်းတို့၏ ဘေးကင်းမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပါသလား။ အဖွဲ့တစ်ဖွဲ့က အခြားအဖွဲ့၏ ပစ္စည်းများကို အသုံးပြုခွင့်ရှိနိုင်ပါသလား။ အမျိုးသမီးများသည် သမားရိုးကျကျန်းမာရေးစောင့်ရှောက်မှုကို အသုံးပြုခွင့်ရှိပါသလား။ ၎င်းတို့သည် မိသားစုဝင် အမျိုးသားတစ်ဦး အဖော်လိုက်ပေးဖို့ လိုပါသလား။ ဆိုးကျိုး သက်ရောက်မှုတစ်ခု ရှိနိုင်သည့် ကိုင်တွယ်ဖြေရှင်းရေး နည်းဗျူဟာများကို အသုံးပြုရခြင်းမှ ရှောင်ကြဉ်နိုင်စေရန် ဘေးအန္တရာယ်များကို တတ်နိုင်သမျှ အမြန်ဆုံး ဖော်ထုတ်၍ ကုစားဖြေရှင်းမှုနည်းလမ်းများကို ဆောင်ရွက်ရမည်။

  *မှတ်ချက်များ-*

  - *အဓိကကျန်းမာရေးစောင့်ရှောက်မှုမဟုတ်သည့် အခြားဝန်ဆောင်မှုများရရှိရန် လူအများသည် မည်သည့်အကွာအဝေးကို သွားလာကြပါသနည်း။ (ဥပမာ - အရေးပေါ် သားဖွားစောင့်ရှောက်မှု) သွားလာရာတွင် အန္တရာယ် ရှိနိုင်ပါသလား။ လူများသည် ကုသမှုအတွက် အခြားနည်းလမ်းများကို ရှာဖွေကြပါသလား။ (ဥပမာ - ရိုးရာသမားတော်များ) အရေးပေါ်သယ်ယူပို့ဆောင်ရေးအတွက် စနစ်များဖွဲ့စည်းရန် စဉ်းစားပါ (ဥပမာ - တက္ကစီဝန်ဆောင်မှုများအတွက် ရန်ပုံငွေစုဆောင်းခြင်း)*
  - *ဒေသတွင်း လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းမှ သင်ယူရန်စဉ်းစားပါ။ ဒေသတွင်းအပင်များနှင့် ကုထုံးများသည် ပိုမိုဈေးပေါကာ၊ အလွယ်တကူ ရရှိနိုင်ပြီး ယေဘုယျအားဖြင့် ပိုမိုထိန်းသိမ်းနိုင်စွမ်းရှိသည့်အတွက် ထိရောက်သည့် ဆေးဘက်ဆိုင်ရာကုထုံးများ ဖြစ်နိုင်ပါသည်။*
  - *ဝန်ဆောင်မှုများကိုအသုံးပြုနိုင်စွမ်းအားမြင့်တက်စေရန် ရိုးရာသမားတော်များနှင့် အတူ အလုပ်လုပ်ဆောင်ပါ။*

- အကြံပြုချက်များနှင့် တိုင်ကြားချက်များ ပြုလုပ်ရန်အတွက် ရယူနိုင်သော၊ ကောင်းစွာနားလည်နိုင်သော နည်းလမ်းများ ဖန်တီးသတ်မှတ်ပါ။

  *မှတ်ချက်များ-*

  - *"တံခါးဖွင့်" ဝါဒသည် လုံလောက်သည်ဟု မယူဆပါနှင့်။ ပရောဂျက် ဝန်ထမ်းများအား မိမိမည်သူမည်ဝါ ဖြစ်သည်ကို ဖော်ပြရန် မလိုအပ်သော တိုင်ကြားရန် အခြားနည်းလမ်းများရှိကြောင်း သေချာပါစေ။*
  - *မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ချမှတ်နိုင်လင့်ကစား တိုင်ကြားချက်များကို တုံ့ပြန်ပေးပါ။*
  - *လုပ်ထုံးလုပ်နည်းအတွက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးကို ခန့်အပ်ထားပြီး ယင်းကို ကလေးသူငယ်များလည်း အသုံးပြုခွင့်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။*
  - *ယင်းက မည်ကဲ့သို့အလုပ်လုပ်ကြောင်းကို လူအများသိစေရန် သတိပြုမိမှုမြင့်တက်ရေး သင်တန်းများ စီစဉ်ပေးပါ။*
  - *တိုင်ကြားရန် လုပ်ထုံးလုပ်နည်းများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမူမှု ကာကွယ်ပေးသည့်စနစ်များနှင့် အညီ ဖြစ်သင့်ပါသည်။*
  - *ရှုပ်ထွေးမှုကို လျှော့ချရန် အခြား ကဏ္ဍများနှင့်အတူ ပူးတွဲတိုင်ကြားနိုင်သည့် နည်းလမ်းတစ်ခုကို ထည့်သွင်းစဉ်းစားပါ (ဥပမာ၊ ကာကွယ်စောင့်ရှောက်ရေး)။*

### အရင်းမြစ် 9- ggpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ

# ပညာရေး အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွာစပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတကုဒ်များဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက်ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

**ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ**

- ကလေးများနှင့်အတူ ၎င်းတို့ရင်ဆိုင်ရသည့်ခြိမ်းခြောက်မှုများအကြောင်း **စကားပြောဆိုပါ**။ မိန်းကလေးများနှင့် ယောက်ျားလေးများကို သီးခြားစီ စကားပြောဆိုကာ အခက်အခဲများကို ပိုမိုရင်ဆိုင်လာရနိုင်သည့် ကလေးအဖွဲ့နှင့်အတူ ဆွေးနွေးမှုများပြုလုပ်ပါ (ဥပမာ - မသန်စွမ်းသူများ၊ လူနည်းစုဖြစ်သောလူမျိုးစုမှ ကလေးများ)

- ပညာရေးဝန်ဆောင်မှုပေးသည့် အဆောက်အအုံများ၏ **တည်နေရာ**နှင့် လမ်းကြောင်းများသည် အကြမ်းဖက်မှု၊ အထူးသဖြင့် လိင်အခြေပြု အကြမ်းဖက်မှု (GBV) နှင့် လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကဲ့သို့သော အလားအလာရှိသည့် သို့မဟုတ် အမှန်တကယ်ဖြစ်ပွားနေသည့် ခြိမ်းခြောက်မှုများ၏ အဝေးတွင်ရှိကြောင်း သေချာပါစေ။

  ***မှတ်ချက်များ-***

  - *ကလေးများ သွားလာရသည့်အကွာအဝေးများနှင့် သယ်ယူပို့ဆောင်ရေးပုံစံကို စိတ်တွင်မှတ်သားထားပါ။ အဆောက်အအုံများကို သံသယရှိသော ဒုစရိုက်သမားများ၏ အနီးတွင် မထားရှိပါနှင့်။ မှတ်ချက်၊ ရဲနှင့် လက်နက်ကိုင်များသည် အကြမ်းဖက်မှု ကျူးလွန်သူများဖြစ်ကြကြောင်း မကြာခဏသိရသည်။ ၎င်းတို့သည် တည်နေရာပေါ်မူတည်ပြီး ပူပန်သောကဖြေဖျောက်ပေးသည့် ခံစားချက်များ ဖန်တီးပေးသည် သို့မဟုတ် ကြောက်ရွံ့မှုဖြစ်စေခြင်းများ ဖြစ်စေသည်။ အတွေးအခေါ်များနှင့် ပတ်သက်၍ ကလေးများ၊ လူထုအဖွဲ့အစည်းနှင့် အလားလာရှိသည့် အကျိုးခံစားသူများနှင့် တိုင်ပင်ရန် အရေးကြီးပါသည်။*
  - *ကလေးများ (အထူးသဖြင့် အရွယ်ရောက်သည့်မိန်းကလေးငယ်များ) ကို ၎င်းတို့ကျောင်းသို့သွားလာရသည့် ဘေးကင်းမှုနှင့်ပတ်သက်၍ တိုက်ရိုက်မေးမြန်းပါ။*
  - *နေရာကိုပြောင်းခြင်း၊ အတူလိုက်ပါခြင်းတို့ အပါအဝင် အဆိုပါခြိမ်းခြောက်မှုများကို လျှော့ချရန်/ စီမံရန်/ ကာကွယ်ရန် နည်းလမ်းများကို စဉ်းစားပါ (ဥပမာ - ကလေးများအဖွဲ့လိုက် လမ်းလျှောက်ခြင်း၊ လမ်းဖြတ်ကူးရာတွင် အစောင့်များ ထားရှိပေးခြင်း စသည်ဖြင့်)*
  - *နေရာပြောင်းရွှေ့ရသည့်ဖြစ်စဉ်တွင် အဆောက်အအုံများကို ယာယီစခန်းများ သို့မဟုတ် အခြေချသည့်နေရာများ အနီး သို့မဟုတ် အတွင်းတွင် နေရာချထားပါ။*
  - *ကလေးများနှင့်ရင်းနှီးကျွမ်းဝင်သည့်နေရာများ၊ ဆရာအတတ်သင်စင်တာများ၊ ကျောင်းများ၊ စာသင်ခန်းများ၊ ကစားကွင်းများနှင့် ပတ်ပတ်လည်ဧရိယာများသည် ကောင်းမွန်သည့်အနေအထားတွင်ရှိနေပြီး ကလေးများနှင့် ဆရာ၊ဆရာမများအတွက် ဘေးအန္တရာယ် မရှိအောင် ဖန်တီးပါ။ ဥပမာ ပေါက်ပြဲနေသည့် ဝိုင်ယာကြိုးများမရှိခြင်း၊ မြေပြင်တွင် အန္တရာယ်ရှိသည့်အရာများမရှိခြင်း၊ မြေမြှုပ်မိုင်းများ မရှိခြင်းနှင့် ၎င်းတို့သည် အသွားအလာများသည့်လမ်းများနှင့် နီးကပ်မနေခြင်း*
  - *လိုအပ်ပါက သင့်တော်သည့်ရဲဌာနများကို စီစဉ်ပါ (ဥပမာ ရဲ၊ လူထုပါဝင်သော ကင်းလှည့်အဖွဲ့များ)*
  - *ကျောင်းများရှိကလေးများကို လူမှုစိတ်ပညာပံ့ပိုးမှုပေးစွမ်းရန်ဖြစ်နိုင်ခြေရှိ မရှိကြည့်ပါ၊ နေရာပြောင်းရွှေ့ထားသည့် ဆရာ၊ဆရာမများသည်လည်း အဆိုပါဝန်ဆောင်မှုများ လိုအပ်နိုင်ပါသည်။*

- နိုင်ငံရေးစည်းရုံးမှုများ၊ နိုင်ငံရေးပွဲများသို့တက်ရောက်ရန် ကျောင်းသားများနှင့် ဆရာ၊ဆရာမများအား စည်းရုံးခြင်းနှင့် တင်းမာမှုများ သို့မဟုတ် ပြဿနာများဖြစ်လာနိုင်သည့် ရွေးကောက်ပွဲအတောအတွင်း ကျောင်းများကို စည်းရုံးရေးစင်မြင့်များအဖြစ်အသုံးပြုခြင်းတို့ အပါအဝင် **နိုင်ငံရေးရည်ရွယ်ချက်များအတွက် ကျောင်းများကိုအသုံးပြုသည့်အလေ့အကျင့်များကို အဆုံးသတ်ရန်** လူထုအဖွဲ့အစည်းများက ထောက်ခံ ဆွေးနွေးသင့်ပါသည်။ စည်းရုံးရေးအရာရှိများ သို့မဟုတ် မဲရေတွက်သူများကဲ့သို့သော လုပ်ဆောင်ချက်များအတွက် ကျောင်းများနှင့် ဆရာ၊ဆရာမများကို ရွေးကောက်ပွဲများအတွင်း အသုံးပြုခြင်းသည် နိုင်ငံအချို့တွင် ၎င်းတို့အပေါ် ရွေးကောက်ပွဲအတွင်းနှင့် ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုများ ဖြစ်ပေါ်စေသည့် လုပ်ရပ်ဖြစ်ပါသည်။

## အရင်းမြစ် 9- ၉ pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ပညာရေး အစီအစဉ်များ

- တစ်ဦးတစ်ယောက်ချင်းသာမက အုပ်စုအားလုံးအနေဖြင့် အဆောက်အအုံများကို ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ အသုံးပြုနိုင်ရန် လမ်းဖြတ်ခုံများ ထားရှိခြင်းနှင့် ပညာရေး အဆောက်အအုံများနှင့် တွင်းအိမ်သာများသို့ သွားရန် လက်ရန်းများတပ်ဆင်ခြင်း ကဲ့သို့သော **အခြေခံအဆောက်အအုံများ**ကို အလိုက်သင့် ပြင်ဆင်ပါ။ လိုအပ်သော သင့်လျော်သည့် ပြင်ဆင်ပြောင်းလဲမှုပုံစံများကို သိရှိနိုင်ရန် တိုက်ရိုက်စောင့်ကြည့်မှုများ၊ မသန်စွမ်းသူများနှင့် အုပ်စုလိုက် ဆွေးနွေးမှုများလုပ်ပါ။

- **အမျိုးသမီးများနှင့် မိန်းကလေးများ** အတွက် ပညာရေးဝန်ဆောင်မှုများ သတ်မှတ် ဆောင်ရွက်ပေးရာတွင် မိန်းကလေးငယ်များနှင့် ဆရာ၊ဆရာမများအတွက် အန္တရာယ် ပိုဖြစ်စေခြင်းမရှိအောင် သေချာလုပ်ဆောင်ပါ။

  *မှတ်ချက်များ-*
  - *အဆောက်အအုံအသစ်များကို မတည်ဆောက်မီ ဒေသတွင်း ဗဟုသုတကိုအသုံးပြုကာ အန္တရာယ်အကဲဖြတ်မှုကို လုပ်ဆောင်ပါ။ နမ့်ချစွာနေခြင်း၊ ယဉ်ကျေးမှုအရ မသင့်လျော်သည့် ယူနီဖောင်း သို့မဟုတ် အဝတ်အစားများကဲ့သို့သော ပြဿနာကိုလျှော့ချရန် အကဲဖြတ်မှုကို အခြေခံပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပါ။ မိန်းကလေးများတွင် ပညာရေးနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရှိပြီး ၎င်းတို့၏ဘေးကင်းမှုကို သေချာလုပ်ဆောင်သင့်ပါသည်။*
  - *မြင့်မားသည့်အဆင့်များတွင် အမျိုးသမီးဆရာမများ စာရင်းသွင်းခြင်းအတွက် ထောက်ခံဆွေးနွေးပါ။  အရည်အချင်းရှိသောအမျိုးသမီးဆရာများ လုံလောက်အောင်မရှိပါက အတန်းများနှင့် အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်မှုများတွင် အဖော်လုပ်ပေးနိုင်မည့် အမျိုးသမီးအကူဆရာများကို ထားရှိပါ။*
  - *ကျင့်ဝတ်စည်းကမ်းများ အကြောင်းကို ဆရာ၊ဆရာမများ၊ ကျောင်းသားများနှင့် မိဘများအား ရှင်းလင်းစွာ ပြောပြထားကြောင်း သေချာပါစေ။*

- ယောက်ျားလေးများနှင့် မိန်းကလေးများအတွက် သီးခြားဖြစ်ကာ၊ လုံခြုံပြီး တစ်ကိုယ်ရည်သန့်ရှင်းမှုရှိသည့် သီးခြား**သန့်စင်ခန်း** ရှိကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *တွင်းအိမ်သာ၏ ဒီဇိုင်းနှင့် တည်နေရာနှင့်ပတ်သက်၍ ယောက်ျားလေးများ၊ မိန်းကလေးများနှင့် စကားပြောဆိုပါ။ ပညာရေးပရိုဂရမ်တစ်ခုတွင် ကလေးများအနေဖြင့် တွင်းအိမ်သာလိုအပ်မည်ဖြစ်ကြောင်း ဝန်ထမ်းက သတိမူမိခဲ့သည်။ ၎င်းတို့သည် တွင်းပေါက်၏ အရွယ်အစားကို ကြောက်ရွံ့နေသည်ဟု နောက်ပိုင်းမှသိရသည့် ကလေးငယ်များနှင့် မဆွေးနွေးခဲ့ပါ။ ကလေးသူငယ်များက တွင်းအိမ်သာများ အပြင်ဘက်တွင် မစင်စွန့်ခဲ့သည့်အတွက် ယင်းက ကျန်းမာရေး ပြဿနာများဖြစ်စေခဲ့သည်။ ကလေးများ တွင်းအိမ်သာများကိုအသုံးမပြုရခြင်းမှာ "လျှောစောက်များ" ကိုကြောက်ရွံ့ခြင်း သို့မဟုတ် ယောက်ျားလေးများနှင့် မိန်းကလေးများအတွက် ခြားထားသည့်နံရံမရှိခြင်းကြောင့်ဖြစ်သည်ဟု အလားတူ စိတ်ဝင်စားဖွယ်အချက်များက ပြသနေပါသည်။*
  - *ကျောင်းသားများပါဝင်သည့် ကော်မတီများ ဖွဲ့စည်းရန် စဉ်းစားပါ။ တစ်ကိုယ်ရည်သန့်ရှင်းရေး အဆောက်အအုံများကို စောင့်ကြည့်ခြင်း၊ ကျောင်းသားများကြားတွင် လက်ဆေးခြင်းကို တိုက်တွန်းအားပေးခြင်းအတွက် ၎င်းတို့တွင် တာဝန်ရှိနိုင်ပြီး ယေဘုယျပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုများတွင် လည်း ပါဝင်ရနိုင်ပါသည် (ဥပမာ - အပင်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်း)။*

- နေရာပြောင်းရွှေ့သည့် လူထုအတွက် ပညာရေး အဆောက်အအုံများကို တည်ဆောက်ပေးနေခြင်းဖြစ်ပါက **အသိုက်အဝန်းတင်းမာမှုများကို ရှောင်ရှား**ရန် ပြောင်းရွှေ့ခံ ပုဂ္ဂိုလ်များနှင့်သာမက ပညာရေး လိုအပ်ချက်များနှင့် ပတ်သက်သည့် ဒေသခံ လူထုနှင့်ပါ ဆွေးနွေးပါ။ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အခြားတစ်ဖွဲ့အပေါ် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ဖြစ်စေသွားနိုင်သည့် တင်းမာမှု သို့မဟုတ် မညီမျှမှုမရှိကြောင်း သေချာအောင်လုပ်ပါ။

  *မှတ်ချက်များ-*
  - *ပညာရေးကို တန်းတူညီမျှ သင်ကြားခွင့် မရှိခြင်းသည် အသိုက်အဝန်းအတွင်းနှင့် အခြား ပတ်ဝန်းကျင် အသိုက်အဝန်းများတွင် တင်းမာမှု သို့မဟုတ် ပဋိပက္ခ ဖြစ်စေခြင်း ရှိ မရှိအား အကဲဖြတ်ပါ။*
  - *ယာယီစခန်းများတွင် ဒေသခံအသိုက်အဝန်းထံ ဝန်ဆောင်မှုများဖြည့်ဆည်းပေးခြင်းကိုလည်း စဉ်းစားပါ။*

- ပညာရေးဝန်ဆောင်မှုများသည် **ဓလေ့ထုံးတမ်းများနှင့် ဘာသာရေး အလေ့အကျင့်ကို လေးစားလိုက်နာပြီး အားလုံး ပြည့်စုံစွာပါဝင်ကြောင်း** သေချာပါစေ။

  *မှတ်ချက်များ-*
  - *ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများရှိသည့် အမျိုးသမီး အမျိုးသမီး ဝန်ထမ်းအဖွဲ့ဝင်များကို အလုပ်ခန့်ပါ။*

- ကျောင်းပတ်ဝန်းကျင်သည်လုံ**ခြုံ**မှုရှိကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *နားချိန်များနှင့် ကျောင်းအသွား၊ အပြန်အချိန်များအတွင်း ကလေးများအား ကြီးကြပ်ပေးကြောင်း သေချာပါစေ။*
  - *ဆရာ၊ဆရာမများကို ရှေးဦးသူနာပြုစုနည်းသင်တန်းပေးထားပြီး ရှေးဦးသူနာပြုစုမှု အကူကိရိယာများကို ရနိုင်အောင် လုပ်ပေးထားကြောင်း/ ပေးထားကြောင်း သေချာပါစေ။*
  - *ကလေးများနှင့်အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းအသစ်အတွက် နောက်ကြောင်းစစ်ဆေးမှုများလုပ်ဆောင်ရန်အတွက် ပညာရေးအခန်းကဏ္ဍအဖွဲ့ဝင်များတွင် ချမှတ်ပြီးစနစ်ရှိကြောင်း သေချာပါစေ။*

- လွဲမှားစွာပြုမှုနှင့် အမြတ်ထုတ်ခြင်း ဖြစ်ရပ်များကို **စောင့်ကြည့်၊ သတင်းပို့ရန်အတွက် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထားရှိပါ။**

  *မှတ်ချက်များ-*
  - *"တိုင်ကြားသူ" မူဝါဒတစ်ခုပါဝင်သည့် ကျင့်ဝတ်စည်းကမ်းများကို ဝန်ထမ်းအားလုံးက လိုက်နာပြီး လက်မှတ်ရေးထိုးထားကြောင်း သေချာပါစေ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် သင်တန်းတက်ရောက်နိုင်ရန် ဝန်ထမ်းအားလုံးကို ပံ့ပိုးပေးပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒများကို လက်မှတ်ရေးထိုးခိုင်းထားရပါမည်။*
  - *ကျင့်ဝတ်စည်းမျဉ်းတွင် ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုကို တားမြစ်ခြင်း ပါဝင်သင့်ပါသည်။*
  - *ကလေးများသည် ကျင့်ဝတ်စည်းမျဉ်းအပါအဝင် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုပါဝင်သော အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်ခြင်းဖြစ်စဉ်တစ်စုံတစ်ရာအား မည်သို့အစီရင်ခံရမည်ဆိုသည်ကို သိထားသင့်ပါသည်။*
  - *တိုင်ကြားချက်များကို လွယ်ကူစွာ ပြုလုပ်နိုင်သော နားလည်လွယ်သော လုပ်ထုံးလုပ်နည်းတစ်ခု ဖန်တီးပါ။*

## အရင်းမြစ် 9- ၉pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ပညာရေး အစီအစဉ်များ

**အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်**

- ပညာရေးဝန်ဆောင်မှုများကို အသုံးပြုခွင့်ရခြင်းအတွက် ၎င်းတို့ရင်ဆိုင်ရသည့် အခက်အခဲများနှင့်ပတ်သက်၍**ကလေးများနှင့် စကားပြောဆိုပါ။**

  ***မှတ်ချက်များ-***
  - *မိန်းကလေးများနှင့် ယောကျ်ားလေးများကို သီးခြားစီ စကားပြောဆိုကာ အခက်အခဲများကို ပိုမိုရင်ဆိုင်လာရနိုင်သည့် ကလေးအဖွဲ့နှင့်အတူ ဆွေးနွေးမှုများပြုလုပ်ပါ (ဥပမာ - မသန်စွမ်းသူများ၊ လူနည်းစုဖြစ်သောလူမျိုးစုမှ ကလေးများ)*
  - *မည်သည့်ခွဲခြားဆက်ဆံမှုမှမရှိဘဲ ပညာရေးနှင့် သင်တန်း တက်ရောက်ရန် အခွင့်အရေးများကို ညီမျှစွာနှင့် ဘေးကင်းစွာ အသုံးပြုခွင့်အား ပံ့ပိုးပေးရန် ကလေးများ၊ ဆရာ၊ဆရာမများ၊ အသင်းအဖွဲ့ခေါင်းဆောင်များနှင့် မိဘများနှင့် အလုပ်လုပ်ဆောင်ပါ။ မသန်စွမ်း မိန်းကလေးငယ်များနှင့် ကလေးများ၊ HIV/AIDS ရှိနေသည့်ကလေးများ၊ လူနည်းစုဖြစ်သောလူမျိုးစု သို့မဟုတ် ကိုးကွယ်ယုံကြည်မှု အသင်းအဖွဲ့များနှင့် အကျိုးမရှိသော သို့မဟုတ် ကန့်သတ်ချက်များသော အဖွဲ့များနှင့် သက်ဆိုင်နေသည့်အခြားကလေးများကို ဖယ်ထုတ်ခြင်းနှင့်ပတ်သက်၍ သီးခြားအာရုံစိုက်ပါ။*

- ကျောင်း၏ **တည်နေရာများ**သည် အလွယ်တကူ လာရောက်နိုင်သည့်နေရာများဖြစ်ကြောင်း သေချာပါစေ။

  ***မှတ်ချက်များ-***
  - *ကျွန်ုပ်တို့ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရှိသင့်သော လူထုကိုယ်စားပြု ကိုယ်စားလှယ်အားလုံး (ဥပမာ - အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးများ၊ ယောကျ်ားလေးများ၊ အသက်ကြီးသူများ၊ လူမျိုးစုအဖွဲ့များ၊ မသန်စွမ်းသော ကလေးငယ်များ) နှင့် ဆွေးနွေးပါ။ လိုအပ်ပါက အကွာအဝေးကို လျှော့ချရန်နှင့် အားအနည်းဆုံးသူများ/အဆင့်အတန်းနှိမ့်ချခံရသူ အများဆုံးပုဂ္ဂိုလ်များအနေဖြင့် အသုံးပြုခွင့်ရှိကြောင်း သေချာစေရန် တည်နေရာကို အလိုက်သင့်ပြောင်းရွှေ့ပါ။*

- ပညာရေး **အခြေခံအဆောက်အအုံ**နှင့် ဝန်ဆောင်မှုများကို ရွေ့လျားနိုင်မှုနည်းပါးသူများ (ဥပမာ - ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ၊ အိပ်ယာထဲလဲနေသောကလေးများ) သာမက ရွေ့လျားနိုင်မှုနှင့်ဆက်စပ်နေခြင်းမရှိသည့် မသန်စွမ်းသူများ (ဥပမာ - မျက်စိမမြင်သူ၊ နားမကြားသူ၊ ဉာဏ်ရည်ချို့တဲ့သူ) အနေဖြင့် အသုံးပြုနိုင်ကြောင်း သေချာပါစေ။

  ***မှတ်ချက်များ-***
  - *ဘီးတပ်ကုလားထိုင် သွားလာရန်အတွက် ညီညာသော လမ်းကြောင်းနှင့် သင့်တော်သော စင်္ကြန်များ ရရှိရန်လုပ်ဆောင်ပေးပါ။ ကွဲပြားသော ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများကိုလည်းထည့်သွင်းစဉ်းစားပါ။ မတူညီသော နေရာအကျယ်အဝန်းပေါ် မူတည်ပြီး မတူညီသောဘီးတပ်ကုလားထိုင်များ လိုအပ်နိုင်ပါသည်။ ကိုယ်လက်အင်္ဂါအတုများ တပ်ဆင်ထားရသူများသည် အကွာအဝေး အနည်းငယ်သာ သွားလာနိုင်ကောင်း သွားလာနိုင်ပါသည်။ မည်သည့်ဖြေရှင်းချက်က ကလေးငယ်များ၏လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်မည်ကို ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများနှင့် ပြောဆို ဆွေးနွေးပါ။*
  - *မသန်စွမ်းသည့်ကလေးများအတွက် အကူအညီပစ္စည်းများ ဖြည့်စွမ်းပေးပါ (ဥပမာ - ချိုင်းထောက်များ၊ ဂိုင်းချမ်းများ၊ နားကြားအကူကိရိယာများ၊ မျက်မမြင်စာအုပ်များ)။*
  - *မသန်စွမ်းကလေးများအား မည်သို့သင်ပြပေးရမည်နှင့်ပတ်သက်၍ ဆရာ၊ဆရာမများကို လေ့ကျင့်ပေးပါ။ ဆရာ၊ဆရာမများသည် မသန်စွမ်းကလေးများ၏ လေ့လာသင်ယူမှုကို ဖြည့်ဆည်းပေးရန် ၎င်းတို့၏ အထူးလိုအပ်ချက်တစ်စုံတစ်ရာကို အနည်းဆုံးသတိထားသင့်ပြီး အခြားကလေးများ၏ ခွဲခြားဆက်ဆံမှုကို ဂရုပြုရပါမည်။*
  - *မသန်စွမ်းကလေးများအတွက် တွင်းအိမ်သာများတွင် ခုံများတပ်ဆင်ပေးပါ။*
  - *အချို့ကလေးများက ဝန်ဆောင်မှုများကိုအသုံးမပြုနိုင်ပါက အခြားဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို စဉ်းစားပါ (ဥပမာ - အကွာအဝေးကိုသင်ယူခြင်း၊ ရုပ်မြင်-အသံကြား ကိရိယာများ၊ ရေဒီယို သို့မဟုတ် ရုပ်သံထုတ်လွှင့်မှုများ၊ စာအုပ်များ၊ စသည်ဖြင့်)။*
  - *ဝန်ဆောင်မှုအကြောင်း အချက်အလက်များကို နှုတ်ဖြင့်ပြော၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ သတင်းပေးပါ။*
  - *မည်သို့ လျှို့ဝှက်ထားရှိပြီး ကြိုတင်အသိပေးပြီးဖြစ်သည့် သဘောတူညီချက်ကို မည်သို့ ရယူရမည်ကို သိရှိခြင်းအပါအဝင် ဉာဏ်ရည်ချို့တဲ့သူများနှင့် မည်သို့ အလုပ်လုပ်ရမည်ကို ဝန်ထမ်းများအား လေ့ကျင့်ပေးထားကြောင်း သေချာပါစေ။ အများအားဖြင့် ဒေသခံ NGO များတွင် နည်းစနစ်ပိုင်းဆိုင်ရာ အသိပညာဗဟုသုတများ ရှိနိုင်ပြီးဖြစ်ပါသည်။*

- ပညာသင်ယူခွင့်ရစေရန် **ငွေကြေးဆိုင်ရာအတားအဆီးများ** ရှိမနေကြောင်း သေချာပါစေ။

  ***မှတ်ချက်များ-***
  - *ပဋိပက္ခ သို့မဟုတ် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့်ကလေးများအတွက် ကျောင်းစရိတ်များကို လွတ်ငြိမ်းခွင့်ပေးနိုင်ခြေရှိမရှိကြည့်ပါ။*
  - *ကျောင်းပစ္စည်းများ (ဥပမာ - ယူနီဖောင်းများ၊ စာအုပ်များ) ၏ ကုန်ကျစရိတ်များနှင့် ၎င်းတို့သည် ကျောင်းတက်ရန် အဟန့်အတား ဖြစ်နေခြင်းရှိမရှိ စဉ်းစားပါ။*

- ကလေးများအား ပညာရေးနှင့် လေ့ကျင့်ရေးအခွင့်အလမ်းများ မရရှိအောင်ဖယ်ထုတ်ထားနိုင်စေသည့် စာရွက်စာတမ်းမရှိခြင်းကဲ့သို့သော **စီမံခန့်ခွဲမှုအတားအဆီးများ**၏ သက်ရောက်မှုကို လျှော့ပါးအောင်လုပ်ပါ။

  ***မှတ်ချက်များ-***
  - *(မွေးစာရင်းများ၊ ကျောင်းအသိအမှတ်ပြုလုပ်မှတ်များကဲ့သို့သော) စာရွက်စာတမ်းများကို ပညာရေးအတွက် ကြိုတင်လိုအပ်ပါက ဘေးအန္တရာယ်ထိခိုက်ခံစားရသည့်ကလေးများအတွက် လိုအပ်ချက်များကို ပလပ်ပေးရန် အာဏာပိုင်များနှင့်အတူ အလုပ်လုပ်ဆောင်ပါ သို့မဟုတ် ကလေးအားလုံး ပညာသင်ယူခွင့်ရစေရေးအတွက် အခြားနည်းလမ်းများကို သတ်မှတ်ပါ။*
  - *ယာယီစခန်းများတွင် စာရွက်စာတမ်းပျောက်ဆုံးနေသည့်ကလေးများကို လက်ခံပါ။ ဒေသခံအသင်းအဖွဲ့များနှင့် ထပ်တူညီနေခြင်းကြောင့်ယင်းသို့လုပ်ဆောင်ရန် ဖြစ်နိုင်ခြေမရှိပါက စာရွက်စာတမ်းရရှိရန် မိဘများကို ကူညီပေးနိုင်မည့် လုပ်ဆောင်ရန် စဉ်းစားပါ။ ကျောင်းများကိုခွဲခြားသတ်မှတ်ရန် ဒေသခံအာဏာပိုင်များနှင့်အတူ အလုပ်လုပ်ဆောင်ကာ အလားအလာရှိသော အခြားနည်းမရှိဘဲ ကလေးကို ကျောင်းမှနေ၍ ဖယ်ထုတ်ခြင်းမျိုး လုံးဝမပြုလုပ်ပါနှင့်။*
  - *အခြားဝန်ဆောင်မှုများအတွက် စာရွက်စာတမ်းမရှိခြင်းသည် ကျောင်းတက်ရောက်မှုကို ထိခိုက်စေနိုင်ကြောင်း စဉ်းစားပါ။ ဥပမာ၊ ပါကစ္စတန်နိုင်ငံတွင် အထောက်အထား စာရွက်စာတမ်းများ မရှိသော မိဘများသည် အစားအစာ ဝေငှမှုများကို ရယူပိုင်ခွင့် မရှိသည့်အပြင် ၎င်းတို့၏ ကလေးများကို ကျောင်းသို့ မပို့နိုင်ဘဲ အလုပ်ခွင်သို့ ပို့ဆောင်ရသည်။*

## အရင်းမြစ် ၉- ဌpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ပညာရေး အစီအစဉ်များ

- ကျောင်းတက်ရန် **သီးခြားအကြောင်းအရာ သို့မဟုတ် ယဉ်ကျေးမှုအတားအဆီးများ** ကို စစ်ဆေးပြီး ဖြေရှင်းချက်ထုတ်နိုင်ခြင်း ရှိ မရှိ ကြည့်ပါ။

  *မှတ်ချက်များ-*
  - *မတူညီသည့်လိုအပ်ချက်များကို ဖြည့်ဆည်းရန် လိုက်လျောညီထွေရှိသည့် ကျောင်းတက်ချိန်။ ကလေးများသည် နေ့ဘက်အချိန်အတွင်း ရှောင်လွှဲမရနိုင်သော လုပ်စရာကိစ္စများ ရှိနိုင်ပါသည်။ အရွယ်ရောက်ပြီးဖြစ်သည့် စာသင်သားများသည် အလုပ်သို့သွားရန် လိုအပ်နိုင်ပါသည်။ ခြေသလုံးအိမ်တိုင်အဖွဲ့များသည် နှစ်တစ်နှစ်၏ သေချာသည့်အချိန်များတွင် လယ်ယာစိုက်ပျိုးရေးလှုပ်ရှားမှုများတွင် ပါဝင်နိုင်ပါသည်။*
  - *စာလိုက်မီရန်လိုအပ်သည့် အဆိုပါကျောင်းသားများအတွက် သမားရိုးကျမဟုတ်သည့်ပညာရေး/ ကျောင်းချိန်ပြင်ပအတန်းများ (ဥပမာ - သမားရိုးကျပညာရေးကဏ္ဍအချို့ကို လွတ်သွားသည့်အရွယ်ရောက်သူများ၊ နယ်မြေအတွင်းရှိ ရိုးရာအလေ့အကျင့်ကြောင့် ပညာရေးဝင်ရောက်ခွင့်မရှိသော မိန်းကလေးများ)။*

- အကျိုးခံစားခွင့်ရှိသူများသည် ၎င်းတို့၏ ပညာသင်ယူပိုင်ခွင့်နှင့် မည်သည့်နေရာတွင်/မည်သို့ ရယူရမည်ဆိုသည်ကို **သိရှိ** ကြောင်း သေချာပါစေ။

  *မှတ်ချက်များ-*
  - *အကျိုးခံစားခွင့်ရှိသူများအားလုံး အထူးသဖြင့် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ စခန်းများတွင် အသစ်ရောက်ရှိလာသူများ နားလည်နိုင်သည့် ဘာသာစကားအရေအတွက် လုံလုံလောက်လောက်ဖြင့် အခွင့်အရေးဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။*
  - *စာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေရာတွင် စာပေတတ်ကျွမ်းမှုအဆင့်ကို ထည့်သွင်းစဉ်းစားသင့်သည် (ဥပမာ စာသားများအစား ပုံရိပ်များကို သုံးစွဲခြင်း)။ အခွင့်အရေးများနှင့် ဝန်ဆောင်မှုများအကြောင်း မသိရှိခြင်းသည် ပုံမှန်အားဖြင့် အကဲဖြတ်မှုများတွင် လေ့လာတွေ့ရှိရသော ဟာကွက်တစ်ခု ဖြစ်ပါသည်။*

- **အမျိုးသမီးများနှင့် မိန်းကလေးငယ်များ**သည်လည်း ပညာသင်ကြားခွင့်ရှိကြောင်း သေချာပါစေ

  *မှတ်ချက်များ-*
  - *မိန်းကလေးငယ်များပညာသင်ကြားခြင်း၏ တန်ဖိုးနှင့် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးပါ။ ၎င်းကို ပရိုဂရမ်လှုပ်ရှားမှုများတွင် ထည့်သွင်းပါ။*
  - *ယောက်ျားလေးနှင့်မိန်းကလေးများ တန်းတူညီစွာ စာရင်းသွင်းနိုင်မှုကို အားပေးရန်နှင့် စောစီးစွာ ကျောင်းထွက်လိုက်ရခြင်းအတွက် မတူညီသည့်အကြောင်းပြချက်များ/ ဖိအားများရှိနေသည့် အရွယ်ရောက်နေသည့် မိန်းကလေးများနှင့် ယောက်ျားလေးများကို ကျောင်းဆက်တက်နိုင်စေရေး လုပ်ဆောင်နိုင်စေရန် ပြုလုပ်ပါ။*
  - *မိန်းကလေးများအတွက် သမားရိုးကျကျောင်းတက်ခွင့်မရှိနိုင်သည့်နေရာတွင် သမားရိုးကျမဟုတ်သည့်ပညာရေး/ ကျောင်းချိန်ပြင်ပအတန်းများကို ပံ့ပိုးပေးပါ။*

- ဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခထိခိုက်ခံစားရသော ကလေးများနှင့် လူငယ်များအတွက် **အသက်ကန့်သတ်ချက်များ** သတ်မှတ်မထားသင့်ပါ။ သို့ရာတွင် အသက်ပိုကြီးသည့်ကလေးများနှင့် ငယ်ရွယ်သည့်ကလေးများကို ပညာရေးသင်ကြားသည့်နေရာများတွင် ပေါင်းထားခြင်းကြောင့် ဖြစ်လာနိုင်သည့်ဘေးကင်းရေးကိစ္စရပ်များ ရှိပါသည်။ သင့်လျော်စွာ ကြီးကြပ်ပြီး သင့်လျော်ပါက စာသင်ခန်းများ နှင့်/သို့မဟုတ် ကစားသည့်နေရာများကို သီးခြားခွဲထုတ်ခြင်းဖြင့် ယင်းကို ဖြေရှင်းနိုင်ပါသည်။

- **ဝန်ဆောင်မှု ရယူသုံးစွဲခွင့်နှင့် ခွဲခြားဆက်ဆံခြင်းများကို စောင့်ကြည့်ထိန်းချုပ်ပါ။**

  *မှတ်ချက်များ-*
  - *စီမံကိန်း အညွှန်းကိန်းများ (ဥပမာ ပညာရေး ဝန်ဆောင်မှုရယူနိုင်ခဲ့သူ အရေအတွက်) သည် အသက်အရွယ်၊ ကျား/မကွဲပြားမှု၊ နေထိုင်ရာဒေသ၊ သို့မဟုတ် သီးသန့်အုပ်စုများ (ဥပမာ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ ဆင်းရဲမွဲတေမှု၊ ဘာသာစကား၊ လူနည်းစုတိုင်းရင်းသားများ) အလိုက် သေချာ အမျိုးအစားခွဲခြားပါ။*
  - *စာရင်းသွင်းသည့် ကိန်းဂဏန်းများကို လက်ရှိ ရုပ်ပြဒေတာများနှင့် နှိုင်းယှဉ်ပါ။ မည်သည့်အုပ်စုများက (ဥပမာ ကလေး 10% သည် လူနည်းစု လူမျိုးစုတစ်စုမှ ဖြစ်ပြီး၊ ကျောင်းသား 10% သည်လည်း ၎င်းအုပ်စုမှ ဖြစ်သည်) ရယူခွင့်မရှိသည်ကို ခြားနားချက်များက ပြောပြနိုင်သည်။*
  - *ဖြစ်နိုင်ပါက ယင်းသို့လုပ်ဆောင်နိုင်ရန် မိဘကော်မတီများကို လေ့ကျင့်ပေးပါ။ ဒီဇိုင်းများသည် မသန်စွမ်းသူများနှင့် အဆင်ပြေကြောင်း သေချာစေရန် ကော်မတီများသည် ကန်ထရိုက်တာများနှင့်လည်း အလုပ်လုပ်ကိုင်နိုင်ပါသည်။*
  - *ပညာရေးကိစ္စရပ်များကို အကဲဖြတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများ၊ မိဘများ၊ ကျောင်းသားများနှင့် ဆရာ၊ဆရာမများကို ထည့်သွင်းပါ။*

### တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု

- လူထုအဖွဲ့အစည်းအတွင်း ပညာရေးလိုအပ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ စိတ်ကူးများနှင့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် ပညာရေးအာဏာပိုင်များ၊ ဒေသဆိုင်ရာ အစိုးရ၊ ဆရာ/ဆရာမများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများနှင့် **တိုင်ပင်ပါ။**

  *မှတ်ချက်များ-*
  - *သင်ရိုးညွှန်းတမ်း သတ်မှတ်ရေးနှင့် ကျောင်းလက်မှတ်များ ထုတ်ပေးရေးအပါအဝင် ပညာရေးတွင် ဒေသတွင်းအာဏာပိုင်များပါဝင်ကြောင်း သေချာအောင်လုပ်ပါ။*
  - *ပြုလုပ်မည့် သို့မဟုတ် ပံ့ပိုးကူညီမည့် သင်ရိုးညွှန်းတမ်းနှင့် လမ်းညွှန်ချက်ဆိုင်ရာ စာရွက်စာတမ်းများသည် ကျား၊ မကွဲပြားမှုနှင့် ကိုက်ညီပြီး၊ မတူညီမှုနှင့် သင်ယူရေးလိုအပ်ချက်မျိုးစုံကို သိနားလည်ကာ သင်ယူသူများတွက် အလေးပေးမှုကို မြှင့်တင်ပေးသင့်သည်။ မူဝါဒများ၊ သင်ရိုးညွှန်းတမ်းများ၊ ပုံနှိပ်စာအုပ်များနှင့် သင်ယူရေးနည်းလမ်းများက သည်းခံနိုင်စွမ်း၊ နားလည်နိုင်စွမ်းနှင့် ပဋိပက္ခဖြေရှင်းနည်း ကျွမ်းကျင်မှုအပြင် လူ့အခွင့်အရေးများကို နားလည်ခြင်း၊ ကလေးသူငယ်အခွင့်အရေးများနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းကို မြှင့်တင်ရန် ပြင်ဆင်ထားဖို့လိုအပ်ပါသည်။*

## အရင်းမြစ် 9- ဌpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ပညာရေး အစီအစဉ်များ

- **ရွေ့လျားနိုင်မှုနည်းပါးသူများ သို့မဟုတ် မသန်စွမ်းသူများ** နှင့် အလုပ်လုပ်ဆောင်ရန်အထူးပြုထားသော **ဒေသခံအာဏာပိုင်များနှင့် လူထုအသိုက်အဝန်း** ကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာအောင်ပံ့ပိုးပေးကာ ဝန်ဆောင်မှုပေးခြင်းအား မည်သို့တိုးတက်အောင်လုပ်မည်ကို ၎င်းတို့၏အတွေ့အကြုံများမှ သင်ယူပါ။

  *မှတ်ချက်များ-*
  - *သွားလာရန် အခက်အခဲရှိသူများကို ရှာဖွေဖော်ထုတ်ရန်နှင့် ကူညီရေးအစီအစဉ်များတွင် ၎င်းတို့အား ထည့်သွင်းနိုင်ရန် သီးသန့်တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ နိုင်ငံအများစုတွင် အားနည်းချက်ရှိသည့် အုပ်စုများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော နိုင်ငံတွင်း သို့မဟုတ် ပြည်တွင်း NGO များ ရှိထားပြီး ဖြစ်ပါသည်။ ၎င်းတို့သည် တစ်နေရာတည်းတွင် အတူ လုပ်ဆောင်နိုင်ကြမည် မဟုတ်သော်လည်း ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းနှင့် အမှုတွဲများကို ရည်ညွှန်းရန်အတွက် အဖိုးတန်သော ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါသည်။*
  - *တူညီသည့်ဒေသတွင် ဆောင်ရွက်နေသူများသည် ရွေ့လျားနိုင်မှုနည်းပါးသူများ အဓိက လှုပ်ရှားမှုများအတွက် ရွေ့လျားနိုင်အောင် အကူအညီပေးနိုင်ပါသည်။*
  - *အဆိုပါကိစ္စရပ်များတွင် အလုပ်လုပ်ကိုင်နေသည့် အဓိက နိုင်ငံတကာ NGO များတွင် Handicap International နှင့် HelpAge တို့ပါဝင်ပါသည်။*

- GBV နှင့် ကလေးသူငယ်စောင့်ရှောက်ရေး အစုအဖွဲ့ငယ်များအပါအဝင် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များနှင့်အတူ**ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပူပန်ဖွယ် ကိစ္စရပ်များကို အစီရင်ခံကာ မျှဝေပါ** ။ အခြားကိုယ်စားလှယ်များကလည်း ကူညီထောက်ပံ့ကောင်း ထောက်ပံ့နိုင်ပါသည်။

  *မှတ်ချက်များ-*
  - *အကြမ်းဖက်မှုဖြစ်စဉ်များကို နယ်မြေအတွင်း သတ်မှတ်ထားရှိသော အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်း ရည်ညွှန်းပေးသင့်သည်။*
  - *ခြိမ်းခြောက်မှုများကို လျော်ကန်စွာ စောင့်ကြည့် ဟန့်တားနိုင်စေရန် လုံခြုံရေးအခြေအနေများကို အစီရင်ခံ သတင်းပို့နိုင်မည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားရှိပါ။ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းသည် အစိုးရနှင့် အခြားလှုပ်ရှားသူများအတွက် ပညာရေးခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အပြင် တရားရေးရာတာဝန်ခံမှုနှင့် ထောက်ခံမှုကို တုံ့ပြန်နိုင်ရန် အလွန်အရေးကြီးသည်။  ပညာရေးအစုအဖွဲ့များက ထိုကဲ့သို့သော လက်တွဲဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်ရှိလူ့အခွင့်အရေး စောင့်ကြည့်မှုလုပ်နိုင်စွမ်းဖြင့် အသုံးပြုကြောင်းသေချာစေခြင်းဖြင့် ဦးစီးလုပ်ဆောင်နိုင်သည်။*

- ပညာရေး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ် တုံ့ပြန်သည့်အခါ လူထုတစ်ရပ်လုံးနှင့် ကလေးများနှင့် **တိုင်ပင်ဆွေးနွေးကြောင်း** သေချာပါစေ။

  *မှတ်ချက်များ-*
  - *မတူညီသည့်စံနှုန်းများသည် လုပ်ပိုင်ခွင့် အင်အားများကို ထိခိုက်စေနိုင်ပါသည်။ အချို့အရပ်ဒေသများတွင် ကွဲပြားသည့်လူမှုစီးပွားရေးအသင်းအဖွဲ့များန ှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အရေးကြီးလှပါသည် (ဥပမာ တိုင်းရင်းသား သို့မဟုတ် စီးပွားရေးဆိုင်ရာလူနည်းစုများ)။ အခြေအနေအားလုံးတွင်ပညာရေး ဝန်ဆောင်မှုများ၏ တည်နေရာ၊ ဒီဇိုင်းနှင့် နည်းပညာအတွက် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများ၊ မိန်းကလေးများ၊ ဆယ်ကျော်သက်များ၊ မသန်စွမ်းသူများနှင့် မိဘများ၏လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို နားလည်ရန် ၎င်းတို့ပါဝင်သင့်သည်။*
  - *လူထုတစ်ရပ်လုံး၏ လိုအပ်ချက်များကို စဉ်းစားရုံနှင့် မလုံလောက်ပါ။ ဖြေရှင်းနည်းများကို ရှာဖွေဖော်ထုတ်ရာတွင် ၎င်းတို့ကိုလည်း ပါဝင်ခိုင်းသင့်ပါသည်။ ပိုမိုသင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်မှု ဖြစ်စေမည့်အပြင် ၎င်းက သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများ၏ ယုံကြည်မှုကို ရရှိကာ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုများလည်း ဖြစ်ပေါ်စေပါမည်။ ဥပမာ- ပညာရေးပရိုဂရမ်တစ်ခုတွင် ကလေးများအနေဖြင့် တွင်းအိမ်သာလိုအပ်မည်ဖြစ်ကြောင်း ဝန်ထမ်းက သတိမူမိခဲ့သည်။ ၎င်းတို့သည် တွင်းပေါက်၏ အရွယ်အစားကို ကြောက်ရွံ့နေသည်ဟု နောက်ပိုင်းမှသိရသည့် ကလေးငယ်များနှင့် မဆွေးနွေးခဲ့ပါ။ ကလေးသူငယ်များက တွင်းအိမ်သာများ အပြင်ဘက်တွင် မစင်စွန့်ခဲ့သည့်အတွက် ယင်းက ကျန်းမာရေး ပြဿနာများဖြစ်စေခဲ့သည်။*
  - *နေရာပြောင်းရွှေ့လာသူများ ပြန်သွားသောအခါ သို့မဟုတ် ဒေသခံလူထုနှင့်အတူ ပေါင်းစည်းရန် ရွေးချယ်သည့်အခါ ၎င်းတို့၏ ဘာသာစကားဖြင့် သင့်တော်သည့် သက်မွေးမှုသင်တန်း ပေးနိုင်ရန် နေရာပြောင်းရွှေ့လာသူများနှင့် တိုင်ပင်ပါ။*

- **ကျောင်းသူ/သား အသင်းများ**တွင် ကလေးသူငယ်များ (ယောက်ျားလေးနှင့် မိန်းကလေး) ကို ပါဝင်စေပြီး **မိဘ-ဆရာ အသင်းများ**တွင် မိဘများ (အမျိုးသားများနှင့် အမျိုးသမီးများ) ကို ပါဝင်စေပါ။

  *မှတ်ချက်များ-*
  - *သက်ဆိုင်သည့် ပုဂ္ဂိုလ်များ၏ မိမိကိုယ်ကို တန်ဖိုးထားမှုနှင့် လုပ်နိုင်စွမ်းများကို မြှင့်တင်ပေးလျက် တစ်ဖက်တွင်လည်း ကာကွယ်စောင့်ရှောက်မှုအတွက် စိုးရိမ်နေရသော ပုဂ္ဂိုလ်များကို လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်ခြင်းသည် တုံ့ပြန်ဆောင်ရွက်ချက်ကို ပို၍ သင့်လျော်စေပြီး ရေရှည်တည်တံ့စေပါသည်။ ဥပမာ- ပါကစ္စတန်နိုင်ငံတွင် ကျောင်းထွက်ထားသော ကလေးငယ်များ ကျောင်းတက်စေရေး မြှင့်တင်ရန်နှင့် ကျောင်းကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှုများအပါအဝင် တာဝန်ယူမှုများစွာအတွက် ကျောင်းကော်မတီများတွင် တာဝန်ရှိသည်။ ဤလုပ်ဆောင်ချက်သည် တစ်စုံတစ်ယောက်၏ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းကို အားဖြည့်ပေးသည့်အပြင် အခြားသူများအပေါ်တွင်လည်း အကျိုးနှစ်ဆ ဖြစ်ထွန်းစေပါသည်။*
  - *ကလေးငယ်များကိုယ်တိုင် (ကလေးငယ်ပူးပေါင်းပါဝင်ခြင်း) နှင့် နည်းပြများအကြား စေ့စပ်ဆွေးနွေးပုံမှန်ပြုလုပ်နိုင်ရန် ကလေးငယ်များ (ယောက်ျားလေးများနှင့် မိန်းကလေးများ) ပါဝင်သော ကော်မတီများ (ကျောင်းသားအကြံပေးဘုတ်များ) ရှိကြောင်း သေချာပါစေ။*

- မိမိ ပိုင်ဆိုင်သည်ဟူသော သဘောတရားတစ်ခု ဖြစ်ထွန်းလာစေရန် **ကျောင်းတည်ဆောက်ခြင်းနှင့် ကျောင်းပုံစံ**ရေးဆွဲရာတွင် ကော်မတီဝင်များနှင့် ကလေးငယ်များ ပါဝင်စေပါ။ ကျောင်းတည်ဆောက်ရေးလုပ်ငန်းတွင် ကလေးများ မပါဝင်သင့်ပါ။

- **ကျောင်းစီမံခန့်ခွဲမှုကော်မတီ**ဝင်များသည် ဒီမိုကရေစီစနစ်ကိုနှစ်သက်ပြီး ပူးပေါင်းပါဝင်သူများ ဖြစ်ကြောင်း သေချာပါစေ။ ကျောင်းအုပ်ချုပ်ရေးတွင် ကော်မတီခေါင်းဆောင်များ သို့မဟုတ် ဘာသာရေးခေါင်းဆောင်များ ပါဝင်စေပါ။ ကျောင်းများအားထိုးနှက်ရန် သို့မဟုတ် ဆန့်ကျင်ရန် ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများ သို့မဟုတ် သဘောထားကိုက်ညီသောလှုပ်ရှားမှုများအား ဤနည်းဖြင့် ဖယ်ရှားနိုင်ပါမည်။

## အရင်းမြစ် ၉- ဠpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ပညာရေး အစီအစဉ်များ

- **အကြံပြုချက်များနှင့် တိုင်ကြားချက်များ ပြုလုပ်ရန်အတွက် ရယူနိုင်သော၊ ကောင်းစွာနားလည်နိုင်သော နည်းလမ်းများ** ဖန်တီးသတ်မှတ်ပါ။

  *မှတ်ချက်များ-*
  - *"တံခါးဖွင့်" ဝါဒသည် လုံလောက်သည်ဟု မယူဆပါနှင့်။ ပညာရေး/ပရောဂျက် ဝန်ထမ်းများအား မိမိမည်သူမည်ဝါ ဖြစ်သည်ကို ဖော်ပြရန် မလိုအပ်သော တိုင်ကြားရန် အခြားနည်းလမ်းများရှိကြောင်း သေချာပါစေ။*
  - *မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ချမှတ်နိုင်လင့်ကစား တိုင်ကြားချက်များကို တုံ့ပြန်ပေးပါ။*
  - *လုပ်ထုံးလုပ်နည်းအတွက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးကို ခန့်အပ်ထားပြီး ယင်းကို ကလေးသူငယ်များလည်း အသုံးပြုခွင့်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။*
  - *သက်ဆိုင်သူများအားလုံးက ၎င်းမည်ကဲ့သို့အလုပ်လုပ်ပုံကိုသိနိုင်ရန် အသိပညာပေး သင်တန်းများ ကျင်းပပါ (ဥပမာ၊ ကလေးများ၊ ကျောင်းသား/သူများ၊ မိဘကော်မတီများ၊ ဆရာများ)။*
  - *ရှုပ်ထွေးမှုကို လျှော့ချရန် အခြား ကဏ္ဍများနှင့်အတူ ပူးတွဲတိုင်ကြားနိုင်သည့် နည်းလမ်းတစ်ခုကို ထည့်သွင်းစဉ်းစားပါ (ဥပမာ၊ ကာကွယ်စောင့်ရှောက်ရေး)။*
  - *တိုင်ကြားရန် လုပ်ထုံးလုပ်နည်းများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှုမှ ကာကွယ်ပေးသည့်စနစ်များနှင့် အညီ ဖြစ်သင့်ပါသည်။*

အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ

# အမိုးအကာ အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 မေလ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွာစပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

**ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ**

- အမိုးအကာများအတွက် အကြံပြုထားသည့် တည်နေရာများအား သတ်မှတ်ရာတွင် ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းဇရိယာများကဲ့သို့သော ဘေးကင်းရေးကို ခြိမ်းခြောက်မှုများ သို့မဟုတ် မက်စောက်သော တောင်ကုန်းများ၊ ကျွံဝင်သည့်မြေယာ ဇရိယာများနှင့် ရေကြီးခြင်း၊ မီးတောင်ပေါက်ခြင်း ဖြစ်ရပ်များနှင့် အခြားအလားလာရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်လေ့ရှိသည့် ဇရိယာများကဲ့သို့သော သဘာဝအရ မတည်ငြိမ်သည့်ဇရိယာများကိုပါ ထည့်သွင်းစဉ်းစားထားသင့်ပါသည်။

- မြေ၊ ရေနှင့် အခြားသဘာဝ သယံဇာတများအပြင်၊ အမွေဆက်ခံပိုင်ခွင့်များအတွက် ပြဋ္ဌာန်းဥပဒေအရ/တရားဥပဒေအရနှင့် စိတ်ကြိုက်ရယူခွင့်အပါအဝင် မြေယာပိုင်ဆိုင်မှုအစီအစဉ်များကို နားလည်ထားရန် လိုအပ်ပါသည်။ ဤကြိုတင်သတိပေးချက်သည် နှင်ထုတ်ခြင်းပြဿနာ သို့မဟုတ် အဆိုပါကိစ္စရပ်များတွင် ရှင်းလင်းမှုမရှိခြင်းကြောင့် ပဋိပက္ခဖြစ်လာခြင်းကို လျှော့ချနိုင်ပါမည်။ မသေချာသည့်အခါ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ဖြင့် တိုင်ပင်ဆွေးနွေးပါ (ဖြစ်နိုင်မည်ဆိုပါက အိမ်ယာ၊ မြေနှင့် ပိုင်ဆိုင်မှုအဖွဲ့)။

- အရေးပေါ်ဖြစ်ရပ်များတွင် ထွက်ပြေးလွတ်မြောက်နိုင်မည့် လမ်းကြောင်းများထည့်သွင်းပြီး အဆောက်အဦးကို တည်ဆောက်ထားကာ ဘေးအန္တရာယ်ထိခိုက်ခံစားရသည့်လူထုသည် သတင်းအချက်အလက်များနှင့် မီးဘေးလုံခြုံရေးနှင့် အန္တရာယ်ရှိသည့်အရပ်ကို စွန့်ခွာခြင်းလုပ်ငန်းစဉ်သင်တန်းများကို လက်ခံရရှိကြောင်း သေချာပါစေ။

- ဖြစ်နိုင်မည်ဆိုပါက စောင့်ကြည့်ခြင်းနှင့် ပတ်သက်ပြီး အမိုးအကာများတွင် သီးခြားကြိုတင်သတိပေးချက်များ လုပ်ထားပါ။ ဖြစ်နိုင်လျှင် အသင်းအဖွဲ့မှ စောင့်ကြည့်မှုများ လုပ်ဆောင်ပါ။

- သန့်စင်ခန်းများကဲ့သို့သော အများပြည်သူနှင့် အများပြည်သူဆိုင်ရာနေရာများတွင် အထူးသတိထားကာ နေရာ/ အခြေချနေထိုင်သည့်နေရာအနှံ့တွင် လုံလောက်သည့်မီးအလင်းရောင် ဖြည့်ဆည်းပေးပါ။

- အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုပြဿနာများကိုလျှော့ချရန် အမိုးအကာများတွင် နေရာလွတ်အနည်းဆုံး ထားရှိရေး စံသတ်မှတ်ချက်များကို လေးစားပါ။

- အမိုးအကာနေရာများနှင့် ယာယီအခြေချနေထိုင်သည့် နေရာများမှ ဘေးကင်းသည့်အကွာအဝေးတွင် အများပြည်သူဇရိယာများနှင့် စုဆောင်းရေးနေရာများကို သတ်မှတ်လုပ်ဆောင်ပါ။ မသန်စွမ်းသူများနှင့် အသက်ကြီးသူများသည် ၎င်းတို့ကိုအသုံးပြုနိုင်ကြောင်း သေချာပါစေ။

- မှောင်မဲကာ သီးခြားဖြစ်နေသည့်နေရာများကိုရှောင်ရှား၍ အမျိုးသားနှင့် အမျိုးသမီးများအတွက် ရေချိုးခန်းများနှင့် အိမ်သာများကို ပိုင်းခြားစီစဉ်ပေးထားပါ။

- အမျိုးသမီးများနှင့် မိန်းကလေးများ၊ အထူးသဖြင့် အပျိုကြီးများနှင့် အမျိုးသမီးမှဦးဆောင်နေသည့်အိမ်ထောင်စုများအား ပိုမိုကာကွယ်ရန် အကာများနှင့် တံခါးလော့ခ်များ (ယဉ်ကျေးမှုအရ သင့်လျော်ပါက) ကို ထည့်သွင်းပါ။

- အထူးသဖြင့် အမျိုးသားနှင့် အမျိုးသမီးကို သိသိသာသာ ခွဲခြားထားသော ယဉ်ကျေးမှုများ ရှိသည့် အခြေခံအနေ သို့မဟုတ် မိသားစုတစ်စုအတွက် သီးသန့်ရှိနေမှုသည် အလွန်အရေးကြီးသည့် အခြေအနေများတွင် ပို၍ သီးသန့် ရှိစေပြီး ဂုဏ်သိက္ခာကို ပေးစွမ်းနိုင်စေရန် နေထိုင်သူများကြားတွင် အကွာအဝေးတစ်ခုထည့်သွင်းကာ အမိုးအကာပစ္စည်းများ ဖြည့်ဆည်းပေးပါ။

- တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့၏အမိုးအကာများထံ လုံခြုံစွာပြန်လာနိုင်ကြောင်း သေချာစေရန် ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်းအတွက် ဘေးကင်းသည့်တည်နေရာနှင့် အချိန်ကို သတ်မှတ်လုပ်ဆောင်ပါ။

- အမိုးအကာအသုံးပြုနိုင်မှုက တင်းမာမှု သို့မဟုတ် ပဋိပက္ခကို ဖြစ်စေခြင်း ရှိ မရှိ အကဲဖြတ်ပါ။

- အခြေချနေထိုင်သည့်နေရာများတွင် ကောင်းမွန်သည့်မြင်နိုင်စွမ်း၊ အလင်းရောင်နှင့် ညအချိန်တွင် လုံလောက်သည့်လုံခြုံရေးရှိကြောင်း သေချာပါစေ။

## အရင်းမြစ် ၉- ပြူ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ယာယီခိုလှုံရာအဆောက်အအုံ အစီအစဉ်များ

- ပဓာနကျသည့်ဝန်ဆောင်မှုများ (ဥပမာ - ကျန်းမာရေးအသုံးအဆောင်များ၊ အစားအစာဖြန့်ဝေခြင်းနှင့် ရေနေရာများ၊ ကျောင်းများ၊ စသည်ဖြင့်) နှင့် ပစ္စည်းများကို အမိုးအကာနှင့် အခြေချနေထိုင်သည့် တည်နေရာများမှ အလွယ်တကူ လုံခြုံစွာ အသုံးပြုနိုင်ကြောင်းသေချာပါစေ။
- ဘေးကင်းရေးအတွက်လိုအပ်ပါက အပျိုကြီးများ၊ မသန်စွမ်းသူများနှင့် အဖော်လိုက်ပါနိုင်ခြင်းမရှိသည့်ကလေးများကဲ့သို့သော အဖွဲ့များအတွက် သီးခြားနေထိုင်နိုင်သည့် ဧရိယာများရှိကြောင်းနှင့် အဆိုပါနေရာများကိုအနိုင်ကျင့်မှု သို့မဟုတ် အကြမ်းဖက်မှုကိုပစ်မှတ်ထားခြင်းမှ ကာကွယ်ပေးထားကြောင်း သေချာပါစေ။
- တွန်းအားပေးကာ ပြန်လည်နေရာချခြင်း သို့မဟုတ် ပြန်လာစေခြင်းတို့အပါအဝင် အမိုးအကာ သို့မဟုတ် အခြေချနေထိုင်မှုဆောင်ရွက်ချက်တစ်စုံတစ်ရာကို ရှောင်ရှားပါ။
- ထိခိုက်ခံစားရသူများ၏ ဘေးကင်းရေးကို အမြဲစောင့်ကြည့်ပြီး ပိုမိုဘေးကင်းစေရန်အတွက် အမိုးအကာပရိုဂရမ်၏ဒီဇိုင်းကို ပြောင်းလဲပါ သို့မဟုတ် ဒေသခံအာဏာပိုင်များနှင့် ဆွေးနွေးပါ။
- ဒေသခံပစ္စည်း၊ ရှိနေပြီးသည့်စွမ်းရည်များနှင့် ပတ်ဝန်းကျင်ကိုပါ ထည့်တွက်ပါ။ ဖြစ်နိုင်သည့်အခါတိုင်းတွင် ဒေသအရင်းအမြစ်များကိုလျော့နည်းသွားစေခြင်းမရှိဘဲ ဒေသအလိုက် လက်ခံနိုင်ကာ ရရှိနိုင်သည့် ပစ္စည်းများနှင့် အလုပ်သမားကို ဒေသအကျိုးစီးပွားအတွက် အသုံးပြုသင့်ပါသည်

### အဓိပ္ပါယ်ပြည့်ဝသော ရယူခွင့်

- အိမ်ရှင်မိသားစု၏ အစီအစဉ်ဖြင့် နေထိုင်နေသည်ဖြစ်စေ၊ စုစည်းရေးစင်တာများတွင် နေထိုင်နေသည်ဖြစ်စေ၊ မြို့ပြ သို့မဟုတ် ကျေးလက်တည်နေရာများတွင် ကိုယ်တိုင်အခြေချနေထိုင်သည်ဖြစ်စေ၊ ယာယီစခန်းများတွင် ၎င်းတို့ဘာသာ အခြေချနေထိုင်သည်ဖြစ်စေ သို့မဟုတ် စီစဉ်ထားသည့် ယာယီစခန်းများတွင် နေထိုင်သည်ဖြစ်စေ နေရာပြောင်းရွှေ့နေထိုင်သည့်လူများကို သာတူညီမျှဆက်ဆံပါ။
- ယာယီခိုလှုံရာအဆောက်အအုံ၏ အရည်အသွေးသည် အုပ်စုအားလုံးအတွက် ညီတူညီမျှ ဖြစ်ကြောင်း သေချာစေလျက် မတူညီသော လူမျိုးစု၊ လူမျိုးရေး၊ နိုင်ငံသား သို့မဟုတ် လူမှုရေးအုပ်စုများ၏ လိုအပ်ချက်များကို အေဂျင်စီများက ထည့်သွင်းစဉ်းစားကြောင်း သေချာပါစေ။
- လိုအပ်ချက်အခြေခံပေါ်တွင် လူများနှင့် အဖွဲ့များကို ဦးစားပေးပါ - ၎င်းတို့၏ဖြေရှင်းနည်းများသည် ရရှိရန် ပိုမိုလွယ်ကူသည့်အတွက် အဖွဲ့များကို ဦးစားပေးခြင်းကို မပြုပါနှင့်။
- အမိုးအကာများကို အဖွဲ့လိုက်နှင့် တစ်ဦးချင်းအားလုံးက အသုံးပြုနိုင်ကာ လူတိုင်းအတွက် သင့်လျော်ကြောင်းသေချာစေပြီး ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၏ သီးခြားပူပန်မှုများကို မှတ်သားပါ - လိုအပ်ပါက အိမ်ထောင်စုအလိုက် အမိုးအကာများကို တစ်ခုချင်းပြောင်းလဲပါ သို့မဟုတ် အမိုးအကာအားလုံးကို အားလုံးအသုံးပြုနိုင်သောဆောက်လုပ်ပါ။
- မသန်စွမ်းသူများနှင့် အသက်ကြီးသူများသည် ဖြန့်ဝေပေးသည့်/ အဆောက်အအုံရှိသသည့် နေရာများသို့ မလာနိုင်ပါ (ဥပမာ - အစားအစာ၊ ရေ)။ မသန်စွမ်းသူများနှင့် အသက်ကြီးသူများထံရောက်ရှိနိုင်ရန် ထပ်တိုးလုပ်ထုံးလုပ်နည်းများကို စီစဉ်ပါ။
- ရေချိုးခန်းများကို မသန်စွမ်းသူများနှင့် အသက်ကြီးသူများ အသုံးပြုနိုင်ကြောင်းနှင့် ကလေးငယ်များအတွက်လည်း ဘေးကင်းကြောင်း သေချာပါစေ။
- အမျိုးသမီး ဦးဆောင်နေသည့် အိမ်ထောင်စုများ၊ အသက်ကြီးသူများနှင့် မသန်စွမ်းသူများကဲ့သို့သော အားနည်းသည့်အဖွဲ့များသည် ကယ်ဆယ်ရေးပစ္စည်းများကို ညီတူညီမျှ ရယူခွင့်ရှိပြီး ၎င်းတို့ကို သယ်ဆောင်သွားနိုင်စွမ်းရှိကြောင်း သေချာပါစေ။
- မတူညီသော အဖွဲ့များအတွက် အိမ်ပြန်မှု၊ ပြန်လည်နေရာချထားမှုနှင့် ပြန်လည်ပေါင်းစည်းမှုအခွင့်အရေးများ မတူညီသည့်တိုင် ပိုင်ရှင်များ၊ ငှားရမ်းနေထိုင်သူများ၊ မြေယာမဲ့များ၊ သမားရိုးကျမဟုတ်သည့်အမြဲတမ်းနေထိုင်သူများနှင့် ဒုတိယမြောက်ပိုင်ဆိုင်သူများကို သာတူညီမျှဆက်ဆံပါ။
- အိမ်ထောင်ဦးစီးများဖြစ်သည့် အမျိုးသား၊ အမျိုးသမီး၏ ပူးတွဲပိုင်ဆိုင်မှုရပိုင်ခွင့်များကိုအသိအမှတ်ပြုကာ ခွဲခြားဆက်ဆံခြင်းကို တားဆီးပါ။
- အမျိုးသမီးရော အမျိုးသားကိုပါ ၎င်းတို့၏အားထုတ်မှုနှင့် ဆောက်လုပ်ရေးတွင်လုပ်ကိုင်မှုအတွက် တူညီသည့်အကျိုးခံစားခွင့်များ ဖြည့်ဆည်းပေးပါ၊ ဥပမာ - လုပ်ခပေးပါက အမျိုသမီး၏အလုပ်နှင့် အမျိုးသား၏အလုပ်ကို သာတူညီမျှပေးကြောင်း သေချာပါစေ။
- အလုမ်းဝေးသည့်နေရာများကို ကလေးများ ကစားရခြင်းကို ရှောင်ကြဉ်ရန် ကလေးများကစားရန်အတွက်နှင့် ၎င်းတို့ကစားနေသည်ကို အမိုးအကာများအောက်မှမှနေ၍ မိသားစုအဖွဲ့ဝင်များကြည့်နေနိုင်သည့် နေရာဖြစ်စေရန် အသင်းအဖွဲ့အတွက် ပြည့်စုံကာဘေးကင်းသည့် အပန်းဖြေနေရာများဖြစ်ကြောင်း သေချာပါစေ။
- ၎င်းတို့၏နေရာပြောင်းရွှေ့မှုကြောင့် နောက်ထပ်ပို၍ အကျိုးမယုတ်တော့သည့်အချိန်အထိ နေရာပြောင်းရွှေ့သူများကို ပံ့ပိုးကာ ကူညီပါ။
- အဖော်လိုက်ပါခြင်းမရှိသည့် ကလေးများအတွက် လုံခြုံကာဘေးကင်းသည့်အိမ်ရာ ဖြစ်စေရန် ကြိုးစားအားထုတ်လုပ်ဆောင်သင့်ပြီး စောင့်ကြည့်ကွပ်ကဲရေး လုပ်ထုံးလုပ်နည်းများကို အထူးပြု အေဂျင်စီများနှင့် လူထုကိုယ်တိုင်နှင့်အတူ သတ်မှတ်သင့်ပါသည်။
- အဖော် လိုက်ပါခြင်းမရှိသော အသက်ကြီးသူများကို ၎င်းတို့၏ကိုယ်ပိုင်အမိုးအကာကို ဆောက်လုပ်ရာတွင် ကူညီကြောင်း သေချာပါစေ။
- အကူအညီ ရရှိရန်၊ အမိုးအကာပစ္စည်းများကို သယ်ယူပို့ဆောင်မှုနှင့် ယာယီခိုလှုံရာအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် အားနည်းသည့်အဖွဲ့များအားကူညီရန် သင့်လျော်သည့်တုန့်ပြန်မှုကို လုပ်ဆောင်ပါ။ အလွယ်တကူ ရယူအသုံးပြုနိုင်မည့် အမိုးအကာများကို တည်ဆောက်နိုင်စေရန် မသန်စွမ်းသူများနှင့် အသက်ကြီးသူများ လိုအပ်သောအကူအညီကို ပေးစွမ်းရန် သီးခြားဂရုပြုပါ။

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ယာယီခိုလှုံရာအဆောက်အအုံ အစီအစဉ်များ

**တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု**

- ဒေသခံဆောက်လုပ်ရေးပုံစံများနှင့် ပတ်သက်၍ စူးစမ်းမေးမြန်းကာ ဖြစ်နိုင်မည်ဆိုပါက သင့်လျော်သည့်နည်းလမ်းကိုအသုံးပြုပါ။
- ဖြစ်နိုင်မည်ဆိုပါက အမိုးအကာ ပံ့ပိုးပေးမှုနှင့် ပတ်သက်ပြီး ဒေသခံတာဝန်ရှိသူများကို ရှာဖွေဖော်ထုတ်ပြီး ဖြစ်နိုင်ပါက ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာအောင် ပြုလုပ်ပေးပါ။
- ပြဿနာများကိုရှောင်ရှားနိုင်မည့်အပြင် ဒေသခေါင်းဆောင်များ ပါဝင်ပြီး ခွင့်ပြုပေးထားကြောင်း သေချာစေရန် နေရာစီစဉ်ခြင်းနှင့် ရွေးချယ်ခြင်းတွင် ဒေသခံအာဏာပိုင်များပါဝင်ကြောင်း သေချာပါစေ။ နည်းပညာဆိုင်ရာနှင့် ဆောက်လုပ်ရေးအကူအညီကို ဖြည့်ဆည်းပေးပါ။
- ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်းကို စီစဉ်ခြင်းနှင့် ဆောင်ရွက်ခြင်းတွင် အမျိုးသမီးများနှင့် အမျိုးသားများကို ပါဝင်ပါစေ။
- ဆောက်လုပ်ရေးလှုပ်ရှားမှုများတွင် ထုံးတမ်းအရ ပါဝင်ခြင်းမရှိသော်လည်း ယာယီခိုလှုံရာအဆောက်အအုံအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် စိတ်စားမှု ရှိနိုင်သည့် ကွဲပြားသည့်အဖွဲ့များကို အကူအညီများ ပေးအပ်ပါ။
- အမိုးအကာများနှင့် နေရာချထားပေးမှုအတွက် ဘေးကင်းသည့် နေရာများသာမက အမိုးအကာဒီဇိုင်းကို ကူညီရှာဖွေဖော်ထုတ်ရန် ကွဲပြားသည့်အဖွဲ့များအပါအဝင် ဘေးအန္တရာယ်ထိခိုက်ခံစားရသည့်သူများအား မေးမြန်းပါ။
- ထိခိုက်ခံစားရသည့်လူဦးရေနှင့်အတူ မီးဘေးလုပ်ငန်းစဉ်များနှင့် အရေးပေါ်ဘေးကင်းရာသို့ စွန့်ခွာထွက်ပြေးရေး အစီအစဉ်များကို လေ့ကျင့်သင်ကြားပါ။
- ဘေးအန္တရာယ် ထိခိုက်ခံစားရသည့်လူထုသည် ၎င်းတို့၏ နေရပ်ပြန်မှု၊ ပြန်လည်နေရာချထားမှုနှင့် ပြန်လည်၍တစ်စည်းတစ်လုံးတည်းပေါင်းစည်းမှုကို စီစဉ်ခြင်းနှင့် စီမံခန့်ခွဲမှုတွင် အပြည့်အဝပါဝင်ကြောင်း သေချာပါစေ။
- အခြေအနေများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ IDP များအနေဖြင့် ယာယီ ယာယီခိုလှုံရာအဆောက်အအုံပုံစံများမှသည် အခိုင်အမာ ပုံစံများသို့ ကိုယ်တိုင်အဆင့်မြှင့်ပြောင်းလဲနိုင်ရန် ယာယီခိုလှုံရာအဆောက်အအုံ၏ အရည်အသွေးများကို မြှင့်တင်ပါ။
- လူထုအဖွဲ့အစည်း၏ ကိုယ်တိုင်ကူညီနိုင်စွမ်းကို ပိုမိုခိုင်မာပါစေ - သယ်ယူမှု သို့မဟုတ် လုံခြုံရေးကြောင့် ယာယီခိုလှုံရာအဆောက်အအုံပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို တားမြစ်ထားသည့်နေရာများတွင် ဓလေ့အတိုင်း တည်ဆောက်သည့်နည်းလမ်းများကိုအားပေးကာ အမျိုးသမီးများကို လုပ်ငန်းစဉ်တွင် မျှတစွာ ပါဝင်နိုင်စေသည့်အခွင့်အရေးကိုပေးစွမ်းပြီး ဘေးကင်းသည့် ဆောက်လုပ်ရေး ဆောင်ရွက်ချက်အသိပညာများကို အကျိုးခံစားခွင့်ရှိသူများအား ပြောပြပါ။
- ငွေသားရရှိရန် အလုပ်လုပ်ခြင်းနှင့် အစားအစာရရှိရန် အလုပ်လုပ်ခြင်းစီမံချက်များ၊ကလေးစောင့်ရှောက်ရေးစီစဉ်မှုများသည် ကိုယ်ပိုင်အမိုးအကာများတည်ဆောက်ရာတွင် သီးခြားလိုအပ်ချက်များရှိနေသည့် အိမ်ထောင်စုများကို ပံ့ပိုးပေးရန် အသုံးဝင်နိုင်ပါသည်။ အမြတ်ထုတ်မှုနှင့် မရိုးသားသည့်လုပ်ရပ်များကိုရှောင်ရှားရန် ထိုသို့သောစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပါ။
- အရည်အချင်းရှိသော အမျိုးသမီးများနှင့်အမျိုးသားများ၊ အမိုးအကာတည်ဆောက်ခြင်းကို ပံ့ပိုးပေးနိုင်သော အရွယ်ရောက်သည့်မိန်းကလေးများနှင့် ယောက်ကျားလေးများ၏စွမ်းရည်ကို IDP ရော အခြားထိခိုက်ခံစားရသည့်အသင်းအဖွဲ့များထဲမှ ရှာဖွေဖော်ထုတ်ရန် အသင်းအဖွဲ့နှင့်အတူ အလုပ်လုပ်ဆောင်ပါ။
- ကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် လူထုဝန်ဆောင်မှုဝန်ထမ်းများသည် ကဏ္ဍမျိုးစုံအကဲဖြတ်သည့် အဆင့်အားလုံးတွင် အမိုးအကာ ကျွမ်းကျင်ပညာရှင်များနှင့် အလုပ်ခွင်စီစဉ်သူများနှင့်အတူ ဆောင်ရွက်ကြောင်းသေချာပါစေ။ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွင် ယာယီခိုလှုံရာအဆောက်အအုံများ၏ သွယ်ဝိုက်ပတ်သက်မှုကိုလည်း စတင်လုပ်ဆောင်ချိန်တွင် ထည့်တွက်ကြောင်း သေချာစေရန် ယာယီခိုလှုံရာအဆောက်အအုံအကဲဖြတ်မှုများကို အထူးပြုလုပ်ဆောင်သင့်သည်။
- ဒေသခံ အသင်းအဖွဲ့များ၊ အစိုးရအာဏာပိုင်များသာမက အကျိုးခံစားခွင့်ရှိသူများ၊ အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးများနှင့် တွေ့ဆုံဆွေးနွေးကြောင်း သေချာပါစေ။ သီးသန့်လိုအပ်ချက်များနှင့်ပတ်သက်၍ တိကျသည့်သတင်းအချက်အလက်များကိုရရှိရန် အလို့ငှာ လိုအပ်ချက်များ အကဲဖြတ်ရာတွင် မသန်စွမ်းသူများနှင့် အသက်ကြီးသူများကို ပါဝင်စေပါ။
- မြေယာ သို့မဟုတ် ပိုင်ဆိုင်မှုတစ်ခုခုပေါ်တွင် အဆောက်အအုံကို အသုံးမပြုမီ သို့မဟုတ် ဆောက်လုပ်ခြင်းမပြုမီ ဖြစ်နိုင်မည်ဆိုပါက စာဖြင့် ရေးသားကာ ခွင့်ပြုချက်တောင်းခံပါ (ယာယီ သို့မဟုတ် အမြဲတမ်း)။
- ဒေသခံမိသားစု၏ အမိုးအကာကို ပိုကျယ်အောင်လုပ်ပေးခြင်း သို့မဟုတ် လိုက်ဖက်အောင်ပြင်ဆင်ရာတွင် ပံ့ပိုးခြင်းကဲ့သို့သော ဒေသခံမိသားစုများနှင့် ဒေသခံအသိုက်အဝန်းများကို ကူညီရန် စဉ်းစားပါ။
- တိုင်ကြားချက်များနှင့် အယူခံဝင်မှုများ ပြုလုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ကာ အမျိုးသားရော အမျိုးသမီးပါ အခိုပါ တိုင်ကြားချက်လုပ်ထုံးလုပ်နည်းကို အဆင်ပြေစွာ အသုံးပြုနိုင်ကြောင်း သေချာပါစေ။
- သက်ဆိုင်သည့်အာဏာပိုင်များ၊ ဥပဒေဝန်ဆောင်မှုများ သို့မဟုတ် အိမ်ရာ၊ မြေနှင့် အဆောက်အအုံအတွက် ပိုင်ဆိုင်ခွင့်များကို အထူးပြုလုပ်ဆောင်သည့် အခြားအေဂျင်စီများထံ ညွှန်းဆိုခြင်းဖြင့် လူများ၏ခံစားခွင့်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဖြေရှင်းနည်းများ၊ ငြင်းခုံမှုများအား ဖြေရှင်းမှု သို့မဟုတ် လျော်ကြေးတောင်းခံခြင်းတို့ကို မည်သည့်နေရာတွင် မည်သို့ ပြုလုပ်ရမည်ကို အချက်အလက်များ ပံ့ပိုးပေးပါ။
- ဆောက်လုပ်ရေးဆိုက်များတွင် အလုပ်သမား အထူးသဖြင့် ကလေးအလုပ်သမားအား အမြတ်ထုတ် အသုံးချမှုမျိုးကို ရှောင်ရှားကာ စောင့်ကြည့်ပါ။

## အရင်းမြစ် 9- gpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - ယာယီခိုလှုံရာအဆောက်အအုံ အစီအစဉ်များ

- ပြည်တွင်း နေရာပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်စည်းမျဉ်းများကို ဖြန့်ဝေကာ နေရာပြောင်းရွှေ့သူများ၏အခွင့်အရေးများကို ပံ့ပိုးပေးသည့် ပရိုဂရမ်များကို ဆောင်ရွက်ပါ။
- အုတ်ဂူများနှင့် သင်္ချိုင်းများကဲ့သို့သော ရှိနေပြီးသည့် အဆောက်အအုံများသည် ပြည့်စုံလုံလောက်ကြောင်းသေချာစေပြီး ကျန်ရှိနေသည့်အလောင်းများကိုဆောင်ရွက်ပေးရာတွင် လူမှုထုံးတမ်းများကို အထူးလေးစားလိုက်နာဆောင်ရွက်ပါ။
- အထူးပူပန်နေရသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကာ ဖြေရှင်းကြောင်းသေချာစေရန် မတူညီသည့် အသက်၊ အမျိုးသား၊ အမျိုးသမီး၊ နောက်ခံအကြောင်းအရာများရှိသည့် တစ်ဦးချင်းနှင့် အဖွဲ့များအပြင် အထူးသဖြင့် ယာယီခိုလှုံရာအဆောက်အအုံကိစ္စရပ်တွင် သီးခြားလိုအပ်ချက်များရှိနေသူများနှင့် ပုံမှန်စကားပြောဆိုမှုများနှင့် ဆွေးနွေးမှုများကို ဆောင်ရွက်ပါ။
- အရွယ်ရောက်ပြီးဖြစ်သည့် မိသားစုဝင်များမရှိဘဲ နေထိုင်နေရသည့်အသက်ကြီးသူများ သို့မဟုတ် ကလေးငယ်က ဦးဆောင်နေရသည့် အိမ်ထောင်စုများကဲ့သို့သော အသင်းအဖွဲ့တွင် အထူးလိုအပ်ချက်များရှိနေသည့်သူများ၏ နေထိုင်မှုအခြေအနေများကို အကဲဖြတ်ရန် စောင့်ကြည့်ခြင်း သို့မဟုတ် အလားတူလုပ်ထုံးလုပ်နည်းကို သတ်မှတ်ရန် လူထုအဖွဲ့အစည်းနှင့်အတူ လက်တွဲဆောင်ရွက်ပါ။

# အစားအစာဖူလုံရေးနှင့် အသက်မွေးမှု အစီအစဉ်များ

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အကြံပြုချက်များ

ပြန်လည်ပြင်ဆင်တည်းဖြတ်ချက် 1 (2014 ဇွန်လ)

ဤမှတ်တမ်းပါအကြောင်းအရာများကို အောက်ပါအရင်းအမြစ်များမှ ရယူပါသည်-

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (WVI)
- ဒုက္ခသည်များနှင့် ပဋိပက္ခဒဏ်ခံရသည့်လူစုများ အကြားရှိ မသန်စွမ်းသူများ - လက်တွေ့နယ်ပယ်ရှိလုပ်သားများအတွက် အရင်းအမြစ်စာရွက်စာတမ်းအစုံ (WRC)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ (CPWG)
- GBV လမ်းညွှန်ချက်များ (IASC)
- လူသားအချင်းချင်းစာနာထောက်ထားရေး ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ (အသိုင်းအဝိုင်း)

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အခြေခံသဘောတရား လေးခုကို ကိုယ်စားပြုလျက် ဤမှတ်စုကို အပိုင်းကဏ္ဍသုံးခုအဖြစ် ခွဲခြားထားပါသည်။ ဤအကြောင်းအရာများသည် ပြည့်စုံစွာစပ်သည်ဟု မဆိုလိုသော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရာတွင် ကာကွယ်စောင့်ရှောက်ရေးစည်းမျဉ်းများကို သေချာပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လုပ်ဆောင်သင့်သော အဓိကလုပ်ဆောင်ချက်သာဓကများကို တင်ပြထားပါသည်။

ဖော်ပြထားသော လုပ်ဆောင်ချက်တိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တလျှောက်တွင် ထည့်သွင်းစဉ်းစားသင့်သော်လည်း၊အရေးပေါ်အခြေအနေအတွင်း နှင့် ပရောဂျက်ကာလ၏ ပရောဂျက်ပုံစံအခြေအနေ/ ချင့်ချိန်စဉ်းစားမှုကာလများအတွင်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသည့် အဓိကလုပ်ဆောင်ချက်အချို့လည်း ရှိနေပါသေးသည်။ ၎င်းတို့ကို အောက်ပါသင်္ကေတများဖြင့် အထူးအသားပေး ဖော်ပြထားပါသည်-

- အရေးပေါ်ကိစ္စရပ်များ
- အကဲဖြတ်ခြင်းနှင့် ပရောဂျက်ဒီဇိုင်းရေးဆွဲမှု အဆင့်

အချို့ဆောင်ရွက်ချက်များသည် ၎င်းတို့၏ သဘာဝအရ ထိခိုက်လွယ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အကြံပြုချက် ရယူသင့်ပါသည်။ ၎င်းတို့ကိုအောက်ပါဥပမာများဖြင့်ရှင်းလင်းတင်ပြထားပါသည်-

### ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးပြီး အန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ကြဉ်ပါ

- အစားအစာ၊ ငွေကြေး၊ ဘောက်ချာများ သို့မဟုတ် မွေးမြူရေးတိရစ္ဆာန်ပေးခြင်းကဲ့သို့ ကူညီရေးအစီအစဉ်များသည် ပြည်သူများအား တိုက်ခိုက်မှုများကဲ့သို့သော ကာကွယ်စောင့်ရှောက်ရေး ပြဿနာများနှင့် ပို၍ ထိတွေ့မိနိုင်စေသည်။ အရေးပေါ်ကိစ္စရပ်တွင် တန်ဖိုးရှိလာနိုင်သော အဆိုပါပစ္စည်းအမျိုးအစားများကို ပိုင်ဆိုင်မှု သို့မဟုတ် စီမံခန့်ခွဲမှုသည် လူထုအား ပိုမိုကြီးမားသောအကြမ်းဖက်မှု၊ သွေးဆောင်ခိုးယူမှု သို့မဟုတ် အနိုင်ကျင့်မှုများ ဖြစ်လာနိုင်စေပါသည်။ အန္တရာယ်များသော အမူအကျင့်များနှင့် လုပ်ဆောင်ချက်များကို ရှာဖွေဖော်ထုတ်ရန် ပိုင်ဆိုင်မှုပုံစံများနှင့်ဆက်နွယ်နေမှု၊ လတ်တလော လုယက်မှု သို့မဟုတ် တိုက်ခိုက်မှု၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အလေ့အကျင့်များနှင့် အိမ်မွေးတိရစ္ဆာန်ဝန်ဆောင်မှုများ သို့မဟုတ် ဈေးကွက်များကို ရယူနိုင်ရန် လိုအပ်မှုတို့အပါအဝင် ဒေသခံလုံခြုံရေးပတ်ဝန်းကျင်ကို ဆန်းစစ်ရန် လိုအပ်ပါသည်။

- အကျိုးခံစားခွင့်ရှိသူများသည် ပစ္စည်း ဖြန့်ဝေသည့်နေရာများတွင် သူခိုး၊ ခြိမ်းခြောက်မှုနှင့် အတင်းအဓမ္မလုယူမှုပြဿနာများနှင့် တွေ့ကြုံရနိုင်ပါသည်။ အကူအညီဖြည့်ဆည်းပေးထားသော ပတ်ဝန်းကျင်သည် သက်ဆိုင်သူအားလုံးအတွက် လုံခြုံရမည်ဖြစ်ပါသည်။

- အကျိုးခံစားခွင့်ရှိသူများသည် ဖြန့်ဝေသည့်နေရာများသို့ သွားလာစဉ်တွင် တရားဝင် သို့မဟုတ် တရားမဝင် စစ်ဆေးသည့်နေရာများအပါအဝင် လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် ဓားပြတိုက်မှုကဲ့သို့သော ပြဿနာများကို ရင်ဆိုင်ရနိုင်ပါသည်။ အကျိုးခံစားခွင့်ရှိသူများ ဖြတ်သန်း သွားလာရမည့်ပတ်ဝန်းကျင်သည် သက်ဆိုင်သူအားလုံးအတွက် လုံခြုံရပါမည်။ ဘေးကင်းရေးသည် ပြဿနာတစ်ရပ်ဖြစ်နေပါက FSC အဖွဲ့ဝင်များသည် ပစ္စည်းပို့ဆောင်သည့်နေရာကို အကျိုးခံစားခွင့်ရှိသူ၏အိမ်အနီးသို့ ပြောင်းရွှေ့ခြင်း သို့မဟုတ် ဘေးကင်းကြောင်းသေချာစေသည့် သယ်ယူပို့ဆောင်မှုဖြည့်ဆည်းပေးခြင်းကဲ့သို့သော အထူးအားထုတ်မှုကို ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

- အစားအစာဖူလုံရေးနှင့် ဆက်စပ်နေသောတုန့်ပြန်မှုများသည် ထိခိုက်ခံစားရသောလူထုကိုခြိမ်းခြောက်ခြင်းအား လျှော့ချရန်ရည်ရွယ်သင့်ပါသည်။ တုန့်ပြန်ဆောင်ရွက်ချက်များသည် လက်နက်ကိုင်အဖွဲ့များ၏အနေအထား သို့မဟုတ် အခြားသော ဆုံးဖြတ်မရနိုင်သည့်ဆောင်ရွက်သူများ၏အနေအထားကို သတိမထားမိဘဲ အားပေးခြင်း သို့မဟုတ် ခိုင်မာစေခြင်းမျိုး မဖြစ်ရပါ။ အစားအစာ ရရှိရေး ဆောင်ရွက်နိုင်ခြင်းမရှိသည့်အကျိုးခံစားခွင့်ရှိသူများ၏အားနည်းချက်နှင့် ၎င်းတို့ရရှိနိုင်သော ကိုင်တွယ်ဖြေရှင်းခြင်းလုပ်ထုံးလုပ်နည်းနှင့် အခြားစွမ်းရည်အားလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

- လူမှုရေးအတွက်မဟုတ်သည့် အရာများအတွက် ငွေကြေး သို့မဟုတ် ဘောက်ချာများကဲ့သို့သောအရာများကို အသုံးပြုနိုင်ခြင်းရှိ မရှိ စဉ်းစားရမည်ဖြစ်ပါသည်၊ ဥပမာ ပြည်တွင်းအကြမ်းဖက်မှုကိုမြင့်တက်စေနိုင်သည့် လက်နက်အသေးစား သို့မုဟတ် အရက်၊ ဆေးရွက်ကြီး သို့မဟုတ် မူးယစ်ဆေးများဝယ်ယူမှု။ ငွေကြေးသည် အကျင့်ပျက်ခြစားမှုပြဿနာ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များမှ သိမ်းယူမှုပြဿနာကို မြင့်တက်စေပြီး အကျိုးခံစားခွင့်ရှိသူများအား လုံခြုံရေးပြဿနာများနှင့် ထိတွေ့နိုင်စေပါသည်။

- ထောက်ပံ့ပို့ဆောင်ရေးအတွက် ကန့်သတ်ချက်များ ရှိနေလင့်ကစား နေရာပြောင်းရွှေ့လာသည့် အကျိုးခံစားခွင့်ရှိသူများကို ဒေသခံမိသားစုများကြားတွင် နေထိုင်ရန် သို့မဟုတ် ပျံ့နှံ့စွာနေထိုင်နိုင်ရန် အဆင်ပြေစေသည့် အစားအစာအကူအညီစနစ်အား ဦးစားပေးသင့်ပါသည်။ အစားအစာကူညီရေးအစီအစဉ်ကို စခန်းချမှုအတွက် ဆွဲဆောင်သည့်အရာတစ်ခုအဖြစ် ပြောင်းလဲခြင်းကို ရှောင်ကြဉ်ပါ။

- အစားအစာဖူလုံရေးနှင့် ဂုဏ်သိက္ခာရှိရေးတို့အတွက် အကူအညီဖြစ်စေမည့် နည်းဗျူဟာများကို ပံ့ပိုးပေးသင့်ပြီးအချို့သည် ကုန်ကျစရိတ်များကုန်ကျနိုင်သော သို့မဟုတ် အားနည်းချက်ကိုမြင့်တက်စေသော ပြဿနာများဖြစ်ပွားနိုင်သည့်အတွက် ၎င်းတို့ကို ရှောင်ရှားသင့်ပါသည်။

## အရင်းမြစ် 9- ฐpc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - အစားအစာဖူလုံရေးနှင့် အသက်မွေးမှု အစီအစဉ်များ

- အစားအစာ၊ ငွေကြေး၊ ဘောက်ချာများ သို့မဟုတ် မွေးမြူရေးတိရစ္ဆာန်များအတွက် တုန့်ပြန်ဆောင်ရွက်ချက်များသည် ကိုယ့်ကိုယ်ကိုကာကွယ်ရန်အတွက် လူများ၏အားထုတ်မှုများကို လျော့ပါးစေနိုင်ပြီး ၎င်းတို့၏အားနည်းချက်များကို တိုးမြင့်လာစေသောကြောင့် ဂရုတစိုက်စဉ်စားရန် လိုအပ်ပါသည်။
- ကုန်ကျစရိတ် သက်သာမှု၊ အရန်စျေးကွက်၏ သက်ရောက်မှုများ၊ လွှဲပြောင်းပေးပို့ရာတွင် လိုက်လျောညီထွေရှိမှု၊ ယုံကြည်မှု မရှိခြင်းနှင့် အကျင့်ပျက်မှု အန္တရာယ်များအပါအဝင် အကြောင်းအရာအလိုက် ပြည့်စုံစွာ အကဲဖြတ်ဆန်းစစ်မှုများကို သက်ဆိုင်ရာ အစီအစဉ်အလိုက် ပြုလုပ်သင့်သည်။

**အမိပွါယ်ပြည့်ဝသော ရယူခွင့်**

- အသက်၊ လိင်နှင့် တည်နေရာ သို့မဟုတ် သီးခြား အသင်းအဖွဲ့တစ်ခု သို့မဟုတ် ယင်း၏ တည်နေရာအလိုက် ကွဲပြားနေသည့် ဒေတာများကို စုစည်းရယူခြင်းဖြင့် အစားအစာဖူလုံရေး အစီအစဉ်များအား ရယူအသုံးပြုခွင့်ကို အကဲဖြတ်၍ စောင့်ကြည့်ပါ။
- ဥပမာအားဖြင့် အသက်ကြီးသောသူများ သို့မဟုတ် မသန်စွမ်းသူများကဲ့သို့သော အချို့သောတစ်ဦးချင်းသူများသည် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်းမရှိပါက ၎င်းတို့အတွက် အစားအစာ သို့မဟုတ် ငွေကြေးကို ယူဆောင်ပေးရန် အထူးစီစဉ်မှုများပြုလုပ်ထားကြောင်း သေချာပါစေ။ သူငယ်ချင်းများနှင့် မိသားစုများက ၎င်းကိုလုပ်ဆောင်မည်ဟု ယူဆမထားသင့်ပါ။ ရွေ့လျားနိုင်စွမ်း မရှိသော ပုဂ္ဂိုလ်များကို ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့ကို ပရိုဂရမ်အကူအညီတွင် ထည့်သွင်းရန် ဥပမာအားဖြင့် Handicap International and HelpAge International ကဲ့သို့သော အထူးပြုထားသည့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါ။
- လှုပ်ရှားမှုများသည် မည်သည့်အဖွဲ့ကိုမှ ခွဲခြားဆက်ဆံခြင်းမရှိစေရဘဲ ၎င်းတို့ကို ထိုသို့ ခွဲခြားဆက်ဆံသည်ဟု မထင်မိစေမည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မေတ္တာလက်ဆောင် ပစ္စည်းများနှင့် နိုင်းယှဉ်ပါက ငွေကြေးရယူအသုံးပြုခွင့်အတွက် အမျိုးသမီးများနှင့် အမျိုးသားများတွင် မတူညီသည့် လုပ်နိုင်စွမ်းများ ရှိမရှိ ထည့်သွင်းစဉ်းစားပါ။
- သီးခြားလူမျိုးစုများ၊ လူမျိုးကြီးများ သို့မဟုတ် အချို့သောလူမှုဝန်းကျင်မှ အမျိုးသမီးများနှင့် မိန်းကလေးများကဲ့သို့သော အချိန်ကြာမြင့်စွာ အဆင့်အတန်းခွဲထားခံရသော သို့မဟုတ် ခွဲခြားဆက်ဆံခြင်းခံရသောလူများ၏ အခွင့်အရေးကိုကာကွယ်ရန် လှုပ်ရှားမှုများဖြင့် လှုံ့ဆော်ကာ ကူညီသင့်ပါသည်။
- နေရာပြောင်းရွှေ့လာသည့် အကျိုးခံစားခွင့်ရှိသူများအတွက် အကူအညီများဆောင်ရွက်ပေးခြင်းသည် ဒေသခံပြည်သူ၏ ကုန်ကျစရိတ်ဖြင့် မဖြစ်သင့်ပါ။ ဖြစ်နိုင်သည့်အခါတိုင်းတွင် အုပ်စုနှစ်ခုစလုံးထံ အကူအညီ ပေးအပ်ရမည်။

**တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှု**

- အကျိုးခံစားခွင့်ရှိသူများအနေဖြင့် သာတူညီမျှရှိပြီး လုံခြုံသောအကူအညီကို ရရှိပိုင်ခွင့်ရှိပြီး ၎င်းကို မည်သည့်နေရာတွင် မည်သို့ရယူရမည်ကို သိရှိကြောင်း သေချာအောင်လုပ်ပါ။
- အမျိုးသားများ၊အမျိုးသမီးများ၊ ယောက်ျားလေးများ၊ မိန်းကလေးငယ်လေးများ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၏ လိုအပ်ချက်၊ ၎င်းတို့နှစ်သက်သည့် တည်နေရာ၊ ပုံစံနှင့် အကူအညီပေးသည့်နည်းလမ်းများကို သဘောပေါက်နိုင်ရန် ၎င်းတို့နှင့်အတူ တိုင်ပင်ဆွေးနွေးသင့်သည်။ အားအနည်းဆုံးသူများအတွက်လိုအပ်သော အရာများကို ရှာဖွေဖော်ထုတ်ရန် တိုက်ရိုက်စူးစမ်းလေ့လာပြီး အသင်းအဖွဲ့၏ကိုယ်စားလှယ်များနှင့် အဖွဲ့လိုက်ဆွေးနွေးပါ။
- ဆုံးဖြတ်ချက်များကို သိနိုင်စေရန် လက်တွဲဖော်များ၊ အသင်းအဖွဲ့များနှင့် အကျိုးခံစားခွင့်ရှိသူများသည် ပရိုဂရမ်အား စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပါဝင်ရန်လိုအပ်ပါသည်။ FSC အဖွဲ့ဝင်များသည် အကျိုးခံစားခွင့်ရှိသူများနှင့် အကျိုးခံစားခွင့်ရှိသူမဟုတ်သည့် အသင်းအဖွဲ့များသာမက အစိုးရနှင့် NGO လုပ်ငန်းဖော်များနှင့်ပတ်သက်သော ၎င်းတို့၏ရည်ရွယ်ချက်များတွင် ပွင့်လင်းမြင်သာရန်လိုအပ်ပါသည်။
- အကျိုးခံစားခွင့်ရှိသူနှင့် အသင်းအဖွဲ့၏ ယူဆချက်များကို သဘောပေါက်နားလည်အောင် ပြုလုပ်ရာတွင် အစီအစဉ်ရေးဆွဲခြင်း၊ ကူညီပေးခြင်း၊ အကျိုးခံစားခွင့်ရှိသူ၏ လုပ်ပိုင်ခွင့်အာဏာကို မြှင့်တင်ပေးခြင်း၊ ပစ်မှတ်ထားခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှု၊ အစားအစာကွဲပြားမှုနှင့် လိမ်လည်မှုအပါအဝင် လွဲမှားစွာ ပြုမှုကဲ့သို့ ပြဿနာများကို အစောပိုင်း ရှာဖွေထောက်လှမ်းရာတွင် အကူအညီပေးခြင်းအတွက် ရှုထောင့်တစ်ခုဖြင့် တိုက်ကြားချက်ပြုလုပ်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ထားသင့်ပါသည်။
- အစားအစာ သို့မဟုတ် သက်မွေးဝမ်းကျောင်းမှု ကော်မတီများသည် အသင်းအဖွဲ့အတွင်းရှိအဖွဲ့အားလုံး၏ ကိုယ်စားလှယ်ဖြစ်ကြောင်း သေချာပါစေ (ဥပမာ - လိင်၊ အသက်၊ လူမျိုးစု၊ လူမှု-စီးပွားအဖွဲ့များ စသည်ဖြင့်)။ အသင်းအဖွဲ့ရှိ အဖွဲ့အားလုံး၏ကိုယ်စားလှယ်များ၏ ပါဝင်ခြင်းသည် ထိရောက်ကာ အဓိပ္ပါယ်ရှိကြောင်းသေချာစေရန် ရည်ရွယ်ထားသည့်စီမံချက်များကို ထည့်သွင်းပါ။
- ဆောင်ရွက်ချက်များသည် အသင်းအဖွဲ့များအတွင်းနှင့် ၎င်းတို့ကြားရှိ အဖွဲ့များကြားတွင် တင်းမာမှုကိုပိုမိုဆိုးရွားစေနိုင်ပါသည့်အတွက် သို့မဟုတ် ပေါင်းစည်းမှုကို တည်ဆောက်နိုင်သည့်အတွက် အဆင့်အတန်းခွဲခြားခံထားရသည့် အဖွဲ့များ၏ အစားအစာဖူလုံမှုကို ကာကွယ်မြှင့်တင်ပေးခြင်းအပြင် အသင်းအဖွဲ့များအတွင်းနှင့် ပြင်ပတွင် ဆက်သွယ်ဆက်ဆံရေးများအပေါ် သက်ရောက်မှုများကို သဘောပေါက်နားလည်ရန် လိုအပ်ပါသည်။ အစားအစာအကူအညီ သို့မဟုတ် အခြား ကူညီရေးအစီအစဉ်များသည် ဒေသခံအလုပ်သမားစျေးကွက်၌ ဆိုးကျိုးသက်ရောက်မှုမျိုး ရှိမနေသင့်ပါ။
- မိုဘိုင်းဘဏ်စနစ်နှင့် မိုဘိုင်းဖုန်းများကဲ့သို့သော အချို့သော ပို့ဆောင်ရေးလုပ်ထုံးလုပ်နည်းများကို အားနည်းချက်ရှိသူများက အသုံးပြုနိုင်ခြေနည်းပါးနိုင်ပါသည်။ အခြားနည်းလမ်းများကို အကဲဖြတ်ပြီး အကျိုးခံစားခွင့်ရှိသူများနှင့် တိုင်ပင်ပြီးမှသာ ပို့ဆောင်ရေးလုပ်ထုံးလုပ်နည်းကို ရွေးချယ်သင့်ပါသည်။

## အရင်းမြစ် ၉- ၅pc ၏ ကဏ္ဍအလိုက် ဆောင်ရွက်ရန်စာရင်းများ - အစားအစာဖူလုံရေးနှင့် အသက်မွေးမှု အစီအစဉ်များ

- အသက်၊ လိင်နှင့် တည်နေရာ သို့မဟုတ် သီးခြား အသင်းအဖွဲ့တစ်ခု သို့မဟုတ် ယင်း၏ တည်နေရာအလိုက် ကွဲပြားနေသည့် ဒေတာများကို စုစည်းရယူခြင်းဖြင့် အစားအစာဖူလုံရေး အစီအစဉ်များအား ရယူအသုံးပြုခွင့်ကို အကဲဖြတ်၍ စောင့်ကြည့်ပါ။ ဤအချက်အလက်သည် ခွဲခြားဆက်ဆံခြင်း ရှိ မရှိ သို့မဟုတ် အစားအစာတစ်စုံတစ်ရာသည် ကွဲပြားနေခြင်းရှိ မရှိ ခွဲခြားသတ်မှတ်ရာတွင် ကူညီနိုင်ပါသည်။ စောင့်ကြည့်သူများအနေဖြင့် ထိုအကူအညီများက အားနည်းချက်အရှိဆုံး ပုဂ္ဂိုလ်များထံ ရောက်ရှိခြင်းရှိမရှိ စစ်ဆေးပြီး လိုအပ်သည်ကို ဆက်လက်ဆောင်ရွက်ရမည်။
- အစားအစာဖူလုံရေးအခန်းကဏ္ဍတွင် တာဝန်ရှိသော ဒေသခံအာဏာပိုင်များနှင့် လူမှုအသိုက်အဝန်း၏စွမ်းဆောင်ရည်ကို ခွဲခြားသတ်မှတ်ကာ ၎င်းတို့၏ အခန်းကဏ္ဍကို ပံ့ပိုးပေးပြီး ခိုင်မာအောင်ဆောင်ရွက်ပေးပါ။ ဖြစ်နိုင်လျှင် ၎င်းတို့အတွက် ပြဿနာများကို ရှာဖွေဖော်ထုတ်ရန် အကျိုးခံစားခွင့်ရှိသူများပါဝင်သည့် အစားအစာလုံခြုံရေးကော်မတီများကို လေ့ကျင့်ပေးပါ။ ရပိုင်ခွင့်ချိုးဖောက်မှုဖြစ်စဉ်များအား မည်သည့်နေရာသို့ ရည်ညွှန်းရမည် သို့မဟုတ် အစီရင်ခံရမည်ဆိုသည်အား အကျိုးခံစားခွင့်ရှိသူများနှင့် ဝန်ထမ်းများ သိရှိကြောင်း သေချာအောင်လုပ်ပါ။
- ကောင်းမွန်စွာနားလည်နိုင်သည့် အလွယ်တကူ အသုံးပြုနိုင်ပြီး ထိရောက်သော လျှို့ဝှက်တိုင်ကြားမှုလုပ်ထုံးလုပ်နည်းများကို အသင်းအဖွဲ့များထံ ပံ့ပိုးပေးထားပါ။ မှန်ကန်သော လုပ်ဆောင်ချက်များကို နေရာတကျ ဆောင်ရွက်နိုင်လင့်ကစား တိုင်ကြားချက်များကို တုံ့ပြန်ပေးပါ။ လုပ်ထုံးလုပ်နည်းအတွက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးကို ခန့်အပ်ထားပြီး ယင်းကို ကလေးသူငယ်များလည်း အသုံးပြုခွင့်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ဘေးအန္တရာယ်ထိခိုက်ခံစားရသည့်လူထုနှင့် ဒေသခံလူထု၏ ထုတ်လုပ်မှုနှင့် အသက်မွေးဝမ်းကျောင်း အလုပ်များအတွက် သဘာဝအရင်းအမြစ်များရှိရာ နေရာများကို ထိန်းသိမ်းထားသင့်ပါသည်။

# အရင်းအမြစ် 10- ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဘေးကင်းစွာတုံ့ပြန်ရန်အတွက် ကတ်များ

| | |
|---|---|
| အမျိုးသမီးအား နာကျင်နေပါသလားဟု မေးမြန်းပါ | ဖြစ်ပျက်ခဲ့သည့် အသေးစိတ်ကို မေးမြန်းပါ |
| မည်သည့်အချိန် မည်သည့်နေရာတွင် ဖြစ်ပျက်ခဲ့သည်ကို လွတ်မြောက်လာသူအား အသေးစိတ် မေးမြန်းပါ။ | ကျန်းမာရေး၊ တိုင်ပင်ဆွေးနွေးမှု သို့မဟုတ် အခြားသက်ဆိုင်သည့် ဝန်ဆောင်မှုများအတွက် ဆက်သွယ်ရန် အချက်အလက်များကို ထိုပုဂ္ဂိုလ်ထံ ပေးပါ။ |
| သူမကို တိုက်ခိုက်ခြင်းအတွက် မည်သူ့တွင် တာဝန်ရှိကြောင်း မေးမြန်းပါ။ | ယင်းအချိန်တွင် မည်သည့်စကားမျှမပြောပါနှင့်၊ နောက်မှ လုံခြုံမှုရှိမည့် တစ်နေရာရာမှ ရဲထံသို့ဆက်သွယ်ပါ |
| မည်သည့် တိကျသော အကူအညီကိုသူမ လိုအပ်ပါသလဲ မေးမြန်းပါ။ ပံ့ပိုးမှု သို့မဟုတ် အကူအညီရရန်အတွက် တစ်စုံတစ်ယောက်အား သင့်အနေဖြင့် ဆက်သွယ်ပေးခြင်းသည် သူမအတွက် အဆင်ပြေ၊ မပြေ မေးမြန်းပါ။ | ယင်းက အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် မိသားစု/အသင်းအဖွဲ့ကိစ္စ ဖြစ်နေပါက မည်သည်မျှ မလုပ်ဆောင်ပါနှင့်။ |
| အဖြစ်အပျက်အား သင့်မန်နေဂျာ / ကာကွယ်စောင့်ရှောက်ရေးဝန်ထမ်းအဖွဲ့ဝင်ထံသို့ အစီရင်ခံပြီး အကြံပြုချက်တောင်းဆိုပါ။ | ဘေးကင်းလုံခြုံရေးကို စစ်ဆေးပါ - သင်၏ဘေးကင်းရေး၊ အခြားအဖွဲ့ဝင်များ၏ ဘေးကင်းရေးနှင့် ထိခိုက်ခံရသည့်သူနှင့် အသင်းအဖွဲ့၏ ဘေးကင်းရေး။ |

# အရင်းအမြစ် 11- PFA လက်ကမ်းစာစောင်

## *စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှု-* အိတ်ဆောင်လမ်းညွှန်

### PFA ဆိုတာ ဘာလဲ။



စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုစုနည်း (PFA) ဆိုသည်မှာ ဆင်းရဲဒုက္ခခံစားနေရသော လူသားများနှင့် အကူအညီလိုအပ်သော လူသားများအတွက် လူသားဆန်၍ ဖေးမကူညီသော အကူအညီတစ်ခုဟု ဆိုလိုပါသည်။

PFA ကို တာဝန်သိစွာ ပံ့ပိုးပေးခြင်းသည်-

1. ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို လေးစားခြင်း။
2. လူတစ်ဦး၏ ယဉ်ကျေးမှုကို ထည့်သွင်းစဉ်းစား၍ သင့် သင်လုပ်ဆောင်သည့်အရာကို လိုက်လျောညီထွေလုပ်ဆောင်ခြင်း။
3. အခြားအရေးပေါ် တုံ့ပြန်ရေး စီမံချက်များကို သိရှိခြင်း။
4. သင့်ကိုယ်သင် ကာကွယ်စောင့်ရှောက်ခြင်း။

**ကြိုတင်ပြင်ဆင်ပါ**

- » အရေးအခင်းကာလ ဖြစ်ရပ်များကို လေ့လာပါ။
- » ရနိုင်သည့် ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများ အကြောင်း လေ့လာပါ။
- »ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအကြောင်း လေ့လာပါ။

### PFA လုပ်ရှားဆောင်ရွက်မှု စည်းမျဉ်းများ-


**ကြည့်ပါ**

- » ဘေးကင်းရေးအတွက် စစ်ဆေးပါ
- »သိသာသော အရေးတကြီး အခြေခံ အကူအညီ လိုအပ်သူများ ရှိမရှိ စစ်ဆေးပါ။
- »ပြင်းထန်သည့် ထိခိုက်နာကျင်မှုခံစားနေရသူများ ရှိမရှိ စစ်ဆေးပါ။




**နားထောင်ပါ**

- » အကူအညီလိုအပ်မည့်လူများထံ သွားရောက်ပါ။
- » လူအများ၏ လိုအပ်ချက်များနှင့် စိုးရိမ်မှုများကို မေးမြန်းပါ။
- » လူအများပြောပြသည်များကို နားထောင်ပြီး စိတ်ငြိမ်စေရန် ကူညီပေးပါ။



**ချိတ်ဆက်ပါ**

- » လူအများက ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ထုတ်ဖော်ပြောပြနိုင်ရန်နှင့် ဝန်ဆောင်မှုများကို ၎င်းတို့ ရယူနိုင်ရန် ကူညီပေးပါ။
- » လူအများအား ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကူညီပေးပါ။
- » သတင်းအချက်အလက်ပေးပါ။
- » လူအများအား ၎င်းတို့၏ ချစ်ခင်ရသူများနှင့် လူမှုရေး ပံ့ပိုးကူညီမှုများနှင့် ချိတ်ဆက်ပေးပါ။



## လူ့ကျင့်ဝတ်များ -

လူများအတွက် နောက်ထပ်အန္တရာယ် မဖြစ်ပွားစေရန်၊ တတ်နိုင်သမျှ အကောင်းဆုံး စောင့်ရှောက်မှု ပေးရန်နှင့် ၎င်းတို့အတွက် အကောင်းဆုံးအကျိုးရှိမည့် အရာကိုသာ လုပ်ဆောင်ရန်အတွက် လူ့ကျင့်ဝတ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို လမ်းညွှန်ချက်အဖြစ် ပံ့ပိုးထားပါသည်။ သင်ပံ့ပိုးကူညီပေးနေသည့် လူများအတွက် အသင့်တော်ဆုံးနှင့် သက်တောင့်သက်သာအရှိဆုံးဖြစ်မည့် နည်းလမ်းဖြင့်သာ အကူအညီများကို ပံ့ပိုးပေးပါ။ သင်၏ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေရှုထောင့်အရ ဤကျင့်ဝတ်လမ်းညွှန်ချက်သည် မည်သည့်အဓိပ္ပာယ်ရှိသည်ကို ထည့်သွင်းစဉ်းစားပါ။

### ဆောင်ရန် ✓

- ရိုးသားပြီး ယုံကြည်စိတ်ချရပါစေ။
- လူအများအား ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချခွင့် ပေးခြင်းဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို လေးစားပါ။
- သင်၏ ကိုယ်ပိုင်ဘက်လိုက်မှုနှင့် အမှန်ကို မစူးစမ်းဘဲ မျက်စိမှိတ်ဆုံးဖြတ်ခြင်းတို့ကို သတိပြု၍ ဘေးဖယ်ထားပါ။
- အကူအညီများကို ယခုအချိန်တွင် ငြင်းပယ်လိုက်စေကာမူ ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် အကူအညီရယူနိုင်ဆဲဖြစ်သည်ကို ရှင်းလင်းပြောပြပါ။
- ပုဂ္ဂိုလ်ရေးလုံခြုံမှုကို အလေးပေးပြီး သင့်လျော်ပါက လူတစ်ဦး၏ အကြောင်းအရာကို လျှို့ဝှက်ပေးထားပါ။
- လူတစ်ဦး၏ ယဉ်ကျေးမှုဓလေ့၊ အသက်နှင့် လိင်အမျိုးအစားတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်တင့်လျောက်ပတ်စွာ ပြုမူပါ။

### ရှောင်ရန် ✗

- အကူအညီတစ်ခုအဖြစ် သင်၏ပတ်သက်မှုကို အမြတ်မထုတ်ပါနှင့်။
- ၎င်းတို့ကိုကူညီခြင်းအတွက် လူတစ်ဦးအား မျက်နှာသာပေးစေလိုခြင်း ပိုက်ဆံတောင်းခြင်း မလုပ်ပါနှင့်။
- မှားယွင်းသည့် ကတိများ သို့မဟုတ် မှားယွင်းသည့် သတင်းအချက်အလက်များ မပေးပါနှင့်။
- သင့်ကျွမ်းကျင်မှုများကို ချဲ့ကားမပြောပါနှင့်။
- လူအများကို အတင်း အကူအညီ မပေးပါနှင့်၊ ဝင်ရောက်မစွက်ဖက်ပါနှင့် သို့မဟုတ် လူပေါ်လူဇော် မလုပ်ပါနှင့်။
- လူအများအား ၎င်းတို့အကြောင်း ပြောပြပေးရန် ဖိအားမပေးပါနှင့်။
- လူတစ်ဦး၏ အကြောင်းကို အခြားလူတစ်ဦးအား ပြောမပြပါနှင့်။
- လူတစ်ဦးအား ၎င်း၏ လုပ်ဆောင်ချက်များ သို့မဟုတ် ခံစားချက်များအပေါ် အခြေခံပြီး မဝေဖန်ပါနှင့်။

## PFA တစ်ခုထက် ပို၍ လိုအပ်ချက်ရှိသည့်လူပုဂ္ဂိုလ်များ

လူအချို့သည့် PFA တစ်ခုထက် လိုအပ်ချက်ပိုရှိနိုင်သည်။ သင့်လုပ်နိုင်စွမ်းကိုသိနားလည်ပြီး အသက်ကယ်ဆယ်ရန် ဆေးပညာဆိုင်ရာ သို့မဟုတ် အခြားအကူအညီပေးနိုင်သည့် အခြားလူများထံမှ အကူအညီတောင်းဆိုပါ။

### နောက်ထပ် အဆင့်မြင့်ပံ့ပိုးပေးမှုကို လက်ငင်း လိုအပ်သည့်လူများ -

- အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလိုအပ်သည့် ပြင်းထန်သော၊ အသက်အန္တရာယ်ရှိသော ထိခိုက်ဒဏ်ရာရထားသူများ။
- မိမိကိုယ်ကိုယ် သို့မဟုတ် မိမိ၏ကလေးများကို မစောင့်ရှောက်နိုင်သောကြောင့် စိတ်ပျက်အားငယ်နေသူများ။
- ၎င်းတို့ကိုယ်ကိုယ် နာကျင်မှုတစ်ခုခု ပြုနိုင်သည့်သူများ။
- အခြားလူများကို နာကျင်ဒုက္ခဖြစ်စေနိုင်သူများ။

# အရင်းအမြစ် 12- နမူနာ SOP

## နောက်ဆက်တွဲ 2 - လူ့အခွင့်အရေး အလွဲသုံးစားပြုမှု၏ ဖြစ်ရပ်များ သို့မဟုတ် စွပ်စွဲချက်များကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် နမူနာ SOP

ရပ်ရွာလူထု အကြံပြုချက် လုပ်ထုံးလုပ်နည်းများ (သို့) ပါဝင်ဆောင်ရွက်မှုများမှတစ်ဆင့် လက်ခံရရှိထားသော ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းမဟုတ်သူက တွေ့ကြုံရသော/ကြားသိထားသော**စွပ်စွဲချက် သို့မဟုတ် ဖြစ်ရပ်** လုပ်ငန်းစဉ်များ (ချင့်ချိန်ဆုံးဖြတ်ခြင်း/စောင့်ကြည့်ခြင်း/အကဲဖြတ်ခြင်း)

↓

**မေးခွန်း 1** - စွပ်စွဲချက်တွင် ဝန်ထမ်းအဖွဲ့ဝင်၊ လုပ်ဖော်ကိုင်ဖက်၊ အတိုင်ပင်ခံ၊ စေတနာ့ဝန်ထမ်း၊ ဧည့်သည် သို့မဟုတ် အခြားအေဂျင်စီအဖွဲ့ဝင်တစ်ဦးဦး ပါဝင်ပါသလား။

**မပါဝင်ပါ** – အဆင့် 1 စွပ်စွဲချက်/ဖြစ်ရပ်

**A. ဘေးကင်းရေး**

1. သင်၏ဘေးကင်းရေး၊ အခြားဝန်ထမ်းများ၏ဘေးကင်းရေးကို သေချာစွာ ကာကွယ်စောင့်ရှောက်ပြီး လုံခြုံရေးကျင့်ဝတ်များကို လိုက်နာပါ။
2. ထိခိုက်သူများ ဘေးကင်းလုံခြုံမှုရှိမရှိ မေးမြန်းပြီးက လက်ငင်းအကူအညီလိုအပ်ပါက ဆေးပညာဆိုင်ရာ သို့မဟုတ် အရေးပေါ်ဆိုင်ရာ ဝန်ဆောင်မှုများကို သတိပေးပါ။ ဖြစ်နိုင်ပါက အကြောင်းကြားထားသော သဘောတူညီချက်ကို ရယူပါ။
3. ထိုသို့လုပ်ဆောင်ရန် ဘေးကင်းပြီး သင်သည်လည်း လေ့ကျင့်မှုရထားသူဖြစ်ပါက အရေးပေါ် ရှေးဦးသူနာပြုစုနည်း အကူအညီ ပံ့ပိုးပေးပါ။ကမ်းလှမ်းပါ။
4. လူသားဆန်သော၊ အကူအညီဖြစ်သော တုံ့ပြန်ကူညီမှု (စိတ်ပညာဆိုင်ရာ ရှေးဦးသူနာပြုမှု လမ်းညွှန်၊ 2011 တွင် ဖော်ပြထားသည့် ကျွမ်းကျင်မှုများကို အသုံးပြု၍) ပံ့ပိုးပေးပါ။
5. ကာကွယ်စောင့်ရှောက်ရေးအရာရှိနှင့် သို့မဟုတ် မန်နေဂျာအား ဖုန်းဖြင့် အမြန်ဆုံး အကြောင်းကြားပါ။

**B. သတင်းအချက်အလက်ပေးပြီး ရည်ညွှန်းပါ**

6. လိပ်စာများနှင့် ဖုန်းနံပါတ်များအပါအဝင် ဆေးပညာဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် လူမှုစိတ်ပညာဆိုင်ရာ ဝန်ဆောင်မှုများကို မည်သည့်နေရာမှ မည်ကဲ့သို့ ရယူရန်နှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက် ပံ့ပိုးပေးပါ။
7. ထိခိုက်သည့်ပုဂ္ဂိုလ်များ သွားလာရေးအဆင်ပြေစေရန် သို့မဟုတ် ဖုန်းခေါ်ဆိုမှုပြုနိုင်ရန်ကဲ့သို့သော သင့်လျော်သည့် ဝန်ဆောင်မှုများရယူနိုင်အောင် ကူညီပေးပါ။ မသေချာပါက မန်နေဂျာနှင့် တိုင်ပင်ပါ

**C. အစီရင်ခံခြင်းနှင့် နောက်ဆက်တွဲလုပ်ဆောင်ချက်**

7. ကာကွယ်စောင့်ရှောက်ရေးအရာရှိ၊ မန်နေဂျာကို အကြောင်းကြားပြီး ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ညှိနှိုင်းဆောင်ရွက်သူ သို့မဟုတ် ကျွမ်းကျင်ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီသို့ အစီရင်ခံရန်စဉ်းစားပါ။ အစီရင်မခံမီ ကြိုတင်အသိပေး ခွင့်ပြုချက် ရယူပါ (သို့) စုပေါင်းထားသော ဒေတာများကိုသာ ပံ့ပိုးပါ။
8. ဘေးကင်းလုံခြုံမှုမြင့်မားလာရန်နှင့် အန္တရာယ်နှင့်ထိတွေ့မှုကိုလျှော့ချရန်အတွက် တစ်စုံတစ်ရာကို ပြောင်းလဲရန်လိုအပ်ခြင်းရှိ၊ မရှိကိုကြည့်ရန် ပရိုဂရမ်ဒီဇိုင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထောက်ခံအားပေးမှုဗျူဟာတို့ကို ပြန်လည်သုံးသပ်ပါ။

မလုပ်ပါနှင့် -
- တစ်ကိုယ်တော် ဆောင်ရွက်ခြင်း
- ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးခြင်း
- သက်ရောက်သည့်လူများကို အင်တာဗျူးခြင်း
- သက်သေခံများကို အင်တာဗျူးခြင်း
- စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်သူကို အင်တာဗျူးပါ။ အမှန်တကယ် လွဲမှားစွာပြုမှု ရှိမရှိ အတည်ပြုနိုင်ရန် ကြိုးစားပါ။
- ဖြစ်ရပ်/လွဲမှားစွာပြုမှု၏ အသေးစိတ်များကို မှတ်တမ်းတင်၊ စောင့်ကြည့် သို့မဟုတ် ချရေးထားပါ။
- ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူတစ်ဦး၏ အကူအညီနှင့် အလားလာရှိသည့် အန္တရာယ်များနှင့် နောက်ဆက်တွဲများကို အပြည့်အဝ အကဲဖြတ်ထားခြင်း မရှိပါက ထိခိုက်နစ်နာသူများကို လွဲမှားစွာပြုမှုအား တိုင်ကြားရန် တိုက်တွန်းအားပေးပါ။

**ဟုတ်ကဲ့** – အဆင့် 2 စွပ်စွဲချက်/ဖြစ်ပျက်ပုံ

အမျိုးအစား

စွပ်စွဲချက်/ဖြစ်ရပ်နှင့် မည်သူ့ထံ အကြောင်းကြားရန် -

လုံခြုံရေး - လုံခြုံရေး

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လွဲမှားစွာပြုမှု - လူသားအရင်းအမြစ်

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ထမ်းနှင့် လူသားအရင်းအမြစ်များ

လိမ်လည်မှု/အကျင့်ပျက်မှု - လူသားအရင်းအမြစ်များ

# အရင်းအမြစ် 13- သိက္ခာဖြင့် ထမ်းဆောင်ရန် DVD

http://www.un.org/en/pseataskforce/video_english.shtml

# အရင်းအမြစ် 14- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမှုမှ ကာကွယ်စောင့်ရှောက်ရေး အထူးစီမံချက်များအပေါ် အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက်

**United Nations** **ST/SGB/2003/13**

**Secretariat**

**9 October 2003**

## အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက်

### လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုမှ ကာကွယ်ခြင်းအတွက် အထူးဆောင်ရွက်ချက်များ

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုဖြစ်ရပ်များကို ကာကွယ်တားဆီးရန်နှင့် ဖော်ထုတ်ဖြေရှင်းရန်၊ အထွေထွေညီလာခံသုံးသပ်ချက် 2003 ခုနှစ် ဧပြီ 15 ရက်တွင် ပြုလုပ်သော 57/306၊ သင်းလုံးကျွတ်အစည်းအဝေး ဆုံးဖြတ်ချက်တစ်ခုဖြစ်သည့် "အနောက်အာဖရိကတွင် အကူအညီပေးရေး ဝန်ထမ်းများက ဒုက္ခသည်များအပေါ် လိင်ပိုင်ဆိုင်းရာ အမြတ်ထုတ်ခြင်းကို စုံစမ်းစစ်ဆေးခြင်း" ကို ထည့်သွင်းစဉ်းစားရန်ရည်ရွယ်ချက်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ သီးခြားစီမံခန့်ခွဲသောအဖွဲ့အစည်းများနှင့် အစီအစဉ်များ၏ အမှုဆောင်ချုပ်များနှင့်အတူ တိုင်ပင်ဆွေးနွေး၍ အောက်ပါတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်-

**အပိုင်း 1**
**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

လက်ရှိထုတ်ပြန်ကြေညာချက်၏ ၏ရည်ရွယ်ချက်များအတွက် "လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု" ဆိုသည်မှာ တခြားသူအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုမှ ငွေကြေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ (သို့) နိုင်ငံရေးဆိုင်ရာ အကျိုးအမြတ်ရယူခြင်းနှင့် ကန့်သတ်မထားသည်များ အပါအဝင် လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် အားနည်းမှု၊ လုပ်ပိုင်ခွင့် ခြားနားမှု (သို့) ယုံကြည်မှုတို့ကို အခြေခံကာ အမှန်တကယ် သို့မဟုတ် ကြံစည်အားထုတ်သော အလွဲသုံးစားပြုမှုကို ဆိုလိုပါသည်။ အလားတူပင် "လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု" ဆိုသည်မှာ အတင်းအကျပ်ဖြစ်စေ မမျှတသော (သို့) နိုင်ထက်စီးနင်းပြုသော အခြေအနေများတွင်ဖြစ်စေ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝအရ အမှန်တကယ် သို့မဟုတ် ခြိမ်းခြောက်သော ရုပ်ပိုင်းဆိုင်ရာ ထိပါးစော်ကားခြင်း ဆိုလိုပါသည်။

**အပိုင်း 2**
**ကျင့်သုံးမှုအတိုင်းအတာ**

2.1 လက်ရှိထုတ်ပြန်ကြေညာချက်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ သီးခြားစီမံခန့်ခွဲသော အဖွဲ့အစည်းများနှင့် အစီအစဉ်များ၏ ဝန်ထမ်းများ အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ၏ ဝန်ထမ်းအားလုံးအပေါ် သက်ရောက်မှုရှိပါသည်။

2.2 ကမ္ဘာ့ကုလသမဂ္ဂ ညွှန်ကြားမှုနှင့် ထိန်းချုပ်မှုအောက်တွင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ များကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းပြုခြင်းတို့ ကျူးလွန်ခြင်းမှ တားမြစ်ထားပြီး ၎င်းတို့တွင် "ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ များက နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို လေးစားလိုက်နာခြင်း" ဟု ခေါင်းစဉ်တပ်ထားသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တရားဝင် ထုတ်ပြန်ကြေညာချက် ST/SGB/1999/13 ပုဒ်မ 7 နှင့်အညီ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် စောင့်ရှောက်ရန် သီးသန့်တာဝန်တစ်ရပ် ရှိပါသည်။

2.3 "အတွင်းရေးမှူးရုံးတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှစွာ ဆက်ဆံရေးကို မြှင့်တင်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခြင်းကို ကာကွယ်တားဆီးခြင်း " ဟု အမည်ပေးထားသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ တရားဝင် ထုတ်ပြန်ကြေညာချက် ST/SGB/253 နှင့် ဆက်စပ်နေသော စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက် 1 အရ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးရုံးတွင် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှု အမှုကိစ္စများကို ကိုင်တွယ်ဖြေရှင်းခြင်းအတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်။ ကုလသမဂ္ဂ၏ သီးခြားစီမံခန့်ခွဲသော အဖွဲ့ အစည်းများနှင့် အစီအစဉ်များသည်လည်း များအား အလားတူ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ထုတ်ပြန်ကြေညာထားပါသည်။

1 လက်ရှိတွင် ST/AI/379၊ "လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်" ဟု အမည်ပေးထားသည်။

**အပိုင်း 3**

**လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုကို တားမြစ်ခြင်း**

3.1 လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်အကြမ်းဖက်မှုတို့သည် တစ်ကမ္ဘာလုံးမှ လက်ခံထားသော နိုင်ငံတကာ တရားဥပဒေစံနှုန်းများနှင့် သတ်မှတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများအတွက် လက်ခံနိုင်စရာမရှိသော တားမြစ်ထားသည့်လုပ်ဆောင်ချက်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်း စည်းမျဉ်းစည်းကမ်းများအရ ထိုသို့သောလုပ်ဆောင်မှုကို တားမြစ်ပါသည်။

3.2 အားအနည်းဆုံးလူအုပ်စု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို ထပ်မံ၍ ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်း စည်းမျဉ်းစည်းကမ်းများအောက်တွင် ရှိနေပြီးသည့်အထွေထွေတာဝန်များကို ထပ်လောင်းဖော်ပြသော အောက်ပါသီးခြား စံသတ်မှတ်ချက်များအား ထုတ်ပြန်ကြေညာထားပါသည်-

(a) လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုသည် ပြင်းထန်သည့်လွဲမှားဆောင်ရွက်မှုကိုဖြစ်စေပြီး သို့ဖြစ်၍ ကြိုတင်အသိပေးခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခြင်း အပါအဝင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ခံယူရပါမည်၊

(b) လူအများစုမှ သတ်မှတ်ထားသော အသက် သို့မဟုတ် ဒေသတွင်းလက်ခံထားသည့်အသက်အရွယ်တို့အား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကလေးသူငယ်နှင့် လိင်ဆက်ဆံခြင်း (အသက် 18 နှစ်အောက် ကလေးများ) အား တားမြစ်ထားသည်။ ကလေးတစ်ဦး၏ အသက်နှင့်ပတ်သက်ပြီး လွဲမှားသော ယုံကြည်ချက်က ချေပချက်တစ်ခု မဟုတ်ပါ။

(c) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် ငွေပေးခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပေးခြင်း သို့မဟုတ် အခြားအရှက်ရစေသည့် နည်းလမ်းများ၊ နိမ့်ချသော သို့မဟုတ် အမြတ်ထုတ်သည့်အပြုအမူများကို တားမြစ်ထားသည်။ ၎င်းတွင် အကူအညီရယူ ခံစားနိုင်ရန်အတွက် အကျိုးခံစားခွင့်ရှိသူများက အကူအညီကိုလဲလှယ်မှု မှန်သမျှ ပါဝင်ပါသည်၊

(d) ပင်ကိုအားဖြင့် လုပ်ပိုင်ခွင့်အင်အား မညီမျှမှုကို အခြေခံထားသောကြောင့် ကုလသမဂ္ဂဝန်ထမ်းအဖွဲ့ဝင်နှင့် အကူအညီရယူနေသည့် အကျိုးခံစားခွင့်ရှိသူကြားတွင် လိင်ပိုင်းဆိုင်ရာဆက်ဆံရေးမျိုးမှာ ကုလသမဂ္ဂ၏ ယုံကြည်လက်ခံနိုင်စွမ်းနှင့် အလုပ်အပေါ် ရိုးသားဖြောင့်မတ်မှုကို လျော့ပါးစေပြီး ပြင်းထန်စွာ တားမြစ်ထားပါသည်၊

(e) ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းအဖွဲ့ဝင်သည် အေဂျင်စီတစ်ခုတည်းမှ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကုလသမဂ္ဂစနစ်အတွင်းမှ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လုပ်ဖော်ကိုင်ဖက်တစ်ဦးက လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု နှင့်စပ်လျဉ်း၍ စိတ်ပူပန်ဖွယ်ကိစ္စရပ်ရှိပါက သို့မဟုတ် သံသယရှိလာပါက သူ သို့မဟုတ် သူမသည် ထိုသို့သော စိုးရိမ်ပူပန်မှုကို သတ်မှတ်ထားသည့် သတင်းပို့ခြင်းလုပ်ထုံးလုပ်နည်းမှတဆင့် အစီရင်ခံရမည်ဖြစ်ပါသည်။

(f) ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းအဖွဲ့ဝင်သည် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုကို တားဆီးသော ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ အဆင့်အားလုံးရှိမန်နေဂျာများသည် ၎င်းတို့၏ပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးသည့် စနစ်များကို ပံ့ပိုးဖော်ဆောင်ရန် သီးခြားတာဝန်ရှိပါသည်။

3.3 အထက်တွင်သတ်မှတ်ထားသည့်စံနှုန်းများမှာ ပြည့်စုံစေ့စပ်သောစာရင်းဖြစ်ရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။ အခြားသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (သို့) လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု အပြုအမူပုံစံများသည် ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြိုတင်သတိပေးခြင်း မရှိဘဲ အလုပ်မှထုတ်ပယ်ခြင်း အပါအဝင် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှု (သို့) စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုတို့ကို ခံယူရနိုင်ပါသည်။

**အပိုင်း 4**

**ဌာနများ၊ ရုံးများနှင့် အထူးတာဝန်ထမ်းဆောင်ရသည့်အဖွဲ့ ခေါင်းဆောင်များ၏ တာဝန်များ**

4.1 ဌာန၊ ရုံး (သို့) အထူးတာဝန်ထမ်းဆောင်ရသည့်အဖွဲ့၏ခေါင်းဆောင်သည် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု ကိုတားဆီးသော ပတ်ဝန်းကျင်ကို ဖန်တီးခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် သင့်လျော်သလိုတာဝန်ရှိမည်ဖြစ်ပြီး ဤရည်ရွယ်ချက်အတွက် သင့်လျော် သည့်ဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့၏ခေါင်းဆောင်သည် လက်ရှိ ထုတ်ပြန်ကြေညာချက်၏အကြောင်းအရာများကို သူ သို့မဟုတ် သူမ၏ဝန်ထမ်းများအား အသိပေးရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးစီတိုင်းသည် မိတ္တူကိုရရှိကြောင်းသေချာစေရမည်ဖြစ်ပါသည်။

4.2 အထက်ပါ အပိုဒ် 3.2 တွင် ဖော်ပြခဲ့ပြီးသော အခြေခံစံနှုန်းများကို ချိုးဖောက်သည် သို့မဟုတ် ကဏ္ဍအသီးသီးတွင် ရည်ညွှန်းထားသော အပြုအမူကို ချိုးဖောက်သည်ဟု ယုံကြည်နိုင်လောက်သည့် အကြောင်းရင်းရှိသည့် ကိစ္စရပ်များတွင် သင့်လျော်သော အရေးယူဆောင်ရွက်မှုကို ပြုလုပ်ရန် ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့၏ခေါင်းဆောင်တွင် တာဝန်ရှိသည်။

3.3 အထက် ဖြစ်ပေါ်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်ကို ဝန်ထမ်း၏လွဲမှားဆောင်ရွက်မှုဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းချက်အတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရပါမည်။

4.3 ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့ခေါင်းဆောင်သည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု ကိစ္စရပ်များနှင့် ပတ်သက်သော အစီရင်ခံစာများကို လက်ခံခြင်းအတွက် အရေးကြီးပုဂ္ဂိုလ်တစ်ဦးအဖြစ် ဆောင်ရွက်ရန် လုံလောက်စွာ မြင့်မားသော အဆင့်တစ်ခုတွင် တာဝန်ရှိသူတစ်ဦးကို ခန့်အပ်ရပါမည်။ မစ်ရှင်အဖွဲ့များနှင့် စပ်လျဉ်း၍ မစ်ရှင်အဖွဲ့ဝန်ထမ်းများနှင့် ဒေသခံများအား အရေးကြီးတာဝန်ရှိပုဂ္ဂိုလ်၏ တည်ရှိမှုနှင့် အခန်းကဏ္ဍနှင့် သူ (သို့) သူမကို ဆက်သွယ်နိုင်သည့် နည်းလမ်းတို့ကို သင့်လျော်စွာ အသိပေးရပါမည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု၏ အစီရင်ခံစာအားလုံးကို ပါဝင်မှုအားလုံး၏လုပ်ပိုင်ခွင့်ကိုကာကွယ်ရန်အလို့ငှာ လျှို့ဝှက်ထိန်းသိမ်းသော အပြုအမူအားဖြင့် ကိုင်တွယ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် လိုအပ်ပါက ထိုသို့သောအစီရင်ခံမှုများကို အထက်ပါ ပုဒ်မ 4.2 နှင့်အညီ ဆောင်ရွက်သော လုပ်ဆောင်ချက်အတွက် အသုံးပြုနိုင်ပါသည်။

4.4 ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးသည် အသက် 18 နှစ်အောက် အရွယ်ရှိသူတစ်ဦးဦးကို တရားဥပဒေအရ လက်ထပ်ထားသော်လည်း ၎င်းသည် ၎င်းတို့၏ နိုင်ငံအတွင်း လူလားမြောက်သော အသက်အရွယ် (သို့) အိမ်ထောင်ပြုခွင့်ပေးသော အသက်အရွယ်ထက် ကျော်လွန်နေသောဖြစ်ရပ်တွင် ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့၏ ခေါင်းဆောင်သည် ပုဒ်မ 3.2 (b) တွင် ဖော်ပြထားသော သတ်မှတ်ချက်ကို မကျင့်သုံးရပါ။

4.5 အကူအညီရယူထားသူများသည် အသက် 18 နှစ်အထက် ဖြစ်ပြီး ဖြစ်ရပ်၏ အခြေအနေများသည် ကင်းလွတ်ခွင့်တစ်ခုနှင့် သင့်လျော်သော ဖြစ်ရပ်တွင် ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့ခေါင်းဆောင်သည် ပုဒ်မ 3.2 (d) တွင် ဖော်ပြထားသော သတ်မှတ်ချက်ကို ကျင့်သုံးရာတွင် သူ (သို့) သူမ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အသုံးပြုနိုင်ပါသည်။

4.6 ဌာန၊ ရုံး (သို့) မစ်ရှင်အဖွဲ့၏ ခေါင်းဆောင်သည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတို့ကို စုံစမ်းစစ်ဆေးမှုများနှင့် ယင်းကဲ့သို့ စုံစမ်းစစ်ဆေးမှု ရလဒ်တစ်ခုအဖြစ် လုပ်ဆောင်ထားသော ဆောင်ရွက်ချက်များအကြောင်းကို စီမံခန့်ခွဲမှုဌာနသို့ ချက်ချင်းအသိပေးရမည်ဖြစ်သည်။

**အပိုင်း 5**

**နိုင်ငံတော်အာဏာပိုင်များထံ ညွှန်းဆို လွှဲပြောင်းပေးခြင်း**

သင့်လျော်သည့်စုံစမ်းစစ်ဆေးမှုပြီးသည့်နောက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု၏ စွပ်စွဲချက်များကို ပံ့ပိုးပေးသည့် သက်သေအထောက်အထား ရှိပါက တရားဥပဒေရေးရာ ရုံးနှင့် တိုင်ပင်ဆွေးနွေးလျက် ယင်းကိစ္စရပ်များကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုရန်အတွက် နိုင်ငံတော်အာဏာပိုင်များကို လွှဲပြောင်းပေးနိုင်သည်။

**အပိုင်း 6**

**ကမ္ဘာ့ကုလသမဂ္ဂနှင့် မသက်ဆိုင်သော အဖွဲ့များ (သို့) ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သော အစီအစဉ်များ**

6.1 ကမ္ဘာ့ကုလသမဂ္ဂနှင့် မသက်ဆိုင်သော အဖွဲ့များ (သို့) ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သော အစီအစဉ်များ၌ ပါဝင်ရာတွင် သက်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ တာဝန်ရှိသူများသည် ပုဒ်မ 3 တွင် ဖော်ပြထားသော လိုက်နာရမည့် သတ်မှတ်ချက်များအကြောင်းကို ယင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်များအား အသိပေးရမည်ဖြစ်ပြီး ၎င်းတို့က ယင်း စံသတ်မှတ်ချက်များကို သဘောတူသည်ဟု ရေးသားဖော်ပြထားသော အာမခံချက်တစ်ခုကို ရယူရပါမည်။

6.2 ယင်းအဖွဲ့အစည်းများ (သို့) ပုဂ္ဂိုလ်များက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (သို့) လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတို့ကို ကြိုတင်ကာကွယ်သော လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် ပျက်ကွက်ပါက ယင်းမှဖြစ်ပွားသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် (သို့) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (သို့) လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု ဖြစ်ပွားသောအခါ ကုစားဖြေရှင်းသော လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် ယင်းအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှန်သမျှကို ရပ်စဲပစ်မည် ဖြစ်သည်။

**အပိုင်း 7**

**စတင်အာဏာသက်ရောက်ခြင်း**

လက်ရှိ ထုတ်ပြန်ကြေညာချက်သည် သည် 2003 ခုနှစ်၊ အောက်တိုဘာလ 15 ရက်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပါသည်။

(လက်မှတ်ရေးထိုးသူ) Kofi A. Annan (ကိုဖီအာနန်)
ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

# အရင်းအမြစ် 15- တာဝန်ဝတ္တရာများနှင့် လုပ်ဆောင်ချက်များ

| လက်တွေ့ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များ | အစုအဖွဲ့ ခေါင်းဆောင် အေဂျင်စီများ | လူသားအချင်းချင်းစာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံ အဖွဲ့ |
|---|---|---|
| **အောက်ပါတို့အတွက် တာဝန်ရှိပါသည်-**<br>• ကာကွယ်စောင့်ရှောက်ရေးနည်းဗျူဟာများ သတ်မှတ်ဖော်ဆောင်ရန် လူသားချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများကို ပံ့ပိုးပေးခြင်း (IASC ကာကွယ်စောင့်ရှောက်ရေး၏ အချက်အချာ ၊2013)<br>• အစုအဖွဲ့ဝင်အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း (ICC) နှင့် HCT အစည်းအဝေးများ (လက်တွေ့ကွင်းဆင်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC ၏ အကြံပြုချက်စာရွက်) ၏ လုပ်ငန်းစဉ်ကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်ကို ပုံမှန်ထည့်သွင်းကြောင်း သေချာပါစေ<br>• အခြားအစုအဖွဲ့များ၏ သင်တန်းတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ထည့်သွင်းခြင်းအကြောင်း ပါဝင်ကြောင်း သေချာပါစေ (လက်တွေ့ကွင်းဆင်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC ၏ အကြံပြုချက်စာရွက်)<br>• ကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်မှုမှ ထွက်လာသောရလဒ်များအတွက် အကျဉ်းချုပ်တစ်ခု ပံ့ပိုးပေးရမည် (လက်တွေ့ကွင်းဆင်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC ၏ အကြံပြုချက်စာရွက်)<br>• အခြားအစုအဖွဲ့များကိုပါ ပါဝင်စေလျက် အတူလုပ်ဆောင်ပါ (လက်တွေ့ကွင်းဆင်း ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC ၏ အကြံပြုချက်စာရွက်)<br>• ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့များ အကြား တာဝန်ယူမှုနယ်ပယ်များကို ပူးပေါင်းဆောင်ရွက်ခြင်း ဥပမာ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် GBV<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရန် ကဏ္ဍအလိုက် ကူညီပံ့ပိုးပေးခြင်း | **အောက်ပါတို့အတွက် တာဝန်ရှိပါသည်-**<br>• ကဏ္ဍအတွင်း ဖြစ်ပွားနေသည့် အန္တရာယ်များကို ဖြေရှင်းရန် ပြည့်စုံကျယ်ပြန့်သော ကာကွယ်ရေးနည်းဗျူဟာကို ဖော်ဆောင်၍ အကောင်အထည်ဖော်ခြင်း (IASC ကာကွယ်စောင့်ရှောက်ရေး၏ အချက်အချာ၊ 2013)<br>• ကဏ္ဍအလိုက် တုံ့ပြန်ဆောင်ရွက်သည့် အစီအစဉ်များမှတစ်ဆင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း<br>• ကဏ္ဍတစ်ခုစီအတွက် ပေါင်းစည်းထားသော အယူခံဝင်ရန်နည်းလမ်းများတွင် ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစီအစဉ်ကို အကြမ်းဖျင်းထည့်သွင်းဖော်ပြထားကြောင်း သေချာစေခြင်း[a]<br>• ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းကြောင်း သေချာစေရန် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့များက ထောက်ပံ့ပေးထားသော ကိရိယာများကို အသုံးပြုခြင်း | **အောက်ပါတို့အတွက် တာဝန်ရှိပါသည်-**<br>• အန္တရာယ်များကို ဖြေရှင်းရန် ပြည့်စုံကျယ်ပြန့်သော ကာကွယ်ရေးနည်းဗျူဟာကို ဖော်ဆောင်၍ အကောင်အထည်ဖော်ခြင်း (IASC ကာကွယ်စောင့်ရှောက်ရေး၏ အချက်အချာ၊ 2013)<br>• နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်၏ အဓိကအချက်အဖြစ် ကာကွယ်စောင့်ရှောက်ရေးကို ထားရှိခြင်း (IASC ကာကွယ်စောင့်ရှောက်ရေး၏ ဗဟိုချက်မ၊ 2013) |

# အရင်းအမြစ် 16- IASC ကြေညာချက် 2013

## အေဂျင်စီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အမြဲတမ်းကော်မတီ (IASC) စည်းမျဉ်းများ၏

## လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားမှုတွင် ပဓာနကျသော ကာကွယ်စောင့်ရှောက်မှု ကြေညာချက်

*IASC အကြီးအကဲမှ 2013 ခုနှစ် ဒီဇင်ဘာလ 17 ရက်နေ့တွင် အတည်ပြုပေးခဲ့သည်*

လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ရှားမှုတွင် ပဓာနကျသည့် ကာကွယ်စောင့်ရှောက်မှုကို သေချာစေရန်၊ IASC အကြီးအကဲများ၏ ကတိကဝတ်နှင့် အဆိုပါကတိကဝတ်ကို လူသားအချင်းချင်းစာနာထောက်ထားရေး ကိစ္စအရပ်ရပ်တွင် ထည့်သွင်းဖော်ဆောင်နေသည့် လူသားအချင်းချင်းစာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူများ၊ လူသားအချင်းချင်းစာနာထောက်ထားရေး နိုင်ငံအသင်းအဖွဲ့များနှင့် အစုအဖွဲ့များ၏ကဏ္ဍကို ဤထုတ်ပြန်ချက်က ခိုင်မာစေပါသည်။ လူသားအချင်းချင်းစာနာထောက်ထားရေး ပြဿနာများတွင် လူအများကို ပိုမိုထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ကြောင်း သေချာစေရန် IASC မှ ပြင်ဆင်အသုံးပြုမည့် လုပ်ထုံးလုပ်နည်းများထဲက တစ်ခုဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာချိန် သို့မဟုတ် အကြမ်းဖက်မှုနှင့် ပဋိပက္ခပေါ်ပေါက်လာပါက လူအများ၏ အသက်အန္တရာယ်၊ ဘေးကင်းရေးနှင့် လုံခြုံရေး၊ ခွဲခြားဆက်ဆံခံရခြင်း၊ အခြေခံဝန်ဆောင်မှုများ ဆုံးရှုံးခြင်းနှင့် အခြားအန္တရာယ်များဖြင့် ခြိမ်းခြောက်ခံရပါသည်။ လူသားအချင်းချင်းစာနာထောက်ထားရေး ပြဿနာများ၏ အဓိကအကြောင်းရင်းနှင့် နောက်ဆက်တွဲဖြစ်ရပ်များတွင် နိုင်ငံတကာလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေနှင့် ကြိုတင်ဖြစ်တည်နေသည့် ခြိမ်းခြောက်များနှင့် အားနည်းချက်များလည်း ပါဝင်သည်။

နိုင်ငံအတွင်းစစ်ဘေးရှောင်သူများအတွက်ကုလသမဂ္ဂ၏လမ်းညွှန်ထားသောနိုင်ငံတကာစည်းမျဉ်းများကဲ့သို့သောနိုင်ငံတကာမှအသိအမှတ်ပြုသည့်ကာကွယ်စောင့်ရှောက်ရေး စံသတ်မှတ်ချက်များအပြင် နိုင်ငံတကာ လူ့အခွင့်အရေးများဥပဒေနှင့် နိုင်ငံတကာလူသားအချင်းချင်း စာနာထောက်ထားရေးဥပဒေနှင့်အညီ အသက်ရှင်နေထိုင်မှုများကို ပံ့ပိုးပေးရန်၊ ဘေးကင်းရေးနှင့် လုံခြုံရေးကို သေချာစေရန်၊ နာကျင်ခံစားမှုများ ပြေလျော့စေပြီး အေးချမ်းစွာနေထိုင်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရေးကို ပံ့ပိုးပေးပြီး အားကောင်းလာစေရန် နိုင်ငံတွင်းနှင့် ဒေသတွင်း အာဏာပိုင်များ၊ ကုလသမဂ္ဂများနှင့် နယ်စပ်ဒေသ လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့များအား လူအများက အားကိုးတကြီးမျှော်လင့်ကြသည်။

ထိုသို့သော အနေအထားတွင် ပြည်သူပြည်သားများကို ကာကွယ်ရန် သက်ဆိုင်ရာနိုင်ငံများကသာ အဓိကတာဝန်ယူရမည်ဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများတွင် အစိုးရနှင့်မသက်ဆိုင်သည့် အဖွဲ့များက နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေနှင့်အညီ ထိခိုက်နစ်နာသူများနှင့် အန္တရာယ်ကိုကြုံတွေ့ရင်ဆိုင်သူများ အား ကာကွယ်ရန် ကူညီခွင့်ရှိသည်။ အမှန်တကယ်လိုအပ်နေသူများကို ကာကွယ်ရန်နှင့် ကူညီရန် အဆိုပါ လုပ်ရှားဆောင်ရွက်သူများနှင့်အတူ ချိတ်ဆက်လုပ်ကိုင်ခြင်းအား လူသားအချင်းချင်းစာနာထောက်ထားရေး အသင်းအဖွဲ့မှ အဖြစ်မနေ ဆောင်ရွက်ရပါမည်။

လူ့အခွင့်အရေးများနှင့်အညီ နိုင်ငံတကာ လူ့အခွင့်အရေးများနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး ဥပဒေ ချိုးဖောက်မှုများကို တုံ့ပြန်ရန်နှင့် တားဆီးရန် ယင်းလူသားများ မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ကာကွယ်စောင့်ရှောက်မှုပေးရန်မှာ ကုလသမဂ္ဂ၏ အရေးပါသည့်လုပ်ဆောင်ချက်ဖြစ်ကြောင်းကို ကုလသမဂ္ဂ "မားမားမတ်မတ်ရပ်တည်ခြင်း" လှုပ်ရှားမှုအစီအစဉ်တွင် အလေးပေးဖော်ပြထားသည်။ လူအများကို ကူညီရန် ဤတူညီသော အရေးပါသည့်လုပ်ဆောင်ချက်က လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်၏ အနှစ်သာရဖြစ်သည်

ဘေးအန္တရာယ်ကြုံတွေ့နေရသူများနှင့် ကြုံတွေ့ရန် အလားအလာရှိသူများအား ကာကွယ်စောင့်ရှောက်ရာတွင် ပဋိပက္ခနှင့်သက်ဆိုင်သော အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း အပါအဝင် လူသားအချင်းချင်းစာနာထောက်ထားရေးအဖွဲ့သို့ အသိပေးပြီး ဆုံးဖြတ်ချက်ကို တုံ့ပြန်ရပါမည်။ ယင်းသို့အသိပေးမှုနှင့် တုန့်ပြန်ဆောင်ရွက်မှုသည် ကျွန်ုပ်တို့၏ ပြင်ဆင်မှုအပိုင်းတွင်သာမက မဆိုင်းမတွဆောင်ရွက်မှုများနှင့် အသက်အန္တရာယ်ကာကွယ်ရေး လှုပ်ရှားဆောင်ရွက်မှု၊ လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ချက်နှင့် နောက်ပိုင်းတစ်လျှောက်လုံးတွင်သော်လည်းကောင်း အဓိကကျပါသည်။

လက်တွေ့လုပ်ဆောင်ချက်ဆိုရာတွင် နိုင်ငံတွင်း ဘေးလွတ်ရာ ရွှေ့ပြောင်းခံရသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် လိင်ကွဲပြားသူများနှင့် အခြားလူနည်းစုများ ကဲ့သို့သော အုပ်စုများအပါအဝင် အမျိုးသားများ၊ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများမှ ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် အန္တရာယ်များကို အခြေခံထားသော အချို့သောအားနည်းချက်များကို ထည့်သွင်းစဉ်းစားလျက် မည်သူတွေက အန္တရာယ်ကြုံတွေ့နေရပြီး ယင်းပြဿနာများက မည်ကဲ့သို့နှင့် မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်ရသည်ကို ခွဲခြားသတ်မှတ်ခြင်းဟု ဆိုလိုသည်။

ဆိုလိုသည်မှာ HCs၊ HCTs နှင့် အစုအဖွဲ့များမှ ကာကွယ်စောင့်ရှောက်ရေး မျှော်မှန်းချက်များ ပြည့်ဝရန်နှင့် ရေရှည်အသုံးပြုနိုင်သော ဖြေရှင်းနည်းများကို အောင်မြင်စွာရယူနိုင်ရန် ငြိမ်းချမ်းရေးဆောင်ရွက်ခြင်းများနှင့် နိုင်ငံရေးမစ်ရှင်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားသူများကဲ့သို့သော အခြားသက်ဆိုင်ရာ လှုပ်ရှားသူများ၏ အခန်းကဏ္ဍနှင့် ပါဝင်ဖြည့်ဆည်းခြင်းများကို ထည့်သွင်းစဉ်းစားပေးသည့် လူသားအချင်းချင်းစာနာထောက်ထားရေး ပြဿနာများကြောင့် သက်ရောက်ခံစားနေရသူများကို ထိရောက်စွာကာကွယ်ပေးရန် အသုံးပြုနိုင်သည့် နည်းလမ်းများကို ခွဲခြားပေးသော ကာကွယ်စောင့်ရှောက်ရေး အကျိုးရလဒ်များကို ဖြည့်ဆည်းပေးရန်

လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားသူများကြားရှိ လိုက်ဖက်သော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ ထုတ်ဖော်ပေးပြီး ခွဲခြားပေးသည့် မဟာဗျူဟာတစ်ခုဖြစ်သည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားအချင်းချင်း စာနာထောက်ထားရေး ဥပဒေ ချိုးဖောက်မှုများ ထပ်တလဲလဲဖြစ်ပေါ်ခြင်းကို တားဆီးရန်နှင့် ရပ်တန့်ရန် ယင်းအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ပြည့်စုံလုံလောက်သော ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတစ်ခုဖန်တီးပြီး အကောင်အထည်ဖော်ရန် လိုအပ်နေသည်ဟူ၍ ဖြစ်သည်။ ယင်းမဟာဗျူဟာများအား ပြောင်းလဲနေသော အခြေအနေများ၊ ဦးစားပေးသတ်မှတ်ချက်များနှင့် လိုအပ်ချက်များကို အံဝင်ခွင်ကျဖြစ်စေရန် ပုံမှန် မွမ်းမံရပါမည်။ ယင်းကြိုးစားအားထုတ်မှုများနှင့် အချိန်ညီစွာ လိုအပ်နိုင်သည့် အရင်းအမြစ်များကိုလည်း ဆော်ဩစည်းရုံးရပါမည်။

ယင်းက ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သက်ရောက်မှုခံစားနေရသူများနှင့် အန္တရာယ်ကြုံနေရသူများ၏ ကိုယ်စား ဆောလျင်စွာသတိပေးချက်၊ အရန်သင့်ရှိမှု၊ တုံ့ပြန်ဆောင်ရွက်မှု၊ ပြန်လည်ထူထောင်ပေးမှုနှင့် မူဝါဒနှင့်အညီ ကြိုးစားအားထုတ်မှုများနှင့် မဟာဗျူဟာမြောက်ပြီး ညှိနှိုင်းထားသော ထောက်ခံအားပေးမှု၊ ဆွေးနွေးမှုနှင့် လူသားအချင်းချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုများကို အသိပေးပြီး ပြင်ဆင်ရန် သတင်းအချက်အလက် စုဆောင်းရေး၊ စီမံခန့်ခွဲရေးနှင့် ခွဲခြမ်းစိတ်ဖြာရေးကို HCs၊ HCTs နှင့် အစုအဖွဲ့များက အားဖြည့်ဆောင်ရွက်ပေးရန် လိုအပ်သည်ဟုလည်း ဆိုလိုသည်။ ယင်းနှင့် စပ်လျဥ်း၍၊ လိုက်ဖက်သော အခန်းကဏ္ဍ၊ သက်ဆိုင်ရာ လှုပ်ရှားသူများ၏ လုပ်ဆောင်ချက်နည်းလမ်းများနှင့် လုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုပြီး အားပေးထောက်ခံရန် လိုအပ်ပါသည်။

ဆောင်ရွက်မှုအားလုံးတွင် ဘေးအန္တရာကြုံတွေ့နေရသူများအတွက် ကျွန်ုပ်တို့မှ တာဝန်ခံပေးရန်၊ ၎င်းတို့၏ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းများကို ထုတ်ဖော်ပြီး နားလည်သိရှိအောင်လုပ်ရန်နှင့် ပံ့ပိုးပေးရန် ဦးစားပေးစဥ်းစားရပါမည်။ ဘေးအန္တရာယ်ကြုံတွေ့နေရသည့် မတူကွဲပြားအစုအဖွဲ့များသည် ၎င်းတို့၏ ကျန်းမာပျော်ရွှင်မှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်အားလုံးတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ရန် လိုအပ်ပါသည်။ ဤကြိုးစားအားထုတ်မှု၏ အဓိကအချက်မှာ ဘေးအန္တရာယ်ကြုံတွေ့နေရသူများနှင့် ကြုံတွေ့ရန် အလားအလာရှိသူများအား ကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်ရန်အားထုတ်နေသော နိုင်ငံတွင်းနှင့် ဒေသတွင်း လူ့မှုအဖွဲ့အစည်းများကို ပံ့ပိုးရန်ဖြစ်ပါသည်။

လက်တွေ့လုပ်ဆောင်မှု အဆင့်တွင် နိုင်ငံတကာ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်မှုကို အဓိကထားပြီး ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ သတ်မှတ်ရန်အတွက် လူသားအချင်းချင်းစာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူများ၊ လူသားအချင်းချင်းစာနာထောက်ထားရေးဒေသအသင်းများနှင့် အစုအဖွဲ့ညှိနှိုင်းဆောင်ရွက်ပေးသူအားလုံးတွင် တာဝန်ရှိပါသည်။ ဘေးအန္တရာယ်ကြုံတွေ့နေရသူများအတွက် အထူးကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကဏ္ဍအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစပ်ထည့်သွင်းရန် အပါအဝင် ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာများကို ဖန်တီးနိုင်ရန် လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့များက အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားပါသည်။

သို့သော်တာဝန်ဝတ္တရားမှာ၎င်းတို့အတွက်သီးသန့်သာမဟုတ်ပါ။ IASCအကြီးအကဲများဖြစ်သည့်ကျွန်ုပ်တို့မှမူဝါဒတိုးမြှင့်ဖော်ဆောင်မှု၊ ဆွေးနွေးညှိနှိုင်းမှု၊ ထောက်ခံအားပေးမှုနှင့် အစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများအတွက် ၎င်းတို့၏ကြိုးပမ်းမှုများတွင် တသမတ်တည်းဖြစ်သော၊ အခြေခံသဘောတရားနှင့်ညီပြီး ဘက်မလိုက်သော အပြုအမူများဖြင့် ပံ့ပိုးသည့်အပိုင်းတွင်ရှိနေသည့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုအပိုင်းကိုလည်း အသိအမှတ်ပြုပါသည်။ လူသားအချင်းချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်တွင် ပဓာနကျသည့် ကာကွယ်စောင့်ရှောက်မှုကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်စေရန် ၎င်းတို့အပါအဝင် IASC အဖွဲ့ဝင်အားလုံးနှင့်အတူလက်တွဲလုပ်ကိုင်ရန်နှင့် လိုအပ်သော ပံ့ပိုးမှုများ ပေးသွားရန် ကျွန်ုပ်တို့ ကတိကဝတ်ပြုပါသည်။

# အရင်းအမြစ် 17- ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် GPC အကြံပြုချက် စာရွက်

## လက်တွေ့ကွင်းဆင်းလုပ်ဆောင်သော ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် အကြံပေးစာစောင်

Global Protection Cluster

ဤအကြံပေး စာစောင်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီတွင် နောက်ထပ် ကာကွယ်စောင့်ရှောက်မှုနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းရန် လုပ်ဆောင်နိုင်သော လုပ်ဆောင်ချက်အမျိုးအစားများနှင့် ပတ်သက်၍ လက်တွေ့ကွင်းဆင်းလုပ်ဆောင်သော ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များအတွက် အကြံပြုချက်စာရင်းတစ်ခုအဖြစ် ရည်ရွယ်ပါသည်။ ၎င်းသည် ပြည့်စုံသော စာရင်းတစ်ခုဟု မဆိုလိုသော်လည်း ကာကွယ်စောင့်ရှောက်ရေး လုပ်ရှားဆောင်ရွက်သူများအနေဖြင့် ကာကွယ်စောင့်ရှောက်ရေး ထည့်သွင်းပေါင်းစပ်ခြင်း ဆောင်ရွက်ချက်များကို မြှင့်တင်နိုင်သည့် နည်းလမ်းများကို သိရှိစေရန် စေ့ဆော်ပေးသည့် ရင်းမြစ်တစ်ခုဖြစ်ပါသည်။

### 1. အစုအဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ (ICC)နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံအဖွဲ့များ၏ အစည်းအဝေးများ၏ လုပ်ငန်းအစီအစဉ်တွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်းကို (လိုအပ်သလို) ပုံမှန်ထည့်သွင်းဆွေးနွေးကြောင်း သေချာပါစေ။

**အကြံပြုထားသော ဆောင်ရွက်ချက်-**

- ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်းအရာအား အစည်းအဝေး အစီအစဉ်များတွင် ထည့်သွင်းရန် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ညှိနှိုင်းရေးမှူး နှင့်/သို့မဟုတ် လူသားချင်းစာနာထောက်ထားရေး ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းဆွေးနွေးရန်အတွက် UN ရုံး (OCHA) တို့ဖြင့် ဆွေးနွေးပြောဆို တိုက်တွန်းပါ။
- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အခြားအစုအဖွဲ့များကို တာဝန်ခံ လုပ်ဆောင်ကြစေဖို့ တွန်းအားပေးရန် HC နှင့်အတူ ဆွေးနွေးပြောဆို တိုက်တွန်းပါ။
- HCT အစည်းအဝေးအတွက် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့မှ နည်းပညာဆိုင်ရာ အကြံပြုချက်နှင့်အတူ နောက်ဆုံးအခြေအနေကိုဦးဆောင်ပြောဆိုပေးရန် HC ကို ပြောကြားပါ။
- ICC အစည်းအဝေးများအတွက် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၏ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် အနောက်ဆုံးအခြေအနေကို ဦးဆောင်ပြောဆိုသင့်ပါသည်။

### 2. အခြားအစုအဖွဲ့များ၏ သင်တန်းများထဲတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း ပါဝင်ကြောင်း သေချာပါစေ

**အကြံပြုထားသော ဆောင်ရွက်ချက်-**

- အခြားသောအစုအဖွဲ့များအနေဖြင့် ဆောင်ရွက်နေပြီးဖြစ်သည့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လေ့လာစူးစမ်း ရှာဖွေပါ။
- အခြားအစုအဖွဲ့များ ဦးစီးဆောင်ရွက်သည့် သင်တန်းများတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ပေါင်းစပ်ထည့်သွင်းခြင်းအကြောင်း အပိုင်းကဏ္ဍများအတွက် ကူညီပေးရန် ကမ်းလှမ်းပါ။
- ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ထည့်သွင်းကြောင်း သေချာစေရန် အခြားအစုအဖွဲ့များ၏ သင်တန်းစာရွက်စာတမ်းများကို ပြန်လည်သုံးသပ်ပေးရန် ကမ်းလှမ်းပါ။

### 3. ICC/ HCT အစည်းအဝေးများတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကဲဖြတ်မှုများ၏ ရလဒ်များအကြောင်း အကျဉ်းချုပ် ပြောပြပါ (သင့်လျော်သလို)

**အကြံပြုထားသော ဆောင်ရွက်ချက်-**

- မတူညီသည့် အခန်းကဏ္ဍ/ အစုအဖွဲ့များအတွက် သီးခြား ဆက်နွှယ်နေသည့် ဧရိယာများကို အထူးအသားပေး ပြောပြပါ။
- ကာကွယ်စောင့်ရှောက်မှုအား အကဲဖြတ်မှု၏ ရလဒ်များပေါ်တွင် အခြေခံ၍ အခြားအစုအဖွဲ့များအတွက် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်သည့် ဆောင်ရွက်ချက်များကို အကြံပြုပါ။

### 4. ၎င်းတို့၏တုန့်ပြန်ဆောင်ရွက်ချက်တွင်ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အခိုင်အမာ ပေါင်းစပ်ထည့်သွင်းနိုင်စေရန် ကာကွယ်စောင့်ရှောက်ရေးရှုထောင့်မှ ဦးစားပေးအဖြစ် ယူဆနိုင်သည့် အစုအဖွဲ့များနှင့် အပြန်အလှန် လက်တွဲလုပ်ဆောင်ပါ

**အကြံပြုထားသော ဆောင်ရွက်ချက်-**

- ၎င်းတို့၏တုန့်ပြန်ဆောင်ရွက်မှုတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း၏ အရေးကြီးမှုကို မီးမောင်းထိုးပြရန် အရေးကြီးသည့် အစုအဖွဲ့များကို ထောက်ခံအားပေးပါ။
- ၎င်းတို့၏အစုအဖွဲ့များရှိ ပါဝင်သူများအကြားကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အဓိကအချက်ကို သတ်မှတ်ဖော်ထုတ်ခြင်းအပါအဝင်ကာ ကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရေး အစီအစဉ်များကို ဦးစားပေး အစုအဖွဲ့များနှင့်အတူ ဖော်ဆောင်ပါ။
- ဦးစားပေးအစုအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်ချက်များရှိ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ အစိတ်အပိုင်းများကို အကဲဖြတ်ရန် တွဲဖက်မစ်ရှင်များကို ဆောင်ရွက်ပါ။

# အရင်းအမြစ် 18- ပေါင်းစည်းထားသော အယူခံဝင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများမှ ကောက်နုတ်ချက်

## အနောက်ပိုင်း ပါလက်စတိုင်းနယ်မြေအတွက် ပေါင်းစည်းထားသော အယူခံဝင်မှု (2013)

အယူခံဝင်သည့်နည်းတွင် နည်းဗျူဟာရည်ရွယ်ချက်နစ်ခုကို အကြမ်းဖျင်းဖော်ပြထားပြီး ပထမတစ်ခုတွင် ကာကွယ်စောင့်ရှောက်မှုအကြောင်းကို ဖော်ပြထားပါသည်-

ရည်ရွယ်ချက် 1 - IHL နှင့် လူ့အခွင့်အရေးကို လေးစားမှုအားမြှင့်တင်ခြင်း၊ အကြမ်းဖက်မှုများ၏သက်ရောက်မှုကို ကာကွယ်တားဆီးခြင်း သို့မဟုတ် လျော့ပါးစေခြင်း၊ ပဓာနကျသည့်ဝန်ဆောင်မှုများကို ညီမျှစွာအသုံးပြုခွင့်အား တိုးတက်စေခြင်း၊ ဝန်ဆောင်မှုများ ပေးနေသည့်နေရာများရှိ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားသည့်အချက်များကို ထိရောက်စွာ ပေါင်းစည်းကြောင်း သေချာစေခြင်းဖြင့် ဂါဇာ၊ ဇရိယာ C၊ နယ်ခြားဇုန်နှင့် အရှေ့ဂျေရုဆလင်ရှိ လူထုကို ပိုမို ကာကွယ်ပေးပါ။ *(စာမျက်နှာ 2 မှ ကောက်နုတ်ချက်)*

ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရာတွင် ကာကွယ်ရေး၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ တွဲဖက်အထူးတပ်ဖွဲ့တစ်ခုကို ဖွဲ့စည်းလိုက်ပြီး ကာကွယ်စောင့်ရှောက်ရေး ကိုယ်စားလှယ်များထံ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သော ကြောင့်ကြမှုများကို ရည်ညွှန်းနိုင်ရန် ကျန်းမာရေး မိတ်ဖက်များအတွက် သမားရိုးကျမဟုတ်သော လုပ်ထုံးလုပ်နည်းများ ရှာဖွေမည်ဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအုပ်စုနှင့် ပညာရေးဆိုင်ရာ အစုအဖွဲ့တို့သည် အန္တရာယ်ရှိနေသည့် လူထုအဖွဲ့အစည်းများအတွက် ကျောင်းသို့ ကြိုပို့ကားများ စီစဉ်ရန် အတူတကွ လုပ်ဆောင်ခဲ့ပြီး ကျောင်းတက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် ကျောင်းသားလေးများအတွက် "အန္တရာယ်ရှိသည့်" နေရာများတွင် ကာကွယ်ရေး အစောင့်များထားရှိရန် သတ်မှတ်ထားခဲ့သည်။ ဤသို့သော ကြိုးစားအားထုတ်မှုများဖြင့် မြေပြင်ပေါ်တွင် အားထုတ်မှုနှင့် အားပေးထောက်ခံမှု နှစ်မျိုးစလုံးတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် အဆက်မပြတ် ဖြစ်ပေါ်နေမည်။ ကာကွယ်ရေးအစုအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သော OHCHR သည် လူ့အခွင့်အရေးများကို လေးစားပြီး ကာကွယ်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန် အခြား အစုအဖွဲ့/ကဏ္ဍမှ ခေါင်းဆောင်များနှင့် ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး IHL နှင့်အတူ လက်တွဲကာ ကူညီပံ့ပိုးပေးမှုများကို ဆက်လက်လုပ်ဆောင်သွားပါမည်။ ယင်းတွင် ကာကွယ်ရေး စည်းမျဉ်းများနှင့် လက်တွေ့ဆောင်ရွက်ရမည့် စာရင်းများအတွက် လမ်းညွှန်ချက်ပေးခြင်း၊ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် ဖြစ်နိုင်ခြေရှိသော တုံ့ပြန်ဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ပရောဂျက် ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

အစုအဖွဲ့ဝင် အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်သည့်အုပ်စုက လူ့အခွင့်အရေးများနှင့် ကာကွယ်ရေး၊ မသန်စွမ်းမှု၊ ပတ်ဝန်းကျင်၊ ကျား၊ မ ကွဲပြားမှု၊ စိတ်ကျန်းမာရေးနှင့် စိတ်ပညာ လူမှုဆက်ဆံရေးပြဿနာများ အပါအဝင် ကန့်သတ်မထားသည့် အရာများကဲ့သို့ ဆက်နွယ်နေသည့် ပြဿနာများကို သေချာစွာ ဖြေရှင်း၍ oPt ရှိ အစုအဖွဲ့များ/ကဏ္ဍများ၏ အစီအစဉ်များတွင် ပေါင်းစပ်ထည့်သွင်းကြောင်း သေချာအောင် လုပ်ဆောင်ပါမည်။ *(စာမျက်နှာ 48 မှ ကောက်နုတ်ချက်)*

## 2014 ဆီးရီးယား အာရပ် သမ္မတနိုင်ငံ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု အထောက်အပံ့ တုံ့ပြန်မှု အစီအစဉ်

"ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း" အကြောင်းအား တုံ့ပြန်ရေးအစီအစဉ်တွင် ဆယ်ကြိမ်ဖော်ပြထားသည်။
စီမံခန့်ခွဲရေးအကျဉ်းချုပ်တွင် "ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရည်ရွယ်ချက်များအား လူသားအချင်းချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်သည့် ကဏ္ဍအားလုံးရှိ လုပ်ဆောင်ချက်များမှတစ်ဆင့် ဖော်ဆောင်သည်" ဟု ဖော်ပြထားသည်။

ပါဝင်ရမည့် အရေးကြီးဧရိယာများ -

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအား ဖော်ပြပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်-

"**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း**အား လူသားအချင်းအချင်းစာနာထောက်ထားရေး အကူအညီတွင် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ထည့်သွင်းခြင်းနှင့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီတွင် ရယူခွင့်၊ ဘေးကင်းရေးနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းဖြင့် ကဏ္ဍအားလုံးတွင် မြှင့်တင်ဆောင်ရွက်ပါလိမ့်မည်။ လူသားအချင်းချင်းစာနာထောက်ထားရေး လှုပ်ရှားမှုများတွင် ထည့်သွင်းစဉ်းစားသင့်သည့် ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများမှာ-

1။ ဘေးဒုက္ခဖြစ်စေခြင်းအား ရှောင်ကြဉ်ခြင်း

2။ တန်းတူညီမှု

3။ ပံ့ပိုးပေးထားသည့် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီ၏ ဆီလျော်မှု။"

- ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက်လုပ်ဆောင်ရန်အချက်များမှာ 2014 ခုနှစ် ကဏ္ဍအားလုံးနှင့် အစုအဖွဲ့အားလုံးအတွက် ရည်ရွယ်ချက်တစ်ခုနှင့် ညွှန်ပြချက် ဖြစ်သည်
- ပံ့ပိုးပေးထားသည့် ညွှန်ပြချက်များ

  <u>ညွှန်ပြချက်များ-</u>

  **i။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ဖန်တီးထားသည့် ကဏ္ဍအလိုက် သီးခြား လမ်းညွှန်ချက် (လုပ်ဆောင်ရန်အချက်များ)**

  **ii။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်ကို ပေါင်းစည်းထားသည့် ကဏ္ဍအလိုက် ပရောဂျက်များ၏ %**

# အရင်းအမြစ် 19- ကာကွယ်စောင့်ရှောက်ရေးန ည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ

စာအုပ်မိတ္တူများကို ရနိုင်ပါသည် သို့မဟုတ် အောက်ပါလင့်ခ်မှ တစ်ဆင့် ပရင့်ထုတ်နိုင်ပါသည်-

http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming/external-resources.html

# အရင်းအမြစ် 20- ပေါင်းစပ်ထည့်သွင်းရေး လုပ်ရှားဆောင်ရွက်မှု အစီအစဉ် အလွှတ်

| | | | | | |
|---|---|---|---|---|---|
| စံနှုန်း | | | | | |
| ညွှန်ပြချက် | | | | | |
| အခြေခံ တွေ့ရှိချက်များ / ဖော်ထုတ်သတ်မှတ်ထားသည့် ဟာကွက်များ | | | | | |
| စံသတ်မှတ်ချက်/ ညွှန်ပြချက်များနှင့် ကိုက်ညီစေရန် အစီအစဉ်ဆွဲထားသော လုပ်ရှားဆောင်ရွက်မှု | စတင်ရက် | ပြီးဆုံးရက် | တာဝန်ရှိသူ | လိုအပ်သည့်အရင်းအမြစ်များ | ခန့်မှန်းကုန်ကျစရိတ် |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

| | | | | | |
|---|---|---|---|---|---|
| စံနှုန်း | | | | | |
| ညွှန်ပြချက် | | | | | |
| အခြေခံ တွေ့ရှိချက်များ / ဖော်ထုတ်သတ်မှတ်ထားသည့် ဟာကွက်များ | | | | | |
| စံသတ်မှတ်ချက်/ ညွှန်ပြချက်များနှင့် ကိုက်ညီစေရန် အစီအစဉ်ဆွဲထားသော လုပ်ရှားဆောင်ရွက်မှု | စတင်ရက် | ပြီးဆုံးရက် | တာဝန်ရှိသူ | လိုအပ်သည့်အရင်းအမြစ်များ | ခန့်မှန်းကုန်ကျစရိတ် |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

# အရင်းအမြစ် 21- အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP

**အေဂျင်စီ X ထံမှ နမူနာ MAP - ဥပမာသက်သက်သာ**

<table>
<tr><th>စံနှုန်း</th><th colspan="5">ဗဟိုစံနှုန်း 1- အေဂျင်စီများသည် ဘေးအန္တရာယ်ထိခိုက်ခံစားရသည့်လူထု၏ ဘေးကင်းမှုကို ဦးစားပေးပါသည်</th></tr>
<tr><td>ညွှန်ပြချက်/များ</td><td colspan="5">ညွှန်ပြချက် G- အေဂျင်စီများထံတွင် နိုင်ငံတကာနှင့် နိုင်ငံတော် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ထိခိုက်ခံစားရသောလူထုများထံမှ ငှားရမ်းထားသည့်ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများ၊ အတိုင်ပင်ခံများ၊ ဧည့်သည်များနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှု (SEA) တားဆီးရေးဆောင်ရွက်ချက်များတွင် ပါဝင်သည့် အခြားသောဆက်စပ်အေဂျင်စီများအပေါ် သက်ရောက်မှုရှိသော ကျင့်ဝတ်စည်းမျဉ်းတစ်ခု ရှိပါသည်။ ကျင့်ဝတ်စည်းကမ်းကို ဒေသဘာသာစကားသို့ ဘာသာပြန်ဆိုကာ ဘေးအန္တရာယ်ထိခိုက်ခံစားရသောလူထုထံ သင့်လျော်သော ပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးထားပါသည်။ ဝန်ထမ်းအားလုံးကို ကျင့်ဝတ်စည်းကမ်းနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ကာ ယင်းကို လိုက်နာမည်ဟုလည်း သဘောတူထားပြီးဖြစ်ပါသည်။ ကျင့်ဝတ်စည်းကမ်းကိုချိုးဖောက်သည်ဟု တစ်စုံတစ်ရာသော စွပ်စွဲပြောဆိုချက်များကို လက်ခံရန်၊ စီမံရန်နှင့် တုန့်ပြန်ရန် ဘေးကင်းပြီး လျှို့ဝှက်သည့် နည်းလမ်းများ အေဂျင်စီများတွင် ရှိပါသည်။</td></tr>
<tr><td>အခြေခံ တွေ့ရှိချက်များ</td><td colspan="5">အလုပ်စတင်ခန့်အပ်ချိန်တွင် ဝန်ထမ်းများသည် ကျင့်ဝတ်စည်းမျဉ်းကို လက်မှတ်ထိုးသော်လည်း ယင်းနှင့်ပတ်သက်သည့် လေ့ကျင့်သင်ကြားပေးမှုကိုမူ ရရှိခြင်း မရှိပါ။ အင်တာဗျူး ပြုလုပ်စဉ် 80% သောဝန်ထမ်းများသည် ကျင့်ဝတ်စည်းမျဉ်းအကြောင်းအရာကို ဖော်ပြနိုင်ခြင်းမရှိသလို ကျင့်ဝတ်စည်းကမ်းတွင် ပါရှိသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုနှင့် အနိုင်ကျင့်မှု (PSEA) မှ ကာကွယ်စောင့်ရှောက်ရေးအောက်တွင် တားမြစ်ထားသော အပြုအမူသုံးခုကို ဖော်ပြနိုင်ခြင်းမရှိပါ။ ကျင့်ဝတ်စည်းမျဉ်းကို ဘာသာပြန်ဆိုထားခြင်းမရှိသည့်အပြင် အေဂျင်စီတွင်လည်း ယင်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များ မရှိပါ။ လူထုအဖွဲ့ဝင်များအနေဖြင့် အကြံပြုချက်ပေးရန် နည်းလမ်းများအတွက်လည်း ၎င်းက တုံ့ပြန်ဆောင်ရွက်ခြင်းလည်း မရှိပါ။</td></tr>
<tr><td>စံသတ်မှတ်ချက်များနှင့် ညွှန်ပြချက်များနှင့် ကိုက်ညီစေရန် အစီအစဉ်ဆွဲထားသော လှုပ်ရှားဆောင်ရွက်မှု</td><td>စတင်ရက်</td><td>ပြီးဆုံးရက်</td><td>တာဝန်ရှိသူ</td><td>လိုအပ်သည့်အရင်းအမြစ်များ</td><td>ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျစရိတ်စင်တာ</td></tr>
<tr><td>ဝန်ထမ်းအားလုံးအတွက် PSEA အပါအဝင် နှစ်နာရီကြာ ကျင့်ဝတ်စည်းကမ်းသင်တန်း</td><td>01.02.10</td><td>30.06.10</td><td>လူသားအရင်းအမြစ်မန်နေဂျာ</td><td>ကာကွယ်စောင့်ရှောက်မှုအရာရှိက သင်တန်းအကြောင်းအရာတွင် နည်းပညာဆိုင်ရာ အကြောင်းအရာ ထည့်သွင်းမှု၊ သင်တန်းခန်းမ၊ PPT နှင့် ပရိုဂျက်တာ၊ စက္ကူချပ်ပြားနှင့် အဖွဲ့လိုက်လုပ်ဆောင်ချက်အတွက် ဘောပင်များ</td><td>သင်တန်း 5 ခု @ သင်တန်းတစ်ခုလျှင် $50 = $250 ကာကွယ်စောင့်ရှောက်မှုအရာရှိထံမှ နည်းပညာဆိုင်ရာ အကြောင်းအရာ အားဖြည့်ပေးမှု = မေတ္တာဖြင့် ကုန်ကျစရိတ်စင်တာ- လူသားအရင်းအမြစ်များ</td></tr>
<tr><td>ကျင့်ဝတ်စည်းကမ်းကို ဒေသသုံးဘာသာစကားသို့ ဘာသာပြန်ဆိုခြင်း</td><td>01.02.10</td><td>01.03.10</td><td>လူသားအရင်းအမြစ်မန်နေဂျာ</td><td>စကားပြန်</td><td>4 နာရီ @ တစ်နာရီလျှင် $30 = $120 ကုန်ကျစရိတ်စင်တာ- လူသားအရင်းအမြစ်များ</td></tr>
<tr><td>ကျင့်ဝတ်စည်းကမ်းကို ရုပ်ပုံဖြင့် ရှင်းပြနိုင်ရန် လုပ်ဆောင်မှု</td><td>01.02.10</td><td>01.03.10</td><td>ပြန်ကြားရေး အရာရှိ</td><td>စာရွက်၊ ဘောပင်များ၊ နောက်ဆုံးထုတ်ကုန်၏ အလှအဆင့်ဆင့်</td><td>မိတ္တူ 200 @ မိတ္တူတစ်ခုလျှင် $2 = $400 ဆက်သွယ်ဆက်ဆံမှုအရာရှိ ကုန်ကျစရိတ်စင်တာမှ မေတ္တာဖြင့် အားဖြည့်ပေးမှု - ပြန်ကြားရေး</td></tr>
<tr><td>လုံလောက်အောင် ကောင်းမွန်ရေး လမ်းညွှန်စာရွက်စာတမ်းထဲတွင် လူထုအခြေပြု အကြံပြု၊ တုံ့ပြန်ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းကို သတ်မှတ်ထည့်သွင်းမှု 12(2007)</td><td>01.02.10</td><td>01.05.10</td><td>လူသားအချင်းချင်းစာနာထောက်ထားရေး တာဝန်ခံမှု အဓိကအချက်</td><td>အသိပေး သင်ပုန်းများ၊ လော့ခ်ချနိုင်သော အကြံပြုချက်ပုံး၊ တုန့်ပြန်သည့်နည်းလမ်းကိုရွေးချယ်ရန် လူထုနှင့်အတူ အုပ်စုလိုက် ဆွေးနွေးပွဲများ အလေးပေး ပြုလုပ်ပါ...စသည်ဖြင့်</td><td>လူသားချင်းစာနာထောက်ထားရေး တာဝန်ခံဆောင်ရွက်သည့်အဖွဲ့၏ လက်ရှိ လုပ်နေသည့်အလုပ်ထဲသို့ ဆွဲသွင်းထားသည်</td></tr>
<tr><td>ဘေးကင်းပြီး လျှို့ဝှက်ထားရှိသော အကြံပြုချက်ကို အေဂျင်စီသို့ မည်သို့တင်ပြရမည် အပါအဝင် ကျင့်ဝတ်စည်းမျဉ်းကို လူထုအဖွဲ့အစည်းများအတွင်း ဖြန့်ချိခြင်း</td><td>01.05.10</td><td>ဆောင်ရွက်နေဆဲ</td><td>လူသားချင်းစာနာထောက်ထားရေး တာဝန်ခံလုပ်ဆောင်နေသည့် အဓိကအဖွဲ့မှ စောင့်ကြည့်ကွပ်ကဲနေသော ကွင်းဆင်းဆောင်ရွက်နေသည့် ဝန်ထမ်းအားလုံး</td><td>အထက်ပါအတိုင်း</td><td>မ/ရှိ</td></tr>
</table>

## အရင်းအမြစ် 21- အနိမ့်ဆုံးစံသတ်မှတ်ချက်များ နမူနာ MAP

| | | | | | |
|---|---|---|---|---|---|
| စံနှုန်း | အစားအစာအစီအစဉ်အတွက် စံနှုန်း 2- အစားအစာမဖြန့်ဝေမီ၊ ဖြန့်ဝေစဉ်၊ ဖြန့်ဝေပြီးနောက်ပိုင်း အေဂျင်စီများသည် ဘေးကင်းရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးရမည် | | | | |
| **ညွှန်ပြချက်/များ** | ညွှန်ပြချက် B- အစားအစာဖြန့်ဝေသည့် နေရာသို့ အသွား၊ အပြန်ပြုလုပ်သည့် လမ်းကြောင်းများ ဘေးကင်းပြီး သွားရလာရ လွယ်ကူစေရန် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ | | | | |
| **အခြေခံ တွေ့ရှိချက်များ** | အေဂျင်စီသည် ညွှန်ပြချက် အေ နှင့်တွေ့ဆုံနေစဉ်တွင် (လိုအပ်ပါက သင့်လျော်သည့်လုံခြုံရေး ထားရှိထားသော ဘေးကင်းသည့်ဧရိယာတွင် တည်ရှိသော ဖြန့်ဝေရေး နေရာများ) ၎င်းတို့သည် ပစ္စည်းဖြန့်ဝေသည့် နေရာနှင့် ဆက်စပ်သည့် ဘေးကင်းမှုကိုသာ အကဲဖြတ်ထားပြီး ထိုနေရာသို့ အသွား၊ အပြန်လမ်းကြောင်းများကို အကဲဖြတ်ထားခြင်း မရှိပါ။ လူထုကိုယ်စားလှယ်များ ပါဝင်သော အဓိကအုပ်စုများက အိမ်အပြန်လမ်းကြောင်းသည် အမြဲတမ်း ဘေးကင်းမှု မရှိကြောင်း၊ အထူးသဖြင့် အစားအစာပေးဝေးရေး အစီအစဉ်မှ အကျိုးခံစားခွင့် ရရှိခဲ့ကြသော အမျိုးသမီးများနှင့် ကလေး ဦးဆောင်နေသည့်အိမ်ထောင်စုများမှ ကလေးများသည် တိုက်ခိုက်ခံရပြီး ၎င်းတို့၏ အစားအစာများ ခိုးယူခံရကြောင်း အစီရင်ခံ တင်ပြခဲ့ကြသည်။ | | | | |
| **စံသတ်မှတ်ချက်များနှင့် ညွှန်ပြချက်များနှင့် ကိုက်ညီစေရန် အစီအစဉ်ဆွဲထားသော လှုပ်ရှားဆောင်ရွက်မှု** | **စတင်ရက်** | **ပြီးဆုံးရက်** | **တာဝန်ရှိသူ** | **လိုအပ်သည့်အရင်းအမြစ်များ** | **ခန့်မှန်းကုန်ကျစရိတ်** |
| **အစားအစာ ပေးဝေရေး အစီအစဉ်ဆောင်ရွက်နေသည့် ဒေသတွင် ကာကွယ်ရေးဆိုင်ရာ အကဲဖြတ်မှုများကို ထဲထဲဝင်ဝင်ပြုလုပ်ရန် ကာကွယ်ရေး အရာရှိအား ညွှန်းဆိုခြင်း။** | 20.09.10 | 10.10.10 | ကာကွယ်စောင့်ရှောက်ရေး အရာရှိထံ ကိုးစားနိုင်သော အစားအစာ ဖြန့်ဝေရေး အစီအစဉ် မန်နေဂျာ | ကာကွယ်စောင့်ရှောက်ရေး အရာရှိ/ အဖွဲ့ | မရှိ - ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ မေတ္တာဖြင့် အချိန်ပေးဆောင်ရွက်ခြင်း |
| **လုံခြုံရေးနှင့် အစီအစဉ်ရေးဆွဲခြင်း ကိစ္စရပ်များနှင့်အတူ ကာကွယ်ရေးဆိုင်ရာ အကဲဖြတ်တွေ့ရှိချက်များကို ပြန်သုံးသပ်ပါ** | 10.10.10 | 12.10.10 | ကာကွယ်စောင့်ရှောက်ရေးအရာရှိ၊ လုံခြုံရေးအရာရှိ၊ အစားအစာ ဖြန့်ဝေရေး အစီအစဉ်မန်နေဂျာ၊ ဆောင်ရွက်ချက်များ | မ/ရှိ | မ/ရှိ |

# အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း သင်တန်း
## လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း

*ကျေးဇူးပြု၍ အချိန်ငါးမိနစ်ပေးပြီး အောက်ပါ စစ်တမ်းကို ဖြေဆိုပေးပါ။ သင်လေ့လာသင်ယူခဲ့သည့်အပေါ်တွင် သင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထင်မြင်ချက်များကို ဖော်ပြပေးရန်အပြင် အနာဂတ်တွင် လေ့ကျင့်သင်ကြားမှု၏ မည်သည့်အပိုင်းကို ပိုမိုပြုပြင်ရန်လိုအပ်ကြောင်း လေ့ကျင့်သင်ကြားမှုအဖွဲ့မှ သိနိုင်ရန် အဆုံးတွင် စစ်တမ်းအား ထပ်မံ ဖြေဆိုနိုင်ပါသည်။ အချိန်ပေး၍ ဖြေဆိုသည့်အတွက် ကျေးဇူးတင်ပါသည်။*

*စစ်တမ်းဖြေဆိုသည့် ပါဝင်ဆောင်ရွက်သူ၏ ကိုယ်ရေးအချက်အလက်အကျဉ်း-*

**ပါဝင်ဆောင်ရွက်များ၏ အမည် -**

**ပါဝင်ဆောင်ရွက်သူ၏ ကဏ္ဍ -** ကာကွယ်စောင့်ရှောက်ရေး – အစားအစာဖူလုံရေး – WASH – NFI/အမိုးအကာ – ကျန်းမာရေး – CCCM – ပညာရေး - အခြား

**ပါဝင်ဆောင်ရွက်သူ၏ ဂုဏ်ပုဒ်/ရာထူး -**

**ပါဝင်ဆောင်ရွက်သူသည် အောက်ပါအဖွဲ့အစည်းမှ ဝန်ထမ်းဖြစ်သည်-** UN – နိုင်ငံတကာ NGO – ပြည်တွင်း NGO – အစိုးရ

**ပါဝင်ဆောင်ရွက်သူသည် -** နိုင်ငံသားခံယူထားသူ – နိုင်ငံ့ဝန်ထမ်းဖြစ်သည်

**ပါဝင်ဆောင်ရွက်သူသည် အောက်ပါတွင် ပါဝင်ဆောင်ရွက်ပြီးဖြစ်သည်-** ကာကွယ်စောင့်ရှောက်ရေး သင်တန်း - ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း သင်တန်း - တစ်ခုမျှ မဟုတ်

**1. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်းဆိုတာဘာလဲ။ သင်၏အစီအစဉ်များ/ပရောဂျက်များနှင့် ကိုယ်ပိုင်တာဝန်များအတွက် ၎င်းက မည်ကဲ့သို့ အဓိပ္ပါယ်သက်ရောက်သနည်း။**

**2. ကာကွယ်စောင့်ရှောက်မှုကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း၏ အဓိကအချက်များထဲမှ သင်သိသည့် အချက်အချို့မှာ မည်သည်တို့ဖြစ်သနည်း။**

**3. ပရောဂျက်ကာလအတွင်း သင်၏ အကူအညီပေးရေး ဆောင်ရွက်ချက်ထဲသို့ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို မည်သို့ ပေါင်းစပ်ထည့်သွင်းမည်ကို ခိုင်လုံသော ဥပမာ (4) ခု ပေးပါ။**

1.

2.

3.

4.

## အရင်းအမြစ် 22- လေ့ကျင့်သင်ကြားရေး အကြို/နောက်ပိုင်း စစ်တမ်း

**မှန် သို့မဟုတ် မှား ဖော်ပြချက်များ။**
*အဖြေမှန်ကို ဝိုင်းပေးပါ။ ဖော်ပြချက်တစ်ခုမှန်ကန်စေရန်အတွက်ဖော်ပြချက် **တစ်ခုလုံး**သည် မှန်ကန်ရမည်/ဆက်လက်မှန်ကန်နေရမည်။*

1. ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းခြင်းသည် ကာကွယ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ၏ တာဝန်သာ ဖြစ်ပါသည်။

မှန် - မှား

2. ထိခိုက်ခံရသည့်လူထုတွင် လက်ရှိ ဝန်ဆောင်မှု တည်ရှိမှုနှင့် တည်နေရာများအကြောင်း သတင်းအချက်အလက်ရှိပါကရင်းတို့သည် အဆိုပါဝန်ဆောင်မှုများကို အဓိပ္ပါယ်ပြည့်ဝစွာ ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

မှန် - မှား

3. စီစဉ်ထားသည့်အတိုင်း သင်၏ပရောဂျက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ထိခိုက်ခံရသည့်/အကျိုးခံစားခွင့်ရှိသည့် လူစု၏ ဘေကင်းရေးနှင့် ဂုဏ်သိက္ခာ ပြဿနာများထက် အခြားအရာများကို ဦးစားပေးလိုက်ခြင်း ဖြစ်သည်။

မှန် - မှား

4. အေဂျင်စီ/အဖွဲ့အစည်းသည် လူသားအချင်းချင်းစာနာထောက်ထားရေး အကူအညီနှင့်/သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် ကျွမ်းကျင်မှုရှိပါက ပရောဂျက်ဒီဇိုင်းရေးဆွဲစဉ်နှင့်/သို့မဟုတ် အကောင်အထည်ဖော်စဉ်အတွင်း အကျိုးခံစားခွင့်ရှိသူများနှင့် တိုင်ပင်ခြင်းသည် မလုပ်မနေလုပ်ရမည့်အရာ မဟုတ်ပါ။

မှန် - မှား

5. ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို သင်ကြားရ သို့မဟုတ် မြင်တွေ့ရပါက သားကောင်နှင့် ကျူးလွန်သူတို့၏ အမည်နှင့် အထောက်အထားအပါအဝင် တတ်နိုင်သမျှ အသေးစိတ် အချက်အလက်များကို စုဆောင်းသင့်သည်။

မှန် - မှား

# အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း

## ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း သင်တန်း သင်ရိုးအကဲဖြတ်ခြင်း စာရွက်

**အမည်** (ဆန္ဒရှိမှ ထည့်ပါ)-

**အဖွဲ့အစည်းနှင့် ရာထူး** (ဆန္ဒရှိမှ ထည့်ပါ)-

**ကျား၊ မ-**

**ကျေးဇူးပြု၍ အောက်ပါဖော်ပြချက်များအား သင်မည်သည့် အတိုင်းအတာအထိ သဘောတူသည် သို့မဟုတ် မတူသည်ကို ဖော်ပြရန် စက်ဝိုင်းဝိုင်းပါ။**

1. **ဖော်ပြပါရလဒ်များကို လေ့ကျင့်သင်ကြားမှုအတွင်း ရရှိအောင်မြင်ခဲ့သည်။**

အနည်းငယ်

လုံးဝ 1 2 3 4 5 အပြည့်အဝ

2. **သင်တန်းတက်ရသည့် ကျွန်ုပ်၏ ရည်ရွယ်ချက်များကို သင်တန်းကာလအတွင်း ရရှိခဲ့သည်။**

အနည်းငယ်

လုံးဝ 1 2 3 4 5 အပြည့်အဝ

3. **သင်တန်းတွင် ပါဝင်သော အကြောင်းအရာများသည် ပတ်သက်ဆက်နွယ်မှုရှိပြီး ခက်ခဲမှု ရှိသည်**

အနည်းငယ်

လုံးဝ 1 2 3 4 5 အပြည့်အဝ

4. **ခေါင်းစဉ် အကြောင်းအရာကို လုံလောက်စွာ ခြုံငုံမိသည်**

အနည်းငယ်

လုံးဝ 1 2 3 4 5 အပြည့်အဝ

5. **အထောက်အကူပေးသော ပစ္စည်းများ (လေ့ကျင့်ခန်းစာအုပ်၊ လက်ကမ်းစာစောင်) သည် အသုံးဝင်ပါသည်**

အနည်းငယ် အသုံးဝင်သည်

လုံးဝ 1 2 3 4 5 အလွန်အသုံးဝင်သည်

6. **သင်တန်းဆရာများသည် ထိရောက်မှုရှိသည်**

အနည်းငယ်

လုံးဝ 1 2 3 4 5 အပြည့်အဝ

7. **သင်ကြားပို့ချသည့် နည်းလမ်းများလည်း (အဖွဲ့ငယ်လုပ်ဆောင်မှု၊ စာသင်ကြားပို့ချချက်များ စသည်ဖြင့်) ထိရောက်မှုရှိပါသည်**

အနည်းငယ်

လုံးဝ 1 2 3 4 5 အလွန်

8. **ကျွန်ုပ်သည် သင်တန်းကြောင့် ခေါင်းစဉ်နှင့်ပတ်သက်ပြီး ပိုမိုသဘောပေါက် နားလည်လာသည်**

အနည်းငယ်

လုံးဝ 1 2 3 4 5 အလွန်

9. **ကျွန်ုပ်အနေဖြင့် ချက်ချင်း အသုံးပြုနိုင်မည့် အချက်အလက်များနှင့် စွမ်းရည်များကို ဤသင်တန်းမှ ရရှိခဲ့သည်။**

အနည်းငယ်

လုံးဝ 1 2 3 4 5 အလွန်

## အရင်းအမြစ် 23- သင်ရိုးအကဲဖြတ်ခြင်း

10. ဤသင်တန်းသည် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ပေါင်းစပ်ထည့်သွင်းရန်အတွက် အခြားသူများအား ကူညီပေးရာ၌ ကျွန်ုပ်၏ ယုံကြည်မှု အဆင့်များကို တိုးပွားစေသည်။

အနည်းငယ်

လုံးဝ 1 2 3 4 5 အလွန်

11. ကျွန်ုပ်၏ အစီအစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရန်အတွက် ကျွန်ုပ်ကို စိတ်ဓာတ်လှုံ့ဆော်ပေးသည့် အဆင့်သည် မြင့်မားသည်

အနည်းငယ်

လုံးဝ 1 2 3 4 5 အလွန်

12. သင်တန်းအတွက် ခွင့်ပြုထားသောအချိန်သည်

အနေတော်ဖြစ်သည်

များလွန်းသည် 1 2 3 4 5 နည်းလွန်းသည်

13. ခြုံငုံပြောရလျှင် သင်တန်းသည်

ကောင်းမွန်ပါသည်

ညံ့သည် 1 2 3 4 5 အလွန်ကောင်းပါသည်

**ဦးစားပေးသည့် အချက်များ - သင်တန်း၏ မည်သည့် အစိတ်အပိုင်းက သင့်အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် အသုံးဝင်ဆုံးအပိုင်း ဖြစ်ပါသလဲ။ အဘယ်ကြောင့် အသုံးဝင်ပါသလဲ။**

**အနည်းငယ်သာ ပါဝင်သည့် အချက်များ - သင်တန်းတွင် မည်သည့်အကြောင်းအရာ အနည်းငယ်သာပါဝင်ပါသလဲ သို့မဟုတ် သင့်အတွက် မည်သည့်အပိုင်းက အဖိုးမတန်ပါသနည်း။ အဘယ်ကြောင့်နည်း။ ဤသင်တန်း ပိုမို တိုးတက်စေရန် မည်သို့သောအကြံ ဉာဏ်များ ပေးလိုသနည်း။**

**ဤသင်တန်းတွင် ပါဝင်လိုက်ခြင်း၏ ရလဒ်အဖြစ် ကာကွယ်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ သင်၏ စိတ်ကူးများ / အယူအဆများ ပြောင်းလဲသွားသည်ဟု ခံစားမိပါသလား။ ကျေးဇူးပြု၍ ရှင်းပြပြီး ဥပမာများ ပေးပါ**

**အခြားမှတ်ချက်များ ရှိပါသလား။**

# နောက်ဆက်တွဲ 1- စကားလုံး အတိုကောက်များ

| | |
|---|---|
| AAP | ထိခိုက်ခံရသည့် လူစုများအပေါ် တာဝန်ခံမှု |
| AIDS | ခုခံအားနည်းသော ရောဂါလက္ခဏာစု |
| AoR | တာဝန်ယူမှုနယ်ပယ် |
| CAR | ဗဟိုအာဖရိက ပြည်သူ့သမ္မတနိုင်ငံ |
| CBOs | လူထုအခြေပြု အဖွဲ့အစည်းများ |
| CCCM | စခန်းချရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စခန်း စီမံခန့်ခွဲမှု |
| CFW | ငွေသားရရှိရန် အလုပ်လုပ်ခြင်း |
| CPWG | ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့ |
| ECHO | ဥရောပကော်မရှင်အဖွဲ့၏ လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီပေးရေးနှင့် အများပြည်သူ ကာကွယ်စောင့်ရှောက်မှု ဌာန |
| EH | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး |
| ERW | ပေါက်ကွဲစေနိုင်သော စစ်ပွဲ အကြွင်းအကျန်အစအနများ |
| GBV | ကျား/မဆိုင်ရာ အခြေပြုအကြမ်းဖက်ခြင်း |
| GPC | နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့ |
| HC | လူသားအချင်းချင်း စာနာထောက်ထားရေး ညှိနှိုင်းဆောင်ရွက်သူ |
| HCT | လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ နိုင်ငံအဖွဲ့ |
| HIV | လူသားများ ခုခံအားကျဆင်းစေသော ပိုင်းရပ်စ် |
| HLP | အိမ်ရာ၊ မြေနှင့် အဆောက်အအုံ |
| IASC | အစုအဖွဲ့ဝင် ဖြစ်မြောက်ရေး ကော်မတီ |
| ICC | အစုအဖွဲ့ဝင် အချင်းချင်း စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း |
| ICRC | နိုင်ငံတကာ ကြက်ခြေနီအသင်း |
| IDP | ပြည်တွင်း နေရာပြောင်းရွှေ့နေထိုင်ရသူများ သို့မဟုတ် ပြည်တွင်းဒုက္ခသည်များ |
| IHL | နိုင်ငံတကာ လူသားအချင်းချင်း စာနာထောက်ထားရေး ဥပဒေ |
| MAP | ပေါင်းစပ်ထည့်သွင်းရေး လှုပ်ရှားဆောင်ရွက်မှု အစီအစဉ် |
| MHPSS | စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပညာဆိုင်ရာ အထောက်အပံ့အကူအညီ |
| NFI | အစားအစာမဟုတ်သော အရာ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OAU | အာဖရိကတိုက် စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း |
| OCHCR | လူ့အခွင့်အရေးဆိုင်ရာ အထူးတာဝန်ပေးအပ်ခြင်းခံရသော ကော်မရှင်အဖွဲ့ရုံး |
| PFA | စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှု |
| PSEA | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်လွဲမှားစွာပြုမူမှု ကာကွယ်စောင့်ရှောက်ခြင်း |
| PWD | မသန်စွမ်းသူများ |
| SGB | အတွင်းရေးမှူးချုပ်၏ တရားဝင်ထုတ်ပြန်ကြေညာချက် |
| SRP | မဟာဗျူဟာမြောက် ပြန်ကြားချက် အစီအစဉ် |
| STI | လိင်မှတစ်ဆင့် ရောဂါကူးစက်ခြင်း |
| UN | ကုလသမဂ္ဂ |
| UN OCHA | လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံး |
| UNFPA | ကုလသမဂ္ဂဆိုင်ရာ ကမ္ဘာ့လူဦးရေဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်း |
| UNHABITAT | ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ လူသားများ အခြေချနေထိုင်မှု အစီအစဉ် |
| UNHCR | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်း |
| UNICEF | ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များဆိုင်ရာ ရန်ပုံငွေ အဖွဲ့အစည်း |
| UNMAS | ကမ္ဘာ့ကုလသမဂ္ဂ မိုင်းဗုံးပြဿနာဆိုင်ရာ အရေးယူဆောင်ရွက်မှု |
| WASH | ရေ၊ ပြည်သူ့ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး |
| WRC | အမျိုးသမီးဆိုင်ရာ ဒုက္ခသည် ကော်မရှင် |
| WVI | နိုင်ငံတကာနှင့်ဆိုင်သော ကမ္ဘာ့ရေးရာအမြင် |

# နောက်ဆက်တွဲ 2- နောက်ဆက်တွဲ ဖတ်စာ

ကူညီထောက်ပံ့မှု လုပ်ဆောင်ချက် (2009)။ ဂုဏ်သိက္ခာနှင့်အတူ ဘေးကင်းလုံခြုံမှု- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်အသီးသီး၌ ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်မှု ပေါင်းစပ်ထည့်သွင်းခြင်းအတွက် ကွင်းဆင်းလေ့လာထားသည့် လက်စွဲစာအုပ်
http://www.actionaid.org/australia/publications/safety-dignity-field-manual-integrating-communitybased-protection-across-hum

လူသားချင်း စာနာထောက်ထားမှု အကူအညီများ - အားလုံးပါဝင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်တွင် မသန်စွမ်းသူများအား မည်သို့ထည့်သွင်းမည်နည်း။
http://www.endexclusion.eu/docs/default-document-library/humanitarian-aid-all-inclusive.pdf?sfvrsn=4

IASC (2010)။ အွန်လိုင်း သင်ရိုး - မတူကွဲပြားသော လိုအပ်ချက်များ - တူညီသောအခွင့်အလမ်းများ အမျိုးသမီးများ၊ မိန်းမငယ်လေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ အတွက် လူသားချင်း စာနာထောက်ထားမှု လုပ်ဆောင်ချက်များ ထိရောက်အကျိုးရှိမှုကို မြှင့်တင်ခြင်း။
http://www.iasc-elearning.org

IASC (2008)။ လူ့အခွင့်အရေးနှင့် သဘာဂဘေးအန္တရာယ်များ- သဘာဝဘေးအန္တရာယ် ကျရောက်သော အခြေအနေများတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပတ်သက်သော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လက်စွဲစာအုပ်။

IASC (2005) အရေးပေါ်အခြေအနေများအတွင်း ကျား/မ အခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်၍ လမ်းညွှန်ချက်များ (2014 နှောင်းပိုင်းတွင် ပြန်လည်မွမ်းမံသည်)

IASC (2004)။ လက်နက်ကိုင် ပဋိပက္ခအခြေအနေများတွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေးများနှင့် ဒုက္ခသည်ဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ အမေးများသော မေးခွန်းများ။ ဂျီနီဗာ - IASC.

အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပညာဆိုင်ရာ အကူအညီများနှင့် ပတ်သက်သော် IASC လမ်းညွှန်ချက်များ
http://www.who.int/mental_health/emergencies/guidelines_iasc_mental_health_psychosocial_june_2007.pdf

အရေးပေါ် အခြေအနေများတွင် IASC ၏ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပညာဆိုင်ရာ အကူအညီများ- အစီအစဉ် မန်နေဂျာက မည်သည်တို့ကို သိသင့်ပါသလဲ။ (2010)
http://www.humanitarianinfo.org/iasc/pageloader.aspx?page=content-productsproducts&productcatid=22

WHO စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှု - ကွင်းဆင်းဆောင်ရွက်သော ဝန်ထမ်းများအတွက် လမ်းညွှန်မှု
http://whqlibdoc.who.int/publications/2011/9789241548205_eng.pdf

WHO စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုမှု - ကွင်းဆင်းဆောင်ရွက်သော ဝန်ထမ်းများကိုပတ်ဝန်းကျင်အခြေအနေနှင့် အသားကျအောင် လုပ်ဆောင်ခြင်းအတွက် သင်တန်းပို့ချသူများ၏ လက်စွဲစာအုပ်
http://whqlibdoc.who.int/publications/2011/9789241548205_eng.pdf

ICRC (2013)။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြား အကြမ်းဖက်မှုအခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများမှ ဆောင်ရွက်သော ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်များအတွက် လုပ်ငန်းခွင်အသုံးချ စံနှုန်းများ
http://www.icrc.org/eng/resources/documents/publication/p0999.htm

ICRC (2014)။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ အီလက်ထရောနစ်ပုံစံ လေ့လာသင်ယူခြင်း အပါအဝင် ဥပဒေနှင့် မူဝါဒ မီဒီယာပလက်ဖောင်း။
http://www.icrcproject.org/elearning/index.html

နိုင်ငံတကာ ကယ်ဆယ်ရေး ကော်မတီ (2013)။ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်း သင်တန်း ဖြစ်မြောက်အောင် ပံ့ပိုးကူညီသူ၏ လမ်းညွှန်စာအုပ်

အပြန်အလှန် အကျိုးပြုဆောင်ရွက်ခြင်း (2004) ကာကွယ်ရေးကို ဦးစားပေး လုပ်ဆောင်ခြင်း ကာကွယ်ရေးနှင့် လူသားချင်းဆိုင်ရာစာနာထောက်ထားမှု အထောက်အပံ့ အကူအညီများကို ပူးပေါင်းဆောင်ရွက်ခြင်း

အပြန်အလှန်အကျိုးပြုမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လက်တွေ့ကာကွယ်စောင့်ရှောက်မှု။ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု လုပ်ငန်းဆောင်တာများတွင် ကာကွယ်ရေး ကိစ္စရပ်များကို ဖြည့်သွင်းပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်စာအုပ်

## နောက်ဆက်တွဲ 2- နောက်ဆက်တွဲ ဖတ်စာ

**ကလေးသူငယ်များအား အန္တရာယ်ကင်းစွာ ထားရှိမှု**
http://www.keepingchildrensafe.org.uk/emergencies-toolkit

**ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းခြင်းအတွက် အစုအဖွဲ့ဝင်ဖြစ်မြောက်ရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ**
http://reliefweb.int/sites/reliefweb.int/files/resources/Full_Report_3752.pdf

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်တွင် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများ**
http://www.unicef.org/iran/Minimum_standards_for_child_protection_in_humanitarian_action.pdf

**နော်ဝေးနိုင်ငံဆိုင်ရာ ဒုက္ခသည် ကောင်စီ (NRC)၊ ယာယီစခန်းစီမံခန့်ခွဲမှု နည်းအဖြာဖြာ၊ 2008**

**Oxfam GB (2009)။ ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ခြင်း - ကာကွယ်စောင့်ရှောက်ရေးသင်တန်း စုစည်းမှု။**

**လိင်နှင့် အသက်အရွယ် အရေးကိစ္စများ- အရေးပေါ် အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များကို မြှင့်တင်ခြင်း**
http://www.globalhealthhub.org/2011/11/13/sex-and-age-disaggregated-data-in-humanitarianemergency-response/

**Slim, H. and A. Bonwick (2005)။ ကာကွယ်စောင့်ရှောက်ခြင်း- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအတွက် ALNAP လမ်းညွှန်စာအုပ်။ လန်ဒန် - ALNAP။**

**ကာကွယ်စောင့်ရှောက်မှု၊ "အန္တရာယ်မှ လွတ်မြောက်ဘေးကင်းမှု"၊ တာဝန်ခံမှု၊ ကျွမ်းကျင်မှုနှင့် လုပ်နိုင်စွမ်းများကို တည်ဆောက်မှုဆိုင်ရာ မော်ဂျူးများအပါအဝင် Sphere အီလက်ထရောနစ် လေ့လာသင်ယူရေး သင်ရိုး**
www.sphereproject.org/learning/e-learning-course/

## အသေးစိတ်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ နောက်ထပ်ရင်းမြစ်များနှင့် အချက်အလက်များအတွက် အောက်ပါတို့တွင် ကြည့်ရှုပါ-

**ကုလသမဂ္ဂ။ 'လူ့အခွင့်အရေး ဦးစားပေးရှေ့တန်းတင်မှု' လှုပ်ရှားဆောင်ရွက်ချက်။**
http://www.un.org/sg/rightsupfront/

**ထိခိုက်နစ်နာခဲ့သော လူအုပ်စုများအပေါ် တာဝန်ခံမှုဆိုင်ရာ IASC လုပ်ငန်းအစီအစဉ်-**
http://www.humanitarianinfo.org/iasc/pageloader.aspx?page=content-subsidi-common-default&sb=89

**လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တာဝန်ခံမှုအတွက် မိတ်ဖက်ပြုဆောင်ရွက်မှု (HAP)**
http://www.hapinternational.org

**အကူအညီလိုအပ်သူများကို ထိရောက်စွာ ပံ့ပိုးကူညီပေးရေး အဖွဲ့အစည်း**
http://www.peopleinaid.org/resources/

**"စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း"- အဓိကကျသော တာဝန်ခံမှု ဆောင်ရွက်ချက်အမျိုးမျိုးကို နှိုင်းယှဉ်သည်။**
http://www.sphereproject.org/about/quality-and-accountability-initiatives/

**PSEA နှင့် သင်တန်းရင်းမြစ်များဆိုင်ရာ နောက်ထပ်အချက်အလက်များ-**
http://www.pseataskforce.org ;

http://www.interaction.org/work/sea

**လူသားချင်းစာနာထောက်ထားရေး ညွှန်ပြချက် မှတ်ပုံတင်စာရင်း**
https://www.humanitarianresponse.info/applications/ir

**နိုင်ငံတော်အဆင့် အစုအဖွဲ့များ ချိတ်ဆက်ညှိနှိုင်းမှုအတွက် အစုအဖွဲ့ဆိုင်ရာ ကိုးကားချက် မော်ဂျူး၊ 2014**

**2015 ခုနှစ်အတွက် မဟာဗျူဟာကျ တုံ့ပြန်ရေး အစီအစဉ် လမ်းညွှန်ချက်**
http://www.unocha.org/cap/resources/policy-guidance

ဤသင်တန်းပက်ကေ့ဂျ်နှင့် ရင်းမြစ်တစ်ခုချင်းစီ၏
နောက်ဆုံးထွက် PDF ဗားရှင်းများကို
www.globalprotectioncluster.org တွင်
ဒေါင်းလုဒ်လုပ်နိုင်ပါသည်။

